www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ကမ္ဘာကြီးက လှနေသည် / သျှင်မ၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၀၄၊
၁၈၄ စာ၊ ၁၅ စင်တီ × ၁၈ စင်တီ။
(၁) ကမ္ဘာကြီးက လှနေသည်



## အခန်း (၁)

မုန့်ဟင်းခါးဆိုင်မှာ ရပ်လိုက်မိပြီဆိုကတည်းက စားသောက်လက်စ[နှ]င့် မော့လာသည့် မျက်နှာတွေက ဒီတိုင်း ပြန်ငုံ့မသွားတာလည်းရှိကာ[ခ]ါးစပ်က စားလက်စပေမယ့် မျက်လုံးတွေကတော့ ကိုယ့်ဆီမှာပဲ သပ်စွဲ[နေ]သလို ကြည့်နေတာလည်း သူမ သိနေသည်။

ဒါတွေက တစ်လျှောက်လုံးမှာ ခံစားလာခဲ့ရတာပေမယ့် သူမ[ရင်]သက်တမ်းရင့်လာလေ ပိုဆိုးလေ ..၊

အပျိုရွယ်လေး သက်တမ်းမှာတော့ ဤကဲ့သို့ ..၊

"သိုက် .. ရပြီ .. ရော .."

မုန့်ဟင်းခါးထုပ် လက်ထဲရောက်လာသည်နှင့် ချာခနဲ လှည့်ထွက်[ခဲ့]မိသည်။ သို့သော် ...

"ကောင်မလေးက တော်တော်လှလာတာပဲ .. ကိုယ်လုံးကိုယ်[ထ]ပေါက်ကလည်း ခုခေတ် လှတာတွေလို ပါးပါးကပ်ကပ်လေး မဟုတ်[ဘ]ူး နော် .. မင်းကြိုက် စိုးကြိုက် .."

"အမလေး အေ .. ဒီလိုအရွယ်တွေက လှလေ ခက်လေ .."

"အဲ့ဒါလေးက ပထွေးစာလေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားသံတွေ ထွက်လာတော့မှာကို သိလို့ ချက်ချင်း လှည့်ထွက် ခဲ့ပေမယ့် စားပွဲနှစ်လုံးကြားက လမ်းကျဉ်းလေးမှာ အဝင်နဲ့အထွက် ကျပ်နေသဖြင့် စောင့်ရပြန်၏။

ရပ်ကွက်ထိပ်မှာ စားပွဲတွေ ငါးဝိုင်း ခြောက်ဝိုင်းလောက်နှင့် သန့် သန့်ပြန့်ပြန့် ကြီးကြီးမားမား ရောင်းသည့် မုန့်ဟင်းခါးဆိုင်ကလည်း ဒီဆိုင်တစ်ဆိုင်ပဲ ရှိသည်။

ဒါကြောင့် မနက်ဝိုင်းနဲ့ ညနေဝိုင်းဆို ဒီဆိုင်မှာပဲ တစ်ရပ်ကွက် လုံး ရှိသမျှလူတွေ လာစုဝေးနေကြသလား ထင်ရ၏။

"သူတို့မိသားစုက တကယ်ချစ်ကြတာပါ .. ကိုသက် ကဆို သူ မိန်းမကို ချစ်ပါ့ .."

"သမီးရှိတဲ့ အမေ .. ညီမရှိတဲ့ အစ်မဆိုရင် အဲဒီ အမေတွေ အစ် တွေကို ယောက်ျားတွေက ချစ်မှ ချစ် .. ကောင်းမှ ကောင်းပဲ .. နောက် က လိုက်ပွဲလေးတွေ မြင်နေတာကိုး .."

တောက်!...

ဆိုင်ပြင်ကိုရောက်မှ ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။

"ဟဲ့ .. ကြားသွားဦးမယ် .. တိုးတိုး ပြော .."

"ကြားတော့ ဘာဖြစ်လဲ .. ဒီလိုစကားတွေ ငါ တစ်ယောက်တည် ပြောတာ မဟုတ်ဘူး .. တစ်ရပ်ကွက်လုံး ပြောနေကြတာ .. မကျေနပ် ရင် တစ်ရပ်ကွက်လုံးနဲ့ သင်း လိုက်ဖြစ်လေ .."

အတင်းအဖျင်းပြောခြင်းနှင့် အပြောခံရသူ၏ နှစ်ဖက်စလုံးအဖြ ဟာ အလွန် စက်ဆုပ်ရွံရှာဖွယ် ကောင်းပါလားဆိုတာ မျက်ရည်လည်တ အထိ အံကြိတ်နေရသည့်အချိန်မှာ ရိုက်ချက်များနှင့် စီးဝင်ခဲ့၏။

အတင်းအဖျင်းစကားတွေ ဘယ်က စတင်ခဲ့သလဲ မသိပေမယ့်...

"စိတ်ဝင်စားခြင်းကနေ စတာပဲ ခဲ့တာပဲ သမီး .."

မေမေ့ရှေ့မှာ သိုက် အံမကြိတ် တက်မခေါက်ခဲ့ပါ ..၊ အပြင်





ခေါသံတွေကို အပြင်မှာ ထားခဲ့ပြီး ပါးစပ်ပိတ် ပြန်ခဲ့ပေမယ့် သိုက် ရဲ့ မျက်ဝန်းတွေကို မေမေ အမြဲတမ်း ဖတ်နိုင်ခဲ့၏။

"တစ်စုံတစ်ယောက် ဒါမှမဟုတ် တစ်စုံတစ်ရာအပေါ်မှာ စိတ် ဝင်စားလာကြရင် အဲ့ဒီအပေါ်မှာ ဝေဖန်မှုတွေ စလာကြတာပဲ ..၊ တချို့ က သူတို့အမြင်မှာ လိုအပ်ချက် ဖြစ်နေတာလောက်ပဲ ဝေဖန်မယ် .. တချို့ကျတော့ သူတို့ ကြုံဖူးတဲ့အတိုင်း အပ်ချမတ်ချ ဟောကိန်းထုတ် မယ် .. တချို့ကျတော့ ဘုရားမသိ တရားမသိ စကားလုံးတွေနဲ့ မှိုချိုး ဈှစ်ချိုး သာသာထိုးထိုး ပြောကြတယ် .. အဲ့ဒါ မေမေ့သက်တမ်း တစ်လျှောက်မှာ ကြုံလာခဲ့ရတဲ့ ဘဝပေး အသိတွေပဲ .."

စားပွဲရဲ့အလယ်မှာ ပြင်ဆင်ထည့်ထားပြီးသည့် မုန့်ဟင်းခါး ခွန်းကန်က ဒီတိုင်းရှိနေကာ မေမေနဲ့ သိုက် က မျက်နှာချင်းဆိုင် ..၊

"သမီးလည်း ဂရုမစိုက်ပါဘူး မေမေ .. နောက်ကို အဲဒီမုန့်ဟင်း ခါး စားချင်ရင် .."

သမီးကို ဝယ်မနိုင်းပါနဲ့လို့ ပြောဖို့ပေမယ့် မေမေ ဒီမုန့်ဟင်းခါးကို စားချင်နေတာ ကိုယ်မှ ဝယ်မပေးရင် ဘယ်သူ ဝယ်ပေးမှာလဲ ..။

သိုက် ဘာမှ မပြောဘဲ နေရာမှ ထရပ်လိုက်လျှင် ...

"မေမေလည်း သမီးကို ခိုင်းမိပြီးမှ နောင်တရနေတာပါ .."

"မဟုတ်ပါဘူး မေမေရာ .. သမီးက အဲဒီမိန်းမကြီးတွေနဲ့ သွား ဝိုင်းလိုလို ဆုံမိနေတာကို စိတ်တိုလို့ပါ ..၊ ဘာမှမဖြစ်ဘူး .. ကိုယ့်လမ်း ကိုယ်သွားတာ သူတို့ကို ရှောင်နေလို့ ရမလား .."

ဒေါ်ယမင်း က သမီးမျက်နှာလေးကို ကြည့်၍ ပြုံးလိုက်ကာ ...

"မေမေ့ရောဂါကလည်း မုန့်ဟင်းခါးနဲ့ မတည့်ဘူးလို့ ဆရာဝန် က ပြောထားတာလေ .. ဖြတ်နိုင်ရင် အကောင်းဆုံးပေါ့ .."

သိုက် က ဒေါ်ယမင်း မျက်နှာကို ပြန်ငေးကြည့်သည်။ မျက်လုံးချင်း ဆုံနေကြပြီးမှ ခုမှပဲ ပြန်ထိုင်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့မှာ ဘာမှမှ ကောင်းကောင်း စားလို့ မဝင်တာ .. ကိုယ် စားချင်တာလေးတော့ စားရမှာပေါ့ မေမေရယ် .. လုံးဝ ဖြတ်တောက် ပြီး ရှောင်လိုက်ရအောင် .. အိပ်ရာထဲ လဲနေတဲ့ လူမမာကြီးမှ မဟုတ် တာ .."

"သမီးလည်း ခုမှ အသက်လေး ငယ်ငယ်လေးပဲ ရှိသေးတာ .. ကိုယ့်ကိုယ်ကိုယ် အမျိုးသမီးကြီးတစ်ယောက်လို ရင့်ကျက်နိုင်ဖို့ အတင် ကြီး ကြိုးစားမနေပါနဲ့ သမီးရယ် .."

ဒေါ်ယမင်း က စားပွဲပေါ် တင်ထားသည့် သိုက် ရဲ့လက်လေး တစ်ဖက်ပေါ်ကနေ ထပ်အုပ်ကိုင်လိုက်ကာ ...

"သမီး မေမေ့အတွက် ဘယ်လောက် သိတတ်တယ်ဆိုတာ မေမေ သိတယ် .. သမီးက လိမ္မာတဲ့ သမီးလေး တစ်ယောက်ပါ .. မေမေ့ကိုချစ်ရင် သမီး ကတိတစ်ခုကိုပဲ ပေးပါ .. ကျန်တာ မလိုဘူး.."

"ဘာကိုလဲ မေမေ .."

ဒေါ်ယမင်း မျက်နှာက နွမ်းယဲ့စွာရှိရင်း ဖြူဖျော့သည့် နှုတ်ခမ်း က ဘယ်လိုပြုံးနေနေ နုသစ် ကြည်လင်မှုကို ဖြစ်ပေါ်စေခြင်း မရှိတော့ ဘဲ ...

"ဘယ်သူတွေ ဘယ်လိုစကားတွေနဲ့ သွေးထိုးပါစေ.. သမီးဖေကြီး အပေါ်မှာ သမီး ကြည်ညိုမပျက်ပါနဲ့ .."

"မေမေရယ် .."

"ပတ်ဝန်းကျင်လေက သိပ်ကြောက်ဖို့ကောင်းတယ် သမီး .."

"အဲ့ဒီပတ်ဝန်းကျင်က သမီးနဲ့ ခုမှ ထိတွေ့ရတာလည်း မဟုတ် ဘူး မေမေရယ် .. ပူစရာမရှိတာ ဘာဖြစ်လို့ ကြံဖန် တွေးနေရတာလဲ.. ဖေကြီးက သမီးကို ငယ်ငယ်လေးတည်းက ထိန်းကျောင်း ချီပိုးလာ တာ ..၊ ဘယ်သူ ဘာတွေပြောပြော ဖေကြီးက သမီးအဖေပဲ .."

ဒေါ်ယမင်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်သွားသည်။





"မေမေ မုန့်ဟင်းခါး စားလိုက်လေ .. ပွကုန်တော့မှာပဲ .."

ပန်းကန်ကို ယူ၍ သိုက် က သေချာ မွှေပေးလိုက်ကာ ငရုတ်သီး စပ်စပ် နံနံပင်နိုင်းချင်းနဲ့ မေမေက ကြိုက်တတ်မှန်း သိနေသဖြင့် ဖြူဖပ်ဖြူလျော် မုန့်ဟင်းခါးကို ကြည့်၍ စိတ်ထဲမှာ မကောင်း ...၊

"မနေ့က ဖေကြီးနဲ့ မေမေ ဆေးခန်းသွားသေးတယ်မို့လား .. အစာအိမ် အခြေအနေက ဘယ်လိုတဲ့လဲ .."

ဒီအကြောင်းအရာတွေကနေ သိုက် စကားလွှဲချင်မှန်း ဒေါ်ယမင်း က သိသည်။

"ခဏ .. ခဏ အာထရာဆောင်းတွေ ရိုက် .. ဘာစစ် ညာစစ်နဲ့ ခုထိ ဘာမှ ရေရေရာရာ မသိရသေးဘူးလား .."

"အင်း .. ဒီလိုပါပဲ သမီးရယ် .. ရိုက်ဆိုလည်း ရိုက် .. စစ်ရမယ်ဆို လည်း စစ်ပေးလိုက်ရတာပေါ့ .. မေမေက ဘာမှမှ သိပ်မဖြစ်တာ .. ကိုယ့်ထက် အခြေအနေဆိုးနေတဲ့လူတွေတောင် ရှိကြသေးတာ .."

"ဘာမှ သိပ်မဖြစ်ဘူးလို့တော့ မပြောပါနဲ့ မေမေရယ် .. မေမေ တစ်ခါတစ်ခါအောင့်ရင် ကြောက်စရာကြီး .. မြန်မာဆေးတွေလည်း ကောင်းမယ်ထင်တာတွေကို စားလည်း စား .. သိပ်လည်း မစားနဲ့ဦး.. အရမ်းပူတာ .."

သိုက် က ရှပ်အင်္ကျီအိတ်ထဲမှာ ထည့်လာခဲ့သည့် ပိုက်ဆံကို နှိုက် ထုတ်လိုက်ကာ ...

"ဘယ်ရောက် .. ဪ .. ဒီမှာ .."

ပိုက်ဆံ တစ်ထပ် အရင်ထွက်လာပြီးမှ ဆေးထုပ်လေး ပါလာ၏။

"ဆေး နှစ်ခွက်စာရယ် .. အဲဒီ ဆေးတံဆိပ်ရယ် .. ဆေါ်ချစ် ပေး လိုက်တယ် .. ဆေးကို အရင်စမ်းသောက်ကြည့်ဦးတဲ့ .. ကိုယ်နဲ့ အဆင် ပြေမှ တစ်ဘူးလုံး ဝယ်တဲ့ .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မေမေ သောက်ကြည့်လိုက်လေ .. မေမေ ကြိုက်ရင် သမီး အလုပ်ကအပြန် ဝယ်လာခဲ့မယ် .."

ဒေါ်ယမင်း က မုန့်ဟင်းခါး စားနေရင်း သိုက် ချပေးလိုက်သည့် ပိုက်ဆံကို ယူကြည့်ကာ ...

"ဘယ်လောက်လဲ သမီး .."

"တစ်ပုလင်း ထုတ်လာတာလေ .. နှစ်သောင်းတစ်ထောင် .. ဒီ မုန့်ဟင်းခါးဖိုးပဲ လျှော့မယ် .."

"သမီးရယ် .. လစာနဲ့အလုပ်လေး ရှာပါလား .. ဒါမှမဟုတ်ရင်လည်း မလုပ်နဲ့တော့ သမီးရယ် .. နေ့စားအလုပ်က သမီး ဖွံ့ဖြိုးမှုမရပါဘူး .."

"သူများအလုပ် လုပ်ရမှတော့ ဖွံ့ဖြိုးရရ နေချင်လို့ ဘယ်ဖြစ်မလဲ မေမေရယ် .. သမီးတို့ အခြေအနေက တစ်လကုန်တဲ့အထိ စောင့်စားနေနိုင်တာမှ မဟုတ်တာ .. လူသုံးယောက်မှာ ဖေကြီးတစ်ယောက်တည်း ရှာနေတုန်းက သမီးတို့ လောက်ငသေးတယ် .. အခု သမီး လုပ်တာကျတော့ .."

"ဖေကြီး ပြန်ကောင်းနေပြီ သမီး .."

ဟင်!...

"ကိုသက် ဘာလို့ထွက်လာတာလဲ.. တောင်ဆေးလည်း မပါဘူး.."

"ဖေကြီးက ဘာလုပ်တာလဲ .. လဲတော့မှာပဲ .."

သိုက် ကမန်းကတန်း ပြေးသွားပြီး ဦးသက်ငြိမ် ကို တွဲထားလိုက်သည်။

ဦးသက်ငြိမ် က သိုက် က တွဲနေတာကို အားမပြုဘဲ ကိုယ့်ခြေထောက်ကို ပြန်ကိုင်ထားပြီး ထိန်းနေသလိုမျိုး ခပ်နဲ့နဲ့ လျှောက်လာ၏။

"တွေ့လား .. ဖေကြီး ဒုက္ခိတ မဖြစ်သေးဘူး .. သမီးတို့ သားအမိကို ရှာဖွေကျွေးနိုင်သေးတယ် .."





"အဲ့ဒီလို မာန်တက်ပြီး မရမက ပြန်ထောက်နေလေ ဖေကြီး ပိုနာလေပဲ သိလား .."

"ဖေကြီးက မာန်တက်တာ မဟုတ်ဘူး သမီး မာန်ထားတာ ..၊ ဖေကြီးမှာ ဒီမာန်လေးမှ မထားနိုင်ရင် လဲသွားမှာပေါ့ .."

သုံးလုံးတည်းရှိသော ထမင်းစားပွဲက အလွတ်ခုံမှာ ဦးသက်ငြိမ်က ဝင်ထိုင်လိုက်သည်။

"ဒါပေမယ့် ကို မှ နေမကောင်းသေးတာ ကို ရယ် .."

ဒေါ်ယမင်း က အမြဲတမ်း 'ကို' လို့ပဲ ခေါ်နေကျပါ ..၊ ဒါပေမယ့် ခု နောက်ပိုင်းမှာတော့ 'ကိုသက်' လို့ ပြင်ဆင်ဖို့ ကြိုးစားခဲ့၏။

တကယ်တော့ သူမနဲ့ ဦးသက်ငြိမ် တို့ဟာ ကျောင်းသားချင်းဘဝမှာတည်းက မျိုးသိပ်ချစ်ခြင်းတွေ ဖြစ်ခဲ့ကြကာ တစ်ယောက်နဲ့ တစ်ယောက် မပွင့်လင်းခဲ့ကြဘဲ ဦးသက်ငြိမ် က စပြီး လူကြီးတွေ သဘောတူတဲ့ မိန်းကလေးနဲ့ ဇာစပ်ခဲ့တာ ဖြစ်သည်။

မပွင့်လင်းခဲ့ပေမယ့် ရင်ထဲမှာတော့ အတိုင်းအဆမဲ့ ချစ်ခဲ့ကြတာမို့ ဒေါ်ယမင်း က ဦးသက်ငြိမ် ကို ရှဲပြီး သူမကို တစ်ဖက်သတ် ချစ်နေသူနဲ့ ချက်ချင်း လက်ထပ်ပစ်လိုက်သည်။

မင်္ဂလာပွဲ လုပ်ပြီးသည့်ညမှာပဲ သူမ လက်ထပ်ခဲ့တာ ဒီလိုအရွဲ့တိုက်ခဲ့တာဖြစ်ကြောင်း ဦးသက်ငြိမ် ဆီကို ဒေါ်ယမင်း က ဖုန်းဆက်သည်။

ဒါကိုကြားပြီး ခင်ပွန်းဖြစ်သူက စိတ်နာကာ ဒေါ်ယမင်း အပေါ် ကြင်ကြင်နာနာ မရှိတော့ဘဲ အသောက်အစား အပျော်အပါးတွေ ဖက်လာခဲ့သည်။

နောက်ဆုံး လက်ပါတဲ့အထိ ဖြစ်လာခဲ့ပြီး လင်မယားချင်း ဝုန်းဒိုင်းကြဲ ရန်ဖြစ်ကြလေသည်။ အိမ်ထောင်သက် သုံးလမှာပဲ ခင်ပွန်းဖြစ်သူ ဆုံးသွားကာ သိုက် ကို ကိုယ်ဝန်တစ်လနှင့် ကျန်ခဲ့၏။

သမီးလေး အခါလည်ကျော်ကျော်မှာ ဦးသက်ငြိမ် နဲ့ လက်ထပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ...

"ငါတို့တွေ ခုမှ အသက်လေးဆယ်ကျော်ရုံပဲ ရှိကြသေးတာ ယမင်း ရယ် .. မင်းလည်း ဘာမှမဖြစ်ရဘူး .. ကိုယ်လည်း ဒီတိုင်းနဲ့ ပြီးသွားဖို့ မလိုဘူး .. ဘဝကို အများကြီး ရုန်းကန်ရဦးမှာ .."

ဦးသက်ငြိမ် က သိုက် ကို မေးဆတ်၍ ...

"သမီး .. ဖေကြီး ရေချိုးဖို့ သွားလုပ်ပေးစမ်း .."

"ဟုတ် .."

သိုက် က နောက်ဖေးခန်းထဲ ဝင်သွားသည်။ ဦးသက်ငြိမ် က သိုက် ဝင်သွားတာကို ခဏ စောင့်နေပြီးမှ ...

"ယမင်း .. သမီးကို မင်း ဘာတွေ သွားပြောလိုက်တာလဲ .."

"မပြောပါဘူး .."

"မရှိတာတွေ .. ချို့တဲ့တာတွေ မင်း ဘာမှ မညည်းညူပါနဲ့လို့ ကိုယ် ပြောထားသားနဲ့ကွာ .."

"မညည်းပါဘူး ကို ရယ် .. သူ့ပိုက်ဆံကိုပဲ .."

"ကျွတ်!..."

ဦးသက်ငြိမ် က ဒေါ်ယမင်း ချပြလိုက်သည့် ပိုက်ဆံတွေကို ကြည့် ပြီး ခေါင်းခါသည်။

"ကလေးရှေ့မှာ ပိုက်ဆံကို ရေတွက်နေမှတော့ ဘာထူးသေးလ ကွာ .. မိန်းကလေးတွေ ပိုက်ဆံပေါ်မှာ လောဘတက်လာရင် ပျက်စီး လမ်းကြောင်း စတာပဲ .. သမီးကို မင်း ဟိုဘက်ရပ်ကွက်ထဲထိ အလု လုပ်ဖို့ လွှတ်လိုက်တာကိုက .."

"အဲ့ဒါကိုတော့ မပြောပါနဲ့ ကို ရယ် .. ယမင်း မတတ်နိုင်လွန်း ပါ .. ဒီလမ်းထိပ်မှာ အမွေးတိုင်လုပ်ကြတော့လည်း အဲဒီက ရုံပိုင်ရှင် သမီးကို မရှိးသားဘူးလို့ တူးတူး ပြန်ပြောတယ် .. ပြီးတော့ အဲဒီမှာ ပါးစပ်စည်း လက်စည်း ဆိုတာ သိပ်မရှိကြဘူး .."





"ဟိုမှာကျတော့ ပိုဝေးသွားတာပဲလေ .. အဲ့ဒါကျတော့ မင်း ဘာသိရမှာလဲ .."

"သမီး ပြန်ပြောတယ်လေ .. ဟိုမှာက ဖန်စီပစ္စည်းတွေ လုပ်တဲ့ စက်ရုံ .. လုပ်ငန်းလည်း ကြီးတယ် .. ကိုယ်လုပ်ချင်တဲ့ လိုင်းထဲ ကိုယ့် ဘာသာ ပြောင်းရွှေ့လုပ်လို့ ရတယ် .. ပြီးတော့ အဲ့ဒီ အလှအပ ပစ္စည်း လေးတွေ ကိုင်တွယ်နေရတာ ကို့သမီးကလည်း စိတ်ဝင်စားတယ်လေ.."

ဦးသက်ငြိမ် မျက်မှောင်ကုတ်နေပေမယ့် ဘာမှ မပြောတော့ပါ။

"သမီးက ဘာသင်တန်းမှလည်း မတက်ခဲ့ဖူးဘူး .. ခုမှ ပထမနှစ် ဖြေထားတာဆိုတော့ အလုပ်အကိုင်ကောင်းကောင်းရဖို့ လောလော ဆယ် ဘယ်လွယ်မလဲ .."

"ဒါပေမယ့် ငါတို့ သမီးရဲ့ ရုပ်ရည်လက္ခဏာနဲ့ ရပ်ကွက်ထဲက အလုပ်တွေ မတန်ပါဘူးကွာ .."

"ကို ကလည်း ကို ရယ် .."

"မင်းလည်း မတတ်သာလို့ ကြည့်နေရတာပဲ .. ကိုယ် သိပါ တယ် .. ဒါပေမယ့် မင်းက မိန်းမသား .. ကိုယ်က အဖေတစ်ယောက် သုံး ဖြစ်နေရုံက်နဲ့ .."

"ကို လည်း လူမမာပဲလေ .."

"ကိုယ် ဒါကြီးကို မလိုချင်ဘူး .. ဒီလိုဖြစ်နေရတာကို ပိုပြီး စိတ် ဆင်းရဲတယ် .."

"ရောဂါဖြစ်နေတာကိုတော့ ဘယ်သူက ပျော်မှာလဲ ကို ဒီနေရာ မှာ သခ်ါရသဘောတရားတွေကို မေ့ထားရင်တော့ ကိုယ့်ကိုယ်ကိုယ် နိပ်စက်သလို ဖြစ်နေမှာပဲ ကို .. သမီး အလုပ်က တစ်နေ့ သုံးထောင်ပဲ ပေမယ့် မနက် ကိုးနာရီထိုးမှ ဝင်ပြီး နေ့လယ် သုံးနာရီဆို ပြီးသွားတာ.. သူလည်း သက်သက်သာသာ လုပ်နေရတာဆိုတော့ .."

"တော်ပါကွာ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ငြိမ် ခေါင်းခါရင်း နေရာမှ ထရပ်သည်။ ဒေါ်ယမင်း က တွဲတော့ လက်ကို ဖယ်ချကာ ...

"နေကောင်းတာ မဟုတ်ဘဲနဲ့ ယမင်း ရာ .. မင်းဘာသာ သက်သက်သာသာ နေစမ်းပါ .. ကိုယ့်အိမ်ပေါ်မှာပဲဟာ .. လဲသွားတော့လည်း ပြန်[illegible]ထရုံပေါ့ .."

ဒေါ်ယမင်း သက်ပြင်းချရင်း ပြန်ထိုင်လိုက်ရသည်။ ဦးသက်ငြိမ်ကို သူမ နားလည်သည်။ ကိုယ့်ခင်ပွန်းမို့ သိနေတာမျိုး မဟုတ်ဘဲ အမျိုးမျိုးသော အကြောင်းကြောင်းတို့နှင့် ပတ်သက်ပြီး နားလည်နေခဲ့တာ ဖြစ်သည်။

အိမ်ထောင်သက်တမ်းဆိုတာလည်း သမီး သိုက် ရဲ့ သက်တမ်းပဲ ဖြစ်သည်။ ဒါပေမယ့် ဦးသက်ငြိမ် နဲ့ သူမတို့အတွက် သားသမီးရတနာ ဆိုတာ မရှိခဲ့ပေ ..။

ဘယ်သူ့ကြောင့်ဆိုသည့် ချို့ယွင်းချက်ကို သာမညသဘောထားကာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာမပျက် ချစ်ခဲ့ကြသည်။

"တမင် တားထားတာ မဟုတ်ဘူးဆိုရင် ပြီးတာပဲ ယမင်း၊ ရယ်.. ရတာ မရတာကတော့ ကိုယ်တို့ကံပေါ့ .. ဒီမှာ ချစ်စရာ သမီးလေးလည်း ရှိနေတာပဲ .. ကိုယ် နားလည်ပါတယ်" တဲ့ ..။

အစစအရာရာအပေါ်မှာ နားလည်တတ်လွန်းသည့် ခင်ပွန်းသည်အပေါ်မှာ ဒေါ်ယမင်း မြတ်နိုးလေးစားခဲ့သည်။

ဒါကြောင့်လည်း ဦးသက်ငြိမ် စိတ်ချမ်းသာအောင် သူမဘက်က အစွမ်းကုန် ဖြည့်ဆည်းပေးသွားဖို့ ဆုံးဖြတ်ချက်တွေ ဖြစ်ခဲ့၏။

လင်မယားနှစ်ယောက်ဟာ တစ်ယောက်အတွက် တစ်ယောက်က ပေးဆပ်ဖို့ အဆင်သင့်ရှိနေခဲ့ကြလျက် .. သမီးလေးအပေါ်မှာတော့ ပေးဆပ်ရုံသက်သက်နှင့် မဟုတ်သော တကယ့် မိဘမေတ္တာမျိုးနှင့် ဦးသက်ငြိမ် က ချစ်ခဲ့ရှာသည်။





အနီးလေးထဲမှာ နီတာရဲလေးတည်းက တမွေ့မွေ့နှင့် ယုယခဲ့တာ ဘာ လက်လေး ဆွဲခေါ်သွားလို့ရတဲ့အရွယ် ရောက်တော့လည်း သွားလေရာ ခေါ်သည်။ ကစားဖော်လိုလည်း ပေါင်းသည်။

ဒါကြောင့် သမီးလေးကလည်း မအေထက် ဖအေကို ပိုချစ်တာ ဖြစ်၏။ အကယ်၍ မလိုလားသော ပါးစပ်တစ်ခုကနေ အဖြစ်မှန်ကို သူတွေသိအောင် ဖွင့်ဟမပြောခဲ့ဘူးဆိုလျှင် ဦးသက်ငြိမ် သည်သာ သိုက်နဲ့ အဖေအဖြစ် ခမ်းနားစွာ ရှိနေမည်သာ ..။

ခုတော့ ပတ်ဝန်းကျင်သည် ဒီကလေးနဲ့ အဖေကိုသာ မျက်လုံး ဒေါက်ထောက် ကြည့်နေခဲ့ကြလျက် ...

သည်းခံနေပြန်တော့လည်း တစ်မျိုးတိုး ပြောကြသေးသည်။

"ငယ်ငယ်လေးတည်းက သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့တာကို ပြောနဲ့လေ.. ငယ်ငယ်က သူ့လက်ပေါ်မှာ ကလေးလေး .. အခု ဖွံ့ဖွံ့ ထွားထွားနဲ့ အပျိုကြီးဖားဖား ဖြစ်နေပြီ ..၊ ပန်းပင်လေးကို ပျိုးနေတုန်း တော့ ရေလောင်းပေး .. ပေါင်းသင်ပေးနဲ့ အရိပ်တကြည့်ကြည့်ပေါ့.. း ပွင့်လာရင် မခူးဘဲ မပန်ဘဲ နေမလား .." တဲ့ ..။

သူများအကြောင်း ပြောရမည်ဆို သက်သေ သာဓကတွေက အဆင် င့် ..၊

ပတ်ဝန်းကျင် လုံးဝ မရှိသောအရပ်မှာနေဖို့ မဖြစ်နိုင်သရွေ့တော့..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

"တီ .."

ဟွန်းသံ ကြားလိုက်တာနှင့် ကားရပ်သည့်အိမ်မှာ လူရိပ် မမြင်ရသေးဘဲ ဘေးအိမ်တွေက မျက်လုံးပေါင်းများစွာက အိမ်ထဲ အိမ်ပြင်နေရာအနှံ့ကို စိတ်ဝင်တစား ..।

"ဪ .. ဆရာ .. ကြွပါ .. အိမ်ထဲကို ကြွပါရှင် .."

ခြံကလည်း သိပ်မကျယ်ပါ ..।

ဒေါ်ယမင်း က ဖိနပ်ချွတ်ထိ ထွက်လာပြီး အိမ်ပေါ်ကို လာဖို့ ဖိတ်ခေါ်၏။

ဦးမြညွန့် ကလည်း ခေါင်းညိတ်ပြရင်း ပြုံးကာ ကားပေါ်က ဆင်းသည်။

ပြီးတော့ ဒေါ်ယမင်း တို့ ခြံလေးထဲမှာ စိုက်ထားသည့် စံပယ်ပင်တွေကို လိုက်ငုံ့ကြည့်ရင်း သဘောတွေ ကျနေကာ ...

"ခေါင်းရင်းခြမ်းထိ စံပယ်ပင်တွေ နော် .. နည်းတာ မဟုတ်ဘူး.. ဘာလဲ .. စီးပွားဖြစ် စိုက်ထားတာလား .."





"မဟုတ်ပါဘူး ဆရာရယ် .. ပွင့်လာရင် ပတ်ဝန်းကျင်တစ်ခုလုံး မွှေးနေတာကို ကြိုက်တာပါ ..। ပွင့်လာရင် အဲဒါတွေ ခူးပြီး သမီးက စိတ်ရှည်လက်ရှည် သီတယ် .. ဘုရားတွေမှာ လိုက်ကပ်တယ် .. အိမ်က ဘုရားမှာတော့ ခြင်းကလေးနဲ့ ဒီတိုင်း ကပ်တာလေ .."

"စိတ်ကူးကောင်းသားပဲ .."

ဦးမြညွန့် က တစ်တောင်နီးပါးရှိသည့် သားရေလက်ကိုင်အိတ်ကြီးကို ချိုင်းကြားညှပ်ရင်း ရေမြောင်းကလေးတွေ ပေးထားသည့် စံပယ်ပင်တွေကို လိုက်ငုံ့ကြည့်၏။

စမတ်ကျကျ ဝတ်စားထားသော ကားအကောင်းစားကြီးနှင့် သူ့ဒွေးမို့ အိမ်နီးချင်းတွေက ချောင်းမြောင်းကြည့်ရာကနေ အဝတ်လှန်းသလိုလို .. ကျီးခြောက်သလိုလိုနှင့် ထွက်ကြည့်တဲ့လူက ကြည့် ..।

ကိုယ်တိုင် လူမမာ ဖြစ်နေပေမယ့် ဒေါ်ယမင်း ကိုယ့်ဝေဒနာနဲ့ ကိုယ် နေသာသလိုလည်း မနေရပါ ..। ဒါတွေ ခေါင်းထဲမထည့်နဲ့ ဆိုပေမယ့် ထစ်ခနဲရှိတာနဲ့ ကိုယ့်စိတ် .. ကိုယ့်နားတွေကိုက ပတ်ဝန်းကျင်ဆီ မျက်စိဖွင့် နားစွင့်မိပြီးသား ဖြစ်နေခဲ့တာ ..।

ခေါင်းထဲ မထည့်ဘဲ ဘယ်လိုလုပ် နေရမလဲ ..।

"ဆရာ့ကို ဆင်းလာပြီး မကြိုနိုင်တာ တောင်းပန်ပါတယ် နော်.. ကျွန်မ .."

"ဪ .. ရပါတယ် ဒေါ်ယမင်း ရယ် .. ခင်ဗျား မကျန်းမာတာကို လာမေးမယ် .. မေးမယ်နဲ့ ကိုသက် လူနာဖြစ်မှပဲ ရောက်ဖြစ်တော့တယ် .. ကျွန်တော်က တောင်းပန်ရမှာပါ .."

"မဟုတ်တာ ဆရာရယ် .. ထိုင်ပါဦးနော် .. ကိုသက် ကတော့ အိပ်နေတယ် .. ဆရာ့အတွက် ကော်ဖီ .."

"နေ .. နေ .. မလုပ်နဲ့ ဒေါ်ယမင်း .. စားလာခဲ့ပြီးပြီ .. ထိုင်ပါဗျာ.. သက်သောင့်သက်သာ နေပါ .. ဒါနဲ့ သမီးလေးကရော .."



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အလုပ်လုပ်နေတယ် ဆရာ .."

"ဟုတ်လား .. အင်း .. ကလေးမလေးက ခုမှ ဆယ်တန်းအောင်ပြီးတာ မို့လား .."

ဦးမြညွန့် က ထိုင်မိတာနှင့် မေးခွန်းတွေပဲ မေးနေကာ ...

"ပထမနှစ် ပြီးသွားပါပြီ .. ဒါပေမယ့် သိပ်မထူးပါဘူး ဆရာရယ် .. အပြင်သင်တန်းတွေလည်း မတက်နိုင်ဘူးလေ .. သူ့အဖေ နေမကောင်းဖြစ်နေတော့ သူလည်း .."

"နေဦး ဒေါ်ယမင်း .."

ဦးမြညွန့် က လက်ကာ တားလိုက်ပြီး လေးနက်တည်ကြည်သည့် မျက်နှာနှင့် ခဏ ငြိမ်နေ၏။

ပြီးမှ ...

"မိန်းမငယ်လေးတစ်ယောက်ကို ရပ်ကွက်ထဲက အလုပ်ရုံတွေမှာ အလုပ်လုပ်ခိုင်းတာ ကောင်းတာ ရှိပေမယ့် မကောင်းတာတွေလည်း အများကြီးပဲ နော် .. သူ့ ပထမဆုံး ကွင်းဆင်းလေ့လာခဲ့ရတဲ့ လောကကြီးက ဒီလိုကြီးလားလို့ သူ မြင်သွားမှာ .."

ဦးမြညွန့် က စကားတစ်ခွန်း ပြောခါနီးတိုင်း သူ့ဘာသာ တွေးဆ အဖြေထုတ်နေတာမျိုး ...၊

ခဏ စဉ်းစားပြီးမှ ပြောတတ်ကာ ...

"ပထမဆုံး သူ ဝင်ဆံ့တဲ့ နယ်ပယ်က ဒါမျိုးမဖြစ်သင့်ဘူး.. အဆင့်အတန်းဆိုတာမှာ သီးသန့်ဆန်ခြင်းဟာ နွေးထွေးမှုနည်းရင် နည်းလိမ့်မယ် .. ဒါပေမယ့် အဲ့ဒီမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေ ရှိတယ် .. လောကတစ်ခုကို ခပ်လှမ်းလှမ်းကနေ သုံးသပ် ဆင်ခြင်နိုင်တယ် .. ရောထွေးခြင်းမှာကျတော့ သီးသန့်ဆန်ခြင်းနဲ့ လုံးဝ ဆန့်ကျင်ဘက်ပဲ .. ဒါတွေ ခင်ဗျားတို့လည်း နားလည်နိုင်မှာပါ .."

"ဟုတ်ကဲ့ .. နားလည်ပါတယ် ဆရာ .."





"ကျွန်တော်က စိတ်ကျန်းမာရေးဆရာဝန် ဖြစ်ခဲ့လို့ ကြောင်တောင်တောင်တွေ ပြောနေတာ မဟုတ်ဘူး .. လူတွေက ကိုယ့်ကိုယ်ကိုယ်တောင် နားလည်ဖို့ လွယ်တာ မဟုတ်ဘူးဆိုတဲ့ အမြင်ကျဉ်းကျဉ်းနဲ့ ဘာကိုမှ စိတ်မဝင်စားကြတော့ဘူး .. ကိုယ့်ကိုယ်ကိုယ် မြင်ရဖို့ မှန်ရှိမှ ဖြစ်တာ .. သူများတွေကိုတော့ အမြဲတမ်း မြင်နေရတာပဲ .."

"ဟုတ်ပါတယ် .."

"သုံးသပ်ကြည့်တဲ့ အကျင့်လေးပဲ လိုတာပါ ...၊ ခက်နေတာက တစ်စုံတစ်ရာပေါ်မှာ အဲဒီလူ အသေးစိတ် သုံးသပ် စူးစမ်းလာပြီဆိုရင် အဲ့ဒီလူကို အရူးလို့ သတ်မှတ်ချင်တာ ...၊ အခု ကျွန်တော် ပြောချင်တာက သမီးတို့အရွယ်တွေဆိုရင် ကိုယ့်ဘဝကိုရော .. ကိုယ့်နိုင်ငံ ကိုယ့်ကမ္ဘာကြီးတစ်ခုလုံးပေါ် .. အကောင်းဆုံး ဖြစ်ချင်လာတဲ့ အကောင်းဆုံး ဖန်တီးတည်ဆောက်ချင်စိတ်တွေပဲ ရှိလာရမှာ .."

လက်ဝါးကြီးဖြန့်ပြီး တဖြည်းဖြည်း ဆုပ်ကျစ်ပြကာ ဦးမြညွန့် က တက်ကြွစွာ ပြောနေသည်။

ဒါကြောင့် ကိုသက် ကလည်း သူ့ဆရာကို အမြဲတမ်း အားကျနေတာပါ ...။

"ဆရာကတော့ တကယ့် စေတနာရှင်ပဲကွာ .. ချမ်းသာပြီး ပညာတတ်ပေမယ့် ငွေဂုဏ်လည်း မမောက်ဘူး .. ပညာမာန်လည်း မထားဘူး .. ကိုယ်တို့တွေအပေါ်မှာ သိပ်စာနာတတ်တာ .. သူနဲ့ တွေ့ရင်လည်း စိတ်တွေ တက်ကြွလာတာပဲ" တဲ့ ...။

"ဒေါ်ယမင်း ကျွန်တော့်ကို စကားများလှတယ်လို့တော့ မထင်ပါဘူး နော် .."

"အို .. မထင်ပါဘူး ဆရာ ရယ် .. ကျွန်မတို့လိုလူတွေအပေါ်မှာ ခုလို စေတနာထားပြီး ဆိုဆုံးမပေးတာကို ဝမ်းလည်း သာတယ် .. ကျေးဇူးလည်း တင်ပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက စပြီး ခင်ဗျား မှားနေတာ ဒေါ်ယမင်း .."

"ရှင်!..."

"ကျွန်မတို့လိုလူတွေ ဆိုတဲ့ စကားကို ပြောတာ ခင်ဗျား မှားတယ် .. ဒါဆို ကျွန်တော်က 'ခင်ဗျားတို့က ဘယ်လိုလူတွေလဲ'လို့ မေးရင် ခင်ဗျား ဘယ်လို ဖြေမလဲ .."

ဒေါ်ယမင်း ကြောင်အအ ဖြစ်သွားသည်။ ဦးမြညွန့် က ပြုံးနေသည့်မျက်နှာနှင့် ...

"အဲဒီစကားမျိုးတွေ ကလေးရှေ့မှာ မပြောမိပါစေနဲ့ .."

"ဟုတ်ကဲ့ .."

"ကံတရားဆိုတာကို တစ်ဖက်မှာ ကိုင်ထားရင်း တစ်ဖက်က ဘဝကို ကိုင်ထားပါ ..၊ ဘဝက ကိုယ့်ကို ဖန်တီးတာ မဟုတ်ဘူး .. ငါ့ဘဝကို ငါ ဖန်တီးမှာလို့ မြင်ပါစေ .. သူ့ဘဝလေးကို သူ အကောင်းဆုံးဖြစ်အောင် အများကြီး လုပ်သွားလို့ ရတယ် .. ခင်ဗျားတို့ လူကြီးတွေရဲ့ နေရာချပြီးသား စကားတွေကြောင့် တက်မကျိုးစေချင်ဘူး .."

"ဟုတ်ပါတယ် ဆရာ .. ဒါပေမယ့် ကျွန်မတို့က စေတနာကို ပေါ်လွင်အောင် မပြောနိုင်ကြဘူးလေ .. ကလေးက အမှတ်မှားပြီး မရှိတာတွေကို အရှိထင်သွားမှာ စိုးတယ် .. မရနိုင်တာတွေကို တမ်းတတတ်လာမှာလည်း ကြောက်တယ် .."

"ဒါပေါ့ .. ဒီလို ဖြစ်သွားနိုင်တာလည်း မှန်ပါတယ် .. ဒါပေမယ့် မိမိကိုယ်မိမိ နှိမ့်ချခြင်းဆိုတာ နေရာတိုင်း လူတိုင်းအတွက် မကောင်းဘူးဗျ .. ကလေးတွေ အားငယ်ပြီး ဖုန်းဖုန်းလဲချင်အောင် ဖြစ်လာတဲ့ အချိန်မျိုးမှာတော့ 'တို့ဘဝကိုက ဆိုးတာ' .. 'ကံဆိုးမသွားရာ မိုးလိုက်ရွာတာ' စသဖြင့်ပေါ့ဗျာ .. သူ့ရဲ့ စိတ်လေး နာလန် ပြန်မထူနိုင်တော့အောင် မပြောမိစေနဲ့ပေါ့ .."

"ဟုတ်ကဲ့ .."





"ဆောရီးပါဗျာ .. ကျွန်တော့်မှာလည်း သမီး အပျိုရွယ်ရှိတော့ ဒီအရွယ်လေးနဲ့ အလုပ်ထွက်လုပ်နေရတယ်ဆိုတာ ကြားပြီး ရုတ်တရက် စိတ်မကောင်းဖြစ်သွားလို့ပါ .. ကျွန်တော့်စကားက ခင်ဗျားတို့အတွက် .."

"ဆရာရယ်.. ကျွန်မတို့တွေ ဆရာ့လို မပြောနိုင်ကြလို့ပါ .. ဆရာ့စကားတွေ အရမ်းကို အဖိုးတန်ပါတယ် .. မှတ်ထားပါ့မယ် ဆရာ.. စိတ်ရင်းနဲ့ ပြောတာပါ .."

ဦးမြညွန့် က သက်ပြင်းချလိုက်ပြီး လက်ကိုင်အိတ်ကို ဖွင့်သည်။

"သမီးအတွက် အဆင်ပြေမယ့် အလုပ်တစ်ခုခု ကျွန်တော် ကြည့်ပေးပါ့မယ် .."

"ဟုတ်ကဲ့ .. ကျေးဇူးတင်ပါတယ် ဆရာ .."

"ကိုသက် က အုံနာကြေး သွင်းတိုင်း ငွေတွေ ပိုသွင်းထားခဲ့တာလေ .."

"ဟုတ်ပါတယ် ဆရာ .. ကားကို စပေါ်မတင်ရဘဲ မောင်းနေရတော့ ကားပြန်သိမ်းသွားရင် အလုပ်လက်မဲ့ ဖြစ်သွားမှာ စိုးလို့ပါ ..၊ အဲ့ဒါ .. အဲ့ဒါတွေကိုတော့ ပြန်မအမ်းလိုက်ပါနဲ့ ဆရာရယ် .. ကျွန်မတို့ နည်းနည်းစီ လာပြန်ထုတ်မိတာက သူ့ဆေးဖိုးအတွက် မတတ်သာလွန်းလို့ပါ ..၊ နောက်ထပ် မထုတ်တော့ပါဘူး .."

ဦးမြညွန့် က ဒေါ်ယမင်း ပြောပြီးတဲ့အထိ စောင့်နေသေးသည်။ ပြီးမှ ခေါင်းခါ၍ ...

"မထုတ်လို့ ဘယ်ရမလဲ ဒေါ်ယမင်း ရယ် .. လူဆိုတာ မတ်တတ်စာထက် တုံးလုံးစာက ပိုအရေးကြီးတာ ..၊ ဟိုရက်ပိုင်းတည်းက ကျွန်တော် လာမလို့ .. ကျန်းမာရေး ပညာပေးဆောင်းပါးအတွက် မိတ်ဆွေတွေက အကူအညီတောင်းထားလို့ လုံးဝ မလာဖြစ်ခဲ့တာ .."

ပြောနေရင်း ပိုက်ဆံတွေကို အုပ်လိုက် ဆွဲထုတ်သည်။ ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



အုပ်တွေထဲက တစ်ခါတည်း ရေတွက်ပြီး ထည့်လာပုံရသည့် ငါးထောင် တန်ဘစ်ထပ်ကို ထုတ်ယူကာ ...

"ရော့ .. ဒါ သူ အပ်ထားတဲ့ ပိုက်ဆံကို ပြန်ပေးတာ .. ကျေးဇူး တင်ဖို့ မလိုဘူး .."

"ဆရာ .."

ဦးမြညွန့် က လက်ကာ တားကာ ပိုက်ဆံအုပ်ကို ချသည်။

"အိမ်မှာ လူမမာနှစ်ယောက် ဖြစ်နေပြီ.. မိန်းကလေးတစ်ယောက် တည်း ဘယ်တတ်နိုင်မလဲ ခေါ်ယမင်း .. ဒီအချိန်မှာ ကားစပေါ်တင်ဖို့ ဒီငွေတွေ ထားဖော့ရော ကားမောင်းမယ့်လူ တစ်ခုခု ဖြစ်သွားခဲ့ရင် ခင်ဗျားတို့ ဘယ်လိုလုပ်မလဲ .."

ခေါ်ယမင်း မျက်ရည်တွေ လည်လာသည်။

"ခင်ဗျားကို အားငယ်အောင် နိမိတ်မရှိတာတွေ လာပြောတာ မဟုတ်ဘူး .. ကျွန်တော်က အားပေးဖို့ လာတာ .. ဖြစ်သင့်တာထက် လုပ်သင့်တာကို လုပ်ရမှာ .. လုပ်သင့်နေတာတွေထဲကမှ ဘာကို အရင် လုပ်သင့်သလဲဆိုတာ ဒိုင်းခနဲ တွေးနိုင်ရတယ် .. အဲဒီလို တွေးနိုင်ဖို့ အတွက် ခင်ဗျားရဲ့ခေါင်းမှာ ဟိ(ထ်)တက်နေလို့တော့ မရဘူး .."

ပြုံးရင်း ပြောနေသည့် ဦးမြညွန့် မျက်နှာ အနည်းငယ် တည်သွား ကာ ...

"ဖခင်ပဲဖြစ်ဖြစ် .. မိခင်ပဲဖြစ်ဖြစ် ဘယ်နေရာမှာ ဘယ်လိုအလုပ် မျိုးနဲ့ပဲ တာဝန်ယူနေရပါစေ သူတို့မိသားစုအတွက် သူတို့က သူ့ရဲ ကောင်းတွေပါ .. အခု ခင်ဗျားမှာ သမီးလေး ရှိသေးတယ် .. ခင်ဗျားရဲ့ စိတ်.. ခင်ဗျားရဲ့ ခန္ဓာကိုယ်ထဲမှာ ဘာတွေဖြစ်နေနေ သူ့အတွက် ခင်ဗျား သူ့ရဲကောင်းပဲ ဖြစ်ရမှာ .."

ခေါ်ယမင်း ပြုံးပြီး မျက်ရည်သုတ်သည်။

"ဟုတ်ကဲ့ပါ .. ဟုတ်ကဲ့ပါ ဆရာ .."





"ခုချိန်မှာ ခင်ဗျားရဲ့မျက်နှာက ကလေးရဲ့ မနက်ဖြန်တွေအတွက် သိပ်အရေးကြီးတယ် .. ကိုယ့်စိတ်ကို ဘယ်တော့မှ လျှော့မချလိုက်ပါ နဲ့ .."

ဦးမြညွန့် က ပြောနေပြီး ခေါင်းတညိတ်ညိတ် ရှိနေ၏။ ပြီးမှ...

"ခင်ဗျားတို့ မိသားစုက ညီညွတ်ကြပါတယ် .. စီးတဲ့ရေ .. ဆည် တဲ့ကန်သင်းမျိုးပေါ့ .. ဒါတွေ ကျွန်တော် ကြားနေပါတယ် .. ဒါကြောင့် ကိုသိက် စုဆောင်းသမျှ ငွေတွေကို လာပေးတာ .. နောက်တစ်ခုက ကားစပေါ်တင်ဖို့အတွက် လုံးဝ မပူနဲ့လို့ ကိုသက် ကို ပြောလိုက်ပါ.. အဲဒီကားက သူ ကိုယ်ပိုင်ကား မဝယ်နိုင်သေးခင်အထိ .. သူ့ရွှေဖြစ်ပြီး မြောက်ကြွမြောက်ကြွ ဖြစ်မသွားခင်ထိပေါ့ .."

ပြောနေရင်း ရယ်သည်။

"သူ့အတွက်ပဲ ထားထားပေးမယ်လို့ စိတ်ချမ်းသာသွားအောင် ပြောလိုက်ပါ .."

"ဟုတ်ကဲ့ .. ကျွန်မတို့ မိသားစုအတွက် နတ်တို့ ဖန်ဆင်းသလိုပါ ပဲ ဆရာ .. ပြောမပြတတ်လောက်အောင် ကျေးဇူးတင်ပါတယ် .."

"ဟိုင်လို့ စိတ်ချမ်းသာတယ်ဆိုရင်လည်း ကြိုက်သလောက် တင် ဗျာ .. ကဲ .. ကျွန်တော် ပြန်လိုက်ဦးမယ် .."

ဦးမြညွန့် ပြန်သွားတော့ ငွေတွေကို ကိုင်ကြည့်ကာ မျက်ရည်စက် တို့ ပိုးပိုးပေါက်ပေါက် ကျလာခဲ့၏။

"ကိုယ် မင်း မသိအောင် အစက လုပ်ခဲ့တာပဲ .. ဒါပေမယ့် မင်း ကို မပြောဘဲ နေရတာ ကိုယ် တစ်ခုခုကို အပြစ်လုပ်မိထားသလိုပဲ.."

"ကိုယ်က ကားမောင်းတာနဲ့ အကျိုးပေးတယ် ယမင်း .. တခြား တက္ကစီတွေထက် ပိုဆွဲရတယ် .. မင်းတို့သားအမိ လောက်ငမယ်လည်း ထင်လို့လေ .."

"သိပ်တော့မများပါဘူး .. ဒါပေမယ့် နေ့တိုင်း သွင်းနေတာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ တော်တော်စုမိနေပြီကွ .. စပေါ်အတွက် ပြည့်သွားလည်း ကိုယ်တို့ ဒီတိုင်း ဆက်စုကြမယ် နော် .. သမီးလေးအတွက် လိုအပ်တဲ့အခါ မကြောင့်မကြ ထုတ်ပေးနိုင်တာပေါ့" တဲ့ ..။

ဒီငွေတွေနဲ့ပတ်သက်ပြီး ကိုသက် အားထားခဲ့တာတွေကို ပြန်တွေးမိနေ၏။

ထိုပြင် သူ အက်ဆီးဒင့်ဖြစ်ပြီး ခြေထောက်ဒဏ်ရာ ဖြစ်ရတဲ့အထိ ဒီငွေတွေကို ထုတ်ပါ သုံးပါလို့ တစ်ခွန်းမှ မပြောခဲ့ပေ ..။

သူမ ဖြစ်ပြီဆိုမှ ...

"သမီးအမေအတွက် ဆေးတွေက တန်ဖိုးကြီးတယ် သမီး .. ဖေကြီးရဲ့အံ့နာဆီမှာ ဖေကြီး စုထားတဲ့ပိုက်ဆံတွေ ရှိတယ် ..၊ အဲဒီထဲက သွားထုတ်ပြီး သမီးအမေအတွက် လိုအပ်တာ ဝယ်ရမယ် .."

သမီးကို သူကိုယ်တိုင် ပိုက်ဆံထုတ်နိုင်းခဲ့သည်။ သမီးလေးကလည်း လိမ္မာရှာပါသည်။

"ဖေကြီး ကားအတွက် စုထားတဲ့ငွေတွေ ဒီတိုင်းထုတ်သုံးနေရင် ကုန်သွားမှာပေါ့ မေမေ .. သမီး အလုပ်တစ်ခုခု ရှာမယ် ..၊ ဆန်ဖိုးဟင်းဖိုးလေးပဲ ရရ .."

ဒီယောက်ျားနဲ့ သမီးလေးကြောင့် သူမဘက်မှာလည်း အံကြိတ်မျိုသိပ်နေခဲ့ရတာတွေ အများကြီးပါ ..၊

ဦးမြညွန့် ပြောသလို သူရဲကောင်း မဖြစ်ခဲ့ရင်တောင်မှ ...

"ယမင်း .."

"ဟင် .. ကိုသက် .."

ဦးသက်ငြိမ် က တောင်ဝှေး တစ်ဖက်က ထောက်ပြီး အနားမှာ လာထိုင်ကာ ...

"ဒါတွေက .."

"ဆရာ ခုနကပဲ ပြန်သွားတာ .."





"ဟုတ်လား .. ဟာကွာ .. ကိုယ့်ကိုတော့ လာမနှိုးဘူး .."

"ဆရာက နှိုးဖို့ မပြောလို့ပါ .. ဒီငွေတွေကလေ .."

"ကိုယ့်ငွေတွေ လာပေးသွားတာမို့လား .."

"ဟုတ်တယ် .."

တခြား မှာသွားတာတွေကိုပါ ပြောပြလိုက်ကာ ...

"ယမင်း တို့ သူတော်ကောင်းနဲ့ တွေ့တာပေါ့နော် .."

"ဟုတ်တယ် .. ဆရာက သူ့သမီးလေးငယ်ငယ်လေးနဲ့ မုဆိုးဖိုဖြစ်သွားတာ .. သူ့သမီးကို သူ့လိုပဲ ဆရာဝန်ကြီးဖြစ်အောင် ပြုစု ပျိုးထောင်ခဲ့တာလေ .."

"ကောင်မလေးက ဂျပန်မှာဆို .."

"ဟုတ်တယ် .. နေတာက စင်ကာပူမှာပါ ..၊ သူ့အဒေါ်တွေနဲ့လေ .."

"အခု ဆရာက တစ်ယောက်တည်း နေတာလား .."

"သူ့အစ်မ အပျိုကြီးနဲ့ နေတယ် .. ဆရာတို့က အဝေးပြေးကားတွေလည်း ရှိတယ် ..၊ တည်းခိုခန်းနဲ့ စားသောက်ဆိုင်တွေလည်း မြို့တိုင်းမှာ ရှိတယ် .. အရမ်းချမ်းသာတာကွ ..၊ တက္ကစီတွေ ထောင်ထားတာက သူ့အတွက် မက်လောက်စရာ မဟုတ်တဲ့အပြင် အလုပ်တောင် ရှုပ်နေဦးမှာ .."

"အင်းပေါ့ .. ဟုတ်မှာပဲ .."

"ဒါပေမယ့် ဆရာဝန်လုပ်ရင်းကနေ သူ ပထမဆုံး တိုးချဲ့ခဲ့တဲ့ အခြေအမြစ်လည်း ဖြစ်တယ် .. ပြီးတော့ ဒီကားတွေပေါ်မှာ အားထားနေကြတဲ့ ကိုယ်တို့လိုလူတွေလည်း ရှိ .. ဒါကိုတော့ သူ မဖြုတ်ဘူးလို့ ပြောပါတယ် .."

ဒေါ်ယမင်း က ခေါင်းညိတ်ရင်း စိတ်ဝင်တစား နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက စိတ်ရင်းကောင်း အရမ်းရှိတာ ‥ ဆရာ့လိုလူမျိုးက တကယ် ရှားပါတယ် ‥၊ ဒါတောင်မှ သူတို့ဆွေမျိုးတွေက အရမ်း ချမ်းသာတာတဲ့ ‥ သူက အဆင်းရဲဆုံးပဲလို့ ခဏခဏပြောပြီး ရယ်နေ သေးတာ ‥၊ တစ်ခါ ကားတစ်စီး ယာဉ်တိုက်မှုဖြစ်ပြီး ဆရာက သေချာ စုံစမ်းတယ် ‥ အဖြစ်မှန်ကိုသိသွားတော့ ဒရိုင်ဘာကိုတောင် ဆေးပြန်ကု ပေးလိုက်သေးတယ် ‥"

"ဟုတ်တယ် ‥"

"ကားနှစ်စီး ပြင်ဆင်စရိတ်တွေ ‥ ဟိုဘက်ကားက လူအတွက် လျော်ကြေးတွေရော အကုန်ပေါ့ကွာ ‥ အဲဒီတုန်းက သူ့ရဲ့ကြီးတော် ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက် လာပြီး ကိုယ်တို့ရှေ့မှာတင် ဘာပြော သွားတယ် မှတ်လဲ ‥၊ မင်းလိုလူမှမမွဲရင် ဘယ်သူမှမမွဲဘူး ‥ ဘယ်တော့ မှ လူချမ်းသာ မကြီးပွားဘူး တဲ့ ‥"

"ဒီလောက်ချမ်းသာတာတောင် ဒီလိုပြောသွားတယ် ‥"

"အင်း ‥ သူတို့တွေ ဘယ်လောက်ချမ်းသာသလဲ မင်း စဉ်းစား ကြည့်ပေါ့ ‥"

ဒီလိုဘဝမျိုးတွေနဲ့ သူမတို့ဘဝ ဘာဖြစ်လို့ ဒီလောက်တောင် ခြား နားနေခဲ့တာလဲ ‥၊ သီးသန့်ဆန်ခြင်းနဲ့ ရောထွေးခြင်းဆိုတဲ့ ဘဝနှစ်ခုမှာ မိမိကြိုက်နှစ်ရာဘဝမှာ ရွေးချယ် ရပ်တည်လိုက်လို့ ရသည်ဆိုလျှင် ‥၊

သီးသန့်ဆန်ချင်တာတော့ အမှန်ပါ ‥၊





## အခန်း (၃)

"ငါ့ဘာသာ သီးသီးသန့်သန့် နေလာခဲ့တာ မင်း သိတယ်မို့လား ဗလ ‥"

"သိပါတယ် ‥"

"ဟောဒီ မိုးလစ်အိမ်မှာ မိုးရော လရော မရှိတော့ပေမယ့် ဆောင်း ရှိသေးတယ် ‥ ဒေါ်ဟောမာန်ဆောင်း အသက်ခုနစ်ဆယ်ကျော်ပေမယ့် အကြည့်ရော အသိရော ဒေါင်ဒေါင်မြည်သေးတယ် ‥၊ ငါ ခုချိန်ထိ မျက်မှန် မတပ်ရသေးဘူး ‥ သွားငယ်လည်း မပြန်သေးဘူး ‥ အထူးသဖြင့် စိတ်နဲ့ လူနဲ့ လိုက်အောင် စိတ်ပုပ်ယုတ်မာတတ်ကြတဲ့လူတွေရဲ့ အင်္ဂါရုပ် ကို တစ်ချက်ကြည့်တာနဲ့ တန်းခနဲ မှန်းပြမယ် ‥ လွဲသွားရင် ပြော ‥"

ဦးနေဗလ မျက်နှာငယ်သွားကာ ပင့်သက်လည်း ရှိုက်မိ၏။

"ပြောတာမကြိုက်ရင် ငါ နေသလို ကိုယ့်ဘာသာ သီးသီးသန့် သန့် နေကြ ‥ လာမပတ်သက်နဲ့ ‥၊ မင့်မယားတွေ သားသမီးတွေ အကြောင်းနဲ့ လာ အစမချီနဲ့ ‥"

"ကြီးကြီးကလည်း ဗျာ ‥"

"ဟော့ ‥ လိုရင်း ပြော ‥"

ဦးဗလ စကားသံ တိခနဲ ပြတ်တျ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ခုံထိရှည်သော ဒေါ်ဟောမာန်ဆောင်း ၏အင်္ကျီလက်ဝကျယ်ကြီးက ရှုံ့ဆေးဘူး နှာခေါင်းမှာ ကပ်ထားတော့ တွဲလွဲကျ၍ တလှုပ်လှုပ်ရှိကာ လက်ခါ လှုပ်ရှားလိုက်တိုင်း ဟိုရှေးခေတ်က သူကြွယ်ကြီးတွေလို…၊

ထို့ပြင် ခေါင်းထက်မှာ ရွှေဘီးကပ်ထားသော ဆံထုံးပြားပြားကြီးက ခန့်ညားနေသည်။ နားနှစ်ဖက် တွဲနေအောင် ဝင်းပြောင်နေသော ရတီစိန်လုံးကြီးတွေနှင့် လက်ချောင်းတွေမှာ ရောင်စုံပြိုးပြက်လက်နေသည့် လက်စွပ်တွေကအစ သူမ၏ ပြောဆိုလှုပ်ရှားမှုတိုင်းကို ‘ပြောနိုင်ပေ့ ဆိုနိုင်ပေ့’လို့ မြှောက်ပင့် အားပေးနေကြတာနှင့် တူနေသည်။

‘မိုးလ’စံအိမ်ကြီးက ဒေါ်ဟောမာန်ဆောင်း ၏ မာန်မာနများကတော့ ပြော၍ မကုန်နိုင်ပါ။ ထို့ပြင် ဒေါ်သကြီး၍ အပြောအဆို ရင့်သီးသည့်သတင်းကလည်း ကြီးသေးသည်။

ထိုအမျိုးသမီးကြီးဟာ သူတို့အားလုံးထက် ချမ်းသာ၍ အခေါ်ဝမ်းကွဲလည်း တော်နေသောကြောင့် …

“အဟမ်း …”

ဦးဗလ ပြောစရာရှိတာကို ပြောဖို့ ခြောက်သွေ့ချင်သလို ဖြစ်နေသည့် လည်ချောင်းကို အရင်ရှင်းရသေးသည်။ ဒေါ်ဟောမာန်ဆောင်းက မျက်ခုံးတွေ စုကျုံ့နေအောင် မျက်မှောင်ကုတ်ကြည့်နေရင်း …

“ပြောရခက်နေရင် ပြန်တော့ …၊ ငါ အလုပ်ရှိသေးတယ် …”

“မခက်ပါဘူး ကြီးကြီးရယ် … ဟို … လာခဲ့တာက ကျွန်တော့်သမီးရဲ့မွေးနေ့ ဖိတ်ဖို့ဆိုတော့ …”

“မွေးနေ့လက်ဆောင် လိုချင်လို့လား …”

“ဟာ!… ကြီးကြီးကလည်း …”

“ငါ ဘယ်ပွဲလမ်းသဘင်မှ မတက်ဘူးဆိုတာ မင်း သိနေတာပဲဗလ …”

“ဟုတ်ပါတယ် … ဒါပေမယ့် …”





“လိုရင်းက ဒါပဲ …၊ ငါ့ရှေ့ကိုရောက်လာကြတဲ့လူ အားလုံး လိုချင်တာရှိလို့ လာတာ …”

ဦးနေဗလ မျက်နှာပျက်စ ပြု၏။ ဒီလောက်ထိ အထင်သေး အမြင်သေး ပြောဆိုနေတာကျတော့ သည်းခံနိုင်ဖို့ ခဲယဉ်းလာသည်။

ဒါပေမယ့် …

“ငါ ပြောလိုက်တိုင်း ကွယ်ရာမှာ တက်ခေါက်ကြ …၊ ဒေါ်သထွက်ကြ … ဒါပေမယ့် စိတ်နာသွားပါပြီဆိုတာ ဘယ်သူရှိသလဲ …”

ဒေါ်ဟောမာန်ဆောင်း က မျက်နှာကိုပဲ တည့်တည့်ကြည့်မေးသည်။ တင်းသွားလိုက် နီသွားလိုက်နှင့် ဒေါ်သတွေကို မြှို့ပိုက် လုံးထွေးနေရမှန်း သိတော့ ခေ့ခေ့ကြည့်ပြီး ရယ်သည်။

“မင်းလည်း ဒီလိုပဲ လာနေကျ ပြန်နေကျ … အဟွန်း … ငါ ပြောသမျှ ခံနေကျပဲမို့လား … ဒေါ်ဟောမာန်ဆောင်း မှာ သမီးလည်း သေပြီ… သားလည်း မရှိတော့ဘူး … ချမ်းသာသမျှ ငါတို့ပဲ ရမှာ …”

“ကြီးကြီး …”

“ငါ ပြောနေရင် စကားမဖြတ်နဲ့ … မင်းတို့ကို မြင်ရင် ငါ ဒါတွေပဲ ပြောချင်တာ …၊ ဒီမိန်းမကြီးမှာ စိန်တွေ ပြည့်တောင်းနဲ့ တိုက်ချလို့ရတယ် … ကျောက်သံပတ္တမြားတွေ သေတ္တာကြီးတွေနဲ့ သိမ်းထားတာ ဘာညာ …၊ ဟွန်း… အဲဒါတွေကို တကယ် ရှိတယ် မရှိဘူး ငါ ဝန်မခံသရွေ့ မင်းတို့ ရစ်ဝဲနေကြမှာပဲ …”

အဲဒီလိုရစ်ဝဲတာ ကြိုက်နေရင်လည်း ရစ်ဝဲတဲ့လူတွေကို ပြောတာဆိုတာတွေ လျှော့ပေါ့သင့်တယ် မဟုတ်ဘူးလား …၊

စူးရဲလာကြသည့်မျက်လုံးတွေမှာ စကားတွေ ပြောနေပေမယ့် ဒေါ်ဟောမာန်ဆောင်း ရဲ့မျက်လုံးတွေနဲ့တော့ ထိပ်တိုက်မဆုံမိအောင် ရှောင်ရ၏။ မျက်လုံးကိုကြည့်ပြီး အဓိပ္ပာယ်ဆိုတဲ့နေရာမှာလည်း ဒီအမျိုးသမီးကြီးလောက် ကျွမ်းကျင်တဲ့လူ ရှိနိုင်မည် မထင် …၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းရယ် .. ခင်သဇင် ရယ်ဆို ပိုဆိုးတာပေါ့ ..၊ သားသမီးတွေကို အလိုလိုက် အကြိုက်ဆောင် .. မိုးလစံအိမ်ကြီးရှိရင် ငွေရှိတယ် ဆိုပြီး တော့ .."

"ကျွန်တော်တို့က ချေးတာပါ .."

"ပြန်မပေးနိုင်တဲ့ငွေကို ချေးတာလို့ ခေါင်းစဉ်တပ်လိုက်တာနဲ့ ငွေချေးငွေယူကိစ္စကို ခန့်ခန့်ညားညားကြီးလုပ်နိုင်ပြီလို့ ထင်နေတာလား .."

"အခု အဲဒါတွေ ကြီးကြီးနဲ့ ပြောဖို့လာတာ မဟုတ်ဘူး .. ကျွန်တော့်သမီး အငယ်မက ကြီးကြီးကို ချစ်ပါတယ် ..၊ ကြီးကြီး မလှုပ်နိုင် မကြွနိုင် ဖြစ်နေတုန်းကလည်း သူ့ နေ့မအိပ် ညမအိပ် ပြုစုခဲ့တာ .."

"ဟုတ်တယ် .. အဲဒီမိန်းကလေး တစ်မျက်နှာတည်းနဲ့ မင့်မိန်းမ ကို ကြည့်မရပေမယ့် သူ့သမီးပါလားဆိုတာကို မျောက်ပြီး မင်းတို့ လိုအပ်သမျှ ငါ ကူညီနေခဲ့တာ .."

ထိုမိန်းကလေးက ဆုမြတ်နေ ပဲ ဖြစ်၏။ သူမက ဦးနေဗလ၊ ဒေါ်ခင်သဇင် တို့၏ ဒုတိယသမီး ..၊

"ငွေချေးပါလို့ ပြောတိုင်း ငါ ထုတ်ပေးခဲ့တာ အတိုးမဲ့ .."

ပြောတိုင်း ပေးပေမယ့် ပေးခါနီးတိုင်း တန်အောင်ပြောခဲ့တာ အတိုးထက် နင့်နေပြီ ..၊

"မင်း ပြုံးလိုက်တာလား ဗလ .."

မခံချင်လွန်းလို့ ရင်တွင်းစကားတွေပြောရင်း ကိုယ့်ဘာသာ ပြုံး လိုက်မိမှန်းတောင် မသိ ..၊

"ပေးသလောက် အပြောခံရတာပါပဲလို့ ပြောချင်နေတာ ထင် တယ် .. ဒါလည်း မှန်တာပဲ ..၊ ကျေးဇူးတရားဆိုတာ တင်ထိုက်သူကိုမှ တင်ရတာ.. ဆုမြတ် ကို ငါ ကျေးဇူးတင်နေခဲ့တာ သပ်သပ် .. နင်တို့က ဆုမြတ် ကိုယ်စား ဒီကျေးဇူးကို တန်ဖိုးဖြတ်ပြီး လာကဲ့ယူနေကြတာလေ"

"ကြီးကြီးက ပြောလိုက်ရင် တစ်ဖက်စောင်းနင်းချည်းပဲဗျာ .."





"ဟုတ်တယ် တစ်ဖက်စောင်းပဲ ..၊ ငါ့ဘက်က မင်းတို့နဲ့ အဆင် ပြေအောင် လယ်ဘယ်လ်ညှိနေမှာ မဟုတ်ဘူး .. ဒါပေမယ့် အခု ဒီငွေ ကိစ္စနဲ့ ကျေးဇူးကိုတော့ လယ်ဘယ်လ်ညှိရတော့မယ် .."

ဒေါ်ဟေမာန်ဆောင်း က ကျွန်းဆက်တီကြီးပေါ်မှာ ခြေချင်းချိတ် ထိုင်နေရာကနေ ခြေချင်းချိတ်တာကို ဖြုတ်၍ ခါးမတ်မတ်ပြုပြင်သည်။

"ကျေးဇူးကိုငှဲပြီး ချေးပါလို့ ပြောလာသမျှကို ငါ ထုတ်ပေးခဲ့တယ် နော် .."

ဦးနေဗလ ထိတ်လန့်သွားသလို မော့ကြည့်တော့ ဒေါ်ဟေမာန် ဆောင်း က ရှုဆေးဘူးကိုင်ထားသည့်လက်နဲ့ ကာလိုက်ပြီး ...

"နေဦး ရှိသေးတယ် .. မင်း ပြောချင်သလို ပြောပြောဆိုဆို ထုတ် ပေးခဲ့တာတွေပေါ့ ..၊ ဘာပဲဖြစ်ဖြစ် သိန်း ရာကျော်တွေချည်းပဲနော် - မင်းကို စာရင်းမပြပေမယ့် မင်းယူတဲ့အကြိမ်ရေတွေအတိုင်း ငွေ အမောင့် အတိအကျနဲ့ ငါ့မှာ မှတ်တမ်းရှိတယ် .."

"ကြီးကြီး ကျွန်တော်က မွေးနေ့ဖိတ်ဖို့ လာတာပါ .."

"သိတယ် .. ငါကလည်း ငွေချေးဖို့ အောက်ကျို့ခယစွာ ရောက် လာကာမှ မပြောချင်လို့ ခုပြောပြနေတာ ..၊ နောက်ထပ် ငွေမချေးခင်မှာ မင်း သိရမှာက နံပါတ်ဘစ် .. ခုကစပြီး ချေးတဲ့ငွေပေါ်မှာ တခြားစီးပွား ရေးသမားတွေရဲ့ထုံးစံအတိုင်း အတိုးတပ်မယ် ..၊ နံ ၇ါတ်နှစ် လက်ရှိ လုပ်ငန်းတွေနဲ့ လည်ပတ်ငွေအားလုံးကို ငါ့မြေးကို စီမံအုပ်ချုပ်ခွင့် ပေး ထားတယ် .. ဒါက အသိပေးတာ ..၊ နံပါတ်သုံးက သူ့ဆီမှာ ချေးရမှာမို့ လို့ သူ့ ကျေနပ်မှ ရမယ် .."

"ကြီးကြီး .."

"ပြော .."

"ဆောင်းမျက်နှာ က အရမ်းငယ်ပါသေးတယ် .. ဒီလောက် ကြီးကျယ်တဲ့လုပ်ငန်းနဲ့ လည်ပတ်ငွေတွေကို ကိုင်တွယ် ဦးစီးဖို့က -



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ပေမယ့် ငါ့သမီးက မွေးခဲ့တဲ့ သား .. ငါ့ရဲ့သွေးသားရင်းချာ သူပဲ ရှိတာ ..၊ ငါ့မြေး မကိုင်တွယ်တတ်လို့ ပိုက်ဆံတွေကို အမှိုက်လို ကြဲပစ်လည်း ငါ့အတွက် မှုလောက်စရာ မရှိဘူး ..၊ အဲဒီတော့ ငါလုပ်တဲ့ အလုပ်ကို မင်းတို့ မဝေဖန်နဲ့ .."

ဦးနေဗလ ဒီတိုင်း ထပြန်လာခဲ့ရကာ တစ်လမ်းလုံး အံတကြိတ်ကြိတ် ဖြစ်နေခဲ့၏။ အိမ်ရောက်တော့ ဒေါ်ခင်သက် နဲ့ သားနှစ်ယောက်က တက်တခေါက်ခေါက် ..၊

"ဖေဖေတို့ကိုက အနှံ့တီနဲ့ အနက်ကယ်လ်ကိုတော့ ပြန်မလာနိုင်အောင် လုပ်ခဲ့ကြပြီး ဒီကောင် အိမ်ပေါ်ရောက်လာတာကျတော့ ဒီတိုင်းကြည့်နေတာကိုး .."

"နေရိပ် .. မင်း အသာနေစမ်း ..၊ ငါ စိတ်တိုလာတာနော် .."

ဖအေ အော်လိုက်တော့ နေရိပ် ငြိမ်ကျသွားသည်။ ဒေါ်ခင်သက်က မှောင်ရိပ်သမ်းလာတာကို သတိထားမိကာ မီးတွေဖွင့်ပစ်လိုက်ရင်း...

"ငါတို့ အဲဒီလိုလုပ်ခဲ့ကြတာကို နင်တို့အဘွား အဲဒီ ဒေါ်ယက္ခာ သိသွားတယ်လေ .. သူက ဟိုသားကို စိတ်နာတယ် ..၊ ဒီသမီးကို အပြတ်ပဲနဲ့ ပါးစပ်က ပြောနေတာ တခြား.. ရင်ထဲက တခြား..၊ အိမ်နှိပ်တောင် မနင်းစေနဲ့လို့ ဒေါ်ကြီးမောကြီးပြောတာက သူ ..၊ ငါတို့က တကယ်လုပ်ပေးတော့လည်း အဲဒါက အပြစ်ကြီးတစ်ခု ဖြစ်သွားတယ်.."

"အဲဒါ မေမေတို့က ဗြောင်ဖွင့်မေးလိုက်ပါလား ..၊ ကြီးကြီးပဲ.."

"ဟဲ့ .. တိတ်စမ်း အငယ်ကောင် .."

ဒေါ်ခင်သဇင် စိတ်တိုသွားသည့်မျက်နှာနှင့် တားကာ ...

"အဲဒါတွေက နင့်အဘိုးအဘွားတွေ လုပ်ခဲ့ကြတာ .."

"ဘယ်လို!..."

"အစတုန်းက အဲဒီ မိုးလစံအိမ်ကြီးမှာ မိုးနဲ့လ ကလေးနှစ်ယောက်အတွက် အဖော်ရအောင်ဆိုပြီး ငါတို့ကို တစ်ပတ်ခေါ်ထားလိုက် ..၊





တစ်လလောက် လာနေပါဖြစ်လိုက်.. အဲဒီကနေ မေမေတို့ကိုပါ မိသားစုလိုက် ခေါ်ထားတဲ့အထိ ဖြစ်သွားခဲ့တာ .."

"ဒါဆို မေမေတို့က အစက အဲဒီမှာ အတူတူပေါ့ .."

"ဟုတ်တယ် .. မိုးသက် နဲ့ လကလေး က စိတ်ရင်းကောင်းတော့ ရှိပါတယ် ..၊ ဒါပေမယ့် သူတို့ စိတ်ရင်းကောင်းတာတွေက ဘဝမကောင်းဖို့တွေ ဖြစ်လာတာလေ .."

"သဇင် .. မင်းကို ငါ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောခိုင်းနေတာ မဟုတ်ဘူး .."

ဦးနေဗလ က ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကာ ...

"ငါတို့က ဘာမှမဆိုင်ဘဲနဲ့ သူ့သားသမီးတွေ အသေဆိုးနဲ့ သေကုန်တာကို နာကြည်းလို့ မပြီးနိုင်ဘူး ..၊ တောက်!... အဓိပ္ပာယ်ကို မရှိဘူး .."

"ဟုတ်တယ် .. ကိုယ့်ဘာသာ ရှာပါလား ..၊ တွေ့ပါလားဆိုတော့လည်း မဟုတ်ဘူး .. သူများပြောတာတွေကျတော့ ယုံကြည်ပြီး ငါတို့ကျမှ အသေမုန်းနေတာ ဒီမိန်းမကြီး .."

"ဖေဖေ ..လည်း အဘွားတို့က ဘာတွေလုပ်ခဲ့မှန်းမှ မသိတာ.."

"ဟော့ .. မင်းတို့ ဘာမှမသိတာတွေကို ဝင်မပြောနဲ့..၊ တိတ်တိတ်နေကြ .."

"တိတ်တိတ်နေနိုင်မလား ဖေဖေရာ .. အိမ်ရှေ့မှ အိမ်နောက်မချမ်းသာ .."

"ဘယ်မှာပူပူ ချမ်းသာအောင် နေတတ်တာတော့ မိဆု ပဲ .."

ဆုမြတ်နေ က ဆလင်းဘက်ခ်ကြိုးရှည်လေး တယမ်းယမ်းနဲ့ အိမ်ပေါ်ကဆင်းလာတော့ ဒေါ်ခင်သဇင် က ကိုယ့်သမီးကို မျက်မုန်းကျိုးနေသလို ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်ကိုလဲ .."

"ဖိတ်စာတွေ မကုန်သေးဘူးလေ .. သွားပေးလိုက်ဦးမယ် ..၊ မေမေတို့ အဘွား အတင်းတွေ တုတ်နေကြတာလား .."

"အံမာ .."

"သမီး .."

"ရှင် ..."

ဒေါ်ခင်သဇင် က ပြောဖို့ ပြင်လိုက်ပေမယ့် ဦးနေဗလ က ခေါ် လိုက်သဖြင့် လှမ်းကြည့်လိုက်မိ၏။

"အပြင်ကို မိုးချုပ်ခါနီးမှ ထွက်တယ် ..၊ ပြန်လာရင် ကိုးနာရီ.."

"မေမေကလည်း မနေ့က ရှစ်နာရီခွဲပဲ ရှိပါသေးတယ် .."

"မခွဲရဘူး .. ခုနစ်နာရီမကျော်ခင် ရောက်အောင် ပြန် ..၊ ဒါပဲ.."

"မေဖေ့ .."

"မလတ် နော် မိဘက ပြောရင် အထွန့်မတက်နဲ့ .. မလတ် က မနာခံရင် အငယ်ဖြစ်တဲ့ ကျွန်တော်က တော်လှန်ဖို့ အဆင်သင့် .."

"အံမာ .. နေဇင် .."

"အပ်ဖွန်း .. ချစ်တုန်း မုန်းစကား ပြောထားတာပါ .."

ဒီအိမ်မှာလည်း ဤသို့ မငြိမ်းချမ်းမှုလေးတွေ ရှိနေခဲ့ကြ၏။

"မလတ် ထက် စောပြီး ပြန်ခဲ့ပါမယ် .. မေမေ ငယ့်ကိုလည်း မုန့်ဖိုးပေးဦး .."

"သူက မွေးနေ့ရှင်မို့လို့ ခွင့်လွှတ်ထားတာ .. နင်တို့ မပါဘူး.."

"ဟာ .. မလုပ်ပါနဲ့ ..၊ မွေးနေ့မှာ နွဲ့မယ့်လူအတွက်လည်း လိုတာပဲဟာ .."

ဒါလည်း ဟုတ်သည် ..၊

ဒေါ်ခင်သဇင် တွေဝေသွားတော့ အကြီးဆုံး နေရိပ် က ဟားခနဲ ရယ်ကာ ...





"ပေးတော့မလို့လား.. ဒါဆို အလိုအပ်ဆုံးက နေရိပ် နော် မေမေ..၊ အများဆုံး ပေးရမယ် .."

"ပေးမယ် .. မနက်ကျမှ .."

"ဟာ နပ်မပေးပါ မေမေရာ .. အပြင်မှာ မိုးမှမချုပ်သေးတာ ..၊ မိုးချုပ်တာနဲ့ ရောက်အောင် ပြန်ခဲ့ပါ့မယ် .."

"ဟုတ်တယ် .. ငယ်လည်း ကတိပေးတယ် ..၊ ပရော့မစ် .."

သားတွေ ဆွဲလွဲပွေ့ဖက်ပြီး ပိုက်ဆံတောင်းနေကြတာကို ကြည့်ကာ ဦးနေဗလ မျက်နှာကြီး ကြာလေ ရှုံ့မဲ့သွားလေ ..၊

"သားသမီးတွေကို အလိုလိုက် အကြိုက်ဆောင် ..၊ မိုးလစ်အိမ်ကြီး ရှိရင် ငွေရှိတယ် ဆိုပြီးတော့ .."

ဒေါ်ဧကမာန်ဆောင်း ၏မျက်နှာကြီးနဲ့ စကားသံကို သတိရပြီး အံကြိတ်မိတာလည်းရှိကာ ...

"ငါ့ရှာတဲ့စီးပွား ငါ့သားသမီးတွေ ဖြုန်းတာတောင်မှ.. တောက်.."

ဒေါ်သတွေ ကွယ်ရာရောက်တိုင်း တာတမံကျိုးသလို ဖြစ်ခဲ့ရသည်မှ..

"သင်းနဲ့မှ မကင်းနိုင်တာကလည်း ဒီသားအမိတွေ အသုံးအဖြုန်း ကြီးလွန်းလို့ပဲ .."

နောက်ဆက်တွဲ ရေရွတ်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် အပြစ်တင် ခြင်းသာဖြစ်ကာ ...

"သူတို့ကတော့ 'ကြွေးတင် ဘုရင်ဆပ်ပဲ' .. ငါ့မှာတော့ အိမ်မှာ ဘုရင် ..၊ ဟိုမှာဆို ပေါက်လွှတ်ပဲစား .."

ဒေါ်ခင်သဇင် က ပြုံးတုံးပြတဲ ရောက်လာပြီး မေး၏။ 'မင့်လင် ငါပဲ' လို့ ပြောချလိုက်ရင်တော့ အတောင့်ရှည် အဓွေများဦးမည်။

ကိုယ့်မိန်းမကို ပြန်ကြည့်ရင်း မုန်းသူကိုမှ သတိတ ရ၏။

"မျက်လုံးသူငယ်အိမ်က သေးသေး .. အဲဒီသေးသေးလေးက မငြိမ်မသက် ..၊ မင်း သိလား ဗလ .. အဲဒါ ကျိုးကန်းမျက်လုံး ..၊ ငှက်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမျိုး … ဘယ်အချိန်ဖြစ်ဖြစ် ကျီးလန့်စာ စားနဲ့လေ … လူဖြစ်လာပေမယ့် သူ့မှာ ပါလာတဲ့အကျင့်တွေ မျက်လုံးမှာ အရောင်တောက်နေတာ”တဲ့ …။

ပြီးတော့ ထပ်ပြောသေးသည်။

“ဒီလောက် ပြည့်ပြည့်စုံစုံနေရတဲ့ဘဝမှာတောင် လက်ချောင်းတွေမှာ ပြည့်ပြည့်တင်းတင်း မရှိဘူး … လက်သည်းရှည်ထားတော့ ထွက်လာတဲ့ လက်သည်းတွေက ကုပ်ကုပ်လုံးလုံးတွေ …၊ မိန်းမတစ်ယောက်ရဲ့ လက်ချောင်းတွေနဲ့ ဘယ်နေရာမှာ တူတာ ရှိသလဲ …”

ပြောလိုက်ပြီဆို တစ်ဆုံး …၊

“အဲ့ဒါ မျောက်လက်ချောင်းတွေပဲ…၊ ကျီးကန်းမျက်လုံးနဲ့ မျောက်လက်ချောင်းတွေရဲ့ပိုင်ရှင် နှင့်မိန်းမလေ … ငါ့သမီးလေးကို မကောင်းရာမကောင်းကြောင်း ဒုက္ခရောက်အောင် အိမ်ကဒရိုင်ဘာနဲ့ လက်ကြိတ်ထိုးတွန်းချလိုက်တာ …”

“ငါ အားလုံး သိတယ် ဗလ … ငါ နင်တို့ကို အစ်ကိုရာဇ မျက်နှာ နေ့ထိ ဒီအိမ်ပေါ်မှာ တင်ထားခဲ့တာ …၊ အေး … ငါ အိမ်မှာ မထားနိုင်တော့တဲ့အထိ ဖြစ်လာရင်လည်း နင်တို့ကို ဒီတိုင်း ကန်မချပါဘူး …၊ ကိုရာဇ မျက်နှာနဲ့ နင်တို့ ရကြဦးမှာပါ …”

ဦးရာဇ ဆိုတာက ဒေါ်ဟောမာန်ဆောင်း နဲ့ဆို မောင်နှမတစ်ဝမ်းကွဲအစ်ကို ဖြစ်သည်။ ငယ်ငယ်တုန်းက ဒေါ်ဟောမာန်ဆောင်း ရေနစ်ခဲ့ဖူးသည်။

သောပိုင်းကို အလည်သွားတုန်း အင်းလယ်အိုင်ကြီးထဲမှာ လှေစီးရင်း ခေါက်ကြတာ ဖြစ်၏။ လူကြီးတွေက ဘုန်းကြီးကျောင်းပေါ်မှာ တရားနာနေကြတာမို့ ရုတ်တရက် ဘယ်သူမှမသိဘဲ ဒေါ်ဟောမာန်ဆောင်းကို ရှာမတွေ့တော့ဘူးဆိုမှ လူကြီးတွေ ရေထဲ ဆင်းငုပ်ကြသည်။

ဒါပေမယ့် မတွေ့ကြဘဲ ဦးရာဇ လက်ထဲမှာ ဒေါ်ဟောမာန်ဆောင်း





ပါလာခဲ့၏။ အားလုံးက အသက်မပါနိုင်တော့ဘူး ထင်ကြပေမယ့် ဒေါ်ဟောမာန်ဆောင်း ကို ပခုံးပေါ်ထမ်းပြီး ဦးရာဇ ခုန်ပေါက်ပြေးသည်။

ရှယ်တူချင်းမို့ မနိုင်ပေမယ့် စိုးရိမ်သည့်ဇောနှင့် သူ ထမ်းပြေးနေတာက ကလေးပေါက်စလေးနဲ့ ဆော့နေသလိုပဲလို့ လူတွေ ပြန်ပြောကြသည်တဲ့ …။

ပခုံးပေါ်မှာ မှောက်လျက်ကနေ ပါးစပ်ထဲက ရေတွေ ထွက်ကျကုန်ကာမှ မြေပြင်ပေါ် ပြန်ချပြီး နလုံးခုန်အောင် ဝိုင်းပြုစုကြတာနှင့် ဒေါ်ဟောမာန်ဆောင်း အသက်ရှင်ခဲ့သည်။

ထို့ကြောင့် သူမရဲ့အသက်သခင် ကျေးဇူးရှင်အဖြစ် ကစားဖော်လည်းဖြစ်အောင် ဦးရာဇ ကို အိမ်မှာ ခေါ်ထားခဲ့သည်။ အိမ်ထောင်ပြုသွားပြီဆိုမှသာ တစ်အိုးတစ်အိမ်ထောင် ခွဲထွက်သွားခဲ့တာ ဖြစ်၏။

ဆွေမျိုးတွေထဲမှာ မိုးလစံအိမ်သည်သာ အချမ်းသာဆုံးဖြစ်ကာအားလုံးထဲမှာ ဩဇာညောင်းသည်။ အမြဲတမ်း တစ်ဦးတည်းသော သားသမီးတွေပဲ ဆင်းသက်သည့်အတိုင်း ဒေါ်ဟောမာန်ဆောင်း လက်ထက်မှာ ပို၍ အထီးကျန်ဆန်ခဲ့၏။

အဘယ်ကြောင့်ဆိုသော် အဖေဖြစ်သူက ရုတ်တရက် သေဆုံးခဲ့ရပြီး မိခင်ကလည်း ထိုစိတ်ဖြင့် အိပ်ရာထဲလဲကာ သူမကို မသေစေချင်လျှင် တရားရိပ်မှာ နိုလှုံခွင့်ပေးပါဟု တောင်းဆိုခဲ့၏။

ထို့နောက် ဒေါ်ဟောမာန်ဆောင်း ကို မိဘတို့ဝတ္တရားအတိုင်း အိမ်ထောင်ချပေးခဲ့ပြီး တရားရိပ်ခိုသွားခဲ့တာ သေဆုံးသွားချိန်အထိ တစ်ချက်မှ ပြန်မကြည့်တော့ပေ …။

တစ်ကိုယ်တည်း မိဘမဲ့ ဆက်လက်ရပ်တည်ရသောဘဝမှာ ခင်ပွန်းသည်ကလည်း အလုပ်နဲ့ ဘဝမှလွဲလျှင် အိမ်ထောင်ရေးအပေါ်မှာ နွေးထွေးမှုနည်းတဲ့သူ ဖြစ်၏။

ဒေါ်ဟောမာန်ဆောင်း ၏စိတ်အစဉ်သည် နူးညံ့သာယာချိန် နည်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလောက် အရွယ်လေးနဲ့မတန် ပြည့်လျှံများပြားသော စည်းစိမ်ဥစ္စာတွေကြောင့် ထိန်းချုပ်နိုင်စွမ်းသူအဖြစ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထားခဲ့ရင်း လွန်ကဲလာတဲ့အခါမှာ အတ္တအဆိပ် ဖြစ်လာခဲ့သည်။

ထိုပြင် အစဉ်အလာကို ကျော်လွန်လိုသူကျမှ သမီးနဲ့ သား နှစ်ယောက် ရရှိခဲ့သဖြင့် ကျေနပ်နေရခြင်းတို့သည် ...

"ကိုနေ ..."

"ဟင် .."

"ရှင် ဘာဖြစ်သွားတာလဲ ...၊ ရှင့်အဖေ ဘယ်လောက်တောင်နင်ပဲဆေ ပြောလိုက်လို့လဲဟင် .."

ဦးနေဗလ ကိုယ့်စိတ်ကို ပြန်ထိန်း၍ ခေါင်းခါလိုက်မိသည်။

"ငါ ကြီးကြီး ဒေါ်ဟေမာန်ဆောင်း ကိုပဲ ဘယ်လိုမှ နားမလည်နိုင်လို့ပါ ...၊ သူ ဘာဖြစ်လို့များ ဒီလောက်ကြမ်းတမ်းပြီး ထင်သလိုပြောဆို မောက်မာနေတာလဲ .."

"ထင်သလိုပြောဆိုနေတာက ပြောနိုင်တာကိုး ...၊ ရှင့်အဖေ ဟိုတုန်းက ပါမစ်မရှိသေးတဲ့အချိန်မှာတောင် ကိုယ်ပိုင်လေယာဉ် ဝယ်စီးမလို့ လုပ်သေးတယ်လေ ...၊ ခရီးသွားရင် ကားနဲ့လည်း မသွားနိုင် ...၊ လေယာဉ်စီးတာတောင် ခုံကျပ်လို့ လူကပ်လို့နဲ့ ကြီးကျယ်လိုက်တာမှ .."

ဒေါ်ခင်သဇင် ပါးစပ်ကနေ ရှင့်အဖေလို့သာ ခေါင်းစဉ်တပ် ပြောနေတာပါ ...၊ တကယ်တော့ သူမကလည်း ဦးရာဇ ရဲ့ ချွေးစားသမီးပဲမို့ သူမ ငယ်ငယ်လေးတည်းက ဦးနေဗလ တို့နဲ့ ရင်းနှီးသလိုမျိုး ဒေါ်ဟေမာန်ဆောင်း ကို ကြီးတော်လို့ပဲ ပြောဆို ဆက်ဆံလာခဲ့တာ ဖြစ်သည်။

"ဒေါ်ဟေမာန်ဆောင်း ဆိုတဲ့ မင်းကြီးကတော်လောက် လုပ်ပိုင်ခွင့် ပြောပိုင်ခွင့်တွေ ဘယ်သူမှ ရမှာ မဟုတ်ဘူး ...၊ ချမ်းလည်း ချမ်းသာပါ့ .. မိုက်လည်း မိုက်ရိုင်းပါ့ .."





"ကဲ .. တော်စမ်းပါကွာ .."

"အံမယ် .. ရှင် ဒေါသထွက်နေလို့လည်း ဖြေသာအောင် အော်ပေးရသေးတယ် .."

"သြော် .. ဒါ ဖြေသာမယ့်နည်းလမ်းလား .."

"ဟုတ်တယ်လေ .. ကိုယ်က ဒေါသလျှက်နေပါတယ်ဆိုမှ ဒီလူကောင်းပါတယ်လို့ လာပြောနေရင် ရှင် ပိုဆိုးမှာပေါ့ .."

"အခု မင်း လုပ်တာကမှ ငါ လူသတ်ချင်စိတ် ပိုပေါက်လာပြီ...တောက် .. အဲဒါကြောင့် မင်းတို ကြီးကြီး ပြောတာ .."

"ဟင် ဟုတ်လား .. ခင့် ကို ပြောပြန်ပြီလား ...၊ ဘာတဲ့လဲ .."

"ပြောခဲ့တာတွေကို ပြောတာ .."

"ဟင်!..."

ကျိုးကန်းမျက်လုံးနဲ့ မျောက်လက်တွေ ဆိုတာလား ...၊

ဒါတွေကို လွန်ခဲ့သော နှစ်များစွာတည်းက ကြားခဲ့ရတာမို့ ဒေါ်ခင်သဇင် ငိုင်ခနဲ ဖြစ်သွားသည်။ ပြီးတော့ ဒေါသမျက်နှာနှင့် ဆတ်ခနဲ ခေါင်းထောင်၏။

"ရှင် ခုန ကိုယ့်မိန်းမကို ကြည့်လိုက် .. မျက်တောင်ခတ်လိုက်လုပ်နေတာ ခင့် ကို ကြည့်ပြီး စိတ်ပျက်နေတာပေါ့လေ ...၊ ဒါနဲ့ ရှင်ပဲပြောတော့ ခါးသေးရင်ချီ ပဒုမ္မနီ ဆို .."

"ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ကလည်း လှလွန်းအားကြီးလို့ လွန်နေပါတယ်ကွယ် .. ချီးမွမ်းပါတယ် ...၊ ပါးစပ်စည်း လက်စည်းမရှိတဲ့ ပုရိသတွေရှေ့ကိုသာ ဖြတ်လျှောက်လိုက်ရင် ဘာသံတွေ ထွက်လာမလဲ မတွေးရဲဘူး ...၊ မိန်းမကောင်း မိန်းမမြတ်ဆိုတာ ကိုယ့်ကိုယ်မှာရှိတဲ့ အလှတရားတွေကို အရှက်အကြောက်ကြီးစွာ ဖုံးကွယ်တတ်ကြတယ်၊ မင့်မိန်းမကတော့ လှပါတယ်ဆိုမှ ထပ်ကျပ်ထပ်စည်းနဲ့ ဘယ်လောက် မျက်စိရှက်ဖို့ ကောင်းသလဲ" တဲ့ ...။

www.burmeseclassic.com



ကြီးကြီးတို့ ပြောဖို့ အကြောင်းတစ်ခုတလေ တိုက်ဆိုင်လာပြီဆို ဆေ့ဆေ့ကြည့်ပြီး တစ်ခွန်းချင်း ပီပီသသ ပြောသည်။ အားမနာ မစာနာ...၊

ထိုစဉ်တုန်းက ခင် ကလည်း မရဲတရဲတော့ ပြန်ပြောပါသေးသည်။

"ကြီးကြီးကလည်း ဟိုတုန်းက မိန်းမတွေလည်း မှန်ဖာ ဆိုတဲ့ အပါးသားလေးတွေ ဝတ်ကြတာပဲ ...၊ အထဲက အတွင်းခံအကျီကို ဒီတိုင်း မြင်နေရတာပဲဟာ .."

"အေး .. အဲဒီအပါးသားအကျီကို လည်ပင်းထိ လည်ထောင် ကစ် ချုပ်ထားတာလေ ...၊ အခု ညည်းရဲ့ပန်းကနေ ရင်ဘတ်ထိ အကျီသား ပါသလား"

လို့ ကောက်ခနဲ မေးလိုက်တော့ လက်ပေါ်မှာတင်ထားသည့် ပဝါ ပါးလေးကို ဖျတ်ခနဲ ဖြန့်ခြုံပြလိုက်ကာ ...

"ဒါက ဒီလိုလေ ကြီးကြီး .. ဒီဝတ်စုံက ပွဲတက်ဝတ်စုံလေ ...၊ ဒီ ပဝါလေးနဲ့မှ ဖက်ရှင်ဖြစ်သွားတာ .."

"အေး .. ပွဲတက်ဝတ်စုံဆိုလည်း ပွဲတက်ပြီးမှ ဒီကိုလာ ...၊ နောက် ဘာအကြောင်းပဲရှိရှိ ဒီပုံစံနဲ့ ငါ့ရှေ့ မလာနဲ့ .."

ကိုယ်လုံးလှလို့ ဂုဏ်ယူဝင့်ကြွားစွာ ရှိနေခဲ့သည့် ခင်သဇင် နဲ့ ကိုယ့်ဇနီးချောလေး လှလိုက်တာလို့ ကျေနပ်မဆုံးဖြစ်နေခဲ့တဲ့ သူတို့ လင်မယားရဲ့အပျော်တွေ ထိုညတည်းက အတန်ကြာအောင် ရပ်တန့် ပျောက်ကွယ်နေခဲ့၏။

ခုကျမှ ဒီမိန်းမ မကြာမကြာ ပြောတတ်လာတာ ဒီကိုယ်လုံး လှနေ သေးကြောင်း ...၊

"ကိုနေ .. ဒီမှာ ရှင် ဘာတွေးနေပြန်ပြီလဲ .."

"မင်းရဲ့ကိုယ်လုံး .."

"ရှင့်ကြီးကြီး ကွဲရဲ့တဲ့ စကားတွေကိုလား .."





"မင်းလည်း အသက်အရွယ် ရလာပြီ ...၊ ဟိုတုန်းက တို့တွေ ငယ်ရွယ်သူမို့ သူပြောသမျှ အမြင်မတော်လို့ပဲဆိုပြီး ခေါင်းငုံ့ခံခဲ့တာ... အဲ့ဒါ ပြဿနာမရှိခဲ့ဘူး .."

"ဟုတ်တယ် .. ခု ရှိတယ် ...၊ ဒီအသက်အရွယ်တွေကျမှ နေရာ တကာ ကြည့်ပြောနေတာကို မခံနိုင်ဘူး .."

"အပြောမခံနိုင်ရင် မင်းလည်း ဝတ်တာစားတာတွေ ပြင်ပါကွာ... သမီးမှန်း အမေမှန်း ခွဲလို့ရအောင်တော့ နေစမ်းပါ.."

"ညီအစ်မတွေလိုပဲလို့ အပြောခံရတာ ခင် က နုပျိုနေလို့လေ ... အဲ့ဒါကို ရှင် ဂုဏ်ယူရမှာပါ ...၊ ဘာဖြစ်လို့ .."

"နုလိုက်တာလို့မြင်ရင် အကြောင်းမဟုတ်ဘူး .. နုအောင် ငယ် အောင် သမီးနဲ့ပြိုင်ပြီး လိုက်ပြင်နေတယ် ထင်မှာစိုးလို့ .."

"ရှင့်ကြီးကြီးပဲ ထင်တာ .. ပြောမှာက သူပဲ .."

"မင်းနော် .. ရှင့်ကြီးကြီးတွေ ထည်လဲ သုံးမနေနဲ့ ...၊ မင်းနဲ့ ငါ မောင်နှမဘဝကနေ လင်မယားဖြစ်ခဲ့ကြတာ ...၊ မိုးသက် တို့မောင်နှမနဲ့ ငါတို့မောင်နှမကို အတူတူ ကြီးပြင်းစေခဲ့တာလည်း မောင်နှမချင်းတွေ ပဲ .. ငါ့ကြီးကြီးဖြစ်သလို မင်းနဲ့လည်း ကြီးတော်ပဲ .."

"အမလေး .. သိပ်ကိုကြီးချင်လွန်းလို့ ကြီးကြီး ခေါ်နိုင်းတိုင်း ခေါ်ခဲ့ရတာ .. တကယ်ဆို ဖေဖေ ဦးရာဇ က အကြီး .. သူက အငယ်... ကြီးကြီး မဟုတ်ဘူး .. အငယ်ဆိုရင် အဒေါ်ပဲ .."

"ဖေဖေ ပြောတယ် .. ဖေဖေက သုံးလပဲ ပိုကြီးတာတဲ့ .."

"ဘယ်လောက်ကြီးကြီး သူက အငယ်က အငယ်ပဲ .."

"ဖေဖေလည်း ပြောခဲ့ဖူးတယ် .. ကြီးကြီးက တစ်ယောက်တည်း စောစီးစွာ အထီးကျန်ခဲ့ပြီး စီးပွားရေးထဲက လုပ်ဖော်ကိုင်ဖက်တွေက လိမ်မယ် .. ညာမယ် ...၊ ချုမယ် .. ကျူမယ် ဖြစ်နေကြလို့ သူတွေကို အယုံအကြည်မဲ့တဲ့စိတ်တွေ ဖြစ်လာတာ .."

www.burmeseclassic.com



"ဟွန်း .."

"သူ့စိတ်တွေ အဲ့ဒါကြောင့် ခက်ထန်နေတာတဲ့.. ပြီးတော့ လကလေးကို မင်း အောင်သွယ်ကောင်း လုပ်လိုက်တာလည်း .."

"ကိုနေ .."

"ဘာတုန်း .."

"အဲ့ဒါတွေ ရှင်လည်း သိတယ်နော် .."

"သိတယ်လေ ..၊ အခု ငါက ဘာပြောနေလို့တုန်း .."

"ရှင်က ရှင့်ကြီးကြီးကို နားလည်ပေးဖို့ ကြိုးစားနေပြီပေါ့ .. အဲဒါကြောင့် သူ ခင့် ကို ချိုးချိုးဖဲ့ဖဲ့ ပြောခဲ့သမျှ 'ဟုတ်လည်း ဟုတ်တာပဲ' ဆိုပြီး .."

"တော်ပါကွာ .. ကိုယ့်မိန်းမကို ထင်စရာလား .."

ခက်တော့ ခက်နေပါပြီ ..၊ ဘယ်အရပ်ကို မျက်နှာမူနေလို့မှ စိတ်သက်သာဖွယ်မရှိသည့်အဖြစ်မှာ မိန်းမကို ပခုံးဖက် ချော့ရတာတောင် ပြောဖို့စကားလုံးက ရှားနေသည်။

ကြီးကြီးကို တွေ့လိုက်ရတိုင်း မကျေနပ် မုန်းတီးမှုတွေသာ ဖြစ်နေခဲ့ရပေမယ့် သူပြောသမျှ စကားတွေကလည်း နားထဲရောက်နေတာပဲ ဖြစ်ကာ ...

အားလုံးထဲမှာ ဘယ်သူတွေမှန်ပြီး ဘယ်သူက မှားနေမှန်း မသိ..၊

မဆင်မခြင် ပြောဆိုရမ်းကားနေတတ်သူကို အရူးလို့ခေါ်လျှင် ...

အရူးစကား .. ကလေးစကား မှန်တတ်တယ်ဆိုတာ ဘာလဲ ..၊





## အခန်း (၄)

"ကိုယ့်ကိုယ်ကိုယ် ငါ မလုပ်နိုင်ဘူးလို့ မတွေးပါနဲ့ မင်းသားရယ် .. လူသာငယ်တယ် ပညာထည်ဆိုတာ ငါပဲလို့ ယုံကြည်ထားပြီး လုပ်ကြည့်ပါ .."

ဆောင်းမျက်နှာ ဆိုတဲ့အတိုင်း ဖွေးနု ကြည်စင်နေတတ်သည့် မျက်နှာက ရှုပ်ထွေးမှုများနှင့် ရှိနေကာ ...

"ကျွန်တော် ဒီစည်းစိမ် ဒီလုပ်ငန်းတွေကြားမှာ နစ်မွန်းပြီး ကြာရင် ဘွားဘွားလို ဖြစ်လာမှာပဲ .."

သူတို့တိုင်နေကြသည့် ယုကလစ်ပင်မြင့်ကြီးနဲ့ အနီးတစ်ဝိုက်မှာတော့ တိတ်ဆိတ်အေးချမ်းလို့ပါ ..၊ ဒါပေမယ့် ဒီခြံဝန်းကျယ်ကြီးရဲ့ရှေ့ပိုင်းတစ်ကွင်းလုံးမှာ အဆောင်ဆောင် အခန်းအခန်းနှင့် အလုပ်သမားတွေ များပြားစွာ ပါဝင်လည်ပတ်နေသော အိမ်ဆောက်ပစ္စည်းထုတ်ကုန် စက်ရုံကြီးက အဝေးကကြည့်ရင် ထောင်ကြီးနှင့်တူကာ အထဲကိုဝင်လိုက်ရင်တော့ ဆီငွေ့ ဓာတ်ငွေ့တို့ဖြင့် ဆူညံပူလောင်နေသော ငရဲခန်းကြီးကဲ့သို့ ...

www.burmeseclassic.com



သူ ဒီထဲကို တစ်နေ့တစ်ခေါက်တော့ ဖြတ်သန်းနေရသည်။ ဒါကို လည်း သူ မနှစ်မြို့ခဲ့ပေမယ့် ...

"တစ်ခါမှ လာမကြည့်ရင်လည်း ဖြစ်တယ် မင်းသား .. သူဌေး ကြီး လက်ထက်တည်းက လူယုံကြီးတွေက ခေါင်းတုန် ပါးရှဲ့တဲ့အထိ သူဌေးကတော်ကြီးရဲ့အမှုတော်ကို သစ္စာရှိရှိ ထမ်းကြမှာပါ .. ဒါပေမယ့် တစ်ဦးတစ်ယောက်က ထာဝရသစ္စာရှင်ဆိုတာ ဖြစ်နိုင်ရင်တောင် တစ် ယောက်မကရှိလာရင် သစ္စာဆိုတာ မေတ္တာရှိမှ ဖြစ်တာဆိုတာမျိုးတွေ ဖြစ်တတ်တယ် .."

ခုချိန်ထိ သူ့သေားမှာ သစ္စာကြီးမားစွာ ခန့်ခန့်ညားညား ရပ်တည် နေခဲ့သည့် ဦးဒေဝ က ဟိုအရင်တည်းက ဆုံးမခဲ့တဲ့ စကား ...၊

"လက်ဆင့်ကမ်း ထမ်းရွက်ကြတဲ့ အမှုတော်ဆိုတာ အဲဒါ တစ်ဦး တစ်ယောက်တည်းရဲ့သစ္စာတရားနဲ့ တုပ်နှောင်ထားဖို့ မဖြစ်နိုင်တော့တဲ့ သဘာဝတရားပဲ ..၊ သူဌေးကြီးကို ချစ်ခင်လေးစားခဲ့တဲ့ မေတ္တာစေတနာ တွေနဲ့ လူယုံတော်တွေက ရှုပ်ရှုပ်ချွံချွံ ထမ်းရွက်ခဲ့ပေမယ့် သူ့သား သူ့ မြေးကျတော့ သူ့အဘိုး သူ့အဖေရဲ့ အမှာစကားကြောင့် ထမ်းရွက်တာ ဖြစ်သွားပြီ ...၊ ချစ်တာ မေတ္တာတွေက သစ္စာရှိမှ နိုင်မြဲသလို သစ္စာတရား အခြေခံလာတာကလည်း ချစ်ခင်လေးစားကြတဲ့ မေတ္တာတရားကပဲ.."

"ဦးဒေ ကျတော့ရော ဘဘစိုး ရဲ့ လွှဲအပ်ခံခဲ့ရတဲ့သားပဲမို့လား.."

"ဟုတ်တယ် .. ကျုပ်လည်း ခုချိန်ထိတော့ သစ္စာရှိနေသေးတယ်...၊ နောင်ဆိုတာ မပြောနိုင်ဘူး" တဲ့ ...။

သူ ပြောနိုင် မပြောနိုင် ဦးဒေဝ ကိုတော့ ဘွားဘွားက အနက်ကယ်လ် နေ တို့ထက် ယုံကြည်သည်။

သူလည်း ဒီတိုင်းပဲ ဦးဒေဝ ကို ယုံကြည်သည့်ပြင် ခင်လည်း ခင်ခဲ့ ပါ၏။ သို့သော် ...

"သက်ပြင်းတွေ ချနေတာလား .."





ဦးဒေဝ က သူ့မျက်နှာမှာ နေပြောက်ထိုးနေတာကို လုံအောင် ရောင်စုံထီးကို နေရာ နည်းနည်းရွှေ့၍ ပြန်လှည့်လာရင်း ...

"ကျုပ် ပြောနေတာတွေကို ဒါလုပ်ဖို့ချည်းပဲ တိုက်တွန်းနေတယ် ဆိုပြီးတော့ ကျုပ်အကြောင်း တွေးပြီး မှန်းကျုပ်နေတာလား .."

ဖျတ်ခနဲ ငဲ့ကြည့်လိုက်ရင်း ဆောင်း က ပြုံးသည်။ ပြီးတော့ ရှေ့ကို ပြန်လှည့်ကာ ...

"ဦးဒေ လည်း ဘွားဘွားနဲ့ တော်တော်တူတာပဲ ..၊ မျက်နှာကြည့် ပြီး ပြောလိုက်တာ တန်းခနဲပဲ .."

"အပွန်း .. ပွန်း .."

ဦးဒေဝ က ခုံမှာ ပြန်ထိုင်ပြီး ရယ်သည်။

"ဖိမ်ခံပစ္စည်းတွေအပြည့်နဲ့ နားနေခန်းကိုပစ်ပြီး အရွက်ကျဲကျဲနဲ့ ဒီအပင်အောက်မှာ နေပြောက်ထိုးခံပြီး လာထိုင်နေတည်းက မင်းသား ရင်ထဲကို ကျုပ် မသိဘဲ နေမလား .."

"ကျွန်တော့်ကို မင်းသားလို့ ခေါ်နေတာကြောင့်လည်း ပါတယ်.."

"ဟော!..."

"ကိုယ့်ကိုယ်ကိုယ် တစ်ပင်တိုင်မြနန်းထဲမှာ လှောင်ချိုင့်စံနေရတဲ့ ဟိုးရှေးခေတ်ကလာတဲ့ ဗင်းညီမင်းသားတွေလို ခံစားရတယ် .."

"အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ဒီလောက် ဘုန်းကံကြီးမားနေတာ ကို ကျေနပ်ဂုဏ်ယူရမှာ မဟုတ်ဘူးလား .."

ပြုံးနေသည့် ဦးဒေဝ မျက်နှာက တမင်မေးတာမှန်း သိသာနေ ၏။

ပြီးတော့ မပြုံးနိုင် မရယ်နိုင်နှင့် နှုတ်ခမ်းတစ်ချက်တွန့်ပြီး ဆောင်း မျက်နှာလွှဲသွားတော့ အသံထွက်အောင် ရယ်သည်။

"လူလေးရာ .. ပြောလိုက်ရင်လည်း အဲဒီမှာ ပစ်လဲသေချင်သွားဦး မယ် ..၊ မင်းကို ဆောင်းမျက်နှာ လို့ နာမည်ပေးခဲ့တာကိုက ဗင်းမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ရာ ဖြူတာ နတာ အပြစ်ကင်းတာ ပြုံးရယ်မနေရဘဲ ပြုံးပြနေသလို ကြည်စင်နေတာ .. အဲဒီလို ကောင်းခြင်းအဖြာဖြာနဲ့ ..”

“တော်တော့ .. တော်တော့ .. ရပြီ ..”

ချောတယ်ဆိုတာထက် နသည် ပြောတာကို သူ မကြိုက်ဆုံး ...။ အထူးသဖြင့် ‘မင်းက မင်းသားလို နူးညံ့ပြီး ဖြူဖြူစင်စင်နဲ့ ချောတာ..’ လို့ ပြောလိုက်ပြီဆို ဆောင်း တို့ ထိုနေရာမှ ထထွက်သွားကာ ပြန်ပေါ်မလာတတ်တော့ပေ ..။

ဦးဒေဝ က ရယ်ခြင်းကို လက်စသတ်၍ တည်တည်ကြည်ကြည် မြင်ကာ ...

“အဲဒီလို နုနုရွရွ ချောပါတယ်ဆိုပေမယ့် မင်းကို မိန်းကလေးတွေ လှသလို လှတာပါလို့ ဘယ်သူ ပြောဖူးလို့လဲ ..”

“ပြောဖူးတယ် ..”

“ဘယ်သူလဲ ..”

“ပြောဖူးပါတယ် ဆို ..”

မှုန်ကုတ်သွားသည့်မျက်နှာကို အကဲခတ်၍ ဦးဒေဝ က မရမက မေး၏။

“ဘာလဲ .. ကျောင်းတက်တုန်းက မိန်းကလေးတွေ ပြောတာ လား..”

“ဟုတ်တယ် .. မိန်းမလျာကျနေတာပဲ တဲ့ ..”

“သူတို့က ချောတာကိုပဲ ခံစားနေလို့ပါကွာ ..”

“ဘယ်လိုပြင်ဆင်လာသလဲ .. ပြန်သင်ပေးစမ်းပါ ဆိုတာတွေ ရော ..”

“ဟာကွာ .. ဒါကတော့ မင်းကို တမ်းညွှတ်နေတဲ့စိတ်နဲ့ မင်းဘက် က တစ်စုံတစ်ရာ တုံ့ပြန်လာအောင် ပြောတာပါ ..၊ မင်းကို ကျုပ်တို့က မင်းသားလို့ခေါ်တာ မင်းမှာ မဟာဆန်တဲ့ နူးညံ့မှုတွေရှိလို့.. ပြီးတော့...”





“ဆောရီးပါ ဦးဒေ ရာ.. စကားဖြတ်တာတော့ မဟုတ်ဘူး..၊ အဲဒါ တွေ မပြောပါနဲ့တော့ ..”

“ဟုတ်ပြီ .. ဒါပေမယ့် ဒါနဲ့ဝတ်သက်တာကို ပြောဖို့ ရှိတယ်.. မင်းရဲ့ ဒီမျက်နှာ ချောနေတာရယ် .. မင်းအတွက် ပုံထပ်ပြည့်လျှံနေတဲ့ စည်းစိမ်ဥစ္စာတွေ ရှိနေတာရယ် .. မင်း ဒါတွေကို မလိုချင်လို့ ရလို့ လား ..၊ ဒီလိုပဲကွ .. လိုချင်နေတဲ့လူတိုင်းလည်း မရနိုင်ဘူး .. ဒါကိုပဲ ဘာဖြစ်လို့ ခံစားနေတာလဲ ..”

“မခံစားပါဘူး .. စပ်လိုက်မိလို့ ပြောကြည့်တာ ..၊ ဒါကို ကြားနေ ကျလူတွေက ပြဿနာမဟုတ်ပေမယ့် ကြားနေမကျတဲ့လူတွေကျတော့ လူကို နှစ်ခါပြန်ကြည့်တာ .. ကျွန်တော့်အတွက်က ဘယ်နေရာမှာမှ ချောင်ချောင်ချိချိ သက်သောင့်သက်သာ မရှိဘူး ..”

“ဟား .. ဟား .. ဟား ...”

ဒီလို ရယ်ခဲသည့်လူက ဟက်ဟက်ပက်ပက် ရယ်လိုက်တော့ ဆောင်း က ပြုံးသည်။

“ကျွန်တော် မရယ်ရပေမယ့် ကျွန်တော့် သူများရယ်ရတယ်ဆို ရင်လည်း မဆိုးပါဘူး ..”

“ကဲ .. လာပါကွာ .. ကိုယ့်ကိုယ်ကိုယ် ခုမှ ကျောင်းပြီးထားတဲ့ အင်ဂျင်နီယာပေါက်စလေးလို့ မမှတ်နဲ့ ..၊ မိဘကို တစ်ဖက်တစ်လမ်း က တာဝန်ယူ စောင့်ရှောက်နိုင်တဲ့သူ.. ကူညီပံ့ပိုးပေးနိုင်တဲ့ သားကောင်း ရတနာ .. အဲဒီလိုပဲ မှတ် ..”

“ဦးဒေ ..”

“ဟင် ..”

“အကြီးစား ရောင်းဝယ်ရေးဆိုက်ဒ်အတွက် ကုန်ပစ္စည်းတွေ သပ် သပ်ထုတ်နေတာ စုံပြီလား ..”

“ဘယ်စုံမလဲ .. အခုက အမှာတွေ အရမ်းများနေတော့ မြို့ဆေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် အလျှင်မီထုတ်နိုင်ဖို့ပဲ ဦးစားပေးထားရတာ ...၊ ကိုယ့်ဆိုင်အတွက်က ဒုတိယပေါ့ ...၊ နေပါဦး .. ဒါကျတော့ လုပ်ငန်းတွေ ထပ်တိုးပွားပြန်ပြီဆိုပြီး မင်း စိတ်မညစ်ပါလား .."

"မညစ်ပါဘူး .. အဲဒီလို ဆိုက်ဒ်တစ်ဆိုက်ဒ်ခွဲလိုက်ဖို့ ဘွားဘွားကို ကျွန်တော်ပဲ အကြံပေးခဲ့တာ .."

"ယော .. ဒါကို ကျုပ် မသိလိုက်ပါလား .."

"ပြောပြမိရုံပါ .. ဘွားဘွားက ချက်ချင်း ထလုပ်တာ ...၊ ပြီးတော့ ဒီလုပ်ငန်းတွေရော လည်ပတ်ရေးရော ကျွန်တော့်ပေါ် လုံးလုံးကို ပုံချလိုက်တာပဲ .."

"ဟ .. ဒါကတော့ ဒီလိုအကြံဉာဏ်မျိုး မင်း ဘာဖြစ်လို့ပေးမှန်း မသိပေမယ့် မင်းကို အလုပ်အကိုင်နဲ့ ဦးစီးဦးဆောင်ပြုစေချင်နေတဲ့ သူဌေးဘက်က ကြည့်ရင် မင်းဘက်က စိတ်ဝင်စားမှုရှိလာပြီလို့ တွေးမှာပေါ့ .."

"မဝင်စားလို့မှ မရတော့တာ .. ဒါပေမယ့် ကျွန်တော်က တိုးပွားချင်တဲ့ဆန္ဒနဲ့ မဟုတ်ဘူး .. ဒီစက်ရုံတွေကထုတ် ကုန်လှောင်ရုံတွေပို့ .. ပြီးတော့ ကိုယ်စားလှယ်တွေက ပြန်သယ်ထုတ် ...၊ လက်လီဝယ်တဲ့လူတွေက တစ်မျိုး .. ဒီလောက်ရှုပ်နေတာ ဦးအေဝ စဉ်းစားကြည့် .."

"အင်း .. ဟုတ်တယ် ...၊ ဒါက လုပ်ငန်းအောင်မြင်နေတာ ဆိုပေမယ့် တစ်ဖက်ကကြည့်ရင် စိတ်ရှုပ်စရာပဲ .."

"နည်းနည်း မဟုတ်ဘူး .. အများကြီး ရှုပ်နေတာ ...၊ ပြီးတော့ ကုန်လှောင်ရုံတွေမှာ ထုတ်သမျှပစ္စည်းတွေ လာထားတဲ့အခါ အမြဲတမ်း မန်နေဂျာက လိုက်ကြည့်တာ မဟုတ်ဘူး ...၊ ကုန်မာတွေဆိုပေမယ့် ပစ္စည်းဆိုတာ အပျက်အစီးတော့ ရှိနေတာပဲ .."

"ဟုတ်တယ် .."

"အရေအတွက် မပြည့်တာတွေ .. ပေမမီလို့ ဖယ်ရတာတွေ .. ဒါတွေက အမြဲတမ်း အနည်းနဲ့အများတော့ ဝါနေတာပဲလေ .."

"ဟုတ်တာပေါ့ .."

"လုပ်ငန်းက အရမ်းကြီးနေတော့ မပြောပလောက်တဲ့ အလေအလွင့် အပျက်အစီးဆိုတာတွေကိုတော့ ထားလိုက်ရတာပဲ ...၊ တကယ်ရောင်းတဲ့ဆိုင်မှာကျတော့ အားမှာ ကုန်လှောင်ရုံတွေတော့ ရှိမှာပေမယ့် စက်ရုံမှာလို ထားခဲ့လို့ မရတော့ဘူး .. ကျွန်တော် လိုချင်တာ အဲဒါပဲ...၊ အဓိကကတော့ ကျွန်တော့်မျက်စိတွေ နားတွေ သက်သာသွားမယ် .."

"အဟွန်း .. ဟွန်း .."

ဦးအေဝ က ခေါင်းတညိတ်ညိတ်နှင့် ရယ်နေကာ ...

"မင်း စိတ်ရှုပ်တာကို ရှင်းတဲ့နည်းက တော်တော် ဂွတ်ဒ်တာပဲ.."

"တော်တာတတ်တာတွေ မပြောနဲ့ .."

"မပြောလို့ မရဘူး .. မင်း စီးပွားရေးတွေ မလုပ်ချင်သေးပါဘူး...၊ တာဝန်က ကြီးလွန်းပါတယ်နဲ့ .. မင်းရဲ့ခေါင်းကတော့ အီကိုခေါင်း ဖြစ်နေပြီ .."

ဆောင်း က ခေါင်းခါ၍ ဆံပင်တွေပါ သပ်ချသည်။

မျက်နှာ ဟိုဘက်လှည့်သွားပေမယ့် ရွှံ့မဲ့နေပြီဆိုတာ ဦးအေဝ က ခန့်မှန်းပြီးသား ...၊

"မင်းပြောတဲ့ထဲမှာ မပါသေးပေမယ့် ဒီလိုလုပ်လိုက်ခြင်းအားဖြင့် နောက်ထပ် ကောင်းကျိုးတွေ ဘယ်လိုဖြစ်လာမလဲဆိုတာ တွေးကြည့်ဖို့တောင် မလိုဘူး .. ဒါတွေက သူဌေး စီမံတာတွေဆိုရင်တော့ ဒါက ကောင်းတဲ့ရဲ့ထွင်မှုတစ်ခုလို့ ပြောရမှာပေမယ့် မင်းခေါင်းထဲက ထွက်လာတာတွေဆိုတော့ ချီးမွမ်းရမှာပဲ ...၊ နောက်ပြီး ထိခိုက်အန္တရာယ်နည်းနိုင်တဲ့ ပစ္စည်းအသေးတွေ ထားဖို့ မြေအောက်ခန်း လုပ်ထားတာလည်း ငါ ကြည့်ပြီးပြီ .."

"အဲဒါက ..."



ရွှေသမင်စာပေ

www.burmeseclassic.com



"တော်တော်ကောင်းတယ်ကွ .. အတက်အဆင်းမှန်း မသိဘူး..၊ ဝင်ရ ထွက်ရ အဆင်ပြေတယ် ..၊ အဲဒါလည်း မင်းလုပ်တာ အင်ဂျင်နီယာ ပီသတာပဲ ၊ လောလောဆယ် သူဌေးက လောကြီးပြီး သူ့ မြေးလေးကို လူကြီးဖြစ်စေချင်လွန်းတဲ့ စေတနာတွေ ပိုသွားလို့ပါ ..၊ မင်းကလည်း ဖြုန်းခနဲ မသိတာတွေထဲ ပစ်ချခံလိုက်ရသလိုဖြစ်ပြီး ရှုပ်ထွေးနေတာ ..၊ သိပ်မကြာခင် မင်း အရှိန်တော့်လာမှာ .."

"ဒီနေရာမှာ နတ်ရေကန်တစ်ကန်လောက်ရှိရင်လည်း အကောင်းသား .."

"နတ်ရေကန်ထက် မြန်ပါတယ် မင်းသားရယ် .. သူဌေး ဒေါ်ဟော မာန်ဆောင်း ရဲ့မြေးက ဘာဖြစ်ဖြစ် သီးစေ ပွင့်စေဆိုရင် ထိလိုက်တာနဲ့ သီးရ ပွင့်ရမှာပေါ့.. ဒါ့အပြင် ရွှေဆိုရွှေ .. ငွေဆိုငွေ .. အဲ.. ကျုပ် ပြောတာက အလွယ်တကူ သီးပွင့်လာတာတွေကို စားသုံးနိုင်တဲ့ ဆောင်း မျက်နှာ မဟုတ်ဘူးနော် .. တစ်ထောင်ကို တစ်သောင်းဖြစ်လာအောင် ဖန်တီးနိုင်တဲ့ ဖန်ဆင်းရှင်မို့ ..."

"ကျွန်တော် အဲဒီလိုလူမျိုး ဖြစ်လိမ့်မယ် ထင်လို့လား .."

"ထင်တာ မဟုတ်ဘူး .. သိနေတာ ..၊ ငွေကိုင်ထားပြီး အသုံးရဲတော့ မွဲတတ်တယ် .. 'ငတုံးမွဲတော့လည်း ကံမကာယ်နိုင်"တဲ့ ..၊ ဉာဏ်ရှိတဲ့လူ လက်ထဲ ငွေရောက်ရင် .. ပြီးတော့ ဉာဏ်ရှိနေတဲ့လူက မင်းသားလို ဖန်ဆင်းရှင်မျိုး ဖြစ်နေခဲ့ရင် .."

ဆောင်း က ပြုံးလိုက်ရင်း တစ်ဖက်လှည့်၏။

မရှည်သော မျက်တောင်နက်တို့ ဝိုင်းရံလျက် စိမ်းညို့သော မျက်ခုံးတန်းတို့နှင့် ဆောင်း က စိတ်ညစ်နေတာဖြစ်စေ .. ဝမ်းသာလို့ရယ်တာဖြစ်စေ ...၊

ခနိုးခနဲ့ မဲ့ပြီး ရယ်တာကအစ မျက်ခုံးအစုံ တွန့်သွားပြီးမှ ပြုံးခြင်း မဲ့ခြင်းကို ဖြစ်စေ၏။





ထို့ကြောင့် နှုတ်ခမ်းတို့ဖြင့် ရယ်ခဲပေမယ့် ဆောင်း မျက်နှာက ရယ်မြူးရိပ်တို့နှင့် ပိုချောနေတတ်သည်။

ထူးခြားသော ပြုံးတတ်ခြင်းကြောင့် ပြာလဲ့သောမျက်ဝန်းတွေက ဆွဲဆောင်မှု ရှိသည်။

သူ ဟိုဘက်လှည့်နေပေမယ့် သူကိုယ်တိုင် ဂုဏ်မယူတတ်သော ပြေပြစ်ခြင်းတို့ကို ဦးဒေဝါ က ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ...

"သဘာဝတရားကိုက 'လိုလျှင် မရ၊ မလိုလျှင် ရ'တဲ့ ..၊ လူဆိုတာ လောဘ၊ ဒေါသ၊ မောဟ တစ်ခုခု ဖက်လာရင် စိတ်က မတည်ငြိမ်တော့ဘူး ..၊ ဒီထဲမှာ မသမာမှုတွေ ဖန်တီးချင်တာ .. လုပ်ကြံချင်တာ..၊ လှည့်ပတ်ကွေ့ကောက်တာတွေ ပါလာတတ်ကြတာပဲ .. လောဘနဲ့ယှဉ်လာရင် အမှန် မတွေ့တတ်ဘူးကွ .. မင်းမှာ ပိုပြီး လောဘတက်စရာလည်း မရှိဘူး .. ပြိုင်ဆိုင် အနိုင်လုစရာလည်း မရှိဘူး .."

"အင်းပေါ့ .. လောလောဆယ် အေးချမ်းနေသေးတာလေ .."

"မဟုတ်ဘူး .. အေးချမ်းအောင် နေတတ်တဲ့လူက နေတတ်တာပဲ ..၊ မင်းသားက အဲလိုလူမျိုးပါ .."

"ကျွန်တော့်ကို ဦးဒေ တော်တော်များများ ပြောပြီးနေပြီ .."

"ဘယ်သူ့ကို ပြောစေချင်သေးသလဲ .."

"ဘွားဘွားကိုတော့ ဦးဒေ ဘယ်လိုမြင်သလဲ .."

"မထင်ရဲပါဘူးကွာ .. ကိုယ့်သူဌေးကို ကျုပ်တို့က ယုံကြည် လေးစားပြီးသား ..၊ သူဌေးကို ဘယ်သူတွေက ဘယ်လိုပဲ မောက်မာခက်ထန်တယ်ပြောပြော သူဌေးမှာ ဝိသမလောဘစိတ် မရှိတာကို ယုံတယ် ..၊ မိန်းမသားတစ်ယောက်တည်းနဲ့ လုပ်ငန်းစည်းစိမ်ဥစ္စာတွေကို ကာကွယ်ထိန်းချုပ်လာရတာ .. သူ ဒီလိုဖြစ်နေတာ မဆန်းပါဘူး ..၊ တစ်ခါတလေကျတော့လည်း နူးညံ့သိမ်မွေ့တာဟာ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်စေနိုင်တယ် မင်းသား ..၊ လောကကြီးမှာ အဆိုးအကောင်း အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒွန်တွဲနေတယ်ဆိုတာကို မမေ့နဲ့ ..."

"ကျွန်တော် သိချင်တာ မပါသေးဘူး ..."

"ဘာလဲ ..."

"လောဘဓော သိပ်မရှိဘူးဆိုတာ ဖြစ်နိုင်ပေမယ့် ဂုဏ်ပကာသနအပေါ်မှာ အစွဲအလမ်းကြီးနေရင်ရော .. ဒါ အတူတူပဲ မဟုတ်ဘူးလား ..."

"မင်းသားက ဘာကိုမြင်လို့ ဒီလိုပြောတာလဲ ..."

"သူ မကျန်းမာဖြစ်လာတိုင်း ကျွန်တော့်ကိုခေါ်ပြီး တစ်ယောက်ယောက်နဲ့ ဆေ့စပ်ပေးဖို့ ပြောလာတတ်တာ အဲ့ဒါတွေကို နားမလည်ဘူး ..."

"ပစ္စည်းတွေကို ဥပေက္ခာထားလိုက်နိုင်ရင်တောင် မင်းသား ဘဝကိုတော့ ဘယ်လိုလုပ် ဥပေက္ခာထားနိုင်မှာလဲ ..."

ဆောင်း က အောက်မေ့များတို့ လှုပ်ခတ် တွေးနေရင်း ပြုံးသည်။ ပြီးတော့ ...

"သူ အကြည့်တစ်ချက် လစ်သွားတာနဲ့ ကျွန်တော်က ချော်လဲခြေကျိုး ဖြစ်သွားရအောင် ခုမှ မတ်တတ်စမ်းနေတဲ့ကလေးမှ မဟုတ်တာ ..."

"ဟုတ်တယ် .. မင်းသားက ခြေခိုင်နေပါပြီ ..၊ ဒါပေမယ့် ရင့်ကျက်မှုဆိုတဲ့ ဘဝရဲ့အတွေ့အကြုံတွေထဲမှာတော့ ခုမှ မတ်တတ်စမ်းနေတုန်းပဲ ..."

"ဒါဖြင့် ခုနေ ဘွားဘွား ရုတ်တရက် စိမ်ညွန့်ကြားမှုတွေ မလုပ်နိုင်တော့အောင် မကျန်းမာဖြစ်ခဲ့ရင် ဒါမှမဟုတ် ကျွန်တော့်ကို ထာဝရ စွန့်ခွာသွားခဲ့ရင် ..."

"မင်းသား ဘာမှမဖြစ်ပါဘူး ..၊ ဒီထက် စွန့်စားမယ် .. ဒီထက်တော် .. ဒီထက် အောင်မြင်မယ် ..."





သူ မမေးရသေးခင် ဦးဒေဝ က အတိအကျ ဟောကိန်းထုတ်လိုက်ပြီး ...

"မင်းသား မေးတာနဲ့ သူဌေးရဲ့စေတနာက အံဝင်ခွင်ကျ မဖြစ်သေးတာပါ .. တို့ ပုထုဇဉ်မှ မပြောနဲ့ .. ဘုရားတောင်မှ 'လူပျို့ဘုရား မရှိဘြား'တဲ့ ..၊ လူရယ်လို့ဖြစ်လာရင် လောကရဲ့ ကောင်းပြစ် ဆိုးပြစ်တွေအားလုံးကို သိမှ ခံနိုင်ရည်ရှိတယ် .. ဆင်ခြင်တုံတရား မြဲတယ် ..၊ မင်းသားမှာ တော်သင့်ကောင်းမွန်တဲ့ အရည်အချင်းတွေ ဘယ်လောက်ရှိရှိ ဘဝတစ်လျှောက်လုံးအတွက် ကြင်ဖက်ကောင်းမရှိရင် ပြည့်စုံတယ်လို့ မခေါ်ဘူး ..."

ဆောင်း က စူးစိုက် နားထောင်နေ၏။

"နှစ်သက်မြတ်နိုးဖွယ်ကောင်းတဲ့ အိမ်သူသက်ထားရယ် .. သားကောင်းသမီးရတနာလေးတွေရယ် .. ဒါလေးတွေရှိမှ မိသားစုဘဝကို မင်းသား ရမှာ .. ခုနေမှာ ရွေးချယ်စရာတွေ အရမ်းများနေပေမယ့် .. ဒီ.. ရွေးချယ်စရာဆိုတာ မိန်းမလှလေးတွေကိုလည်း ပြောတာ မဟုတ်ဘူး ..."

သူ့စကား သူ အမှားပြင်ဆင်ချက်တွေ လုပ်နေပြန်ကာ ...

"စီးပွား ပညာ ဥစ္စာ ကြင်ရာ အားလုံးပေါ့ .. ခုချိန်မှာ မသိသေးဘူး .. ပင်ပန်းသမျှ ဘဝအမော မပြေပါလားဆိုတာ သိလာတဲ့အချိန်ကျတော့ အဲဒီကျမှ ကိုယ်နဲ့ သက်ဆုံးတိုင် သစ္စာရှိရှိနဲ့ ရိုးမြေကျ ဘယ်သူပေါင်းမလဲဆိုပြီး မောင်းကြေးနှင်းခတ်ပြီး ရှာလည်း အပိုပဲ ..၊ မိန်းမတွေ ပေါပေမယ့် ဇနီးကောင်း ရှားတယ် ..."

"အဲဒါတွေလည်း ဘွားဘွား ပြောနေကျစကားတွေပါပဲ ..."

"ဒါပေမယ့် ဒါပဲ ပြောစရာရှိတာလေ .. ခုလိုအရွယ်တွေမှာ အိမ်ထောင်ရေးကို စိတ်ရှုပ်စရာလို့မြင်ပြီး ခေါင်းခါနေတဲ့ လူငယ်တွေက ပြောရခက်ဆုံးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လား .."

ဆောင်း က သွားတွေပေါ်အောင် ပြုံးနေလျက် ငဲ့ကြည့်ပြီး မေးသည်။

"ဟုတ်တယ် .. ကျုပ်ကလည်း ဒီစကားတွေ မင်းသားကိုပဲ ပြောဖူးတာလေ .."

"တကယ်ဆို မပြောသင့်ဘူး .."

"ဟင် .. ဘာဖြစ်လို့လဲ .."

"ဦးဒေ က လူပျိုကြီးပဲ .."

"အဟွန်း .."

ဦးဒေဝ က ခေါင်းညိတ် ဝန်ခံရင်း ရယ်နေကာ ...

"ပြောစရာတွေ ဖြစ်သွားပြီပေါ့ .."

"ကဲ့ရဲ့တာ မဟုတ်ပါဘူး .. ပြောပြတာ .."

"အေးပါ .. ပြောပါ ...၊ ဒါပေမယ့် ကျုပ်မှာ မသန့်စွမ်းတော့ဘဲ ဆီးချိုရောဂါသည်အမေ ရှိတယ် .."

"အမေ့ကို ပြုစုဖို့ ချွေးမကောင်း ရှာပေးဖို့ မလိုဘူးလား .."

"ချွေးမကောင်း ဖြစ်မဖြစ် စမ်းကြည့်ပြီး ပြန်လဲလို့ရတာမှ မဟုတ်တာ .."

"အဟွန်း .."

ဆောင်း က နှုတ်ခမ်းပိတ် ရယ်ရင်း ခေါင်းခါပြသည်။ 'သူ့ကျတော့ အရှောင်ကောင်းသား'လို့ ပြောလိုက်တာမျိုး ...၊

"ဒါက ဒီလိုရှိတယ်လေ .."

"ဘယ်လိုရှိတာလဲ .."

"ချွေးမ ဆိုတာလည်း သမီးမှ မဟုတ်တာ .. တစိမ်းချင်း အတူတူ ပြုစုပေးစေချင်ရင် ပိုက်ဆံပေးလိုက်နိုင်ရင် ပြုစုမယ့်သူ ခေါ်လို့ရတယ်မို့လား...၊ အဲဒါက ကိုယ် စိတ်တိုင်းမကျရင် တစ်ယောက်မကောင်း တစ်





ယောက်ပြောင်းရုံပဲ .. ဒါပေမယ့် အခု ညီမဝမ်းကွဲက ဆုံးသွားလို့ သူ့သမီးလေး ကျန်ခဲ့တာကို ကျုပ်က တာဝန်ယူထားရတယ် .. ဒီကလေး ပြုစုပေးနိုင်သရွေ့တော့ ပူစရာ မလိုတော့ဘူး .."

"ဦးဒေ ကိုယ်တိုင် အိမ်ထောင်မပြုချင်တာကို ထည့်ပြောပါ .."

"ဟုတ်တယ်လေ .. ပြီးတော့ အိမ်ထောင်ပြုတာနဲ့ မေမေ့အတွက် ပြုစုပေးမယ့်လူ လိုနေတာက တခြားစီ မဟုတ်ဘူးလား .."

"အလိမ္မာ အိမ်ပါဆိုတာ ဒါတွေတော်ဖို့ပဲ ဦးဒေ ရ .."

"ကျုပ်ကတော့ အဲဒီလို မမြင်ဘူး .. မိန်းမတွေကလည်း သူတို့ကို အဲဒီလို အသုံးချခံရမှာကို မကြိုက်ကြဘူး .. ကိုယ်ယူတဲ့မိန်းမက အစစ အရာရာ ပြည့်စုံကောင်းမွန်နေဖို့ဆိုတာလည်း မလွယ်တော့ ကိုယ်က ချစ်ကြည်ဖို့လည်း မကြိုးစားချင်တော့ဘူး ...၊ ကိုယ့်ကွယ်ရာ မေမေ့ကို စိတ်ရှည်သည်းခံပါ့မလားလို့ တွေးပူနေရတာလည်း မလိုချင်ဘူး .. ဒါတွေကြောင့် စိတ်အလိုမကျဖြစ်ကြပြီး အိမ်ထောင်ရေးပြိုကွဲကြရင် မိန်းကလေးကလည်း မိန်းကလေးမို့ နစ်နာသလို ကျုပ်တို့ဘဝတွေလည်း အကောင်းတိုင်း ကျန်ခဲ့မှာမှ မဟုတ်တာ .."

"အိုခေ .. အိုခေ .. ဦးဒေ မိန်းမ မယူရခြင်းအကြောင်းကို ပြည့်စုံစွာ နားလည်သွားပြီ .. ဆောရီး .."

"တော်သေးတာပေါ့ ...၊ ကဲပါ .. ကျုပ်တို့ ဝင်ရအောင်ပါ .."

"နေပါဦး .. ဆိုက်ဒ်ခွဲကို ကျွန်တော် ထိုင်ပြီဆိုရင် ဦးဒေ က စက်ရုံမှာပဲ နေရမှာ .."

"ပြောပါဦး .."

"ခုလို အေးအေးဆေးဆေးပြောဆိုဖြစ်တဲ့အခါ ထပ်ရှိဖို့ မသေချာဘူးလေ.."

"ဒါဆို ကျုပ် မေးတာကို ဖြေပါဦး .."

"မေးလေ .. ဘာလဲ .."

"သူဌေးက ဘယ်မိန်းကလေးနဲ့ စီစဉ်ပေးချင်ပါတယ်ဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုး ပြခဲ့ဖူးပြီလား ..."

"လက်သှိုးထိုးတာ မဟုတ်ဘူး .. လက်ညှိုးနဲ့ ထောက်ပြတာ .."

"ဟင် .. ဘယ်လို!..."

"ခတ်ပုံတွေလေ .."

"ပွဲစား လာပြတဲ့ ပုံတွေထဲကလား .."

ဆောင်း က စဉ်းစားသလို ငြိမ်နေပြီးမှ ခေါင်းခါ၍ ...

"မဟုတ်လောက်ဘူး .. လိပ်စာနဲ့ နာမည်နဲ့ .. ဘယ်တုန်းက မင်းအဘိုးနဲ့ ဘယ်လိုရင်းနှီးတဲ့လူတွေ ...၊ ဘာလုပ်ငန်း လုပ်ကြတာ.. သူတို့မျိုးရိုးစဉ်ဆက်က ဘယ်လောက် ဂုဏ်သိက္ခာကြီးမားခဲ့တာ ...၊ ဘွားဘွားက သေချာသိနေသလို ပြောပြနိုင်တယ် .."

"ဟုတ်မှာပါ .. သူဌေးက သူ့မြေးကို ပွဲစားလက်ထဲက လာတဲ့ ဓာတ်ပုံတွေလောက်နဲ့တော့ သေချာစီစဉ်နေမှာ မဟုတ်ပါဘူး ...၊ ခက်နေတာက မင်းသားကို သမီးရှင်တွေက ကြည့်ဖြူကြမှာဖြစ်သလို မိန်းကလေးတွေကလည်း မြင်ဖူးသွားပြီဆို ငြင်းကြမှာမဟုတ်ဘူး .. မင်းသား ဓာတ်ပုံတွေ ဘာတွေများ .."

"ဓာတ်ပုံဆို လိုင်စင်ပုံတောင် အပိုမထားဘူး .."

"အဲဒီလို တမင် ဖြစ်အောင်လို့လား .. ထောင့်စေ့လှချေလား မင်းသား .."

"မဟုတ်ပါဘူး .. ဓာတ်ပုံရိုက်တာ ဝါသနာကို မပါခဲ့တာ .."

"ဘာပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကို ရွေးရမယ့်ကိန်း.. တစ်နေ့နေ့မှာတော့ ကြုံလာမှာပဲ .."

"ကြုံပါစေ .."

"မိဘမျက်နှာကို အတတ်နိုင်ဆုံး ငဲ့ပါ မင်းသားရယ် .. မင်းသား အနေနဲ့က ပိုပြီး ငဲ့သင့်ပါတယ် ...၊ သူဌေးရဲ့ ခါးသီးတဲ့ခံစားချက်တွေကို ကျုပ်တို့ အသေးစိတ် ကုန်စင်အောင် မသိဘဲနဲ့တောင် သူဌေးအပေါ်မှာ





ဒီ့ထက် နားလည်မယ် .. ဒီ့ထက်ပိုပြီး သနားထားမယ်ဆိုပြီး ကျုပ်တို့ ခံယူထားတာ .."

"ကျွန်တော် နားလည်ပါတယ် .."

"သူဌေးက အားလုံးအပေါ်မှာ မာန်တွေ ဟန်တွေ အပြည့်နဲ့ မိုးလစံအိမ်ရဲ့သခင်မကြီးပဲ .. ဒါပေမယ့် သူ့ရဲ့အသက် .. သူ့ရဲ့ရှင်သန်ခြင်းက မင်းသား ပါ .."

ဆောင်း ပင့်သက်ရှိုက်မိသည်။

ဒီလိုအခြေအနေတွေကို ဘယ်လိုလူမျိုးတွေကများ လိုချင်မက်မောနေကြသလဲ ...၊

သူ့အတွက်ကတော့ ရောထွေး ပူလောင်နေရသည့် ငရဲပါ ...၊ ဘွားဘွားကို သူ ငဲ့ညှာချင်သည် ...၊ စေတနာမေတ္တာတွေအပြည့်နဲ့ ပြုစုချင်၏။

ဒါပေမယ့် လောကပကာသန ဟန်ဆောင်မှုတွေထဲမှာ ဘွားဘွား ဘာလိုအပ်နေသလဲဆိုတာကို ဆွဲထုတ်ခွဲခြားနေရမှာမျိုး မလိုချင် ...၊ တစ်ယောက်က မောနေရပြီဆိုရင် တစ်ယောက်ကတော့ ငြိမ်းချမ်းနေရမှာ မဟုတ်ဘူးလား ...၊

ဘွားဘွားကို ဒိပုံ မှန်းကန် ရပ်တည်နေရတာ သူ မမြင်ချင်ပါ ...၊

နားလည်ရခက်ခဲသော နာမည်ကြီးနေသည့် ဘွားဘွားရဲ့ မောက်မာရင့်သီးခြင်းတွေကို ဒီအရွယ် ဒီအချိန်မှာပဲ ရပ်တန့်သွားစေချင်၏။

"ကြောင်အိုတော့ ကြွက် မလေးတဲ့ မြေးရဲ့ .. အဲဒါကြောင့် ဘွား အသက်အိုပေမယ့် လူမအိုသေးဘူးဆိုတာ သိအောင် ပြနေရတယ် ...၊ တမင်လုပ်နေရင်းနဲ့ အကျင့်တစ်ခုလို ဖြစ်သွားပြီ .. မရတော့ဘူး" တဲ့ ...၊

ဒေါသဖြစ်တတ်တဲ့အကျင့်ဆိုတာ ရှိသလား ...၊

ဒီမေးခွန်းမျိုး ဘွားဘွားကို သူ တိုက်ရိုက် မေးခဲ့ဖူးသည်။

"ယောဒီစံအိမ်ကြီးထဲမှာပဲ ဘွားရဲ့ ကုလားထိုင်မှာ မြေး တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင် ထိုင်ကြည့်ပါ ..၊ ဘွား ဒီလိုဖြစ်ခဲ့ရတာ ဘာကြောင့်လဲဆိုတာ သိသွားလိမ့်မယ်” တဲ့ ..။

ဘွားရဲ့ကုလားထိုင်က စိန်စီထားတာလည်း မဟုတ်ပါ ..၊ ရွှေကနုတ်တွေနဲ့ ရေးထွင်းထားတာလည်း မဟုတ် .. ဒါပေမယ့် ဘွားထိုင်မနေသည့်အခါ အန်တီခင် ရောက်လာတတ်တာနှင့် ကြုံသွားခဲ့လျှင် ကျွန်းကနုတ်ပန်းတို့နှင့် အနီရောင်ဆိုဖာတင်သည့် ထိုကုလားထိုင်ကို မပျက်မကွက် ဖွေစောင်းကြည့်တတ်သည်။

လူထိုင်မနေပေမယ့် မှဲပြုံးတွေနှင့် မပျက်မကွက် နှုတ်ဆက်သွားတတ်တာ တစ်နေရာကနေ သူ မကြာခဏ မြင်သည်။

သူကိုယ်တိုင် ထိုင်မကြည့်ဖူးပေမယ့် ဘွားရဲ့နေရာကို မျက်စောင်းခဲနေကြတာ နားမလည်နိုင် ..၊ နားလည်ဖို့လည်း သူ မကြိုးစားခဲ့ဘူးထင်သည်။

အဘယ်ကြောင့်ဆိုလျှင် မိုးလစံအိမ်ကြီးကို သူ ရောက်လာတော့ ရှစ်နှစ်သား ..၊

မေမေနဲ့ပတ်သက်တာဆိုလို့ မေမေကိုယ်တိုင် ရေးပေးလိုက်သည့် စာလေးတစ်စောင်ပဲ ပါသည်။ ဘွားကလည်း ရုပ်ရှင်တွေထဲကလို မျက်ရည်လေးစမ်းစမ်းနှင့် ပွေ့ပိုက်ဆီးကြိုခဲ့တာ မဟုတ် ..။

အိမ်မှာရှိသမျှ အလုပ်သမားတွေက နွေးထွေးစွာ ပွေ့ပိုက် ဆီးကြိုခဲ့ပေမယ့် ဘွားကို ဘွားက ခေါ်တွေ့သည့်အခါနှင့် စားသောက်ချိန်တွေမှာသာ တွေ့ရသည်။

ဒီကြားထဲ အန်ကယ်လ်နေ တို့ လင်မယား ရောက်လာပြီဆို မဲ့ရွဲ့မျက်စောင်းထိုးတာတွေ ခံခဲ့ရသေးသည်။ ထိုအချိန်များမှာ ...

“ငါ့မြေးကို ဘယ်သူမှ မျက်မှောင်ကုတ်ကြည့်စရာ မလိုဘူး.. ငါ့မြေးက မိုးလရဲ့အရှင်သခင် .. မိုးလရဲ့ မင်းသားတစ်ပါးပဲ ..၊ ဆိုးတာကောင်းတာ ဝေဖန်စရာ မလိုဘူး .. မေးခွန်းတွေ မလိုဘူး ..”





ဆိုတဲ့စကား ဘွားရဲ့နှုတ်ဖျားကနေ ကိုယ်တိုင်ကြားလိုက်ရမှ သွေးဆိုသည့် ချည်နှောင်ခြင်းက စတင် ရှင်သန်လာခဲ့သည်။

မြေးလို့ခေါ်ပြီး ဘွားကိုယ်တိုင် အနားမှာ ခေါ်ထားတာတွေ .. အလုပ်တွေ ခိုင်းတတ်တာတွေက နောက်မှ တဖြည်းဖြည်း ဖြစ်လာခဲ့တာတွေပါ ..။

“ဘွားဘွားနားမှာပဲ မြေး နေရမယ် .. မြေးရဲ့အမေလို မမိုက်မဲရဘူး ..”

ဆိုသည့် ဆုံးမစကားတွေနှင့် ...

“ဒီအိမ်မှာ ဖြူစင်တဲ့လူတွေ ရှိတယ် .. ဒါပေမယ့် ဒီကိုလာသမျှ ဘယ်သူမှ မဖြူစင်ဘူး ..၊ မြေး ဘယ်သူ့ကိုမှ မယုံနဲ့ .. ဘယ်အခြေအနေ ဖြစ်လာလာ လျှော့မတွက်နဲ့ ..”

စသဖြင့် ဘွားနဲ့ သူ ရင်းနှီးခဲ့ကြသည်။ တွယ်တာစရာမဲ့သောဘဝမှာ ဘွားကို သူ ချစ်ပါသည်။

ဒါပေမယ့် သူ ခွဲခြားသတ်မှတ်ခဲ့သည့် သာမညနဲ့ အစိကက ဘွားနဲ့တော့ မတူ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"သမီး … သမီး …"

"ဟင် … ရှင် … ဖေကြီး …"

သိုက် အိပ်ရေးဆတ်တာတောင် ညဥ့်သန်းခေါင်ကျော်ကြီးမို့ ရုတ်တရက် မနိုးဘဲ ဖြစ်နေ၏။ ခေါ်သံကြောင့် အိပ်ရာထဲက လူးလဲထလိုက်ပေမယ့် အသိက ကိုယ်မှာ မကပ်သေး …၊

"သမီး …"

"ရှင် … လာပြီ …"

ဦးသက်ငြိမ် ၏ခေါ်သံမှန်း သတိဝင်လာတာနှင့် တံခါးဆီ ကမန်းကတန်း ထပြေးဖွင့်လိုက်၏။ အပြင်မှာ ဦးသက်ငြိမ် က ရပ်နေလျက်…

"သမီး … နှင့်အမေ ဗိုက်အရမ်းအောင့်နေတယ် …"

"ဟင်!…"

"ဖေကြီးလည်း ဘာမှ မလုပ်တတ်တော့ဘူး …"

"ဟုတ် … သမီး လာခဲ့မယ် …"

သိုက် အခန်းထဲ ပြန်လှည့်ဝင်ကာ ဓာတ်မီးလေးယူပြီး ပြန်ထွက်လိုက်တော့ တံခါးဝမှာ ဦးသက်ငြိမ် မရှိတော့ပေ …။





"မေမေ …"

မီးရောင်အောက်မှာ ဒေါ်ယမင်း ၏ မျက်နှာသည် …၊

"မေမေ … မေမေ ဘယ်လိုဖြစ်တာလဲ …၊ ဘယ်လိုဖြစ်တာလဲ … ဖေကြီး လုပ်ပါဦး …"

ဖွေးဆုတ်နေသည့် မေမေ့မျက်နှာက နှုတ်ခမ်းသားတွေ ပြာနှမ်းကာ ချွေးသီးပေါက်ကြီးတွေ သီးထွက်နေတာ မြင်လို့မကောင်း …၊

"မေမေ့!…"

သိုက် ပြေးဖွေ့ကာ မျက်ရည်တွေ မိုးစက်တွေကဲ့သို့ ပြိုဆင်းလာကြသည်။ ဒေါ်ယမင်း ပြန်ထူးဖို့မပြောနှင့် ညည်းသံတောင် မထွက်ခဲ့ဘဲ ဖိကြိတ်ဇောထားသည့်သွားတို့ကြောင့် မေးရိုးက နိုင်နေ၏။

ဘယ်လိုပဲ ကိုင်လှုပ်ပေမယ့် နှုတ်ခမ်းတွေ ဖွင့်မလာခဲ့ပေ …၊ ထို့ပြင် ရင်ဝမှာ ဖိကပ်ထားသော လက်နှစ်ဖက်ကိုလည်း ဘယ်လိုခွာချလို့မှ မရ …၊

"မေမေ အရမ်းအောင့်ပြီး သတိမရတော့ဘူး …"

မော့ကြည့်လိုက်တော့ ဦးသက်ငြိမ် ကို မတွေ့ရတော့ပေ …၊

"ဖေကြီး …"

သိုက် အော်ခေါ်လိုက်သည့်အသံကို ဦးသက်ငြိမ် ကြားသွားပုံ ပေါ်ကာ …

"သမီးအမေကို သတိရအောင် ပြုစုထား … ဖေကြီး ဆရာဝန် ပင့်လာခဲ့မယ် …"

အပြင်က ပြန်အော်ပြောသံသဲ့သဲ့ကို ကြားလိုက်ရ၏။ ကြည့်လိုက်တော့ တောင်ဇေးက ထားနေကျ အဝင်ဝ ဒီဘက်အပေါ်မှာ ထောင်လျက်သား …၊

"အင့် …"

"မေမေ …"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယမင်း ၏ကိုယ်ခန္ဓာ ကော့ခနဲ ဖြစ်သွားသည်။ သတိရပြီ ထင်ကာ ဝမ်းသာအားရ လှုပ်နှိုးလိုက်သေးမယ့် ...

"အင်း ..."

သက်ပြင်းချသကဲ့သို့ သံရှည်ကြီးတစ်ချက် ထွက်လာပြီး တောင့်ကန်ထားသည့်ကိုယ်က ပျော့ခွေကျသွား၏။

"မေမေ .. မေမေ ဒီလိုမလုပ်ပါနဲ့ ..၊ မေမေ့ ထပါ .."

သိုက် ခေါင်းတွင်တွင်ရမ်းကာ မေမေ့ကိုယ်ကို ရင်ခွင်ထဲမှာ ကပ်ပိုက်ပြီး အော်သည်။ ပြီးတော့ အသက်အောင့်၍ နားစွင့်၏။

မေမေ့ကိုယ်ခန္ဓာသည် နွေးနေသေးမယ့် မည်သည့်ခံစားချက်မှ မသိတော့သလို ကိုယ်ခန္ဓာက သိုက် ရင်ခွင်ထဲမှာသေးမယ့် လက်နှစ်ဖက်သည် တွဲလွဲကျနေခဲ့ပြီး ...

"ဘယ်လိုလုပ်လိုက်တာလဲ မေမေ .. သမီး ဘာမှမသိရဘဲနဲ့ မသွားရဘူး .. ဒီလို ထွက်မသွားရဘူး ..၊ ဟင့်အင်း .. မေမေ .. ပြန်လာခဲ့ပါ.."

သိုက် မေမေ့ကိုဖက်၍ တအားငိုမိသည်။ ဘေးမှာ မေမေ့ဆေးထုပ်တွေ ဖရိုဖရဲ ပြန့်ကျဲနေကာ ဆေးရည်ပုလင်းက ဖွင့်လျက် ဖိတ်ဖိတ်စဉ်စဉ် ..၊

"မေကြီး လုပ်ပါဦး .. မေမေ့ကို ခေါ်ပေးပါ..၊ မေမေ ပြန်လာခဲ့ပါ .."

ဘယ်လိုမှ မယုံနိုင်ဘဲ မေမေ့မျက်နှာကို ချောက်ချားစွာ ပြန်ငုံ့ကြည့်မိသည်။ အံကြိတ် မေးနိုင်နေသော မေမေ့နှုတ်ခမ်းသားတို့က ဒီတိုင်း နူးညံ့စွာရှိနေကြပြီး မျက်နှာပြင်သည် အေးဆေး အိပ်ပျော်နေတဲ့အတိုင်း ..၊

"မေမေ!..."

တအားခေါ်လိုက်မိသေးမယ့် အသံက မထွက် ..၊ မေမေ ထာဝရ ကျော်နိုင်းသွားခဲ့ပြီဆိုတာ သိလိုက်သေးမယ့် လက်မခံနိုင် ..၊





"ညနေတုန်းကတော့ မေမေပဲ ဒီတစ်ခါ ပြန်ကောင်းလာရင် သမီးတို့မိသားစု ဒီအိမ်ကနေ ပြောင်းကြမယ်ဆို .. ဟင် .. မေမေ .. မေမေပဲ ပြောတာလေ .."

ဒေါ်ယမင်း မျက်နှာကို ငုံ့ကြည့်ပြီး မေးဆတ်မေးနေသော သိုက်ရဲ့ မျက်ဝန်းမှ မျက်ရည်စက်တို့က ရေတံလျှောက်ကဲ့သို့ ..၊

"နေရာပြောင်းလိုက်ရင် မေမေ စိတ်သစ်လူသစ်နဲ့ ပြန်ကောင်းလာမှာဆို .. မနက်ကျရင် မေကြီးက အိမ်ငှားဖို့ သွားကြည့်တော့မှာလေ..၊ ဒီအိမ်ရောင်းပြီးမှ အိမ်ပြန်ဝယ်ကြမယ်လို့ မေမေ ပြောလို့ သမီးက အရမ်းပျော်နေခဲ့တာ မေမေရဲ့ .."

သိုက် အရူးမလေးလို စကားတွေ တတွတ်တွတ်ပြောရင်း မေးရင်းနှင့် ...

"တခြားအိမ်သစ်လေးမှာ ရောက်ရင် မေမေ ဝင်လုပ်ပေးလို့ရတဲ့ အလုပ်တစ်ခုခု အိမ်မှာ ယူလုပ်မယ်ဆို .. သမီးကို အပြင်မှာ အလုပ်ထွက်လုပ်နေတာ မမြင်ချင်ဘူးဆို .. မေမေရယ် .. ဟင် .. ခု မမြင်ချင်လို့ ဒီလိုလုပ်သွားတာလား.. ဒီအိမ်မှာ မနက်ထိကို မနေချင်တော့တာလား.."

"ပြောပါ .. တစ်ခုခုတော့ ပြောသွားပါ မေမေ .. သမီး ဘာလုပ်ရမှာလဲ ..၊ မေမေ မရှိတော့ရင် သမီး ဘာလုပ်ရမှာလဲ .."

ဒေါ်ယမင်း ရဲ့ခန္ဓာကိုယ်ကို ပွေ့ပိုက်ထားရင်း သိုက် အိပ်ရာပေါ်မှာပဲ တအိအိ ပြိုလဲသွားခဲ့၏။

မေမေနဲ့အတူ သူမကို ခေါ်သွားစေချင်သည်။ ခု တစ်ခါတည်း သတိလစ်ပြီး လုံးဝ ပြန်သတိမရတော့ဘဲ သေသွားချင်၏။

ဒါပေမယ့် သူမ ကိုယ့်ရှိုက်သံဟွေကို ပြန်ကြားနေခဲ့သည်။ တိတ်ဆိတ်နေသည့် ညဥ့်ယံသည် သူမ၏ရှိုက်သံတွေကို ပဲ့တင်ရိုက်ခတ်သည်ထိ ကျယ်လောင် ကျန်ရစ်စေသေးမယ့် ကူညီပေးမနိုင်မည့်သူ ဘစ်ဦးတစ်ယောက်ကိုမှ တွေ့မြင် သိကြားစေခြင်း မပြုခဲ့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှူး .. ရှူး .."

"ဝုတ် .. ဝုတ် .."

ခွေးဟောင်သံတွေ ...၊

အတော်အလှမ်းကွာသည့်နေရာမှ ပျံ့လွင့်လာသော ခွေးဟောင်သံတွေကို သိုက် ကြားနေရသည်။ မေမေ့ရဲ့ဝိညာဉ် ထွက်ခွာသွားတာကို ဝိုင်းဟောင်နေကြတာလား ...၊

ဒါ မဖြစ်နိုင်ပါ ...၊

မေမေ ဒီလောက်ထိ သူမကို ပြတ်တောက်စွာ ထားပစ်ခဲ့မှာ မဟုတ် ...၊

ဝေဒနာကြောင့်သာ အသက်သေဆုံးခဲ့ပေမယ့် မေမေ့ဝိညာဉ် သူမနားမှာပဲ သံယောဇဉ်ကြီးစွာ ရှိနေမှာပါ ...၊

တင်းကျပ်စွာ ဖက်ထားမိသည့် မေမေ့ကိုယ်ကို နည်းနည်းလေးမှ မလွှတ်ဘဲ သိုက် မျက်လုံးတွေကိုလည်း မဖွင့် ...၊

"ဝေါင်း .."

"ဂျိမ်း .. ဂျိမ်း .."

ဟင်!...

ထိတ်လန့်ဖွယ်ရာ ပျံ့လွင့်လာသော ... ထိခတ်လှုပ်ရှားသံများနှင့် ခွေး၏အသံက အသိတရားတို့ကို ရိုက်ပုတ်နှိုးလိုက်သကဲ့သို့ ဖြစ်သွားကာ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်၏။

ဖေကြီး ...၊

ဆရာဝန်အိမ်ကို မရောက်ခင် လမ်းမှာ ခွေးရှိသည့်အိမ် ရှိသည်။

"ဖေကြီး .."

မေမေ့ကိုယ်ကို ခေါင်းအုံးပေါ်မှာ သေချာပြန်ချလိုက်ကာ ဓာတ်မီးကို လှည့်ကောက်လိုက်တော့ သူမ ချထားသည့်နေရာမှာ မရှိတော့ပေ...၊

ဒီဓာတ်မီးသေးသေးလေးကို အလျင်စလို ကောက်ယူပြီး တောင်ဝှေးလည်း မယူတော့ဘဲ ဖေကြီး ထော့နင်းအတိုင်း ပြေးတာဖြစ်သည်။





ခွေးနဲ့တွေ့ရင် ဘယ်လက်နက်နဲ့ ခုခံမလဲ ...၊

စိုးရိမ်စိတ်နှင့် တောင်ဝှေးကို ဆွဲယူကာ သိုက် အိမ်ထဲက ပြေးထွက်ခဲ့သည်။ လမ်းသည် ရပ်ကွက်ငယ်လေးတော့ မဟုတ်ပေမယ့် ကျင်းချိုင့်တချို့နှင့် ပျက်စီးနေ၏။

မီးရောင်မဲ့သော တစ်လမ်းလုံးကို ရုတ်တရက် ဘာမှမမြင် ...၊ ညဉ့်လေသည် လူကို တုန်လှုပ်စေသော အေးစက်မှုနှင့် သုတ်ဖျန်းသွားကာ ဒီအချိန် တစ်ခါမှ ခြေမချခဲ့ဖူးသော အမှောင်နှင့် ပတ်ဝန်းကျင်က ကိုယ်မသိခဲ့သော ကမ္ဘာတစ်ခုနှင့် တူ၏။

"ဝေါင်း .."

ခွေးဟောင်သံကြီးက တစ်ခုခုကို မာန်ဖီ ကုတ်ခြစ်နေတာမို့ ပတ်ဝန်းကျင်မှာ ပျံ့လွင့်သွားသည့်စိတ်က ဖေကြီးဆီ ပြန်ရောက်သွား၏။

ထိုအိမ်မှာ ပိန်လှီပြီး ခေါင်းကြီးသော ဒိုဘာမင်ခွေးကြီး ရှိသည်။ ခြံတံခါးက ချိနဲ့နဲ့ပဲဖြစ်ကာ တစ်ခြမ်းမှာ ကြိုးနဲ့ ကပ်တုပ်ထားတာဖြစ်၏။

နေ့ဘက်မှာ ခွေးကို ကြိုးချည်ထားတာမို့ ပြဿနာမရှိပေမယ့် ညဘက် လွှတ်ထားတာဆိုလျှင် ဒီလိုတံခါးလောက်ကို ဒိုဘာမင်၏ အင်အားက အသာလေး ဖျက်ဆီးနိုင်၏။

သိုက် ရဲ့ပြေးနှုန်း ပိုမြင့်သွားသည်။ ဦးသက်ငြိမ် ၏အရိပ်အယောင်ကိုမှ မမြင်ရဘဲ ခွေးဟောင်နေသည့်ခြံကြီးကို သူမ ရောက်လာခဲ့၏။

ဟိုဘက် နှစ်ခြံကျော်မှာ ဒေါက်တာဦးလှမြို့ ၏ခြံ ရှိသည်။ ခြံရှေ့ကို မီးရောင်ပျပျအောက်မှာ လှမ်းမြင်နေရပေမယ့် လူရိပ်လူယောင်လည်း မမြင်ပါ။

ဖေကြီး ဘယ်ထိ ထွက်သွားတာလဲ ...၊

"ဂါး .. ဝေါင်း .."

တုတ်တစ်ချောင်းနှင့် သိုက် ကို မြင်တော့ ခြံတံခါးမှာ ကုတ်ခြစ်တိုက်ဖျက်ရင်း မာန်ဖီနေသည့်ခွေးက ပို၍ ဖြောင်းဆန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချွေး ဒီလောက်ဆူနေတာတောင် မီးလေးဖွင့်ကြည့်ဖော် မရသည့် ပတ်ဝန်းကျင်ကလည်း နေနိုင်လွန်းပါသည်။

တောင်ဝှေးကို ကျစ်ကျစ်ဆုပ်၍ သိုက် ထိုနေရာမှာပဲ ရပ်လိုက်သည်။ ခြံတံခါးပွင့်၍ ချွေး အပြင်ရောက်လာတော့မှာကို သိပေမယ့် သူမ မျက်လုံးတွေက လမ်းဆောင်တစ်နေရာကို စူးစိုက်သွားခဲ့၏။

"ဖေကြီး .."

"အား!..."

ဦးသက်ငြိမ် သည် လမ်းဆောင်သစ်ပင်ချုံစပ်မှာ လဲကျနေရာကနေ လူးလဲထနေလျက် ...

"ဘာလို့ ထွက်လိုက်တာလဲ ..၊ အ!... ပြန်စမ်း .. သွား .. လူမမာကို ထားခဲ့ရသလား .."

"ဖေကြီး ဘာဖြစ် .."

"ဂျိမ်း .."

"ဝေါင်း .."

မဝှတ်တတ်ရပ်လိုက်ပြီဖြစ်သော ဦးသက်ငြိမ် သည် ချွေးရှေ့ နီးနီးလေးမှာဖြစ်ကာ ဂျိမ်းခနဲ လန်ထွက်သွားသော တံခါးကြားကနေ ဒိုဘာမင်ကြီး ခုန်ထွက်လာကာ ဦးသက်ငြိမ် ဆီကို တန်းတန်းမတ်မတ် ..၊

"ဟဲ့ ချွေး .. ဟဲ့ ချွေး .."

သိုက် ရဲ့စိတ်တွေ အပြင်းထန်ဆုံးထိ ပေါက်ကွဲသွားခဲ့သည်။ နှလုံးသား၏နာကျင်မှုတို့က တစ်ညတည်းမှာ သူမ ချစ်သော မိဘနှစ်ပါးစလုံးကို ထိခိုက်ခံရလေခြင်းဆိုသည့် နာကြည်းခြင်းသို့ ပြောင်းလဲကာ...

"ကဲ .. ကဲဟာ ..."

"သမီး!..."

"ကဲ .."

တုတ်နဲ့ပတ်မွှေလိုက်သော ပထမရိုက်ချက်တည်းက ဦးသက်ငြိမ်





ကိုယ်ပေါ် အုပ်စီးထားပြီးသား ချွေး၏ကိုယ် သေးတိုက်ပုံကျသွားခဲ့တာဖြစ်သည်။

ဒါပေမယ့် အကောင်ကြီးက သန်မာသည့်မျိုးမို့ ရုတ်ခနဲ ပြန်ထ၏။ နောက်ထပ် တရစပ် မွှေ့ရမ်းရိုက်ချနေသော သိုက် ရဲ့ရိုက်ချက်တွေက ဆင်ကန်းတောတိုး ဖြစ်နေသဖြင့် ...

"သမီး .. သမီး တော်တော့ .."

ချွေးနဲ့ လုံးထွေး လဲကျသွားသည့် ဦးသက်ငြိမ် က လူးလဲထပြီး တားဆီး၏။

"သမီး တော်ပြီ .. တော်တော့ .. ဒီမှာ ဖေကြီးကို ကြည့်စမ်း .."

သိုက် လက်ထဲက တောင်ဝှေးကို ဦးသက်ငြိမ် ဆွဲယူတာ ဘယ်လိုမှ မရ ..၊ ရင်ဘတ်လေး မောက်ကြွလှိုင်းထန်နေအောင် ဒေါသထန်နေဆဲ သိုက် သည် ဘီလူးသရဲ ပူးနေသလို မျက်လုံးတွေက စူးရဲကာ ပြူးပြက်လက်နေကြ၏။

"ချွေး သေနေပြီ သမီး .. ဖေကြီးကို တုတ်ပေးစမ်း .."

ထိုစဉ် ချွေးရှင်အိမ်က မီးတွေလင်းလာကာ ဓာတ်မီးတဝင်းဝင်းနှင့် ထွက်လာ၏။ သူတို့၏ခြံရှေ့ထောင့်က မီးတိုင်မီးကိုပါ ဖွင့်လိုက်သဖြင့် ပတ်ဝန်းကျင်မှာ လင်းသွားသည်။

သို့သော် .. သိုက် ရဲ့ကိုယ်မှာ အသိတရားတို့ မဲ့လျက် ...

"ဖေကြီး .. မေမေ မရှိတော့ဘူး .."

"ဟင်!..."

ဦးသက်ငြိမ် ကိုယ်တိုင် ရုတ်တရက် သေဆုံးသွားခဲ့သလို အသိစိတ်မှာ ဝေဒနာခံစားနေရသော ဇနီးသည်၏မျက်နှာတစ်ခုသည်သာ—

"မေမေ ဆုံးပြီ ဖေကြီးရဲ့ .."

သိုက် လက်ထဲက တုတ် လွတ်ကျကာ လူက စိုက်ခနဲ ယိုင်သွား၏။ ဦးသက်ငြိမ် က လက်မောင်းလေးကို အမိအရ ပြန်ဆွဲထားရင်း—



www.burmeseclassic.com

www.burmeseclassic.com



"သမီး …"

"ဟာ!… ငါ့ခွေး ဖော်ကြီး … ဖော်ကြီး သေပြီ …"

"ဘာဖြစ်တာလဲ ကိုကျော် …"

"ဒီမှာ …"

"အောင်မယ်လေး တော် … ရိုက်သတ်ထားတာ ခေါင်းတစ်ခုလုံး ကြေမွလို့ …"

"ဖော်ကြီး ဟုတ်လား မေမေ … ဘယ်မှာလဲ …"

မိသားစုတွေ ရှိသမျှ အပြင် ပြေးထွက်လာကြကာ …

"ဟယ် … ငါ့သားကြီး …"

"ငါ့ခြံရှေ့မှာ မင်းတို့တွေ ဘာလာလုပ်ကြတာတုံး … ဟေ …"

"အောင်မယ်လေး ဒီရှေ့မှာပဲ ချုံကောင်းတာ … လာချိန်းတွေ့ကြတာ နေမှာပေါ့ … ကြည့်ပါဦး မအေလှမမာကို ထားပြီး ရွှံ့ဖို့ကောင်းလိုက်တဲ့မိန်းမ …"

"အရှက်မရှိတဲ့လူတွေ … သွားကြပါ … ကျုပ်တို့ခြံရှေ့က ထွက်သွားကြ …"

မိသားစုတွေ ရှိရှိသမျှ တစ်ယောက်တစ်ခွန်း ဝိုင်းဝန်း စွပ်စွဲသမျှ ဦးသက်ငြိမ် ဘယ်မျက်နှာကို လှည့်ကြည့်ပြီး ဘယ်လိုရှင်းပြရမှန်း မသိ…၊

ထို့ပြင် သိုက် က သူ့လက်ပေါ်မှာ သတိလစ်နေပြီဖြစ်ကာ …

"ခင်ဗျား … ခင်ဗျားတို့ တော်တော့ …"

သိုက် ကို ပိုင်နိုင်စွာ ပွေ့ပိုက်မရတော့ဘဲ ဒီတိုင်းကိုင်ထားရင်း မနိုင်မနင်းဖြစ်ကာ အများရှေ့မှာ ဒူးထောက်ကျသွားခဲ့သည်။

ဘဝစာမျက်နှာသည် ဘယ်လိုခက်ခဲသောပုစ္ဆာတို့ဖြင့် ကိုယ့်ထံ ရောက်လာခဲ့မှန်း မသိ …၊





## အခန်း (၆)

"ဒီဘက်စာမျက်နှာမှာရှိတဲ့ စာတွေကို ဒီဖောင့်(ထ်)နဲ့ပဲ ဆယ်ရှက် ရိုက် …"

"ဟုတ်ကဲ့ …"

"ပြီးရင် မင်း အဲဒါတွေ ကံထူး ကို သွားပေးလိုက် …"

"ဟုတ် …"

အရောင်းဝန်ထမ်းကောင်မလေးက မျက်လွှာချ ခေါင်းညိတ်နေရာမှ ဆောင်း ပြန်ထွက်သွားတော့ ဖျတ်ခနဲ ပြန်မော့လာပြီး မျက်စိတစ်ဆုံး လိုက်ကြည့်၏။

"ဟိတ် …"

"ဟင်!…"

ပုပုဝဝနှင့် စာရင်းကိုင် ဦးသူရ က ဆောင်း အပေါ်ထပ်တက်သွားတာကို လှမ်းကြည့်ပြီးမှ ကောင်မလေးဘက် ပြန်လှည့်ကာ …

"ကိုယ့်အလုပ် ကိုယ်လုပ် …"

"ဟုတ် …"

ပြီးတော့ တခြားစားပွဲက မိန်းကလေးတွေကို လှမ်းကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလုပ်ကို စိတ်မဝင်စားဘဲ စိတ်ကတခြား လူကတခြား မလုပ်ကြနဲ့ .. ပထမဆုံးလစာလေး ပိုက်ပြီး နှုတ်ဆက်သွားရလိမ့်မယ်..၊ နားလည်လား .."

ကောင်မလေးတွေ ဘယ်သူမှ ခေါင်းမော့မလာတော့ပေ ..၊ ဆိုင်က ဖွင့်ကာစ အသစ်ပါ ..၊ ဘယ်သူနဲ့ ဘယ်သူမှ မရင်းနှီးကြသေးပေ ..။

မိန်းကလေးတွေလည်း ကိုယ့်စားပွဲနဲ့ကိုယ် ဖြစ်သည့်ပြင် နီးနီးကပ်ကပ်လည်း မထားပေ .. သူမတို့ကို အထူးသီးသန့်အုပ်ချုပ်ဖို့က သူ့တာဝန် ဖြစ်သည်။

"ဒီလိုနေရာတွေမှာ မိန်းကလေးတွေပဲ ကောင်းတယ်ကွ .. ဒါပေမယ့် မိန်းကလေးတွေမှာ မကောင်းတဲ့အချက်တွေလည်း ရှိတယ် ..၊ အဲ့ဒါတွေကို မင်း ကျပ်ကျပ်ဂရုစိုက်ပါ .. ကက်ရှာမှာ ကောင်မလေးတွေ ခဏ ခဏ မချိန်းချင်ဘူး .. စည်းကမ်းပိုင်းကို နိုင်အောင် ထိန်းချုပ်ထား..၊ နှုတ်ချို လက်တိုဖို့ မလိုဘူး .. တော်ရင် တော်သလို ချီးမြှင့် .."

ဦးအေဝ က သေချာမှာထားသည်။ အထူးမှာတာက 'မိန်းကလေးတွေ ရှုပ်ရှုပ်ပွေပွေ သိပ်ဖြစ်လာရင် သူဌေး ကြိုက်မှာမဟုတ်ဘူး .. အဲဒါလည်း ဂရုစိုက်' တဲ့ ..။

အုပ်ချုပ်ရေးပိုင်းတွေမှာ ဦးအေဝ က အတွင်းလူယုံတွေကို ထားသည်။

တခြားဝန်ထမ်းတွေကိုတော့ နောက်ထပ် အသစ်ခေါ်တာပါ ..၊ ကိုယ်လည်း ကိုယ့်သူဌေးအကြောင်း သိပေမယ့် မသိတဲ့ဝန်ထမ်းတွေကျတော့ အထူးတဆန်း ဖြစ်နေနိုင်၏။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ ခပ်ကြမ်းကြမ်း ခပ်တင်းတင်း ထိန်းချုပ်ထားရမှာမို့ အပြောဆိုးသည် .. စိတ်ပုပ်သည် ဘာပြောပြော ဂရုမစိုက်နိုင် ..။

"အန်ကယ်လ် ဖုန်းလာနေတယ် .."





"အေး .."

သူ့စားပွဲနဲ့ကပ်နေသည့် စားပွဲကနေ စာရေးကောင်လေးက ရှေ့ထွက်လာပြီး လှမ်းပြောသည်။ ဦးသူရ ကိုယ့်စားပွဲဆီ ပြန်လာပြီး ဖုန်းကိုင်လိုက်၏။

"ဟလို .. မိုးလ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးကပါ .."

"... ... ... ..."

"ဩော် .. ဟုတ်တယ် .. သိတယ် ..၊ ဒါပေမယ့် ဒီနှစ်ရက်က မိုးရွာနေတယ်လေ .. မျက်နှာကြက်ကြိတ်သားတွေက ရေစိုခံလို့ မရဘူး .."

"... ... ... ..."

"ဟုတ်ပါပြီ စိတ်ချပါ .. လိုသလောက် ရစေရပါမယ် .."

"... ... ... ..."

"ဟုတ်တယ် ဟုတ်တယ် .. အဲဒီလိပ်စာတိုင်းပါပဲ ..၊ ဒါပေမယ့် ကျွန်တော်တို့ရောင်းဝယ်ရေးက အိမ်အရောက် ပို့ပေးတာပါ .."

"မယူဘူး ခင်ဗျ .. ဒါက ဆားဗစ်သက်သက်ပါ ..၊ ပစ္စည်း ကွာလတီနဲ့ ဈေးနှုန်းအတွက်လည်း လုံးဝ စိတ်ချပါ .. 'မိုးလ'က ခုမှ ထဖွင့်လာတဲ့ ရောင်းဝယ်ရေးလည်း မဟုတ်ဘူးလေ.. လက်တွဲထားတဲ့မိတ်ဆွေတွေ သိပါတယ် .."

"... ... ... ..."

"အိုခေ ဗျာ .. စိတ်ချလက်ချ စောင့်နေပါ .."

ဦးသူရ ဖုန်းချပြီးတာနှင့် အပြင်ထွက်လာပြီး ရာသီဥတု ကြည့်သည်။

ထိုစဉ် ဆောင်း အပေါ်ထပ်ကနေ ဆင်းလာကာ ...

"အလှူမိနီယံ လက်ရန်းဘောင်တွေ စက်ရုံက လာပို့လိမ့်မယ် ဦးသူရ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .."

ဦးသူ့ရဲ့ ပျာပျာသလဲ ခေါင်းညိတ်ကာ ...

"ဒါဆို 'စွမ်း'ကွန်စထရက်ရှင်က မှာထားတာတွေ .."

"သူတို့ ဖုန်းမဆက်ဘဲ ဘာမှ အကြောင်းမပြန်နဲ့ဦး .."

"သူ့ဌေး သူတို့က ပစ္စည်းပြည့်တာနဲ့ ဖုန်းဆက်ပေးပါလို့ ပြောထားတာ .."

"ဒါပေမယ့် ပစ္စည်းက နှစ်ရက်စော ပြီးနေတာလေ .."

"ဟုတ်တယ် .."

"ထားလိုက်ပါ ..၊ ကုန်ကြမ်းရှားနေတော့ ပစ္စည်းတွေက အလျင်မမီဘူး .."

"ဒါဆို သူတို့က ဖုန်းဆက်ရင်ရော .."

"ကျွန်တော်နဲ့ ချိတ်ပေးလိုက် .."

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ .."

ဆောင်း က ဖုန်းထုတ်လိုက်ရင်း ပစ္စည်းထားသည့် ဂိုဒေါင်တွေဘက် လျှောက်ထွက်သွား၏။

"ကိုငြိမ်း တို့ .. မင်းတို့ ဒီမှာ ဘာပစ္စည်းမှ ချမထားနဲ့ .. အားလုံးပြန်ဖယ်ထား .."

"ဟုတ်ကဲ့ အစ်ကို .."

"ဒီနေရာမှာ ကားတွေ ရှောင်သာတိမ်းသာအောင် နေရာထား.. အထွက်လမ်းကို ထောင့်မှန်ပုံ ကွေ့နေရရင် တင်ထားတဲ့ပစ္စည်းတွေနဲ့ အန္တရာယ်ရှိတယ် .."

ဖုန်းပြောနေရင်း မျက်လုံးကကြည့်၍ လက်နဲ့ပြတာရော စကားလှည့်ပြောတာရော စုံသွားသည်။

ပြီးတော့ တစ်ဖက်မှာလည်း စကားပြောမပျက် ..၊

"ဟုတ်တယ် .. ကုန်ကြမ်းအတွက် ဆင်းရမှာ .."





"... ... ... ..."

"ပေးလိုက် ဦးဒေ .. နယ်စပ်မှာဆိုတော့ ငွေလဲကိစ္စတွေနဲ့ ပြေးရလွှားရတဲ့လူ အလုပ်ဖင့်မှာ စိုးလို့ .."

အလုပ်သမားတွေက အလုပ်လုပ်နေရင်း ဖုန်းပြောနေသည့် ဆောင်းကို လှမ်းကြည့်ဖို့ မျက်လုံးကိုလည်း အလုပ်ပေးသေးသည်။

ထိုစဉ် ဆောင်း ရဲ့ဆီးကို ဆိုင်က ကောင်လေးတစ်ယောက် ရောက်လာကာ ...

"အစ်ကိုလေး ဆိုင်ထဲမှာ ဧည့်သည်ရောက်နေတယ် .."

လှမ်းကြည့်လိုက်တော့ ရှေ့မှာ ဘယ်သူ့ကိုမှ မတွေ့သဖြင့် ...

"အထဲမှာလား .. ဘယ်သူလဲ .."

လာခေါ်သည့်ကောင်လေး မျက်နှာပျက်သွားပြီး ချက်ချင်းမဖြေ..။

"သူ အထဲမှာရှိတယ်မို့လား .. လိုက်ပို့ .."

"သူ့ဌေး အပြင်ထွက်သွားတယ် အစ်မ .."

"ထွက်သွားရင် ခု လိုက်ခေါ် .. မလတ် လို့ ပြောလိုက် .."

အနီရောင်ဝတ်စုံနှင့် ဆုမြတ်နေ ကို သူတို့ မသိကြပါ ..၊ ဒါပေမယ့် ဒီတိုင်းလည်း ပြန်မပြောရဲသည်မို့ နိုင်းလိုက်တဲ့ပုံစံကို မျက်လုံးထဲမှာ ပြန်မြင်လာပေမယ့် ...

"ဟို .. မလတ်လို့ ပြောခိုင်းလိုက်တယ် အစ်ကို .."

"ဩော် .. အင်း ..."

ဆောင်း က မျက်မှောင်ကုတ် ကြည့်နေရာကနေ ခေါင်းညိတ်၍ ထွက်လာခဲ့သည်။

ကောင်လေး မျက်နှာပျက်နေတာကို သူ သတိထားမိသည်။ မလတ်တစ်ခုခုပြောဆိုလိုက်ပြီဆိုတာလည်း တွေးမိ၏။

ဒီမောင်နှမတွေ အိမ်ကိုဖြစ်ဖြစ် .. စက်ရုံကိုဖြစ်ဖြစ် ဘုရားဘုရားရှေ့မှ လွဲလျှင် ရောက်လာကြတိုင်း ပြဿနာရှာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမဝမ်းကွဲတွေမှန်း သိထားကြသည့် လူတွေရှေ့မှာကျတော့ မောင်နှမတွေ ဆက်ဆံရေးက ဤသို့ ပြေပြစ်ကြတာမို့ သူ ရှက်မိသည်။

အထူးသဖြင့် ဘွားဘွားကိုယ်တိုင် အထူးအခွင့်အရေးပေးထားခဲ့သော ကျေးရွာရှင်အမည်ခံ မလတ် ရဲ့စရိုက်တွေ ပြောင်းလဲနေခဲ့တာကို သူ စိတ်ပျက်ဆုံး ...။

"ပြော .. မလတ် .."

စာရေးမ စားပွဲရှေ့မှာ လက်ပိုက်ရပ်စောင့်နေသည့် ဆု ရဲ့မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

"ဘာလဲ .. ငါက ဒီလောက် ဆူညံ နံစော်နေတဲ့နေရာမှာ စကား ရပ်ပြောရမှာလား .."

"ဘာစော်တွေ နံနေလို့လဲ .."

ဆောင်း မျက်နှာက တည်ငြိမ်နေကာ စားပွဲတိုင်းမှာ ကွန်ပျူတာ တွေကိုယ်စီနှင့် ကိုယ့်အလုပ် ကိုယ်လုပ်နေကြသည့် ဝန်ထမ်းတွေဆီ သူ့မျက်လုံး ရောက်သွားသည်။

ပြီးတော့ နံရံကပ် အထပ်စင်မြင့်ကြီးတွေပေါ်က ပစ္စည်းထားသိုမှု တွေအားလုံး လူသွားလမ်းကျယ်အထိ မျက်နှာငဲ့ကြည့်၏။ ပြီးမှ ပြန် လှည့်ကာ ...

"ဒါက ငါးပိ ငံပြာရည်ဆိုင်မှမဟုတ်တာ .. ဘာစော်နံနေလို့လဲ.."

ပြောချင်တာက အလုပ်သမားတွေနဲ့ ရောင်းဝယ်တဲ့စားပွဲတွေ ကြားထဲမှာ သူမက ကက်စတန်မာတစ်ယောက်လို ရပ်ပြောသင့်သလား ဆိုတဲ့ မေးခွန်း ...၊

ဒါပေမယ့် ဆောင်း ရဲ့မျက်နှာ တည်နေပုံက အချိုးမကြိုက် ...၊ အခါးမလိုက်အောင် ခံတွင်းပျက်နေသော အားအင်ချည့်နဲ့နေသည့် လူမမာ .. ဒါမှမဟုတ် လူသေတစ်ယောက်လို ခံစားချက်မဲ့သောမျက်နှာ မို့ ...





"နင့်ကို ပြောစရာရှိတယ် .. ဒီနေရာမှာ မပြောချင်လို့ .."

"လာလေ .. ဟိုရှေ့နားမှာ သွားပြောမယ် .."

"ဘာ!..."

"အပေါ်ထပ်မှာ ပြင်ဆင်နေတုန်း ရှိသေးတာ .. ငါ့အတွက် နားနေ ခန်း မရှိသေးဘူး .."

ဆု မျက်နှာက မယုံကြည်သည့်အကြည့်တွေနဲ့ ဖြစ်သည်။ ယုံပါ ဆိုလည်း မယုံနိုင် ...၊ ဆောင်းမျက်နှာ ဆိုသည့် မင်းသားတစ်ပါးကို နေပူလျှင် ထီးမိုးပေးမယ့်သူ ရှိသည်။

ရေအိုင်ကို ဖြတ်ကျော်ဖို့ ရှိလာရင်တောင် ရှေ့မှာ တံတားပြေးထိုး မည် ...၊ မြေဖို့မည် ...။

ဒေါ်ပောမာန်ဆောင်း က မြေးကို ဒီလောက်ထိ လိုလေသေးမရှိ အောင် အလိုလိုက်ခဲ့တာ..၊ ဆောင်းမျက်နှာ ရောက်လာမည့် ဒီအဆောက် အဦးကြီးထဲမှာ နားနေဖို့နေရာ မစီစဉ်ရသေးဘူးဆိုတာ ဘာစကားလဲ..။

"နင် တော်တော် မြောက်ကြွကြွ ဖြစ်သွားတာပဲနော် ဆောင်း ...၊ မထင်ရဘူး .."

အပြင်ဘက်ကို အတူထွက်ခဲ့ရပေမယ့် ဆု ရဲ့လေသံက ခံပြင်းမှု တွေ များပြားနေခဲ့ပြီး ...

"ငါ မြင်ယောင်နေသေးတယ် .. နင့်ကို မေမေ ခေါ်လာတုန်းက စုတ်စုတ်ပြတ်ပြတ် ပိန်ခြောက်ခြောက်လေး .."

ဆောင်း က မျက်တောင်မခတ်ဘဲ သူမကို စိုက်ကြည့်နေသဖြင့် စတိုင်လ်အမျိုးမျိုးနှင့် ပခုံးတွန့် မဲ့ရွဲ့ရင်း ပြောနေသော ဆု ရဲ့အပြုံးတွေ ဖျတ်ခနဲ ပျောက်ကွယ်လျက် ...

"နင်က ငါ့ကို ဘာကြည့်နေတာလဲ .."

"ငါ့ကို မေးခွန်းမထုတ်နဲ့ မလတ် ...၊ နင် အခု ဒါတွေပြောမလို့ လာတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အလုပ်နဲ့အကိုင်နဲ့ဆိုပြီး ကြီးကျယ်ပြမလို့လား .."

ဆု က လက်ပိုက်ရပ်နေရင်း သူမ ခုနကဝင်ခဲ့သည့် ဆိုင်ဘက်ကို ပခုံးလေးပါသွားတဲ့အထိ ပြန်ငဲ့ကြည့်ကာ ...

"သွပ်တွေ သံတွေ ရောင်းတာများ အိုင်တီပောလ်ကြီး ကျနေတာပဲ ဆောင်း ရယ် .. ကြောင်လိုက်တာ ..၊ အရောင်းစာရေးမတွေကို များ ကွန်ပျူတာနဲ့ ပရင့်စက်တွေနဲ့ .."

ဆောင်း ရဲ့နှုတ်ခမ်းတွေပေါ်မှာ ပြုံးယောင်သမ်းသွားသည်။

"ငါ ကြောင်တာ မဟုတ်ဘူး .. နင် မမြင်ခဲ့ဘူးတာပါ .."

"နင် ဘာပြောတယ် .."

"ဟုတ်တယ်လေ .. အိမ်ဆောက်ပစ္စည်းဆိုင်ကို ဒီပစ္စည်းတွေ လာဝယ်မှ နင် ရောက်မှာပေါ့ ..၊ ဘာမှားသွားလို့လဲ .."

ထိုစဉ် ဆိုင်ထဲကို တက္ကစီတစ်စီး ဝင်လာပြီး ကားထဲကလူတွေ ဆင်းသွားသည်။ ပြီးတော့ အလုပ်သမားတွေနဲ့အတူ ပြန်ထွက်လာပြီး ဒီဘက်လျှောက်လာကြ၏။

"ကြွေပြားတွေက ပုံးလိုက်ဝယ်ရတာလား ဟင် .. အန်တီတို့က ရေချိုးခန်းမှာ အံရစ်စွန်းနေတဲ့ ကြွေပြားအဟောင်းကြီး သုံးလေးချပ်ကို အသစ် လဲချင်တာ .."

ဝန်ထမ်းကောင်လေးတွေက သတ်မှတ်ထားသည့်ဝတ်စုံအရောင်တွေ ကွဲပြားလျက် ကက်စတန်မာကို ပြေပြေပြစ်ပြစ် ရှင်းပြနေကြသည်။

ဘာရယ်မဟုတ်ဘဲ ကိုယ်နဲ့ မလှမ်းမကမ်းမှာမို့ စကားပြောရင်း ထိုဆီကို လှမ်းကြည့်နေမိသည်။ နောက်ထပ် ကိုယ်ပိုင်ကားတစ်စီး ဝင်လာကာ အထဲကိုပဲ ဝင်သွားကြတာ တွေ့၏။

"ဟွန်း .. ခုမှ ဖွင့်ပေမယ့် တန်းစီ တိုးနေကြပါလား .."

ဆု က မနေနိုင်မထိုင်နိုင် ပြောပေမယ့် ဆောင်း က လှည့်လည်း မကြည့် ..၊ ပြန်လည်း မပြောပေ ...။





နောက်ထပ် ကားတွေ ထပ်ရောက်လာပြီး ပစ္စည်းတင်ပြီး ပြန်ထွက်လာသည့်ကားတွေနဲ့ ဆုတ်တက်ရှောင်နေကြတာ ပတ်ဝန်းကျင်မှာ ချက်ချင်း ရှုပ်ထွေးသွား၏။

"သွပ်ဆူးကြိုးက ခြံပေါ် တင်ထားမှာလား .."

"ဟုတ်တယ် .. ခားဆူးနော် .. ပေတစ်ရာပတ်လည် သုံးဖက်စာ တွက်ပေး .. ဘယ်နှစ်ခွေ ကုန်မလဲ .."

"အန်တီ့ဆောင်ချာ ကျွန်တော့်ကို တစ်ချက်လောက် ပြ .."

"ဆောင်ချာ ဟုတ်လား .."

"ဟုတ်ကဲ့ .. ဘာတွေပါတယ်ဆိုတာ အန်တီ့ကို လှည့်မေးမနေဘဲ ကျွန်တော့်ဘာသာ ဆွဲထုတ်လိုက်ရင် ပိုမြန်တာပေါ့ .."

"အေး .. ဟုတ်သားပဲ ..၊ လှမျိုး သွားစမ်း .. သွား .. နင့်ဦးလေး ဘောလ် စောင့်နေတာ .. အဲဒါ ရရင် ယူလာခဲ့ ..၊ ဟဲ့ .. ဟဲ့ .. ငါ ပြောတာတွေ ထုတ်ထားပေးနော် .. အလှည့်မကျော်လိုက်နဲ့ .. ပြန်ဖို့ အရေးကြီးနေလို့ .."

"ကောင်လေးရေ ဦးကို သွပ်တွေထုတ်ပေးရဦးမှာနော် .. လုပ်ပါကွ .. မိုးမကျခင် ပြီးအောင် လက်စသတ်ရမှာ .."

"ဟုတ်ပဗျာ .. မိုးရာသီ မရောက်သေးဘူး .. မိုးကလည်း ချလိုက်တာ လန့်တောင် လန့်တယ် .."

"ဟုတ်တယ် .. ကျုပ်လည်း ဒီနေ့ အလုပ်မသွားနိုင်ဘူး ..၊ နောက်ဖေးတန်းလျားတွေ အကုန်ပြန်မိုးရမှာ .. အလုပ်သမားတွေထဲမှာ မီးနေသည်လည်း ရှိတော့ ပစ်ထားသလို ဖြစ်မှာစိုးတာ .."

ပစ္စည်းထုတ်ပေးနေကြသည့် အလုပ်သမားဝန်ထမ်းတွေနှင့် ကက်စတန်မာတွေ ပြောကြတာရော အချင်းချင်း လေပေးဖြောင့်နေကြတာတွေရော ဆူညံနေကာ ...

ထိုပြင် ပစ္စည်း 'မ'သံ 'ရွှေ့'သံတွေက ဆူနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် စက်ရုံဝင်းကြီးထဲပဲ ရောက်နေသလိုလို ...၊ ပြောနေတုန်း ချက်ချင်းကြီး မြင်လာရသဖြင့် ဆု အမှတ်တမဲ့ကြည့်ရင်း အမေ့တလျှော့ ငေးနေခဲ့မိ၏။

ပြီးတော့မှ ချက်ချင်း မျက်နှာလွှဲမိကာ ...

"ဆောင်း .. ငါ ..."

ဒီဘက်လှည့်၍ စကားပြန်စလိုက်ပေမယ့် ...

"နင့်ကိစ္စ အရေးမကြီးရင် ပြန်တော့ .. ငါ စက်ရုံနဲ့ ပြောစရာရှိသေးတယ် .."

ဆောင်း က နှုတ်ဆက်စကားကို ချန်ခဲ့ရင်း လှကာ ကျောခိုင်းပြီးသား ဖြစ်နေကာ ...

"တောက်!..."

ဆု တက်ခေါက်လိုက်မိသည်။ မွေးနေ့လက်ဆောင် ပေးစရာရှိတာဝယ်ချင်လို့ ပိုက်ဆံလိုချင်တာကို ဘာမှမပြောရသေးဘဲ ပြန်ရတော့မည်။

ဆောင်းမျက်နှာ ဆိုတဲ့ကောင်စုတ် ငါတို့ကောင်းလို့ သူဌေးရဲ့မြေးဖြစ်ခွင့်ရတာကိုများ ...၊ ခုမှ ...

နင် တွေ့မယ် ...





အခန်း (၇)

"ဟိုရက်ပိုင်းတည်းက အဲဒီသူဌေးကြီးက ပိုက်ဆံအိတ်ကြီး တကားကားနဲ့ ခြံရှေ့မှာရပ်ပြီး ရောက်ရောက်လာတာလေ .."

"ဟုတ်တယ် .. ငါ မြင်လိုက်သေးတယ် .."

ဖြတ်မလျှောက်ခင်တည်းက ဒီကွမ်းယာဆိုင်မှာ စုနေသည့်မျက်နှာတွေကို မြင်သည်။ ကိုယ့်ကို လှမ်းမြင်တည်းက အတင်းတုပ်နေကြပြီဆိုတာကိုလည်း သိသည်။

ဖြတ်လျှောက်ခဲ့စဉ်မှာ ကြားလိုက်ရသည့်စကားတွေက ကိုယ်ထင်တာတွေရော မထင်တာတွေပါ ပါနေသဖြင့် နားထဲမှာ သံရည်ပူတွေလောင်းထည့်လိုက်သလိုပင် ...။

"ညည်းတို့ကလည်း တိုးတိုး ပြောစမ်းပါအေ .. ဖရဲသီးစိတ်ဝယ်တဲ့လူကလည်း ဝယ်ပြီး ပြန်တော့ ...၊ ငါ့ကွမ်းယာဆိုင်ဆားမှာ မသိရင် အတင်းပြောသူတို့ စုဝေးရာ ကျနေတာပဲ .."

"မမြ ကလည်း နားထောင်ပြီးလို့ ဝရင် ပြောပြီ .."

"အံမာ နော် .. စသုံးလုံးမ .. ဒီကနေ ထုံးအိုးနဲ့ ပေါက်လိုက်ရရင် နင် ခေါင်းကွဲတော့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးဆိုင်သေးသေးလေးက ကွမ်းယာဆိုင်ဘေးမှာ ကပ်လျက်ရှိကာ တစ်ဖက်မှာ ပြည်လမ်းမကြီးရှိနေသဖြင့် ရပ်ကွက်ထိပ်လမ်း ဆိုပေမယ့် ဒါက အစည်ကားဆုံးနေရာ ဖြစ်သည်။

ထို့ပြင် ဒီလမ်းဆုံလေးကထွက်ပြီး ပြည်လမ်းမပေါ် တက်လိုက်တာနှင့် လမ်းဝရဲ့တစ်ဖက်တစ်ချက်မှာ ကားမှတ်တိုင်တွေ ရှိသည်။

ထို့ကြောင့် ဒီနေရာမှာရှိသမျှ ဈေးသည်တွေ လက်ဖက်ရည်ဆိုင်၊ ဆိုက်ဘာကဖီးကအစ မြေပဲပြုတ်သည်အထိ အားလုံး ရောင်းကောင်းကြ၏။

သိုက် အတွက် ဒီနေရာမှာ နေ့စဉ်ဖြတ်သန်းနေရတာ အဆိုးရွားဆုံးဖြစ်သလို သူမ ပြန်လာချိန်မှာ အချိန်ကိုက်ရှိနေဖို့အတွက် အကြောင်းမရှိအကြောင်းရှာပြီး ဒီထိ ထွက်လာစောင့်တဲ့လူတွေတောင် ရှိနေသလားမသိ ...။

"နေပါဦး .. နင်တို့ သူလာတဲ့အချိန်တွေမှာ အမြဲရှိနေသလိုပဲ ...၊ တမင် လာစောင့်တာတော့ မဟုတ်ပါဘူး နော် .."

"အမလေး ဒီအချိန် တမင်ထွက်လာရတာတော့ အဟုတ်ပဲလေ.. ကျွန်မယောကျ်ားကို ထွက်ကြိုတာ.. မမြ က မမြင်တာကျနေတာပဲ.."

"ငါ မြင်တာတော့ နင် ဒီမှာ တစ်ညနေလုံး ထိုင်နေတာပဲ...၊ နင့်ယောကျ်ားက မိုးချုပ်ခါနီးလောက်မှ လာတာပါ .."

"အံမယ် .. အစမ်း တို့ကတော့ စက်ရုံမှာ ညဆိုင်းဆင်းတဲ့ သားကို လိုက်ပို့ရင်း ဝင်ထိုင်ဖြစ်တာပါ နော် .."

"မမြ က ဆိုင်ထဲမှာနေတာ ကျွန်မတို့နဲ့ အဝေးကြီးပါ ...၊ အေးအေးနေစမ်းပါ .. ဒီမှာ ဓာတ်ရှိန်မြင့်နေကာမှ .."

"ပြော .. ပြော .. ငါ့ဆိုင်ရှေ့မှာ ပြဿနာလာတက်လို့ကတော့ မလွယ်ဘူး မှတ် .."

"ဘာမှ တက်ဖို့ မရှိဘူး .."





ကျော်ဖြတ်သွားသည့် ဂျင်းအကျီထပ်ဝတ်ထားသော ဘောင်းဘီအပြာရင့်နဲ့ သိုက် ရဲ့ကျောပြင်ကို အားလုံးပဲ နှမြောတသစွာ လိုက်ကြည့်နေကြရင်း ...

"တကယ်ပါပဲ .."

"ဟုတ်ပ .."

ရှည်နေသည့်လည်ပင်းတွေ ပြန်ဝင်လာ ခေါင်းချင်းဆိုင်ကြပြန်လျက် ...

"မဟုတ်တာ လုပ်ရဲတဲ့လူတွေများ သတ္တိရှိကြတယ် နော် .."

"အေးလေ .. ဒီလောက် လမ်းဘေးက မှောင်ရိပ်ကြားထဲမှာ ပထွေးနဲ့ ချိန်းတွေ့နေတာကို ပက်ပင်းကြီး မိထားတာတောင် .."

"ငါသာဆို ရှက်လွန်းလို့ ကြိုးဆွဲချ သေမိမလားပဲ .."

"သေမလားအေ .. မအေက သေပြီဥစ္စာ .. အံ့သြစရာကောင်းတာက ပြောင်းမပြေးကြတာကိုပဲ ...၊ ခု လွတ်လပ်သွားကြပြီပဲ .. တခြားရပ်ကွက်မှာ သွားပြောင်းနေကြပါလား .."

"ဟုတ်ပ .. သားအဖ တူဝရီး ဘာညာပြောကြပြီး ကိုယ့်ကိုဘယ်သူမှ မသိတဲ့နေရာမှာ ဘယ်လိုနေနေ .."

"အဲဒီလို ပြောင်းပြေးပြီထင်မှာစိုးလို့ အရှိန်နဲ့ပေါ့အေ .. သိုက် ဆိုတဲ့ ကောင်မလေးက လူကသာ ငယ်ငယ်ရယ် .. ရုပ်ကိုက ဗွာမယ့်ရုပ်လေး .. ဘယ်သူ့ကြည့်ကြည့် ဂျစ်ကန်ကန်မျက်လုံးနဲ့ ...၊ ငါဖြင့်ကြည့်လို့ကို မရဘူး .. အိမ်ကလည်း တစ်အိမ်ကျော်လေး ဖြစ်နေသေးတယ် ...၊ ငါ့သမီးလေးတွေ အတုမြင် အတတ်သင်ဖြစ်ကုန်မှာစိုးလို့ ငါဖြင့် အဲဒီစုံတွဲကို ခဲနဲ့တောင် ပေါက်ထုတ်ချင်တယ် .."

"ငါ အဲဒီရက်ပိုင်းက တောင်ကြီးကို ငါ့ယောကျ်ားကားနဲ့ ပါသွားလို့ ဘာမှမသိလိုက်ဘူး .. ပြောစမ်းပါ ...၊ အဲဒီညက သီတာလမ်း တို့အိမ်ရှေ့မှာ တကယ်ကြီးလား .."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး တစ်လမ်းလုံး အုံးအုံးကျွတ်ကျွတ် ဖြစ်ကုန်ကြတာကို တကယ်ကြီးလား မေးနေသေးတယ် ...၊ သီတာ တို့က ခွေးဟောင်နေတာ ကြာလှပြီကို အိပ်ရာထရမှာပျင်းလို့ ထမကြည့်ကြဘူးတဲ့ ...၊ သူတို့ ခွေး နာနာကျင်ကျင်အော်သံ ပြောင်းသွားကာမှ တစ်ခုခုဖြစ်ပြီဆိုပြီး ထကြည့်ကြတာ .. ခွေးကို ရိုက်သတ်ထားတာများ ခေါင်းတစ်ခုလုံး ကြေမွနေတာပဲတဲ့ .."

"ဟုတ်လား .."

"မီးဖွင့်လိုက်တော့ ဦးသက်ငြိမ် နဲ့ အဲဒီဟာမလေးက ဖက်လျက်သားကြီး .."

"ဘုရား!... ဘုရား .."

"ဟဲ့ .. ခွေး ဒီလောက်ဆူနေတာ လူထွက်လာမယ်မှန်းတော့ သိမှာပါဟာ .. ထွက်မသွားဘဲ ဆက်ပြီး ချိန်းတွေ့နေပါ့မလား ...၊ နင့်ဥစ္စာ.."

"မဖော် ရယ် .. အားလုံး ကွက်တိကြီးမိသွားတဲ့ဥစ္စာ .. ဆားပုလင်း နှင်းမောင် လာလုပ်နေပြန်ပြီ.."

"ဒီကောင်မလေး နမြောစရာဟယ် .. အပျိုရွယ်လေး လှလှပပ နဲ့ .."

"အပျိုရွယ်လေးဆိုတာလည်း ပြောတာပဲလေ ...၊ ဟိုသူဌေးကြီးနဲ့လည်း .."

"ဖြောင်း .."

"အမလေး!..."

"ဟင်!..."

"သိုက် .. ဟယ် .. နင်!..."

"ဖြန်း .. ဖြန်း .."

ဘယ်တုန်းက ရောက်လာလိုက်မှန်း မသိ ...၊ ပြန်လှည့်လာလိမ့်မယ်လို့ မထင် ...။





အငိုက်မိသွားတုန်းမှာ မိန်းမသုံးယောက်ကို ပါးရိုက်ပစ်လိုက်တာ ဆက်တိုက် ...၊

ဆိုင်ခုံ စားပွဲရှည်ရှေ့က ခုံတန်းလျားပေါ်မှာ ပူးကပ်ထိုင်နေကြသည့် သုံးယောက်စလုံး ခေါင်းချင်းတိုက်မိတာရော .. ခုံအောက်ကို လိမ့်ကျတာရော .. ဝရုန်းသုန်းကား ဖြစ်ကုန်၏။

ကျန်သည့်နှစ်ယောက်က ကမန်းကတန်းဆင်းပြေးကာ တစ်ယောက်က ဖရဲသီးစိတ်သည့်ဓားကို ကောက်ကိုင်၏။ တစ်ယောက်က ထဘီ တိုတိုဝတ်ပြီး ရန်တွေ့မလို့ ပြင်ပြီးမှ လှည့်ပြေးသွား၏။

"ပြောစမ်း .. ဆက်ပြောကြလေ .."

"ဟဲ့ ကောင်မ.. နင် ခုမှ ရှက်ရမ်းရမ်းမနေနဲ့.. နင့်ငထွေးနဲ့ နင်.."

"ဒေါင် .."

"အောင်မလေးတော့!..."

ဖရဲသီးဖျော်စက်ဘေးမှာ ချထားသည့် ဒန်ခွက်ကြီးက အားပါးတရ ပြောနေသူ၏နဖူးကို အနီးကပ် မိတ်ဆက်သွား၏။

ထိုရန်ပွဲနားကို ကံဆိုးစွာ ဖြတ်သန်းဖို့ရောက်ရှိလာသူက ဆောင်းမျက်နှာ ...၊

"ကျွတ်!... ရန်ပွဲနဲ့မှ လာတိုးရတယ်လို့ .."

မသင့်မြတ်ခြင်းအကြောင်းတွေကို တွေးလာတုန်းမှ ညစ်ညူးခဲ့သည့်စိတ်က ပိုဆိုးသွားသည်။ မိန်းမသားတွေ ရန်ဖြစ်ကြပြီဆိုတည်းက သူ့ထက်ငါ ငယ်ကျိုးငယ်နာတွေ ဖော်ကြကာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံပွက်ထနေ၏။

ရန်ပွဲဘေးမှာ အနီးကပ် ဘယ်သူမှမရှိဘဲ အနီးအနားမှာရှင်နေသူတွေက လမ်းပေါ်မှာရှိနေကြသဖြင့် သူ့ကားကို ထိုနေရာမှာတုံ့လိုက်ကာ ဟွန်းတီးလိုက်သည်။ ဖယ်တဲ့လူက ဖယ်ပေမယ့် လွတ်အောင်မဖယ်ဘဲ ရန်ပွဲကို စိတ်ဝင်စားပြီး ဘယ်ညာခြေရွှေ့ရုံနှင့် ပတ်ဝန်းကျင်ကို ရှုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူတွေလည်း ရှိ၏။ ထို့ကြောင့် သူ့ကားကို ဘီးလိမ့်ရုံ ရွေ့နေရစဉ်...

"ဘုန်း .."

"ဟာ!... သွားပြီ .."

"ဘုတ် .. ဘုန်း .."

"ယော့ .. ယော့ .."

ရှေ့မှန်ပြင်ပေါ်ကို ဖရဲသီးစိပ်တွေ .. သဘော်သီးတွေ တဘုတ်ဘုတ် ပြေးမှန်ကြ၏။

"ဟဲ့ကောင်မ .. ဘာလုပ်တာလဲ ..၊ ငါ့ဖရဲသီးတွေကို ခု ရပ် .. ရပ် နော် ..၊ နင် အဲဒါတွေကို လျော်နိုင်လို့လား .."

"မလျော်ဘူး .. ဆိုင်ကိုပါ မီးပုံရှို့ဦးမှာ .."

"ဝုန်း .."

ဘောင်းဘီရှည်နှင့် မိန်းကလေးတစ်ယောက်က လယ်တောထဲ ဆင်ရိုင်းဝင်သကဲ့သို့ မည်းမည်းမြင်သမျှ အကုန်ရိုက်ချိုး ဖျက်ဆီးနေကာ သူ့ကားဆီ ရောက်လာသည့် ဖရဲသီးစိပ်တွေက သူမလက်ချက် ..၊ ဆောင်း အပြင်ကို စိတ်တိုပြီး လှမ်းကြည့်မိသေးမယ့် ဘာမှမတတ်နိုင်ဘဲ ကိုယ့်ဘာသာ ဝိုက်ဘာဖွင့်၍ မှန်ကို ရှင်းရသည်။

ရေနဲ့ ဝိုက်ဘာပါ ဖွင့်ပစ်လိုက်တာလည်း အခွံတွေက အမှိုက်ဖြစ်ကာ ဝိုက်ဘာမှာ ထပ်ညပ်နေပြန်သည်။

"သေစမ်းကွာ .."

ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း ကားပေါ်ကဆင်း၍ မှန်အောက်ခြေမှာနဲ့ ဝိုက်ဘာမှာ ငြိနေသမျှ အခွံတွေကို ကိုယ့်လက်နဲ့ပဲ ဆွဲထုတ်လိုက်ရသည်။ ထိုစဉ် ...

"အ!..."

"ဟာ .. ဘာဖြစ် .."

သူ့မေးခွန်း မဆုံးလိုက်ခင် ဆောင်း မျက်လုံးပြူးသွားသည်။





သူ့ဆောင်းကို ပြေးလွှားခလုတ်တိုက်ပြီး ပခုံးချင်း ပစ်တိုက်ကျလာတာက တစ်ယောက် ..၊

တစ်ယောက်က ပြောင်လက်နေသော ဓားမြှောင်တစ်ချောင်းကို ကိုင်၍ ကမူးရှူးထိုး ပြေးလိုက်လာ၏။

"ဟား.. ခင်ဗျား မလုပ်နဲ့လေ ..၊ လက်နက်တွေ ပါလာရင် ဒုက္ခဖြစ်ကုန်မှာပေါ့ .."

ကားဘက်မှာ လှည့်နေရာကနေ နောက်ကို ဖျတ်ခနဲ ပြန်လှည့်ကာ ကိုယ့်ဘာသာလည်း လွတ်အောင်ဆုတ်မိကာ အထိတ်တလန့် တားမိသည်။

"မဆိုင်ရင် ဝင်မရှုပ်နဲ့ နော် .. ဖယ်ပေး ..၊ ဟဲ့ကောင်မ ငါ့တစ်ဆိုင်လုံး ကုန်အောင် ဖျက်ဆီးပြီးမှ ထွက်ခဲ့စမ်း ..၊ ဒီဘက် ထွက်စမ်းပါ.."

အတင်းလိုက်လာပြီးမှ မျက်နှာချင်းဆိုင်မိကြတော့ ဓားကိုင်တဲ့ အမျိုးသမီးက တုံ့သွားပြီး စိန်ခေါ်နေသည်။

"အဲဒီဓား ချလိုက် .. သတ္တိရှိရင် လက်ချင်းပဲ .."

"မချဘူးဟေ့.. နင်လည်း လက်နက်ရှိရင် ကြိုက်တာထုတ်လိုက်.."

"ဟာ .. ဒီလိုမလုပ်ကြနဲ့လေ ..၊ ဟေ့လူတွေ ဝိုင်းဆွဲကြဦးလေဗျာ.. ဒီမှာ ဓားနဲ့ဗျ .."

"မဆွဲနဲ့ .. ထိုးပေ့စေ .."

ယောကျ်ားကြီးတစ်ယောက်က ပုဆိုးတိုတိုဝတ်လိုက်ပြီး လက်သီးတပြင်ပြင်နှင့် ...

"မိန်းကလေးဖြစ်ပြီး အများထဲမှာ သူတောင် လာသောင်းကျန်းရဲသေးတာ .. မိန်းမ ထိုးသတ်လိုက်စမ်း ..၊ မင်းအစား ငါ ထောင်ထဲဝင်မယ် .."

"သတ်မှာ .. ထိုးမှာ .."

"ယော့ .. ဟာ!..."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ဆုတ်လိုက်ပြီးမှ သူမ ကားနဲ့ ကျောနဲ့ ကပ်ကျန်ခဲ့ဘော့ လှမ်းဆွဲလိုက်ရသေးသည်။

ထိုအခါ မိန်းကလေးဆိုသည့် ညာကာလိုစိတ်က မမွေးမြူရဘဲ ပေါက်ဖွားလာခဲ့လျက် သူမကို ကားထဲတွန်းထည့်လိုက်ပြီး တံခါးပိတ်ထားလိုက်ရင်း ...

"ခင်ဗျား တော်တော့ အစ်မကြီး .. ဒါ ရာဇဝတ်မှုနော် .."

"အ်မာ .. မင်းက ဘာမို့လို့တုန်း .."

"ဟော့ .. ဟော့ .. တော်ကြစမ်း .."

"မယ်ကြင် တို့ လူစုကို ရုံးခေါ်သွား.. ခေါ်မွေး အဲဒီဓား ခုချလိုက်"

ရပ်ကွက်ထဲကလူကြီးတွေ အုပ်စုဖွဲ့ပြီး ရောက်လာကြ၏။ ရန်ပွဲလူစုကွဲသွားကာမှ ဓားရှေ့မှာ ရင်ဖွင့်ရပ်နေမိသည့် ကိုယ့်အဖြစ်ကို သတိရကာ ကြက်သီးထသွားမိသည်။ နဖူးကိုသပ်လိုက်တော့ ချွေးစို့နေလျက်...

"ဟော့ .. ဟိုကောင်မလေး ရော .."

"ဟိုကားထဲမှာ ထင်တယ် .."

လက်ကိုင်ပဝါထုတ်၍ နဖူးကိုပွတ်ပစ်ရင်း သူ ကားတံခါးကို ဖွင့်လိုက်ကာ ...

"ဟော့ .. ဆင်း .."

ဆင်းလာတော့ သူ အံ့သြသွား၏။ ဖြူဝင်းဝင်း လေးထောင့်ဆန်ချင်သော မျက်နှာပြည့်ပြည့်လေးနှင့် မျက်လုံးလေးတွေလည်း လှသည်။

မထူမပါးနှုတ်ခမ်းလေးတွေက စုစုထွေးထွေးလေးပေမယ့် ရန်တွေ့ကောင်းသည့်နှုတ်ခမ်းပါး လျှာပါးမျိုးလည်း မဟုတ်ပါ ..။

ဆံပင်က ယောက်ျားဆံပင်ပုံစံမှာ ပခုံးအော[illegible]ဘာထိ ပိုရှည်၏။ သူမ အသက်လည်း ငယ်ငယ်ပဲ ရှိဦးမှာ ..၊

"ညည်းကလည်း အသက်လေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆူပူရမ်းကားမှုနဲ့ အချုပ်ထဲ ရောက်ချင်နေတယ် ဟုတ်လား .."





"ဟုတ်ပါတယ် .. ဆူဆူပူပူ အတင်းပြောတဲ့လူတွေ မရှိသေးဘူးဆိုတော့ ကာယကံရှင် ကြားရုံပဲပြောနေတဲ့ အတင်းအဖျင်းသမားတွေကို ဆူ[illegible]မိတာ ကျွန်မ မှားပါတယ် .."

"အေး .. ညည်းတို့ အဲဒါတွေ ခက်တာပဲ ..၊ ကဲ .. ကဲ .. သွား .. ရုံးရောက်မှ ရှင်းကြ .. အဲဒါ ညည်းတို့ ရွေးတဲ့လမ်းပဲ .."

"သိုက် နော် .. ညည်း အဲဒီလိုအရိုးမျိုးနဲ့ဆို ရဲစခန်းထိ ပါသွားလိမ့်မယ် .."

အမျိုးသမီးကြီးတစ်ယောက်က လှမ်းအော်လိုက်တော့ သူမနာမည် 'သိုက်'ဆိုတာကို သိလိုက်ရသည်။ တော်တော် သတ္တိကောင်းပါလား..၊

ပြဿနာရဲ့အရင်းအမြစ်က အတင်းပြောလို့ဆိုတာ ဘယ်လောက်ဆိုးဝါးတဲ့ အတင်းအဖျင်းမျိုး ပြောကြလို့လဲ ..၊ သူမမှာ ဘာတွေ ပြောစရာ ဖြစ်ခဲ့လို့လဲ ..၊

သူမက လူကို တစ်ချက်လေးမှ ငဲ့ကြည့်မသွားပေမယ့် သူကတော့ ရန်ပွဲတစ်ခုလုံးကိုလည်း မျောက်မရ ..၊ သူမရဲ့ ပုံပန်းသဏ္ဌာန်ကိုလည်း မြင်ယောင်နေသည်။

ပြီးတော့ လှပသောနှုတ်ခမ်းလွှာလေးတွေက မထစ်မငေါ့ ထိထိမိမိ ပြောချသွားသည့်စကားသံတွေကို ပြန်တွေးပြီး ခေါင်းခါမိသည်။

ပြီးတော့ ပြုံးမိကာ ...

မလွယ်ဘူး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"မလွယ်ဘူးဆိုတာက သမီးအတွက် ဖေကြီး ပြောနေတာမို့လား…၊ အဲဒါကို မေ့ထားလိုက်ပါ … လွယ်တယ် …၊ မလွယ်တာကို လွယ်အောင် လုပ်မယ် … ဖေကြီး အေးဆေးနေ …"

"သမီး …"

ကရုဏာဒေါသနှင့် ဦးသက်ငြိမ် လေသံက မာကျောနေကာ …

"ဒီတစ်ခါ ဖေကြီးစကားကို သမီး နားထောင်စမ်းပါ …"

"မဟုတ်ဘူး ဖေကြီး … ဖေကြီး သေချာ စဉ်းစားကြည့် …"

သိုက် က ထမင်းချိုင့်ကို ယူသွားပြီး ဆေးဖို့ကိုင်ထားပြီးမှ ပြန်ချသည်။

ပြီးတော့ မျက်ရည်တွေကို သုတ်မစ်ရင်း ဦးသက်ငြိမ် ဘေးမှာ ဝင်ထိုင်လိုက်၏။

"ဒီကပြောင်းသွားကြရင်လည်း သူတို့ ဒီလိုပဲ မကြားဝံ့မနာသာတွေ ပြောနေကြဦးမှာပဲ …၊ တခြားနေရာမှာ သားအဖအရင်းလို နေလိုက်ရုံနဲ့ ပြီးပြီလို့ ဖေကြီး ထင်သလား …၊ အဲဒီထိ လိုက်မဖွဘူးလို့ရော ဖေကြီး ပြောနိုင်သလား …"





ဦးသက်ငြိမ် မျက်ရည်ဝဲနေသည့် မျက်လုံးတွေကို ဖိမှိတ်ပစ်ကာ နံရံမှာ မျက်နှာမော့ မှီ၏။

"သူတို့ ဘာတွေပြောနေကြသလဲ ဖေကြီး မကြားပါဘူး …"

"မကြားပေမယ့် ခန့်မှန်းလို့ ရတယ် သမီး …"

"မဟုတ်ဘူး … ဖေကြီး ခန့်မှန်းမထားခဲ့တဲ့စကားတွေ သူတို့ ပြောနေကြတာ … အဲဒီလို သမီးတို့ ထွက်သွားမှာကို သူတို့က ကြိုတွက်နေကြတယ် …၊ ဒီတိုင်းပဲလည်း ဖြစ်စေချင်နေကြတယ် …၊ အဲဒီတော့ ဘယ်မှာနေနေ ထင်သလိုပြောကြမှာ အတူတူပဲ … သမီးတို့ ဒီမှာပဲနေမယ်…၊ ဘယ်ကိုမှ မပြောင်းဘူး …"

"ချိုးမွှမ်း ခုနစ်ရက် … ကွဲ့ရဲ့ ခုနစ်ရက်ဆိုတာ ပြီးပျောက်သွားတာမျိုးကို ပြောတာ သမီး …၊ ဖေကြီးတို့ အတူတူ ရှိနေကြသရွေ့ …"

"ဘာဖြစ်လဲ ဖေကြီး … ဖေကြီး အခု ကားတိုက်ခံရမလို ဖြစ်ခဲ့တာ ခြေထောက်ကလည်း ပိုဆိုးသွားသေးတယ် …၊ လူက မကျန်းမာဘူး…"

"ဒါက လောလောဆယ် စိတ်ထောင်းကိုယ်ကြေ ဖြစ်သွားလို့ပါ…"

"အဲဒီတော့ ဖေကြီးက သမီးကို ထားခဲ့ပြီး တခြားထွက်သွားမယ်ပေါ့ …"

ဦးသက်ငြိမ် ပြန်ဖွင့်လိုက်သည့်မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ ဖြစ်ကာ …

"ဖေကြီးတို့ အဲဒီလိုပဲ လုပ်ရမယ် သမီး … သံယောဇဉ် ချစ်ခြင်းမေတ္တာတရားတွေဆိုတာ ဖြူစင်ပါတယ် … ခိုင်မြဲပါတယ်ဆိုပြီး သက်သေထုတ်ပြလို့ရတဲ့အရာ မဟုတ်ဘူး … သဘာဝ ဆီးတားမှုတွေကို …"

"မသိဘူး … ဖေကြီးက သမီးရဲ့အဖေပဲ …၊ သမီးဘဝမှာ အဖေအဖေဆိုတာ မှတ်မိလာတဲ့အရွယ်တည်းက ဖေကြီးက သမီးရဲ့အဖေ…၊ ဖေကြီးလည်း သမီးကို ချစ်ခဲ့တယ် … သမီးတို့ ခွဲဖို့ မလိုပါဘူး …၊ ဘယ်သူ ဘာပြောပြော သမီး ဂရုမစိုက်ဘူး …"



www.burmeseclassic.com

www.burmeseclassic.com



"သမီး .."

နောက်ထပ် လေသံမာနိုင်ဖို့ ကြိုးစားရင်း ဦးသက်ငြိမ် အသံတွေ အဖျားခတ် တုန်ခါသွားသည်။ ပြီးတော့ ထိန်းချုပ်သမျှ ရှိုက်ကြီးတငင် ငိုလေသည်။

"ဖေကြီး အဲလို မငိုပါနဲ့ .."

သိုက် က ဦးသက်ငြိမ် ရဲ့လက်မောင်းတစ်ဖက်ကို ပွေ့ဖက်ခါရင်း ခေါင်းတွေပါ ခါသည်။ နှစ်ယောက်၏ရှိုက်သံသည် အတန်ကြာ ရောထွေးနေခဲ့လျက် ...

"သမီး .."

သိုက် ရဲ့ခေါင်းလေးကို ဦးသက်ငြိမ် က လက်တစ်ဖက်နဲ့ ကတုန်ကယင် စမ်းလိုက်ကာ ...

"ဖေကြီးတို့ လုပ်သင့်တာကို လုပ်ရမယ် .."

"ဘာလုပ်မှာလဲ ဖေကြီး .. သမီးကို ဖေကြီး ကိုယ့်သမီးလေးလို ချစ်ခဲ့တာမို့လား ..၊ မအေ မရှိတော့တာနဲ့ သမီးတစ်ယောက်တည်းကို ထားပြီး ထွက်သွားတဲ့အဖေ ဘယ်မှာရှိသလဲ ..၊ သမီးဘဝကိုရော မိဘမဲ့ ဘဝနဲ့ သမီး ဘယ်လို ရပ်တည်မှာလဲ .."

"ဒါပေမယ့် သမီး ဒီနေ့ အရှက်တကွဲဖြစ်ရတာမျိုးထက်စာရင် သက်သာလိမ့်မယ် .."

လမ်းလယ်ခေါင်မှာ ပက်ပက်စက်စက် အပြောခံရကာ ကိုယ်ထိ လက်ရောက် သတ်ပုတ် စော်ကားတာကိုလည်း ခံရသေးသည်။

သူနဲ့ သိုက် ရဲ့ လတ်တလော ကြုံတွေ့နေရသမျှဟာ ချစ်သောသူ ကို ဆုံးရှုံးခဲ့ရခြင်းနဲ့တင် လူဖြစ်ရှုံးခဲ့ပြီးသားပါ ..။

ဒါပေမယ့် သေသားတွေ နိုးခဲ့ကြတဲ့အထိ ပတ်ဝန်းကျင်၏အထင် မြင်သေး စော်ကားခြင်းကို ခံခဲ့ကြရသည်။ ပြန်တွေးမိတိုင်း နာကျင်ခဲ့ရသည့်ည ..၊





"ဟေး .. ဖယ်လေကွာ .. ဘာလဲဟ .. အိပ်မက်မက်ပြီး လမ်းထ လျှောက်နေတာလား .."

"အား!..."

ကားတစ်စီး ခြံတစ်ခြံထဲကနေ တလကြမ်း ကွေ့ထွက်လာပြီး သူ့ ဘေးက ပွတ်ကပ် ထွက်သွားသည်။

လူမမာအတွက် ဆရာဝန်ဆီ အမြန်ရောက်ဖို့ ခြေထောက်နာနေ တာတောင် ဂရုမစိုက်နိုင်ဘဲ ထော့ကျိုးနဲ့အတိုင်း သူ အပြေးတစ်ပိုင်း သွားနေခဲ့သည်။

ကားစက်နှိုးလိုက်သံကို ကြားပေမယ့် အသိစိတ်ထဲမှာ သူ အပြေး အလွှားသွားနေခဲ့တာက လူသူမရှိသော ညဦးသန်းခေါင်ကျော် လမ်းပေါ် မှာ ..၊

ဝင်းခနဲ ကားမီးရောင်ကို သတိထားမိတော့ လမ်းပေါ်တက်လာ သည့်ကားဆိုတာ သိလိုက်သည်။

ဘေးကပ်ပေးဖို့လည်း ကြိုးစားခဲ့၏။

ဒါပေမယ့် မထင်မှတ်သည့်အမြန်နှုန်းနှင့် ကားက ကိုယ့်နောက် ရောက်လာခဲ့တာ ဖြစ်သည်။

ထို့ပြင် ထင်သလိုမောင်းလာပြီး ကားပေါ်ကနေ လူ့ကို ဆဲရေးပြော ဆိုသွားကြတာ မျိုးစုံ ..၊

သူတို့ ဘယ်လို အလျှင်လိုပြီး ထွက်လာကြမှန်း မသိပေမယ့် ကိုယ့် လိုပဲ အရင်လိုစရာကိစ္စနဲ့လားလို့ မတွေး ..၊

လွတ်အောင် မရှောင်ခဲ့သည့်အပြင် လဲကျ ကျန်ရစ်ခဲ့တာကိုလည်း မြင်ပါလျက်နှင့် ...

လူတစ်ယောက်လုံးကို တိရစ္ဆာန်တစ်ကောင်လို သူတို့ကတော့ ဆဲရေးသွားခဲ့သေးသည်။

သူ့မှာတော့ ဒဏ်ရာနှင့် လဲကျသည့် နောက်ထပ်ဒဏ်ရာတွေ အထပ်

www.burmeseclassic.com

www.burmeseclassic.com



ထပ် ဖြစ်ရရင်း ခွေးရှိတဲ့အိမ်ရှေ့မှာ လဲကျပြီး ပြန်လည်း မထနိုင် ...၊

ထိုညမှာ တိုက်ဆိုင်စွာ ဖြစ်ပျက်ခဲ့ရသမျှနှင့် ပတ်သက်ပြီး သမီးလေး အရှက်သိက္ခာအတွက် သူ ဘာတစ်ခွန်းမျှလည်း နိုင်လုံစွာ မရှင်းပြနိုင်ခဲ့ပေ ...။

တကယ်တော့ ထိုညက သမီးသာ ရောက်မလာခဲ့ရင် သူ့အတွက်က တွေးရဲစရာပင် မရှိ ...။

ခွေးတစ်ကောင်ကိုက်လို့ ပွဲချင်းပြီးသေတဲ့ မသာ မရှိခဲ့ဘူးရင်တောင် သူကတော့ သေသွားလိမ့်မည် ထင်သည်။

အဘယ့်ကြောင့်ဆိုလျှင် ဆရာဝန်ဆီ ပြေးလာခဲ့ရပေမယ့် ယမင်းရဲ့ အခြေအနေကို သိနေသည့် သူ့ရင်ထဲမှာ မီးတွေ လောင်မြိုက်နေခဲ့၏။

ပြေးလွှားနေပေမယ့် ပြိုလဲချင်နေသည့် ခြေထောက်တို့က မနိုင်ချင် ...၊

ခွေးတစ်ကောင်ကို အနိုင်ပြန်တိုက်ဖို့ သူ့မှာ အင်အားရှိမနေခဲ့တာ သေချာပါသည်။ ခုတော့ ...

ဦးသက်ငြိမ် တင်းခနဲ အံကြိတ်ကာ မျက်နှာကို လက်ဖဝါးနဲ့ ဖိပွတ်ပစ်မိသည်။

"ဖေကြီး ပြောမှာကို သမီး နားထောင် ..."

"သမီးတို့ ခွဲကြဖို့တော့ မပြောပါနဲ့ ဖေကြီးရယ် .. သမီးကို မရက်စက်ပါနဲ့ ...၊ သမီးတောင်မှ ဂရုမစိုက်နိုင်ဘဲ နေသေးတာ .. ဖေကြီးကငါက သမီးရဲ့အဖေဆိုတဲ့ ယုံကြည်ချက်နဲ့ နေမပေးနိုင်ဘူးလား .."

သိုက် သည် ရှိုက်သံတစ်ဝက်နှင့် လိုချင်ရာကို အတင်းပြောနေကာ ဦးသက်ငြိမ် ရှင်းပြနေတာကို နည်းနည်းလေးမှ လက်မခံ ...၊

"ဒီလိုသတင်းစကားတွေကို ခုမှ ရင်ဆိုင်ကြရတာလည်း မဟုတ်ပါဘူး .. မေမေ ရှိနေတုန်းကတော့ ဖေကြီး အပြုံးမပျက်ခဲ့ဘဲနဲ့ မေမေမရှိတော့မှ .."





ဦးသက်ငြိမ် ရင်ထဲမှာ နင့်သွားကာ သိုက် ရဲ့ဆံပင်လေးတွေကို ပွတ်သပ်ပေးမိသည်။

"သမီး မေမေ့ကိုရော ဖေကြီးကိုပါ ဆုံးရှုံးမခံနိုင်ဘူး .. မိဘနှစ်ပါးစလုံး မဲ့ရမယ့် သမီးအဖြစ်ကိုလည်း ပြန်တွေးကြည့်ပါဦး ဖေကြီးရယ်.. သမီး မသိအောင် ဖေကြီး တစ်ခုခု လုပ်သွားမယ်ဆိုရင်လည်း သမီးနားက ဖေကြီး ထွက်သွားပြီဆိုတာနဲ့ သမီးလည်း .."

"မပြောရဘူး သမီး .."

ဦးသက်ငြိမ် သိုက် ရဲ့ခေါင်းလေးကို လက်မောင်းနဲ့ဖိကပ်ထားလိုက်ပြီး စိုးရိမ်စွာ တားမိသည်။

"ဖေကြီးတို့ အကောင်းဆုံးဖြစ်အောင် စဉ်းစားကြမယ် ...၊ တိတ်.. တိတ် .. သမီး ဗိုက်ဆာပြီမို့လား .. ဖေကြီး ငါးဥ ကြော်ထားတယ် ...၊ ကန်စွန်းရွက်ချဉ်ရည်ဟင်းလေးနဲ့ သွားစားလိုက် .."

"မစားချင်ဘူး .. ဖေကြီး ဒီမှာ ထိုင်ငိုနေဦးမှာမို့လား .."

မီးရောင်အောက်မှာ ဦးသက်ငြိမ် မျက်နှာက ဖြူဖျော့နွမ်းလျစွာရှိလျက် ...

"လူကြီးဆိုတော့ ရှေ့ရေးနောက်ရေး တွေးရတာပေါ့ သမီးရယ်.."

"တွေးတဲ့ထဲမှာ သမီးတို့ ဒီကပြောင်းဖို့တွေ .. ခွဲနေကြဖို့တွေ ပါမှာပဲမို့လား .."

"ဟုတ်တယ် ကိုသက်ငြိမ် .. ရှင် အဲ့ဒါတွေကို ခေါင်းထဲကထုတ်လိုက်ပါရှင် .."

စကားသံနှင့်အတူ ဘယ်တုန်းကရောက်နေမှန်း မသိသော လမ်းထိပ် နှစ်ထပ်ခွဲတိုက်ကြီးက ဒေါ်ဥမ္မာ က တံခါးဝကနေ တစ်လှမ်းချင်း ဝင်လာသည်။

"ကျွန်မ ရောက်နေတာကြာပြီ .. ရှင်တို့သားအဖ ပြောနေတာတွေကိုကြားရပြီး စိတ်မကောင်းလွန်းလို့ ဒီတိုင်း ရပ်နေမိခဲ့တာ တောင်းပန်

www.burmeseclassic.com



ပါတယ်ရှင် ..”

“ထိုင်ပါ ဒေါ်ဥမ္မာ ..”

“အန်တီ ထိုင်ပါဦး ..”

သိုက် ကလည်း ဦးသက်ငြိမ် ကို တွဲထူကာ ကုလားထိုင်ပေါ်မှာ ထိုင်မိတဲ့အထိ ပို့ပေး၏။

ညှိခန်းမှာ ကုလားထိုင်တွေ ရှိပါလျက်နှင့် စိတ်ဓာတ်ကျဆင်း၍ ချောင်တစ်ချောင်မှာ ကပ်ငိုနေကြသည့် သားအဖအဖြစ်က စိတ်ချမ်းမြေ့ဖွယ် မရှိပေ...။

“ကိုသက်ငြိမ် ကရော ကျန်းမာရဲ့လား .. မျက်နှာက ပိန်ကျသွားလိုက်တာ ..”

“ဖေကြီး မကျန်းမာဘူး အန်တီ ...၊ ညညဆို ချွေးစေးတွေပြန်ပြီး အန်တာ သုံးညရှိပြီ .. ဘာမှလည်း သိပ်မစားဘူး ..”

ပြောပြနေရင်း သိုက် က ငိုသည်။ ဒေါ်ဥမ္မာ က သက်ပြင်းရှိုက်ရင်း ခေါင်းညိတ်၏။

ဒီမိသားစုရဲ့အဖြစ်တွေကို အစတည်းက ဟိုလူပြော ဒီလူပြောနဲ့ သူမ ကြားနေခဲ့ရသည်။

ပြဿနာဖြစ်ကြတဲ့ညကလည်း ကိုယ့်အိမ်နဲ့ မျက်စောင်းထိုးနေရာလောက်မှာမို့ သူမ အားလုံး မြင်ခဲ့ ကြားခဲ့သည်။

တစ်ခါတလေ တိုက်ဆိုင်ခြင်းဟာ ဘယ်လောက်ထိ ကြောက်စရာကောင်းမှန်း ယုံကြည်လက်ခံထားသူမို့ ဒီအဖြစ်တွေကို လူတွေပြောတဲ့အတိုင်း သူမ မယုံပေ ...။

ပြီးတော့ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြတဲ့အထဲမှာ ပထွေးတိုင်း ယုတ်မာနေကြသလား ...၊ ပထွေးနဲ့နေရတဲ့ မိန်းကလေးတိုင်းပဲ ပျက်စီးတတ်သလား ...၊

“ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ .. ဒီမိန်းကလေးရဲ့ နိဂုံးရာမှဲ့





ဘဝဟာ ရှင်မှ ထပ်မရှိတော့ရင် ဘာဖြစ်သွားမလဲဆိုတာ တွေးလေ ..၊ ပတ်ဝန်းကျင်က အရေးကြီးသလား .. ဒီကလေးရဲ့ဘဝက အရေးကြီးသလား .. ဖယ်ထားသင့်တာကိုတော့ ဖယ်ထားရမှာပဲမို့လား ..”

“ပတ်ဝန်းကျင်နဲ့ ကျွန်တော့်သမီးက အရမ်းအရေးကြီးပါတယ်..၊ ကျွန်တော့်မိန်းမ မရှိတော့တဲ့နောက်မှာ ကျွန်တော့်ထက် ပိုအရေးကြီးတာ သမီးပဲ ..၊ သူ့ထက် ပိုအရေးကြီးတာ ဘာမှမရှိဘူး .. ကျွန်တော်က ထွက်သွားမှာပေမယ့် သမီးကို ..”

“အဝေးက စောင့်ရှောက်နေလည်း အပြောအဆိုတွေက လွတ်သွားမှာ မဟုတ်ဘူးလေ .. ပြီးတော့ ရှင်ကိုယ်တိုင်က လမ်းတောင်မလျှောက်နိုင်ဘဲနဲ့ သိုက် ကို ဘယ်လိုထောက်ပံ့မှာလဲ ..၊ ခုချိန်မှာ ဘယ်သူ့ခွဲခွဲ သွေးမကွဲဘဲ တစ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေကြရမှာ ..”

“ပြောပေးပါဦး အန်တီရယ် .. ဖေကြီးကို ဒီလိုပုံစံမျိုးနဲ့ သမီး ဘယ်လိုလုပ် ခွဲနိုင်မှာလဲ ..”

“ဟုတ်တယ် ကိုသက်ငြိမ် .. ရှင့်ကြောင့် သိုက် ဘဝ စွန်းထင်းမှာ မစိုးရိမ်ပါနဲ့ ...၊ သိုက် အတွက် ရှင်ကသာ အရိပ်ကောင်း တစ်ခုပါ .. မိဘအရိပ်ထက် လုံခြုံ[illegible]ရှိဘူး ...၊ ရှင်တို့ကို ကျွန်မလိုပဲ စာနာနားလည်နေကြတဲ့လူတွေ ရှိသေးတယ်ဆိုတာလည်း မမေ့ပါနဲ့.. ‘လူမိုက်တစ်သောင်း ကဲ့ရဲ့သောင်းလည်း လူလိမ္မာတစ်ယောက် ချီးမွမ်းသလောက် ခရီးမရောက်ဘူး’ တဲ့ ..”

ဒေါ်ဥမ္မာ က ဆိုရိုးစကားတွေနဲ့ယှဉ်ပြီး ပြောပြနေကာ ...

“ကျွန်မတို့က ကိုယ့်ကိုယ်ကိုယ် လူလိမ္မာလို့တော့ မပြောပါဘူး..၊ ဒါပေမယ့် ကျွန်မယောက်ျားက ဒီရပ်ကွက်တစ်ခုလုံးရဲ့ ဥက္ကဋ္ဌပဲ.. ကျွန်မကူညီနိုင်တဲ့ဘက်က ကူညီဖို့လည်း ဆုံးဖြတ်ထားတယ် ..”

ဦးသက်ငြိမ် မျက်နှာ ဖျော့လဲ့ချက်တို့နှင့် မော့လာတော့ ဒေါ်ဥမ္မာ



www.burmeseclassic.com

www.burmeseclassic.com



က ပြုံးပြကာ ...

"သိုက် တို့ ဒီညနေ ဖြစ်ကြတဲ့ပြဿနာကလည်း ရှိတော့ ဒီလို အတင်းအဖျင်းတွေ နောက်မပြောရဲအောင် အမိကကတော့ ကွယ်ရာမှာ ပြောကြတာ မဟုတ်ဘဲ လူတစ်ယောက်ကို စိန်ခေါ်ရန်စသလို ညစ်ညမ်းသောစကားနဲ့ သိက္ခာချ အရှက်ရစေတာမျိုးပေါ့ ... ခုလိုအသံမျိုး နောက်ထပ် မထွက်ရဲအောင် ပြောလာတဲ့လူ ဘာဖြစ်မယ်ဆိုတဲ့ တားမြစ်ချက်ထုတ်ပေးမယ် .."

သိုက် ရင်ထဲမှာ အတိုင်းအဆ မရှိ ပျော်သွားခဲ့သည်။

"ဒီလိုပြောတတ်တဲ့လူတွေက ဓမ္မာရုံတရားပွဲကိုတော့ မှန်မှန်လာကြပါတယ် ...၊ အဲဒီလို လူစုမိကြတဲ့အခါ ကျွန်မတို့ကိုယ်တိုင်ကလည်း မပြောသင့်တဲ့စကားတွေ မပြောကြဖို့ နားလည်အောင် ပြောပြပေးပါ့မယ် ...၊ တကယ်တော့ ကိုယ်ပြောတဲ့စကားကြောင့် ဘယ်သူတွေ ဘယ်လောက်နစ်နာသွားကြမလဲဆိုတာထိ မတွေးဘဲ ပါးစပ်ဖျားကနေ သူ့ထက်ငါ သတင်းထူး ပြောနိုင်ရေးအတွက် ဝါသနာကြီးနေကြတာ .."

ဦးသက်ငြိမ် ခေါင်းငုံ့သွားရင်း အံကြိတ်သည်။

"ဘုရားမှန်း တရားမှန်း သိတဲ့လူတိုင်းမှာ မေတ္တာစိတ်ဆိုတာ ရှိကြတာပဲ ...၊ အကျိုးအကြောင်း အဆိုးအကောင်းတွေ သေချာ ရှင်းပြလိုက်ရင် နားလည်သွားကြမှာပါ ...၊ ဘယ်ကိုမှ မပြောင်းကြပါနဲ့ရှင် .. တစ်ယောက်တခြားလည်း ခွဲထွက်မသွားပါနဲ့ .. ဒီရပ်ကွက်က ရှင်တို့အတွက် ငယ်မွေးခြံပေါက် မဟုတ်ပေမယ့် သိုက်လေး ခပ်ငယ်ငယ်တည်းက နေလာခဲ့ကြတာပဲ ...၊ ရှင်တို့ကို ဒီလူတွေထက်ပိုပြီး ဘယ်သူက နားလည်မှာလဲ .."

ဒေါ်ဥမ္မာ ပြောနေတာတွေက မှန်ပါသည်။ သို့သော် ...

"ဘယ်အရပ်ကိုသွားသွား ပတ်ဝန်းကျင်ဆိုတာ ရှိနေမှာပဲ ...၊ ဆိုးလာတိုင်း ရှောင်ပြေးနေရင် ဘယ်တော့မှ ပြေးလို့ဆုံးမှာ မဟုတ်တော့





ဘူး ...၊ သမီး ပြောတာ မှန်တယ် ကိုသက်ငြိမ် .. ရှိပြီးသားလူတွေနဲ့ပဲ ရောထွေးနိုင်ဖို့ ကြိုးစားပါရှင် .. ချိတ်ဆက်လွဲမှားနေတာတွေ တည့်မတ်မှန်ကန်သွားတဲ့အခါ လူတွေက ခင်မင်စရာတွေ ဖြစ်လာမှာပါ .."

ဦးသက်ငြိမ် ကျေးဇူးတင် ဝမ်းသာသောအပြုံးတို့နှင့် ခေါင်းညိတ်၍ သမီးမျက်နှာလေးကို ကြည့်မိသည်။ ပြီးတော့မှ ဒေါ်ဥမ္မာ ဘက်ကို လှည့်၍ ...

"အရမ်းကို ကျေးဇူးတင်ပါတယ်ဗျာ .. ကျွန်တော်တို့ရင်ထဲမှာ ချမ်းမြေ့မှုတွေ ရခဲ့သလို ဒေါ်ဥမ္မာ တို့ မိသားစု ကျန်းမာ ချမ်းသာပါစေ.."

လှိုက်လှဲကြည်နူးစွာ ဆုတောင်းပေးမိသည်။ သူမပြောသည့်အတိုင်း တကယ် ကူညီဆောင်ရွက်ပေးမည်ဖြစ်စေ .. မပေးခဲ့ဘူး ဖြစ်စေပါ ...၊

လောလောဆယ် အုံ့ဖွဲ့ ပူလောင်ခြင်းတွေ ပျောက်သွားခဲ့သည်။ လမ်းပျောက်နေတုန်းမှာ ကိုယ်သွားသင့်သည့်လမ်းကို မီးထိုးပြခဲ့သော အလင်းရောင်ရှင် ...၊

သမီးလေးအတွက် သူ ရပ်တည်ပေးရတော့မည့်ဘဝအတွက် ဘာတွေလုပ်သင့်သလဲဆိုတာ သူ တွေးရတော့မည်။

ဒေါ်ဥမ္မာ ပြန်သွားသည်နှင့် ရင်ခွင်ထဲဝင်လာသော မျက်ရည်တို့နှင့် မျက်နှာလေးကို မျက်ရည်သုတ်ပေးရင်း ချော့မော့မိသည်။

"တိတ်ပါ သမီးရယ် .. ဖေကြီး မှားသွားပါတယ် ...၊ သမီးက အသက်ငယ်ပေမယ့် လူကြီးတစ်ယောက်ထက် ပိုပြီး တွေးနိုင်တယ်...၊ သတ္တိရှိတယ် .. ဖေကြီးကတော့ .."

"မဟုတ်ဘူး .. ဖေကြီးက သမီးအတွက်ချည်းပဲ ရှေ့တန်းတင်တွေးနေလို့ပါ...၊ နောက်ကို ပျော်ပျော်ရွှင်ရွှင်နေသွားကြမယ်ဆိုတဲ့ ကတိကိုပဲ ပေးပါ ဖေကြီး ရယ် .. နော် .."

ပူလောင်နေခြင်းတို့ တဒင်္ဂ ငြိမ်းသေသွားသည့်ခဏမှာ ရင်ထဲမှာ အေးမြသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယမင်း ရယ် .. မင်း ကိုယ်တို့သားအဖကို ဘာဖြစ်လို့ စောစော စီးစီး ထားရစ်ခဲ့တာလဲ ..၊

ကိုယ့်ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူးပဲ တွေးနေခဲ့ပေမယ့် အခု မင်း မရှိတော့တဲ့အတွက် ငါတို့ သမီးလေးပါ ဘဝပျက်မတတ် ခံစားနေရ ပြီ ..။

အဲဒါ မင်း မရှိလို့ ..၊

ရင်ထဲမှာ တမ်းတမ်းတတ ငိုကြွေးနေမိ၏။

သူမ မရှိတော့သည့်နောက်မှာ အစစအရာရာ ဖိတ်စဉ်ကွဲကြေစေ ခဲ့သော အပိုင်းအစတို့ဟာ နို့ထည့်သောဖန်ခွက်တစ်လုံး မဟုတ်ခဲ့လေ ရာ ..၊







## အခန်း (၉)

ရပ်ကွက်ထဲက အသံဗလံတွေကို တစ်ဆင့်ကြားသွားသဖြင့် သူဌေး ဦးမြညွန့် ဒီတစ်ခါ အိမ်ကိုရောက်လာတော့ အမျိုးသမီးမိတ်ဆွေ တစ် ယောက်ပါ ပါလာ၏။

လူမမာစာတွေအပြင် ဆေးတွေလည်း ပါသည်။ ကူညီတာပါဆို ပြီး ငွေတွေလည်း ပေးသွား၏။

ဒေါ်ယမင်း ရဲ့ နာရေးကိစ္စအဝဝမှာ အားလုံး ပြီးပြည့်စုံအောင် ကူညီဆောင်ရွက်ပေးသွားတာလည်း ဦးမြညွန့် ပဲမို့ ဦးသက်ငြိမ် အားနာ နေပါပြီ ..။

"လူကျန်းမာဖို့က အဓိကကွ .. မင်း နေကောင်းလာရင် ကုန်သွား တဲ့ငွေကိုရော မရသေးတဲ့အရာရာကိုပါ ကြိုးစားရယူဖို့ အခွင့်အရေးတွေ အများကြီး ရှိတယ် ..၊ ကျန်းမာအောင် နေ .."

အိမ်ထဲက ပြန်ထွက်သွားကြတော့ သိုက် က အပြင်ထိ ထွက်ပြီး လိုက်ပို့သည်။ ဦးသက်ငြိမ် နေရာမှ အားတင်းထရပ်ကာ အပြင်ကို လှမ်း ကြည့်လိုက်တော့ ဦးမြညွန့် တို့နဲ့ သိုက် က စကားတပြောပြောနှင့် ကားနားထိ ရောက်နေကြပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြညွန့် က အမျိုးသမီးကို လှည့်ပြောသည်။ အမျိုးသမီးကလည်း လှည့်ပြောသည်။ နှစ်ယောက်စလုံးက သိုက် ကိုပဲ တစ်ခုခုပြောနေကြတာ ဖြစ်ကာ ...

"သူဌေး ဘာတွေပြောသွားတာလဲ သမီး .."

"အားမငယ်ဖို့ပါပဲ .. ပြီးတော့ သမီးအတွက်လည်း အလုပ်ကို ကောင်းကောင်း ရှာပေးမယ်တဲ့ .."

ဦးသက်ငြိမ် မျက်မှောင်ကုတ်သွားသည်။ ခဏကြာမှ ...

"သူဌေးရဲ့သိက္ခာတရားကို ယုံပေမယ့် သူဌေးနဲ့ပတ်သက်တဲ့ အလုပ်တစ်နေရာရာကို မမက်ပါနဲ့ သမီးရယ် .. ဖေကြီး ဘာလို့ပြောတာလဲဆိုတာ သမီး သိမှာပါ .."

"ဟုတ် .."

ခေါင်းညိတ် နာခံခဲ့ပေမယ့် စိတ်လိုလက်ရ မရှိသည့် သိုက် ရဲ့ မျက်နှာလေးက မကြည်လင် ...၊

အလုပ်လုပ်ချင်နေတာကို တားမိတော့လည်း ဒီလောက်တော့ ရှိရှာမည်လို့ တွက်မိခဲ့၏။

တကယ်တော့ သိုက် ဘာတွေလုပ်ဖို့ ကြံစည်နေတယ်ဆိုတာ သူ မရိပ်မိခဲ့ခြင်းသာ ...၊

"သမီး ဒီနေ့ အလုပ်မသွားရဘူးလား .."

"သွားရမှာ ဖေကြီး .. ဒါပေမယ့် နည်းနည်းနောက်ကျခံလို့ ရတယ် ဒီနေ့ .."

"ဒီနေ့မှ ဘာဖြစ်လို့ နောက်ကျခွင့် ရှိရတာလဲ .."

ပဲပြားတုံးလေးတွေ ဆီအိုးထဲမှာ ဟိုဘက်ဒီဘက် လှိမ့်ကြော်နေရင်း ဘယ်လိုဖြေရမလဲဆိုတာကို အပြင်းအထန် စဉ်းစားမိသည်။

"ဒီနေ့လား .. ဟိုဥစ္စာလေ ဖေကြီး ...၊ အလုပ်ရှင်က မြေးအငယ်ဆုံးလေး ပုခက်ထဲက ကလေးလေး မွေးနေ့ .."





"အော် ..."

"ဟုတ် .. အဲဒါကြောင့် .."

အပြင်ကို လှည့်အော်ပြောရင်း ကားမောင်းရမည့်အဖြစ်ကို တွေးပြီး နည်းနည်းတော့ ရင်ခုန်၏။

မနေ့က သူဌေးဦးမြညွန့် တို့ လာသွားတုန်း သူမအတွက် အလုပ်တစ်ခုရှိကြောင်း ပြောသွားသည်။

ဦးသက်ငြိမ် တက္ကစီမောင်းပြီဆိုတည်းက သိုက် ကို မကြာခဏ ခေါ်သွားကာ ကားမောင်းသင်ပေးထားခဲ့သည်။ မောင်းတတ်ပြီထင်တော့ ဒီဖအေနဲ့ ကားလိုက်မောင်းဖို့ပဲ သိုက် က တာစူနေခဲ့၏။

နောက်ပိုင်းမှာ ဦးသက်ငြိမ် ထမင်း ပြန်စားဖြစ်သည့်နေ့တွေဆို ကားပြန်ထွက်တာနှင့် သိုက် က လိုက်သည်။ ဖအေကို သားမှာထားပြီး သူပဲ မောင်း၍ ပါစင်ဂျာ ပို့၏။

ဒေါ်ယမင်း ကျန်းမာနေတုန်းကတော့ ဦးသက်ငြိမ် တစ်ယောက်တည်းရှာနေတာနှင့် အိမ်မှာ ပြည့်စုံသည်။

တစ်ယောက်က စပြီး ယိုင်လဲသွားလိုက်တာမှာ ဦးသက်ငြိမ် ၏ တက်ကြွခြင်းတွေကလည်း ဇနီးကို စိတ်ပူတာကတစ်ဖက်နှင့် ရှေ့တိုးရင်း နောက်ပြန်ကြည့်နေရတာမျိုး ဖြစ်ခဲ့ရ၏။

သမီးက တက္ကသိုလ်ကျောင်းသူကြီး ဖြစ်လာတော့ တစ်ခါ ပူပင်ရပြန်သည်။ ပတ်ဝန်းကျင်၏ ဟိုဒီအပြောတွေကလည်း သိုက် ဆိုတဲ့ မိန်းကလေး အလှသွေးကြွယ်လာလေ ပိုဆိုးလာလေ ...၊

ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ရိုက်ခတ်သော အမျိုးမျိုးသော အဆင်မပြေမှုများကြောင့် ပထမဆုံး ကျဆင်းခဲ့သည်က စိတ်ဓာတ် အင်အား ...၊

နောက်ထပ် စီးပွားရေးအပြင် ဦးသက်ငြိမ် အက်ဆီးဒင့်ဖြစ်ပြီး လင်မယားနှစ်ယောက်စလုံး လူမမာဘဝ လုံးလုံးရောက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက် ကိုယ်တိုင် အလုပ်စုံစမ်းပြီး ဟိုအလုပ် ဝင်လုပ်၊ ဒီအလုပ်မှာ ပါနှင့် အခက်အခဲတွေက ရပ်ဖျက်ဆင်းပျက် စတင်လာခဲ့၏။

ထို့ကြောင့် ဒေါ်ယမင်း ကလည်း သူမမှာ အစာအိမ်ကင်ဆာ ဖြစ်နေတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောဘဲ ရေငုံနှုတ်ပိတ် နေခဲ့၏။

တကယ်ဆို ညတွင်းချင်း အပြင်းအထန် ခံစားပြီး အသက်ပါတဲ့အထိ ဆိုးဝါးခဲ့ရတာဟာ ဦးသက်ငြိမ် တို့ ဘာမှမသိခဲ့ရတာကြောင့် ဖြစ်သည်။

ဘယ်လိုရောဂါမဆို ကြိုသိထားလျှင် ကြိုတင်ကာကွယ်လို့ ရသည်။ ခုတော့ မိသားစု ဒုက္ခရောက်နေတာကို ညှာပြီး ဒေါ်ယမင်း ကိုယ့်ရောဂါကို မျိုသိပ်၍ အသက်ပါခဲ့ရတဲ့အထိ အံကြိတ် ခံစားခဲ့၏။

"ဟာ!... သမီး .. သမီး ဘာတွေ တူးကုန်ပြီလဲ .."

ဟင်!...

ငုတ်တုတ်ထိုင်ကာ ဒူးနှစ်ဖက်ပေါ် မျက်နှာမှောက်၍ တရှိုက်ရှိုက် ငိုနေမိစဉ် အနံ့ကိုရော ဦးသက်ငြိမ် အော်ပြောသံကိုပါ ကြားလိုက်၏။

"သမီး .."

"ဖေကြီး ဘာမှ မဖြစ် .."

ပဲပြားတုံးတွေ တူးခြစ်နေသည့် ဒယ်အိုးကို မီးဖိုပေါ်က ဆွဲချလိုက်ကာ ဖုံးဖိဖို့ ပါးစပ်ပြင်လိုက်ပေမယ့် သူမနောက်မှာ ဦးသက်ငြိမ် က ချိုင်းထောက်ကြီးနဲ့ ရပ်လျက် ...

"ဖေကြီး ဟိုလေ .."

"သမီးရယ် .."

ကမန်းကတန်း ထရပ်လိုက်သည့် သိုက် ရဲ့မျက်နှာမှာ မျက်ရည်တွေ စိုရွှဲနေဆဲ ရှိကာ ...

"ဖေကြီး သမီး .. သမီး မေမေ့ကို သတိရလို့ပါ .."

ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ပြီး ရှိုက်ငိုနေသဖြင့် ဦးသက်ငြိမ် ရဲ့





မျက်ခမ်းစပ်တွေ နီရဲကာ မျက်ရည်ရောင်တွေ လက်လာခဲ့၏။ နှာသီးဖျားတို့ပါ နီရဲလာလျှင် အံကြိတ်ထားမိပြီး သိုက် ရဲ့ဆံစလေးတွေကို ကလေးချော့သလို ပွတ်သပ်ပေးမိရင်း ...

"ဖေကြီးတို့ သမီးဘဝရှေ့ရေးအတွက် ခေါင်းအေးဆေးနဲ့ စီစဉ်ဆုံးဖြတ်ကြရမှာတွေ ရှိသေးတယ် သမီး .. ငိုးသွားခဲ့တာကို ထားလိုက်ပါ သမီးရယ် .."

"ဖေကြီးရယ် မေမေက သမီးတို့ကို ငဲ့ပြီး ဘာမှမပြောဘဲ အသေခံသွားခဲ့တာ .."

ဒါကို သူမ သေဆုံးသွားပြီဆိုမှ သူမ သိမ်းဝှက်ထားခဲ့သည့် ဆေးစစ်ချက်အဖြေတွေကို တွေ့လို့ သိခဲ့ရတာ ဖြစ်သည်။

ဦးသက်ငြိမ် စကားပြောဖို့ ကြိုးစားပေမယ့် အံကြိတ်နေရခြင်းဖြင့် ကြာနေရကာ ...

"ဟုတ်တယ် .."

"... ... ... ..."

"ဟုတ်ပါတယ် သမီးရယ် .. အဲဒီ ညဦးပိုင်းတည်းက သူ့ဝေဒနာ သူသိလို့ ခွဲရမှာတွေ .. မခွဲချင်တာတွေ .. ပြီးတော့ သူ့စိတ်ကူးထဲက သာယာတဲ့မိသားစုဘဝလေးတွေကို ရင်ဖွင့်သွားခဲ့တယ်...၊ ဒါပေမယ့်..."

သိုက် က တရှိုက်ရှိုက် ငိုနေသဖြင့် သူ့စိတ်သူ ထိန်း၍ ငိုသံမထွက်ရအောင် ကြိုးစားမိသည်။

"ဒါပေမယ့် အဲဒါတွေ ထားလိုက်ပါတော့ .."

ဘဝရဲ့အဆိုးအကောင်း ရှိရှိသမျှတွေဟာ ဒီမိသားစုကိုတော့ အဆိုးရွားဆုံးတွေပဲ ရွေးဖယ် ပို့ပေးခဲ့တာလား မသိ ...၊

ငယ်သူမို့ ခံနိုင်ရည်မရှိတာကို နားလည်လို့ ရသည်၊ သူ ဘယ်လိုပြန်မတွေးရဲလောက်အောင် ခံနိုင်ရည်မရှိတာကိုတော့ ဘယ်လိုပြောရမလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်ပြီး ပျော့ညံ့လွန်းတာလား .. ငိုလွယ်ရယ်လွယ် စိတ်ဓာတ်က မိန်းမဆန်နေပြီလား ..၊ သူ ဒီလိုယောက်ျားမျိုးတော့ မဟုတ်ခဲ့ပါ ..။

ယမင်း ဆိုသည့် ချစ်ရဆုံးမိန်းမအပေါ်မှာ သနားကြင်နာ မြတ်နိုးတွယ်တာရလွန်းသည့် မေတ္တာကရုဏာစိတ်တွေ ယိုဖိတ်မိကာမှ ...

"ကို ယမင်း ကို ဘယ်တော့မှ ခွဲမသွားပါဘူးဆိုတဲ့ ကတိပဲ ပေးပါ"တဲ့ ..။

သူ့ရင်ခွင်ကိုပဲ မက်မောတွယ်တာ အားကိုးခဲ့တဲ့ ဇနီးကောင်း..၊ ခုတော့ နှုတ်မဆက် လက်မပြဘဲ သူမက အရင်ခွဲသွားခဲ့ပါပြီ..၊ ဘဝသည် ပျက်စီး ဆုံးရှုံးမှုများစွာဖြင့် ...၊





## အခန်း (၁၀)

တစ်ခုခုများ ထိခိုက်ပျက်စီးရင်တော့ ဒုက္ခ ..၊

ကားကြီးတွေနဲ့ ကားလေးတွေကြားမှာ ကားကတော့ ကျပ်နေတာမဟုတ်ဘဲ သံချောင်းကြီးတွေ .. သွပ်ချပ်ကြီးတွေ ..၊

ကုန်လှောင်ရုံထဲကနေ တော်ကြာ သယ်ထုတ်လာလိုက် .. တော်ကြာ ထောင်ထွက်လာလိုက် ..၊

ကားကြီးတွေပေါ် တင်နေရင်း သံချောင်း တစ်ချောင်းတလေကများ ငါ့ကားမှန်ကို လာထိုးခွဲလိုက်မလား ..၊

လှုပ်လှုပ် လှုပ်လှုပ် တင်ထားတာကြီးတွေကို ကြိုးတုပ် ထိန်းချုပ်တာတွေ မလုပ်မချင်း သိုက် ရင်တမမနှင့် မျက်တောင်မခတ်ရဲဘဲ ဖြစ်နေ၏။

"ဒီ .. ဒီမှာ .. အဲဒါကြီးကို အပေါ် ထပ်ဆွဲလိုက်ပါဦး .. အောက်က ကားလေးပေါ် လျှောကျလာမှာ စိုးလို့ .."

တင်ချနေကြသည့်ထဲက ယူနီဖောင်းနဲ့ လူတစ်ယောက်ကို လှမ်းအော်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်နဲ့ ကားအောက် ပေးယူတင်ချနေသူတွေအားလုံး သိုက်ကို 'ဘာလဲဟ'ဆိုသည့် အကြည့်တွေနှင့် လှမ်းကြည့်ကြ၏။

သိုက် က ကိုယ်လည်း ကက်စတန်မာမှန်း သိအောင် ဝယ်ထားပြီးသည့် ဘီလ်စာရွက်ကို မြင်အောင် ကိုင်ထားလိုက်သည်။

"ညီမ အဲဒီဆောင်ချာ ပေး .."

"ဟင် .. ရော့ .. ဒီမှာ နော် .. ကျွန်မကား .. ဒီပေါ်တင်မှာ .."

ဘေလ်စာရွက်နဲ့ ကားကိုကြည့်ကာ ထိုလူက 'မသိဘူးလား'လို့ မေးသည့် မျက်လုံးနှင့် ကြည့်၏။

"နှစ်ပေကျော်ပြား ငါးစည်းကို ဒီကားထဲ ထည့်ပေးရမှာလား.."

"ဟုတ်တယ်လေ .. ဘာဖြစ်လို့လဲ .."

"ကျွန်တော်တို့ဆိုင်က ပစ္စည်းသယ်ပို့မှုအပေါ် ကြည့်ပြီး ဝန်ဆောင်မှု လုပ်ပေးပါတယ် .. ညီမကားကို ဘက်ခ်နည်းနည်း ပြန်ဆုတ်ပြီး အစ်ဗိုက်(ထ်)ကို မောင်းသွားလိုက် .."

သူက အထွက်တံခါးဘက်ကို ညွှန်ပြတော့ သိုက် ကြောင်တောင်တောင် လိုက်ကြည့်မိသည်။ ပြီးမှ ...

"မောင်းသွားပြီး ဘာလုပ်ရမှာလဲ .."

"ပစ္စည်းကို ဆိုင်ကကားနဲ့ အိမ်အရောက်ပို့ပေးမှာပါ .."

"ပို့ပေးမှာ .."

"ဟုတ်တယ် .."

"အိမ်အရောက် .. ဟုတ်လား .."

"ဟုတ်ပါတယ် .."

"အို .. မဖြစ်ဘူး .."

"ဘာဖြစ်လို့လဲ .."

သိုက် ကားခမရဘဲ နေမှာပေါ့ ..။

ပူပင်သွားသည့်စိတ်နှင့် ပြောမိတော့မလို့ တည်းတည်းလေး ...၊





"ဒါတွေက သူများကို အစားပြန်ပေးရမှာတွေ .. ဘယ်အိမ်ကိုမှ ကားကြီးနဲ့ ဝင်သွားလို့ မဖြစ်ဘူး .."

အဆင်ပြေသလို ပြောချလိုက်တာဆိုတော့ မဆိုး ...၊ ဒါပေမယ့်...

"ကားက မကြီးပါဘူး .. ဟိုဘက်မှာ လိုက်ထရပ်လေးတွေ ရှိတယ်၊ အဲဒါနဲ့ .."

"သြော် .. မဖြစ်ပါဘူးဆိုမှ ...၊ လုပ်ပါ .. ကျွန်မကားပေါ်ပဲ တင်ပါ .."

"မဟုတ်ဘူး နော် .. ကားနဲ့ပစ္စည်းက .."

"ရအောင် တင်ပေးပေါ့ .. ဘာလဲ.. ရှင်တို့ရဲ့ဝန်ဆောင်ခပါ ဒီထဲမှာ ထည့်ထားပြီးသား ဖြစ်နေလို့လား .. ရတယ် ...၊ အဲဒါကို ပြန်မတောင်းဘူး .. တင်မှာသာ တင် .."

"မဟုတ်ပါဘူး .. ကျွန်တော်တို့ဆိုင်က ဝန်ဆောင်မှုပေးတာသက်သက် .."

"ဂျီး .. ဒုန်း .."

"ဟင်!... အမလေး .. ကုန်ပါပြီ .."

စိုးရိမ်နေခဲ့တာ သက်ပြင်းတောင် မချနိုင်သေးဘဲ သွပ်ချပ်ကြီးတစ်ချပ်နဲ့ သိုက် ရဲ့ကားနားထင် တိုက်မိကာ ဘွန်းနက်ပေါ်မှာ ဆွဲခြစ်သွားတာလည်း နည်းတဲ့စင်းကြောင်းကြီး မဟုတ် ...၊

"ကုန်ပါပြီ .. နက်နက်ရှိုင်းရှိုင်းကြီးကို ခြစ်မိသွားတာ ကြည့်စမ်း...ဟယ်.. မီးလုံးဘေားမှာလည်း ပိန်ချိုင့်သွားတာ ကြည့်ပါဦး ...၊ သွပ်စောင်းနဲ့ထိမိတာ ဓားနဲ့ခုတ်လိုက်တာ ကျနေတာပဲ .. ဟယ် .. ဘက်ခ်ကြည့်မှန် ကျိုးသွားသေးတယ် .. ကြည့်ကြပါဦး .."

စင်းရာကို ပြေးစမ်းလိုက် ပိန်ချိုင့်သွားတာကို ပွတ်ကြည့်လိုက်နှင့် ဘက်ခ်မှန် တွဲလွဲကျနေတာကို ကလေးပွေ့သလို လက်ဖဝါးနှစ်ဖက်နဲ့ ပင့်ကိုင်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တီခနဲ တိတ်ကျသွားသည့် အခြေအနေဟာ ကိုယ့်ကို တအံ့တသြ ဝိုင်းဝန်းကြည့်ရှုနေကြပါလားဆိုတာ သိုက် သတိမထားမိ ...၊

ကားက ဖေဖေ မောင်းတဲ့ကား ...၊

ဒီနေ့ ခေါက်တိုလေး သုံးလေးခေါက် ဆွဲပေးရုံနဲ့ နှစ်သောင်း သုံးသောင်းကျော် ရနိုင်မည့် အခွင့်အရေးမို့ ဦးမြညွန့် က တမင် ကား အပ်ပြီး အလုပ်နဲ့ တွဲပေးခဲ့တာ ဖြစ်သည်။

ခုတော့ တစ်ခေါက်မှလည်း မရသေးဘဲ ကားလည်း ပျက်စီးသွား ခဲ့ပြီ ...၊

"ဒါတွေကို ခုချက်ချင်း အကောင်းတိုင်းဖြစ်အောင် ပြန်လုပ်ပေး.."

"ဟင်!..."

"ဘာ!..."

စိတ်တိုတိုနှင့် လှည့်ပြောလိုက်ကာမှ လူကို အရူးလို ငေါလို ဝိုင်းကြည့်နေကြတာကို မြင်သည်။

ဒေါသနှင့် နှစ်ဆတိုးသွားခဲ့ပြီး ...

"ပျက်စီးသွားတာတွေကို ခုချက်ချင်း ပြန်လုပ်ပေးလို့ ပြောတာ.."

"ဟာဗျာ .. ခုချက်ချင်း ဆိုတာကတော့ .."

"ခုချက်ချင်းလုပ်မှ ကျွန်မက အလုပ်ဆက်လုပ်လို့ ရမှာပေါ့.. ဒီကားနဲ့ ကျွန်မ အလုပ်လုပ်ရဦးမှာ .. ခုချက်ချင်း ပြန်ကောင်းအောင် လုပ်ပေး .."

"ဒီမှာ ညီမ .. ကားကို ပြန်ပြင်ပေးဖို့ဆိုတာ .."

"ပြောနေတာ ကြာတယ် .. ခု ယူသွားပေးလေ .."

"မဟုတ်ဘူး .. ကျွန်တော်တို့က မန်နေဂျာကို သွားပြောရဦး မှာ .."

"မန်နေဂျာက လုပ်တာ မဟုတ်ဘူး .. နင်တို့ လုပ်တာ .."

"နေဦး ညီမ .. ဒီဘက်ကို လှည့်ပါ .. ကျွန်တော် ရှင်းပြပါ့မယ်.."





"ရှင်းပြနေလို့ ကားက ကောင်းသွားမှာ မဟုတ်ဘူး .. ဘာလုပ်မှာ လဲ ပြော .."

"ဟော့ .. ဟော့ .. ဘာတွေ ဖြစ်နေကြတာလဲ .."

ဦးသူရ နဲ့ သူ့ဘေးက စားရေးတို့ နှစ်ယောက် ခပ်သုတ်သုတ် လျှောက်လာကြသည်။

သိုက် ကို ပစ္စည်းတင်ပေးဖို့ လုပ်နေသူရော ကားကို နိုက်မိစေ သည့် အလုပ်သမားတွေကိုရော အားလုံးကို မေးကာ ကားမှာ ထိမိသွား တာတွေကိုလည်း ကြည့်သည်။

"နေပါဦး .. တူမကြီးကို ဒီကားပြင်ဖို့အတွက် အခုချက်ချင်း ပိုက်ဆံ လက်ထဲ ထည့်စေချင်တာလား ...၊ ဘယ်လိုဖြစ်ချင်တာလဲ .."

ဦးသူရ က အေးဆေးပဲ မေးကာ ...

"ဟော့ .. ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ကြ .."

တခြားကက်စတန်မာတွေကို သတိရကာ အလုပ်သမားတွေကို လည်း လှည့်ပြော၏။ ပြီးမှ ...

"ပြော .. တူမ .. ကျုပ်တို့က ဘာလုပ်ပေးရမှာလဲ ...၊ ဒီမှာ ထိနိုက် မိထားတာက သိပ်မရှိပါဘူး .. ဒါပေမယ့် ကားဆိုတာက ခေါင်းရိုက်ခံရ တဲ့လူလို ဆေးခန်းဝင်ပြ ခေါင်းမှာ ပတ်တီးနဲ့ ပြန်ထွက်လာလို့ရတာမျိုး မဟုတ်ဘူး ...၊ ကိုယ်မှာ ဒဏ်ရာထင်မကျန်ရအောင် လုပ်ရမှာ .. မင်း ပြောသလို ချက်ချင်းဆိုတာ မဖြစ်နိုင်ဘူး .."

"ချက်ချင်း မဟုတ်လည်း ခု ကျွန်မကားကိစ္စကို ရှေ့တန်းတင် လုပ်ပေးလေ .."

"အဲဒါလည်း မဖြစ်ဘူး .."

ပြောလိုက်တာက ဦးသူရ မဟုတ်ပေ ...၊

လက်ထဲမှာ ကားသော့တစ္ဆဲဖက်နှင့် ဆောင်း က ဦးသူရ ရဲ့ဘေးမှာ ဝင်ရပ်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် မင်းရဲ့ကားကို ဒီနားက ဖယ်ထားလိုက် .. မင်း ဝယ်တဲ့ပစ္စည်းကို ဒီကကားနဲ့ပဲ .."

"မဟုတ်ဘူး .. မရဘူး .. ဒီကားကိုလည်း ခု မြန်မြန် ပြင်ပြီးချင် တယ် .. ပစ္စည်းတွေကိုလည်း ကျွန်မကားနဲ့ပဲ သယ်သွားမယ် .."

သူမကို မှတ်မိနေသဖြင့် ခပ်ချဉ်ချဉ်ဖြစ်နေသည့် ဆောင်း ရဲ့ မျက်နှာ က တင်းသွားသည်။

"မင်းကိုယ်မင်း ရေသည်ပြဇာတ် ကနေတယ် ထင်နေလား .."

"ဘာလို့ထင်ရမှာလဲ .. ကျွန်မက မဖြစ်နိုင်တာ ပြောနေတာလည်း မဟုတ်ဘူး .. အခု ကားပြင်ပေးလိုက်ရင် ပြီးပြီ ..၊ ပစ္စည်းတွေ ကားထဲကို တင်လိုက်လို့လည်း ရပြီ .."

"ကျွတ်!..."

ဆောင်း မျက်နှာ မသိမသာ မဲ့သွားသည်။ လူငယ်တွေဘက်ကို လှည့်ကာ ...

"မင်းတို့ ဒီကားလေး အောက်မှာ ရှိနေတာကို မဖယ်နိုင်းဘဲနဲ့ ကားကြီးပေါ် ပစ္စည်းတွေတင်နေတာ ဘာဖြစ်သွားနိုင်မှန်း နည်းနည်းမှ မတွေးမိဘူးလား .."

လူငယ်တွေ မျက်နှာပျက်ကုန်ကြကာ ...

"ကျွန်တော်တို့ သယ်တာပို့တာက လွှတ်ပါတယ် အစ်ကိုလေး ရယ် .. အပေါ်မှာ ထပ်ပြီးမှ လျှောကျ .."

"တော်ပြီ .."

"သူ့ဗွေး ခုမှရောက်လာတာမို့လား .. ဒီပြဿနာလောက်ကို ကျွန် တော် ရှင်းပါ့မယ် .."

ဦးသူရ က ဆောင်း ရဲ့ဒေါသကို အံ့ဩနေပေမယ့် ဒါက သူ့ တာဝန်ပဲမို့ ကြားဝင် ဖြေရှင်းသည်။

"မောင်ိုး .."





"ဗျာ .."

"ပစ္စည်းတွေ တင်ပြီးတာနဲ့ မင်း တစ်ခါတည်းလိုက်သွား .. အမြန် ဆုံး လုပ်ပေးနိုင်မယ့် ဝပ်ရှော့မှာ မြန်နိုင်သမျှ မြန်မြန်ပြင်ပေးလိုက်.."

"ဟုတ်ကဲ့ အန်ကယ်လ် .."

"ဟော့.. မင်းကိုယ်တိုင် ဘယ်လောက်မြန်ချင်တယ်ဆိုတာ ပြော.."

ဦးသူရ က သိုက် ကို မေးဆတ်ပြောရင်း ...

"ပြီးတဲ့အထိ မင်း စောင့်ယူပေါ့ .. ဘယ်လောက် အမြန်ဆုံးပြီးနိုင် မလဲ တစ်ခါတည်း သိသွားအောင် .."

"သူ့ စောင့်ရမယ့်အချိန်ကိုပါ တွက်ပြီး ထည့်ပေးလိုက်ဦး .."

ဆောင်း ရဲ့စကားကြောင့် သိုက် ဆတ်ခနဲ လှည့်ကြည့်သည်။

ဆောင်း ကလည်း အကြည့်ကိုမလွှဲဘဲ မဲ့ချင်နေသည့်နှုတ်ခမ်းဘို့ နှင့် ...

"အစတည်းက အချိန်ကိုပဲ သူ ထည့်ပြောနေတာ အဲဒါကြောင့်..."

တဖျင်းဖျင်း ပူရှိန်းတက်လာသည့် ရှက်ဒေါသကြောင့် သိုက် ရဲ့ ပါးပြင်လေးတွေပါ နီကုန်သည်။

တစ်ခုခု လွှတ်ခနဲ ပြောဖို့ နှုတ်ခမ်းလေး ဟသွားပြီးမှ ပြန်၍ ဖိပိတ် လိုက်ပြီး ...

"ဟုတ်ကဲ့ .. အဲဒါ ရှင် စောစောတည်းက သဘောပေါက်ရမှာ.."

"ပစ္စည်းတွေ တင်ပြီးပြီ .."

"ဟွန်း .."

နောက်က အကြောင်းကြားသံကြောင့် ဆောင်းမျက်နှာ ကို စေ့စေ့ ကြည့်ပြောပြီးတာနှင့် သိုက် က ကားထဲလှည့်ဝင်သည်။ သို့သော် ...

"နာမည်နဲ့လိုက်အောင် ဒီလောက် ပွတ်ကစ် ခွာနေတာတောင် မချမ်းသာသေးတော့ အံ့ဩစရာပဲ .."

ဟင်!...



www.burmeseclassic.com

ကားတံခါးဖွင့်လိုက်ပြီးမှ သိုက် ဆတ်ခနဲ လှည့်ကြည့်လိုက်တာ ဆံပင်တွေပါ ယပ်တောင်လို ဝဲခါသွားသည်။

ဒါပေမယ့် ပြောတဲ့လူက ကျောခိုင်းထွက်ခွာသွားပြီ ဖြစ်၏။

ဒီလူက ငါ့နာမည်ကို သိနေတာလား ...၊

သူ့ကိုတော့ ကိုယ် ဘာလို့ မသိတာလဲ ...၊

ရုတ်တရက် ကားထဲမဝင်ဖြစ်ဘဲ ဆောင်း ရဲ့ ကျောပြင်နောက်ကို လိုက်ကြည့်ရင်း မှုန်ကုတ်တင်းမာနေသည့် သိုက် ကို ဦးသူရ က အကဲခတ်၏။

ပြီးတော့ သူမ ကြည့်နေသည့် ဆောင်း ရဲ့ကျောပြင်ကို လှည့်ကြည့်မိသည်။ ဆောင်း ပြောသွားတာကိုလည်း သေချာကြားလိုက်တာမို့ ကက် စတန်မာနဲ့ အလုပ်သမားတွေအပေါ်မှာ ဖြစ်ခဲ့သည့် ဆောင်း ရဲ့ ဒီနေ့ ဒေါသတွေကိုပါ နားလည်သွားခဲ့၏။

သူ့ရှေ့နဲ့ ဒီမိန်းကလေး တစ်နေရာရာမှာ အဆင်မပြေဖြစ်ထားခဲ့တာ ရှိရမည်။

ဒါပေမယ့် မိန်းကလေးက မသိတဲ့ပုံစံ ဖြစ်နေတာ ဘာလဲ ...၊







## အခန်း (၁၁)

"ထိုင်မလေ ..."

ဘွားဘွား အခန်းထဲဝင်လိုက်တာနှင့် နံ့သာဖြူနံ့က ကြိုင်လှိုင်နေ၏။ ည ကိုးနာရီဆိုပေမယ့် ဘွားရဲ့ကိုယ်ပေါ်မှာ ကြက်သွေးရောင် ဖဲသား လက်ပွရင်ဖုံးကြီးနှင့် ကတ္တီပါအပါးသား မြို့ပဝါကို ခြုံထားဆဲ မြင်ရတာ နေ့နေ့ညည ပြောင်းလဲတယ် မရှိ ...။

"သွားတော့ ..."

နှိပ်ပေးနေသည့်မိန်းကလေးကို လွှတ်လိုက်ပြီးမှ ထိုင်ဖုံနုနုမှာ ဆန့်တင်ထားသည့် ခြေထောက်နှစ်ဖက်ကို ချသည်။

"ဘွားဘွားက ခု လာခဲ့ပါဆိုလို့ ..."

"ဟုတ်တယ် .. အရေးတော့မကြီးပေမယ့် မြေးနဲ့ဘွားက သိပ်ဆုံဖြစ်တာ မဟုတ်ဘူးလေ .. ခုလည်း ဘွားက ဘုရားခန်းဝင်တော့မှာ.."

ဒေါ်ဟေမာန်ဆောင်း ရဲ့နားရှိန်တွေဟာ ဘုရားခန်းဝင် ပုတီးစိပ်တရားထိုင်ခြင်းတွေပဲ ဖြစ်သည်။ ကိုယ့်ရဲ့ဘဝ ကိုယ့်ခံစားချက်တွေနဲ့ [illegible]ည်းချက်မညီခဲ့သော ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေအပေါ် မကျေနပ် ခံပြင်းသမျှ ...၊

www.burmeseclassic.com



ထိန်းချုပ်ရမှန်း သိနေပေမယ့် မထိန်းချုပ်နိုင်ခဲ့ဘဲ ကြမ်းတမ်းသည့် စကားတို့ကိုသာ နေ့စဉ်နဲ့အမျှ ပြောခဲ့မိခြင်းတို့အပေါ်မှာ ...၊

ဒါတွေကို လျှော့ချ ပြုပြင်နိုင်ဖို့အတွက် တရားရေအေး အမြိုက်ဆေးသာ ရှိလေသည်။ ထို့ကြောင့် သူမ ကိုယ့်စိတ်ကို ဖိနှိပ်ဦးချိုး၍ တရားအလုပ်ကိုသာ ဖိလုပ်နေခဲ့၏။

ခုချိန်ထိတော့ ပုထုဇဉ်ဟာ ပုထုဇဉ်ပါပဲ ...၊ ဒေါသသည် အချိန်မှန်ဝဋ္ဋ်ရားကျေနေဆဲဖြစ်ကာ စိတ်နဲ့ရုပ်ကလည်း တစ်ထပ်တည်းကျနေဆဲ...။

"ဘွားဘွား ဘာပြောစရာရှိလို့လဲ ပြောလေ ...၊ ကျွန်တော် ဘွားကို ဆက်နှိပ်ပေးရမလား .."

"နေပါစေ မြေးရယ် .. နေ့လယ်က ခြံထဲက သရက်ပင်အောက်မှာ ဘွား ထိုင်နေရင်း ဆု ရောက်လာတယ် .."

ဒေါ်ဟေမာန်ဆောင်း က ပြာလဲ့လဲ့မျက်နက်ဝန်းတို့နှင့် ဆောင်း ရဲ့ဖြူနုသည့်မျက်နှာကို စူးစိုက်ကြည့်သည်။ မဟာနဖူးပြေပြေက ကျယ်သလိုရှိပေမယ့် ကြည့်ရမဆိုးဘဲ တည်ကြည်ခန့်ညားခြင်းသာ ဖြစ်စေလျက် နှာတံ နှုတ်ခမ်းကအစ ခိုင်ကြည်သောမျက်နှာပြင်တစ်ခုလုံးက မဟာဆန်ဆန် ထည်ဝါတာမျိုး ...၊

မြေးလေးက သမီး လဝန်းစန္ဒာ ရဲ့သား ဆိုပေမယ့် သူမ မုန်းတီးခဲ့သည့် ဒရိုင်ဘာ၏ရုပ်ရည်လက္ခဏာနှင့် ဘယ်နေရာမှာမှ မတူပေ ...။

မျက်နှာလေးကို မြင်လိုက်တည်းက ငါ့သားငယ်လေးနဲ့တူလိုက်တာလို့ ချက်ချင်း တွေးမိတဲ့အထိ သားငယ် မိုးသက်လေပြည် ရဲ့မျက်နှာပုံသဏ္ဌာန်နဲ့ တစ်ထေရာတည်း ...။

"မြေး ကို ဘွား မေးစရာရှိတယ် .."

"ဟုတ်ကဲ့ .. မေးလေ ဘွား .."

"နေ့လယ်က ဆု ကတော့ ဘွားကို လာရှာတာ တစ်နေ့ကို နှစ်ခေါက်တဲ့.. ဘာအရေးကြီးလို့လဲမေးတော့ မြေးက သူ့ကို အရှက်ခွဲလို့တဲ့.."





တည်တင်း ပြုံးရယ်ခြင်းတို့ကြောင့် မျက်နှာပြင်မှာ ပြောင်းလဲမှုတို့ သိသာစွာ ဖြစ်ထွန်းသွားသည်ဆိုတာ သိပ်မရှိခဲ့သော ဆောင်း ရဲ့ မျက်နှာက ဒေါ်ဟေမာန်ဆောင်း စကားရပ်ထားလိုက်ပေမယ့် စိတ်ဝင်စားသည့် အကြည့်တို့ဖြင့်သာ တိတ်ဆိတ်စွာ နားစွင့်နေခဲ့၏။

"မြေး တစ်ခုခု ပြောရမှာလေ .."

"ဘာကိုလဲ ဘွား .."

"ကျွန်တော် ဘာလုပ်ခဲ့လို့လဲ ဆိုတာမျိုး .."

"ကျွန်တော့်ဘက်က အဲဒီလိုဖြစ်စေခဲ့တာမျိုး ရည်ရွယ်ခဲ့တာ ဘာမှမရှိဘူး ဘွားဘွား .. သူလည်း တစ်ခုခု အကြောင်းရှိရင် ကျွန်တော့်ဆီ ရောက်လာတာပဲ ...၊ တစ်နေရာကို လိုက်လာပေးပါ ခေါ်တာတွေလည်း ရှိတယ် .. အဲဒီထဲမှာ ဘယ်လိုကိစ္စက ဒီလိုဖြစ်စေခဲ့တယ်ဆိုတာလည်း မသိဘူး .. အဲဒါကြောင့် ဘွားဘွားကို သူ ဘာပြောသလဲဆိုတာ နားထောင်ဖို့ စောင့်နေတာပါ .."

ဆောင်း က ရှည်ရှည်ဝေးဝေး ရှင်းပြသည်။ ဒေါ်ဟေမာန်ဆောင်း က ပြီးဆုံးအောင် နားထောင်ပြီးမှ ...

"မြေးဆီကို သူ ရောက်ရောက်လာတာ .. မြေးကို ခေါ်တာတွေက ဘယ်လိုကိစ္စတွေလဲ .."

"မုန့်ဖိုးလိုလို့ တောင်းတာ .."

"မြေးက သူတို့နဲ့ ရွယ်တူ မတိမ်းမယိမ်းတွေပဲ .. မုန့်ဖိုးဆိုပြီး ခေါင်းစဉ်တပ်လာတာတွေကို မြေး ဒီတိုင်းပေးနေတာပဲလား .."

ဆောင်း က ဘာမှမဖြေဘဲ မျက်လွှာချ၏။

"ဘယ်လောက်လောက်ထိ အများဆုံး တောင်းဖူးသလဲ .."

"ရှစ်သိန်း .."

ဒေါ်ဟေမာန်ဆောင်း မျက်နှာပျက်သွားသည်။

"ခဏ ခဏ ဆိုတာတွေက ဘယ်လောက်တောင်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း က ရှုတ်တရက် မဖြေပါ … စင်းချထားသည့် မျက်တောင်များတို့ ပင့်တက်လာပြီး စိုက်ကြည့်နေသော မျက်ဝန်းတို့နှင့် ဆုံမှ …

"နည်းနည်းပါးပါးပါ.. ဘွားဆီမှာလည်း တောင်းနေကျဆိုတော့.."

"မြေးကို အနည်းအများ ခန့်မှန်းဖြေခိုင်းနေတာ မဟုတ်ဘူး .. အရေအတွက်ကို မေးတာ .."

"သုံးသိန်း .. နှစ်သိန်းလောက် .."

ဒေါ်ဟေမာန်ဆောင်း ကုတ်ချီထားသည့် မျက်ခုံးအစုံကို ဖြေချလိုက်ပြီး သက်ပြင်းချ၏။

"ဘွားဆီမှာ တောင်းနေကျဆိုတာ သူ ပြောတာလား .."

"… … … …"

"ဘွား အဲဒီလို တစ်ခါမှ မပေးခဲ့ဘူး .."

ဆောင်း ရဲ့မျက်နှာကို မကြည့်တော့ဘဲ စိတ်ပျက်အားလျော့နေသောမျက်ဝန်းတို့က တစ်နေရာမှာ ငေးစိုက်နေလျက် …

"မလတ် လို့ ခေါ်နေကြတဲ့ အဲဒီမိန်းကလေးကို ဘွား အထူးအခွင့်အရေးပေးထားခဲ့တာက သူ့အဘိုးလိုစိတ်ဓာတ်လေး ရှိတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ကျေးဇူးလည်းရှိခဲ့တော့ သူ့မိသားစုအပေါ်မှာ နာကျင်ခဲ့မိတဲ့ အမှန်တရားတွေပေါ်မှာ ကျော်လွှားနိုင်အောင် ကြိုးစားပြီး ကြည်ဖြူခဲ့တဲ့အထိပါပဲ .."

ပြောနေရင်း မျက်ဝန်းတွေ ဒီဘက်ပြန်ရောက်လာကာ …

"မြေး အသစ်ဖွင့်တဲ့ဆိုင်ကို သူ ရောက်လာတယ်မို့လား .."

"ဟုတ်ကဲ့ .."

"မုန်းဖို့တောင်းသွားသေးလား .."

"မတောင်းပါဘူး.. ဒီတစ်ခေါက် လာပြီး ပြန်ထွက်သွားတာ ဆိုင်ထဲမှာ ထိုင်တောင် မထိုင်လိုက်ဘူး .. ကျွန်တော်လည်း ဆိုင်မှာ အလုပ်တွေ တအားရှုပ်နေတော့ သတိမထားမိလိုက်ဘူး …၊ သူက ဘာမှမပြော





တော့ အလုပ်လုပ်နေရင်း ပြန်သွားတာလည်း မသိလိုက်ဘူး .."

"မြေးနဲ့ ခွန်းကြီးခွန်းငယ် ဘာမှမပြောဖြစ်ခဲ့ဘူးလား .."

ဆောင်း မျက်မှောင်ကုတ်သွားရင်း စဉ်းစားမိသည်။ ဆိုင်အကြောင်း ခနီးခနဲ့စကားတွေ ပြောသွားတာက သူမပဲ …၊

"မပြောဖြစ်ခဲ့ဘူး ဘွား .. ကျွန်တော်တို့က ငယ်ငယ်တည်းက ကစားဖော်လိုဖြစ်နေခဲ့ကြတော့ စကားနိုင်လုတာ ဘာညာတွေ ရှိတတ်တာပဲ .."

"စဉ်းစားကြည့်ပါဦး .. မြေး သူ့ကို အရှက်တကွဲဖြစ်အောင် စကားတစ်ခုခုများ မှားခဲ့မိသလား .."

ဆောင်း က ဒေါ်ဟေမာန်ဆောင်း ကို သေချာပြန်ကြည့်သည်။ ပြီးတော့ ခေါင်းခါ၏။

"မရှိခဲ့ဘူး ထင်တယ် .. သူ ဘွားကို ဘယ်လိုပြောသွားလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလား .."

"မြေးကို မေးနေတာတွေက သူ ပြောသွားတာတွေပဲ .."

"သူ မေးလို့ ကျွန်တော် ပြန်ပြောခဲ့တာတွေ ရှိတယ် .. အဲဒါကလည်း ဆိုင်အကြောင်းပါပဲ …၊ တခြား ဘာမှမရှိဘူး .."

"မြေးရဲ့ဆိုင်ကိုရော သူ အထင်တကြီးဖြစ်သွားတဲ့ပုံ ရှိရဲ့လား.."

ဘွားရဲ့မေးခွန်းတွေက ဗာရာဏသီချဲ့နေသလိုပါ …၊ ဒါပေမယ့် ဘွား တစ်ခုခုကို ကောက်ချက်ချဖို့ ခက်ခဲနေတာလား …၊ ဒီမေးခွန်းတွေထဲက အကြောင်းတစ်ရပ်ကို ဆွဲထုတ်ချင်နေတာလား …။

ဘွား အဓိပ္ပာယ်မဲ့မေးနေတာ မဟုတ်မှန်းတော့ သူ တွက်မိပါသည်။ သိပေမယ့်လည်း ဆု ရဲ့စကားတွေအပေါ်မှာ သူ ဘယ်လိုပုံစံမျိုးမှ ခွဲခြားခံစားကြည့်ခဲ့တာ မဟုတ် …၊

"အဲ့ဒါတော့ ကျွန်တော် .."

"ဆောင်း .. ဘွား သိပါပြီ .. အဲ့ဒါကို ထားလိုက်တော့.."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟောမာန်ဆောင်း က လက်ရန်းနှစ်ဖက်မှာ လက်တင်ထားကာ သက်သောင့်သက်သာ မှီနေလိုက်ရင်း ...

"လူတစ်ယောက်ရဲ့စိတ်ကို ဘွား တရားသေ တွက်ခဲ့မိတာ.. ခဏအတွင်းမှာတောင် အများကြီး ပြောင်းလဲသွားနိုင်တာကို .. ဆုမြတ်နေဆိုတဲ့ မိန်းကလေးရဲ့စိတ်ကို ဟိုအရင် ငယ်တုန်းကအတိုင်းပဲ တွက်ထားခဲ့မိတယ်"

နောင်တစကားတွေဆိုရင်း နှုတ်ခမ်းမှာတော့ နာကျင်ရိပ်တို့ စွန်းထင်းနေခဲ့ပြီး ...

"မြေးကို အားကျလို့ သူ သွားကြည့်တာကို ဆိုင်ကလူတွေရှေ့မှာ မြေးက မောက်မောက်မာမာပြောပြီး အဖက်မတန်သလို ဆက်ဆံလိုက်တယ်တဲ့ .."

ဆောင်း ရဲ့မျက်နှာမှာ အံ့ဩသည့်ပုံစံတွေ ဖြစ်သွားကာ ကိုယ့်ဘာသာ 'ငါများ ပြောခဲ့မိသလား'လို့ ပြန်တွေးလိုက်မိတာမျိုး ...၊

"မဟုတ်ဘူး ဘွားဘွား .. သူနဲ့ ကျွန်တော် အဲ့ဒါမျိုးတွေ ပြောဖြစ်လောက်အောင်လည်း အကြာကြီး တွေ့ကြတာ မဟုတ်ဘူး .."

ဒေါ်ဟောမာန်ဆောင်း က လူငယ်နှစ်ယောက်ရဲ့မျက်နှာထား ပြောဆိုပုံတွေကို ယှဉ်ကြည့်လိုက်တည်းက ခန့်မှန်းပြီးသားပါ ..။

ထို့ပြင် ညီမနောက်က အစ်ကို လိုက်လာပြီး ထပ်ဆင့် ရှိသွားပါသေးသည်။

"အဘွားက တစ်အိမ်လုံး စီးပွားရေးတွေ .. ငွေကိုင်သုံးခွင့်တွေ ပေးထားမှတော့ ဒီကောင် ဒီလိုဖြစ်တာ မဆန်းပါဘူး ..၊ လာပါ .. မြေးအကြောင်း သူ့အဘွားကို သွားတိုင်နေတယ် နင်ကလည်း ..၊ လာ ပြန်မယ်"တဲ့။

နေရိပ် က ဆောင်း ထက်လည်း အသက်တစ်နှစ် ကြီးသေးသည်။ ဒါပေမယ့် ဆောင်း ကတော့ ဘယ်သူ့ကိုမှ အစ်ကို အစ်မ လို့





မခေါ်ခဲ့ပေ ...၊ နဂိုတည်းက မကျေလည်သောစိတ်တို့နှင့် ဒေါ်ခင်သဇင်တို့ သားအမိတွေက ထိုအပေါ်မှာလည်း ဒေါ်ဟောမာန်ဆောင်း ကိုပဲ အမုန်းပွားခဲ့၏။

"တော်သေးတာပေါ့ .. ဒီ ဒရိုင်ဘာရဲ့သွေးကို မမြင်ချင်လို့.. မြင်များ မြင်ချင်ရင် ခေါင်းပေါ်ရွက်ထားလောက်တယ် .."

"သူ့မြေးကို မင်းသားတစ်ပါးလို ထားတာ ...၊ ဟွန်း .. မချစ်သလို မကြင်နာသလိုနဲ့ ဒီလောက်ဟန်ဆောင်ကောင်းတာ မတွေ့ဖူးဘူး .."

"ဟိုလူတွေ ခေါ်ကြတာကိုက မင်းသား တဲ့ .. သူတို့ကိုယ်သူတို့ ဘာထင်နေကြတယ် မသိဘူး .." စသဖြင့် ဒီအသံတွေ ဒေါ်ဟောမာန်ဆောင်း နားထဲ အကုန်ရောက်သည်။ သူတို့တစ်မိသားစုလုံး မိုးလစ်အိမ်ကြီးပေါ်က ဆင်းသွားကြတည်းက ဟန်ဆောင် ရှိုသာကြတာတွေပါ ပျောက်ဆုံးသွားခဲ့တာက သိသိသာသာပါ ...။

ပြီးတော့ ဦးနေဗလ နဲ့ ကလေးတွေသာ ရောက်ရောက်လာတတ်ပြီး ဒေါ်ခင်သဇင် က ပျောက်နေတတ်၏။

"ခင် ကလည်း ကြီးကြီးကို လာတွေ့ချင်တာပါ ...၊ သူက ..."

"မလိုပါဘူး .. မင့်မိန်းမကို ငါ အိပ်ရာထဲ လဲနေရင်တောင် လူမမာ လာမမေးနိုင်းနဲ့ ...၊ ဟန်ဆောင်ပြုံးရယ်တာတွေ ငါ မမြင်ချင်ဘူး .. အထဲတစ်မျိုး အပြင်တစ်မျိုး လူတွေကို ငါ မုန်းတယ် .."

ဒေါ်ဟောမာန်ဆောင်း ကလည်း နာကြည်းချက်အပြည့်နှင့်ပါ ...။

"မြေး .."

"ဟုတ်ကဲ့ .. ပြောပါ ဘွားဘွား .."

တိတ်ဆိတ်သွားခြင်းမှာ ဒေါ်ဟောမာန်ဆောင်း က စတင်ဖြိုခွင်း၍—

"သူတို့မိသားစုနဲ့ မြေးနဲ့ ဆိုရင် ဘယ်နှစ်ဝမ်းကွဲတွေ တော်စပ်ကြသလဲဆိုတာ တော်တော် ဆွေမျိုးစပ်ကြည့်ရမယ့် အကွာအဝေးပဲနော်— အဲဒါကို မှတ်ထား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ …"

"သူတို့အဘိုးနဲ့ အဘွား မောင်နှမတော်တာကိုက နှစ်ဝမ်းကွဲ သုံးဝမ်းကွဲနေသေးတာ …၊ ဒါပေမယ့် သူ့ကျေးဇူးတွေကို မေ့လို့မရသလို ဆုလေး က ဘွားကို ပြုစုပေးခဲ့တယ် … ဒီမြေးအဘိုးကို စိတ်သဘောတူတယ်လို့ တွက်ထားခဲ့တဲ့စိတ်က ဘွားဆီကို ဒီနေ့ ရောက်မလာသေးခင်အထိ ပုံသေရှိနေခဲ့တာ …၊ ခုတော့ အားလုံးရှင်းသွားပြီ … ကျေးဇူးရှိခဲ့တာကို သံပရာတစ်ခြမ်းနဲ့ ချေတယ်ထင်ရင်လည်း မတတ်နိုင်ဘူး …"

မျက်နှာထက်က မာန်မာနများနှင့် နာကြည်းမှုတို့သည် တရစ်ရစ် ပြည့်သိပ် မာကျောလာခဲ့ရင်း …

"မြေး သူတို့ကို ဘာအကြောင်းနဲ့မှ ငဲ့ညှာထောက်ထားနေဖို့ မလိုတော့ဘူး … မဆိုင်သလို နေ … လာပတ်သက်ရင် ပြတ်ပြတ်သားသား ဆုံးဖြတ် …၊ မိန်းမသားဖြစ်တဲ့ ဘွားတောင်မှ ဘာမဆို လိုအပ်သလို ပြတ်သားနိုင်အောင် ကြိုးစားခဲ့တာ … မြေးက ယောကျ်ားလေး …"

သူ့ရဲ့ ပြုမူဆက်ဆံပုံတွေပေါ်မှာ ဘွား စိတ်တိုင်းမကျစရာရှိနေပြီကို ဆောင်း တွေးမိသည်။ မီးရောင်အောက်မှာ ဘွား ရဲ့မျက်နှာက ညှိုးပျော့နွမ်းလျခြင်း အလျှဉ်းမရှိခဲ့ဘဲ …

"ဆုံးဖြတ်သင့်နေကာမှ တွေဝေနေရင် အဲဒါ ဆုံးရှုံးဖို့ပဲ … ရက်စက်တယ် … တောက်ခါးတယ်ဆိုတာ ကြားလို့တော့ သိပ်မကောင်းဘူးပေါ့ …၊ ဒါပေမယ့် မိမိကိုယ်ကို စိတ်ချမ်းမြေ့မှု ရတယ် … ပြီးတော့ လူရှိန်တယ် …၊ ဒီလူကို ဘယ်လောက်ပဲ ကဲ့ရဲ့နေပါစေ စော်ကားရဲတဲ့အထိ ဘယ်သူမှ စိတ်ကူးမှာ မဟုတ်ဘူး … တွေဝေပျော့ညံ့နေရင် အဲ့ဒါ သူ့ရဲ့အားနည်းချက်ပဲ …"

ကိုယ့်ကို စိုက်ကြည့်ပြီး ပြောနေသဖြင့် သူ့ဘက်မှာ လိုအပ်ချက်တွေ ဖြစ်နေသည်မှန်း သိလာ၏။ ဒါဆို နူးညံ့နေတာ ကောင်းသလား …၊ မာကျောတတ်တာ ကောင်းတာလား …။





သူကရော ထိုနှစ်ရပ်ပေါ်မှာ စိတ်စစ်ရွေးချယ်ပြီး နေထိုင်ခဲ့တဲ့လူလား …

"ဘွား ပြောချင်တာက ဘုရားမကြိုက် နတ်မကြိုက်အောင် မောက်မာရိုင်းစိုင်းနေရမှာမျိုး မဟုတ်ဘူး မြေး … လိုအပ်သလို ပြတ်သားနိုင်ရမယ်ပဲ ပြောတာ … မြေး နားလည်ရဲ့လား …"

"ဟုတ်ကဲ့ …"

"မြေး ရင်ထဲမှာရော ဘွားနဲ့ 'မိုးလစ်အိမ်' ကို ဘယ်လိုမြင်သလဲ…"

"ဘွား ဘာကို မေးတာလဲ …"

"အင်း … မြေးက ပြန်မေးနေတော့လည်း ပြောရတာပေါ့ကွယ် … ခု မြေး ဒီကိုရောက်လာခဲ့တာ ရှစ်နှစ် ကိုးနှစ်သားလောက်တည်းကဆိုတော့ ကြာတော့ကြာပြီ … ဒါပေမယ့် မြေး မိဘနဲ့ ဘဝကိုရော … ဒီရောက်ပြီးမှ ခံစားရတာတွေရော မြေးရဲ့ခေါင်းထဲမှာ ပုံရိပ်တွေ စွဲနေမှာပါ…"

ဒေါ်ဟောမာန်ဆောင်း က မြေးဖြစ်သူမျက်နှာကို မလွှတ်တမ်း အကဲခတ်နေလျက် …

"အခု ဘွားက မြေးရဲ့ခံစားချက်တွေကို သိချင်တယ် …"

ဆောင်း က ရုတ်တရက် မဖြေဘဲနေလျှင် …

"ရင်ထဲရှိတဲ့အတိုင်း ပြော … ဘွားကို မကျေနပ်ချက် ရှိခဲ့တာ …၊ မုန်းတာ … မြေးရဲ့မိဘတွေနဲ့ပတ်သက်ပြီး ဘွားအပေါ်မှာ မင်း အစက ဘယ်လိုမြင်တာ …၊ အခု အစကအတိုင်းပဲလား … ပြောင်းလဲသွားပြီလား… အဲဒါတွေ …"

"မေမေတို့ဆီက ဘွားနဲ့ပတ်သက်ပြီး မုန်းတီးနာကြည်းတဲ့စကား တစ်ခါမှ ကျွန်တော် မကြားခဲ့ဖူးဘူး …"

ဒေါ်ဟောမာန်ဆောင်း မျက်နှာပျက်သွား၏။

"ဖေဖေကအစ မေမေ့ကို နှစ်သိမ့်ပေးနေတာတွေ … ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးတဲ့အခါ ဘွားကိုပါ သပ်သပ်ရည်မှန်းပြီး ရှိခိုးတာတွေ… ကျွန်တော် အဲဒီအသံတွေပဲ ကြားလာခဲ့ရတာ ဘွားကို ဘာလို့မုန်းရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟောမာန်ဆောင်း ရဲ့ မျက်ဝန်းထဲမှာ လင်းနေသမျှ မီးရောင်တို့ စုပြုံကျရောက်နေသကဲ့သို့ ပြိုးပြိုးပြက်ပြက် ဖြစ်လာသည်။

ဆောင်း ငေးကြည့်နေဆဲမှာ မျက်ရည်စက်တို့ တလိမ့်လိမ့် ကြွေ၏။ ဒီလိုချစ်ခြင်းတွေကို စိတ်နာမုန်းတီးဖွယ်တွေနဲ့ ပြတ်တောက်ကုန်အောင် ဒေါ်ခင်သဇင် ကိုယ်တိုင် လုပ်ဇာတ်တွေ ခင်းခဲ့တာပါ ...။

ကလေးချင်း ခင်နေကြပြီမို့ ခင်သဇင် ဆိုတာ အစ်ကိုရာဇ ရဲ့ မွေးစားသမီးမှန်းသိတာတောင် နေဗလ နဲ့ မောင်နှမအဖြစ် ကိုယ့်အိမ်မှာ အတူတူ ခေါ်တင်ထားခဲ့သည်။

တစ်ဆွေမျိုးလုံးမှာ 'မိုးလစံအိမ်' အရှင်သခင်တွေလောက် ဘယ်ဆွေမျိုးမှ မချမ်းသာတာမို့ ကိုယ့်ဘက်က လူကြီးတွေက အားလုံးထဲမှာ ဩဇာညောင်းသည်။

လာဆိုရင်လည်း လာကြသလို ပြန်ပါတော့ဆိုရင်လည်း ပြန်ကြရတာပဲ ဖြစ်၏။ နေဗလ တို့ မောင်နှမကို ကိုယ့်သားနဲ့သမီးက သံယောဇဉ်ကြီးနေကြပြီမို့ နောက်ပိုင်းမှာ မိသားစုလိုက် ကိုယ့်အိမ်ပေါ် ခေါ်တင်ထားခဲ့သည့်အထိ မိုးလစံအိမ်မှာ 'မိုးလ' မောင်နှမတို့ ပြည့်စုံဖို့အတွက်သာ အရာရာ အဓိက ဖြစ်ခဲ့သည်။

နောက်ပိုင်းမှာ လူတွေများပြီး မျက်စိရှုပ်တာ မခံနိုင်တော့ လူကြီးတွေက ဦးရာဇ တို့ ဓနိမောင်နှံကို လုပ်ငန်းတစ်ခု ထူထောင်ဖို့ ငွေအရင်းအနှီး ထုတ်ပေးပြီး ခွဲလွှတ်လိုက်သည်။

နေဗလ နဲ့ ခင်သဇင် တို့ကတော့ မိုးလမောင်နှမနဲ့အတူ အပျိုလူပျိုအရွယ်တွေ အပြိုင်းအရိုင်းသား ဖြစ်လာတဲ့အထိ စံအိမ်ကြီးမှာ မြဲနေခဲ့သည်။

လဝန်းစန္ဒာလေး လှလည်း လှသည်...၊ စည်းစိမ်ချမ်းသာတွေနဲ့ မက်မောချင်စရာလေးလည်း ဖြစ်လာတော့ မသမာသူတွေနဲ့ မတော်တရော် ဆုံစည်းမှာစိုးကာ ဒေါ်ဟောမာန်ဆောင်း မျက်လုံးဒေါက်ထောက်





ကြည့်တော့သည်။ အစောင့်အရှောက် အခြွေအရံတို့နှင့် မလစ်လပ်အောင် ဂရုစိုက်သည်။ ဒါက လုံခြုံရေးအတွက် တင်းကျပ်ခဲ့ရတာပါ။

ကိုယ့်သမီးရဲ့ စိတ်ရင်းဓာတ်ခံမှာတော့ ရွက်လွှင့်စွန့်စားရလောက်အောင် မိုက်မဲလိမ့်မယ်လို့လည်း မထင် ...၊

မိဘ ဒီလိုစိတ်ပူနေရတာ ဘာဖြစ်လို့လဲဆိုတာ နားလည်မှာပဲလို့လည်း ထင်ခဲ့၏။ ဒါပေမယ့် ...

"ကြီးကြီးကလည်း သူတို့ချစ်နေကြတာကို ခင် တကယ် မသိခဲ့ပါဘူး ...၊ သိလာရတော့လည်း ခင် က ဖွင့်ပြောလိုက်ရင် သူ့ကိုယ်သူ ဘာလုပ်မယ် ညာလုပ်မယ်နဲ့ ခြိမ်းခြောက်ထားတာ .."

ဒရိုင်ဘာနဲ့ ခိုးပြေးကြပြီဆိုမှ ဒေါ်ဟောမာန်ဆောင်း သိခဲ့ရသည်။ လကလေး သည် သူမကိုယ်ပေါ်မှာ ပါသွားသည့် လက်ဝတ်လက်စားမှလွဲ၍ ရတနာပစ္စည်း ဘာကိုမှ ယူမသွားခဲ့ပေ ..။

ပြီးတော့ တစ်ခေါက်မှလည်း ပြန်မလာခဲ့တော့ပါ..၊ သူမတို့ ထွက်ပြေးကြပြီး သုံးလကြာမှ ဒေါ်ဟောမာန်ဆောင်း အမွေပြတ်ကြော်ငြာ ထည့်သည်။

မိဘက ခွင့်မလွှတ်နိုင်အောင် နာကျင်ဒေါသတွေနဲ့ လုံးထွေးနေခဲ့ပေမယ့် ခွင့်လွှတ်ချင်အောင် တောင်းပန်စေချင်ခဲ့သည်။

ဘယ်တော့မှ အိမ်ရိပ်မနင်းစေနဲ့လို့ ကြွေးကြော်နေခဲ့သည့် မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါ ...။

"လလေးကို တွေ့ခဲ့တယ်.. ခင် ကလည်း ကြီးကြီးကို လာတောင်းပန်ကြည့်ပါလားလို့ ချော့မော့ပြောပါသေးတယ် .. ဒါပေမယ့် သားသမီးကို အမွေဖြတ်ရက်တာကို စိတ်နာတယ်တဲ့ .. ဆင်းရဲလေ စိတ်နာလေတဲ့ ...၊ ခင် ပြောတာ ဘယ်လိုမှ ပြောမရဘူး" တဲ့ ...။

ခင် သတင်းပြန်ပြောပြနေခဲ့တာ ဒေါ်ဟောမာန်ဆောင်းကို မဟုတ်ပါ ...၊ နေဗလ ကို အမှုူးထား၍ ပြောသည်။ အိမ်မှာ ...လုပ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အကြီးအကဲသဖွယ် အားကိုး တိုင်ပင်လို့ရသည့်လူတွေ အကုန်သိသည်။ အပြင်ကပြန်လာတိုင်း ပါလာသမျှ လူတွေအားလုံးကို တိုးတိုးတိတ်တိတ် ပြောပြပေမယ့် ဒေါ်ဟောမာန်ဆောင်း ကိုတော့ မပြောခဲ့ပါ..။

"ကြီးကြီးကလည်း ဒေါသအရှိန်ကြီးနေတာလေ .. ဟိုကလည်း မလျှော့ .. ဒီကလည်း မလျှော့ ..၊ ခုနောက်ပိုင်းတော့ မတွေ့တော့ဘူး.."

"ခင် ကတော့ အရှိန်ကို ပြန်လာစေချင်တာပေါ့ ဒေါ်ကြိုင် ရယ်.. ကြီးကြီးရဲ့ဒေါသကို ဒေါ်ကြိုင် က ပိုတောင် သိဦးမယ်..၊ 'မင်းတို့စကား မိုးကြိုးသွား'ဆိုတာ ခင် တို့ မကြုံဖူးပါဘူး .. ဒါပေမယ့် ကြီးကြီးက ဒါဆိုရင် ဒါ .. မိုးကြိုးသွားထက် ပြင်းတယ်လေ .."

ထိုစဉ်တုန်းကတော့ ကိုယ့်ကို တမင်ကြားအောင် ပြောနေတာမှန်းလည်း မသိခဲ့ပါ ..၊ ကိုယ်က ကွယ်ရာကနေ ခိုးချောင်းခိုးဝှက် နားစွင့်နေရသည်လို့ပဲ ထင်ခဲ့ရင်း ဒီလိုစကားတွေ တစ်ခါကြားရတိုင်း တိတ်တခိုးမျှော်လင့်ချက်တို့ တစ်ခါ နောက်ဆုတ်ခဲ့သည်။

ခင်သဇင် နဲ့ သမီးကြီး တကယ်တွေ့နေကြသည်..၊ ကိုယ့်ကို တကယ်စိတ်နာသွားပြီလို့ပဲ ထင်နေရင်း ကိုယ့်ဘက်က လာစေချင်တာတွေ .. ခွင့်လွှတ်ချင်နေတာတွေကိုလည်း ကြေညာခွင့် မသာခဲ့တော့ပေ ..၊

နောက်ထပ် ဒီ့ထက်မကသော ကောက်ကျစ်လိမ်လည်သည့် လှည့်စားမှုတွေကြောင့် ဖြစ်လာခဲ့သော အကျိုးဆက်များသည် ...

"ဟုတ်တယ် .. အဲ့ဒါတွေ ဖြစ်လာခဲ့ရတာ ဘွားရဲ့ အတ္တမာနတွေကြောင့်ပါ .."

တုန့်လိုက်သော ဒေါ်ဟောမာန်ဆောင်း ရဲ့ ငိုသံစွက်သော စကားလုံးတို့သည် ညဉ့်နက်ပိုင်းကို ဝင်ရောက်ခဲ့ပြီဖြစ်သော တိတ်ဆိတ်ခြင်းကို ထိုးခွင်း၍ ...

"ဒီမာနတွေကို လက်ကိုင်တုတ်လုပ်ပြီး ယုတ်မာတဲ့လူတွေက လုပ်ကြံသွားကြတာ .."





ပြောနေရင်း မျက်နှာငုံ့ပြီး လက်ဝါးနဲ့ကပ်လိုက်တော့ ဆောင်း ဘယ်လိုမှ ကြည့်မနေရက်တော့ပေ ..။

"ဘွားဘွား .."

နေရာမှ ထသွားကာ ဘွားရဲ့ရှေ့မှာ ဒူးထောက်ထိုင်လိုက်ရင်း ...

"ဒါတွေက ပြီးသွားပြီပဲ ဘွားရယ် .. ဘွားနဲ့ကျွန်တော်က မြေးအဘွား အရင်းတွေပါ .. သူတို့ကတော့ ဆွေမျိုးနီးစပ်ပဲ တော်ကြတာလေ ..၊ သူတို့ဘက်က မကောင်းတာတွေကို ပြန်တွေးမနေပါနဲ့တော့ ဘွားရယ် .. သွေးသားမရင်းလို့ လုပ်ရက်တယ်လို့ပဲ ဖြေလိုက်ပါ .."

ဘွားရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည် ..၊ မော့ကြည့်၍ နှစ်သိမ့်မိသည်။ ဒေါ်ဟောမာန်ဆောင်း ခေါင်းခါ၍ ...

"မပြီးသေးဘူး မြေး .. အဲ့ဒါတွေက ဒီမှာတင် ရပ်ခဲ့တာ မဟုတ်ဘူး .."

ဆောင်း အံ့ဩသွားမိသည်။ ဦးနေဗလ တို့ မိသားစုတွေအကြောင်း မကောင်းသည့်ဘဉ်တချို့ ရှိနေကြတာကို သိထားခဲ့ပေမယ့် လူကြီးတွေရဲ့ ရာဇဝင်ဇာစ်မြစ်ထိတော့ မသိခဲ့ပါ ..။

"သမီးကြီးကို ဘွားက အမွေဖြတ်ခဲ့တယ် .. ဘွားရဲ့ဒေါသတွေကို ဟိုအရောက်ပို့ပြီး သမီးကြီး လွင့်သွားအောင် လုပ်ခဲ့တယ် ..၊ ဘွားကိုတော့ သမီးက စိတ်နာသွားတာတွေ .. အောက်ကျမခံနိုင်တာတွေ ဘွားနားထဲ ပို့ပြီး ကိုယ့်မာနနဲ့ကိုယ် ရှေ့တိုးရခက်အောင် လုပ်ခဲ့တယ်.. သူတို့အကြံတွေ အောင်ခဲ့ပါတယ် .."

နှစ်ပေါင်းများစွာ ပြန်လည်ဝေးကွာခဲ့ကြသည့် သားအမိကြားမှာ ဦးနေဗလ နဲ့ ခင်သဇင် တို့ လက်ထပ်ခြင်းမင်္ဂလာတောင် ပြုခဲ့ကြသေးသည်။ အိမ်ကြီးတစ်အိမ်ထဲမှာ ငိုကြွေးနေရသူနဲ့ ရယ်မောပျော်ရွှင်နေတဲ့သူတွေ ရောထွေးနေခဲ့ရင်း နောက်ထပ် သားငယ် မိုးသက်ပေါ်ပြည် အိမ်ထောင်ပြုသွားတဲ့အထိ ..၊



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့စိတ်ရင်းမှန်ကို သံသယဝင်ရင်း အကဲခတ်နေရင်းနဲ့ပဲ သားငယ်က တစ်ခါ သူနာပြုဆရာမတစ်ယောက်နဲ့ လက်ထပ်သွားခဲ့တယ် .."

"သူနာပြုဆရာမနဲ့ .."

"ဟုတ်တယ် .. သားငယ် ဆယ့်ငါးနှစ်သားမှာတည်းက နှလုံးရောဂါကြောင့် ခွဲစိတ်ခဲ့ရဖူးတယ်...၊ နောက်ပိုင်းမှာလည်း နေပူမိုးစို မခံတော့တဲ့အထိ .., ထစ်ခနဲ ရှိတာနဲ့ ဆေးထိုးရ .. ဆရာဝန်ခေါ်ရနဲ့လေ...၊ ဆေးရုံ ခဏခဏတက်ရတော့ အဲ့ဒီမှာ ရင်းနှီးလာခဲ့တာ ထင်ပါတယ်...၊ သမီးကြီးကိစ္စတွေနဲ့ သောကတွေများပြီး သားငယ်ကိုတော့ စပါယ်ရှယ် နှာစ်နဲ့ ထားခဲ့မိတယ် .."

ကိုယ့်အဖြစ်ကို ပြန်တွေးမိတိုင်း တရားကျမိထာက သပ်သပ် ..၊ အသုံးမကျလိုက်တာဆိုသည့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခြင်းက စိတ်တို့ကို ပို၍သာ ကြမ်းတမ်းလာစေခဲ့ကာ ...

"ကိုယ့်ကိုယ်ကိုယ် ဘာတွေလုပ်ခဲ့ .. ဖြစ်ပျက်ခဲ့တာတောင် မသိခဲ့ပါဘူး .."

ဒေါ်ဟေမာန်ဆောင်း မျက်ရည်မကျတော့ပေမယ့် မျက်ရည်တို့စိုလက်နေဆဲ မျက်ဝန်းတို့က ငေးနေလျက် ပြန်တွေးလိုက်.. ပြောပြလိုက်...၊

"သားငယ် အဲဒီလိုဖြစ်နေမှန်း ရိပ်မိလိုက်တာနဲ့ ဘွားက တခြား မိန်းကလေးနဲ့ ချက်ချင်း စီစဉ်တာ ..၊ ပြီးတော့ ..."

မျက်နှာသည် နောင်ကရသွားတာလား .. နာကြည်းသွားတာလား မသိနိုင်သော အံ့ပျက်ခြင်းမျိုး ပြောင်းလဲသွား၏။ ပြီးမှ ...

"အဲဒီ သူနာပြုမိန်းကလေးကို ဘွား အရမ်းမုန်းပြီး ရင့်ရင့်သီးသီးတွေ ပြောလိုက်တယ် .. မုန်းခဲ့တယ်ဆိုဟာ သားနဲ့ အဆင့်အတန်းမတူလို့ ခွဲခြားချင်တာထက် ချမ်းသာမှန်းသိလို့ အရချိုင်တာလို့ပဲ တပ်အပ်စွင်ဖွဲ့ပြီး မောင်းထုတ်ပစ်လိုက်တာပဲ .."





ဘွားကို အဲဒီလို မောက်မာခဲ့တဲ့ အမျိုးသမီးကြီးလို့ လူတွေ ပြောနေကြတာကို စိတ်မချမ်းမြေ့စွာ နားထောင်နေခဲ့ရကာမှ ဘွားကိုယ်တိုင်ဝန်ခံနေသည့်စကားတွေကို ကြားနေရတာ နားဝင်မချိုပါ ..။

"သူတို့ အဲဒီမှာ ဝေးသွားကြတယ် .. ဒါပေမယ့် သားငယ်က မိဘကို ပင်္ဂပက္ခနဲ့ တိုက်ခိုက်တာ မဟုတ်ဘူး .. သွေးအေးနှိပ်စက်နည်းနဲ့ သန္နပြတာ ..၊ သူ့ပုံစံကို အကဲခတ်ပြီး စေ့စပ်ခဲ့တဲ့မိန်းကလေးကလည်း နောက်ဆုတ်သွားတယ် .. ပွဲလည်း ပျက်တယ် .. သမီးကြောင့် ခံစားရတဲ့ သောကနဲ့ ဒီသားက ဒါမျိုးပဲ ထပ်လုပ်တော့ ဘွား ဒေါသကို ဘယ်လိုမှ မထိန်းချုပ်နိုင်ခဲ့ဘူး .."

"တာတစ်စောင် ရေးခဲ့ပြီး အဲဒီမိန်းကလေးနောက်ကို သူ လိုက်သွားတယ် .. သမီးတုန်းကဖြစ်တဲ့ ဒေါသထက် အဆများစွာ ပိုတယ်...၊ ရင်ထဲမှာ မီးတောင် အလုံးပေါင်းများစွာ ပေါက်ကွဲနေသလိုပဲ .. ဖြစ်ခဲ့သမျှဟာ မိတ်အေးအေးနဲ့ ဘာကိုမှ မဆုံးဖြတ်နိုင်ခဲ့တဲ့ ဘွားရဲ့ဒေါသတွေကြောင့်ပါ .."

"ဘွားရယ် .. ခု သူတို့တွေလည်း မရှိတော့ဘူး .. အန်တီခင် တို့လည်း တခြားမှာ ခွဲနေခဲ့[illegible]လား .."

"မပျော်ထက် အ[illegible]ဆုံးခဲ့တဲ့ ဘွားရဲ့အဖြစ်ကို မြေး တွေးကြည့်စမ်း .. မပျော်က သူ့ကလေးတွေမှာ အန္တရာယ်ရှိနေလို့ ရှေ့ပြေး နောက်မမီ ဖြစ်ခဲ့ရတာ ..၊ ဘွားကတော့ ဘုံပြင့်စံက မာနတောနဲ့ ကိုယ့်ရဲ့ရင်သွေးကိုတောင် မောင်းထုတ် စွန့်ပစ်ခဲ့တာ .."

"ဒါကလည်း ဘွားဘွားလိုနေရာမှာ ဘွားလော[illegible]ချမ်းသာနေရင် မာန်မာနဆိုတာ ဘယ်သူ့မှာဖြစ်ဖြစ် ရှိလာကြမှာပါပဲ..၊ နောက်ပြီး စည်းစိမ်ချမ်းသာနဲ့မဆိုင်ဘဲ အချစ်ကြီးလို့ အမျက်ကြီးခဲ့တာမျိုး ဖြစ်ခဲ့ရတာ.."

ဒေါ်ဟေမာန်ဆောင်း က ကိုယ့်ကို ပြန်ပြီး နှစ်သိမ့် နားချနေသည့်ဆောင်းရဲ့မျက်နှာကို ငုံ့မိုး ငေးနေရင်း ...

www.burmeseclassic.com



"မြေးက ဘွားကို ပြောနေတာလား .."

ဆောင်း ရဲ့ခေါင်းပေါ်မှာ တုန်ယင်သောလက်တို့ တင်လျှက် ပွတ်သပ်ချင်ပေမယ့် တင်ထားသည့်လက်တို့မှာ ရွေ့လျားဖို့တောင် အင်အားမဲ့နေခဲ့သည်။

"ဟုတ်တယ် .. ဘွား ဆင်ခြင်နိုင်စွမ်းတွေ မဲ့နေပါပြီ ..၊ မြေးလေး ဒီကိုရောက်လာခဲ့တာတောင်မှ ဘွား မာနတွေ ခံနေတုန်း .. ဒါ .. ဒါပေမယ့် မြေးကြောင့်ပဲ ဘွား သူတို့အကြောင်းတွေကို စုံစမ်းမိခဲ့တာ..၊ သူတို့ ရွေ့ကွက်တွေအတိုင်း ဘွား ထက်ကြပ်မကွာ လိုက်ကြည့်ခဲ့တာ.. ဘွားက မကြင်နာပုံ ပြနေလေ ဘွားနဲ့ ဘွားရဲ့ရင်သွေးတွေကြားမှာ သူတို့ သွေးထိုးလို့ ကောင်းလေ .."

"သွေးက သွေးပါပဲ ဘွားရယ် .. ဘယ်လို ရောနှော သွေးထိုးနေလည်း မင်ရည်ကျဲလေ အရုပ်မထင်လေပဲ..၊ ကျွန်တော့်ရင်ထဲမှာ မိသားစုတွင်းက အမုန်းတရားတွေကို မနှစ်မြို့နိုင်တဲ့အတွေးမျိုးတွေ ရှိခဲ့တယ်..၊ ရင်းနှီးချစ်ခင်သင့်တဲ့လူတွေ တစ်ယောက်ကိုတစ်ယောက် အယုံကြည်မဲ့ပြီး ရန်စောင် မုန်းတီးနေကြတာကို နားမလည်နိုင်ဘူး.. ကျွန်တော် ဘယ်သူ့အပေါ်မှာမှ မလိုမုန်းတီးစိတ် မထားခဲ့ပါဘူး .."

ဒေါ်ယောမာန်ဆောင်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေခဲ့သည်။

"ကောင်းတယ် .. မြေးက မြင့်မြတ်တည်ကြည်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ ..၊ ဘွားကတော့ ကြမ်းတမ်းတဲ့ အတ္တမာနတွေရယ် .. အချစ်ကြောင့် ရင်ခွင်ကို စွန့်ခွာသွားတဲ့ ဘွားကို နားလည်မပေးနိုင်ခဲ့တဲ့ ကလေးတွေရဲ့ ညင်သာစွာဖောက်ခွဲခြင်းတွေရယ်.. အဲဒီနှစ်ရပ်ကြားမှာ ဘဝပျက်မတတ် ပူလောင်စွာ ကူးခတ်ခဲ့ရတာ.."

ပြန်စလာခဲ့ပြန်ပြီ အတိတ်ဆီကို ..၊

"သမီးကြီးနဲ့ပတ်သက်ပြီး ဘွား ခံစားခဲ့ရသမျှ သားငယ်ကိုတော့ ဒီလိုအဖြစ်မခံနိုင်ဘူးလို့ တွက်ခဲ့ဖူးတယ် .. ဒါပေမယ့် ဘွားရဲ့ဆါသတွေ





မာနတွေကတော့ ခွင့်မလွှတ်နိုင်ခဲ့ဘူး ..၊ မအေ ဒီလောက်ခံစားနေရတာတောင် သူ့အစ်မခြေရာကို နင်းသွားတာပဲဆိုပြီး နာနာကြည်းကြည်း ကျောခိုင်းနေခဲ့မိတယ် .."

"အမေ့ဖြတ် စွန့်လွှတ်ပြီးတော့လား .."

"မဖြတ်ပါဘူး .. သမီးကြီးနဲ့ သားငယ် ဒီလိုလုပ်သွားကြတာ သိပ်မှမကြာဘဲ ..၊ ဒါပေမယ့် ဘွားဆီကို မြေး ရောက်လာတဲ့အထိ ဘွားတို့ အဆက်အသွယ်ပြတ်တောက်ခဲ့ကြတယ် ..၊ သူ့သတင်း ကြားရတဲ့အချိန်မှာ .."

ဒေါ်ယောမာန်ဆောင်း တစ်ကိုယ်လုံး တောင့်မတ်သွားကာ အံကြိတ်နေသည့်ကြားက မျက်ရည်စက်တို့ လိမ့်ဆင်းလာခဲ့၏။ ပြီးတော့ ...

"သားငယ် ဆုံးသွားပြီဆိုတဲ့သတင်း ကြားရတော့တာပဲ ..၊ ဟိုလင်မယားတွေ ခလောက်ဆန်မှာစိုးလို့ မြေး ရောက်လာတာနဲ့ သူတို့ကို မောင်းထုတ်ခဲ့တယ်..၊ ဒါပေမယ့် သူတို့အကြောင်းကို သိနေတော့ သူတို့နောက်ကိုပဲ လိုက်နေခဲ့တာလေ .. ဘွား စိုးရိမ်ခဲ့တာက တခြား.. သားကတော့ တစ်နေရာမှာ ဆုံးသွားခဲ့တယ် .. ဟိုအစတည်းက 'ခုတ်ရာတခြား ရှရာတခြား' ဖြစ်နေခဲ့တဲ့ တောက်လျှောက်ဟာ .."

"ဘွား မငိုပါနဲ့တော့ဗျာ .. ဒီအသက်အရွယ်ထိ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ရပ်တည်လာခဲ့လို့ မယိုင်လဲတဲ့စိတ်ကြောင့် ဘွား ခုလိုနေနိုင်တာ ..၊ 'ငါ မှားခဲ့ပြီ' ဆိုတဲ့ နောင်တတွေနဲ့ စိတ်ကို တစ်ဆုံးထိလျှော့ချလိုက်ရင် ဘွား လူပါ လဲသွားလိမ့်မယ် .."

"မြေး .."

"ဘာပဲဖြစ်ဖြစ် ဘွား ခံစားခဲ့ရတာတွေအတွက် ဘွား မှန်ပါတယ်..၊ လူတွေမှာ အဆိုးတစ်ခု ကြုံလာပြီဆို နောက်ထပ် ဆိုးတာတွေ ကြုံလာရတတ်တယ် ..၊ အဲ့ဒါက 'ငါ ကံဆိုးနေပြီ' ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လျော့နည်းလာခြင်းက စတာပါ ..၊ နောက်ထပ်အဆိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်လာဦးမှာလို့ စိုးရိမ်လာတဲ့စိတ်ကြောင့် လုပ်သမျှက လွဲချော် တိမ်းစောင်းလာတယ် ...၊ အဲဒီမှာ ကိုယ် မလိုလားတာတွေပဲ ဖြစ်လာတယ်...၊ ဘွားလောက် စိတ်သောကတွေနဲ့ လုံးထွေးနေရတဲ့ မိန်းမသားတစ်ယောက်မှာ ဒီလိုမှားခဲ့တာတွေကို ညှိုဖျင်းမှုလို့ သတ်မှတ်လို့မရပါဘူး..."

ကိုယ်ဟာ အသက်ရှစ်ဆယ်ဆိုပေမယ့် သောကမီးကို မငြိမ်းသတ်နိုင်ခဲ့ပါ ...၊ ဒါပေမယ့် ဆောင်း ရဲ့စကားတွေကြောင့်တော့ ရင်ထဲမှာ ဖြေသာသလို ရှိခဲ့၏။

ပါးပြင်ထက်က မျက်ရည်စီးကြောင်းတွေပါ ရပ်တန့်ခဲ့ရလေသည်။

"ဒါပေမယ့် မြေးကို ဘွား ဘယ်လိုရအောင် ယူခဲ့သလဲဆိုတာ မပြောရသေးဘူး နော် .."

မျက်ရည်စတွေကို လက်ကိုင်ပဝါနဲ့ တို့သုတ်လိုက်ရင်း ...

"မြေးရဲ့ဖေဖေ တောင်တက်ကားမှောက်ရင်း ဘရိတ်ပေါက်ပြီး ဆုံးသွားတော့ အချစ်ကြီးရှာတဲ့ သမီးဖြစ်သူက သူ့ကိုယ်သူ သက်ဆိုးမရှည်နိုင်ဘူးဆိုတာ တွက်မိပုံပါပဲ .."

ဒေါ်ဟေမာန်ဆောင်း ကိုယ့်သမီးအပေါ် ဖြစ်ခဲ့မိသည့် ကရုဏာဒေါသတွေကတော့ မပြေနိုင်ပါ ...။

"မြေး ဒီအရွယ်ရှိနေမှန်း သူတို့ မသိလိုက်ကြဘူး .."

"အန်တီခင် တို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် မြေးရဲ့မေမေကတော့ ဒီတစ်ခါ သူတို့စကား .. သူတို့လက်ထဲမှာပဲ လမ်းဆုံးမှာကို မလိုချင်ဘူးလေ ...၊ ခင်သဇင် ကို ဖုန်းဆက်ခေါ်ပြီး မြေးကို ထည့်လွှတ်လိုက်ရပေမယ့် တခြားစိုးရိမ်ရတဲ့လူတစ်ယောက်နဲ့ ဘွားငို လွှတ်ဖို့ စီစဉ်တယ် .."

"သူတို့က ဘာဖြစ်လို့ သားစဉ်မြေးဆက်အထိ ဒီလိုလိုက်လုပ်ကြတာလဲ .."

"စည်းစိမ်ဉစ္စာကြောင့်ပေါ့ မြေးရယ် .. ဘွားက ကိုယ်နဲ့ ကင်း





အောင် ရင်နီးခဲ့ထုတ်ပေးခဲ့တာပေမယ့် ရလေ လိုလေ ဖိုပိုပြီး မက်လာတာပေါ့ .. ဘွားမှာ သွေးသားရင်းချာ မရှိတော့ရင် ဘွားကလည်း သေခါနီးနေပြီ ...၊ မိုးလစ်အိမ်မှာ အမွေဆက်ခံမယ့်သူ ဘယ်သူ ရှိမလဲ .."

ဆောင်း က ခေါင်းညိတ်လိုက်ရင်း ဘွားရဲ့ခြေရင်းမှာပဲ တင်ပျဉ်ခွေထိုင်သည်။

"သူတို့က အနီးဆုံးမှာရှိတဲ့ ဆွေမျိုးတွေလေ .. မိုးလစ်အိမ်က မိသားစုလိုလည်း နေသွားခဲ့တယ် .. သူတို့မှာ ရင်သွေးရတနာတွေကလည်း ရှိတော့ ဒီကမျိုးဆက်မှန်သမျှကို ဖျက်ပြီပေါ့ .. မြေးရောက်လာမှ မြေးနဲ့အတူ ပါလာတဲ့ သမီးကြီးရဲ့စာတွေကို ဖတ်ရပြီး ဘွား နားလည်လာခဲ့တယ် .."

တကယ်တော့ မိခင်ဖြစ်သူနဲ့တွေ့ဖို့ မလာရဲပေမယ့် စာရေးထားတာလေး ပေးပြီး တောင်းပန်ပေးဖို့ လဝန်းစန္ဒာ က ကြိုးစားခဲ့သည်။

စာလည်း မပေးရဲ .. တွေ့ဖို့လည်း မကြိုးစားရဲတော့အောင် ဒေါ်ခင်သဇင် က ဖျက်ဆီးခဲ့သည်။ လဝန်း နှစ်ခေါက်တက်လာသဖြင့် မပေးဖြစ်ခဲ့သည့်စာက နှစ်စောင် ပါလာသည်။

ကလေးအတွက် တောင်းပန်အပ်နှံသော စာက တစ်စောင် ...၊

"ကျွန်ုပ်ဘတ်ကို အန်ကယ်လ်နေ ကိုယ်တိုင် လာခေါ်ခဲ့တာကရော..."

"ဒါကတော့ အကြံကြီး ကြံတဲ့လူဆိုတာ တစ်နပ်စား မကြံဘူးလေ ...၊ ခြေလှမ်းကြည့်လို့ မရိုင်ဘူးထင်ရင် ပြန်ဆုတ်မှာပေါ့ .. မြေး ဒီကိုရောက်တော့မယ်.. သူတို့သိတာ နောက်ကျသွားတယ်...၊ ဒါကြောင့် မပိုင်မယ့်အတူတူ အမှန်းမခံဘဲ ကျေးဇူးရှင်ဖြစ်အောင် လုပ်ပစ်လိုက်တာ.. သမီးနဲ့ ဘွားရဲ့ကြားမှာ ဖြစ်ခဲ့ရသမျှ မပြေလည်မှုတွေကနေ အဆုံးထိ ပြန်ကြည့်လိုက်တာနဲ့ အားလုံး သူတို့ရဲ့လုပ်ကွက်တွေပဲဆိုတာ ဘွားသိခဲ့တယ် .."

"အဲ့ဒါကြောင့် စံအိမ်ကနေ နှင်ထုတ်လိုက်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"နှင်မထုတ်ပါဘူး .. အရင်းအနှီး ထူထောင်ပေးလိုက်တာ .. ဆင်ကြံ ကြံတတ်တဲ့လူမျိုးကို ရန်သူလိုဆက်ဆံလို့ မရဘူး ..၊ သူတို့နဲ့ ဘွားရဲ့ ဆက်ဆံရေးကို မြေးလည်း သိပါတယ် ..၊ ဘွား သူတို့ကို ဂရုမစိုက်ဘူး.. ဒါပေမယ့် မြေးက ငယ်သေးတယ် .. ဘွားကလည်း လိုက်ပြီး ထိန်းကျောင်းနိုင်တာ မဟုတ်တော့ သူတို့လူစုကို မုန်းပေမယ့် နှင်တို့လုပ်တာ ငါ သိတယ် ဆိုတဲ့ပုံစံမျိုး အမူအရာနဲ့တောင် မပြခဲ့ဘူး .."

ဒေါ်ဟေမာန်ဆောင်း မျက်နှာမှာ အမုန်းတရားတို့ အစားထိုး ဝင်လာပြန်က ...

"ဒါကြောင့် ရစ်ဆင်းအင်္ဂါတွေပေါ် လိုက်ပြီး စိတ်ခံစားတွေ ဖြန့်ကြက်သွားပုံကို ဘွား ယုံတယ် .. ရစ်ဆိုးတာထက် အင်္ဂါရစ်ကြမ်းတာမျိုးကို အထင်မကြီးဘူး..၊ မျက်လုံးတွေ ပုံစံမမှန်ရင်လည်း အဲဒီလူကို မယုံကြည်ထိုက်သူလို့ သတ်မှတ်တယ် .."

ကိုယ်ယုံကြည်ချက်ပေါ်မှာ ပို၍ ပိုင်နိုင်နိုင်မာနေသော မဲ့ပြုံးတို့နှင့်...

"လူတစ်ယောက်ဟာ ရစ်ဆိုးတာ ရှောတာထက် သူ့မျက်လုံး .. သူ့အမူအရာတွေကို ပုံဖော်နိုင်ရတယ် ..၊ ဆင်ခြင်တုံတရားနဲ့ယှဉ်ပြီး ပေါင်းကြည့်ရင် ဒီလူဟာ ဘယ်လိုလူစားလဲဆိုတာ လေ့လာရတယ်..၊ ဒါကြောင့် မြေးကို ဘွား အလုပ်တွေ အရမ်းနိုင်းထားတော့ မြေးမှာ လူတွေအပေါ် စိတ်ဝင်စားချိန်ရှိမှာ မဟုတ်ဘူးလေ ..၊ ဘွား ပြောပြတာတွေကို မြေး မှတ်ထားပါ .. ဘယ်လိုလူကို ဘယ်လိုပေါင်းသင်းသလဲ ဆိုတာပေါ့"

ဒေါ်ဟေမာန်ဆောင်း၏ အတိတ်ပန်းချီကားမှာ ထောက်ပြ ရှင်းလင်းခဲ့ခြင်းသာဓကတို့ ထိုညမှာပဲ ပြီးပြည့်စုံစွာ တစ်ခန်းရပ်ခဲ့၏။

အစိကဆိုလိုရင်းဟာ ဒေါ်ခင်သဇင် တို့ကို ဦးစားမပေးနဲ့.. မယုံနဲ့..၊





## အခန်း (၁၂)

"ဖေကြီး မသိအောင် သမီး ဘာမှလုပ်မှာ မဟုတ်ဘူးလို့ ဖေကြီး ယုံကြည်ခဲ့တာ .."

"သမီးက .."

"သမီး ကားမောင်းတတ်ပေမယ့် လုပ်စားလို့ မရသေးဘူး.. ကားမောင်းတယ်ဆိုတာ အင်ဂျင်နိုးအောင် နှိုးတတ်တာနဲ့ မောင်းတတ်ပြီလို့ ပြောလို့မရဘူး သမီး .. ကျွတ်!... သမီး သိပ်မိုက်တယ် .."

"ကလေးကို မဆူပါနဲ့တော့ ကိုသက် ရာ .."

ဟင်!...

ကိုယ့်ရှေ့ကို ရောက်လာတာက သူဌေး ဦးမြညွန့် ..၊

"သူ အလုပ်လုပ်ချင်နေမှန်း သိတယ် .. အလုပ်ပေးမယ့်လူက လည်း ရှိတယ် ..၊ ပြီးတော့ .."

ဦးမြညွန့် က သိုက် ကို ကြည့်၍ နှစ်သိမ့်ပြုံးနှင့် ခေါင်းညိတ်ပြသည်။ ပြီးမှ ...

"တက္ကစီဆွဲရတာလည်း မဟုတ်ဘူး.. ခု သူ ကားမောင်းတာလည်း အဆင်ပြေပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးရယ် .. ကျွန်တော် ဘယ်ဘဝရောက်နေနေ သမီး ကားမောင်းကျွေးတာကို ထိုင်စားနေတဲ့ ဖအေမျိုးတော့ .."

"ထိုင်စားနေတာ မဟုတ်ဘူး ကိုသက် .. မထနိုင်တဲ့အချိန်လေးပါ .. ခင်ဗျား ဘာမှမတတ်နိုင်တဲ့အချိန်မှာ ဒီကလေးက မိဘကို အရမ်းကူညီချင်ပြီး အလုပ်လုပ်ချင်လို့ လျှောက်ရှာနေတယ် ..၊ သူနဲ့ အဆင်ပြေမယ့် အလုပ်တစ်ခုခု မတွေ့ခင် အဆင်ပြေနိုင်မယ့်အလုပ် တွေ့လို့ ချိတ်ပေးလိုက်တာပါ .. သမီးလည်း ဘာမှမဖြစ်ဘူး .. 'ကားလည်း ပြန်ကောင်းသွားပြီ .. ဒီကိစ္စအတွက်နဲ့တော့ မဆူပါနဲ့တော့ .."

"သူက ဆက်လုပ်မယ် ပြောနေတာ သူဌေး .."

"မင်းက မကြိုက်ဘူးဆိုရင် ကျုပ်ကလည်း မတိုက်တွန်းတော့ပါဘူး .. နက်စ္စကလည်း အိမ်ဆောက်နေတဲ့သူကိုယ်တိုင် ကျုပ်ကားကို ငှားနေလို့ ဒရိုင်ဘာပါ ပါမှ ငှားမယ်လို့ ကျုပ်က နောက်လိုက်တာ..၊ သူကလည်း လိုအပ်နေပါတယ်ဆိုတော့ သိပ်မဝေးတဲ့အကွာအဝေးကို မောင်းပါစေဆိုပြီး ထည့်ပေးလိုက်တာပါ .."

"ကျွန်တော့်ကို သူဌေးကိုယ်တိုင် လာရှင်းပြနေစရာ မလိုပါဘူး သူဌေးရယ် .. နေရခက်အောင် မလုပ်ပါနဲ့ဗျာ ..၊ ကားမောင်းတာကို မကြိုက်တာထက် ကျွန်တော့်ကိုယ်ကျွန်တော် ဘာမှ အသုံးမဝင်တော့တဲ့ လူမမာကြီးအဖြစ် အားမလိုအားမရ ဖြစ်နေတုန်း သူ ကားထွက်မောင်းတာ ကြားလိုက်ရတော့ ဘယ်လိုမှ နားလည်မပေးနိုင်အောင် ဖြစ်သွားခဲ့တာ .."

ဦးမြညွန့် က သူ့ရှေ့ထိ လျှောက်လာပြီး ပခုံးတစ်ဖက်ကို တရင်းတနှီး ဆုပ်ကိုင်ကာ ...

"နားလည်ပေးလိုက်ပါ ကိုသက် ရာ .. နှစ်ယောက်တည်းရှိတော့တဲ့ဘဝမှာ မပြေလည်မှုတွေပဲ ထပ်ထပ်ပြီး ရှိလာရင် ရှေ့ရေးမှာလည်း ငြိမ်းချမ်းဖို့ မလွယ်ဘူး .. ကိုယ့်စိတ်ကို လူမမာဆိုတာလည်း မမေ့နဲ့..၊





အားငယ်ဖို့လည်း မလိုဘူး .. လိုတိုးပိုလျှော့လေး လုပ်ထားလိုက်ပါ.."

ဦးသက်ငြိမ် မျက်လွှာချ၍ ဆက်တီခုံမှာ ပြန်ထိုင်သည်။ ချိုင်းထောက်နှင့် လှုပ်ရှားနေရသော သူ့ရဲ့ ထခြင်း ထိုင်ခြင်း နှစ်ရပ်၏ ခက်ခဲခြင်းကိုကြည့်ကာ သိုက် က မျက်ရည်တွေ ဝဲနေ၏။

"သူဌေး ထိုင်ပါဦး .."

"မထိုင်တော့ပါဘူး.. ကားထဲမှာ ဧည့်သည်နှစ်ယောက် ပါတယ်..၊ သူတို့နဲ့ အလုပ်ကိစ္စလေးရှိလို့ ထွက်လာတုန်း သမီး ဒီလိုဖြစ်တယ် ကြားလို့ လှည့်ဝင်လာတာ .. ကျုပ်တို့က လုပ်ခိုင်းခဲ့တော့ .."

"ဒီလိုမဟုတ်ပါဘူး သူဌေးရယ် .. ကျွန်တော်က သူဌေးရဲ့ကားကိုပါ စိုးရိမ်တာပါ ..၊ ကိုယ့်အပေါ်မှာ အစစအရာရာ ငဲ့ညှာနေတဲ့လူကို ထပ်ပြီး အခွင့်အရေးယူသလို ဖြစ်သွားမှာ စိုးတယ် .."

"ကျုပ်တို့က ကလေးတွေမှ မဟုတ်တာဗျာ .. ပေးသင့်လို့ပေး.. ကူညီသင့်တဲ့လူမို့ ကူညီတာပါ.."

ဦးမြညွန့် က သိုက် ကိုလည်း အားပေးသွားသည်။

"အလုပ်ကိစ္စအတွက် သိပ်စိတ်ပူမနေနဲ့ သမီး.. ဖေကြီးကိုပဲ စိတ်ချမ်းသာအောင် ထား.. အဆင်ပြေမယ့် အလုပ်တစ်ခုခုတော့ ရှိလာမှာပါ"

နှုတ်ဆက်ပြီး ပြန်သွားတော့ ဦးသက်ငြိမ် သက်ပြင်းချမိသည်။

"သမီး ဖေကြီးကို စိတ်ဆိုးသွားတာလား .."

"မဆိုးပါဘူး .. ဖေကြီး စိတ်ထိခိုက်အောင် လုပ်မိသလို ဖြစ်သွားလို့ စိတ်မကောင်းတာပါ .."

သူ ခေါင်းတခါခါ ဖြစ်သွားခဲ့၏။

"သမီး ကောင်းတာလုပ်တာမှန်း ဖေကြီး သိတယ် .. သမီးအပြင်မှာ အခက်အခဲဖြစ်ပြီး ပြန်လာတာကို ခုလို ဆီးဆူမိတာလည်း ဖေကြီး မကောင်းဘူးဆိုတာ သိပါတယ် ..၊ ဒါပေမယ့် နောက်ထပ်မလုပ်ပါနဲ့.. ဒါမျိုး ထပ်မလုပ်ပါဘူးလို့ ဖေကြီးကို ကတိပေးစမ်းပါ .."

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .. သမီး မလုပ်တော့ပါဘူး .."

ပတ်ဝန်းကျင်ပြောသံတွေ နည်းပါးသွားပေမယ့် နေ့စဉ် ရင်ဆိုင်ဖြတ်သန်းနေရသည့် သိုက် အတွက် ဦးသက်ငြိမ် ဘယ်လိုမှ စိတ်မအေးနိုင်ပါ ..။

သူ့ခြေထောက်ကလည်း အစတုန်းက တစ်ဖက် ..၊ ခု နှစ်ဖက်ဖြစ်လာခဲ့သည်။ တောင်ဓှေးကိုင်ရတဲ့ဘဝကနေ ချိုင်းထောက်နဲ့ ဖြစ်လာခဲ့၏။ ဒါပေမယ့် သမီးအတွက် သူ တစ်ခုခု လုပ်ရတော့မှာပါ ..၊

"ဖေကြီး .."

"ဟင် .."

"ထမင်းမစားသေးဘူးလား .. ဖေကြီး ကြိုက်တဲ့ ဝက်နံရိုးပေါင်းနဲ့ ငါးခေါင်းချဉ်ရည်ဟင်းလေးကို ဆီမပါဘဲ ချက်ထားတာ .."

"ဖေကြီး မဆာသေးပါဘူး သမီးရယ် .. သမီး စားနှင့်လေ .."

"ဖေကြီး မစားသေးရင် သမီးလည်း မစားသေးဘူး .."

"သမီး ဒီညနေ အပြင်သွားဖို့ ရှိသေးလား .."

"ဟင်!..."

နောက်ထဲကို ပြန်လှည့်ပြီးမှ သိုက် အံ့ဩသွားသလို ပြန်လှည့်ကြည့်သည်။ သူမ အပြင်သွားမယ်ဆိုတိုင်း ဘယ်သွားမှာလဲ..၊ ဘာလုပ်မှာလဲ မေးတတ်လွန်းသည့် ဖေကြီးက ညနေစောင်းမှ ..၊

"မသွားဘူး ဖေကြီး .. မနက် အလုပ်ဆင်းဖို့က ဒေါ်ယဉ်လှ တို့နဲ့ ပြောထားပြီးပြီ .."

"ဘာအလုပ်လဲ သမီး .. သမီး စာမေးပွဲဖြေဖို့ ကျူရှင်ယူဖို့ရက်တွေ ရှိတယ် .."

"လိုပါသေးတယ် ဖေကြီးရယ် .. သမီး တွက်ထားပြီးပါပြီ .."

ဦးသက်ငြိမ် ခေါင်းညိတ်လိုက်ရင်း စဉ်းစားထားတဲ့ စိတ်ကူးအတိုင်း ...





"ဒါဆို ဖေကြီး အပြင်ခဏ လမ်းလျှောက်ဦးမယ်.."

"ဟင် .. ဘယ်လို!... ဖေကြီး .."

"လမ်း .. အဲ .. လမ်းထွက်ကြည့်မလားလို့ပါ .. အိမ်ထဲမှာချည်းပဲဆိုတော့ .."

"လမ်းမှ မလျှောက်နိုင်တာ ဖေကြီးရယ် .. ချိုင်းထောက်နဲ့လည်း ဖေကြီး အားပြုရတဲ့ခြေထောက်ကိုက ဒဏ်ရာရထားသေးတာ ဘယ်လိုလုပ်ဖြစ်မှာလဲ .."

ဦးသက်ငြိမ် က ပြုံးနေပေမယ့် မညာတတ်သည့်မျက်နှာကြီးက သိသာနေ၏။

"လျှောက်ကြည့်ဖို့တော့ လိုတယ်လေ.. ဖေကြီး အနာခံပြီး မလျှောက်ပါဘူး .. ခြေထောက်နာလာတာနဲ့ တက္ကစီငှားပြီး ပြန်ခဲ့မှာပေါ့ .."

မယုံနိုင်သည့်အကြည့်တို့ဖြင့် သိုက် က ပြန်လှည့်လာကာ ...

"ဖေကြီး အပြင် တကယ်ထွက်မှာလား .."

"ဩော်.. ငါ့သမီးကလည်း ဖေကြီးကို ကလေးကျနေတာပဲ .."

ဦးသက်ငြိမ် ပေါ့ပါးစွာ ရယ်ပြလိုက်ရင်း နေရာမှ ထရပ်လိုက်သည်။ ပြီးမှ ချိုင်းထောက်ကို ပြန်လှည့်ကောက်၍ ...

"ဖေကြီး ခုပဲ သွားမယ် .. တော်ကြာ မိုးချုပ်နေမှာစိုးလို့ .."

"ဖေကြီး မသွားရပါဘူး .. တက္ကစီစီးမယ်ဆိုတာလည်း မယုံဘူး.. သွားမှာပဲဆိုရင် ခဏနေဦး .. အိမ်တံခါးတွေပိတ်ပြီး သမီးပါ လိုက်မယ် .."

"ဟ.. မလိုက်နဲ့ .. နေရာတကာ ဖေကြီးကို ဒုက္ခိတကြီးလို တွဲထူမနေပါနဲ့ သမီးရယ် .. တစ်ခါတလေ လွတ်လွတ်လပ်လပ် သွားလာကြည့်ချင်လို့ နော် .. ဒဏ်ရာနာတော့လည်း ဒီလောက်ထိ သွားလာနိုင်တယ်.. ဒီနေရာလောက်မှာ နာတယ်ပေါ့ .."

သိုက် ခဏလေး ငေးငိုင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေကြီး ခဏနေဦး .."

အထဲကိုပြန်ဝင်ပြီး ထွက်လာတော့ လက်ထဲမှာ ငါးထောင်တန် လေးနှစ်ရွက် ကိုင်လျက်...

"မေကြီး လာ .. မေကြီးကို တက္ကစီပေါ် သမီးကိုယ်တိုင် တင်ပေး လိုက်မယ် .."

သိုက် က ဦးသက်ငြိမ် ရဲ့ခွင့်ပြုချက်ကို မစောင့်ဘဲ ရှေ့ကထွက်၍ တစ်ခါတည်း ဖိနပ်စီးရင်း စောင့်သည်။ ဦးသက်ငြိမ် ထွက်လာတော့မှ ဖိနပ် အဆင်သင့် ချပေးထားကာ ...

"ဒီကနေ လမ်းမကြီးကို ထွက်ရမှာ အဝေးကြီးပဲ .."

ဟု အကြောင်းတွေ ပြနေသဖြင့် ...

"သမီး မလိုက်ရဘူး .."

"ဟင်!..."

"သမီး ပါလာရင် မေကြီးကို ထမ်းပိုးခေါ်သွားနိုင်မှာ မဟုတ်ဘူး..၊ ကိုယ့်ဘာသာ ချိုင်းထောက်နဲ့လျှောက်ရမှာ အတူတူ ဘာလိုက်လုပ်မှာ လဲ .. နေခဲ့ .."

သိုက် က ခြေဆင်းကောက်တော့မယ့်အတိုင်း နှုတ်ခမ်းလေး စူ သွားကာ ...

"ထမ်းပိုးခေါ်မရပေမယ့် မေကြီး တက္ကစီပေါ် ပါသွားမှ သမီးက စိတ်ချရမှာပေါ့ ..၊ တော်ကြာ ပိုက်ဆံရွှေတာပြီး မေကြီး ဒီတိုင်းလျှောက် နေမှာ .."

"မေကြီး ကိုယ့်ကိုယ်ကိုယ် လဲကျသွားတဲ့အထိ မပေပါဘူး သမီး ရယ် .. အဲဒီပိုက်ဆံတွေလည်း မလိုဘူး .. မေကြီးမှာ ရှိတယ် .."

ဦးသက်ငြိမ် ကလည်း ကလေးဆူသလို ဆူကာ မျက်နှာကို တင်း ထား၏။ ဒါပေမယ့် တကယ်ထွက်မယ် ဖြစ်လာတော့ သိုက် က ကိုင် ထားသည့်ပိုက်ဆံကို သူ့အိတ်ထဲ အတင်းထည့်ပေးလိုက်ကာ ...





"ရှိရှိ မရှိရှိ ယူသွား .."

လို့ ပြောကာ နေရစ်ခဲ့တော့ဖို့ ဆုံးဖြတ်ရှာပေမယ့် ...

"ဒီနားထိပဲ သွားနော် .. မေကြီး မလာမချင်း သမီး ဒီမှာ ငုတ် တုတ်ထိုင်စောင့်မှာ .."

ဦးသက်ငြိမ် လှေကားထစ် သုံးထစ်ကို သတိထားဆင်းလိုက်ပြီးမှ ပြန်လှည့်ကြည့်တော့ သိုက် က ထိုနေရာမှာပဲ ခြေထောက်လေး ချထိုင် နေတာ တကယ် ..၊

"အထဲဝင်နေစမ်း သမီး .. ကလေးမဟုတ် သူငယ်မဟုတ်နဲ့ ..၊ မေကြီးသွားရင် သမီးကို အဲဒီမှာ ဖအေကို ထိုင်စောင့်နေတယ်လို့ ဘယ် သူက ထင်မှာလဲ .."

သိုက် အင်တင်တင်လေး ထရပ်လိုက်သည်။ ဒီတစ်ခါ ဦးသက်ငြိမ် ပြန်လှည့်မကြည့်တော့ဘဲ လျှောက်ထွက်သွားခဲ့၏။

ဟိုအရင်ကဆို မေကြီးက အရပ်မြင့်မြင့် ဖြူဖြူသွယ်သွယ်နှင့် မေမေနဲ့ ရှေ့သွားနောက် လိုက်ညီသည်။ မေမေ့ဘေးမှာ ရှိနေချိန်တိုင်း မှာ မေမေ့ကို ငုံ့ကြည့်လိုက် စကားတွေ ပြောလိုက် ..၊

ကားပေါ်တက်ဖို့၊ ဆင်းဖို့၊ ပစ္စည်းတွေ ဆွဲဖို့ သယ်ဖို့ အစစခ်သိမ်း သော ဆောင်ရွက်ချက်တိုင်းမှာ သူသာလျှင် ဦးဆောင်ကာ တစ်ဖက်က မေမေ့လက်လေးကို ဆွဲလို့သာ ..၊

လမ်းထိပ်ဖြစ်ဖြစ် .. ဟိုနားဒီနား ဈေးလေးသွား ..၊ ဆေးခန်းသွား..၊ ဘယ်ကိုသွားသွား အိမ်ကနေ မေမေနဲ့ မေမေ ထွက်သွားကြပြီဆို အိမ်ဝ ထိ သိုက် ထွက်လိုက်လာတတ်သလို ဒီလိုပဲ လိုက်ငေးကြည့်ရင်း ကျန်ခဲ့ နေကျ ..၊

ဟိုတုန်းက လှပသောမြင်ကွင်းလေးကို မြင်ယောင်ရင်း ချိုင်းထောက် ကြီးနဲ့ အကျည်းတန်နေပြီဖြစ်သော မေမေ့ကျောပြင်တို့ ရင်နင့်ခြင်းများ ဖြင့် ငေးနေမိသည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုနေ မေမေရှိနေရင်လည်း မေမေ့ဘေးမှာ ဂရုစိုက် ဖေးမလို့ တွဲကူပါဝင်နေမှာပါ ..၊ ဘဝက အကျည်းတန်ခဲ့သလို ဖေကြီးရဲ့ မလှမပပုံစံကို မြင်ကွင်းထဲက ပျောက်ကွယ်သွားတဲ့အထိ ငေးနေခဲ့မိ၏။

သိုက် ငယ်ငယ်တုန်းကဆို ဖေကြီးက သိုက် ပြဿနာရှာသမျှ ကလေးချင်းဆိုလည်း မကျေနပ်မချင်း လိုက်ချော့ပေးတတ်သလို လူကြီးတွေကို မလေးစားလုပ်ခဲ့ပြီး ထွက်ပြေးလာတိုင်း လိုက်တောင်းပန်သည်။ တောင်းပန်လို့မှမရလျှင် သိုက် လက်ကိုဆွဲ၍ သူကလည်း ဘုဂလန့်တွေ ပြောပစ်ခဲ့ပြီး ထွက်သည်။ အိမ်ရောက်ပြီဆို မေမေ ညည်းပါတော့သည်။

"ကို ရယ် .. ရှင် အရင်တုန်းက ဒီလို ရန်မဖြစ်တတ်ပါဘူး .."

"အရင်တုန်းက သမီးက ဆော့မှ မဆော့တတ်သေးတာ .."

"အခု ဆော့တတ်တော့ ရှင်က ရန်ဖြစ်တတ်သွားရောလား .."

"ယမင်း ကလည်းကွာ .. သမီးက ကစားဖော်မှ မရှိတာ .."

"ခုဟာက ကို့သမီးက သွားစခဲ့တာ .. သူတို့ဘာသာ ဆော့နေကြတာကို သူတို့ သားထားတဲ့စည်းတွေကို ခြေထောက်နဲ့ တိုက်ဖျက်ပစ်တာ .."

"ဘာဖြစ်လဲကွ .. ငါ့သမီးက အတူကစားဖို့သွားတဲ့ဥစ္စာ .. သူတို့က မခေါ်လို့ ဖြစ်ရတာပဲ .."

"သူတို့ ခေါ်ချင်မှခေါ်မှာပေါ့ ကိုရယ်.. ကလေးကိုပဲ နောက် ဒီလို မလုပ်ဖို့ ဆုံးမစမ်းပါ .."

"ဆုံးမမယ်လေ .. ကိုယ် မင်းနဲ့ဆက်ပြီး ရန်ဖြစ်နေရတာ ဘယ်လိုလုပ် ဆုံးမရမလဲ .."

ဖေကြီးက သိုက် ကို ဘယ်သွားသွား ခေါ်သည်။ သိုက် ငယ်ငယ်တုန်းကတော့ ဖေကြီး ကားမမောင်းသေးပေ ..၊

ကုမ္ပဏီတစ်ခုမှာ လက်ထောက်စာရင်းကိုင်လုပ်ရင်း ထိုကုမ္ပဏီမှာပဲ ည ဆယ့်နှစ်နာရီထိ ရုံးစောင့်တာဝန် ယူထားတာလည်း ရှိသည်။





ထို့ကြောင့် မနက်ပိုင်းဆို ဖေကြီး အလုပ်စောစောထသွားစရာ မလိုပေ ..၊ စာရင်းကိုင်ကနေ ညစောင့်ဝင်လုပ်ပေးသဖြင့် သူဌေးကလည်း ယုံကြည်သည်။ ဖေကြီးကိုလည်း ခင်သည်။

ထိုစဉ်ကတည်းက အိမ်မှာ ဖေကြီးနဲ့ပတ်သက်လာတဲ့ သူဌေးတိုင်း အိမ်မှာ အဝင်အထွက်ရှိကြသည်။ ဒါပေမယ့် ပတ်ဝန်းကျင်ပါးစပ်ထဲမှာ ပုတ်ခတ်သည့် အတင်းအဖျင်းစကားသံတွေ မရှိခဲ့ကြပေ ..။

ငယ်ငယ်တုန်းက ဒီအဖေနဲ့ ဒီသမီး အတူတူဆော့ .. အတူတူမှီတွယ် ချိုပိုး၍ ချစ်ခင်ခဲ့ကြတာတွေလည်း ခုချိန်မှာ ပျောက်ကွယ်ခဲ့၏။

ဒီကောင်မလေး အပျိုဖြစ်လာမှ လူတွေ ရှုပ်လာတာဆိုတာက တစ်မျိုး ..၊

'မအေက အကောင်းကြီးကနေ ရောဂါသည်ထဖြစ်တာ ရှိုးမှရှိုးရဲ့လား မသိဘူး'ဆိုတာတွေလည်း ပြောလာခဲ့သည်။

"ကောင်မလေးကိုက တို့ဆီပြောင်းလာတဲ့အရွယ်တည်းက ကြည့်ပါလား .. မအေနား မကပ်ဘူး .. တစ်ဖေကြီးတည်း ဖေကြီးနေတာ..၊ အပျိုကြီးဖြစ်နေတာလည်း ဆင်ခြင်ရမှန်းမသိဘူး"လို့ ငယ်ငယ်ကစပြီး မျက်လုံးဒေါက်ထောက် ကြည့်နေခဲ့ကြတာတွေကလည်း သိသာသည်။

"ဒါကြောင့် မအေ ရောဂါရတာ .. ကိုသက် ကလည်း လူချောပဲလေ .. ခုမှ အရွယ်ကောင်းတုန်းရယ် ..၊ ရောဂါသည်မိန်းမနဲ့ နုနုလတ်လတ်လေး ဘာကို သဘောကျမလဲ .."

လို့ ပြောတာတွေ ..၊ ဒါတွေကို မေမေ့ကိုယ်တိုင် ကြားခဲ့တာဖြစ်ကာ ဖေဖေ့ကို နှစ်ကိုယ်ကြား အားပေးနေတာကို သိုက် ကြားခဲ့ရ၏။

"ဒီလိုစကားသံမျိုးတွေကို ကျွန်မ ကြားရတာ မဟုတ်ဘဲ ကိုသာ ကြားရင် နောက်ခံ ကြားရဖို့လည်း ရှိတော့လေ .. ဒါတွေကြောင့်ကို မတုန်လှုပ်ပါနဲ့ ကိုရယ် နော် .. သမီးလေးကို ကို ဘယ်လိုပြုစုယုယခဲ့တယ် .. ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ ကျွန်မလေ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်ဘူး ..၊ ကျွန်မက ယုံကြည်တယ်ဆိုရင် တစ်လောကလုံးကို ဂရုမစိုက်ဘဲ ကို နေပေးပါ .. သမီးလေးကို အချစ်မပျက်ပါနဲ့ ကိုရယ်.." တဲ့..။

မေမေ ကြားအောင် ပတ်ဝန်းကျင်က အတို့အထောင်စကားတွေ ပြောတိုင်း မေမေက ဂရုမစိုက်သည့်ပြင် ဖေဖေ့ကို အမြဲ ပြန်ပြီး အားပေးခဲ့တာပါ ..။

ဒီလောက်ထိ နိုင်မာတဲ့ မိသားစုကို မနေ့တစ်နေ့ကထိ သူတို့တွေ သွေးခွဲဖို့ တို့ထောင် ကြိုးစားနေတုန်း ..၊

ခြေထောက်မှာ ဒဏ်ရာရခဲ့တာကလည်း ဖေကြီး ကားအပ်ပြီး ပြန်လာတဲ့ညဘက်ကျမှ သိုက် က ဆိုင်ကယ်လ်စီး သင်ချင်ပါသည် ပြောမိသဖြင့် ဖေကြီး အသိထဲက ဆိုင်ကယ်လ်ကို သွားငှား၍ သင်ပေးနဲ့တာက နေ စခဲ့တာ ဖြစ်သည်။

တစ်ညမှာတော့ ကားအပ်ခဲ့ပြီးပြန်လာတည်းက ဖေကြီး မျက်နှာမှာ ချွေးတွေပြန်ကာ မှုန်မှိုင်းနေခဲ့တာ ဖြစ်သည်။

"ဒီညနေ ဖေကြီး နေမကောင်းဘူး သမီးရယ် .. မနက်ဖြန်ညမှ သင်နော် .."

"ဟာ .. ဖေကြီးကလည်း .. ငါးရက်နဲ့ အပြီးသင်ပေးမှာပါလို့ ဖေကြီး အာမခံပြီး ဆိုင်ကယ်လ်ငှားထားတာလေ ..၊ ဒီတစ်ညဆို ရပြီဥစ္စာ .. ဖေကြီးမပါလည်း ရတယ် .. သမီး ကိုယ့်ဘာသာ အေးဆေး စီးတတ်နေပြီ .."

ညဘက်ကြီး ဆိုင်ကယ်လ်နဲ့ တစ်ယောက်တည်း ပေးထွက်မှာ မဟုတ်မှန်း သိထားသဖြင့် သိုက် က အညာကိုင်ပြီး ပြောသည်။

ဖေကြီးကလည်း လိုက်လာရှာပါသည်။

ဆိုင်ကယ်လ်စီးတုန်းက ဘာမှမဖြစ်ကြဘဲ ပြန်ပို့တော့ ည ဆယ်နာရီထိုးနေပြီဖြစ်ကာ ပို့ရတဲ့နေရာကလည်း သိပ်မနီးတော့ လမ်းတွေ့





တစ်ခုမှာ ကားနဲ့ တိုက်မိသွား၏။ ခြေထောက်တစ်ဖက်သာမကဘဲ ကျောရိုးပါ အနည်းငယ် ထိခိုက်သွားခဲ့သဖြင့် ဖေကြီး အိပ်ရာထဲ လဲခဲ့၏။

"သမီးနဲ့စီးကြတုန်း ဒီလိုမဖြစ်တာ တော်သေးတယ်"လို့ ဖေကြီး ပြောတော့ .. "သမီး ပူဆာလို့ ဒီဆိုင်ကယ်လ်စီးခဲ့ရတာ မဟုတ်ဘူးလား ကို .."

ဖေကြီးနဲ့ မေမေ ပြောနေကြတာတွေကို သိုက် ကြားသည်။ ကိုယ့်ကြောင့်မို့လို့လဲ မေမေရှိတုန်းဆို ဖေကြီးနားကို သူမ သိပ်မကပ်ရဲဘဲ လစ်မယ့်အချိန်ကို စောင့်ခဲ့ရသည်။

"ကျွန်မ သိတယ် .. အဲဒီညက ကို နေမကောင်းဘဲနဲ့ သမီးကို အလိုလိုက်ပြီး ထွက်လိုက်သွားတာ .."

"ကိုယ်က စပေးခဲ့တဲ့ကိစ္စပဲကွာ .. ကလေးကို အပြစ်တင်လို့ ဘယ်ရမလဲ ..၊ ပြီးတော့ .."

ဖေကြီး ပြောပြပုံအရ ညဘက် ဆိုင်ကယ်လ်စီးကြတဲ့ကိစ္စကို လူတွေ ကဲ့ရဲ့သံတွေ ထွက်လာတဲ့ပုံပါ ..။

ထို့ကြောင့် ဖေကြီး နေမကောင်းတာနဲ့ရောကာ ထိုညက မျက်နှာလည်း မကောင်းသည့်ပြင် ဆိုင်ကယ်လ်စီး သင်မပေးတော့ဖို့လည်း ဆုံးဖြတ်ခဲ့၏။

ဒါပေမယ့် သူမကြောင့် ဆုံးဖြတ်ချက်ပျက်ခဲ့သလို ထိုစဉ်တည်းက ထိခိုက်ခဲ့ရတဲ့ ခြေထောက်တွေက ပြန်ကောင်းမလာခဲ့သည့်ပြင် တစ်ဖက်ပြီးတော့ နောက်တစ်ဖက် ..။

ခြေထောက်ကိုပဲ တစ်ခါပြီး တစ်ခါ ထိခိုက်ဖို့အကြောင်းတွေက ဖြစ်လာခဲ့၏။

သူမ သတိထားမိသလောက်မှာ ခြေထောက်ထိခိုက်မိပြီး ခုံတည်းက ဖေကြီးရဲ့ တက်ကြွရွှင်လန်းခြင်းတွေ ပျောက်ဆုံးသွားခဲ့တာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားနှစ်ယောက်၏ အိမ်ထောင်မှုကိစ္စအဝဝအတွက် လုံးပမ်းမှုပင်ရတာတွေ .. လူမမာအတွက် ပြည့်စုံဖို့ ကြိုးစားနေရတာတွေ .. ဒါတွေကိုကြည့်နေရရင်း စိတ်မသက်သာစွာနေခဲ့ခြင်းဖြင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်သွားခဲ့သည်။

ဒါကြောင့် မေကြီးအတွက်ဆို သိုက် ကျရာနေရာက ကြိုးစားရှာဖွေပြီး တတ်နိုင်သမျှ ပြည့်စုံနိုင်အောင် ကြိုးစားချင်သည်။ မေကြီးရှေ့မှာ သိုက် ဘယ်လိုပင်ပန်းနေရတာကို မမြင်စေဘဲ သားအဖ ပျော်ရွှင်စွာ ရိုင်းပင်းသွားချင်၏။

ဒီနေ့ကျမှ မေကြီး ဘယ်လိုပုံစံ ဖြစ်နေတာလဲ ..၊

ခါတိုင်းဆို ခြံထဲမှာ လမ်းလျှောက်ဖို့တောင် ပြောလို့ရခဲ့တာမဟုတ်လေ ..၊ ဆင်းလျှောက်ပြီဆိုရင်လည်း ညဘက်တွေပဲများကာ ဆင်းမိပြီဆို အိမ်ပေါ် တော်တော်နဲ့ ပြန်မတက်တော့ပေ ..။

ပြီးတော့ ထမင်းချက်ပြီးပြီ မစားသေးဘူးလားမေးပြီဆို သိုက် မိုက်ဆာနေပြီမှန်း မေကြီး နားလည်၏။ ဆာသည်ဖြစ်စေ .. မဆာသည်ဖြစ်စေ .. သိုက် စောင့်မနေရအောင် နည်းနည်းတော့ ဝင်စားလိုက်သည်ပဲဖြစ်သည်။

ခုတော့ ဘာကိုမှ ခေါင်းထဲရှိပုံမပေါ်ဘဲ မိုးချုပ်ခါနီးမှ အပြင်ထွက်သွားသည်။ သွားတဲ့ပုံစံကလည်း ပြောသလိုမျိုး လမ်းလျှောက်ချင်တာနဲ့ မတူပါ။

တစ်ခုခု ကိစ္စရှိလို့ သွားတာနဲ့ တူနေသဖြင့် အထဲ ပြန်ဝင်လာရင်း နှမ်းကျွစွာ ထိုင်လိုက်မိသည်။

မေကြီး တက္ကစီ တကယ် စီးပါ့မလား ..၊





## အခန်း (၁၃)

တက္ကစီစီးလို့ မဖြစ်တာ သူ သိနေသည်။ သမီးလေးက ငါးထောင်တစ်သောင်းရဖို့အတွက် တစ်နေ့ တစ်နေ့ ကြိုးစား ရုန်းကန်နေရတာမလွယ် ..။

သူ့ငွေးဦးမြည့်နှံ့ ၏ ငဲ့ညှာကူညီခြင်းတွေသာ မရှိခဲ့ဘူးဆိုလျှင် သူတို့သားအဖအတွက် မနက်ဖြန်တွေက ရင်လေးစရာပါ ..။

"တီ .."

ခြေထောက်ကို ခပ်ဖြည်းဖြည်း ထိန်းလျှောက်နေရင်း ဘေးမှာ ကားတစ်စီး လာရပ်သွား၏။

"ကိုသက် .."

"ဟင် .. ဝင်းစိုး .."

"ဘယ်ကိုလဲ .. မိုးတောင်ချုပ်တော့မယ် .. ချိုင်းထောက်ကြီး တကားကားနဲ့ .."

"ငါလား .."

သူ သွားဖို့နေရာကို ပြောလိုက်လျှင် မိတ်ဆွေသူငယ်ချင်းအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်သွားနိုင်တာ တွေးမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ လမ်းလျှောက်ထွက်လာတာ .."

ပြောပြီးတာနှင့် ဆက်လျှောက်လာခဲ့တော့ ကားက ဘေးနားမှာ လိမ့်ပါလာ၏။

"ချိုင်းထောက်ကြီးနဲ့ လမ်းလျှောက်ထွက်ရတယ်လို့ .. လာစမ်းပါကွာ .. မင်း တစ်နေရာသွားမလို့မို့လား .."

"ရတယ် ဝင်းစိုး .. ငါ ဒီနားတင်ပါ .."

"ဒီနားတင်ဆို ပိုတောင် ဒီတိုင်းမသွားသင့်သေးတယ် .. ငါ လိုက်ပို့မယ် .. ဟော့ .. ကိုသက် .."

တက္ကစီသမားချင်း သိနေကြတာမို့ ဦးသက်ငြိမ် ဒုက္ခရောက်သွားတော့ ခုလိုပဲ ကြုံရင်ကြုံသလို ကူညီသွားတတ်ကြတာပါပဲ ...။

အားနာပေမယ့် မရမကခေါ်နေမှာဝဲဆိုတာလည်း သိကာ ကားထဲ ရောက်သွားခဲ့သည်။

"ဝင်းစိုး .. ငါ့ကို ပို့မယ်ဆိုရင်လည်း တက္ကစီခတော့ ယူကွာ.. ငါတို့ဘဝတူတွေချင်း မင်း ကူညီတာ ငါ လက်မခံချင်ဘူး .."

"ဘဝမတူဘူး ကိုသက် .. လုပ်မနေနဲ့ ...၊ အခု မင်း ကားမမောင်းနိုင်ဘူး .. ငါ မောင်းနိုင်တယ် ...၊ ငါ နေမကောင်းဖြစ်လို့ သုံးရက်လောက် ကားမထွက်နိုင်တုန်းက မင်း ငါ့ကို ကူညီခဲ့တာတွေရော မရှိလို့လား .."

"ဒါက .."

"မပြောနဲ့ .. မင်း ခရီး ဘယ်လောက်ဝေးဝေး ပို့ပေးမယ် .. တစ်နာရီ .. နှစ်နာရီစာ ငါ့ဝင်ငွေ လျော့သွားလို့ ဘာမှမဖြစ်ဘူး .."

"ငါက မတွေ့တာ ကြာလှပြီဖြစ်တဲ့ လူတစ်ယောက်ကို ရှာရမှာ.."

"မင်း အခက်အခဲဖြစ်နေလို့ မို့လား .. ငါက အဲဒါကိုတော့ မကူညီနိုင်ပေမယ့် ကားမောင်းပေးလိုက်တယ်ဆိုရင် ငါ ကူညီရာလိုပဲလေ...၊ ထားလိုက်တော့ .."





ဦးဝင်းစိုး က ဝမ်းပမ်းတသာ လိုက်ပို့တာပါ ...၊ ဒါပေမယ့် ကိုယ်ကတော့ ကိုယ်ရှာတဲ့လူကိုလည်း မသိစေချင်သည့်စိတ်က ဖြစ်နေခဲ့ရာ ...

"မှတ်မိပြီ ဝင်းစိုး .. ဟိုရှေ့က လမ်းထိပ်ပဲ ...၊ မင်း ငါ့ကို ထားခဲ့တော့ .."

"လမ်းထဲဝင်တော့ ဘာဖြစ်လို့လဲ .."

"ဝင်ပြီးရင် ဟိုဘက်က ပြန်ထွက်မှပဲရမှာ ...၊ ဒီလမ်းက တစ်လမ်းမောင်းလေးရယ် .. ဟိုဘက်မှာလည်း လမ်းပြင်နေတယ်ဆိုတော့ ဘယ်က ထွက်ရမလဲ မသိဘူး .. ငါ့ဘာသာ ဝင်ရှာပါ့မယ် ...၊ ဒီလောက်ဆို ရပါပြီ .."

သူ ဖွတ်ဆင်းနေခဲ့တော့မှ ဝင်းစိုးက ထားခဲ့သည်။ ကားပျောက်သွားမှ နောက်ကြောင်း ပြန်လှည့်ခဲ့ရကာ ချိုင်းထောက်တွေ တော်တော်နာလာလိုက် .. ခဏနားလိုက်နှင့် မိုးချုပ်သွားတဲ့အထိ သူ သွားမယ့်နေရာကို မရောက်သေးပေ ...။

သမီးလေး စောင့်နေမှာကို တွေးမိပေမယ့် မတတ်နိုင် ...၊ ဒီလမ်းထွက်ခဲ့မိလို့ ချိုင်းထောက်တွေနာသွားတယ်ဆိုရင်လည်း ကိုယ်က အိမ်ထဲမှာ အကြာကြီး ပြန်နားနေလို့ ရသည်။

ဒီနေရာ ဒီလူကိုတွေ့ဖို့က သူ့အတွက် အရေးကြီးဆုံးဖြစ်ခဲ့သည်မို့...

"နှလုံးရောဂါအထူး ခွဲစိတ်ဆရာဝန်လေ.. ဒေါက်တာ ဦးဘမော်"

"ဘားအံက ပြောင်းလာတဲ့ ဆရာဝန်ကြီး .."

"ဟုတ်ပါတယ် ခင်ဗျ .."

"သူ ဘားအံကို ပြန်သွားပြီးတည်းက ပြန်မလာတော့ဘူး .."

"ဗျာ!..."

ခြံစောင့်အဘိုးအိုက ပြောင်အောင်တုံးထားသည့် ခေါင်းကို ပွတ်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီးနဲ့ သားက ကျွန်ခဲ့တုန်းတည်းက ကျုပ်ကို ဒီမှာ ခြံစောင့်ငှားခဲ့တာ .. တစ်နှစ်လောက်ကြာမှ မောင်နှမနှစ်ယောက်လည်း ပြန်သွားတယ် .. လုံးဝ ပြန်မလာကြတော့ဘူး ..၊ ကျုပ်က နောက်ထပ်ဝယ်လိုက်တဲ့ အိမ်ရှင်တွေဆီမှာ ဆက်ပြီး အမှုထမ်းခဲ့တာလေ .."

"ဩော် ..."

"မောင်ရင်က အရေးကြီးကိစ္စရှိလို့လား ..၊ ဒီအိမ်ရှင်တွေကတော့ သူတို့နဲ့ ရင်းနှီးတယ် .. ဆက်သွယ်ချင်ရင် ..."

"နေပါစေ ဦးလေးရယ် .. ခုလို စိတ်ရှည်လက်ရှည် ပြောပြတာ ကျေးဇူးတင်ပါတယ် .."

ရင်ထဲမှာ မောသွားသည်။ ယမင်း နဲ့ သူ ဟိုအရင် အိမ်ထောင်ဦးတုန်းက ဘားအံမှာနေခဲ့ကြတာ ဖြစ်သည်။ ဒေါက်တာ ဦးဘမော် နဲ့ ရင်းနှီးခဲ့ကြသည့်အကြောင်းတွေထဲမှာ ...

ကားတစ်စီး၏မီးရောင်က မျက်လုံးထဲကို ပြာခနဲဖြစ်သွားစေကာ...

"ဟာ!..."

ကားသံကြားလိုက်တာနှင့် တစ်ခါမကဖြစ်ခဲ့ဖူးသည့် မှားယွင်းမှုကြောင့် ဘေးကို အလျင်စလို ကပ်ပေးဖို့ စိတ်ကူးက ချက်ချင်းဖြစ်၏။

သို့သော် ချိုင်းထောက်ကို ရွှေ့သည့်အရွေ့မှာ မြေပြင်မဟုတ်ဘဲ ခဲလုံးကိုသာ ထောက်မိသဖြင့် ...

"အား!..."

"ဒုန်း .."

"ကျွိ .."

လူက ယိုင်သွားသည်နှင့် ချိုင်းထောက်နဲ့လူက ခြေကားယားလက်ကားယား ဖြစ်သွားသည်။ အရှိန်နှင့်ဝင်လာသည့်ကားက ချိုင်းထောက်ကို ဖြတ်တိုက်သွားလျှင် ဦးသက်ငြိမ် နှစ်ပတ်လောက်လည်သွားပြီးမှ ဘိုင်းခနဲ ပစ်လဲ၏။





"ရပ် .. ကားရပ်ဦး နေရိပ် .. ဟိုမှာ အဘိုးကြီးတစ်ယောက် ပွဲချင်း ပြီးပြီလား မသိဘူး .."

ကားက တော်တော်လှမ်းကာမှ အရှိန်သေကာ ...

"ဘာလဲ .. ငါ သေချာမြင်တယ် .. လူကို မတိုက်မိဘူး ..၊ သူ့ချိုင်းထောက်ကြီးကြောင့် ငါ့ကားတောင် ဝိန်သွားပြီလား မသိဘူး .. ဝါသနာပါရင် အလျော်ပြေးတောင်းလို့ ရတယ် .."

နေရိပ် က ကားကို ပြန်မောင်းလျှင် နောက်ကို သမင်လည်ပြန်ကြည့်နေကြသည့်လူတွေ မျက်လုံးပြူးသွား၏။

"နေရိပ် .. နောက်မှာ ကားတွေပါတယ် နော် .. ဟိုမှာ လဲသွားတဲ့ အဘိုးကြီးက လှုပ်ပုံမရဘူး .."

"မလှုပ်တော့ လူမမြင်တော့ဘူးပေါ့ .. ပူမနေနဲ့ .."

ဟားတိုက်ရယ်ကာ နေရိပ် က ဝေါခနဲ အရှိန်ထပ်တင်၏။

နောက်က တက်လာသည့်ကားထဲမှာ ဆောင်း က ဖုန်းပြောလာတာဖြစ်ကာ ရှေ့ကမြင်ကွင်းကို သူက သေချာမြင်လိုက်သဖြင့် ...

"နောက်မှဆက်ပြောမယ် ဦးဒေ .. ကိစ္စရှိလို့ .."

စကားဖြတ်လိုက်ပြီး ကားကို အရှိန်တင်လိုက်၏။

ထိုနေရာကို ရောက်မှ တုံ့ခနဲ ရပ်ပစ်လိုက်ကာ ကားပေါ်က ကမန်းကတန်း ဆင်းသည်။

"ဦးလေး .. ဦးလေး နေဦး .."

နဖူးမှာ သွေးတွေနှင့် လူတစ်ယောက်က လက်တစ်ဖက်က ဒဏ်ရာကို အုပ်၍ တစ်ဖက်ကနေ ချိုင်းထောက်ကို လိုက်စမ်းနေ၏။

"ဦးလေး .. ဒီမှာ .."

ချိုင်းထောက်ကို အရင်ကောက်၍ လက်ထဲထည့်ပေးလိုက်သည်။ ပြီးမှ ကတုန်ကယင်ဖြစ်နေသည့် လူကြီးကို တွဲထားပေးမိကာ ...

"ဦးလေး ဘယ်ထိသွားသေးလဲ .. ဘယ်နေရာ ဘာဖြစ်သွားလဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင် ..."

"မသိဘူး .. မျက်လုံးတွေ ဘာမှမမြင်ရဘူး .."

"ဟင်!..."

"ခေါင်းတွေ တအား မူးနေတယ် .. ငါ့ .. ငါ့ကို အိမ်ပြန်ပို့ပေးပါ .."

"ဦးမှာ ဒဏ်ရာတွေနဲ့ ဘယ်လိုလုပ် အိမ်ပြန်ပို့လို့ရမှာလဲ .."

အကြီးအကျယ် ထိခိုက်မှုတော့ဖြစ်ပြီကို သူ တွေးမိလိုက်သည်မို့ ထွက်သွားသည့်ကားကို မျှော်ကြည့်ရင်း ကျိတ်ခနဲ စုတ်သပ်မိ၏။

ဒီလူကြီး မျက်လုံးတွေ မမြင်ရဘူးဆိုတော့ မူးမိုက်ပြာဝေသွားတာမျိုးလား .. ခေါင်းကိုထိပြီး ခု ခဏလေးအတွင်းမှာ ဖြစ်သွားတာလား...၊

နဂိုကတည်းက မျက်မမြင်တစ်ယောက်တော့ မဟုတ်နိုင်ဘူးလို့ တွက်လိုက်မိ၏။ မမြင်တဲ့လူက ညအချိန်မတော် လမ်းပေါ်ရောက်နေမလား ...၊

"ဦးလေး အတင်းမထနဲ့လေ .. နေဦး .. ကျွန်တော် ထူပေးမယ်...၊ ခေါင်းတွေ မူးနေတာလား .."

"အင်း .. မူးတယ် .. လဲကျသွားတာ တစ်ခုခုနဲ့ ပစ်ဆောင့်မိတယ် ထင်တယ် .."

"မျက်လုံးရော .."

"ရပါပြီ .. မူးသွားတုန်းက ပြာသွားတာ .. ကျုပ်ကို ထရပ်လို့ ရအောင် ထူပေးစမ်းပါ .."

ဆောင်း ဘယ်လိုမှ ဥပေက္ခာထားလို့ မရတော့ဘဲ ကားပေါ်ကိုပဲ တွဲတင်လိုက်ကာ ...

"ဆေးခန်းကို အရင်သွားမယ် ဦးလေး .."

"ဟင်!... ဆေးခန်း ...၊ ဆေးခန်းသွားရင် ကြာနေမှာပေါ့ .. ကျုပ်ကို အိမ်ပြန်ပို့ပေးပါ ...၊ အိမ်မှာ သမီးလေးတစ်ယောက်တည်းရယ် .."





"သွေးတွေ အရမ်းထွက်နေပြီ ဦး .. လောလောဆယ် အရေးကြီးတာကို လုပ်ရမှာ .. ကျွန်တော်က ဦးကို စေတနာနဲ့ ကူညီတာပါ ...၊ နောက်ဆံတင်းစရာရှိရင် ခဏလေး မေ့ထားလိုက်ပါ .."

"မဖြစ်ဘူး .. ငါ အရမ်းနောက်ကျရင် ငါ့သမီး ထွက်လိုက်လာမှာ .."

ဆောင်း ခေါင်းခါနေမိရင်း ဆုံးဖြတ်လိုက်တဲ့တိုင်း ကားကို ဆေးခန်းကိုပဲ ဦးတည်လိုက်၏။ သူ စိုးရိမ်သည့်အတိုင်းပင် ကားပေါ်မှာပဲ လူကြီး သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေခဲ့၏။

ဒါနဲ့တောင် ပါးစပ်ကနေ သူ့အိမ်လိပ်စာကို ပြောပြနေကာ ဘယ်က ပတ်မောင်းပေးပါ ...၊ ဘယ်လိုသွားရင်နီးတယ်နဲ့ လမ်းညွှန်နေသေးသည်။

မျက်လုံးကောင်းကောင်းမဖွင့်နိုင်အောင် ခံစားနေရသည့်လူမမာကို လိမ်ညာခေါ်ခဲ့ရတာ စိတ်က မကောင်းပေမယ့် ...၊

ဆေးခန်းတစ်ခုကို ရောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"သေချာစစ်ဆေးပေးပါ ဆရာ .. လူနာက မသန်မစွမ်းမို့လို့ .. နောက်ထပ် ဒုက္ခရောက်သွားမှာ စိုးလို့ပါ .."

"စိတ်ချပါ .. သူ့ကိုယ်ခန္ဓာမှာ ဘာထပ်ဖြစ်သွားတယ်တော့ မသိရသေးပေမယ့် ခေါင်းကဒဏ်ရာကို ချုပ်လည်း ချုပ်ပြီးပြီ .. စိတ်ချလို့လည်း ရပါပြီ .."

"အစ်ကိုလေး .."

ဆရာဝန်နဲ့ စကားပြောနေတုန်း သူခေါ်ထားတဲ့လူ ရောက်လာသည်။

"ကိုကျော် .. မင်းကို ငါခေါ်လိုက်တာ ဘွားဘွား သိလား .."

"မသိဘူး အစ်ကိုလေး .. ခေါကြီးကြိုင် ကိုတော့ ပြောခဲ့တယ်.."

"အေး .. လိပ်စာအတိုင်း သွားတာရော တွေ့ခဲ့ရဲ့လား .."

"တွေ့ခဲ့တယ် .. အိမ်သားတွေ မရှိဘူး .."

"ဘာ!..."

"လူကြီးတွေ .. မိသားစုတွေ .. များများမတွေ့ခဲ့တာကိုပြောတာ.. မိန်းကလေးတစ်ယောက်ပဲ ရှိတယ် ..၊ ကျွန်တော်လည်း အစ်ကိုလေး ပြောခိုင်းလိုက်သလို ပြောခဲ့တယ် .."





"အင်း .."

"သူက ဖေကြီးလား တဲ့ .."

"မသိဘူးလို့ .. ကျွန်တော်လည်း သိမှမသိတာ ..၊ အဲ့ဒါနဲ့ ဆေးခန်းလိပ်စာနဲ့ နာမည် ပြောခဲ့ပြီး ပြန်လာခဲ့တယ် .."

"ဟား .. မင်းကို အိမ်ကပဲ စောင့်နေ .. ဆရာဝန်ပြပြီးတာနဲ့ အိမ်အရောက် ပြန်ပို့ပေးမှာလို့ ငါ ပြောခိုင်းလိုက်တာကွာ .."

"အဲ့ဒါ ပြောမလို့ပဲ .. သူက ဘယ်ဆေးခန်းမှာလဲပဲ မေးနေတာနဲ့.. ခု လိုက်ချင်နေတာလားလို့ .."

"ဘာ!... မင်း ခေါ်လိုက်မိသေးသလား .."

"ဟို ..."

"ကိုကျော် ရာ .. မင်းကို အဲ့ဒါကြောင့် ဦးလေး ဦးဘကျော် နဲ့ တခြားစီပဲလို့ ဘွားဘွား ပြောတာ ..၊ ဦးလေးက ပါးနပ်သလောက် မင်း တော်တော်ထူတာပဲ .. ဒီအရှိန်ကြီး ဒီလိုအကြောင်း သွားအကြောင်းကြားပြီး မိန်းကလေးတစ်ယောက်ကို ခေါ်ထုတ်ရသလား .."

"သူကလည်း မလိုက်ဘူးလို့ ပြောပါတယ် .."

ကောင်းရော ..၊

စိတ်ပျက်စွာ ခေါင်းခါမိတော့ ကျော်စိုး က ခေါင်းပွတ်ပြီး မျက်နှာ ငုံ့ငုံ့နှင့် ...

"ကဲ .. ရပြီ .. မင်း မပြန်နဲ့ဦး ..၊ လူနာ သတိရလာရင် ပြန်ပို့ပေးလိုက် .."

"အဲ့ဒါကို .."

"ဘာ!..."

လူနာဆီ ခြေဦးလှည့်ပြီးကာမှ ဆောင်း က ဆတ်ခနဲ ပြန်လှည့်ကြည့်၏။

"ဘာပြောတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. ဟိုလေ .. ပြီးရင် ပြန်ပို့ပေးမယ်ဟာပဲ ..၊ အိမ်ကို သွားအကြောင်းကြားတာက .."

"ကြားသင့်လို့ ကြားတာ .. ရှည်မနေနဲ့တော့ .."

"ဟုတ်ကဲ့ပါ .."

နောက်ကျနေရင် သူ့သမီးလေး ထွက်လိုက်လာမှာလို့ ဒီလောက်စိုးရိမ်ကြီးသွားတဲ့လူနာက သတိရတာနဲ့ ချက်ချင်း ဝုန်းဒိုင်း ထမပြန်ဘူးလို့ ပြောနိုင်မလား ..၊

"လူနာ သတိရနေပြီ .."

သူနာပြုဆရာမလေးက ထွက်လာပြောရင်း ...

"ပြန်မယ် ဖွတ်ဖြစ်နေတာ .."

လို့ သတင်းပေးပြီး သူ ဝင်လာတော့ အပြင်ထွက်ပေး၏။

"ဦးလေး သက်သာရဲ့လား .."

"သက်သာပါတယ် .. ကျုပ် ပြန်ချင်တယ် .."

"ဟုတ်ကဲ့ .. ပြန်ပို့ပေးမှာပါ ..၊ ခေါက်တာက ခဏတော့ ငြိမ်ငြိမ်လေးနေပေးဖို့ မှာသွားလို့ပါ ..၊ ပြီးတော့ ဦးလေးရဲ့ခြေထောက်တွေကို.."

"ကျုပ်ခြေထောက်တွေက ခဏ ခဏ အက်ဆီးဒင့်ဖြစ်လွန်းလို့ အတွင်းကြေ ကြေနေလောက်ပြီ .. ဘာမှ ထပ်ဖြစ်ဖို့ မရှိပါဘူး .."

ပြောပြီးတာနှင့် ဖွတ်ထထိုင်၏။ ခေါင်းမှာ ပတ်တီးနှင့် မေးရိုးမှာ ပလတ်စတာ ကပ်အုပ်ထားရသည်။

ပြီးတော့ ထိုင်ရင်းကနေ သူ့ချိုင်းထောက်ကို မမီတမီ လှမ်းဆွဲလျှင်ဆောင်း က ချိုင်းထောက်နဲ့ ဦးသက်ငြိမ် ရဲ့အလယ်မှာ ဝင်ရပ်နေလိုက်ကာ ...

"ခြေထောက်က အစတည်းက ဖြစ်ထားခဲ့ရင် ပိုပြီး စိုးရိမ်ရပါတယ် .. အဲဒါကြောင့် စစ်ဆေးပြီးမှသွားလို့ ထပ်တောင်းပန်ပါတယ်..၊ ဒီဒဏ်ရာက ကားတိုက်ခံရတာ ဆိုတော့ .."





"မဟုတ်ပါဘူး .. ကားက ကျုပ်ကို မတိုက်ပါဘူး .. ကျုပ်ဘာသာစိုးရိမ်လွန်းပြီး ခြေချော်လဲတာပါ ..၊ ဒါကြောင့် မောင်ရင်က ကြားကနေမဆီမဆိုင် ဝင်ကူညီတာကိုလည်း အရမ်းကျေးဇူးတင်တယ်.. ဒါပေမယ့်ကျုပ် သတိမေ့နေတာတောင် ကြာလှပြီ .. ကိုယ့်ဝမ်းနာ ကိုယ်သာသိတာမို့လို့ ကျုပ်ကို ရှိင်းတယ် မထင်ပါနဲ့ .."

"ဦးလေး လိပ်စာပြောပြခဲ့လို့ အိမ်မှာကျန်ခဲ့တဲ့လူကို စိတ်မပူဖို့သွားပြောခိုင်းထားပြီးပြီ .."

"ဟင်!... ဘာ ..."

ဒီလောက်ထိ စေတနာ့ဝန်ထမ်းလုပ်နေတာကိုတော့ ဦးသက်ငြိမ်အံ့သြလာမိသည်။

"သူ ထွက်လိုက်မလာဘူးဆိုတာ သေချာပါပြီ ..၊ လိုက်လာရင်လည်း ဒီကို တန်းတန်းမတ်မတ်ရောက်လာမှာမို့လို့ စိတ်အေးအေးထားပြီး ခြေထောက်ကိုတော့ ဓာတ်မှန်ရိုက်သွားလိုက်ပါ .."

ဦးသက်ငြိမ် ဘာမှမပြောတော့ပေ ..။

"ကျွန်တော်တို့အတွက်က ဒီဝိတ္ထါနမြောက်သလို အပန်းလည်းမကြီးပါဘူး .. ဦးလေးတို့အတွက်ကျတော့ အပူတပြင်း ဆေးကုရမယ့်ဝေဒနာ ဖြစ်လာရင် ဒီဒဏ်ရာကြောင့် အပန်းကြီးလိမ့်မယ် .. ဒီညစမ်းသပ်ပြီး လိုအပ်တာရှိနေရင် ပျောက်ကင်းတဲ့အထိ ကျွန်တော် တာဝန်ယူမှာပါ .."

"ဓာတ်မှန်ရိုက်လို့ ရပါပြီရှင် .."

ဦးသက်ငြိမ် အသာတကြည် ထပါသွားကာမှ သူ စင်္ကြံလှမ်းလှမ်းထိလျှောက်ထွက်လာရင်း ဖုန်းခေါ်ကာ ...

"နေရိပ် .."

"... ... ... .."

"မင်း ဘာဖြစ်လို့ မောင်းပြေးတာလဲ .. ငါ အားလုံး မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ..."

"... ... ... ..."

"ဘယ်လိုပြောလိုက်တာလဲ နေရိပ် .. ဘာနဲ့ထိမိတာဖြစ်ဖြစ် မင်း ဒီလိုရှောင်ပြေးတာ သိပ်ကို သေးသိမ်တဲ့စိတ်ဓာတ်ပဲ ..."

"... ... ... ..."

"မတတ်နိုင်ဘူး .. ငါ အခု သူ့ကို ဆေးရုံတင်ပေးထားတယ်...၊ အခု မင်းကို တာဝန်ယူခိုင်းနေတာ မဟုတ်ဘူး .. ငါ့နေရာမှာ မင်း ဖြစ်နေရမှာကို ပြောတာ ..."

"... ... ... ..."

"စေတနာ့ဝန်ထမ်း လုပ်ချင်လွန်းလို့ မဟုတ်ဘူး နေရိပ် .. တိုက်ချသွားတာ မင်းကားမှန်း သိလိုက်လို့ ငါက ကိုယ်ပြသနာလိုသဘောထားပြီး စာနာစိတ်နဲ့ ကူညီနေတာ ..."

"... ... ... ..."

"ရတယ် .. ငါ့ဘာသာ ဆက်လုပ်သွားလိုက်မယ် ...၊ မင်းပဲ အဆင်ပြေအောင် နေ ..."

ဖုန်းပြောရင်း စိတ်တိုနေရကာ ဒီဘက် ပြန်လျှောက်လာတော့ တက္ကစီတစ်စီး ဆေးခန်းရှေ့မှာ လာရပ်သွားသည်။ ဆင်းလာသူက မိန်းကလေးတစ်ယောက်မှန်းသိလိုက်ပေမယ့် အကြည့်က သာမန်ကာလျှံကာ ဖြတ်သန်းသွားခဲ့ပြီးမှ ...

ဟင်!...

တစ်ခုခုကို သတိထားမိလိုက်ကာ ခြေလှမ်းက တုံ့ခနဲ ဖြစ်သွားပြီး ပြန်လှည့်ကြည့်မိ၏။

သိုက် ...၊

"ခဏ ဖယ်စမ်းပါ .."

ကိုယ် ပြန်လှည့်ကြည့်သည့်အချိန်မှာ ပြေးတက်လာသည့် သူမက





ကိုယ့်နောက်ကို ရောက်လာပြီဖြစ်ကာ 'ဖယ်စမ်းပါ'ဆိုတာကို ပါးစပ်နဲ့ လက်နဲ့ တစ်ထပ်တည်း လုပ်ချသွား၏။

လူကို ပခုံးနဲ့တိုက်ချပြီး ဝင်သွားတာ လေတိုက်သွားသလိုပင် ...။

ဘယ့်နယ်ကြောင့် သူမကို မြင်လိုက်တိုင်း ကိုယ်ချည်း မှတ်မိနေခဲ့ပြီး သူမက မသိဘူး ဖြစ်နေတာလဲ ...၊

ထိုပြင် ကြည့်နေရင်း အံ့ဩလာရကာ သူမ ဝင်သွားသည့်အခန်းက ကိုယ့်လူနာခန်းမို့ ဒါ မဟုတ်ပါစေနဲ့ ဆုတောင်းလိုက်မိပေမယ့် မပြည့်ခဲ့ ...။

"မေကြီး ရော .."

ခုတင်ပေါ်မှာ လူနာမရှိသဖြင့် သူမတစ်ယောက်တည်း ရေရွတ်လိုက်ပြီး မျက်ချင်း ပြန်လှည့်၏။ အခန်းဝမှာ ရပ်ကြည့်နေသော ဆောင်းနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့လျှင် ...

"ရှင်!..."

သိုက် မျက်မှောင်ကုတ်သွားသည်။

ပြီးတော့ တင်းခနဲ ပြန်ဖြစ်၏။ မျက်ဝန်းလေးတွေမှာ မျက်ရည်ရောင်တွေ လက်နေတာမို့ သူမရဲ့ဒေါသတွေက မျက်ဝန်းတစ်စုံမှာပဲ ပြည့်စုံစွာ စုစည်းနေကြပြီး ...

"ကျွန်မအမေကို ကားနဲ့တိုက်တာ ရှင်ပေါ့ .. ဟုတ်လား .."

"ဘာမှမသိရင် ဘာမှမမေးနဲ့ .. ပြောတာကို နားထောင် .."

"ရှင် စကားကို ဟန်ကြီးပန်ကြီးတွေ လာမပြောနဲ့ .. ဒါ ရှင့်ဆိုင်ထဲမှာ မဟုတ်ဘူး .."

သူမသည် သူ့ရှေ့ကို တိုးကပ်လိုက်သေးသည်။

ပြီးတော့ လူကို စေ့စေ့ကြည့်ရင်း မျက်ရည်စက်တို့ လိမ့်ဆင်းလာကာ ...

"အခု ကျွန်မအမေ ဘယ်အခန်းမှာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေဆိုတာ ဘယ်သူမှန်းမှ မသိတာ .. ငါ လာပို့ပေးတဲ့ လူနာက မင်းအဖေ ဟုတ်ချင်မှ ဟုတ်မှာပေါ့ .."

"ရှင် လျှောက်ပြောမနေနဲ့ .."

"ဟ .. မင်း ဘယ်လိုလုပ်တာလဲ .."

ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ဆုံတွန်းပစ်လိုက်သဖြင့် ဆောင်း နောက်ပြန်ဆုတ်သွားကာ လဲမသွားအောင် တော်တော်ထိန်းလိုက်ရသည်။

"ကျွန်မအဖေက ဒုက္ခိတပါ .. ဒါပေမယ့် ကားတိုက်ခံရတာက နှစ်ခါရှိပြီ .. ဒုက္ခိတကိုပဲ မညှာမတာ တိုက်သွားခဲ့ကြတာ ..၊ တိုက်ချသွားပြီး အမှိုက်တစ်စကို တက်ကြိတ်သွားသလို ဒီတိုင်းပဲ ထားခဲ့ကြတာ .. တကယ်တော့ ကျွန်မအဖေက အမှိုက်တစ်စ မဟုတ်ပါဘူး .. ကျွန်မဘဝအတွက် ဖေကြီးဟာ အရိပ်ကောင်းတစ်ခုပါ..၊ ဖေကြီးနဲ့ကျွန်မက နှစ်ယောက်မှ တစ်ဘဝပါ .."

"သမီး .."

"ဖေကြီး .."

ပြောရင်း တရှိုက်ရှိုက် ငိုနေသည့် သိုက် ရဲ့အသံတွေ တိခနဲ တိတ်ကျသွားသည်။

"ဖေကြီး .."

သူနာပြုဆရ◌ာနဲ့အတူ ရောက်လာသော ဝှီးလ်ချဲပေါ်က ဦးသက်ငြိမ် ရဲ့ မျက်နှာကနေ တစ်ကိုယ်လုံးထိ သိုက် မျက်လုံးအဝိုင်းသားနဲ့ ကြည့်သည်။

ပြီးတော့ ထူထူထောင်ထောင် ပြုံးလိုက်ရသဖြင့် ဝမ်းသာလှိုက်တက်သွားသောမျက်နှာလေး ဖြစ်သွားကာ ...

"ဖေကြီး .."

လက်တင်ရဲ့ဘေးမှာ ဒူးထောက်လေး ပြေးထိုင်လိုက်ရင်း လက်ပေါ်မှာ ကတုန်ကယင် ဖိဆုပ်ထားလျက် ...





"ဖေကြီး ဘာမှမဖြစ်ဘူး နော် .. ခြေထောက်တွေရော .. ခြေထောက်တွေက လုံးဝ မထောက်နိုင်တော့ဘူးလား ဟင် .. ခေါင်းက ဘယ်လောက်တောင် ဒဏ်ရာရသွားတာလဲ .."

"ဖေကြီး ဘာမှမဖြစ်ပါဘူး သမီးရယ် .. ခေါင်းကဒဏ်ရာလည်း အရမ်းမဆိုးလို့ သမီးနဲ့ စကားပြောနေနိုင်တာပေါ့ .."

သူနာပြုဆရာမက အခန်းထဲဝင်ခွင့်ရဖို့ တော်တော်ကြိုးစားနေရရှာသည်။ သိုက် က စကားတွေ တတွတ်တွတ်ပြောရင်း ဘေးကနေလိုက်ပါလာလျက် ...

"ဖေကြီး ဒီဒဏ်ရာနဲ့ပဲ ခဏခဏ ဒီလိုခံနေရတော့ သမီး ဒီတစ်ခါ ဖေကြီးကိုလေ .."

သူမ ဆက်မပြောဘဲ မျက်ရည်တွေကျလာတော့ ဦးသက်ငြိမ် က ခုတင်ပေါ်ကို မပြောင်းသေးဘဲ သိုက် ရဲ့ဆံစလေးတွေကို ပွတ်သပ်ပေး၍ ...

"ခု ဘာမှမှ မဖြစ်တာ .. မငိုနဲ့တော့ .. မငိုနဲ့တော့ .."

တားဆီးနှစ်သိမ့်နေသူ၏ မျက်ဝန်းမှာလည်း မျက်ရည်စတို့နှင့်သာ...

သားအဖနှစ်ယောက်ကို ကြည့်နေရင်း ကိုယ့်ကို တွန်းထိုးပစ်ခဲ့သည့် သူမရဲ့မျက်ရည်စက်တွေကိုပါ နားလည်ပေးချင်လာမိ၏။

ဒီလူကြီး ပြောနေသည့် သမီးလေးက တစ်ယောက်တည်းဆိုတာမှာ သူ တွေးမိလိုက်တာက ငါးနှစ် ခြောက်နှစ် ဒါမှမဟုတ် ဆယ်နှစ် သမီးလောက် ကလေးလေး ...၊

တကယ်ရောက်လာတော့ ရန်တွေ့ကောင်းသည့်ကောင်မလေးပါ..၊ ဒါမှမဟုတ် ကုပ်စီးကပ်သော မဒွေးခင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ငွေအကြောင်းပြောတာ မဟုတ်ဘူး မေမေ .. သားကို သူက အောက်တန်းကျတဲ့ကောင်လို့ ပြောချသွားတာ .."

"မင်းကလည်း လူကိုတိုက်မိမှန်း သိရက်သားနဲ့ မောင်းပြေးခဲ့တာ ကိုးကွ .."

ဦးနေဗလ ဝင်ပြောလိုက်တာနှင့် မိသားစုအားလုံးရဲ့အကြည့်တွေ သူ့ဆီ ရောက်လာကြသည်။ ဦးနေဗလ ကလည်း ပြန်ကြည့်ကာ ...

"မင်းတို့က ဘာကြည့်တာလဲ ..၊ ခုတစ်လော ဒီအိမ်ကလူတွေ ဘာတွေလုပ်နေကြတာလဲ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ဆန်းစစ်ကြဦး.."

ဦးနေဗလ ကိုင်ထားသည့် ရီမု(တ်)ကို ပစ်ချပြီး လက်ကနာရီကို ပင့်ကြည့်သေးသည်။ ပြီးမှ ...

"ညဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဘေးလူ မြင်မြင် မမြင်မြင် လူမပြောနဲ့ ခွေးတစ်ကောင်ကို တိုက်မိရင်တောင် 'ဟာ..'ခနဲတော့ စိတ်က ဖြစ်သွားတာပဲ ..၊ တချို့ဆိုရင် ခွေးတွေ ကြောင်တွေကို ဘွားခနဲမြင်ပြီး အရှောင်မကောင်းလို့ ကားမှောက် သေကြရသေးတယ် .."

"အခု သူ့ဘာသာသူ လဲတာ ..၊ သူ့ချိုင်းထောက်ကြီးနဲ့ ထိုးလိုက်တာ သားရဲ့ကားတောင် ပိန်ချိုင့်သွားသေးတယ် .."





"ဒါဆို သူက လမ်းလယ်ခေါင်မှာ တက်လျှောက်နေတာပေါ့.."

နေရိပ် အသံတိတ်သွားသည်။

"ရှင်က ကလေးတွေကိုပဲ ဘာဖြစ်လို့ မဲနေတာလဲ ကိုနေ .."

"မဲစရာဖြစ်နေလို့ မဲတာပေါ့ကွ .. အခု မင့်သား အငယ်ကောင် ဘယ်ရောက်နေလဲ ..၊ ဆယ့်တစ်နာရီ ထိုးတော့မယ်.. ဘယ်အချိန် ပြန်လာမှာလဲ .."

"ဖေဖေကလည်း မောင်လေးက ဒီလိုပဲဟာ .."

ဆု က နေရာမှ ထရပ်လိုက်ရင်း ဖအေကို မရဲတရဲ ဝင်ပြောသည်။ ဦးနေဗလ အကြည့်တွေ သူမဆီ ရောက်သွားခဲ့ပြီး ...

"သမီးကရော .."

"ဟင်!..."

"ကြီးကြီးဆီကို သွားပြီး ဆောင်း နဲ့ပတ်သက်တာတွေ အားပါးတရ ပြောခဲ့တယ် ဟုတ်လား .."

"ဟုတ်တယ်လေ .. မေမေ့ကို ဆု ပြောပြထားတာပဲ .."

"မေမေ သဘောတူတာတွေကိုပဲ ပြောချင်တာ .. နောက်ကို မေမေ သဘောတူတာ တစ်ခုတည်းနဲ့ ဖေဖေ ဘာမှမသိဘဲ မလုပ်ရဘူး .."

"ကိုနေ .."

"မင်း ဘာမှမပြောနဲ့ ခင် .. မင်း လုပ်ခဲ့တာတွေ .. အဲ .. ငါလည်း ပါပါတယ် .. ငါတို့ လုပ်ခဲ့တာတွေကို ထားလည်း ထားခဲ့ချင်တယ်..၊ ပြန်လည်း မကြားချင်တော့ဘူး .. ဗီလိန်ဆိုတာ သူ့အတွက် ဇာတ်သိမ်းက ဆိုးရွားခြင်းပဲ ..၊ မေတ္တာတရားနဲ့ ဘယ်တော့မှ မသိမ်းဘူး .."

"ကိုနေ .. ရှင် ဘာတွေ လာဖြစ်နေတာလဲ ..၊ အခုဖြစ်တဲ့ ပြဿနာကိုပဲ မှားတယ် မှန်တယ် ရှင် ပြောစမ်းပါ .."

"ခုလည်း မှားနေတယ် .. အစကလည်း မှားခဲ့တယ် .. နောက်ထပ်ပြီး မင့်သမီးက အမှားလုပ်ခဲ့သေးတယ် .. ငါတို့ ဘာတွေ ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာလဲ .. မင်း တွေးစမ်းပါ ..”

ဒေါ်ခင်သဇင် အကြည့်တွေက ဆု ထံ ရောက်၏။ ဆု ကလည်း ပခုံးတွန့်ပြပြီး ခေါင်းခါသည်။ ဦးနေဗလ က သားအမိတွေကို ဝေ့ကြည့်ကာ ...

“မင့်သားသမီးတွေကို ဆုံးမဖို့အတွက် မင်းရဲ့စရိုက်တွေကို ပြင်မှ ရမယ် ခင် ..”

“ဘယ်လို!...”

“ငါ အားလုံးအပေါ်မှာ ခြုံငုံ သုံးသပ်ပြီးပြီ .. ငါတို့လုပ်ခဲ့တာတွေ တော်တော် များနေပြီ .. ငါတို့ကြောင့် သူတို့ ..”

“ကိုနေ ..”

ဒေါ်ခင်သဇင် ဒေါသတွေ အလွန်အမင်း ဖြစ်လာခဲ့လျက် ...

“သူ့ဟာသူ ဒရိုင်ဘာနဲ့ကြိုက်ခဲ့တာ ခင် အောင်သွယ်တာ မဟုတ်ဘူး ..”

“နိုးပြေးဖြစ်အောင် မင်း အစွမ်းကုန် တွန်းပို့ခဲ့တာကို ငြင်းမလား”

“သူ့ကို ကြိုးတုပ်ခေါ်သွားတာ မဟုတ်ဘူးလေ .. သူ့ဟာသူ ကြမ်းပေါက်ကြားက ခုန်ဆင်းသွားတာ ..”

“ကျွတ်!...”

“ဟိုတစ်ယောက် သူကြိုက်တာ သူ ရှာယူသွားတာကရော ..”

“အိမ်ကို လုံးဝ ပြန်မလာတော့အောင် မင်း ဘာမှမလုပ်ခဲ့ဘူးလား...”

“ဦးနောက် မရှိတာကိုး .. အသိဉာဏ် ပျောက်ဆုံးနေလောက်အောင် မာန်မာနထောင်လွှားနေကြတဲ့လူတွေကို အသာလေး လှည့်စားနိုင်တာလည်း ခင် တော်လို့တော့ မဟုတ်ပါဘူး .. သူတို့ကိုက ညံ့လွန်းတာ ..၊ မီးပွားတစ်စ ဖြစ်မှ မီးတောက်ဖြစ်တာ ..”

“ခင် .. မင်းကို ငါ ...”

“ဒီမှာ ကိုနေ .. ကျောက်ခဲနှစ်ခုကို ခတ်ပြီး မီးရအောင် လုပ်နိုင်





တာလည်း ဒါက ကျောက်ခဲတွေ ဖြစ်နေလို့ပါ ..၊ တစ်ဖက်က ကျောက်ခဲ ဖြစ်ပြီး တစ်ဖက်က ရေစိုဝတ်တစ်ခု ဖြစ်နေရင် မီးပွင့်မလား .. ရှင် သဘောပေါက်အောင် ပြောပြမယ် ..၊ ချိတ်ချိတ်ချင်းမို့ ချိတ်မိကြတာ..”

“ဥပမာတွေနဲ့ နိုင်လုံအောင် ပြောရတာ လွယ်တယ် ခင်.. မင်းနဲ့ငါ ဒါတွေ တစ်ခုစီ ဖြန့်ခင်းပြီး တိုက်ခိုက်နေလည်း ဘာမှမထူးဘူး..၊ ငါတို့ ‘မိုးလစ်အိမ်’နဲ့ ပဋိပက္ခဆန်ဆန် ရင်ဆိုင်ဖို့ကိစ္စတွေကို ရှောင်ရမယ်..”

“ဘာဖြစ်လို့လဲ ..”

“ဒီတိုင်းသွားနေရင် နစ်နာမယ့်ဘက်က ငါတို့ ဖြစ်နေလို့ပဲ ..”

“ရှင်က အသက်ကြီးလာမှ သွေးကြောင်လာတာလား .. ပြီးခဲ့တာတွေကို ပြန်တွေးပြီး နောင်တရနေဖို့ မလိုပါဘူး ..၊ ခုရော ခင် တို့က ‘မိုးလစ်အိမ်’ကြီးကို အနုကြမ်းစီးပါမယ် ပြောမိလို့လား .. ပြေးပြီး မီးပုံရှို့ဖို့ လုပ်နေသလား ..”

ဦးနေဗလ ခေါင်းခါနေရင်း ရှုံ့မဲ့မဲ့မျက်နှာကို တစ်ဖက်လွှဲပစ်သည်။

“ခု ပြောနေကြတာ ဆောင်းမျက်နှာ နဲ့ သားကြီးရဲ့ပြဿနာပဲ ကိုနေ .. ဒီလိုကောင်လေးမျိုးက ..”

“တော်တော့ ..”

ဦးနေဗလ တင်းတင်းမာမာ တားဆီးကာ နေရာမှ ထရပ်လိုက်သည်။ ဒေါသဖြစ်လာတိုင်း ပြောမိမလိုဖြစ်ပြီးမှ အချိန်ကို သတိရပြီး စိတ်ကို ပြန်ထိန်းရသည်။

“ဒီလိုကောင်လေးမျိုးဆိုတာ ဘာစကားလဲ ..၊ ဆောင်းမျက်နှာ က လမ်းဘေးက ကောက်မွေးစားထားတဲ့ ကလေကချေလား ..”

“မိုးလကို ရောက်မလာခဲ့ရင် ခုလောက်ဆို အဲဒီအတိုင်း ဖြစ်နေပြီပဲ ..”

“မိုးလကို ရောက်လာလာ မလာလာ ဆောင်းမျက်နှာ က ထွန်းရဲ့သား .. ကြီးကြီးရဲ့ သွေးသားအရင်း ..၊ မိုးလစ်အိမ်ရဲ့ အရှင်သခင်..”



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ရှိသေးရင် ရွတ်ပြဦး .. နည်းသေးတယ် .."

"ဖေဖေက ခုမှ ဘာဖြစ်လို့ ဟိုဘက်ကနေ သားတို့ကို တိုက်ခိုက်နေတာလဲ .."

"ဖြစ်လာတဲ့ ဆိုးကျိုးတရားတွေကို ထောက်ချင့်ပြီး ငါတို့ရဲ့ မကောင်းမှုတွေကို ရပ်တန့်ချင်တာ .. လူဆိုတာ မိမိကိုယ်ကို အမြဲတမ်း ဆန်းစစ်နေရတယ် ..၊ ဒါမှ မှားနေရင် ပြင်ဆင်ရမှန်း သိတယ် .."

"ဖေဖေ့ဆီက ဒီလိုစကားတွေ ကြားရတာ ဆု ဖြင့် .. အဖွန်း.."

ဆု ရဲ့စကားကြောင့် ဦးနေဗလ မျက်နှာ ညိုမှောင်သွားသည်။ ကိုယ်ဟာ သားသမီးကို ဆိုဆုံးမခွင့်မရှိတော့တဲ့ ကိုယ်တိုင်က မှားယွင်းနေခဲ့တဲ့ မိဘမျိုးလား ..၊

ကြည့်လိုက်တော့ ခင့် မျက်နှာမှာလည်း သူ့လို နာကျင်သည့်အရိပ်အငွေ့ဆိုလို့ မြူတစ်မှုန်တောင် မတွေ့ခဲ့ပေ ..၊ ဒါဆို အမှန်တရားဟာ အမြဲတမ်း အားနည်းနေတတ်တာလား .. သူ ရှာဖွေတွေ့ရှိခဲ့တဲ့ အမှန်တရားဆိုတာက မမှန်ကန်သေးတာလား ..၊

"ဟုတ်တယ် ကိုနေ .. ရှင်ပြောပုံက ကျွန်မတို့က တကယ်ကို အကြီးစား ယုတ်မာကောက်ကျစ်မှုတွေ ကျူးလွန်နေကြတာမျိုး .."

"မိသားစုချင်း ကြားကောင်းမယ့်စကားတွေ ကြားညှပ် မသုံးနဲ့ ခင်.. မင်းနဲ့ ငါ ဘာတွေ လုပ်ခဲ့ကြသလဲဆိုတာ မင်းနဲ့ငါ အသိဆုံး ..၊ အခု မင်း မကြားချင်တာတွေ ငါ မပြောတော့ဘူး .. ဆောင်း နဲ့ဖြစ်ဖြစ်.. ကြီးကြီးနဲ့ ဖြစ်ဖြစ် .. မင်းတို့ တိုက်ခိုက်ဖို့ ကြိုးစားတာတွေ မလုပ်မိဖို့ပဲ ဆင်ခြင်ပါ .."

"အခု ခင် တို့က တိုက်ခိုက်နေတာ မဟုတ်ဘူး ကိုနေ.. သူ့ဟာသူ လဲကျန်ခဲ့ပြီးတဲ့ခြေကျိုးကို ကားပေါ်ကောက်တင်ပြီး ရှင့်သားကို လူယုတ်မာဖြစ်အောင် ပြောသွားတာ ဆောင်းမျက်နှာ ပဲ .."

ဦးနေဗလ ခေါင်းခါသည်။





"ဟုတ်တယ် ဖေဖေ .. ဆု ကိုလည်း သူ့ရဲ့ မှိုးရွှန်းမ်လို တခမ်းတနားပြင်ဆင်ထားတဲ့ အရောင်းဆိုင်အစုတ်ပလုတ်ထဲ ခေါ်ပြီး အဆင့်မရှိတဲ့ စာရေးမတွေ ကြားထဲမှာ .."

"ဘာလုပ်လိုက်တာလဲ .."

"အဲဒီလို ပိတ်မမေးပါနဲ့ ဖေဖေ .. ဖေဖေတို့ ဘာဖြစ်လို့ ဆောင်းတို့ဘက်ကို ချက်ချင်းကြီး ရောက်သွားတာလဲ .."

"ဒါတွေ သမီးတို့ မကြားချင်ဘူးမို့လား .. ဖေဖေ မေးတာကိုပဲ သမီး ဖြေ ..၊ ဆောင်း က သူ့ဆိုင်ထဲကို ခေါ်တာလား .. သမီးက သွားတာလား .."

"ဆု က အဲဒီကို ဆု ရောက်သွားတဲ့အဖြစ်ကိုပဲ အလွယ်တကူပြောလိုက်တာ .."

"သူက ပြောလွှတ်လိုက်တာလား .. သမီးက ပြောခဲ့တာလား.."

"ကိုနေ ရယ် .."

"မင်း တိတ်တိတ်နေ ခင် .. မင့်သမီး ဟိုမှာတစ်မျိုး .. ကြီးကြီးဆီကို ကိုယ်တိုင်ကိုယ်ကျသွားပြီး တစ်မျိုး ပြောသေးတယ် ..၊ သူများကို သေစေချင်ရင် နှစ်ဖက်ချွန်ဓားကို မကိုင်ရဘူးကွ .. တစ်ဖက်မှာ ဓားဦးထားရင် တစ်ဖက်မှာ နောက်ပိတ်ထားရတယ် .."

ဒေါ်ခင်သဇင် က ခပ်မဲ့မဲ့ ရယ်၍ ...

"အဲ့ဒါတွေ ရှင် သင်ပေးလိုက်ပေါ့ .."

"သင်ပေးနေတာ မဟုတ်ဘူး .. မင်းတို့ လုပ်ခဲ့တာတွေကြောင့် ဘာတွေဖြစ်တော့မယ်ဆိုတာ ထောက်ပြနေတာ ..၊ ခုလောက်ဆိုရင် မင့်သမီးအပေါ်မှာ အရေးပေး ဂရုစိုက်ခဲ့တဲ့ ကြီးကြီးဘက်က ခြွင်းချက်ထားခဲ့တာတွေ ဘာမှရှိမှာ မဟုတ်ဘူး .."

"ဘယ်လို!..."

"ငါ တစ်အစ်ပြောရဲတယ် .. ဆု ရဲ့စကားတွေကိုကြားပြီး ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်မေးမှာပဲ .. ဖန်တီးပြောဆိုသူရဲ့ မမှန်စကားဟာ လမ်းပေါ်ကခဲလုံးတွေလိုပဲ.. ထိလိုက်တာနဲ့ ရွေ့မယ် .. ပြင်းပြင်းထန်ထန်ကန်ရင် ဝေးဝေးရောက်မယ် .. မှန်ကန်တဲ့ သစ္စာစကားကတော့ သစ်ငုတ်တိုပေါ့ ..”

“ဘယ်သူ့စကားကို ဘယ်လိုပဲယုံယုံ ခင် ကတော့ ဂရုမစိုက်ပါဘူး ..၊ ဒေါ်ဟေမာန်ဆောင်း ဆိုတဲ့ အဘွားကြီးမှာ လူတစ်ယောက်ကို အကောင်းမြင်တဲ့မျက်လုံး မပါဘူး .. စက်ရုပ်တစ်ရုပ်လို သူ့ခေါင်းထဲမှာ အသေသပ်စွဲနေတာ တစ်ခုပဲရှိတယ် .. အဲဒါက ဦးရာဇ ဆိုတဲ့ လူတစ်ယောက်သာ သူ ဂရုစိုက်စရာလို့ မြင်ထားတာပဲ .. ဆု ကိုတောင်မှ..”

“အခု ဆု မပါတော့ဘူး .. မင့်သမီး သူ့ကို ပြုစုပေးခဲ့တုန်းက အချိန်နဲ့ အခုချိန် သိပ်တော့မကွာသေးပေမယ့် မင့်သမီး ပြောင်းလဲသွားပြီဆိုတာ ဒီလုပ်ရပ်က သိသာနေပြီ ..”

“အစဉ်သဖြင့် မပြောင်းလဲတဲ့အရာ ဘာမှမရှိဘူး ကိုနေ .. ကလေးတွေလည်း ငယ်ရာက ကြီးလာကြမှတော့ စိတ်က ငယ်တုန်းကအတိုင်း ရှိတော့မလား ..၊ လူဆိုတာ ပြုဖူးတဲ့ကျေးဇူးကို တစ်ခါဖြစ်ဖြစ် တစ်ဖုံဖြစ်ဖြစ် အမြဲတမ်း မှတ်ထားရတယ် ..”

“ကျေးဇူးတင်ထိုက်တဲ့လူတန်းစားမျိုးလည်း ရှိတာပဲကွ .. အဲဒီတော့ ကျေးဇူးဆိုတာ တင်ထိုက်တဲ့လူ .. မတင်ထိုက်တဲ့လူ ရွေးချယ်ခွင့် ရှိတယ် ..၊ ဥပမာ ကျေးဇူး ဖက်ရှက်လောက်ကို တစ်ကိုယ်လုံး ကုပ်ပေါ်ခွစီးပြီး ထမ်းပိုးနိုင်းတာမျိုး .. ကျေးဇူးတင်တတ်သူတွေအပေါ်မှာ အခွင့်အရေးရတိုင်း ယူတဲ့လူမျိုးဆိုရင် ကျေးဇူးမတင်ထိုက်သူပဲ ..”

ဒေါ်ခင်သဇင် ဖွေ့ဖွေ့ခုန်မတတ် ဒေါသဖြစ်သွားသည်။ သားသမီးတွေရှေ့မှာ ဒီလိုပြောခံလိုက်ရသဖြင့် ရှက်သည့်စိတ်တွေနှင့် နှစ်ဆတိုး၏။ ထို့ကြောင့် ဦးနေဗလ နှင့် အနီးဆုံးကို ဘယ်လိုရောက်သွားမှန်း မသိဘဲ..

“နေဗလ ..”

ငယ်သူငယ်ချင်း မောင်နှမတွေ ဖြစ်ခဲ့ကြသော ရင်းနှီးခြင်းတို့ဖြင့်





အသက်အရွယ်တွေကိုပါ မေ့သွားခဲ့၏။

“နင်က ငါ့ကို သားသမီးတွေရှေ့မှာ အဲဒီလို သိက္ခာတင်ပေးလိုက်တာလား ..”

“ဘာမှ မဆိုင်ဘူး ..”

ဦးနေဗလ ဒေါ်ခင်သဇင် ၏ နာကြည်းသောအကြည့်တွေကြောင့် မျက်နှာတော့ပျက်သွားပေမယ့် သူမထက် ပို၍ တင်းပစ်လိုက်ရင်း ...

“မင်းက နားမလည်ရှာ မေးလာတော့လည်း ပြောပြရတာပေါ့ ခင် ..”

လင်မယားချင်း မျက်နှာချင်း နီးကပ်သွားကာ ဦးနေဗလ က လေသံသာသာဖြင့် ...

“မင်းတို့ ခုလို သုံးစွဲနေနိုင်တာတွေ ရပ်တန့်သွားမှာစိုးလို့ .. ငါပြောနေတဲ့ မင်းရဲ့လုပ်ကွက်တွေ သိသာနေတာကို ဟိုက ငါ သိသလို သိသွားရင် အားလုံး ဒုက္ခရောက်မှာစိုးလို့ .. အဲဒါ ငါ မင်းတို့သားအမိတွေကို မုန်းလို့ပြောနေတဲ့စကားတွေနဲ့ တူသွားသလား ..၊ မင်းကို သိက္ခာချနေတဲ့အတွက် ငါ့မှာ ရာထူးစည်းစိမ်တွေ ပိုတိုးသွားမှာမို့လို့လား .. သိပ်မိုက်တဲ့ မိန်းမ ..”

ဦးနေဗလ ချာခနဲ လှည့်ထွက်သွားသည်။

“ဖေဖေ .. ဖေဖေက ဘယ်ကိုလဲ ..”

“ဖေဖေက အချိန်မတော် ကားမမောင်းရဲဘဲနဲ့ ..”

မောင်နှမနှစ်ယောက် ဒါကျတော့ ပျာပျာသလဲ ..၊ ဦးနေဗလ က အဆင်သင့်ရပ်ထားသည့်ကားထဲကို ဝင်ထိုင်လိုက်ပြီးမှ ...

“အငယ်ကောင်နောက် လိုက်မလို့ .. ဘယ်မှမထွက်ကြနဲ့တော့..”

“ဖေဖေ .. ဟာ!...”

နေရိပ် ပြေးလိုက်တော့မလိုဖြစ်ပြီးမှ ဆတ်ခနဲ လက်ခါ၍ ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ယောက်ျား အဲဒါ ဟီးရီးလုပ်မလို့ .. သား သိတယ် .."

"ဘာ!..."

ဒေါ်ခင်သဇင် တအံ့တသြလှည့်ကြည့်ပြီး နေရိပ် ရဲ့လက်မောင်းကို ဆုပ်ကိုင် ခါပစ်ရင်း ...

"ဒါ ဖအေကိုပြောတဲ့စကား ဟုတ်လား .. ငါကတော့ ညဘက်ကြီးမို့ ဖအေကို စိတ်ပူရှာတယ် ထင်နေတာ .."

"ပူလည်း ပူတယ်လေ .. ဒါပေမယ့် အငယ်ကောင်ဆီသွားတာ မဟုတ်ဘဲနဲ့ ဘာလို့ ညာပြောရတာလဲ .."

"နေရိပ် .."

"မေမေပဲ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားကြည့်လေ .. အငယ်ကောင် ဒီလိုပဲ ညဉ့်နက်သန်းခေါင်မှ ပြန်နေ သွားနေတာ ခုမှမှ မဟုတ်ဘဲ.."

"ဟုတ်လောက်တယ် .. ဖေဖေ ဆောင်း ဆီသွားတာ .."

ဆု က သူ့အစ်ကိုပြောတာကို ထောက်ခံပြီး မအေနား ကပ်လာ၏။

"ခုချိန်ဆို ဆေးခန်းမှာ ဆောင်း ရှိဦးမှာ .. လူနာက ခြေထောက်တွေ မထောက်နိုင်တော့ဘူးဆိုတော့ .."

"မျက်နှာမှာရော ခေါင်းမှာပါ ဒဏ်ရာတွေရထားသေးတယ်ကဲ့.."

အေးဆေးပြောနေကြသည့် မောင်နှမကို ကြည့်၍ ဒေါ်ခင်သဇင် ခေါင်းညိတ်မိကာ ...

"ငါ နားလည်ပြီ .. ကိုနေ ပြောသလိုပဲ .. ဒီလောက်ထိ ဖြစ်ကျန်ခဲ့တဲ့လူက မင်း ကားနဲ့တိုက်ခဲ့တဲ့အချိန်မှာ ပက်ပက်စက်စက် လဲကွဲကျန်ခဲ့မှာပဲ.. ဒါကို မင်း ပြန်ကြည့်ရမှန်း မသိဘူး .. နေရိပ် ဒါတွေကို မင်း.."

"ဟာဗျာ .. အမေက စလာပြန်ပြီ .. ခုနကတော့ နေဗလ တဲ့..၊ နင်နဲ့ ငါနဲ့.. ခုကျတော့ ကိုနေ တဲ့.. မေမေတို့တောင်မှ လိုသလို ပြောင်းလဲနေကြသေးတာ .. သားတို့စိတ်တွေလည်း ကောင်းချင်မှ ကောင်းမှာပေါ့ ..၊ မိုးချုပ်နေတဲ့ မှောင်ရိပ်ထဲမှာ ဖြစ်ခဲ့တဲ့ကိစ္စ .."





"ဟဲ့ .. အခု ဒီလူကိုမြင်သွားတာ ဆောင်းမျက်နှာ မဟုတ်ဘဲ တခြားကားဆိုရင်ရော မင်းကားနံပါတ်ကို မှတ်မိပြီး ပြဿနာရှာခဲ့ရင်ရော .."

"ခု ဘယ်သူမှ မရှာဘူး .. အဲဒီ ခွေးသူတောင်းစားက ရှာနေတာ.. အိမ်ထဲမှာ ဘာမှမလုပ်နိုင်တော့တဲ့ အသက်ရှစ်ဆယ်ကျော်အဘွားကြီးကို ပဲ ထည့်တွက်ပြီး ဒီကောင့်ကို ဘာလို့ ဂရုစိုက်နေကြတာလဲ ..၊ သူ့ဟာသူ ဖုန်းဆက်တာ ဆက်ဆက်ပေါ့ .. သူ့ဟာသူ စေတနာ့ဝန်ထမ်းလုပ်တာ လုပ်ပမေ့စေပေါ့ ..၊ ဘာလဲ .. အဲဒီအဘွားကြီးကို ပြန်တိုင်ပြီး မေမေတို့ ဆက်လိမ်လို့ မရတော့မှာ စိုးလို့လား .."

"မိုက်ရိုင်းလိုက်တာ .. ကဲဟယ်.."

ဒေါ်ခင်သဇင် ဖြန်းခနဲ လွှဲရိုက်ပစ်လိုက်သည်။ နေရိပ် ရုတ်တရက် စိုက်ခနဲ ဖြစ်သွားကာ ရှေ့ကို သုံးလေးလှမ်းလောက် ကုန်းကုန်းကွကွ တစ်ကိုယ်လုံး ပါသွား၏။

ပြီးတော့ ခွေခနဲ လဲကျသွားလေသည်။

"နေရိပ် .."

"အစ်ကို .."

ဒေါ်ခင်သဇင် မျက်လုံးအဝိုင်းသားနှင့် တအံ့တသြဖြစ်သွားကာ ဆု က အစ်ကိုဖြစ်သူဆီ ပြေးသွား၏။ ယောက်ျားလေးတစ်ယောက်က ဒီလိုရိုက်ချက်လောက်နဲ့တော့ ကတုန်ကယင် ယိမ်းယိုင်ပြီး ခွေလဲသွားစရာ အကြောင်းမရှိ ..။

"ဖယ်စမ်းပါ .."

နေရိပ် က ဆု ရဲ့လက်ကို ခါချပြီး နေရာမှ ထရပ်၏။ ဒါပေမယ့် ယိုင်နဲ့နဲ့ဖြစ်ကာ နံရံမှာ ကျောကပ်သွားခဲ့လျက် ...

"ဟုတ်တာပြောတော့ မကြိုက်ကြဘူး .. တစ်သက်လုံး အဘွားကြီးကိုပဲ ကြောက်ကြောက်ရွံ့ရွံ့ နေလာခဲ့ရတာ ..၊ ခု ထပ်ပြီး ဒီကောင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုစိုက်ရဦးမှာလား .. ကိုယ့်ထမင်း ကိုယ်စားပြီးတော့များ .. ထွီ..”

မအေတစ်ယောက်လုံးကို မိုက်မိုက်ရိုင်းရိုင်းကြည့်ကာ ထွီခနဲ တံတွေးထွေးသည်။ ပြီးတော့ သောက်ထားတာမဟုတ်ဘဲ ချည့်နဲ့နဲ့ ခြေလှမ်းတို့နှင့် အထဲလှည့်ဝင်သွား၏။

ဒေါ်ခင်သဇင် ရိုက်မိသည့်လက်ကို ပြန်၍ ဖိဆုပ်ထားရင်း ဘာစကားမှ မပြောနိုင် ...၊

“မေမေ ..”

ဆု က ချောက်ချားနေသည့်မျက်နှာနှင့် တစ်လှမ်းချင်း တိုးလျှောက်လာကာ အနားကပ်လာမှ ...

“အစ်ကို့လက်မှာ .. အစ်ကို့လက်မှာ .. ဟိုဟာတွေ ..”

“ဘာ!...”

ဒေါ်ခင်သဇင် မျက်လုံးတွေ ဝိုင်း၍ ပြူးကျယ်သွားခဲ့လျက် ...

“ဆု .. ညည်း .. ညည်း ပြောတာ .. ဟို ..”

“ဟုတ်တယ်.. အစ်ကို ဆေးသုံးနေတာ အဲဒီအဆင့် ရောက်နေပြီ..”

ဘုရား!... ဘုရား ...၊

နားထဲမှာ အုန်းခနဲ ပေါက်ကွဲသွားသလိုဖြစ်လျက် ဖုန်းသံ ထမြည်လာတာကိုလည်း မသိ ...၊ ဆု က လှည့်ကြည့်ပြီး ဖုန်းသွားကိုင်သည်။

“ဟလို ..”

“... ... ... ...”

“ဟင်!... ဘယ်လို မေမေ .. မေမေ့ကို ဘယ်သူပြောတာလဲ ..”

ဆု ရဲ့ အထိတ်တလန့်သံကြောင့် ဒေါ်ခင်သဇင် ဆတ်ခနဲ ဖြစ်သွား၏။ လှမ်းကြည့်လိုက်တော့ ဆု ကလည်း ဖုန်းပြောရင်း လှည့်ကြည့်လျက် ...

“ဒေါ်လှဲ့လှဲ့နိုင် ဟုတ်ရဲ့လား မေမေ .. ကိုယ့်ထက် ဆယ်နှစ်ကျော်လောက် ကြီးတာကြီးကို အစ်ကိုက ..”





“... ... ... ...”

“ဘုရားရေ!...”

“... ... ... ...”

“မေမေ အဲဒီ ဒေါ်လှဲ့လှဲ့နိုင် ကို ဆု သိတယ် .. မေမေ့ကို ဘယ်သူပြောတာလဲ .. အဲဒါတွေတော့ ဆု မကြားဖူးခဲ့ပါဘူး .. ပြီးတော့ သားကြီးသမီးကြီးတွေ တကယ် ရှိနေတာလား .. မလိုလို့ ပြောတာလား မေမေရယ် ..”

ဒေါ်ခင်သဇင် နှလုံးမှ ခုန်သေးရဲ့လား ကိုယ့်ရင်ဘတ်ကို ပြန်ဖိကြည့်မိသည်။ ပြီးတော့ တံတွေးမျိုချရင်း ဆု ဖုန်းပြောတာကို သည်းခံစောင့်စားရင်း ...

“အငယ်ကောင်လား .. ဘာ .. ဘာတဲ့လဲ ..”

ဆု က ဖုန်းချလိုက်ပြီး မိခင်ဖြစ်သူကို သနားကြင်နာသောအကြည့်တို့ဖြင့် ...

“မေမေ .. မေမေ့သားအငယ် မိန်းမခိုးသွားပြီ ..”

“ဘာ!... ဘယ်လို ...”

ဒါ မဖြစ်နိုင် ...၊ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ တွင်တွင် ရေရွတ်ရင်း မေးလိုက်ပေမယ့် ...

“ဟုတ်တယ် မေမေ .. မေမေ အတိအကျ စုံစမ်းပြီးပြီ..၊ အဲဒီမိန်းမကြီးက ..”

“တော်ပြီ .. တော်ပြီ .. ညည်း ပြန်မေးနေသံတွေ ငါ ကြားတယ်..၊ ညည်းတောင်မှ မကြားခဲ့ပါဘူးဆိုတာ ဘာလဲ ...၊ ဒီမိန်းမက ဘာဖြစ်ထားလို့လဲ ..”

“လူကုန်ကူးမှုနဲ့ ထောင်ကျမလိုလို ဖြစ်သွားတာ တဲ့ ..”

သေစမ်း .. ညည်း သေသင့်နေပြီ ခင်သဇင် ...၊

“သူ့သမီး သူ့ဘာသာ အဆင့်အတန်းမရှိတဲ့ ကလေးကချေ အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာ အောက်တန်းစားကို ကြိုက်ပြီး သူနဲ့တန်တာကို ရွေးချယ်သွားတာ.. ဒါကို ဒေါသထွက်နေလိုက်တာ အသက်ကြီးမှ ဇွဲဂုဏ်မောက်ပြီးတော့..”

“တကယ်ဆို အဲဒီဒရိုင်ဘာကိုတောင် ကျေးဇူးတင်ရဦးမှာ .. ဒီဒရိုင်ဘာမှာ ဟိုအရင်က ထောင်တန်းကျဖူးတဲ့ သူခိုးစားပြ အရက်သမား ဘိန်းစားဖြစ်နေရင် သွားပြီ ..”

“ဘာကိုမက်နေမှန်းမသိတဲ့ မိန်းမက ယူမှာပဲလေ .. ငါက ပြောချင်သေးတာ .. ဒရိုင်ဘာ့ယောကျ်ားမ ဖြစ်ရတာ ကျေးဇူးတင်ဦးလို့ .. ဟွန်း .. ဟွန်း .. ဟား .. ဟား .. ဟား ...”

ဒီစကားတွေ သူမကိုယ်တိုင် ပြောခဲ့သည်။ ဘယ်သူ့ကိုလဲ.. ဘယ်အချိန်ကလဲ ..၊

ဆောက်တည်ရာမဲ့နေသော ရင်ထဲမှာ စိတ်တို့က အတိတ်ဆီကို အမှတ်တရ ပြေးသွားခဲ့၏။

မျက်ရည်စို့နေသောမျက်နှာနှင့် အံကြိတ် လက်သီးဆုပ်နေသော ဒေါ်ဟေမာန်ဆောင်း ..၊

ပြီးတော့ ငိုယိုတောင်းပန်နေသော လဝန်းစန္ဒာ ရဲ့ မျက်နှာ ..၊

“မေမေ့ကို စာလေးတော့ ပေးပေးပါ နော် .. ခင် ရယ် .. ငါ တောင်းပန်ပါတယ်” တဲ့ ..၊

ဒီနှစ်ဦးကို ဆုံစည်းခွင့်မရှိတော့အောင် အကွက်ချ စီစဉ်ပြီးမှ ကွယ်ရာမှာ ကျေနပ်အားရစွာ ရယ်နေခဲ့တာ သူမကိုယ်တိုင် ..၊

“တမင်တကာ ခွေးလှေးဂျပိုးနဲ့ညားပြီး ခွက်ဆွဲတောင်းစားရတဲ့ အထိဖြစ်အောင် လုပ်ပါတယ်ဆိုမှ .. ဟား.. ဟား.. ဟား .. ရယ်ရတယ်”

ဒီစကားတွေပြောပြီး သူမ ရယ်မောနေခဲ့သည်။ အတိတ်တုန်းက ခင်သဇင် ဟာ ဒေါ်ခင်သဇင် ဖြစ်လာကာမှ ...

“မဟုတ်ဘူး .. ငါ့သားသမီးတွေက ကလေးကချေတွေ ဖြစ်ရမှာ မဟုတ်ဘူး ..”





စကားသံ ကျယ်ကျယ်လောင်လောင်မထွက်တဲ့ နှုတ်ခမ်းတွေ တလှုပ်လှုပ်နှင့် ရေရွတ်နေသဖြင့် ဆု က သေချာကြည့်၍ နားစိုက်ထောင်ရင်း..

“မေမေက ဘာတွေပြောနေတာလဲ ..၊ ဒီမိန်းမကြီးက သားကြီး သမီးကြီးတွေတောင် ရှိတယ်တဲ့ .. နေဇင့် ကို မေမေ တားရမှာလေ..၊ ဒီ ကလေးအမေကြီးနဲ့ ..”

“တိတ်စမ်း ..”

မိုးခြိမ်းသံလို အသံနက်ကြီးနှင့် အော်လိုက်တော့ ဆု ကိုယ်လေး တုန်ခနဲ ဖြစ်သွားသည်။ ချက်ချင်းကြီး ရူးသွပ်သွားသလို ကယောင်ကတမ်းတွေပြောနေသဖြင့် မယုံနိုင်စွာ ငေးနေမိ၏။

“ငါ့သားငယ်လေးက လူပျိုနုနုထွတ်ထွတ် .. ဒီလိုမိန်းမမျိုးနဲ့ ..”

ဒေါ်ခင်သဇင် စကားဆုံးအောင် မပြောနိုင်ဘဲ စိတ်အာရုံမှာ ထင်လာသော ဒေါ်ဟေမာန်ဆောင်း ၏မျက်ရည်စက်တွေကို မြင်ယောင်လာသည်။ စကားသံတို့ကို ကြားယောင်လာခဲ့လျက် .. ပြောခဲ့တာက ဘယ်သူလဲ ..၊

“သူ့မိန်းမကို သူ မယူခင်ကတောင် ကြီးကြီးက ရင့်ရင့်သီးသီးတွေ ပြောရက်ခဲ့တာတဲ့ .. မိန်းမ မျက်နှာငယ်ရမှာ သိရက်နဲ့ ဘယ်တော့မှ ပြန်မလာဘူးတဲ့ ..၊ ကြီးကြီးကိုယ်တိုင်က သူ့မိန်းမကို ကြည်ဖြူပါ့မယ် ဆိုပြီး လာခေါ်မှ လိုက်မယ်တဲ့ ..”

“မိုက်ရိုင်းလိုက်တာ ..”

ဒီလိုစကားတွေ ထည့်ပေးလိုက်တော့ ဤသို့ နာကြည်းသွားခဲ့သည်။ ခင်သဇင် တို့ကတော့ ဟိုဘက်ကို တစ်မျိုး ..၊

“နင့်မိန်းမကို ပိုင်းလုံးမ အပျက်မ .. ယောကျ်ား ဘယ်နှစ်ယောက် ပြတ်စဲထားတဲ့မိန်းမလဲ .. ဟာ .. စုံနေအောင်ပြောတာ သိလား မိန်းကလေး နှင့်အမေအကြောင်းလည်း သိသားနဲ့ .. အစတည်းက အပြောကြမ်းတာလေ .. သားဓားကပ်ပြီး ပြောနေလိုက်တာ ရစရာ မရှိဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလောက်ထိတော့ မထင်ခဲ့ဘူး.. ဒါပေမယ့် ဟုတ်မှာပါ"တဲ့...၊

မိုးသက် ဒီစံအိမ်ကြီးကို မော့ကြည့်ရင်း ခေါင်းငိုက်စိုက်ကျခဲ့သည်။ မျက်နှာမူထားရာမှ ကျောခိုင်းသွားခဲ့တာ သေပြီလို့ ပြောတာတောင် ခေါ်ဟောမာန်ဆောင်း ယုံသွားခဲ့တဲ့အထိ လုံးဝပေါ်မလာခဲ့တော့...၊

"ဟား .. ဟား .. ဟား .. ကောင်းတယ် .. မစားထိုက်တဲ့လူတွေ သွားကုန်ကြပြီ...၊ ကုဋေရှစ်ဆယ်သူဌေးသားလို ကလေကချေတွေ တစ်ခုလပ် .. တစ်လင်ကွာတွေနဲ့ညားပြီး မကြာခင် ခွက်ဆွဲ တောင်းစားကြတော့မယ် ...၊ ဟား .. ဟား .. တော်တော်တုံးတဲ့ 'အ'တဲ့ဟာတွေ .."

ဒီရယ်သံတွေကို သူမ သိနေသည်။ ဒီတိုင်း ဟားတိုက်ရယ်ခဲ့တာ သူမ ခင်သစင် ကိုယ်တိုင် ...၊

သူများမိသားစုကို တကွဲတပြားဖြစ်အောင် သူမ လုပ်ခဲ့တုန်းက ပျော်နေခဲ့သည်။ သူများသားသမီးတွေ ယိမ်းယိုင်ပျက်စီးသွားကြတာကို ဝမ်းသာလွန်းလို့ လက်ခုပ်များတောင် တီးခဲ့သေးသည်။

ဒါပေမယ့် အခု ငိုနေရတာ ဘယ်သူလဲ ...၊

ကမ္ဘာကြီးက ချာချာလည်နေတာလား ...၊ သူမရဲ့ဦးခေါင်းတစ်လုံးတည်း ချာချာလ[illegible]နေတာလား ...၊

မြင်မြင်သမျှ [illegible]ဝတ္ထုတိုင်းက ဘာတစ်ခုမှ ပီပြင်ပြတ်သားမှု မရှိတဲ့ ချားရဟတ်လို [illegible]နေသည်။

သူမအတွက် သံသရာ တစ်ပတ်လည်ခဲ့ပြီ ...၊





## အခန်း (၁၆)

"ခဏလေး စောင့်ပါနော် .. ဒေါက်တာ ညည်သည်နဲ့ စကားပြောနေလို့ပါ .."

"ဘယ်ကဧည့်သည်လဲ ဆရာမ .. ဒေါက်တာ့ကို နှောင့်ယှက်စရာ မလိုဘူး .. ဦးလည်း စောင့်မနေချင်ဘူး ...၊ ခေါင်းကဒဏ်ရာ သက်သာရင် ဆင်းလို့ရပြီလို့ ဒေါက်တာ ပြောခဲ့တာပဲ ...၊ အခု သက်သာပြီ .. ဆင်းပါရစေ .."

"ခဏလေးပါ ဦးရယ် .. ဦးရဲ့ခြေထောက်နဲ့ပတ်သက်ပြီး ပြောနေသံလည်း ကြားပါတယ် .. ဆရာဝန်အချင်းချင်း ဆွေးနွေးကြတာပါ... ခုပဲ ပြီးမှာပါ .."

သူနာပြုဆရာမလေးကလည်း ပြေပြေပြစ်ပြစ် တောင်းပန်နေသည်။

ဦးသက်ငြိမ် ကိုယ်ကိုယ်တိုင်က အကူအညီမပါဘဲ မတ်တတ်တောင် မရပ်နိုင်တာမို့ စိတ်ပျက်ခြင်းကြီးစွာဖြင့် ပြန်ထိုင်နေရသည်။

"ဦးလေး ဆင်းချင်နေပြီလား .."



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆောင်း ရောက်လာသဖြင့် ဦးသက်ငြိမ် အားတက်သွားကာ ...

"ကျုပ်မှာ သမီးပျိုလေးတစ်ယောက်တည်း အိမ်မှာထားရတာ မင်းသိပါတယ်ကွာ .. ဆေးကုဖို့ မရှိရင်လည်း ငါ့သမီးကို ငါ စောင့်ရှောက်ရင်း သေပါရစေ .."

"ကျွန်တော် နားလည်ပါတယ် .. အဲဒီလောက်ထိလည်း ဦး ဘာမှ ဖြစ်စရာ မလိုဘူး .."

"မဟုတ်ဘူး မောင်ရင် .. ဖြစ်မိတာက တခြားကားနဲ့ပါ ..၊ မောင်ရင်က မသိမဆိုင် .."

"ဆိုင်ပါတယ်.. အဲဒါကို ပြောပြရမှာ ရှက်လည်း ရှက်မိပါတယ်..၊ တောင်းလည်း တောင်းပန်ပါတယ် .."

"ဘာကိုလဲ ငါ့တူ .."

"ဦးလေးကို ကားနဲ့ပွတ်သွားတာ ကျွန်တော့်ဆွေမျိုးထဲက တစ်ယောက်ပါ .."

"ဟင်!..."

ဦးသက်ငြိမ် မျက်မှောင်ကုတ်သွားတော့ ဆောင်း က ဆားမှာ ထိုင်လိုက်ရင်း ...

"မသက်ဆိုင်တဲ့လူဆိုပြီး ဦး အရမ်းအားနာနေလို့ ပြောပြရတာ.. တကယ်ဆို ကျွန်တော် မပြောတော့ဘူးလို့ ရည်ရွယ်ပြီး သူ့ကိုယ်စား အားလုံး လိုလေသေး မရှိရအောင် ဆောင်ရွက်ပေးနေတာပါ .."

ဦးသက်ငြိမ် က သက်ပြင်းချလိုက်ကာ ...

"ဒါလည်း ကားမောင်းသူရဲ့အပြစ်ချည်းပဲမှ မဟုတ်တာကွာ .. ကျုပ်ဘာသာ တိမ်းစောင်းသွားရင်း ဖြစ်ရတာပါ .."

"ထားလိုက်ပါ .. ဘယ်သူမှားတာဖြစ်ဖြစ် ဒီကားကြောင့်ဖြစ်ရတာပါပဲ ..၊ ကားအတွက် ကျွန်တော် တာဝန်ယူပါတယ် .. အခု ဆင်းခွင့်ရ





ရင်လည်း ..."

"မဟုတ်ဘူး .. ကျုပ် မနေနိုင်ဘူး ..၊ ဆင်းမှဖြစ်မှာ မောင်ရင်.."

"ကျွန်တော့်နာမည် ဆောင်းမျက်နှာ ပါ .."

"ကျုပ်နာမည်ကိုတော့ လူနာမှတ်တမ်းမှာ မင်း သိနေမှာပါ .."

"ဟုတ်ကဲ့ .. ကားမောင်းသွားတဲ့လူကလည်း သူ ဘယ်လိုမှ ပြန်မကြည့်နိုင်ဘူး .."

ဆောင်း မုသားသုံးလိုက်ရသည်။

"တာဝန်မဲ့သလို ဖြစ်သွားတာကို ကျွန်တော်ကပဲ တောင်းပန်ပါတယ် .. ဦးလေး ဆေးရုံက ဆင်းခွင့်ရအောင် ကျွန်တော် လုပ်ပေးမယ်..၊ ခြေထောက်က ဒဏ်ရာအတွက်လည်း စိတ်ချရတဲ့အနေအထား မဖြစ်မချင်း စပါယ်ရှယ်နာ့စ် ငှားပေးထားပါ့မယ် .."

"ဟင်!..."

"ဒါကိုတော့ မငြင်းပါနဲ့ .. ဦးရဲ့ခြေထောက်တွေ ဘယ်လောက်ထိဆိုးသွားတယ်ဆိုတာ သိုက် က မသိသေးပေမယ့် ကျွန်တော်တို့ သိနေကြတာပဲ ..၊ အစတည်းကရှိခဲ့တဲ့ ဒဏ်ရာပေမယ့် ဒဏ်ရာဟောင်းကို ဘူးဆွရင် ပိုနာတယ် .. ဒီလောက်ဆိုးသွားတာ ကျွန်တော်တို့ တာဝန်မကင်းတဲ့အတွက် စီစဉ်ပေးတာပါ .."

ဦးသက်ငြိမ် ဝမ်းသာသွားမိသည်။ ဒါပေမယ့် ဒီလောက်ထိ အခွင့်အရေးယူသင့်ရဲ့လား ..၊

ပြုံးယောင်သမ်းသွားသည့်မျက်နှာ ပြန်တည်သွားခဲ့၏။

ထိုစဉ် ဒေါက်တာနှင့်အတူ သူနာပြုဆရာမတွေပါ အခန်းထဲ ဝင်လာကြလျက် ...

"ဘယ်လိုလဲ ဦးသက်ငြိမ် .. မရသေးဘူး နော် .. ခင်ဗျား နှစ်ရက်လောက်တော့ နေရဦးမှာ .."

ဝင်လာကတည်းက ဒီကအရေးအခင်းကို တစ်ခါတည်းအဆုံး



www.burmeseclassic.com

www.burmeseclassic.com



အဖြတ်ပေးပြီး ဖြစ်ကာ ...

"ခြေထောက်ကို ခွဲစိတ်ကုသဖို့ လိုတယ် .."

"ဗျာ!..."

"ဒါပေမယ့် .. ခင်ဗျားမှာ နှလုံးရောဂါ ရှိတယ်လို့ .."

"ဟာ!... မင်း .. မင်းက မိုးသက်လေပြည် ပဲ .."

"ဟင်!..."

အသံကို ကြားလိုက်တာနှင့် စမ်းသပ်နေသည့် ဆရာဝန်ရဲ့ဘေးက တစ်ယောက်ဆီ ဝမ်းသာအားရ ကြည့်လိုက်မိသည်။

"အန်ကယ်လ် .."

"ဟုတ်ပါတယ် မောင်ရာ .. ဘယ်လိုဖြစ်ရတာတုံး .."

နှလုံးအထူးကု ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ဦးဘမော် ...၊

ရှာနေတုန်းကတော့ မတွေ့ခဲ့ဘဲ ...

"အန်ကယ်လ်ကို တွေ့ရတာ ဝမ်းသာလိုက်တာ .."

"ငါကတော့ မင်းကို တွေ့ရတာ တော်တော် အံ့သြသွားတာကွ.."

နောက်ထပ် အံ့သြကြီးစွာ ဖြစ်နေခဲ့သူက ဆောင်း ပဲ ဖြစ်၏။ ပြီးတော့ မယုံနိုင် ...၊

"သမီးကြီးက လဝန်းစန္ဒာ .. သားငယ်က မိုးသက်လေပြည် .. ဘွားဘွားလက်ထက်ကျမှ သားနဲ့ သမီး နှစ်ယောက် ရလိုက်တော့ သူတို့ မျက်နှာလေးတွေ မြင်ရတည်းက ဟောဒီစံအိမ်ကြီးက 'မိုးလစံအိမ်' ဖြစ်ခဲ့တာပေါ့ .."

ဘွားဘွား ပြောခဲ့တဲ့စကားတွေကို သတိရနေသည်။ မိသားစုဓာတ်ပုံထဲမှာလည်း ဦးမိုးသက်လေပြည် ရဲ့ ဆယ်ကျော်သက်အရွယ် ဓာတ်ပုံကို မြင်ဖူးခဲ့သည်။

ဒါပေမယ့် ဦးသက်ငြိမ် အဖြစ် ဆုံခဲ့ရတဲ့ ဒီပုဂ္ဂိုလ်ကြီးကို မှတ်လည်း





မမှတ်မိသလို ကိုယ့်ဦးလေးအရင်း ဖြစ်နေလိမ့်မယ်လို့ နည်းနည်းလေးမှတောင် မတွေးမိခဲ့ပေ ...။

ထို့ပြင် သူတို့အားလုံး သိထားခဲ့တာက ဦးလေးမိုးသက် ဒီလောကမှာ မရှိတော့ ...၊

သူ့ရှေ့မှာ ရှိနေသော ဦးသက်ငြိမ် ဆိုသူဟာလည်း သေချာကြည့်လေ ရေးရေး တူလာလေ ...၊

အကြာကြီးကြည့်နေတော့ လေးလေး ဦးမိုးသက်လေပြည် ပဲဆိုတာ ပိုပြီး သေချာခဲ့၏။

နှမ်းဖတ်ဖတ် ဝတ်စားထားခြင်းနှင့် အသားအရည်ရောင်ကအစ နှာခေါင်းရိုးတွေ ပိုပေါ်လာတာ အဆုံး ...၊ မျက်တွင်းနက်သွားတာအထိ ကွာဟမှုတွေရှိနေခဲ့သည့်ပြင် လေးလေး မရှိတော့ဘူးဆိုသည့်အသိနှင့် ဘာကိုမှ ဂရုမပြုမိခဲ့ပါ ...။

အကယ်၍ ဆင်ဆင်တူနေမဲ့တာတွေ ပေါ်လွင်ထင်ရှားစွာ ရှိနေခဲ့ရင်တောင် သူ မြင်ဖူးခဲ့သည့် ဆယ်ကျော်သက်မျက်နှာပုံနှင့် သူ ဘယ်လိုမှ ဆက်စပ်မိခဲ့ဖို့ မလွယ် ...၊

တွေးနေရင်း စိတ်တွေ တရစ်ရစ် လွင့်ရှားလာသည်။ ပြီးတော့ ဘွားဘွားကို သတိရ၏။

"ငါ့ကျမှ ရင်သွေးနှစ်ယောက် ထွန်းကားခဲ့တာကိုက ကံကြမ္မာက ငါ့ကို ရက်စက်ခဲ့တာ.. ငါ့ကျမှ ကံဆိုးတာပဲ ...၊ နေစမ်းပါစေ .. သင်းတို့ကကောင်း မိဘကို ပြစ်မှားရဲကြတာ.. အချစ်ကို ကိုးကွယ်ပြီး အားလုံးကို စွန့်လွှတ်ရဲကြတာ .. နေပေ့စေ .. ငါ သေတာတောင် မလာစေနဲ့.."

ဒီစကားတွေကို သူ ငယ်စဉ်တုန်းက တခြားလူတွေနဲ့ ပြောနေတဲ့စကားတွေထဲမှာ ကြားဖူးနေကျ ...၊ ပြီးတော့ မျက်ရည်တွေလည်း ကျနေပြန်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘွားမှာ သွေးသားရင်းချာဆိုလို့ မြေးပဲ ရှိတော့တာ .. မချစ်ဘဲ နေပါ့မလား မြေးရယ် .. စိမ်းစိမ်းကားကားနေခဲ့တာက ဘွားရဲ့စိတ်တွေကိုက ဒီတိုင်းနေဖို့ နိုင်းနေခဲ့တာ .. ဘွားက ကြင်နာရမှာ ..၊ ဘွားကို ကြင်နာတယ်ဆိုတာ ဘာကိုမှလည်း မယုံချင်တော့ဘူး .. ဘွား ခုကစပြီး ပြုပြင်ပါ့မယ် ..၊ ဘယ်သူ ဘာတွေပြောပြော ဘွားကို မြေး သွေးမကွဲပါနဲ့ .." တဲ့ ..။

မေတ္တာငတ်မွတ်နေခဲ့တဲ့ ကလေးလို ဘွားကို သူ နားလည်နေမိသည်။ သနားလည်း သနားသည်။

ဒါဆို ဘွားအတွက် သူ့ဘက်က အစွမ်းကုန် ကြိုးစားပေးဖို့ အခွင့်အရေး ရခဲ့ပြီလား ..၊





## အခန်း (၁၇)

"ဒေါက်တာဦးဘမော် နဲ့ ပြောတဲ့စကားတွေကို ကျွန်တော် အကုန်လုံး ကြားပြီးပါပြီ .."

ဦးသက်ငြိမ် ၏ သူ့ကို မြင်လိုက်တည်းက တည်သွားသော မျက်နှာသည် ပို၍ တင်းသယောင် ဖြစ်သွားခဲ့ပြီး ...

"မင်းကို ငါ ပြောခဲ့ပြီးပြီပဲ ဆောင်းမျက်နှာ .. ငါနဲ့ မိုးလ ဘာမှ မဆိုင်ဘူး .."

"လေးလေး .."

လှည့်မကြည့်ပေမယ့် ဦးသက်ငြိမ် မျက်ခုံးတွေ တွန့်ခနဲ လှုပ်ခါသွားသည်။

ဆောင်း က အစွန်နေရာကနေ ဦးသက်ငြိမ် ရဲ့ တစ်ဖက်ခုံနဲ့ နီးသည့် ဒီဘက်အစွန်ထောင့်ကို တိုးထိုင်လိုက်ကာ ...

"ဒါဆို ဒေါ်ဟေမာန်ဆောင်း က လေးလေးရဲ့အမေ မဟုတ်ဘူးလား .. ဘာမှမဟုတ်ဘူးဆိုရင် 'အမေ မဟုတ်ပါဘူး'လို့ လေးလေး ပြောလိုက်ပါ ..၊ ကျွန်တော် ထင်သမျှ မေးခဲ့မိသမျှ အားလုံးကို ရုပ်သိမ်းပါ့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ငြိမ် မေးရိုးတစ်ဖက် တင်းခနဲ လှုပ်ခတ်သွားသည်။ ပြီးတော့ တိတ်ဆိတ်ခြင်းက ကြာရှည်စွာ ကြီးစိုးနေခဲ့ပြီး ...

"မင်းကို မမရဲ့သားလေးဆိုတာ ပြောလိုက်တာနဲ့ ငါ ယုံပါတယ်.. မင်းကတော့ ငါ့ကို အံ့သြနေတယ်မို့လား .."

ဦးသက်ငြိမ် ဘာကိုဆိုလိုချင်တာမှန်း မသိသဖြင့် ဆောင်း က မဖြေဘဲ နေ၏။ ဒါက ဖြေစေချင်သည့်မေးခွန်း မဟုတ်သဖြင့် သူ ဖြေတာကိုလည်း ဦးသက်ငြိမ် က မစောင့်ပါ ..။

"ငါ့ရုပ်ရည် ပြောင်းလဲသွားခဲ့တယ် .. အဲဒါဟာ 'မိုးလစံအိမ်'ကြီးနဲ့ ဘာမှမပတ်သက်တော့တဲ့လူဆိုတာ မင်းကို ဖြေပေးခဲ့တာပဲ .."

"လေးလေး .."

"အဲဒီလိုခေါ်တာကို ဒီအိမ်ပေါ်မှာပဲ ထားပစ်ခဲ့ပါ .."

"လေးလေးကို ကျွန်တော် တစ်ခုတော့ ရှင်းပြပါရစေ .. ဘွားဘွားက လေးလေးကို မျှော်နေခဲ့တာပါ .."

ခပ်မဲ့မဲ့အပြုံးနှင့် ဦးသက်ငြိမ် က လှည့်ကြည့်သည်။ ပြီးတော့ မဟာဆန်၍ ဖွေးသန့်နေသော ဆောင်း ရဲ့မျက်နှာချောချောကို စိုက်ကြည့်မိကာ မဲ့ပြုံးတို့ လျှော့ကျကုန်၏။

နူးညံ့ကြင်နာချင်သောမျက်ဝန်းတို့အဖြစ် စက္ကန့်များစွာ ပြောင်းလဲငြိမ်ကျသွားပြီးမှ ...

"ဒါကြောင့် ငါ သေမလိုဖြစ်နေတာတောင် တစ်စက်လေးမှ ငဲ့မကြည့်ဘဲ မာနတွေ ကြီးပြခဲ့တာလား .."

ဒါ ဘယ်တုန်းကလဲ ..၊

ဘွားဘွား ပြောပြခဲ့တဲ့ထဲမှာ ဒီအချက် မပါခဲ့ပါလား ...၊

"ဖားကန့်မှာ ငါ နှလုံးရောဂါပြန်ဖြစ်ပြီး သေမလိုဖြစ်နေတုန်းက ငါ့မိန်းမမှာ သမီးလေး ကိုးလပဲ ရှိသေးတာ .. ငါ့ကို ဆေးကုပေးတဲ့ ဒေါက်တာက .."





ဦးဘမော် က 'မိုးလ'မှာတည်းက မိုးသက်လေပြည် ရဲ့ဆရာဝန် ဖြစ်ခဲ့ပေမယ့် သူ့ဇာတိက ဖားကန့်ပဲ ဖြစ်သည်။

သူ ယမင်း ကို လက်ထပ်ပြီး ဖားကန့်ထိရောက်သွားတော့ ဦးဘမော် ကလည်း ဖားကန့်ကို ပြန်လာနေတာနှင့် ဆုံခဲ့သည်။

သူနဲ့ သူ့အိမ်ထောင်ရေးအကြောင်းကို ဦးဘမော် ပဲ သိသလို သူ အသည်းအသန်ဖြစ်နေတော့ ဦးဘမော် က 'မိုးလစံအိမ်'ကို သူကိုယ်တိုင် သွားအကြောင်းကြားမယ်ဆိုပြီး ထွက်သွားခဲ့၏။

"ပြန်ရောက်လာတော့ မျက်နှာမကောင်းဘူး .. ငါမေးတော့ 'မင်း အမေ လိုက်လာမယ် ထင်ပါတယ်'လို့ ပြောတယ် .."

"အဲဒါ ရောက်မလာခဲ့ဘူးမို့လား .. ဒေါက်တာနဲ့ ဘွားဘွားနဲ့ ထိပ်တိုက်တွေ့ခဲ့ပြီး စကား သေချာပြောခဲ့ရက်နဲ့ လိုက်မလာတာလား..၊ ဒါမှမဟုတ် ဒေါက်တာက တစ်ယောက်ယောက်ကို .."

"အဲဒါတွေ မပြောချင်တော့ဘူး ဆောင်း .. ငါ့ရင်ထဲမှာ တင်ကျန်ရစ်ခဲ့တာက ငါ့အသက် မသေခဲ့ဘူး ..၊ ဒါပေမယ့် ငါ့မိန်းမကတော့ ကလေးကိုကျောပိုးပြီး အဲဒီက သူများအိမ်တွေမှာ အလုပ်လုပ်ခဲ့ရတယ်..၊ လူနာတစ်ယောက်ရဲ့ဝေယျာဝစ္စ အညစ်အကြေးကအစ အနီးကပ်နေပြီး ပြုစုလုပ်ကိုင်ပေးနေရတဲ့အလုပ်ကို ငါက သဘောမကျဘူး.. ငါ မကြိုက်တဲ့အလုပ်ကို သူကိုယ်တိုင် အပြီးတိုင် စွန့်လွှတ်ခဲ့တယ် .."

သူဌေးသား လူချောလူလှဆိုတာလည်း သူဌေးသားမဟုတ်တော့သည့်အခါ ဘွဲ့ရပညာတတ် ဖြစ်ခြင်းကလည်း မကယ်နိုင် ..၊

ငွေဟာ ရှာသလောက် ခက်ခဲနေသည့်အတိုင်း ဆင်းရဲသည့်မိသားစု အဖြစ်ကနေ ဘယ်လိုရုန်းထွက်ဖို့မှ မဖြစ်နိုင်တော့သည့်အဖြေသာ ထွက်လေသည်။

ထိုအချိန်မှာ သူ့မိသားစုရဲ့ဒုက္ခကို သူ မကယ်နိုင်ခဲ့ပေ ..

လူမမာဖြစ်နေသည့် ယောကျ်ားကို နည်းနည်းမှ မငြူစူခဲ့ဘဲ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား မကြိုက်တာကိုလည်း မလုပ် ...၊ ကလေးတစ်ယောက်နှင့် ဘဝတစ်ခုလုံး ပုံပြီး ပေးဆပ်ခဲ့သည့် ယမင်း ဟာ ...၊

"ငါ သိတာက ငါ့အတွက် ငါ့မိန်းမနဲ့ သမီးက ငြိမ်းစင်တွေလိုပဲ...၊ ငါ သူ့ကို ချစ်လို့ သူ့ရွေးဆိုတဲ့ဘဝကို စွန့်ခွာခဲ့ပေမယ့် ဒါဟာ သူတို့ရဲ့ ဘဝကို နွံနစ်စေခဲ့တာ ...၊ ယမင်း က သေတဲ့အထိ ငါ့ကို မငြိုငြင် ချစ်မြတ်နိုးစွာ ပေါင်းသင်းခဲ့တယ် .. သူ မရှိတော့ ငါ့သမီးလေးက ဒုက္ခိတဖြစ်နေတဲ့ ဒီအဖေကိုပဲ .."

"ဒါဆို သိုက် က ကျွန်တော့်ညီမလေးပေါ့ .."

"မဟုတ်ဘူး .."

"ဗျာ!..."

"ငါက ကလေး မရနိုင်တော့တဲ့ ယောက်ျားပဲ .."

"ဟင်!..."

ဒါကို သူတို့ကိုယ်တိုင် ရန်ကုန်ကို ပြန်ရောက်လာခဲ့ပြီး စီးပွားရေးလေး ဦးမော့လာနိုင်ကာမှ သိခဲ့ကြရသည်။

"အစကတော့ မပြောလည်လို့ပေါ့ ကိုရယ်.. ဒါပေမယ့် ကို့အတွက် ကျွန်မနဲ့ ကို့ရဲ့ရင်သွေးလေးကို မွေးချင်တယ် .. ကျွန်မတို့ ကလေးထပ်ရလို့လည်း သမီးလေးအပေါ်မှာ ကို့အချစ် လျော့သွားမှာ မဟုတ်ဘူးဆိုတာ ကျွန်မ ယုံကြည်တယ် ...၊ သမီးလည်း မောင်နှမ တိုးလာမယ် .. ကို့ရင်သွေးလေးကိုလည်း ကို့ရင်ခွင်ထဲ ထည့်ပေးချင်တယ် .."

ယမင်း ပြောခဲ့တဲ့စကားတွေကို .. ဘယ်တုန်းက ပြောခဲ့တဲ့စကားတွေမဆို ဘာကိုမှ သူ မမေ့ခဲ့ပေ ...၊

ဒါပေမယ့် ကလေးကို မျှော်လင့်ရင်း ဆေးကုခဲ့တော့ လင်မယားနှစ်ယောက် စစ်ဆေးကြည့်ခဲ့ကြ၏။

ဒါတောင်မှ ကလေးမရနိုင်တာ သူ့အပြစ်ဆိုတာကို ယမင်း က ဖုံးထားခဲ့သေးသည်။





"ကျွန်မ တောင်းပန်ပါတယ် ကို ရယ် .. အဲဒါ ကျွန်မရဲ့ချို့ယွင်းချက်ပါ .. ဘားအံမှာတုန်းက အဲဒီကိစ္စနဲ့ ကျွန်မ သုံးရက်လောက် အလုပ် မသွားနိုင်ခဲ့တာကို မှတ်မိလားဟင် .. အဲ့ဒါ ရိုးရိုးကော့စ် မဟုတ်ဘူး.. အဘော့ရှင်း ဖြစ်ခဲ့တာ ...၊ အဲ့ဒီမှာ ဆေးမြီးတိုတွေနဲ့ ကို့ကို မပြောဘဲ ကြိတ်ကုခဲ့တာလေ .."

ဒါကြောင့် သူမ သားအိမ်မှာ ထိခိုက်ခဲ့သည်ဟု ယုံအောင် ပြောသည်။ သူမအပြစ်ပါ ဆိုပြီး အထပ်ထပ် တောင်းပန်ခဲ့သည်။

အားလုံးကို ပြောပြနေရင်း ဦးသက်ငြိမ် မျက်ဝန်းမှာ မျက်ရည်တို့ စို့စွတ်လာခဲ့၏။

"ငါ့အပြစ်ဆိုတာ ငါ သိလာတော့လည်း အားမငယ်ဖို့ သူပဲ အထပ်ထပ် အားပေးခဲ့တယ် .. သူ မရှိတော့တာတောင်မှ ငါ့ဝဋ်ကြွေး ဒုက္ခကို မျှဝေ ခံစားဖို့ သမီးလေးကို ထားရစ်ခဲ့သေးတယ် ...၊ သူတို့ သားအမိဟာ ငါ့ဘဝ .. အခု ငါ့သမီးလေးက ငါ့အတွက် ငါ့ဘဝထက် အရေးကြီးတယ် .. နောက်ထပ်လည်း စော်ကားပြောဆိုတာတွေ မခံနိုင်တော့ဘူး .."

"အားလုံး အတိတ်မှာ ကျန်ခဲ့ပြီပဲ လေးလေး ရယ် .."

"မကျန်ခဲ့ဘူး .. လုံးဝ မကျန်ခဲ့ဘူး .."

ထိုစဉ် သူနာပြုဆရာမက ဆေးတိုက်ချိန်အတွက် ရောက်လာသဖြင့် ...

"ကျွန်တော့်ကို ပေးခဲ့ .."

ဆောင်း က ကိုယ်တိုင်ယူထားလိုက်ပြီး ဦးသက်ငြိမ် ကို ဆေးတိုက်၏။ ဒါကိုတော့ အေးဆေးယူသောက်ကာ နောက်မှီမှာ ခပ်လျော့လျော့ မှီလိုက်ရင်း ...

"မင်း ငါ့ကို မသေဘဲ တွေ့ခဲ့တဲ့အကြောင်း အိမ်မှာပြန်ပြောမိခဲ့သေးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား သိပ်နေမကောင်းလို့ မပြောရသေးဘူး .. ပြီးတော့ ဒေါက်တာ ဦးဘမော် နောက်ကို လိုက်နေရင်းနဲ့ စုံစုံစေ့စေ့ သိရအောင် တမင်မပြောသေးဘဲ နေလိုက်တာပါ ..၊ ဒီလိုရှိပါတယ် လေးလေးရယ်.. ဘွားနဲ့ လေးလေးတို့ ဝေးကွာသွားကြတဲ့ကာလမှာ မသင့်မြတ်မှုကို အခွင့်ကောင်းယူပြီး သွေးထိုးချင်တဲ့လူတွေရဲ့ ကြားစကားဆိုတာလည်း ရှိပါသေးတယ် .."

"ဒါတွေကို မေမေ ပိုနားလည်တယ် ဆောင်း .. မိန်းမသား တစ်ယောက်တည်းနဲ့ ဘဝကို ရပ်တည် ရင်ဆိုင်လာခဲ့တာ ငါတို့မောင်နှမ တစ်သက်ပဲ .. လူတွေအကြောင်း ငါ့ထက် သူ ပိုသိတယ် .."

ကိုယ်ချစ်ရတဲ့ချစ်သူကို ကိုယ့်ရှေ့မှာပဲ မိန်းမပျက်တစ်ယောက်လို လက်ညှိုးထိုး ပြောဆိုပြီး မောင်းထုတ်ခဲ့သည်။

ချစ်သူဘက်က ရပ်တည်လိုက်တဲ့ သူ့ကိုတော့ တစ်သက်တာ လုံးဝ ပြတ်သားစွာ စွန့်လွှတ်ခဲ့လေသည်။

သေကောင်ပေါင်းလဲ ဖြစ်နေတဲ့အချိန်ထိ ခွင့်မလွှတ်ခဲ့တဲ့ မိခင် တစ်ယောက်ရဲ့အတ္တကို သူ ဘယ်လို နားလည်ပေးရမလဲ ..၊

'တောင်းဆိုး ပလုံးဆိုး ပစ်ရိုးထုံးစံ ရှိပေမယ့် သားဆိုးသမီးဆိုးကို တော့ ပစ်ရိုးထုံးစံ မရှိ'လို့ ဆိုရိုးမှာ ရှိခဲ့သည်။

ဒါပေမယ့် မေမေကတော့ မမကိုလည်း စွန့်ပစ်ခဲ့သည်။ သူ့ကို လည်း ခွင့်မလွှတ်ခဲ့ပါ ..၊ သားနဲ့ သမီး နှစ်ယောက်စလုံးကို အနိုင်အမာ ပြတ်တောက်နိုင်ခဲ့တာ ဘယ်လို အတ္တမျိုးနဲ့လဲ ..၊

"ဟွန်း .. ငါ မှားနေတယ်ဆိုရင် အဲဒီအမှားကို ရှေ့ချပြီး ငါ ရဲရဲ ကြီး ဆုပ်ကိုင်ထားဦးမှာ ..၊ ငါ့အတွက် ဒုက္ခမျိုးစုံခံ.. ဆင်းရဲခံပြီး သေတဲ့ အထိ မေတ္တာတွေကို ပြသွားတဲ့မိန်းမ .. အဲဒီလို ဇနီးမယားမျိုး ငါ့မှာ မရှိတော့မှ ငါက ဘာဖြစ်လို့ ဒီစည်းစိမ်တွေကို မက်ရမှာလဲ .."

ဦးသက်ငြိမ် အချစ်ဆိပ်နှင့် အတ္တတွေ ရောထွေး သိပ်သည်းနေခဲ့၏။





"ငါ ဒီစည်းစိမ် မာနတွေကို ဘယ်လောက်ထိ နာကြည်းခဲ့သလဲ မင်း သိလား ..၊ ငါ့သမီး ကလေးစိတ်နဲ့ မျှော်လင့်ချက်တွေ ဖြစ်နေမှာ စိုးလို့ ဟိုတုန်းကတည်းက ခုချိန်ထိ ငါ့ဘဝကို ငါ အသိမပေးဘဲ ထား ခဲ့တာ .."

ပြီးတော့ သိမ်မွေ့တလင်းခင်းထားသည့် ပျဉ်ထောင်အိမ်လေးကို ပြန် မော့ကြည့်လိုက်ရင်း ကျေနပ်ကြည်နူးသော မျက်ဝန်းတို့ဖြင့် ...

"ငါတို့လင်မယား ကြိုးပမ်းထူထောင်ခဲ့တဲ့ ဒီအိမ်လေးကို ငါ ဘယ် တော့မှ ပစ်သွားမှာ မဟုတ်ဘူး .. ဟောဒီနေရာမှာ နန်းတော်ကြီးလောက် ခမ်းနားတဲ့ အဆောက်အဦးကြီး လာဆောက်ပေးပါ့မယ်ဆိုရင်တောင် ငါ လက်မခံနိုင်ဘူး .. ဟောဒီအိမ်လေး ဇုန်းဇုန်းလဲ ပြိုကျတဲ့အချိန်မှာ ငါလည်း သေနေလောက်ပါပြီ .."

"သိုက် အတွက်ကိုတော့ လေးလေး ထည့်မစဉ်းစားဘူးလား .."

ဦးသက်ငြိမ် မျက်နှာ တည်ကြည်သွားသည်။ ဆောင်း က ဒါကို ကြည့်နေရင်း ...

"ဒေါက်ပတာဦးဘမော် ကို လေးလေး သွားရှာသေးတယ် ဆိုတာ ကရော .."

"ဟုတ်တယ် .. အဲဒါ သမီးလေး နောင်ရေးအတွက်ပဲ ..၊ ငါ့ဘဝ အကြောင်းကို သိထားတဲ့လူဆိုလို့ ငါ့အနီးနားမှာ သူ့ကိုပဲ တွေးမိတယ်.."

"ဘာလုပ်မလို့လဲ .. အခု ကျွန်တော် ရှိနေပြီဆိုတော့ လေးလေး သူ့ထက်ပိုပြီး ရင်းနှီးတိုင်ပင်လို့ ရပါတယ် .. လေးလေး ပြောချင်တာ တွေ ကျွန်တော် သိပါရစေ .."

ဦးသက်ငြိမ် မျက်နှာ လေးနက်ခြင်းတွေနှင့် ရီဝေ ငေးမောသွားခဲ့ သည်။ ပြီးတော့ တင်းမာသယောင် ဖြစ်လာခဲ့၏။ ထို့နောက် ...

"ငါသေသွားခဲ့ရင်တော့ ငါ့သမီးအတွက် 'မိုးလစ်အိမ်'ရဲ့အရိပ်ဆီ လိုအပ်တယ် ဆောင်း .."



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သည့်စကားမို့ ဆောင်း အံ့ဩသွားမိသည်။ သားသမီး အရင်းတွေကိုတောင် ရက်စက်လွန်းသည်လို့ ရင်ထဲမှာ စွဲမြဲနာကြည်းခဲ့တယ်ဆိုရင် သွေးသားမဟုတ်သည့် မိန်းကလေးအပေါ်မှာ 'မိုးလစ်အိမ်' က ကြည်ဖြူလက်ခံမယ်လို့ လေးလေး ဘာဖြစ်လို့ တွေးတာလဲ ...

"ကိုယ့်ဘဝအတွက် မာနကြီးနိုင်ပေမယ့် ငါ့သမီးလေးကိုတော့ ငါ့မာနဆိပ်ကြောင့် မနစ်မွန်းစေချင်ဘူး... အဲဒါကြောင့် အနိကယ်လ်မော်ဆီကို ငါ သွားတာ .. ငါ ဖြစ်စေချင်တဲ့ဆန္ဒတွေကို ဖွင့်ပြောထားချင်တယ် ... ငါ မရှိတော့တဲ့အခါ ငါ မှာခဲ့တဲ့အတိုင်း ဆောင်ရွက်ပေးဖို့ တောင်းပန်ချင်တယ် .."

"အဲဒါတွေကို အခု ကျွန်တော် သိခွင့်ရှိရင် သိပါရစေ .."

"ပြောမယ် ... မင်းက မမရဲ့သားလေးပဲ .."

ဦးသက်ငြိမ် ရဲ့မျက်နှာသည် နွမ်းညှိုးခြင်းတစ်လှည့် .. ခက်ထန်ခြင်းတစ်လှည့်နှင့် ...

"သမီးလေးကို ငါ့သမီးရင်းအဖြစ်နဲ့ပဲ မိုးလစ်အိမ်ထဲ ထည့်ပေးချင်တယ် .."

"ဟင်!..."

"တကယ်ဆိုရင် လူလေးကသာ တစ်ဦးတည်းသော မျိုးဆက် သွေးပါ .."

သိုက် အတွက် ရှော့မော့ စည်းရုံးတာလား ... ကိုယ့်တူဆိုတဲ့ အသိနဲ့ တကယ့်ကို လှိုက်လှိုက်လှဲလှဲလား ...

သိတော့မသိပေမယ့် လက်ပေါ်မှာဆုပ်ကိုင်လာသည့် ဦးသက်ငြိမ် ရဲ့လက်တွေက တုန်ယင်နေခဲ့လျက် ...

"လေးလေး အဲဒီလိုလုပ်မယ်ဆိုရင် မင်း ကြည်ဖြူနိုင်ပါ့မလား.."

ဆောင်း က ရုတ်တရက် မဖြေသဖြင့် ဦးသက်ငြိမ် မျက်နှာပျက်သွားကာ ဆုပ်ကိုင်ထားသည့်လက်က လျော့ရိလျော့ရဲ ဖြစ်၏။





"မင်း မှန်ပါတယ် .. ဒါက သဘာဝလည်း မကျဘူး ... လေးလေး အသိထဲမှာ မမရဲ့ရင်သွေး ကျန်ခဲ့မယ် .. မိုးလမှာ အဆင်ပြေပြေရှိနေနိုင်မယ်ဆိုတာ လုံးဝ မပါခဲ့ဘူး .. ထင်ကို မထင်ခဲ့မိတာ .."

"အဲဒါကိုက ဘွားဘွားရဲ့ပြောင်းလဲနေခဲ့တဲ့ .."

"တော်တော့ ဆောင်း"

သွေးရင်းသားရင်းဆိုသည့် အသိတို့နောက်မှာ တူဝရီး၏ ချစ်ခင်ရင်းနှီးမှုကလည်း မြန်သည်။ ဦးသက်ငြိမ်သည် တစ်ခါတစ်ခါ ဒေါသနှင့်အော်တတ်ပေမယ့် ဆောင်း ရဲ့ လက်ခုံ သို့မဟုတ် လက်မောင်းကို လှမ်းဆုပ်ကိုင်ပြီး ပြုံးပြတတ်၏။

ဒါဟာ စကားသံနှင့်မဟုတ်ဘဲ နူးညံ့နွေးထွေးသော တောင်းပန်သည့်အပြုံးသာ ဖြစ်လျက် ...

"လေးလေးကို အဲဒါတွေ မပြောပါနဲ့ .. အခု လိုချင်နေတာ မေမေ့ဆီက ခွင့်လွှတ်ခြင်း မဟုတ်ဘူး .."

"ဒါပေမယ့် သိုက် ကို လက်ခံဖို့က လေးလေးကို ဘွားဘွား ဘယ်လောက်ချစ်သလဲ ဆိုတာနဲ့ပဲ .."

"မဟုတ်ဘူး .."

နာကြည်းသည့်အစိုင်အခဲဟာ သေးသေးနုပ်နုပ် မဟုတ်ခဲ့ဘဲ ...

"ချစ်ချစ် မချစ်ချစ် .. ငါ တကယ်မိုက်မဲလို့ မေမေ ခွင့်လွှတ်သည်ဖြစ်စေ .. မလွှတ်ဘူးဖြစ်စေ ငါက မိုးလစ်အိမ်က သားပဲ ... ငါ မရှိတော့ဘူးဆိုရင် ငါ့အပေါ်မှာ ခွင့်မလွှတ်နိုင်တဲ့အပြစ်တွေက အလိုလို ပြီးပျောက်သွားလိမ့်မယ် .. ငါ့သမီးက ငါ မဟုတ်ဘူး ... မျိုးဆက်ထိ လိုက်ပြီး အမုန်းပွားနေသေးတယ်ဆိုရင်တော့ ဒါ မလွှမ်းလောက်ပါဘူး .."

"လေးလေးက မရှိတော့ဘူးဆိုတဲ့အဖြစ်နဲ့ သိုက် ကို လွှတ်ချင်တာလား .."

"မဟုတ်ဘူး ဆောင်း .. မင်းက လေးလေးရဲ့တူရင်း ဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ပွင့်ပွင့်လင်းလင်း ပြောရရင် အခုလောလောဆယ် မင်းရဲ့အကူအညီတော့ လိုချင်တယ် .. ငါတို့သားအဖအကြောင်း ဘာတစ်ခုမှ ဘယ်သူ့ကိုမှ မပြောသေးဘဲ ငါ့သမီးလေးကို ဝင်ခွေကောင်းမယ့် အလုပ်တစ်နေရာ ပေးပါ ..”

ဆောင်း က ခေါင်းမညိတ် ခေါင်းမခါနှင့် ကြည့်နေဆဲဖြစ်ကာ...

“အန်ကယ်လ်မော်ဂ်ကို တွေ့ဖို့သွားခဲ့တာလည်း ဒီအစီအစဉ်တွေကို တိုင်ပင်ဖို့ပဲ .. သူဆိုရင်တော့ သမီးကို ဘာမှကူညီပေးနိုင်မှာ မဟုတ်တော့ လိုရင်းကိုပဲ တိုက်ရိုက် ဆုံးဖြတ်ခဲ့တာ ...၊ သမီးကို အပ်ပြီးတာနဲ့ ငါ ကိုယ်ယောင်ဖျောက်သွားတော့ဖို့ ..”

“ဟာ!... မဟုတ်တာ လေးလေး ရာ ..”

“ဟုတ်တယ် .. ငါ ဒီလိုမလုပ်ရင် ငါ့သမီး ငါ့ကို ဘာတစ်ခုမှ ဆုံးဖြတ်ခွင့်ပေးမှာ မဟုတ်ဘူး .. သူ ငယ်စဉ်တည်းက ငါတို့ကို မလိုလားတဲ့လူတစ်ယောက်ကြောင့် ပတ်ဝန်းကျင်ကလူတွေ အကုန်လုံး ပထွေးနဲ့ မယားပါသမီးဆိုတာ သိကုန်ကြတယ် ..”

“အဲဒီလူက ဘာမို့လို့ ဒီလို လျှောက်ဖွရဲတာလဲ ..”

“သမီးအဖေဘက်က အဒေါ်ရင်းတစ်ယောက်ပေါ့ .. ဒါတွေ ထားလိုက်ပါ .. ငါ ပြောချင်တာက သမီး အရွယ်ရောက်လာတည်းက ငါ့ကို အဖေရင်းမဟုတ်မှန်း သိတယ် ...၊ ဒါပေမယ့် ဖအေလို တွယ်တာခဲ့တာက လျော့မသွားခဲ့ဘူး .. ပြောရရင် ဖအေကို သူ့အမေထက် ပိုရင်းနှီးတယ် .. ပိုချစ်တယ် ...၊ သူ့အမေ မရှိတော့ကာမှ ..”

ပတ်ဝန်းကျင်နဲ့ သိုက် ရင်ဆိုင်ရတဲ့ပုံတွေ .. ရန်ပွဲတွေအကြောင်း အနည်းအကျဉ်း ထည့်ပြောမိသည်။

ဒီနေ့ထိ သူမ မတုန်မလှုပ် ရင်ဆိုင်နေခဲ့ရသည့် ဘဝတိုက်ပွဲတွေက အင်အားအလုံးအရင်းနဲ့ ရှိနေဆဲပါ ...။

သိုက် ဆိုသည့် မိန်းကလေးအကြောင်း သိလိုက်ရတာနှင့် သူ





ပထမဆုံး မြင်ခဲ့ရသည့်ရန်ပွဲနဲ့ ဖရဲသီးစိတ်တွေကို ဆောင်း ကွက်ခနဲ မြင်မိ၏။

ထိုစဉ်က ဝိုင်းဝန်းပြောဆိုနေကြသည့် မကြားဝံ့မနာသာ ပုတ်ခတ်စကားတွေဟာ ကိုယ့်ဦးလေးအရင်းနဲ့ ဖြစ်နေခဲ့တာ ဘယ်လိုတိုက်ဆိုက်မှုတွေလဲ ...၊

“ငါနဲ့ အတူရှိနေသရွေ့ ငါ့သမီးလေး ဒီပတ်ဝန်းကျင် လူတောထဲမှာ ဘယ်တော့မှ ခေါင်းဖော်ရဲတော့မှာ မဟုတ်ဘူး .. ပြီးတော့ လူမမာစာနဲ့ ဆေးဖိုးနဲ့ ဝမ်းရေးတွေပါ ဖူလုံအောင် သူ ဘယ်လိုရုန်းကန်မလဲ...၊ ငါက ငုတ်တုတ်ထိုင်နေရတဲ့ဘဝနဲ့ ဖြစ်သလို ကြုံသလို ရုန်းကန်လှုပ်ရှားနေရတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်အလုပ် မလုပ်ပါနဲ့ .. ဘယ်လမ်း မသွားပါနဲ့ .. ပြောနေရင် သဘာဝကျပါ့မလား ..”

“လေးလေး .. အခု အဲဒါတွေကို ..”

“ငါ့ရဲ့ဆုံးဖြတ်ချက်တွေ ဖြစ်လာရတဲ့အကြောင်းကို ပြောပြတာပါ .. သိုက် ဆိုတဲ့ မိန်းကလေးကတော့ သူ ဘယ်လိုရုန်းကန် ပင်ပန်းနေပစေ ဘယ်တော့မှ ညည်းညူမှာမဟုတ်သလို ငါ့ကိုလည်း လက်လွှတ်မှာ မဟုတ်ဘူး ...၊ သူ့ရဲ့ရှေ့ရေးအတွက် ငါ ဒီလိုဆုံးဖြတ်ခဲ့ရတာ .. သူ့ကို ပတ်ဝန်းကျင်သစ်မှာ မြင့်မားတဲ့ဘဝနဲ့ ရှေ့ဆက် ရပ်တည်သွားစေချင်တယ် .. ဒါကြောင့် ငါ့အပြစ်တွေ ကြီးခဲ့ရင် ငါနဲ့အတူ ပြည်ဖုံးကားချလိုက်မယ် ..”

“အဲဒီလို မလုပ်ရဘူး လေးလေး.. လေးလေးက ကျွန်တော့်ဦးလေးဖြစ်ပေမယ့် ကျွန်တော်ကလည်း ကလေးပေါက်စမှ မဟုတ်တာ .. ရှုပ်ထွေးမှုရှိလာရင် ရှင်းလို့ရတဲ့နည်းလမ်း ရှိတယ် ...၊ အခက်အခဲဖြစ်လာရင်လည်း ကျော်လွှားနိုင်ဖို့ပဲ လိုတာပါ .. ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်ဖို့ ကျွန်တော် ကြိုးစားမယ် ...၊ လေးလေးရဲ့ မူလအစီအစဉ်ကိုတော့ ဖျက်လိုက်ပါ ..”



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး .."

"ဒီလို သိထားကာမှတော့ ဒီတိုင်း ဆက်လုပ်ဖို့ကို ကျွန်တော်က လည်း သဘောတူမှာ မဟုတ်ဘူး .."

ပြတ်သားသောမျက်ဝန်းတို့ ဆုံစည်းသွားခဲ့သည်။

"လေးလေး မေးသမျှ မေးခွန်းတွေကို ကျွန်တော် မဖြေခဲ့တာက မေးခွန်းအားလုံးကို သုံးသပ်ကြည့်ချင်လို့ပါ .. ပြီးတော့ အားလုံးအတွက် အကောင်းဆုံး ဖြစ်စေချင်လို့ .."

"ဘာကိုလဲ .."

" 'မိုးလစ်အိမ်' မှာ မလိုသူတွေ သွေးခွဲလို့ သေကွဲတွေ ရှင်ကွဲတွေ ကွဲခဲ့ကြပြီးပြီ .."

"ဘယ်သူပြောတာလဲ..၊ သွေးခွဲတာလို့ ဘာကိုတွက်ချက်ပြီး အဖြေ ယုတ်လိုက်တာလဲ .."

ဒါကို လက်မခံနိုင်သော မာနသံနှင့် ဦးသက်ငြိမ် မျက်နှာကပါ တင်းနေခဲ့၏။

"သွေးခွဲလို့ ကွဲတယ်ဆိုတာ ဘယ်လိုလူစားတွေလဲ ..၊ အဲဒါတွေ ကြောင့်ဆိုတာ ငါ လုံးဝ လက်မခံဘူး .."

"အတင်းအဖျင်းပြောတဲ့လူကို ထွက်ခဲ့စမ်းလို့ စိန်ခေါ်ရတာလောက် ခက်ခဲတာ မရှိဘူး လေးလေး .. သွေးထိုးစကားဆိုတာ ပိုဆိုးတယ် ..၊ သတ္တိရှိရင် ကာယကံရှင်ရှေ့မှာ အတင်းပြောရဲတဲ့လူ ရှိရင်ရှိမယ် .. ကာယကံရှင်တွေရှေ့ လာပြီး ကုန်းချောစကား ပြောလို့မရဘူး ..၊ ကျွန် တော့်စကားအတွက် သက်သေတော့ မရှိဘူး .. ဒါပေမယ့် ဒီတိုင်းပဲ ဖြစ်ခဲ့တာပါ .."

ဦးသက်ငြိမ် က စိုက်ကြည့်ရင်း ငြိမ်သက်နေ၏။

"ဒါပေမယ့် လေးလေး ပြောသလိုပဲ မချေရာတာကို ကျွန်တော် ဘယ်သူ့ကိုမှ လက်ညှိုးမထိုးချင်ဘူး .. ဒီတော့ ဘေးသူစိမ်းကိစ္စတွေ





ဘေးထားလိုက်ပြီး ကျွန်တော်တို့မိသားစုအကြောင်းကိုပဲ တွေးရအောင်..၊ လေးလေး ဘယ်ကိုမှ ထွက်မသွားပါနဲ့ .."

"ငါသွားမှ ဖြစ်မယ် .."

"မသွားလည်း ဖြစ်တယ် .. လေးလေး မသိစေချင်တဲ့အကြောင်း ကျွန်တော် ဘယ်သူ့ကိုမှ မပြောဘူး .. လေးလေး မသိစေချင်တဲ့လူကို ဘာတစ်ခုမှ မသိစေရဘူး ..၊ ဘွားဘွားနဲ့ လေးလေး ရင်မဆိုင်ချင်ဘူး.. ကိုယ့်အတွက်နဲ့ကိုယ် ဒီတိုင်းပဲ နေသွားမယ်ဆိုရင်လည်း လောလော ဆယ် လေးလေး စိတ်ချမ်းသာစေရမယ် .."

"လောလောဆယ် ဆိုတာက .."

"စကားဆိုတာ ကုန်အောင်မပြောကောင်းတဲ့ အရာပါ .. ကတိ တစ်ခုကို လွယ်လွယ်ပေးတာလည်း မကောင်းဘူး ..၊ ဟိုတုန်းက ချစ်ခင် အားကိုးစွာ မှီတွယ်ခဲ့တဲ့ရင်ခွင်ကိုတောင် လေးလေး အခု ဘယ်လိုမြင် နေသလဲ .."

ဦးသက်ငြိမ် မျက်ဝန်းတွေ မငြိမ်မသက်ဖြစ်သွားပြီး ဖျတ်ခနဲလွှဲ၏။

"အရာရာက ပြောင်းလဲနေတာပဲ လေးလေး .. ကျွန်တော်ကတော့ မပြောင်းလဲနိုင်တဲ့ လေးလေး ရင်ထဲက အတ္တအစိုင်အခဲကို ချေဖျက်ဖို့ မကြိုးစားသေးဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြေလည်ဖို့ ကြိုးစားမယ် .."

"ဆောင်း .."

"လေးလေးကို စိတ်မဆင်းရဲစေရဘူး .. ဘေးလူ တစ်စုံတစ် ယောက်မှ ဘာအကြောင်းကိုမှ မသိစေရဘဲ လေးလေး ကိုယ့်အမှန် တရားနဲ့ကိုယ် အေးချမ်းစွာ နေပါ .. ဒါပေမယ့် လေးလေး ကျွန်တော့်ရဲ့ မြေစု စောင့်ရှောက်မှုအောက်မှာပဲ နေရမှာ .."

ဦးသက်ငြိမ် အကြည့်တွေ ရှုံးရဲသွားတာနှင့် ဆောင်း က ခေါင်းခါ ခါလိုက်၍ ...

"လေးလေးကို ဒီမှာပဲ ထားမှာပါ .. သိုက် လည်း မသိစေရဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"အခု သိုက် ကို မင်း ကူညီဖို့ကရော .."

"လေးလေး စိတ်အေးချမ်းသာစွာ နေပါ .."

သူ လေးလေးကို နှုတ်ဆက်ရင်း ခေါ်ပေးထားတဲ့ သူနာပြုဆရာမကိုလည်း လိုအပ်တာ အားလုံး မှာသည်။ ပြန်ထွက်ခါနီးမှ ...

"ဒါကို ယူသွားပါ.."

ဦးသက်ငြိမ် က ဟောင်းပေမယ့် မနွမ်းသေးသည့် ဒိုင်ယာရီစာအုပ်တစ်အုပ်ကို ပေးလိုက်ရင်း ...

"မင်းကို လေးလေး ယုံပါတယ် .. ဒါကြောင့် ငါ့ရဲ့ခံစားချက်တွေကို ပိုပြီး နားလည်သွားအောင် ယမင်း နဲ့ ငါ့ဘဝကို မင်း ဖတ်ကြည့်.."

ပြောပြီးတော့ ပြန်ပိတ်သေးသည်။

"တစ်ခုပဲ မင်း သစ္စာရှိပါ .. မေမေနဲ့ ငါ့ကြားမှာ ပေါင်းကူးတံတား မထိုးပါနဲ့" တဲ့ ..။

ဆောင်း ခေါင်းမညိတ်ခဲ့တာလည်း သူ ရိပ်မိနိုင်၏။

ဒါပေမယ့် ...၊



## အခန်း (၁၈)

"ဒီမှာ ထိုင် .."

အပေါ်ထပ်ရုံးခန်းဆိုတာကြီးကို ကြည့်၍ သိုက် ရင်တွေ ခုန်လာမိသည်။

ဘာပစ္စည်းမှ ကြီးကြီးကျယ်ကျယ် ထည့်မထား ပြင်ဆင်ထားတာမဟုတ်ဘဲ နံရံကပ်ပန်းချီကားကြီးတွေကို ကြည့်၍ အံ့သြသည်။

စားပွဲခုံကအစ ဒီလိုခုံမျိုး မမြင်ဖူးပါလို့ ရေရွတ်နေမိသည်အထိ..၊ ထိုင်ခိုလို့ ကုလားထိုင်ကို ကိုင်လိုက်တော့ အနက်ရောင်ဆိုဖာတွေနဲ့ နံ့က လှုပ်တုတ်တုတ် ဖြစ်သွားသည်။

ထိုင်လိုက်သည်နှင့် လူက မြှုပ်သွားသလိုဖြစ်ကာ စားပွဲစွန်းကို ကိုင်လိုက်မိပြီးမှ ရှက်သွား၏။

ဆောင်းမျက်နှာ ဆိုသူကတော့ နံရံကပ်ဗီရိုကြီးဆီ သွားလိုက် .. ပြန်လှည့်လာလိုက်နှင့် သိုက် ကို ပေးဖို့ လိုအပ်သမျှကို ဆွဲချ ပြင်ဆင်နေ၏။

"မင်း အဲ့ဒါတွေကို ပုံတွေနဲ့ ရောပြီး ကျက်ရမယ် .."





www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို ဟုတ်လား .."

ပထမ ကက်တလောက်ကို လှန်လိုက်တာနှင့် သူငယ်တန်းဖတ်စာလို အိမ်ဆောက်ပစ္စည်းပုံတွေကို နာမည်တွေနဲ့ တွဲလျက် တွေ့ရ၏။

"အင်္ဂလိပ်လိုတွေချည်းပဲ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"တူတွေ သံတွေတော့ သိတာပေါ့ .."

"မသိတာတွေကို ကျက်ရမှာမို့လို့ မင်းကို ပေးတာ.."

"ဒါတွေ အကုန်လုံး .."

"ဟုတ်တယ် .."

သိုက် က ကက်တလောက်တွေချည်း နှစ်ပုံသုံးပုံ အထပ်လိုက်တွေကို စုံအောင် လိုက်ကိုင်ကြည့်ကာ...

"အိမ်ဆောက်ပစ္စည်းတွေ ရောင်းပေးဖို့က အင်္ဂလိပ်လိုပြောဖို့ လိုလို့လား ..၊ လာဝယ်တဲ့လူတွေကရော ဘွတ်ရှတ်တွေပြောပြီး လာဝယ်မှာလား .."

"သိုက် .. မင်းကို အလုပ်လုပ်ဖို့ ခေါ်လာတာ ငါ .."

"ဟုတ်ပါတယ် .. ရှင့်ကို ကျွန်မက ခေါ်လာတယ်လို့လည်း မပြောပါဘူး .."

"အဲဒီတော့ ငါ နိုင်းတာကို မင်း လုပ်ရမယ် .."

"ကျွန်မက ဒီမှာ ဘာအလုပ် လုပ်ရမှာမို့လို့လဲ .."

"မင်းကို ဘာမှ နိုင်းလို့ မရသေးဘူး .. အဲဒါကြောင့် ဒါတွေကို ယောဟိုထောင့်ကစားပွဲကို သယ်သွား .. ပြီးတော့ အလုပ်ချိန် မကုန်မချင်း နားနားနေနေ ကျက်နေ .. မြန်မြန်ရချင်ရင် စိတ်ကို ပိုနှစ်ပြီး အာရုံစိုက် .."

"မစိုက်ဘူး .. ကျက်လည်း မကျက်ချင်ဘူး .."





ပြောပြီးတာနှင့် သိုက် က ပြတ်သားစွာ ထရပ်သည်။ စိတ်ကထောင်းခနဲ တိုသွားပေမယ့် လေးလေးမျက်နှာကို မြင်ယောင်ကာ ချက်ချင်း ပြေကျသွားသည်။

"မင်း အလုပ်မလိုချင်ဘူးလား ..၊ အဲဒါပဲ ဖြေ .."

"အလုပ်လုပ်ဖို့ လိုက်လာတာလေ .. စာကျက်ဖို့မှ မဟုတ်တာ..၊ ဒီမှာ ဦးဆောင်းမျက်နှာ .. အစတည်းက ကျွန်မနဲ့ အဆင်မပြေခဲ့တဲ့ ယောဒီဆိုင်မှာ ကျွန်မ လုပ်ချင်ခဲ့တာ မဟုတ်ဘူး ..၊ ဒီလူတွေနဲ့ မျက်နှာချင်းဆိုင်ဖို့လည်း .."

"မင်းနဲ့ ငါ နှစ်ယောက်ပဲရှိမှာ .. ဒီပေါ်ကို ငါ မခေါ်ဘဲ ဘယ်သူမှ မလာဘူး .."

"အဲဒီလိုနေရာမှာ အလုပ်ရမယ်မှန်းလည်း လုံးဝကို မထင်ခဲ့တာ..၊ အထူးသဖြင့် အဓိပ္ပာယ်မရှိတာတွေ ခေါ်နိုင်းပြီး .."

"ဘာကွ!..."

ဒါတော့ အဆမတန် လွန်သွားပြီဖြစ်၏။

"အဓိပ္ပာယ်မရှိ နိုင်းတယ် .. ဟုတ်လား သိုက် .."

ဆောင်း က သိုက် ရဲ့ဘေးကို ရောက်လာကာ ...

"မင်းကို ငါ့ဘေးမှာ အဓိပ္ပာယ်မရှိ ခေါ်ထားတယ်ဆိုတော့ ဆိုလိုရင်းက ဘယ်ရောက်သွားသလဲ .."

သိုက် မျက်မှောင်လေး ကုတ်ပစ်ပြီး မဖြေ ..၊

"မင်း မပြောချင်ရင် ငါ ဆက်ပြောပြမယ် .. မင်းကို မရိုးသားစိတ်နဲ့ အကြောင်းရှာပြီး ခေါ်ထားတယ်လို့ ထင်လိုက်တာလား .."

"မထင်ဘူး .. ရှင့်ကို ဖေကြီးကိုယ်တိုင် ယုံကြည်ပြီး သိုက် ကို စိတ်ချလက်ချ လွှတ်လိုက်တာ ..၊ လူစိမ်းတစ်ယောက်အပေါ်မှာ ဒီလို မယုံကြည်ခဲ့ဘူးတဲ့ ဖေကြီးရဲ့ဆုံးဖြတ်ချက်ကို သိုက် က အကြွင်းမဲ့ယုံပြီးသား .."



www.burmeseclassic.com

www.burmeseclassic.com



သင်းမှ အပြောကောင်း ...။

နှုတ်ခမ်းတွေ ဆေ့ထားရင်း ကိုယ့်စိတ်ကို ပြန်လျှော့နေရသည်။ လေးလေးကို သိပ်ချစ်တယ်ဆိုတဲ့ သမီးလေးဟာ တခြားသော တစ်ယောက်ယောက် ဖြစ်လိုက်ပါတော့လား ...။

"ဒါပေမယ့် တစ်စုံတစ်ယောက်ကို ယုံကြည်ရေး တာနဲ့ ထမင်းစားလို့ မရဘူး...၊ ကျွန်မကို ဘာမှနိုင်းလို့မရသေးဘူးဆိုရင် နိုင်းလို့ရတဲ့အချိန်ကျမှ လာမယ် .."

"ဘာ၊..."

သိုက် က ပြောပြောဆိုဆိုနှင့် ကက်တလောက်တစ်ထပ်ကို ကောက်ပွေ့လိုက်၏။

"ဟော .. အဲ့ဒါ ဘာလုပ်တာလဲ ...၊ ချထားလိုက်စမ်း .."

သိုက် မျက်နှာလေး ရဲသွားကာ ချက်ချင်း ပြန်ချ၏။

"ရှင့်ဟာတွေကို ခိုးပြေးသွားမယ် ထင်နေလို့လား .."

"ခိုးခိုး မခိုးခိုး အခု ဒါတွေကိုယူပြီး ဘာလုပ်မှာလဲ အရင်ဖြေ.."

"ညဘက် မအိပ်ခင် ကျက်လို့ရတယ် .. ဒါတွေ ကျက်နေရင်း ကျွန်မ ဒီမှာ အချိန်ဖြုန်းမယ့်အစား အလုပ်တစ်ခုခု လုပ်မှ ဖြစ်မှာ .."

"ကျွတ်၊..."

ဘယ့်နှယ် ဒီကောင်မလေး ငွေမှငွေ ဖြစ်နေရတာလဲ ...၊ လေးလေးကို ရှာဖွေကျွေးမွေးနေတာမှန်း သိနေတော့လည်း ခေါ်သံက အကောင်အထည်မပေါ်ခင်မှာပဲ ပြေပြေကျ၏။

"မင်းကို ဒီနေ့ အလုပ်စဆင်းလို့ ပြောပြီး ငါ ခေါ်လိုက်တာပဲ.."

"ရှင်ပဲ ဘာမှခိုင်းလို့ မရဘူး ဆို .."

"အခု စာကျက်နိုင်းနေပြီ .. မင်း ဘာဖြစ်လို့ ရစ်နေတာလဲ ...၊ မင်းကို ငါ ဘာတွေခိုင်းခိုင်း လကုန်တာနဲ့ လစာထုတ်ပေးမယ် .. ရပြီလား .."





"ဘာခိုင်းခိုင်း ဆိုတာတော့ ဘယ်ရမလဲ .."

"ဒါမျိုးတွေပဲ .. မင်းကို ဘယ်သူကမှ လမ်းပေါ်ထွက်ပြီး ရှောက်သီးဆေးပြား မရောင်းခိုင်းဘူး .."

"နိုင်းတိုင်းရော ဒီက လုပ်မှာမို့လို့လား .."

နှစ်ယောက်သား မကျေလည်သေးဘဲ သိုက် ကလည်း ကက်တလောက်တွေကို ဟိုဘက်ရွှေ့ထည့် .. ဆောင်း ကလည်း အောက်က တစ်ယောက်ကို ခေါ်လိုက်ကာ ...

"သီတာ တို့ အုပ်စုကို ပြောထားလိုက် .. နေ့လယ်တစ်နာရီ ကွန်ပျူတာသင်တန်းက ဆရာမ လာလိမ့်မယ် .. အပေါ်ကို လွှတ်လိုက်လို့.."

"ဟုတ်ကဲ့ ဆရာ .."

"ဟိုစားပွဲကို သွားပြီး စားပွဲပေါ်မှာရှိရမယ့်ပစ္စည်းတွေ အကုန်လုံး ခုချက်ချင်း အားလုံး ပြည့်စုံအောင် လုပ်ပေးလိုက် .."

"ဟုတ်ကဲ့ .."

စာတွေဖတ်ကြည့်နေရင်း သူ ခိုင်းနေတာကို ကြားသည်။

သိပ်မကြာလိုက်ခင် သိုက် ရဲ့စားပွဲပေါ်မှာ ကွန်ပျူတာအစုံလိုက်နှင့် ဘောလ်ပင်နဲ့ ပေပါဝိတ်ကအစ အားလုံး ပြည့်စုံသွားသည်။

ဒီစာတွေ ကျက်နိုင်းနေသည်။ ပြီးတော့ ဒီပစ္စည်းတွေ ကိုင်တတ်အောင် သင်ပေးဦးမည်။

ဘာသင်တန်းမှမတက်ခဲ့ဖူးသည့် ခုမှ ဒုတိယနှစ်ဖြေရမယ့်သူကို သူဌေးရဲ့သားက စားပွဲမှာ နေရာပေးမည့်အဖြစ်ကလည်း သေချာနေ၏။

အိမ်ဆောက်ပစ္စည်းဆိုပေမယ့် မီနီမက်(တ်)တစ်ခုလို ပြင်ဆင် ဖွဲ့စည်းထားတာ ဖြစ်သည်။ လက်နဲ့ဆောင်ရွက်ရေးရမှာ မဟုတ်ဘဲ ကွန်ပျူတာကနေ ဘောလ်ထွက်မှာဖြစ်သည်။

ကိုယ့်အခြေအနေကို တွက်ကြည့်ရင်း နားလည်လာလေ မယုံနိုင်လေ ...၊



www.burmeseclassic.com

www.burmeseclassic.com



မေကြီးရဲ့ကျန်းမာရေးအပေါ်မှာ ဒီလူ ဂရုစိုက်နေခဲ့တာ ဒီအခြေအနေထိလား ..၊ ပြီးတော့ မေကြီးကို ဆက်ဆံပုံတွေက ဝတ္တရားကျေချင်တာထက် ပိုနေသလိုပင် ..။

ကိုယ့်ကိုယ်ကိုယ် နင်းကန်ခြေဖျားထောက်ပြီး တွေးယူရရင်တော့ သမီးကို ကြံရွယ်ပြီး ဖအေကို ဖားနေတာလားလို့ ထင်စရာရှိပေမယ့်...

"အဟွန်း .."

"ဘာတွေ သဘောကျစရာ ပါလို့လဲ .."

ဟင်!...

ကိုယ့်ဘာသာ နှုတ်ခမ်းလေးပေါ် စာအုပ်ကပ်ပြီး ကြိတ်ရယ်ကာမှ ...

"ဖတ်ရတာ အဆင်ပြေရဲ့လား .."

"ပြေပါတယ် .."

"ဒါဆို ဘယ်နှစ်လုံး ရပြီလဲ .."

"ဟင်!..."

"မင်း အဲဒီမှာထိုင်နေတာ တစ်နာရီနဲ့ ဆယ်မိနစ် ရှိပြီ .."

"ဟုတ်မှာပေါ့ .. ဒါပေမယ့် .."

"သိုက် .. မင်း ငွေရဖို့တော့ အာရုံစိုက်တယ် ..၊ အလုပ်ပြီးဖို့တော့ ထည့်တွေးရဲ့လား .."

"ကျွန်မက မကျက်နိုင်ပါဘူး ပြောနေလို့လား .. ဒါပေမယ့် ဘယ်ပစ္စည်း ဘယ်လိုခေါ်သလဲ အသုံးတွက်တွေလည်း မသိဘူး ..၊ ပြီးတော့ ကိုယ် ခုမှ ရောက်တဲ့နေရာမှာ ဘာကြားကြား ဘာမြင်မြင် ထူးဆန်းနေတာချည်းပဲ .."

"အဲဒီတော့ သိချင်တယ်ပေါ့ .."

"နည်းနည်းပါးပါးတော့ .."

"ဒါဆို ထ .."





"ဟင် .. ဘာ!..."

"ပြမလို့ .. လိုက်ခဲ့ .."

သူက လှည့်ထွက်သွားပြီးမှ သမင်လည်ပြန် ငဲ့ကြည့်၏။

"ဘာထိုင်လုပ်နေတာလဲ .."

"ရှင်ကရော ဘယ်လိုကြီး ပြောသွားတာလဲ .."

"မင်း သိချင်တာတွေ တစ်ခါတည်း အပြီးလိုက်ပြမလို့လေ - နောက်ထပ် ငါက စာကျက်တော့ဆိုရင် လုံးဝ ခေါင်းမထောင်နဲ့ ..၊ ဒီနာရီမှာ ဒီလောက်တော့ ရသင့်နေပြီလို့ ငါ တွက်ထားရင် မင်း ရကိုရနေရမယ် .."

သိုက် ခေါင်းကြီးသွားသည်။

ကြောက်စရာပါလား ..၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

"အပေါ်ထပ်မှာ စာသင်နေတာလား .. အလုပ်လုပ်နေတာလား မသိဘူး .."

"ကွန်ပျူတာသင်တာ ထင်တယ် .. **သူဌေးညီမ** နေမှာပေါ့ .."

"အေးနော် .. ရုပ်ရှင်တွေထဲကလို **တောကနေခေါ်လာပြီး** ခုမှ အားလုံး ပြန်သင်ပေးနေရတာလားမှ မသိတာ .."

လျှပ်စစ်ပစ္စည်းတွေအခန်းထဲမှာ **ဦးသူရ** နဲ့အတူ ပစ္စည်းတွေ အကြောင်း လေ့လာနေစဉ် 'အဲ့ဒါတွေ **ကြည့်ထား**' ဆိုပြီး ဦးသူရ တ တော့ ပြန်ထွက်သွားပါပြီ ..။

သိုက် ကျန်နေခဲ့ကာမှ တစ်ဖက်ခြမ်းထဲမှာ ထမင်းစားနေကြသည့် ကက်ရှာတွေရဲ့အသံကို ဒီတိုင်း ကြားနေရ၏။

"နင်တို့က ဘာဖြစ်လို့ သူဌေးညီမလို့ ထင်ရတာလဲ ..၊ သူဌေးက တစ်ဦးတည်းသော သား တဲ့ .. လုံးဝ အတိအကျ သိထားတာ .."

"ဟဲ့ .. ဒါဆို ဘာဖြစ်နိုင်လို့လဲ .."





"ဘာမှမဖြစ်နိုင်ဘူး .. ငါ တစ်ခါ သူဌေးဆီကို ဟိုတယ်လ်စာတွေ ဝိုင်းကူပို့ပေးရတုန်းက သူဌေးက ဘာတွေသဘောမကျလို့လည်း မသိဘူး .. ဆူနေလိုက်တာမှ ဆရာနဲ့ တပည့်ထက် ဆိုးတယ် .."

"ဟုတ်တယ် .. သူဌေးပုံစံက ဒီလိုမျိုး မဟုတ်နိုင်ပါဘူး .. သိုက် ဆိုတဲ့ တစ်ယောက်ကလည်း စုတ်စုတ်ပြတ်ပြတ်ပုံစံ .."

"ကဲပါဟာ .. အန်ကယ်လ်ကြီး သိလို့ ငါတို့ကို ဆူနေဦးမယ် .. ဒီမှာ အတင်းကျပ်ဆုံးက စပ်စုခြင်းပဲ ..၊ စားစရာရှိတာ စားကြ .."

ဟုတ်တော့မလိုလိုနှင့် ခပ်တိုးတိုးအသံလေး နောက်ထပ် ထွက်လာ ပြန်ကာ ...

"သိတာ .. နင် ကြည့်မိလား .. သိုက် က လှတော့ လှတယ်နော်.. နှုတ်ခမ်းလေးကလေ .."

"သူဌေးနဲ့ မောင်နှမဖြစ်ရအောင် ဘယ်နေရာမှ တူတာမရှိဘူး..."

"အော် .. ငါက သူတို့ကို မောင်နှမဖြစ်နိုင်မလား တွေးနေတာ မဟုတ်ဘူး .."

"ကျန်တာလည်း မတွေးနဲ့ .. သူဌေးက ရွှေမင်းသား ..၊ ဟိုတစ် ယောက်က ဆင်းရဲသား .."

"စင်ဒရဲလား လုပ်ပါ .."

"စင်ဒရဲလားက လှရင် လှမှာပေါ့ .. သူက သူဌေးလောက်မှ မချောတာ ..၊ လိုက်လည်း မလိုက်ပါဘူး .."

"ဒါကတော့ တောင်းမှာ အကွပ်၊ လူမှာ .."

"ဘာတွေကို ကွပ်နေတာလဲ .."

"တောင်း .."

"ဟဲ့ .. အော်..."

"ဟင်!... အန်ကယ်လ်ကြီး .."

ဦးသူရ ကို မြင်လို့ တံတောင်နဲ့ တွတ်တာလည်း မှ ..



www.burmeseclassic.com

www.burmeseclassic.com



သူ့စာမြင့် လွှတ်ခနဲ ဖြေပြီးမှ ခေါင်းကုတ် နားကုတ် ...၊

ပြီးတော့ ကုန်နေပြီဖြစ်သည့် ထမင်းချိုင့်ကို ကမန်းကတန်း ဆင့်လေသည်။

ဦးသူရ က မျက်နှာတင်းတင်းနှင့် အားလုံးကို ကြည့်၍ ...

"ဒီနေရာမှာ စုပြုံပြီး ထမင်းစားဖို့ ဘယ်သူခိုင်းတာလဲ .."

"ဘယ်သူမှ မခိုင်းပါဘူး .. ဟိုလေ .. စောစောက ဒီရှေ့လေးမှာ ဆေးပုံးတွေ ဖွင့်နေကြတာ နံလို့ပါ .."

ဦးသူရ ဘာမှပြောမသွားပေမယ့် အားလုံး ဇက်လေးတွေ ပုနေကြတာ ရှည်ထွက်မလာတော့ပေ ...၊

တစ်ခါပဲ နိုးစားမိပါသည် ...၊ တစ်ခါမှာပဲ လူမိရသည့်အဖြစ် ...၊





## အခန်း (၂၀)

ထမင်းစားကြတော့ ကိုယ့်စားပွဲရဲ့နောက်က စားပွဲအဝိုင်းလေးတစ်လုံးမှာပဲ ထမင်းချိုင့်လေး ဖွင့်စားလိုက်သည်။ ဆယ့်နှစ်နာရီကို ထမင်းစားချိန်လို့ သတ်မှတ်လိုက်တာက ကိုယ့်ဘာသာပဲဖြစ်ကာ ထမင်းစားရင်းနဲ့ မျက်လုံးက ကွန်ပျူတာဆီ ခဏ ခဏ ရောက်၏။

တစ်နာရီဆို တီချယ် လာတော့မှာမို့ ကိုယ်လုပ်ထားတာတွေကို ပြန်စစ်နေမိခြင်း ဖြစ်သည်။ ထမင်းဝါးလက်စနှင့် နောက်ကို သမင်လည်ပြန်ကြည့်လိုက် .. ပြန်လှည့်စားလိုက်နှင့် ကိုယ့်ဘာသာ စိတ်ဝင်စားနေတာရှိလို့ သတိမထားမိပေမယ့် ...

"မင်း ထမင်းစားတာ နုံရှေ့ပြီး ဒီဘက်လှည့်လိုက်ပါလား .."

"ဟင်!..."

ကိုယ့်ကို လှမ်းကြည့်နေမှန်း မသိသဖြင့် သိုက် လည်ပင်းလေး ရှည်သွားကာ ဆောင်း ရဲ့စားပွဲဆီ လှမ်းကြည့်မိ၏။

ဆောင်း က ခုမှ အပြင်ကဝင်လာပုံရှိကာ အသစ်ဝင်နေသော မေးလ်ကို ဖွင့်ကြည့်နေရင်း သူ့မဘက်ကို လှည့်၍ ...

"မင်းကို ပြောနေတာ .."

"ရပါတယ် .. ခုံထပ်ရွှေ့လိုက်ရင် ပိုဝေးသွားမှာပေါ့။ ဟိုဘက်ထိုင်တော့လည်း နံရုံနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထမင်းစားတဲ့အလုပ်ကို အရင်လုပ် .. ဘယ်အလုပ်ပေါ်မှာမှ အာရုံမရှိဘဲ အချိန်ကုန်တာပဲ အဖတ်တင်တာ .."

ပြောပြီး သိပ်မကြာခင် သူမ စားပွဲရှေ့ကို ရောက်လာကာ ...

"အခု မင်းကို ညနေပိုင်း တစ်နာရီခွဲ အချိန်ပိုယူပြီး excel သင်ပေးဖို့ စီစဉ်ထားတာ.. လေးနာရီခွဲရင် ဆရာတစ်ယောက် လာလိမ့်မယ်"

"ဟင် .."

ပါးစပ်ထဲကို မြန်မြန်ဆန်ဆန်ထည့်နေသည့် ထမင်း နောက်ဆုံးတစ်ဇွန်းက နှုတ်ခမ်းဝမှာပဲ ရပ်၏။

"excel က ပြီးပြီလေ .."

"ဒါက ဘေ့စ်မှာ ပါတာပဲ .. ပြီးတော့ ပြန်သွားရင် အခု မင်းကိုင်နေတဲ့ လက်တော့ပ်ကို ပြန်သယ်သွား .."

ပြောပြီးတော့ လက်ထဲမှာကိုင်လာသည့် စတစ်(ခ်)လေးတစ်ခုကို သိုက် ရဲ့ရှေ့မှာ ချပေးလိုက်ပြီး ...

"မင်း အင်္ဂလိပ်စာ စပီကင် သင်ရမယ် .. လောလောဆယ် အရေးကြီးတာတွေက မပြတ်သေးတော့ အိမ်မှာ ကျိုးပြီး လေ့လာထားရမယ်.."

စတစ်ခ်အကြောင်း မပါသေးသဖြင့် သိုက် က သူ ပြောတာကို နားပဲ ထောင်နေလိုက်၏။ သို့သော် နောက်ထပ် စာရွက်ရှည်ကြီးတွေ ထပ်ထွက်လာကာမှ ...

"ဒါက .."

"စတစ်ခ်ထဲမှာ စပီကင်အတွက် အမေးအဖြေတွေ လုပ်ပေးထားတယ် ...၊ ဒါပေမယ့် အဖြေက မင်း၊ကိုယ်တိုင် ဖြေရမှာ .."

"ဘာယ်လို!..."

ဆောင်း က သိုက် ထမင်းစားနေတာကို တစ်ချက်ပြန်ကြည့်ကာ ပြီးပြီမှန်း သိကာမှ စတစ်ခ်ကို ပြန်ယူပြီး ကွန်ပျူတာနဲ့ ချိတ်သည်။

သိုက် ဘာမှ နားမလည်တော့ပါ ...၊





သူမ ဒီမှာ အလုပ်လာလုပ်တာလား .. ပညာတွေ စုံအောင် သင်ဖို့လား ...။ ရောက်လာတာနဲ့ ပေးထားတဲ့အိမ်စာတွေ လုပ် ...၊ ပြီးတော့ တီချယ် ရောက်လာပြီး ကွန်ပျူတာနဲ့ လူ လုံးထွေးနေရတာ တစ်နေကုန်...။

သူများတွေ အလုပ်သိမ်းတဲ့အချိန်မှာ သိမ်းခွင့်ရတာတောင် ဒီတိုင်း မပြီးဘဲ ထားခဲ့ရတာတွေ ရှိသေးသည်။ ဒါတွေက အလုပ်လုပ်ဖို့အတွက် တတ်ထားရမယ့်ပညာတွေပဲမို့ သိုက် ကိုယ်တိုင်လည်း တတ်နိုင်သမျှ ကြိုးစားနေတာပါ...။

ခုတော့ သူမ သင်ရမယ့်ပညာရပ်တွေ ဘယ်မှာဆုံးမှာလဲ ...၊ ဒီဆိုင်မှာ အလုပ်လုပ်ရဖို့အတွက် ပညာတွေ ဘယ်လောက်ထိ သင်ရဦးမှာလဲ...၊

"ဒါတွေက မေးခွန်းတွေပေမယ့် မင်းလည်း သူ့အသံထွက်တွေ အတိုင်း မှန်အောင် လိုက်ပြောရမယ် .."

သူက နောက်ကိုမကြည့်ဘဲ စားပွဲစွန်းမှာ လက်တစ်ဖက်ထောက်ရင်း မောက်စ်ကိုရွှေ့၍ စကားတွေ ပြောနေ၏။ ပြီးတော့ အင်္ဂလိပ်လို မေးခွန်းတွေ ကွိစိကွစ ထွက်လာလေသည်။

"ပြီးတော့ ဒီဖိုင်ထဲမှာ သီချင်းတွေ ထည့်ထားတယ် .. အဲ့ဒါတွေကို မင်း ဘာသာပြန်ရမှာ .."

နောက်ထပ်ဖိုင်တွေထဲမှာ ဘာတွေညာတွေ တစ်ခုပြီးတစ်ခု သူ ဝင်ပြနေကာ သိုက် အတွက် ကျက်မှတ်လေ့လာဖို့တွေက ဒါတွေပြီးဆုံးတာနှင့် သူမ အင်တာနေရှင်နယ်လ်မှာ အင်္ဂလိပ်ဘာသာ အရေးအပြော အတော်ဆုံးနှင့် ပန်းဝင်နိုင်၏။

"မင်း အဲဒီမှာ စားသောက်တဲ့ကိစ္စတွေပြီးတာနဲ့ ဒီမှာ ခဏကြည့်ထား ...၊ မင်း လုပ်ရမှာတွေ ငါ သပ်သပ် စီစဉ်ထည့်ထားတာတွေ ရှိသေးပါယ် .. ဘယ်ဘာသာဖြစ်ဖြစ် သဒ္ဒါတတ်မှ စာတတ်တာ .."

"ဦးဆောင်း .."

"ပြော .."



www.burmeseclassic.com

www.burmeseclassic.com



"အခု ကျွန်မ ဒီမှာ အလုပ်လုပ်ဖို့ သင်နေရတာတွေက စပီကင် လည်း ပါတာပဲလား .."

"ပါတယ် .."

သူ ဒီတိုင်းရပ်ထားလိုက်ပြီး ကိုယ့်ကို မတ်မတ်ပြင်ရပ်သည်။

"သိတယ် .. မင်း ဒီလိုမေးတော့မယ်ဆိုတာ .."

"မေးသင့်တယ် မဟုတ်ဘူးလား.. အချိန်တန်ရင် လစာရမှာပဲဆို ပေမယ့် ကျွန်မ အလုပ်လုပ်ချင်တယ် ..၊ ဒီဆိုင်က ကျွန်မရဲ့ ဆွေမျိုးသား ချင်းဆိုင်လည်း မဟုတ်ဘူး .. ဦးဆောင်း နဲ့ ကျွန်မတို့သားအဖက.."

"ဘာမှမပတ်သက်ဘူး မှန်တယ် .. ဒါပေမယ့် ဆွေမျိုးတော်စပ် ကြတိုင်းလည်း ငါ မင်းတို့ကို ထောက်ပံ့ခဲ့တဲ့အကူအညီမျိုး မရနိုင်ဘူးဆို တာ ထည့်တွက် .."

"ဒါဆို ဘာဖြစ်လို့လဲ .. ကျွန်မက ဒီမှာလာပြီး ပညာတွေ သင်နေ ရတာ ဘာအတွက်လဲ .."

"မင်းဘ၀ အတွက် .."

"ဘယ်လို!.."

"မင်းနဲ့ မင်းအဖေ အတူရုန်းကန်နေရတဲ့ဘ၀မှာ ဒီလောက် အရည် အချင်းမျိုးနဲ့ ဘယ်နေရာမှာမှ မင်း တိုးပေါက်မှာ မဟုတ်ဘူး .. မင်းရဲ့ ကြိုးစားမှုရလဒ်တွေဟာ မင်းအဖေရဲ့ရှင်သန်မှုနဲ့ အများကြီးသက်ဆိုင် နေလို့ ငါ ကူညီပေးနေတာ .."

သိပ်တော့ ယုံချင်ဖွယ်မရှိပေမယ့် သူ့မျက်နှာပေါ်မှာ ဖြစ်တည်နေ သည့် ဖြောင့်မတ်တည်ကြည်မှုတွေက ဒါ အမှန်အတိုင်း ပြောနေတာပဲ လို့ သက်သေပြနေသလိုပင် ..။

ပုစွန်သီရောင်ဖျော့သည့် ရှပ်အင်္ကျီလက်တို နက်ပြာရောင်ဖောင်းနေ သည့် ဘောင်းဘီရှည်နှင့် ဘောင်းဘီထဲ လက်ထည့်ရင်း စကားပြောနေ သည့်ပုံစံက သူ့လောက် ဘယ်သူမှ ကြည့်မကောင်းသလိုပင် ..။





ဒီလူက ဘာဖြစ်လို့ ဖေကြီးကို ဒီလောက်တောင် စေတနာတွေ ပိုနေခဲ့ တာလဲ..၊ ပြီးတော့ ညညဆို အလုပ်ထဲမှာ အဆင်ပြေရဲ့လားလို့ မေးတိုင်း..

"ပြေတော့ ပြေပါတယ် ဖေကြီးရယ်.. အလုပ်မှ မလုပ်ရသေးတာ..၊ ခုချိန်ထိ ကွန်ပျူတာတွေ သင်.. စာရင်းဇယားတွေသင်နဲ့ တစ်ခုပြီးတစ်ခု သင်နေရတာ မပြီးတော့ဘူး" လို့ သူမ ညည်းပြတာတောင် ..၊

"ကိုယ့်ကို သင်ပေးတဲ့ပညာက ကိုယ် ရတာပဲ သမီး .. သမီးကို သေချာကျွမ်းကျင်မှ နိုင်းချင်တာ ဖြစ်မှာပေါ့ .. ကျွမ်းကျွမ်းကျင်ကျင် တတ်စေချင်တာလည်း ဖြစ်နိုင်တာပဲ .."

"သမီးအာ့တော့ သမီးမှာ ဘာပညာမှမတတ်ဘူးဆိုပြီး ဘာတစ်ခုမှ မတတ်သေးတာတွေ တမင်ရိုက်ထုတ်ပြီး ပညာပေးနေသလားတောင် ထင်မိတယ်.."

"ဘာပဲဖြစ်ဖြစ် စေတနာလို့ပဲ မှတ် .. ဆောင်းမျက်နှာ ကို ဖေကြီး ယုံတယ်.. သူ့ကို ဘာမဆို စိတ်ချယုံကြည်ရလို့လည်း သမီးကို စိတ်ချ လက်ချ ထားတာပေါ့" တဲ့ ..။

အဖြစ်အလှန် ပိုသွတ် မေးယူနေကြတာတွေကတော့ အနိုင်အမာ ပါ ..၊ ဒါပေမယ့် မြင်နေရတဲ့သူ့အဖို့မှာတော့ နိုင်မာတဲ့အကြောင်းကို ဘယ်မှာရှာလို့မှ မတွေ့ ..။

"သိတယ် .."

"ဟုတ် .."

"မင်း ယုံကြည်ချင်စရာတွေ တွေးနေတာလား .. မယုံနိုင်တာတွေ တွေးနေသလား .. ဘာပဲဖြစ်ဖြစ် ငါ့ဘက်က မင်းတို့သားအဖအပေါ်မှာ တကယ်ကူညီချင်တဲ့စေတနာနဲ့ဆိုတာ မှတ်ထားပေး .. ဒီမှာ မင်းကို အလုပ်ဆောင်ရွက်နိုင်စေတယ်ဆိုတာလည်း မှန်တယ် .. မင်း မတတ်သေး တာတွေ သင်ပေးချင်လို့ တမင်ခေါ်ထားတာလည်း ဟုတ်တယ် ..၊ ဘာ ဖြစ်လို့လဲဆိုတာ မမေးနဲ့ .."

www.burmeseclassic.com



"ဦးဆောင်း ကို မေကြီးက ယုံကြည်ရတယ်လို့ ပြောလိုက်တည်းက ကျွန်မကလည်း ယုံကြည်ခဲ့တာပဲ .. ဒါပေမယ့် မေးခွန်းတစ်ခု ထွက်လာတိုင်း မယုံကြည်လို့ မဟုတ်ဘူးဆိုတာတော့ ဦးဆောင်း လည်း နားလည်ပေးရမှာပေါ့ .."

"ခု မင်း ဘာတွေ မေးချင်နေလို့လဲ .."

"ဘာကြောင့် စေတနာတွေထားနေတာလဲဆိုတာ သိချင်ပေမယ့် ဒီမေးခွန်းကြီးက မကောင်းပါဘူး .."

"ဟုတ်တယ် .."

"အဲဒီတော့ သိုက် က ဒါတွေ တတ်မြောက်သွားရင် ဒီမှာ ဘယ်လို ရာထူးမျိုးနဲ့ နေရာရမှာလဲ .."

"ဒီထက်အများကြီးကျယ်ပြန့်တဲ့ လုပ်ငန်းကြီးတွေမှာ မင်းစိတ်ကြိုက် ရွေးချယ်ပြီး စိတ်ချမ်းသာစွာ တခမ်းတနား အလုပ်လုပ်သွားလို့ ရပြီ.."

"ဒါဆို ရှင်က ကူညီနေတာသက်သက်ပေါ့..၊ နည်းနည်းတော့..."

"အိုဗာဖြစ်နေပြီလို့ ထင်သလား .."

သူက ပြန်လှည့်လျှောက်သွားပြီး စီးကရက်တစ်ဘူးနဲ့ မီးခြစ်လေးကို ယူသည်။ ပြီးတော့ စားပွဲစွန်းမှာပဲ ရပ်နေရင်း သိုက် ကို ကြည့်၍...

"တစ်ခုတော့ မင်း တွေးရသက်သာအောင် ပြောပြလို့ ရတယ်...၊ ဦးလေး ဦးသက်ငြိမ် က ငါ့ရဲ့လေးလေးနဲ့ အရမ်းတူနေတယ်.. လေးလေး နာမည်က ဦးမိုးသက်လေပြည် .. မင်းရဲ့အဖေကတော့ ဦးသက်ငြိမ် ဖြစ်နေတယ်...၊ မင်းအတွက် ထူးဆန်းနေနိုင်တဲ့အချက်က အဲဒါပဲ သိုက်.. ဘာမှမသက်ဆိုင်ဘူးလို့ ထင်ကြပေမယ့် ငါ့ရင်ထဲ ခံစားချက်ထဲမှာ ငါ့ရဲ့ လေးလေးအမှတ်နဲ့ သံယောဇဉ်ဖြစ်သွားခဲ့တာ .."

ဒါကြောင့် လေးလေးလို့ သူ ခေါ်လိုက်တာလား ...၊ ကိုယ်ပဲ နားကြားမှားတာလားလို့ သိုက် ကိုယ့်နားနဲ့ကိုယ် မကြာခဏ ပြဿနာရှာနေခဲ့ရသည်။





သူ ဒါတွေကြောင့်ပါလို့ ကူညီခဲ့တာတွေအပေါ် သံသယမရှိအောင် မေကြီးကို ရှင်းပြထားခဲ့မှာပါ...၊ မေကြီးက ဘာဖြစ်လို့ သိုက် ကို မပြောတာလဲ ...၊

ဆောင်း က သိုက် ကို အကဲခတ်ကာ သူမ ယုံကြည်သွားပြီမှန်း သိလိုက်သည်။ မယုံကြည်နိုင်ဖြစ်နေခဲ့တာကိုလည်း သူ နားလည်ပါသည်။

ယောကျ်ားလေးတစ်ယောက်ဆီက လွန်ကဲသောပေးကမ်းထောက်ပံ့မှုတွေကို ဘယ်လိုမိန်းကလေးမျိုးကမှ ရသလောက် ကဲ့ယူနေမှာမဟုတ်...၊

ဒါပေမယ့် သူ့မှာလည်း အမှန်အတိုင်းပြောပြခွင့် မရှိသည်မို့ မုသားတော့ သုံးလိုက်ရပေမယ့် ဒါဟာ အမှန်ပဲ ဖြစ်သည်။

"ဒါ အမှန်ပဲဆိုတာ ဖြစ်တော့ ဖြစ်နိုင်ပါတယ် ...၊ ဒါပေမယ့်.."

"လေးလေးကို တမ်းတနေတဲ့ ငါ့စိတ်ထဲမှာ လေးလေးနဲ့တူတဲ့ မင်းအဖေအပေါ်မှာ ခုလိုချို့တဲ့မှုတွေနဲ့ မြင်ရတော့ ကရုဏာသက်မိတယ်...၊ သူ့ကို ကူညီချင်တဲ့ စေတနာတွေကြောင့် မင်းအပေါ်မှာပဲ ပုံပိုး ကူညီမှုတွေ စုပုံနေတာပါ .. ကိုယ့်အလုပ်ကို သံသယရှင်းရှင်းနဲ့ လုပ်...၊ ကိုယ့်ဘဝ တိုးတက်ဖို့ ကြိုးစား .. တစ်ယောက်ယောက်အပေါ်မှာ သံသယတွေရှိမိနေရင်လည်း အဲဒီတစ်ယောက်ယောက်က ငါ မဖြစ်နေရင် ကောင်းမယ်.. စေတနာကို စော်ကားမိရင် ဒုက္ခရောက်တတ်တယ်"

သူက ပြန်ပြီး ခြိမ်းခြောက်သွားလေသည်။

ဟုတ်ပါတယ် .. ကတိပေးပါ့မယ် .. အဲဒီကျေးဇူးတွေကြောင့်...၊

ရှင့်ကိုပဲ တစ်နေ့ကို ဦးသုံးကြိမ်ချပြီး ကျေးဇူးတွေ တင်နေပါ့မယ်လို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဆရာမ သူ ဘယ်လိုနေလဲ ..."

"အရမ်းတော်ပါတယ် .. ခုမှ နှစ်လတောင်မပြည့်သေးဘူးလေ ..၊ သိရအောင် ဦးဆောင်းမျက်နှာ ကိုယ်တိုင် စစ်ကြည့်လိုက်ပါလား .."

"ဟုတ်ပါပြီ .. သန့်ခ်ယူ ပါ .."

အဝင်ဝတံခါးမှာပဲ သိုက် ကို စပီကင်သင်ပေးနေသည့် ဆရာမနဲ့ ဆုံမိပြီး စကားရပ်ပြောနေမိသည်။

သူမ ကြိုးစားတာကို သိပေမယ့် သင်ပေးဖို့တွေ အများကြီးရှိသေးသည်မို့ အချိန်နဲ့ သင်ခန်းစာအတွက် သူ့မှာ အားမရနိုင် ...၊

သွေးသားမတော်တာကို သိနေပေမယ့် ဒီကောင်မလေးက လေးလေး ရဲ့ဘဝ ...၊

လေးလေးဘဝရဲ့ အစိတ်အပိုင်းတစ်ခုလို အရေးကြီးနေသည့် မိန်းကလေး ...၊

သူမလေးရဲ့ဘဝ လုံခြုံနွေးထွေးဖို့အတွက် လေးလေးက ဘဝပျက်ခံပြီး နာကြည်းနေခဲ့တဲ့ အတ္တကို လျှော့ချဖို့ ဆုံးဖြတ်ခဲ့သည်။





မဖြစ်နိုင်သည့်အဆုံးမှာ သူ့ဘဝ အဆုံးခံပြီး သိုက် ကို 'မိုးလ'စံအိမ် ရောက်အောင်ပို့ဖို့အထိ သူ့ရဲ့ရင်နှစ်သည်းချာလို မြတ်နိုး အလေးထားခဲ့၏။

ထို့ကြောင့် သိုက် ကို သူ ပြုစုပျိုးထောင်ရမှာဖြစ်သည်။ လေးလေး ရဲ့ဆန္ဒ သူ့ရဲ့ရည်ရွယ်ချက်တွေ မပြည့်ဝခင်အချိန်ထိ သိုက် ကိုလည်း မြှင့်တင်ရမည် ..၊ လေးလေးကိုလည်း စိတ်ချမ်းသာစေချင်သည်။

တစ်နေ့နေ့မှာ ဘယ်လိုဖြစ်သွားနိုင်မည်မသိသော ကံကြမ္မာ လက်တစ်ဆုပ်စာအတွက် ဘဝဟာ ခေါင်လိုက်ဖြစ်ဖြစ် .. ပြားလိုက်ဖြစ်ဖြစ် ဘယ်လိုကျကျ လေးလေးအတွက် စိတ်ကျေနပ်ဖွယ် ဖြစ်ရမည်။

"ဆရာမ ကြားမဖူးဘူးလား .."

"ဟုတ်တယ် .. ဒီနေ့ အိမ်မှာ လူတွေက သွားစရာတွေ ကိုယ်စီ ရှိနေတော့လေ .."

"ဪ .. ဒါဆို နေပါဦး ဆရာမ ..၊ မောင်ကျိုင်း .. လာဦး ခဏ .."

ကိုယ့်စိတ်ကူးတွေနဲ့ကိုယ် အထဲဝင်မလို ပြင်ပြီးမှ ဆရာမ ဒီတိုင်း ထွက်သွားမှာကို သတိထားမိသည်။

ထို့ကြောင့် ကောင်လေးတစ်ယောက်ကိုခေါ်၍ ဆရာမကို ပြန်ပို့ပေးဖို့ မှာရသေးသည်။

"အထဲမှာ နန္ဒ ရှိတယ် .. သွားခေါ် ..၊ သူ့ကလစ်တန်းရှေ့မှာ ဘယ်လ်တာလေး သွားထုတ်ပြီး ဆရာမကိုပြန်ပို့ပေးလိုက်လို့ .. ဆရာမ ခဏလေး စောင့်နော် .."

မှာခဲ့ပြီး ဝင်လာတော့ ဦးအေဝ ကားဆီးကြိုနေတာ ..

"မင်းတပည့်မတော့ အိပ်ပျော်နေသလား မသိဘူး မင်းသွား .."

"ဟင် .."

ဦးအေဝ ခရီးပန်းလာသည့်မျက်နှာနှင့် ပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခရီးရောက်မဆိုက် ပြောစရာရှိတာနဲ့ မင်းသား ဒီမှာ ရှိနေမယ်မှတ်လို့ တက်သွားတာ .."

"ဦးဒေ မရှိတော့ စက်ရုံဘက် အရင်ဝင်မယ်ဆိုပြီး သွားလိုက်တာလေ ..၊ အဲဒီမှာ အလုပ်ရှုပ်ပြီး ဆိုင်ကို တစ်နေကုန် တစ်ခေါက်မှ မရောက်ဘူး .. ဦးဒေ ခရီးသွားတာ အဆင်ပြေလား .."

"ပြေတယ် .. ကုန်ကြမ်းကိစ္စတွေ အဆင်ပြေသွားပြီ .."

"အိုခေ .."

"မင်းရော .."

"ဗျာ!..."

"ကောင်မလေးက တက်တက်ကြွကြွ ရှိရဲ့လား .."

"အင်း .. ရှိပါတယ် .."

ဦးဒေ ကိုတော့ ကျေးရွာရှင်တစ်ယောက်ရဲ့သမီးမို့ သူ့မှာ ထောက်ပံ့ကူညီရမည့်အကြောင်းပဲ အဆင်ပြေပြေ ပြောပြထားခဲ့သည်။

အားလုံးကို ပြောပြပြီး တိုင်ပင်သင့်ပေမယ့် လေးလေးနဲ့သူ ဒါကို အရင်ဆွေးနွေးလို့ရအောင် ကြိုးစားရဦးမှာပါ ..။

အခက်ခဲဆုံး ပြဿနာသည် လေးလေးကိုယ်တိုင်က 'မိုးလစံအိမ်' ကြီးရဲ့ သခင်လေးတစ်ယောက်အဖြစ်ကနေ အပြီးတိုင် နုတ်ထွက်ခဲ့ပြီးဖြစ်ကာ ဘယ်တော့မှ မပတ်သက်တော့ဘူးဆိုသော တည်ဆဲ နာကြည်းမှုတို့နှင့် နိုင်မာစွာ ပြဋ္ဌာန်းထားခဲ့၏။

ထိုသို့သော အကြောင်းအရာများနှင့် ပတ်သက်၍ ...

"မင်းသား .."

အပေါ်ထပ်လှေကားကို တစ်ဆစ်ချိုး တက်ခါနီးမှာ ဦးဒေဝ က ခြေလှမ်းရပ်လိုက်ပြီး ...

"ကျုပ် တစ်ခု ပြောစရာရှိတယ် .."

"ဘာလဲ ဦးဒေ ..၊ ပြောလေ .."





ဦးဒေဝ က ပြောဖို့စကားအတွက် မျက်နှာတော့ သိပ်မကောင်းပေမယ့် ...

"မပြောတော့ပါဘူး .. ပတ်ဝန်းကျင်ကအသံ ဆိုတာက .."

"သိုက် နဲ့ပတ်သက်တဲ့ အကြောင်းလား .."

ဦးဒေဝ က ခေါင်း တစ်ခါတည်းမေးလိုက်တော့ အံ့ဩသလိုဖြစ်သွားပြီး ခေါင်းညိတ်သည်။

"မင်း သိတော့ သိမှာပဲဆိုတာ ငါ တွေးမိသေးတယ် .."

"သိတယ် .. ဦးဒေ ကျွန်တော့်အတွက် စုံစမ်းကြည့်တာလား ..၊ အစတည်းက ဒီလိုသတင်းတွေရှိခဲ့တဲ့ မိန်းကလေးဆိုပြီး သိုက် ကို သိနေတာလား .."

"မဟုတ်ဘူး .."

"သိုက် ဒီမှာ ဝင်ထွက် အလုပ်လုပ်နေကာမှ တစ်စုံတစ်ယောက်က သတင်း လာပေးတာလား .."

"အဲဒါတွေ မဟုတ်ဘူး မင်းသား .. မိန်းကလေး ဒီရောက်မှ သိတာ .. ဒါပေမယ့် သူများက လာပြောတာ မဟုတ်ဘူး .. ကိုယ့်ရှေ့မှာ ပြောနေကြတာ ..၊ သိုက် ဆိုတဲ့နာမည် ကြားကာမှ ကျုပ် သတိထားမိတယ် .. သူ့အဖေက ချိုင်းထောက်နဲ့ နေရတာဆို .."

"ခု ပိုဆိုးသွားလို့ ဝှီးလ်ချဲနဲ့ ဖြစ်သွားပြီ .."

"ဟင်!..."

"ပြောရရင်တော့ သူ့အဖေက အစတည်းက ဝေဒနာသည်ပါ..၊ ဝှီးလ်ချဲပေါ် ရောက်ရတဲ့အထိ ဖြစ်တာက နေရိပ် ရဲ့ကားနဲ့ .."

"ဟင်!..."

တဟင်ဟင်နှင့် ဦးဒေဝ အံ့ဩနေတော့သည်။ ဒါတွေကို ပြုသူဖြစ်သူကအစ ခုမှ သေချာသိရတာ ဖြစ်၏။

"နောက်ပြီး သိုက် ရဲ့အဖေက လေးလေးနဲ့ ခပ်ဆင်ဆင်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်း ကရုဏာသက်မိတာလည်း ပါတယ် .. ပထွေးနဲ့ မယားပါသမီး ဆိုပေမယ့် သူတို့သားအဖနဲ့ စကားပြောကြည့်တာနဲ့ ဘယ်လိုဖြစ်ကြတယ်ဆိုတာ သိသာပါတယ် ..

"အေးလေ .. စမြစ်တည်းက မင်းသားကိုယ်တိုင်က ကိုယ့်တာဝန်မကင်းဘူးဆိုတဲ့စိတ်နဲ့ တာဝန်ယူခဲ့တာကိုး ... မှန်ပါတယ် .. ကိုယ့်ယုံကြည်ချက်အတိုင်း စိတ်သန့်သန့်နဲ့ လုပ်ပါ .. ဒါဆို ကျူးစ် မလိုက်တော့ဘူး .. ပြန်မယ် .."

ဦးအေဝ က ပြန်လှည့်ထွက်သွားသည်။ သူ အပေါ်ထပ်ကို ဆက်တက်လာခဲ့ရင်း လှေကားတစ်လျှောက်က နံရံမီးတွေကို တောက်လျှောက်ဖွင့်ခဲ့သည်။

ဆိုင်က ညရှစ်နာရီဆို ပိတ်ပြီ ... ခုတည်းက သိမ်းဆည်းနေကြပါပြီ ...။ သိုက် ကို အချိန်ပိုယူပြီး စာတွေသပ်နိုင်းထားသဖြင့် မိုးချုပ်မှ ပြန်ရတာလည်း တစ်ပတ်ကျော်လောက်ရှိပြီ ဖြစ်၏။

အပေါ်ရောက်တော့ နေ့နေ့ညည ဖွေးထိန်နေတတ်သည့် မီးရောင်က ကြိုဆို၏။ ညာဘက်ကို ကွေ့ချိုးလိုက်တာနှင့် သူ့ရုံးခန်းကို ရောက်သည်။

သိုက် က စားပွဲပေါ်မှာ လက်ပေါ် မျက်နှာလေး ပေးတင်အိပ်နေ၏။ သူ အနားရောက်သွားပြီး ကွန်ပျူတာမှာ ဒီနေ့လုပ်ထားတာတွေကို ပြန်ကြည့်သည်။

ပြီးတော့ သူ ခိုင်းထားတာတွေကို မွှေနှောက်ရှာရင်း သူမရဲ့ဘေးမှာ အစီအစဉ်မကျစွာ ပြန့်ကျဲနေသည့် အင်္ဂလိပ်စာ အမေးအဖြေစာရွက်တွေကို ကြည့်လိုက် .. ထပ်လိုက် ...

ဒါတွေကို သူ အသံထွက်အောင် တခေါက်လှုပ်ပစ်နေတာလည်း သူမက အိပ်လို့ ကောင်းနေတုန်း ...

"ပီတိ ထွ"





"ဟင်း ..."

စာရွက်ထပ်နဲ့ မျက်နှာကို လေဟာပ်သွားအောင် မထိတထိပွတ်ပစ်လိုက်မှ ရှုံ့မဲ့မဲ့ ခေါင်းမော့လာခဲ့၏။

"အား .. ကျွတ် ... ကျွတ် .."

"လက်ကို ဖိအိပ်နေပြီး ကျဉ်နေပြီလား .."

"အား .. လက်ကလည်း ကျဉ်နေတယ် ... ခေါင်း ..."

"ဘာဖြစ်လို့လဲ ..."

"ဘာမှ မဖြစ်ပါဘူး .."

မေးသမျှဖြေနေရင်း ကျိန်းစပ်နေသည့်မျက်လုံးတွေ ကြည့်လင်လာသည့်အချိန်မှာ ဖြေသင့်တာ မဖြေသင့်တာကို ခွဲခြားဖို့ သတိရလာ၏။

ခေါင်းတွေ ကွဲထွက်မတတ် ကိုက်နေတာကို မျိုသိပ်ထားရင်း ခေါင်းခါလိုက်မိ၏။

"မိုးချုပ်သွားပြီလား ဟင် .. ဖေကြီး စိတ်ပူနေတော့မှာပဲ ..."

ချက်ချင်းထရပ်လိုက်တော့ လူက ယိုင်ခနဲ ဖြစ်သွားသည်။ ခေါင်းတဲ့ သူမ်ပုံစံကို ရပ်ကြည့်နေပြီး ...

"မင်း နေမကောင်းရဲ့လား .."

... "ကောင်းပါတယ် .. တီချယ် ပြန်သွားတော့ ဦးခေါင်းပြန်လာတာကို စောင့်မလို့တာ .. အဲဒါ ပစ္စည်းတွေသိမ်းဖို့ကစဲ့နေတယ်လို့ အိပ်ပျော်သွားမှန်း မသိဘူး .."

"အိပ်ချင်တိုင်း ပျော်သွားတတ်တဲ့အကျင့် ရှိရင်တော့ နေရာတကာ ခေါင်းမချမိဖို့ ဆင်ခြင် ..."

ပြောသွားသည့်စကားကြောင့် မရှုပ်ရသန့်သည့်စိတ်က ချောင်ချောင် ဖြစ်သွားသည်။ သူကလည်း နောက်ပြန်ငဲ့ကြည့်လာကာ ...

"မင်းကို အပြစ်တင်နေတာ မဟုတ်ဘူး .. စေတနာနဲ့ သတိပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်သွားသည့်မျက်နှာကို တည့်တည့်ကြီး မိသွားမှတော့ ဘာမှမထူး …။

"စေတနာဆိုတဲ့ခေါင်းစဉ် တပ်ထားတိုင်းပဲ နေရာတကာ ပြောသင့်နေပြီ ထင်ရင်တော့ ပြောလို့ရပါတယ် … ဒါပေမယ့် စာနာစိတ်လေးတော့ ထားပေါ့ …"

"ဘာ!…"

"ကိုယ်ကပေးနေရတိုင်း ဘာပြောပြော မှန်နေပြီထင်တာ စေတနာ မဟုတ်ဘူး …၊ အဲဒါက …"

"ဟော့ … မင်း စော်ကားလှချေလား …"

"ရှင် စံဖူးတယ် ရှိအောင်လို့ပါ …"

ကြည့်စမ်း …၊

ဒီကောင်မလေး ဒါတွေပြောချင်လို့ ဘယ်တုန်းတည်းက မျိုသိပ်ထားခဲ့တာလဲ …၊

"သိုက် …"

သူမက အိတ်ကိုလွယ်ပြီး ဆွဲခြင်းလေးကို ကောက်ကိုင်လျှင် ဆောင်း က သူမလက်ကို ဖျတ်ခနဲ ဖမ်းကိုင်ထားလိုက်၏။ ပြီးတော့ ဆွဲခြင်းကို မကိုင်ဖြစ်အောင် လက်ကို သေးမှာ ဆောင့်လွှတ်၍ …

"မင်းကို မိန်းကလေးမို့ ဒီလို နေတာထိုင်တာတွေ မသင့်တော်မှန်း သိအောင် ပြောပြတာ …"

"သိုက် က ဘယ်လိုနေနေလို့လဲ …"

ပက်ခနဲ ပြန်ပြောတော့ မီးရောင်နှင့် ဝင်းထိန်နေသောမျက်နှာလေးမှာ ပါးပြင်လေးတွေက နီရဲနေ၏။ ဝတ်ထားတာက လည်ကတ်ဆွယ်တာ အနီရဲရဲလေးနှင့် ဂျင်းဝစ္စ ကုတ်လက်ပြတ်လေးက ခါးထိ တိုတိုလေး…၊

ဂျင်းဘောင်းဘီရှည်နှင့် ဒူးကျလေးတွေပဲ အဝတ်များသော သူမသည် အမြဲတမ်း ရန်လိုနေတတ်သော ကျားသစ်ပျိုမလေးနဲ့သာ တူ၏။





"မင်း သူများတကာအပေါ် စိတ်ကောင်းလေးနဲ့ ကြည့်တဲ့အချိန် အကြာဆုံး ဘယ်လောက်လောက်ရှိလဲ တိုင်မာထားပေးမယ် … မင်းရဲ့ စိတ်အပုပ်ချိန်နေရင် ရှောင်နေဖို့ …"

စိတ်တိုတိုနှင့် ပြောပစ်လိုက်မိသည်။

"ဒါ အလုပ်လုပ်တဲ့နေရာ … မင်းတစ်ယောက်တည်း ရှိနေတာ မဟုတ်ဘူး …၊ ဒီနေရာဖြစ်ဖြစ် ဘယ်မှာဖြစ်ဖြစ် မင်း ခုလို သတိလက်လွှတ် အိပ်ပျော်နေတာ ကောင်းသလား …"

"ဘယ်နေရာမှာ ကောင်း မကောင်း မသိဘူး … ရှင့် အနီးဝန်းကျင်မှာ မကောင်းဘူးဆိုတာ သိတယ် …၊ ကျွန်မကိုက ဒီလိုအပြောအဆိုတွေ ခံရဖို့ အိပ်ပျော်သွားတာ …"

"သိုက် … ငါက … မင်းကို …"

"ရှင်ပဲ မနားမနေ အလုပ်တွေခိုင်းတာလေ … ဒီမှာလည်း အချိန်ပြည့် …၊ တီချယ်က အိမ်စာပေးတယ် … ရှင်က အနားမပေးဘူး …၊ တီချယ်က အိမ်စာ ပြန်စစ်ပေမယ့် မလုပ်ထားရင် မဆူဘူး … မှားရင် ပြင်ပေးတယ်…၊ ရှင်ကတော့ အမြဲတမ်း ကြိမ်းမောင်းနေတာ ကွတ် မကိုင်ရုံ တစ်မယ်ပဲ …"

သူမရှုံးပဲ ပြောသွားတာ တရစပ် …၊

"သိုက် အိမ်ပြန်သွားတော့ မေကြီးကို ပြုစုရင်းနဲ့ စာကြည့်ရတယ်…၊ ထမင်းဟင်းချက်ပြုတ်နေရင်းလည်း မနားရဘူး … အိပ်ရာထဲထိ ဒီ လက်ဝ်တော့ကို ဖက်အိပ်ရတယ် …"

ပြောနေရင်း မျက်ရည်စတို့ ဝဲသီလာကာ …

"ခုလိုမျိုး သိုက် တစ်ခါမှ အိပ်မပျော်ခဲ့ဖူးဘူး သိလား … အဲဒါ မိန်းမကောင်းမပီသစွာ စည်းကမ်းမဲ့တာဆိုရင် အဲဒါ ရှင့်ကြောင့်ပဲ …"

နောက်ထပ် ဆွဲခြင်းကိုယူတော့ ဆတ်ခနဲ မြန်မြန်ဆန်ဆန်ပြစ်ကာ နေရာမှ ထားထွက်ရပ်ပြီးမှ …



www.burmeseclassic.com

"ပြန်လို့ ရပြီမို့လား .."

"ဖုန်း ယူသွား .."

ကွန်ပျူတာခုံပေါ်မှာ ရှိနေသည့်ဖုန်းဆီ ပြန်ခဲ့ကြည့်ကာ သိုက်က ခေါင်းခါ၏။ ညညဆို ဖုန်းနဲ့လက်တော့ပ်ကို ပွေ့တွဲသယ်ကာ စားပွဲပေါ် .. အိပ်ရာပေါ် .. မီးဖိုချောင် စသဖြင့် သူ ခေါ်လိုက်လျှင် တန်းထူးနိုင်အောင် သွားလေရာ သယ်ရသည်။

ဘယ်ဖိုင်ကို ဖွင့်၊ ဘယ်ဆိုက်ကို ဝင်၊ ဘာကို ဒေါင်းလုဒ်၊ ဘာကို ဖျက်၊ အိပ်ရာဝင်ချိန် သီသီလေး မရောက်ခင်ထိ သူ့ရဲ့ညွှန်ကြားချက်တွေ ရောက်မြဲရောက်တာကို ဖုန်းကို ငုံ့ကြည့်ရင်း တစ်တန်းကြီး တွေးမိသည်။

"ဖုန်းမရှိလည်း မင်း ကွန်ပျူတာဖွင့်လိုက်တာနဲ့ ဒါ အမြဲမှာကြီး နိုင်းလို့ ရတယ် .. ယူသွား .."

သူမရဲ့အကြည့်တစ်ချက်ကို အဓိပ္ပါယ်ဝင်း ကရလည်း သိနေ၏။ မိန်းမသား မျက်ရည်စပေါ်မှာ ပျံ့ရောက်သည့် ဝေဒနာတို့၏ အဝေးနည်းသော ... လုံးသွားသည့် သိုက် ကို သူ ကုရအောင်စိတ်တို့နှင့် နားလည်သွားခဲ့ပြီ ဖြစ်သည်။

သူမ ပြောသွားသည့်အတိုင်း သူ တကယ့် အစွန်းရောက်သွားခဲ့တာကို လည်း လက်ခံလိုက်မိသဖြင့် ..

"... လေးလေး ကျွန်မအတွက် ညမှုညတော့ ဖုန်းကို အရမ်း အရေးကြီးတယ် .."

သူပဲ ထပ်ပြောပြီး ဆွဲခြင်းလေးထဲ ကောက်ထည့်ပေးမိသည်။

သိုက် က ငုံ့ကြည့်ပြီးမှ သူ့ဆီ မှုရောက်သော အကြည့်တစ်ချက် နှင့်လှည့်ထွက်သွားခဲ့၏။

အပြင်မှာ မိုးစုပ်စုပ်ချုပ်နေပြီဖြစ်ကာ မိုးသက်လေတို့ တဖြူးဖြူး တိုက်နေ၏။ သူမရဲ့ နီအရှိန်ကြောင့် ဆောင့်လှုပ်သဖြင့် သိမ်းဆည်းနေကြသည့် ကောင်လေးတချို့က လှမ်းကြည့်ကြသည်။





"ခုမိုး အပေါ်မှာ သူရှိမရှိလား .."

ဦးသူရ ကား သိုက် ပြန်ရမှာ အချိန်လင့်နေသဖြင့် မေးခြင်းဖြစ်သည်။ မနက်တည်းက သူ့ဆွေး ရှိမနေတာကို သိသည်။ သူမ မြန်မြန်ပို့ သွားဖို့ အတွက် လိုအပ်သည်လို့ စီစဉ်ပေးဖို့လည်း သူမှာ တာဝန်ရှိရာ ..

"သိပြီ ခဏနေဦး .."

"ရထားလ် အချိန်ကုသယ်လိုက်ပြီး .. ဆိုတုံး ဒီလိုမြန်နေတာပါ .."

"ဒီနေ့က မိုးချုပ်နေပြီလေ .. ပြီးတော့ မိုးနဲ့ လေနဲ့ .."

"ရပါတယ် .."

ဦးသူရ ပျာပျာသလဲ ဖြစ်သွားပေမယ့် သိုက် က သူ့ထက်ဦးအောင် ထွက်ခဲ့သည်။

ဒီဆိုင်မှာ ပင်မအဆောက်အဦးအပြင် ဘေးမှာ ရုံးခွဲတွေ ထားရသည်။ ကက်ရှာတွေ မြိုပြည့်အစုံနှင့် ဖုလ်ဘေးစောက် ရှိနေသည်။

အစ်ချုပ်သူကတော့ ဦးသူရ အပြင် မန်နေဂျာနှစ်ယောက်ပဲ ရှိ၏။ ကုန်တင်ကုန်ချ ယောက်ျားလေး အလုပ်သမားတွေရှိပေမယ့် သူတို့တွေ က ကုန်လှောင်ရုံကြီးတွေနားမှာပဲ အမြဲတမ်း ဖြစ်၏။

အဲ့လိုသော လူတွေထဲမှာ သိုက် ကဲ့ အာရုံလည်းမပြုတတ်သေးတဲ့ ယောက်ျား၏ ဖြူထူးအရေးပေါ်ခြင်းခံထားရသူအဖြစ် ရှိနေခဲ့ခြင်းသည် ..

တစ်ခါတလေ ကက်ရှာတွေ ခေါင်းချင်းရိုက်သည့် ကိုးလိုးစကား အဲ့တွေမှာတွဲလျှင် ဘယ်သူ့ကမှုလည်း အစောင်မြင်သေးသည့် အကြည့်နဲ့ မကြည့် ..

မရိုးသားသော စကားလုံးများ ဘယ်ဟာမှ မထွက်လာခဲ့ဖူးပေ .. ဒါပေမယ့် သိုက် ဒါကို ခုထိမရယူနိုင်ပေ ..

ဦးဆောင်း ဘက်မှာ ဒီလို ကြည့်ရှုစောင့်ရှောက်ပေးရခြင်းအတွက် နိုင်ငံလုံးသည့်အကြောင်းပြချက်ရှိသလို ဒါကို သူမလည်း နားလည်ခဲ့ပါ သည်။

www.burmeseclassic.com



သို့သော် 'ငါ ဆင်ခြင်ရမည်' ဆိုသည့် အသိနဲ့ပဲ သူမ နေခဲ့သည်။

အထူးသဖြင့် ကိုယ့်နောက်ကြောင်းက မကောင်းသောပတ်ဝန်းကျင် ရဲ့ ပုတ်ခတ်စကားတွေကြောင့် မဆင်ခြင်လို့ မဖြစ် ...၊

မိုးသက်လေကနေ မိုးစမိုးဖွားလေးတွေ စဉ်ကျလာသည်။ မိုးချုပ်စမို့ ကားမှတ်တိုင်မှာ လူတွေက ကျပ်ခဲနေဆဲရှိကာ ကားမြန်မြန်ရချင်လျှင် သူမ နှစ်ဆင့်ပြောင်းစီးမှ အဆင်ပြေတော့မှာ ဖြစ်သည်။

"သိုက် ..."

ရှေ့ကို သဲသဲမဲမဲ လျှောက်ကြည့်နေတုန်း သူမနောက်ကို ဆောင်း ရောက်လာ၏။

"လေးလေးဆီကို သွားဖို့ရှိတာ သတိရလို့ ထွက်လိုက်လာခဲ့တာ...၊ ကိုယ်နဲ့ လိုက်ခဲ့ ..."

သိုက် ရဲ့မျက်လုံးတွေကို ဆုံအောင်ကြည့်ပြီးမှ သူက လှည့်ထွက်သည်။

"သိုက် ဘာသာပဲ ပြန်မယ် ..."

"ဘာ..."

"ဒီအချိန်ကြီး ဦးဆောင်း ရဲ့ကားနဲ့ ကျွန်မ ပါသွားလို့မဖြစ်ဘူး..."

သိုက် က ပြောနေရင်း ထိုးရပ်လာသည့်ကားပေါ် ပြေးတက်၏။

"ဟာ ..."

အမိအရ ပြေးတက်ပေမယ့် လူတွေကျပ်နေပြီး ခြေနင်းခုံပေါ် ခြေထောက်လှတင်ရင်း တက်ဖို့ပြင်လိုက် ... ပြန်ပြုတ်ကျလိုက် ...၊

သွားမှာစေဆိုပြီး ကြည့်နေလိုက်ပေမယ့် ခြေလှမ်းကလည်း နေရာက မရွေ့မိဘဲရှိကာ ...

"ကျွတ်..."

တော်ကြာ ဒီလောက်ကျပ်ညပ်နေသည့်ကားပေါ် ပါသွားရင် ဒုက္ခ...၊

"လာခဲ့ ..."





သူ့ရဲ့ခြေလှမ်းကျဲတွေ သူမဆီ ရောက်သွားကာ လက်မောင်းလေး တစ်ဖက်ကို ပိုင်စိုးပိုင်နင်း ဆွဲခေါ်လာခဲ့သည်။ မှောင်နက်လက်တောက်နေသော သူ့ရဲ့ပါဂျဲရိုးနားရောက်ကာမှ သူမရဲ့လက်တစ်ဖက်က ဆွဲခြင်းကို ဆွဲယူလိုက်ပြီး ...

"အထဲ ဝင် ..."

"ဦးဆောင်း .. သိုက် က ရှင့်ကို မယုံကြည်လို့ ဇော်ကားနေတာ မဟုတ်ဘူး .."

"ဘာဖြစ်ဖြစ် မင်းရင်ထဲက ဒီရှင်နယ်ရီကို ငါ စိတ်မဝင်စားဘူး..၊ အခု မင်းကို ငါ လိုက်ခေါ်ရတယ် .. မင်း မလိုက်ဘူးဆိုရင် ငါ့ကိုယ်ငါ ဘာလုပ်ပစ်မိမလဲ မသိဘူး .. အဲ့ဒါ ဂုဏ်သိက္ခာပဲ .."

သိုက် မျက်နှာလေး ညိုပုတ်စူပွနေတာကို ဂရုမစိုက်ဘဲ သူမ ဆွဲခြင်းကို နောက်ခန်းထဲမှာ ထည့်လိုက်သည်။ မကျေလည်သော လူနှစ်ဦးကို သယ်ဆောင်ကာ မဟူရာရောင်ကားက ပြေးလွှားခြင်းကို စတင်၏။

"ဒီမှာ သိုက် .. မင်းနဲ့ ငါက အလုပ်ရှင်နဲ့ အလုပ်သမားပဲ .. ဒါပေမယ့် ငါတို့ ဆက်နွှယ်ပတ်သက်ခဲ့တာတွေက ဒီ့ထက်ပိုတယ် ...၊ ပိုနေတဲ့အတွက် တခြား ပိုသင့်တာတွေလည်း ရှိလာမှာပဲ .."

"အဲဒီလိုတွေ ပတ်သက်တာကို မကြိုး ဘာလို့ ကျေနပ်နေခဲ့မှန်း သိုက် မသိဘူး .. ဒါပေမယ့် .."

"မင်းရဲ့ မသင့်တော်တာတွေကို ရယ်လိုက်တော့ သိုက် .. မြွေမှန်ရင် တွင်းဝင်ဖြောင့်တယ် .."

"ကျွန်မတို့က မြွေတွေမှ မဟုတ်ဘဲ .."

"ကိုးကားစကားဆိုတာ အလကား မဟုတ်ဘူး .. လူတွေ မကျင့်မာလာရင် ဆေးကုရသလိုပဲ .. ကိုယ့်ရဲ့စိတ် နောက်ကို ရှပ်ထွေးလာတဲ့ အခါ ဘာဆက်လုပ်ရမှန်း မသိအောင် အင်အားမဲ့လာတဲ့အခါ ဘုတယ်



www.burmeseclassic.com

ရှာ ရှာလာကြတယ် ..၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံပြီး အရှုံးပေး နုတ်ထွက်သွားတဲ့လူရှိသလို .. အရက်သောက်ပြီး မေ့ပျောက်ကြတာ တွေ့ ရှိတယ် ..

ရှေ့ကိုပဲငေး၍ အရွဲ့တိုက်နေသလို ငြိမ်နေသည့် သိုက် ကို ဆောင်း က ကားမောင်းရင်း လှည့်ကြည့်ကာ ...

"အသိတရားရှိတဲ့လူတွေဆိုရင် အဲဒီလို ခဏတစ်ဖြုတ် ရှုပ်ထွေး ခြင်းမှာ ကျရှုံးမသွားကြဘူး .. အကိုးအကားဆိုတာ စာပေအကွဲ့ရာမတွေ ဖြစ်ဖြစ် .. တီရွှန်နဲ့ယှဉ်တဲ့ ဥပမာတွေဖြစ်ဖြစ် .. အတုယူစရာကို ယူတတ်ရတယ် ..။ မျိုးတစ်ကောင်ကို အဲဒီလိုပြီး လှံတွေကို ပါးစပ်နဲ့ ဖမ်းတာ မင်း ကြားဖူးမှာပေါ့ .."

ကားတစ်စီးကို လမ်းဆောင်းရင်း ကျော်တက်လိုက်ကာ ...

"သူ့ဘာစတာရေးကို ဖတ်တာမှာ တီရွှန်တွေက လူတွေထွက် ပိုတော်တယ် ..၊ မင်း ကတ်ဖို့ပြောတာတွေကို ကိုတိုက ဥပမာပြောခဲ့ တာ .. လူတစ်ယောက်ကို စကားတွေ ဒီလောက်အများကြီး ပြောခဲ့ဖူး တာ ကိုယ့်အတွက် ဒါ ပထမဆုံးပဲ ..၊ မင်းနဲ့သိတာဖို့က ပတ်ဝန်းကျင်ကို နေရာတကာ မျှော်တန်းစောင်နဲ့ .."

"မတင်လို့ မရဘူး ဦးဆောင်း .."

"မတင်လို့ ရတော့ မရတာတွေ မင်း ခွဲခြားတတ်မှ ဖြစ်မယ် .."

ဆောင်း က ဝင်းခနဲ မီးရောင်အဖြတ်မှာ လင်းထိန်သွားသည့် သိုက် ရဲ့မျက်နှာကို အမိအရ လှည့်ကြည့်ကာ ...

"မင်းအဖေ ကိုယ့်ကို ယုံကြည်ထိုက်တဲ့လူလို့ သတ်မှတ်တာရော .. ကိုယ် အခု လုပ်နေသမျှရော .. ဘာတစ်ခုမှ အမိပွားယ်မဲ့ မဟုတ်ဘူး..၊ ဒီလူနှစ်ယောက်ကို ယုံကြည်တယ်ဆိုရင် မင်းရဲ့ သံသယစိတ်တွေ .. ကျစိုက်ရမယ့် ဘခြားအသေအရာရာတွေကို ဖေါ်စေခဲ့တာ ထုတ်ထေး လိုက်ပါ .."





သိုက် က သူ့ဘက်ကို လှည့်ကြည့်သည်။ သူကလည်း ပြန်ကြည့် ကာ ...

"မင်း မိုးမိမှာစိုးလို့ ကိုယ် ထွက်လိုက်လာတာ ..၊ ဘယ်နေရာမှာ ချပေးရမလဲ ပြော .."

"လမ်းမှာဆင်းနေခဲ့တာကို တစ်ယောက်ယောက် မြင်သွားလည်း အပြောအဆိုက လွတ်မှာ မဟုတ်ဘူး .."

"အဲဒီတော့ အိမ်ထိ ပို့ပေးရမှာလား .."

"မဖြစ်ဘူး .."

နှစ်ယောက်စလုံးဘက်မှာ အဖြေမရှိသေးခင် မီးပွိုင့်ဖြတ်လာသည့် ကားတစ်စီးက အကြမ်းပတမ်း ပြေးဝင်လာသဖြင့် ဆောင်း ရှောင်ထွက် လိုက်တာ လွတ်ရုံလေး ..၊

"ဘုရား!.. ဘုရား .."

သိုက် ခေါင်းကိုက်နေတာတွေ ပို၍ တအုန်းအုန်း မြည်သွားသည်။

"တောက်!..."

နောက်ကားတွေနဲ့ သိပ်ကပ်မနေတာကို ပြန်ကြည့်ပြီးမှ ဆောင်း ခပ်ကြိတ်ကြိတ် တက်ခေါက်သည်။

ထိုစဉ် မိုးစက်တွေ တဖြောက်ဖြောက် သွန်းကျလာကြ၏။ သိုက် နဲ့ ဆောင်း မျက်လုံးချင်း ဆုံသွားသည်။

"တို့ .. .."

ဟွန်းသံရှည်ကြီးတစ်ချက်နှင့်အတူ သိုက် ရဲ့ ဟိုဘက်ကနေ ကား တစ်စီး ပွတ်ကပ်တက်လာလျှင် ...

မလတ် ..၊

ကားမောင်းနေသည့် ဆု ရဲ့မျက်နှာကို ဆောင်း သေချာမြင်လိုက် ၏။ ကားချင်း တမင်လိုက်ကပ်ပြီး ကြည့်တာမို့ စတ္တန့်များစွာ ဘေးချင်း ယှဉ်သွားစဉ်မှာ ဆု ရဲ့ စူးစူးရဲရဲ မျက်လုံးတွေက ခပ်ရိုင်းရိုင်း ..၊



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆောင်း သိလိုက်သည်က စောစောက တိုက်မိမလို ဗရမ်းဗတာ တက်လာတာ ဆု ရဲ့ကားပဲဖြစ်ကာ သူ့ကားကို သိသွားပြီးမှ တမင်ပြန် လှည့်လာပြီး ကြည့်တာ ဖြစ်၏။

ဒါကို သိုက် ကလည်း မြင်သည်။

"ရှင့်ကို သိနေတဲ့လူလား .."

"အင်း .."

"တစ်ခုခု အထင်လွဲသွားတဲ့ပုံပဲ .."

ဘယ်လိုပတ်သက်တဲ့မိန်းမလဲဆိုတာ သိချင်စိတ်တော့ ဖြစ်သွား ပေမယ့် ဒီလောက်ထိတော့ မရင်းနှီးတာမို့ မမေးဖြစ်ခဲ့ပါ ..။

ထိုစဉ် မိုးတွေ သဲမဲရွာချလာသည် ..၊ မိုးရွာလိုက်တာနှင့် ကားတွေ က ချက်ချင်းကြီး ညပ်ပိတ်သိပ်လာ၏။

မိုးစက်တို့သည် ညနှင့် အရှိန်ကို တဖြည်းဖြည်း ဝါးမျိုသွားခဲ့ပြီး..၊

အိမ်ကိုပြန်ရောက်တော့ ရှစ်နာရီကျော်နေပြီ ဖြစ်၏။ မိုးထဲရေထဲ မထူးပါဘူးဆိုပြီး ဆောင်း က အိမ်ထိ လိုက်ပို့သည်။

ဒါပေမယ့် ကားထဲကနေ အိမ်ကိုအဝင်မှာ မိခဲ့သောမိုးနှင့် ..၊





## အခန်း (၂၂)

"ဖျားနေတယ် ဆိုလို့ .."

"ဟုတ်တယ် .."

ဦးသက်ငြိမ် မျက်နှာမကောင်းတာကို ဆောင်း အကဲခတ်ရင်း အိမ်ထဲကို ဝင်ခဲ့သည်။

"ညက မိုးမိသွားတာလား .."

"အေးကွာ .. အဲ့ဒါလည်း ပါတယ် .."

"ပြီးတော့ .. ဘာဖြစ်လို့လဲ .."

ဦးသက်ငြိမ် မျက်နှာကို ကြည့်ရင်း သူ မေးဆတ်ပြသည့်ခုံမှာ ဝင်ထိုင်လိုက်ကာ ...

"လေးလေး နေကောင်းရဲ့လား .. ညက မိုးအေးတော့ ဒဏ်ရာက ကိုက်ခဲနေမလားလို့ ကျွန်တော် တွေးမိသေးတယ် ..၊ ဖုန်းဆက်တော့ ဖုန်းလိုင်းကမကောင်းဘူး.. မေးလ်ပို့တော့လည်း ဘာမှပြန်မလာတော့.."

"မနေ့တုန်းက အိမ်ကထွက်သွားတည်းက သမီးလေး သိဒ် နေမကောင်းတာ .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးရဲ့ဝေဒနာက သေရာပါဖြစ်မယ့်ဝေဒနာမျိုးပါ လူလေးရာ .. အရေးမကြီးတော့ပါဘူး ..၊ လူငယ်တွေကျတော့ သိပ်ရွှတ်တာ.. သမီးက ပိုဆိုးတာပေါ့ .. ဘာဖြစ်ဖြစ် ဖအေကို အသိမပေးဘဲ သူ့ဘာသာ ကြိတ်ဖြေရှင်းချင်တဲ့အကျင့် ရှိတယ် .."

"အဲ့ဒါ မကောင်းဘူး လေးလေး .."

"လေးလေး သိတယ် .. ဒါပေမယ့် စိတ်ဆင်းရဲစရာ .. ဒုက္ခဖြစ်ဖွယ်ရှိတာတွေဆို ဒီမိန်းကလေး အမြဲတမ်း မျိုသိပ်တယ် ..၊ မနက်အိပ်ရာထ နောက်ကျပြီး တက်တက်ကြွကြွ မရှိတည်းက လေးလေးသူ့ကို မေးနေတာပါ .. ဘာမှမဖြစ်ဘူးချည်းပဲ .."

"မနက်ပိုင်းလည်း ကျွန်တော်က မရှိဘူး .. နေ့လယ်ပိုင်းလည်း မရောက်ဘူး .. မနေ့က သူ ပြန်ခါနီးမှ ကျွန်တော် ဆိုင်ကိုရောက်တယ်၊ သူ နေမကောင်းလို့ အိပ်နေမှန်းလည်း မသိတော့ ဆူလိုက်မိသေးတယ်"

"အေး .."

အဲ့ဒါကြောင့်လို့ ပြောလိုက်တဲ့အတိုင်း ဦးသက်ငြိမ် က ခေါင်းညိတ်ပြီး ခပ်ပြုံးပြုံးမျက်နှာနှင့် ...

"မင်းညီမက အလုပ်မဆင်းချင်တော့ဘူး ပြောနေတယ် .."

"ဟုတ်လား .."

ဆောင်း မျက်နှာပျက်သွားတော့ ဦးသက်ငြိမ် က ပိုးလ်ချဲကို လှမ်းဆွဲရင်း ...

"သူ့ခများ ဒီရက်ပိုင်းတွေမှာ ပင်ပန်းရှာပါတယ် .."

"ဟုတ်ပါတယ် .. ကျွန်တော် မှားသွားတယ်ဆိုတာ တွေးမိပါတယ် ..၊ တကယ်တော့ ကျွန်တော်က .."

"လေးလေး သိပါတယ် သားရယ်.. မင်းရင်ထဲကိုလည်း သိတယ်.. သမီးလေးကိုလည်း နားလည်တယ် .. ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ မင်းညီမကို ခွင့်လွှတ် နားလည်ပေးပါ .."





ဦးသက်ငြိမ် က သိုက် ကို နှိုးပြီး သူကိုယ်တိုင်က ဝင်သွားပါလို့ ခွင့်ပြုသည်။ ဆောင်း အထဲကိုဝင်သွားတော့ သိုက် က ခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်လျက် အပြာနုရောင် လက်ရှည်အင်္ကျီပွပွ၊ ဘောင်းဘီရှည်ပွပွနှင့်ဖြစ်ကာ မျက်နှာလေးက နီနေ၏။

ထို့ပြင် ဦးသက်ငြိမ် အသံပေးလိုက်မှ ရွှေ့ထားလိုက်ပုံပေါ်သည့် လက်တော့ပ်က ခေါင်းရင်းအစပ်နားမှာ ဖွင့်လျက်သား ..၊

သူပေးထားသည့်စာရွက်တွေက ရုတ်တရက် သိမ်းမနိုင်ဖြစ်သွားသဖြင့် ဖြစ်သလို ဖုံးဖိထားလိုက်တာမျိုး ခေါင်းအုံးအောက်မှာ တချို့..၊ လုံးထွေးပုံနေသည့် စောင်အောက်မှာ တစ်ဝက် ..၊

"ကိုယ့်ကြောင့် ဖြစ်သွားတာဆိုရင် ဆောရီးပါ .."

မထိုင်ခင်တည်းက ဆောင်း က တောင်းပန်သည်။ သိုက် က မျက်လွှာလေးပင့်ကြည့်ပြီး ဆံပင်တွေ ဖိသပ်ချရင်း ...

"မဟုတ်ပါဘူး .."

"လေးလေးက ပြောတယ်.. မင်း တကယ်မလာတော့ဘူးလား.."

သိုက် က အသံလေး တိတ်နေပြီးမှ ...

"ဟုတ်တယ် .."

"ကိုယ် မင်းအတွက် လုပ်ပေးနေတာ .."

"အဲ့ဒါကို ကျေးဇူးတင်ပါတယ် .. ဒါပေမယ့် ရပြီ .."

"ဘာရတာလဲ .."

"ကျွန်မ တော်တော် တတ်နေပြီ .."

ဆောင်း က ပြုံးလိုက်ပြီး စိုက်ကြည့်၏။ သိုက် မျက်နှာလေး ပိုတင်းသွားကာ ...

"နွားခြေရာခွက်ထဲက မြင်နေရတဲ့ကောင်းကင်ကြီးကို ရေတွင်းထဲကနေ မြင်ခွင့်ရနေပြီပဲ .. ကျွန်မ ရောင့်ရဲနိုင်ပါတယ်၊ ဒီပညာလောက်နဲ့ ပြောတဲ့ ကျွန်မစကားကို ရှင် ပြုံးပေမယ့် .."



www.burmeseclassic.com

www.burmeseclassic.com



"နီး .. ကိုယ် အဲလိုပြုံးတာ မဟုတ်ဘူး .. မင်း ကိုယ်နဲ့ အလုပ် မလုပ်ချင်ပေမယ့် ပညာလိုချင်စိတ်တော့ ရှိနေတာကို သိရလို့ .."

"ကျွန်မ သင်ဖို့ မတတ်နိုင်တဲ့ပညာတွေ ရှင် အလကား ပေးခဲ့တာပဲ .. ပြီးတော့ ရှင် စိုက်ထုတ် အကုန်ခံထားရကျိုး နပ်စေချင်တယ် ..၊ ပြီးတော့ ဖေကြီးနဲ့ ကျွန်မအတွက် ဒါတွေတတ်ထားဖို့လည်း အရမ်းလိုအပ်တယ် .."

"ဒါတွေကိုသိရင် ဘာအခက်အခဲကိုမှ ဂရုမစိုက်ဘဲ မင်း ကြံ့ကြံ့ခံနိုင်ရမှာပေါ့ .."

"ကျွန်မ ဒဏ်ခံနိုင်တယ် .. ဒါပေမယ့် ကျောပူတာက တစ်မျိုး.. နားပူတာက တစ်မျိုး .."

"အဟွန်း .."

ဆောင်း က ပြုံးလိုက်ပြီး သိုက် ရဲ့ လက်တော့ပ်နဲ့စာရွက်တွေကို လှမ်းကြည့်၏။

"မင်း နားမလည်သေးလို့ပါ .. ဘယ်သူမှ ကျောပူတာ ဘယ်လိုလဲ သိရအောင် သက်သက် အပူခံကြည့်တာ မရှိဘူး .. နားပူလို့ ကျောပူခံကြရတာ .. သိုးထိန်း နွားထိန်းတွေဆိုလည်း စားကျက်မှာ ကျောင်းပေမယ့် ပြန်လာရင် ကိုယ့်ခြံပြန်ဝင်တတ်အောင် ဟိုဘက်ကပုတ် .. ဒီဘက်ကပုတ်နဲ့ အမျိုးမျိုး မောင်းရတာပဲ .."

"လူနဲ့ တိရစ္ဆာန် မတူဘူးဆိုတာတော့ ရှင် သိဖို့ လိုတာပေါ့ .."

"ကိုယ်က သိပါတယ် .."

"ကျွန်မက မသိတာပေါ့ .."

"ဟုတ်တယ် .. တိရစ္ဆာန်က စားဖို့ အိပ်ဖို့ မေထုံမှီဝဲဖို့ .. ဖို့သုံးဖို့ပဲ သိတာ ..၊ ကျေးဇူးတွေ မေတ္တာတွေ ဘာမှ နားမလည်ဘူး .."

သိုက် မျက်နှာလေး စိတ်တိုနေတာက သိသိသာသာပါ ..၊ ဒါပေမယ့် တည်ငြိမ်စွာ စူးစိုက်ပြောနေသော ဆောင်း ရဲ့စကားသံတွေ မပြတ်





သေးသရွေ့ သူမ ဘာမှ ပြန်မပြောနိုင် ..။

"အားလုံးကို စဉ်းစားပြီး ကိုယ့်ဆုံးဖြတ်ချက်ကို မှန်ရဲ့လား ပြန်တွက်ကြည့်ဦး ..၊ မင်း ထည့်တွက်ရမှာက စားဝတ်နေရေးနဲ့ လူ့မဟာအတွက်ပဲ .."

သိုက် မျက်တောင်ဖျားလေးတွေ စင်းကျသွားသည်။ အဖျားမစင်သည့်နှုတ်ခမ်းလေးတွေ နီရဲဖူးငုံနေပုံက နှင်းဆီငုံလေးနဲ့တူနေကာ တန်းစင်းနေသည့်နှာတံချွန်ချွန်လေးက မျက်နှာလေး ငုံ့နေတော့ ပိုလှနေ၏။

သူလေးကို 'မိုးလ'စံအိမ်ထဲအရောက် သူ ခေါ်သွင်းရမှာ ဖြစ်သည်။ လေးလေး သူ့အတွက်တွေကို ဒီတိုင်း ဆုပ်ကိုင်သွားသည်ဖြစ်စေ .. တစ်နေ့နေ့မှာ ပြေလည်ငြိမ်းချမ်းကြမည်ဖြစ်စေ .. သိုက် ဆိုသည့် မိန်းကလေးကိုတော့ မိုးလရဲ့မိသားစုဝင်ဖြစ်ဖို့ လေးလေးမှာ ဆန္ဒပြင်းပြနေခဲ့၏။

သူ အစီမံမွှာယ်မှဲ လျှောက်လုပ်နေတာ မဟုတ်မှန်း သူမကို သိစေချင်ပေမယ့် ပြောမပြနိုင်ပေ ..၊ လေးလေးကိုယ်တိုင်က သူ မရှိမှသာ သိုက် ရဲ့နောင်ရေးအတွက် စိတ်အေးချင်တာဖြစ်သည်။

ခုလက်ရှိမှာ သိုက် ကို ငြိမ်းချမ်းစေချင်ပေမယ့် သူ့ထံ အမျှင်တန်းပြီး မိုးလက ပတ်သက်လာမှာကို အနည်းငယ်မျှ အလိုမရှိ ..။

"ငါ့မိန်းမ မထိတွေ့ မခံစားခဲ့ရတဲ့ ငါနဲ့သက်ဆိုင်တဲ့ ဒီစည်းစိမ်တွေကို သူ မရှိတော့မှ ငါ က ဘာဖြစ်လို့ အငြိမ့်သား စံစားရမှာလဲ ..၊ ငါ လုံးဝ ပြန်မလာဘူး ဆောင်း .. ဒါပေမယ့် ငါ့သမီးကိုတော့ အဲဒီထဲအရောက်ပို့ခဲ့ချင်တယ် .. မင်းနဲ့ ခုလို လာဆုံခဲ့ရတာလည်း သူ့ရဲ့ကုသိုလ်ကံပဲလေ ..၊ မင်း ကူညီမယ်ဆိုတာ လေးလေး သိတယ်" တဲ့ ..။

ကူညီဖို့အတွက် မိမိဘာသာ နည်းလမ်းရှာကြံဖို့က သိပ်မခဲယဉ်းပါ။ ဒီကြားထဲမှာ သိုက် ရဲ့အရည်အချင်းတွေကို တိုးတက်အောင် မြှင့်တင်ပေးနေရင်း မိုးလစံအိမ်ကို ရောက်သွားတဲ့အခါမှာ သိုက် ဆိုတဲ့မိန်းကလေးက ဒီလိုမိန်းကလေးဆိုတာမျိုး သူမကို ရပ်တည်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်ဘက်မှာ အစီအစဉ်တွေနဲ့ တွေးတောကြံဆနေရသလောက် သူ့မဘက်က အင်အားမဲ့နေတာကို ဘာမှမတတ်နိုင် ..။

"ကိုယ် ပြောနေတာကို မင်း သဘောပေါက်ရဲ့လား သိုက် .."

"ပေါက်တယ် .."

"ပေါက်ရဲ့သားနဲ့ ကလေးဆိုး ဆိုးမနေနဲ့ .. အနာခံမှ အသာစံရတာ ..၊ များများပင်ပန်းတော့ များများရတယ်လို့ပဲ မှတ် .."

နာခံတော့မလိုဖြစ်လာသည့် မျက်နှာလေးကို ကြည့်၍ သူ့ အဆက်မပြတ် စည်းရုံးနေမိသည်။

"မင်းအတွက် လိုအပ်တာတွေ စီစဉ်ထားတာ ရှိသေးတယ် .."

သိုက် ရဲ့ မျက်ဝန်းလေးတွေ ပင့်တက်လာတော့ ဆောင်း က ခေါင်းညိတ်ပြကာ ...

"မင်း ပြောတဲ့ စကားကြောင့် လေးလေးလည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး .. ပညာသင်တယ်ဆိုတာ ခု စီးပွားရေး အဓိကပေမယ့် မင်း တတ်ထားရင် မင်းပဲ အသုံးချရတာပါ ..၊ ဒါကို ဘယ်သူကမှ ပြန်မဖဲ့ယူလို့ မရဘူး .."

"ရှင်ပြောတဲ့ထဲမှာ ရှင် နိုင်းတာတွေကို နည်းနည်းပါးပါး လျှော့ပေါ့မယ်ဆိုတဲ့ ဆွေးနွေးမှုလည်း မပါပါလား .."

ဆောင်း က အသံမထွက်ပေမယ့် သွားတွေပေါ်အောင်ရယ်ကာ...

"မင်းကို စိန်တစ်တင်း လဲတစ်တင်း ပေးနေရင် စိန်တွေက လေးတယ်ဆိုပြီး ထားခဲ့မှာလား .."

သိုက် နှုတ်ခမ်းလေး မဲ့သွားသည်။

ပြောလိုက်ရင်လည်း သူ့လောက်တတ်တာ မရှိ ..၊





## အခန်း (၂၃)

"သုံးသိန်း ဟုတ်လား .."

စာအိတ်လေးထဲက လစာကို ဆွဲထုတ်ကြည့်ရင်း တစ်ယောက်တည်း အံ့ဩကာ သိုက် ကိုယ့်ဘာသာ မေးခွန်းတွေ ဖြစ်ကုန်၏။

ဟိုလက နှစ်သိန်း .. ခု သုံးသိန်း ..၊ နောက်လဆို လေးသိန်း ပေးမှာလား မသိ ..၊

ငွေတွေကို တွေ့တော့ ပျော်သွားပေမယ့် မတန်မရာကြီးမို့ မပျော်နိုင်လောက်အောင်ပင် ..၊

ဒီနေ့ နေ့လယ်တည်းက ဆောင်း ပြန်သွားတာ တစ်နေ့ကုန် မရှိသေး ..၊

"သမီးရေ .. ဒီနေ့ လစာထုတ်တော့ ပြန်ချင်ရင် ပြန်လို့ရတယ်.." ဦးသူရ ဖုန်းဆက်ပြောတော့လည်း ဝမ်းသာသွား၏။

"ဦးဆောင်း က ခွင့်ပေးတာလား ဟင် .."

"ဟုတ်တယ် .. သူ မှာသွားတာ .."

ပြောရမယ်ဆို သိုက် ဒီနေ့ ပျော်သွားမိတာမျိုး မခံစားမိခဲ့တာကြာပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်နဲ့လို့ သူ တွင်တွင်ပြောသည့်စကားတွေကပဲ ထိရောက်လာခဲ့တာလား မသိ ...၊

အပေါ်ထပ်ကနေ ဆင်းထွက်လာခဲ့တုန်းမှာ ကက်ရှာက ကြည့်ကြတာတွေ ...၊ တခြားလူတွေ လှမ်းကြည့်တာတွေ အာရုံထဲမှာ ဘာမှမရှိ ...၊

တန်းတန်းမတ်မတ် ရောက်သွားခဲ့မိတာ ဒဂုံစင်တာကိုဖြစ်လျက် သိပ်တော့မဝယ်ဖြစ်ပေမယ့် အထုပ်တွေ အိတ်တွေ တစ်ဖက်နှစ်ထုပ်စီတော့ ပါလာခဲ့၏။

ပြီးတော့ ရွှေတိဂုံဘုရား ...၊

ပြီးတော့ ဓာတ်လှေကားကနေ ပြန်ဆင်းလာခဲ့ပြီး အုန်းသီးရွှန်းဖြစ်လေး စားချင်တာနှင့် ပြန်ကာနီးကာမှ အဝင်တံခါးဝမှာ အုန်းသီးဝင်ဝယ်လိုက်၏။

ညနေ လေးနာရီကျော်နေပြီမို့ ကားစီးမှာနဲ့ ပြန်ချိန်ကို တွက်ကြည့်ရင်း အမှတ်တမဲ့ ပတ်ဝန်းကျင်ကို သတိမထားမိလိုက် ...၊

"သမီးပဲ ကိုယ့်အိမ်ကို မရောက်ဖြစ်တာကြာလို့ မျက်စိမှောက်တာလား အမေ ... အရစ်းကို ပြောင်းလဲသွားတာပါလား ..."

"အားမတျစ်ပါနဲ့ ငါ့သမီးရယ် ... ဒါမျိုးက ဒါမျိုးတွေပဲ ရှာနေတာဥစ္စာ ... စပွန်ဆာကောင်းကောင်း တွေ့ဖို့ပဲ လိုတာ ...၊ သူကတော့ ရှာဖို့တောင် မလိုဘူး ... ပေါ်မှ ပေါ်ပဲ ..."

စကားသံတွေကို ကြားလိုက်တာနှင့် သိုက် သိလိုက်သည်။ ဒါပေမယ့် သိပြီးသားကိုပဲ မျက်လုံးက ရောက်ဖြစ်အောင် ရောက်သွားသေးသည်။

ထင်သည့်အတိုင်း လမ်းထဲက မိန်းမတစ်ယောက်နဲ့ မြို့ထဲက အဆောင်မှာသွားနေပြီး အလုပ်ဆင်းနေသည့် သူမ၏သမီး ...၊

ကိုယ့်ဆီ မျက်လုံး တစ်ချက်မှမရောက်ဘဲ ဘေးဆောင်းမကျတကျ





မျက်နှာချင်းဆိုင် ထိုင်နေကြကာ ကိုယ်က အုန်းသီးဆိုင်မှာပေမယ့် သူမတို့က ကစ်လျက် အသုပ်ဆိုင်မှာ ဖြစ်သည်။

"ဟောတစ်ယောက် ဟောတစ်ယောက်ပါပဲအေ ... ဖအေကလည်း လည်သလား မမေးနဲ့ ... ရှာပေးလိုက်ရင် ရှယ်တွေချည်းပဲ ...၊ ခုလည်း သူ့ရွှေးဆိုတဲ့ တစ်ယောက်က ချောမှချော ... သန့်မှသန့် ..."

"သူ့ကိုယ်တိုင်က ရှက်ကြောပြတ်နေတာကိုး အမေကလည်း ...၊ အစက သူများပြောရင် ရှက်တတ်သေးတယ် ... ဟိုမှာရန်ဖြစ် ဒီမှာရန်ဖြစ်နဲ့ ... သက်ာရှင်းရတာနဲ့ ... ခု ဘာမှမဖြစ်တော့ဘူး မတွေ့ဘူးလား အရေထူသွားတာ ..."

ဒေါ်သဒွေးက ပွက်ပွက်ဆူလာသည်။ ကိုယ့်ကို တစ်စက်လေးမှ စောင်းမကြည့်ပေမယ့် တမင်ကြားအောင် ပြောနေတဲ့အသံက တခြားလူတွေပါ ကြားကြ၏။

ဆိုင်မှာရှိနေတဲ့လူတွေ အားလုံး၏ မျက်လုံးတွေက သူမတို့ကို ကြည့်လိုက် ... ဘေးဘီကို စေ့ကြည့်လိုက်နှင့် ...၊ ပြီးတော့ သိုက် ထံ စူးစူးစမ်းစမ်း ရောက်လာကြသည်။

စံကားဝါရောင်နုနု ခါးရှည်လက်စက ကိုယ်ကျပ်နှင့် စတော့ကင်အနီရဲရဲဝတ်ထားသည့် သိုက် ရဲ့တစ်ကိုယ်လုံးက ထင်းနေသည်။

ပြီးတော့ အဝါနဲ့အနက်စစ်ကြား လက်ကောက်ပျော့တွေနှင့် ရင်ညွန့်အောက်ထိရှည်သော ရှစ်လုံးတွဲ ဖန်စီကြိုးပျော့ကလည်း ခုနကပဲ ဝယ်ဝတ်လာတာ ဖြစ်သည်။

ကိုယ်လည်း ကိုယ့်အရွယ်နဲ့ကိုယ် လှလှပပလေး ပြင်ဆင်ဝတ်စားချင်သည် ...၊ ကိုယ့်ဘဝကို နားလည်နေသဖြင့် ထိန်းချုပ် မျိုသိပ်ခဲ့တာလည်း ဒီအချိန်ထိပါ ...။

ပြင်ပြင်ဆင်ဆင် မနေခဲ့တုန်းကလည်း ပထွေးနဲ့မကင်းတဲ့မိန်းမလို့ အပြောခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေး ပြင်ဆင်လိုက်မိတော့လည်း သူဌေးတွေ ယောတစ်ယောက် ယောတစ်ယောက် ဆိုပါလား …၊

"ရော့ … အစ်မ ရပြီ …"

အုန်းသီးခြစ်ထားတာကို လှမ်းယူပြီး ပိုက်ဆံပေးသည့်လက်က တုန်ချင်နေ၏။

မဖြစ်နဲ့ … မဖြစ်နဲ့ သိုက် …၊

လူတွေကြည့်နေတာကို မသိသလိုနေပြီး ရှောင်ထွက်သွားလိုက်စမ်း …၊

အယုတ္တနတ္တတွေ ပြောပြီး ကျန်ခဲ့တဲ့လူတွေ သူတို့ဘာသာ အရူးဖြစ်သွားလိမ့်မယ် …၊

ဂရုမစိုက်နဲ့ …၊ ခြေလှမ်းတိုင်းဟာ သတ္တိအပြည့်နဲ့ မဟုတ်ဘဲ နာကျင်မှုတို့နဲ့ တုန်ယင်နေခဲ့သည်။

တင်းနေသည်ထင်ရသည့် မျက်နှာမှာ တကယ်တော့ မျက်ဝန်းနဲ့ ပြည့်သိပ်နေသည့် မျက်ရည်တွေကို ဘယ်သူမှမမြင် …၊

ပတ်ဝန်းကျင်နဲ့ အတင်းစကားကို ဘယ်လို ခွဲခြားရမလဲ…၊ ဂရုမစိုက်ဘူးလို့ ဘယ်လိုတင်းတင်း ကြားလာရတိုင်း … ခံစားရတိုင်း …၊

ရှက်အောင်ပြောလာတိုင်း ရှက်မိတာပဲဖြစ်ကာ ဒေါသဖြစ်စရာတွေ ကြုံလာတိုင်း အံကြိတ်မျိုသိပ်နေရုံနဲ့ ဘယ်လိုမှ ထိန်းချုပ်ထားနိုင်ဖို့ မလွယ်တာတွေ …၊

ကားမှတ်တိုင်ကို ရောက်လာပေမယ့် ခြေလှမ်းတွေက ရပ်တန့်ဖို့ မေ့လျော့လျက် သွားမြဲ သွားနေခဲ့၏။

ပြီးတော့ အမှိုက်ပုံးကိုမြင်သည်နှင့် အုန်းသီးစွန်းခြစ်တွေနဲ့အိတ်ကို ပုံးထဲ ထည့်ပစ်လိုက်သည်။

အုန်းသီးထုပ်နဲ့အတူ မျက်ရည်တစ်စက်က လက်ခနဲ ခုန်ဆင်းလျက် …





"တောက်!…"

သူမ နိုင်မာစွာ ဆုံးဖြတ်လိုက်မိသည်။

ဒီမျက်ရည်တစ်စက်ဟာ ပတ်ဝန်းကျင်ကြောင့် ငိုခဲ့ရသမျှ မျက်ရည်တို့အတွက် နောက်ဆုံးထွက်သက်သာ ဖြစ်စေရမည်။

* သွားသွား မသွားသွား အနားမရ
စားစား မစားစား ခါးနေခဲ့သမျှ
မိမိအလို ကိုယ်တိုင်ဖန်ဆင်း
တံတားခင်းမည်
ရေကန်အသင့် ကြာအသင့်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ဒါ တကယ်လား ...၊

ခေါ်ယောမာန်ဆောင်း တည်တည်တင်းတင်းပုံစံ ဟန်လုပ်၍ ပြောနေရပေမယ့် ရင်ထဲမှာ မီးစတစ်စ ထိုးထည့်ခံလိုက်ရသလိုပင် ...၊

ဦးနေဗလ က ထိုင်ရာကနေ ခေါ်ယောမာန်ဆောင်း မျက်နှာဆီကို လှမ်း၍ အကဲခတ်ရင်း ...

"ပထမတစ်ခါ မလတ် ပြောတည်းက ကြီးကြီးကို လာပြောပြဖို့ ပါ .. ဒါပေမယ့် ကြီးကြီးကလည်း ကျွန်တော့်မိသားစုကို သိပ်ပြီး ယုံကြည်တာ မဟုတ်တော့ .."

"ခုလည်း ငါ ယုံသွားပြီ ထင်လို့လား .."

"ယုံတာ မယုံတာ ကြီးကြီး အပိုင်းပါ .. ဒါပေမယ့် ဆောင်း မျက်နှာ နဲ့ ပတ်သက်တဲ့သတင်းကို ကြီးကြီး နားထဲထိ ပို့တဲ့ကိစ္စမှာ မမှန်မကန်ဖြစ်နေရင် ဘယ်သူ အကျိုးယုတ်မှာလဲ .."

"အေး .. မင်းတို့ သိဖို့ပဲ လိုတယ် နေဗလ .. ငါ မယုံကြည်ရဆုံး လူတွေထဲမှာ မင့်မိသားစုတွေက နံပါတ်တစ် ပဲ .."





ဒီတိုင်းပြောနေကျပေမယ့် ပြောခံလိုက်ရတိုင်း ရှက်ရွံ့သိမ်ငယ်ခြင်းကို ခံစားခဲ့ရတာ ဘယ်တော့မှလည်း ပေါ့ပေါ့ပါးပါး ပြီးပျောက်သွားတယ်ဆိုတာ မရှိ ...၊

"အေး .. မင်းကတော့ ငါ့သွေးသားမို့လို့ .."

"ကျွန်တော့်သားသမီးတွေကလည်း ကြီးကြီး ရဲ့ .."

"ဒါပေမယ့် သူ့အမေ မွေးထားတော့ မအေရဲ့သွေး တစ်ဝက် ပါတယ်.. မင်းကိုယ်တိုင်ကလည်း ကြဲရာပါတွေ ဖြစ်ခဲ့တာဆိုတော့ တစ်အုပ်စုလုံးကို မယုံကြည်စာရင်းထဲ ထည့်လို့ရတယ် ဗလ .. အခု ငါက အမျိုး တစ်ခြမ်းယုတ် အဆင့်မှာပဲ ထားတာ .."

"ကြီးကြီးကို ကျွန်တော်က ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောပြသင့်တယ်ထင်လို့ပါ.. ကျွန်တော် ရောက်လာတိုင်း ကိုယ့်မိသားစုကို ကြီးကြီး ချိုးနှိမ် ပြောဆိုသမျှ .."

"ယော့ .. စကားနာ မထိုးနဲ့ နော် .. ရင်နာလုံးတွေလည်း လာကြွမနေနဲ့ ...၊ ချိုးနှိမ်တယ် မောက်မာတယ်ထင်ရင် ငါ့အိမ်ကို ဘယ်သူမှ မလာကြနဲ့ .. အထူးသဖြင့် ဒီလိုသတင်းတွေ ပေးဖို့အတွက်ဆိုရင် ငါ့ဆီလာဖို့အတွက် နဖူးပေါ် လက်တင်ပြီး စဉ်းစား .."

"အခု ခင် က ပြောတာမဟုတ်ဘူး ကြီးကြီး .. မလတ် ပြောတာပါ .."

ဆု ကို 'မလတ်'လို့လည်း ခေါ်ကြတာမို့ ဆု မျက်နှာကိုမြင်သွားပြီး ခေါ်ယောမာန်ဆောင်း က မဲ့သည်။

"မလတ် က မြင်ခဲ့ပါတယ်.. ကြားခဲ့ပါတယ်ဆိုရင် မလတ် လာပါစေ .. တစ်ဆင့်ပြောနိုင်းဖို့ မလိုဘူး .."

"သူက လာမလို့ပါ .. ဒါပေမယ့် ကြီးကြီးမှာ ဒီလိုအဖြစ်မျိုးတွေနဲ့ ပတ်သက်ပြီး နာကျင်ခဲ့ရတဲ့ ခံစားချက်တွေရှိတော့ ခုလိုမျိုး ပြောလွှတ်မှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ .."

"ကျွန်တော်က ကြီးကြီးကို နားလည်ပါတယ် .."

"ဆု ကတော့ နားလည်ပေးမှာ မဟုတ်ဘူးပေါ့ .."

"ဘာပဲဖြစ်ဖြစ် ကြီးကြီးကို ဘယ်သူကမှ ပြန်ခံမပြောရဲပါဘူး..၊ ဒါပေမယ့် .."

"ပြောရဲပါတယ် ဗလ ရယ် .. ငါ အထင်တကြီးနဲ့ အခွင့်အရေးပေးထားတဲ့ မင်းရဲ့သမီးလတ်ပဲ .. သူ မပြောရဲတာ ဘာမှမရှိဘူး ..၊ ယောကျ်ားလေးတွေထက် ပိုထက်တယ် .. သူ့အမေထက် ပိုစွာတယ်..၊ သူ ငယ်ငယ်ကလို မဟုတ်တော့ဘူးဆိုတာ ငါ သိလိုက်တဲ့အချိန်မှာ မင်းတို့မိသားစုထဲမှာ ဘယ်သူ ကြောက်စရာအကောင်းဆုံးလဲဆိုတာပါ တန်းသိလိုက်တယ် .. အဲဒါ ဆုမြတ်နေ .."

ညဘက်ကြီး မိန်းကလေးတစ်ယောက်ကို ကားပေါ်တင်ပြီး လမ်းပေါ်မှာ တွေ့တယ် တဲ့ ..၊

ခုတစ်ခါ အဲဒီမိန်းကလေးက ဘယ်လိုအဆင့်အတန်း ဘယ်လိုကာရိုက်တာလဲဆိုတာ သေချာသိခဲ့ရသည်လို့ ဆိုပြန်သည်။

ဒါဟာ ဖြစ်နိုင်ပေမယ့် ဖြစ်နေပြီလို့တော့ မဆိုနိုင် ..၊

မဖြစ်နိုင်လောက်ပေမယ့်လည်း မဖြစ်နိုင်ဘူးလို့ တစ်ထစ်ချ တွက်လို့ မရ ..၊

သို့သော် ဒီလိုသတင်းမျိုးကို ခင်သခင် မိသားစုထဲက သယ်ဆောင်လာသည့်အတွက် လက်မခံနိုင် ..၊

"ဒီတော့ မင်း အခု ဘာပြောစရာ ရှိသေးလဲ .."

"ကြီးကြီးကို အဲ့ဒါ လာပြောတာပါ .. ဘာမှမရှိတော့ပါဘူး .."

"အေး .. နေရိပ် ကို ဆေးရုံတင်ထားရတယ်ဆိုတော့ မင်း ပူလောင်နေမှာပဲ .."

"အဲ့ဒီကိစ္စကလည်း .."





"အကုသိုလ် အကျိုးပေးတာပါ .. ဒါက ရှောင်လွှဲလို့မရတဲ့ကိစ္စ.."

ဦးနေဗလ နှုတ်ခမ်း ခပ်ဖိဖိစေ့ရင်း ပင့်သက်ရှိုက်၏။

"အငယ်ကောင်ရဲ့ မင်္ဂလာပွဲကိုလည်း အကျဉ်းချုံး စီစဉ်မှာဆိုတော့ .."

"ဘာဖြစ်လို့လဲ.. အကျင့်မကောင်းတဲ့ ကလေးအမေ ဆိုပေမယ့်.."

ဦးနေဗလ မျက်နှာ ညိုမှောင်သွားသည်။

"အသက်ကလည်း ကိုယ့်အမေလောက်ရှိတယ်မို့လား .. ဒါလည်း တစ်မျိုးတွေးရင် အားကိုးရတာပေါ့.. နေဇင် က အသက်ငယ်သေးတယ်လေ .. ပြီးတော့ မင့်သားသမီးတွေက လက်ကြောတင်းတာမှ မဟုတ်ဘဲ .. ဒီလိုမိန်းမမျိုးနဲ့ ညားသွားတော့ .."

"ကြီးကြီး .."

"ဆို .."

"ဒီကလေးတွေက ကြီးကြီးရဲ့မြေးလေးတွေပါ .."

"ငါက ဘာမှမတော်ပါဘူး ပြောမိလို့လား .."

"ကြီးကြီး ပြောဆို နှိမ့်ချနေတာ လူကြားလို့လည်း မကောင်းပါဘူး .."

"ငါကလည်း လူကြားကောင်းအောင် ပြောနေတာမှ မဟုတ်တာ.. ကြားမကောင်းတာတွေ လုပ်သွားကြလို့ ငါ့သိက္ခာချတဲ့ အစုတ်ပလုတ်တွေဆိုပြီး သေခန်းဖြတ်လို့တောင် ရသေးတယ် .."

ဒေါသတွေ အုံ့ညြခြင်းတွေနှင့် ရှုပ်ထွေးနေသော ဦးနေဗလ ရဲ့ မျက်လုံးပြူးကြီးတွေက ဒေါ်ယောမာန်ဆောင်း ထံမှာ ငြိမ်သက်လျက်...

"ငါ့သားသမီးတွေ ဒီလိုဖြစ်ကုန်ကြတုန်းက ငါ ဘယ်လိုပြတ်သားခဲ့တယ်ဆိုတာ မင်းတို့ သိပါတယ် .."

"ကြီးကြီး ကွယ်ရာမှာ ခေါင်းအုံးပေါက်အောင် ငိုနေတာပါ .."

"သြော်.. ဒါတော့ သိတယ် ဟုတ်လား ..၊ ဟား .. ဟား .. ဟား..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟေမာန်ဆောင်း မျက်နှာကြီး မော့ပြီး ရယ်၏။ တော်တော်နဲ့ ပြန်လည်တည့်မတ်လာခြင်းမရှိသည့် သူမရဲ့မျက်ဝန်းမှာ အဝိတ်၏အပူ ရှိန်ပြင်းကြောင့် ငွေ့ရည်ဖွဲ့ခဲ့လေရာ ...

"ဟွန်း .."

မာန်မာနတို့ဖြင့် နီရဲနေသော မျက်နှာတစ်ခုလုံးသည် နာကြည်းမှု တို့ဖြင့် ...

"ငါ ငိုနေရတဲ့ မျက်ရည်တွေကို မင်းတို့ သိနေတယ်ဆိုတာ ငါ ကိုယ်တိုင်သိခဲ့တာ မကြာသေးပေမယ့် ငါ့ရင်ထဲမှာ သိမ်းထားခဲ့တာ..၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့မာနတွေနဲ့ ငါ ချောင်ပိတ်မိပြီး သူများအလဲ ထိုးတာကို ခံလိုက်ရတာလေ .. သိက္ခာတရားအတွက် ထာဝရ နှုတ်ပိတ် ထားဖို့ပဲ ငါ ဆုံးဖြတ်ခဲ့တယ် ..၊ ဒါပေမယ့် အခု မင်း ငါ့ရှေ့မှာ ဒါကို ပြောလာခဲ့ပြီ .."

"ကျွန်တော် ဆိုလိုတာက .."

"မင်းရဲ့ဆိုလိုရင်းကို ငါ မသိချင်ဘူး ဗလ .. ငါ့မျက်ရည်တွေကို မသိချင်ယောင်ဆောင်ပြီး 'ကြီးကြီးက အပြောမခံလို့ .. ကြီးကြီးရဲ့ ဒေါသတွေနဲ့ မဖြစ်လို့ .. ကြီးကြီးက အပြတ်ပြောထားတာ' စသဖြင့် သော စကားတွေနဲ့ မင်းတို့ ငါ့ကို ချောင်ပိတ်ခဲ့ကြတာ .."

"အဲဒီလို ကြီးကြီး ထင်ရင် ငါ့သားသမီးတွေကို ခေါ်ပေးလို့ တစ် ခွန်းတည်း ပြောလိုက်လို့ ရပါတယ် .."

"ငါ ဘယ်တော့မှ ပြောခွင့်မသာအောင် မင်းတို့ လှည့်ပတ်ခွေကြ တာပဲ .. အဲဒါတွေကို မင်း ပြန်မစရင် ငါကလည်း ပြီးပါပြီ ..၊ ဘာဖြစ်လို့ လဲဆိုတော့ ငါ့သားနဲ့သမီးက ရှိမှမရှိကြတော့တာ .. ငါ့ကို မကောင်းကြံ နေကြပါလားလို့လည်း မမြင်.. ကိုယ့်စကားနဲ့ကိုယ် ရှေ့မတိုးသာအောင် ဖြစ်ခဲ့ရတဲ့ အဲဒီအချိန်တွေမှာ မွန်းကျပ်ရတာတွေကို ငါ ဘယ်တော့မှ မမေ့ဘူး .."





ကိုယ့်ဘာသာ စလိုက်မိသဖြင့် မှားပြီဆိုသော အသိက နောက်ကျ စွာ ဝင်၏။ ဦးနေဗလ မျက်နှာငုံ့သွားခဲ့ရင်း တံတွေးမျိုနေမိတာ ခဏ ခဏ ..၊

"ဝဋ်လည်တယ်ဆိုတာ နောက်ဘဝထိ မကူးဘူး ဗလ .. တူသော အကျိုးပေးဆိုတာလည်း အရမ်းကိုမြန်တာ ..၊ အခု မင့်သားကြီး ဆေး သုံးစွဲမှုနဲ့ ထောင်ကျတော့မယ် .."

"ဆေးကုခံနေတာပါ .."

"ဟွန်း .. ဟွန်း .. လာသေးတယ် .."

ဒေါ်ဟေမာန်ဆောင်း က ရယ်လိုက်ရင်း ...

"အငယ်ကောင်က ကိုယ့်အရွယ်လောက် ကလေးတွေရှိတဲ့ မအေ အရွယ် မိန်းမကြီးနဲ့ လက်ထပ်တော့မယ် .."

အစကတော့ ခွဲမယ် သိမ်းမယ်နဲ့ အပူတပြင်း ..၊

ခုကျတော့ ဟိုဘက်ကအုပ်စု လူလည်တွေကြားမှာ ဘယ်လိုမှ ရှောင်မရတော့ဘဲ လက်ထပ်ယူရမည့်အဖြစ်ကို ရောက်သွားခဲ့သည်။

"ကျန်တဲ့တစ်ယောက်ကို ဒရိုင်ဘာ .. မာလီတွေနဲ့ မညားရအောင် အိမ်မှာရှိနေတဲ့ အလုပ်သမားတွေကို ကာကွယ်ဆေးလေး ဘာလေး ထိုး ထားကြဦး .. သူများသားသမီးကို တမင်ဒုက္ခရောက်အောင် အောင်သွယ် လုပ်ပြီး တွန်းချထားတာဆိုတော့ ဝဋ်က လည်ကို လည်ဦးမှာ .."

"ဟုတ်ပါတယ် .. ကျွန်တော်တို့က လူယုတ်မာတွေဆိုတော့ ဝဋ် လည်ကြမှာပါ .. ကြီးကြီး ပြောလို့ ကျေနပ်ရင် ကျွန်တော် ပြန်မယ်.."

"နေပါဦး .. မင်း လာခဲ့တာ ငါ့မြေးအကြောင်း ပြောရုံသက်သက် တော့ မဟုတ်ဘူး ထင်တာ .."

လူမမာအတွက်ရော .. မင်္ဂလာစရိတ်အတွက်ပါ အားကိုးတစ်ခုမှ ရမလားလို့ ဒေါ်ခင်သဇင် အတင်းလွှတ်လိုက်တာ ဖြစ်သည်။

ဒါပေမယ့် ဒေါ်ဟေမာန်ဆောင်း အတွက် နောက်ထပ် ထိုးနှုတ်



www.burmeseclassic.com

www.burmeseclassic.com



စရာစကားတွေ ပွားများလာဖို့ တွန်းဆွဲသလိုသာ ဖြစ်သွားမှာပါ ..။

"မင်းတို့ ငွေလိုတယ်မို့လား .. ငွေမျက်နှာ တစ်ခုတည်းကြောင့် ငါ ပြောသမျှ ဆိုသမျှ မင်းတို့ အံကြိတ် ငုံ့ခံနေရတာ ငါ သိတယ် .."

"အဲဒီလိုတော့ မပြောပါနဲ့ ကြီးကြီးရယ် .. ကျွန်တော်တို့အတွက် အကြီးအကဲထဲမှာ ကြီးကြီးတစ်ယောက်ပဲ ရှိတော့လို့ ကြည်ညိုမပျက်တဲ့ စိတ်နဲ့ပါ.."

"အင်း .. အင်း .. ဒါဆိုရင်တော့ ငါ့ဘက်ကလည်း ရှင်းပြဖို့ လိုတာပေါ့ .. ငါ မင်းတို့ကို ပြောတဲ့စကားတိုင်း ကိုယ်နိုင်ရလို့ ပါးစပ်အရသာခံပြီး ပြောခဲ့တာ တစ်လုံးမှမပါဘူး .."

ပြောပြီး ဘယ်ဘက်ရင်အုံကို ပုတ်ပြကာ ...

"ငါ့ရင်ထဲက ဖျစ်ဖျစ်မြည်အောင် ခံစားပြီးမှ ပြောခဲ့တာတွေ .. မင်းတို့မျက်နှာကို မြင်နေရသရွေ့ .. ငါ့မှာ ပြောစရာစကားတွေ ရှိနေမှာပဲ ...၊ အဲဒီတော့ မင်းလည်း ခံစားရပြီဆိုရင် ခံစားရတဲ့အတိုင်း ပြော.. ရှိသေတာတွေ လေးစားတာတွေနဲ့ ကိုးကားမနေနဲ့ .. ဟုတ်ပြီလား .."

မော့ကြည့်လာသည့်မျက်နှာကို ဒေါ်ဟေမာန်ဆောင်း က စူးစိုက်ကြည့်ကာ ...

"နောက်ကို ငါ ပြောဆိုတာကို သည်းခံနိုင်သေးတယ်ဆိုရင် မင်းကိုယ်တိုင် လာ ...၊ ခင်သဇင် ကစပြီး မကြီး မလတ် မငယ် ဘယ်သတ္တဝါမှ ငါ့အိမ်ရိပ် မနင်းစေနဲ့ .."

"ဗျာ!..."

"ဒီနေ့ ဒီလိုပြောဖို့အတွက် ပြင်ဆင်ခဲ့တာ မရှိပေမယ့် ငါပြောပြီးတဲ့စကားကို မပြင်တတ်တာ မင်းတို့ သိတယ်နော် .. အေး .. ငါ့ရင်သွေးတွေအတွက် ကွယ်ရာမှာ ခေါင်းအုံးပေါက်အောင် ငိုခဲ့ပေမယ့် မင်းရဲ့ဇနီးကောင်းရတနာ .. သားကောင်းရတနာတွေအတွက်တော့ ငါ မငိုဘူး ဆိုတာ သေချာပါတယ် .."





ဦးနေဗလ မျက်စိမျက်နှာပျက်နေတာကို ကြည့်ရင်း ဒေါ်ဟေမာန်ဆောင်း ကုလားထိုင်ပေါ်ကနေ ခပ်ဖြည်းဖြည်း ထရပ်၏။

မနီးမဝေးမှာ အမြဲရှိနေတတ်သည့် မိန်းကလေးတစ်ယောက် ပြေးလာပြီး တွဲကိုင်ပေးလျှင် ဒေါ်ဟေမာန်ဆောင်း က ကုလားထိုင်လက်တန်းပေါ်မှာရှိသည့် စိပ်ပုတီးကို ညွှန်ပြ၍ ကောက်ခိုင်း၏။

စိပ်ပုတီးကို ယူလိုက်ပြီးမှ ...

"မင်းတို့အတွက် လိုအပ်မှာဆိုတော့ ဘဏ်အကောင့်ထဲကနေ ငါ လွှဲပေးလိုက်မယ် .. နောက် ဘာကိစ္စနဲ့ဖြစ်ဖြစ် ငါနဲ့တွေ့ဖို့ရှိရင် ကြိုပြီး ခွင့်တောင်း .. မဟုတ်ရင် မင်းကို ဘယ်သူမှ တံခါးဖွင့်ပေးမှာ မဟုတ်ဘူး .."

အပြတ်ပြောပြီးမှ ကျောခိုင်းထွက်လာခဲ့သည်။ သင်းတို့ကြောင့် ခံစားခဲ့ရတဲ့ဝေဒနာတွေ ခုထိ မရပ်တန့်နိုင်ပါလား ...၊

သမီးကြီး လဝန်းစန္ဒာ .. ပြီးတော့ သားငယ် မိုးသက်လေပြည် .. ခုတစ်ခါ မြေးလေး ဆောင်းမျက်နှာ ...၊

"ကောင်မလေးက တော်တော်လှတယ် တဲ့ .."

"ဆင်းရဲသားရပ်ကွက်ထဲက တော်တော်ကို ဆင်းရဲတဲ့ အဆင့်အတန်းမျိုး .."

"ပြောနေကြတာတော့ ကောင်မလေးက သူ့ဌေးတွေနဲ့ ဟိုလိုဒီလိုတွေတဲ့ .."

"ဘုရား!... ဘုရား ..."

ဒေါ်ဟေမာန်ဆောင်း ဖြည်းဖြည်းလျှောက်နေရင်း တရိပ်ရိပ် မူးဝေလာသဖြင့် ခြေလှမ်းရပ်သွား၏။

"မေမေကြီး .. မေမေကြီး ဘာဖြစ်လို့လဲ ...၊ ဘာလုပ်ပေးရမလဲ ဟင် .."

တွဲကိုင်ထားသည့်ကောင်မလေး ပျာပျာသလဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ .. နေ .. ငါ့ကို ခဏ ကိုင်ထားပေး .. ကျွတ်!... ကျွတ် .. မူး လိုက်တာ .."

"ဒါဆို ဒီနားမှာပဲ ခဏထိုင်နား နော် မေမေကြီး .. ကျွန်မ ဒရင်းဘက်ဒ် သွားယူလိုက်မယ် .."

"ဟဲ့ .. ဟဲ့ .. မမကြီး ဘာဖြစ်တာလဲ .."

"မေမေကြီး မူးနေလို့ .."

"မူးနေရင် နံ့သာဖြူယပ်တောင် သွားယူခဲ့လေ .. ဒရင်းမ်ဘက်ဒ် တစ်ခါတည်း သယ်ခဲ့ ...၊ ဟဲ့ .. မျိုးမျိုး တို့ လာစမ်း .."

ဒေါ်ကြိုင် ရောက်လာတာနှင့် အားလုံး ပျာယီပျာယာတွေဖြစ်ကာ ဒေါ်ဟောမာန်ဆောင်း လည်း မျက်လုံး မဖွင့်နိုင်တော့ပေ ...၊

ဒါပေမယ့် မြင်ယောင်နေခဲ့၏။

မြေးလေး ဆောင်းမျက်နှာ ...၊

မြေး ဒီလို မဖြစ်ရဘူး ...၊ မိဘတွေ ချိုးဖောက်ခဲ့တဲ့ စည်းကမ်းတွေကို မင်း မချိုးဖောက်ရဘူး .. မင်းက လိုက်နာရမှာ ...၊

ဘွားဆီက နောက်ဆုံးပျံထွက်သွားတဲ့ ငှက်ကလေး မဖြစ်ပါနဲ့...၊

မြေးလေးသာ နောက်ဆုံးပျံထွက်သွားမယ်ဆိုရင် ဆတ်ဆတ်ခါပြီး ကျန်ခဲ့မယ့်ကိုင်းဖျားက ခံနိုင်ရည် ရှိပါ့မလား ...၊

မြေး ဒီလို မလုပ်ရဘူး ...၊





## အခန်း (၂၅)

"သိုက် က ဘာလုပ်နေလို့လဲ .."

"ဘာလုပ်နေလို့လဲ ဟုတ်လား ...၊ လာ .. ပြမယ် .."

သိုက် ရဲ့ လက်လေးတစ်ဖက်ကို ဆွဲခေါ်လာခဲ့သည်။ ပြီးတော့ ဆေးတွဲကိုထွက်သည့် အပန်းဖြေဧယျာဉ်လေးရဲ့ အတွင်းနံရံက ကိုယ်လုံး ပေါ်မှန်ရှေ့မှာ သူမကို ရပ်နေစေကာ ...

"မင်းပုံစံကို မင်း ပြန်ကြည့် .."

သိုက် က မကြည့်ပါ ...၊ မှန်ရှေ့ကနေ သူ့ဘက်ကို ချာခနဲ ပြန်လှည့်ရပ်လိုက်ပြီး ...

"ကိုယ့်ပုံစံကိုယ် မှန်ထဲမှာ အထပ်ထပ်ကြည့်ပြီးမှ ထွက်လာခဲ့တာ ...၊ ဒီပုံစံက ဘာဖြစ်နေလို့လဲ .."

ဘာဖြစ်နေလို့လဲ မေးလိုက်တော့ ဖြစ်နေတာတွေက တစ်ကိုယ်လုံးမို့ ဘယ်က စပြောရမှန်း မသိ ...၊

ဝတ်ထားသည့်အင်္ကျီ နက်ပြာက ရှေ့တစ်ခြမ်းမှာပဲလုံခြုံကာ လတ်တွေနဲ့ ကျောတစ်ပြင်လုံးက ပြားစေ့ဝိုင်းလောက် အဝိုင်းပေါက်တွေနှင့် ဓာထက် ပါးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတာက ရင်ဘတ်နှစ်ဖက်ပေါ်မှာ လိပ်ပြာတစ်ကောင်စီ ကပ်နေသလို တလက်လက်ပြောင်နေသောအရုပ်တွေက ပုလဲသီးလေးတွေ တန်းလန်းကျနေသေးသည်။

မိန်းကလေးတစ်ယောက်ရဲ့ရင်ဘတ်ပေါ်မှာ နေသားမကျစွာ ဒီလို အရုပ်တွေ ထားသင့်သလား ..၊ ထို့ပြင် ဝတ်ထားသည့် စကေ့ကင်က လည်း ပါးပါးလေး ..၊

သူ့မျက်လုံး ဝေ့သွားသည့်အတိုင်း သိုက် က လိုက်ငုံ့ကြည့်ကာ..

"အင်္ကျီက ပေါင်လယ်လောက် အရှည်ကြီးပဲ ..၊ ဘာလဲ .. စတော့ ကင် ပါးနေလို့လား .. ဒီလိုတွဲဝတ်ကြတာ ထူထူထဲထဲကြီး ဘယ်သူမှ မဝတ်ဘူး .."

စကားပြောပုံက နှုတ်ခမ်းတလှုပ်လှုပ်နှင့် အသည်းယားဖို့ ကောင်း၏။ မီးခိုးရောင်နဲ့ အနက်ရောသော စက်ဝိုင်းပုံ နှစ်ကွင်းထပ် နားဆွဲက သူမ ဝါးသလောက် လိုက်လှုပ်နေတော့ ပို၍ ကြည့်ရဆိုးနေသည်။

"ပါးစပ်ထဲက ဘာလဲ ..၊ ထုတ်ပစ်လိုက်စမ်း .."

"ပီကေဝါးနေတာပါ .. ဘာဖြစ်လို့ ထုတ်ရမှာလဲ .."

"မလိုချင်ဘူး.. ပီကေဝါးတဲ့စတိုင်လ်ကိုက မိန်းကလေးတစ်ယောက် ရဲ့ကာရိုက်တာကို အကျည်းတန်စေတာ.. ခု ထုတ်ဆို ထုတ်ပစ်လိုက်.."

"ဟင့်အင်း .. မထုတ်ဘူး .."

"ဘာ!..."

"ကိုယ့်ဘာသာ ကြိုက်လို့စားတာ.. အလှစားနေတာ မဟုတ်ဘူး"

"သိုက် .."

သူ့မျက်နှာမှာ ဒေါသတွေ လွှမ်းသွားတာကို သိုက် က အေးတိ အေးစက်လေး ပြန်ကြည့်၏။

"မိတ်ကပ်ရောင်စုံနဲ့ မင်းမျက်နှာကို အရင်ကြည့်စမ်း..၊ ဘယ်ပွဲက ပြန်လာတာလဲ .."





သိုက် မျက်နှာပျက်သွားသည်။

ခုတစ်လောကျမှ အပြန်နောက်မကျအောင် မနက်စောစောလာဖို့ အချိန်ပြောင်းပြီး သတ်မှတ်ထားခဲ့တာ မနက်ခုနစ်နာရီခွဲ အရောက် ..၊

"ဟော့ .. မေးနေတာ ဖြေလေ .."

ဒီကို သတ်မှတ်တဲ့အချိန်ရောက်အောင် လာဖို့အတွက် ဒီမျက်နှာ ကို ပြင်ဆင်ရတာတွေ ရှိမည်။ ပြီးတော့ ...

"မိုးမလင်းခင် ထလာခဲ့ဖို့ ဖိတ်ထားတဲ့ပွဲ ရှိသလား .."

သိုက် က တုတ်တုတ်မျှ မလှုပ် ..၊

"မင်းကို ငါ ကြည့်နေတာ နှစ်ရက် သုံးရက်ရှိပြီ .. ရောက်လာ လိုက်ရင် ဒီမျက်နှာနဲ့ .. ဝတ်တာစားတာတွေက တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာတယ် .."

"ဒါ ခုခေတ်ဝတ်ကြတဲ့ ဒီဇိုင်းပဲ.. သိုက် ကျမှ ဆိုးဝါးနေတာလား.."

"ဟုတ်တယ် ..၊ မင်းကျမှပဲ .."

မျက်ဝန်းတို့ စူးစူးရဲရဲ ဆုံမိကြ၏။ ဆောင်း က သူမမျက်နှာလေး ပေါ်က လှလှပပခြယ်မှုန်းထားသမျှကို စိတ်ပျက်စရာလို ခပ်မဲ့မဲ့ကြည့်၍..

"ဘာဖြစ်လို့လဲဆိုတော့ မင်းက သိုက် ဖြစ်နေလို့ .."

"အဲဒီ အံမှန်တရားကိုပဲ ကျွန်မ ကြက်ခြေခတ်ပစ်မှာ ..၊ အဲဒီလို လုပ်ချင်လို့ ဒီတိုင်းပဲ အမြဲနေတော့ဖို့လည်း ဆုံးဖြတ်ထားသေးတယ်.."

ပြောပြီးတာနှင့် မှန်ရှေ့က ဆိုးဆိုးဆတ်ဆတ် လျှောက်ထွက်သွား သည်။ သူမ ထမင်းစားသည့်စားပွဲလေးပေါ်မှာ တင်ထားသော အနက် ရောင်အိတ်ကို ဆွဲယူဖွင့်လိုက်ပြီး ...

"ဒီမှာ လာလေ .. ဦးဆောင်း ထပ်ပြောလို့ရအောင် တစ်ခါတည်း အစုံအလင် ပြမလို့ပါ .."

ဆောင်း ကလည်း သူမနားကို ခပ်လှုပ်လှုပ်လျှောက်သွားပြီး အိတ် ထဲက သူမ ဆွဲထုတ်လိုက်သည့် အနက်နဲ့ ရွှေရောင်အနွယ်တွေဝါသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံကိုပဲ လိုက်ငုံကြည့်သည်။

"ဒီမှာ .."

သိုက် သေချာဖြန့်ပြသည်။ ဘယ်လိုပုံစံလို့ ပြောရမှန်းမသိ..၊ ဘယ်ဟာ ပခုံး .. ဘယ်နေရာက လက်ဆိုတာလည်း ခွဲခြမ်းကြည့်လို့ မမြင်..၊ ခေါင်းက စွပ်မှာလား ..၊ ခြေထောက်က စွပ်ရတာလား .. ဒါလည်း မပြောတတ် ..၊

ပြောနိုင်တာတစ်ခုကတော့ ကြိုးစတွေ တိုးလိုးတန်းလန်းနှင့် ဒီအင်္ကျီဟာ ကိုယ်ပေါ်ရောက်သွားရင်တော့ တော်တော်ကြည့်ရဆိုးမည့်အပြင် ဘယ်လောက်ရိုင်းမလဲဆိုတာ မခန့်မှန်းနိုင် ..။

"ဒါ အင်္ကျီလား .."

"ဟုတ်တယ် .. ကျွန်မ အလုပ်သိမ်းရင် ဒါကိုလဲပြီးမှ ဒီကထွက်မှာ .."

"သြော် .."

ခပ်ရွဲ့ရွဲ့ ခေါင်းညိတ်ပြီး သူက စိုက်ကြည့်သည်။

"ဒီကထွက်ပြီး ဘယ်ကိုသွားမှာလဲဆိုတာရော ပြောပြဖို့ အစီအစဉ်ရှိလား .."

"ရှိတယ်.. ဒီကအပြန် တရုတ်တန်းဈေးမှာ မုန့်လျှောက်စားမယ်.. ပေကြီး ကြိုက်တဲ့ ရှမ်းတို့ဟူးနဲ့ ဖက်ထုပ်ကြော်လည်း ဝယ်သွားမယ်.."

"ဒါပဲလား .."

"ဒါပဲ .."

"အဲဒါတွေလုပ်ဖို့ အစီအစဉ်တွေဖြစ်လာခဲ့ရတဲ့ အကြောင်းကရော.."

"လွတ်လပ်တယ်လေ .. လူတွေက အဲဒီလိုနေတဲ့ မိန်းမတွေဆို ဘာမှမပြောကြတော့ဘူး .. မိုးစားရင် လူမိတယ်တဲ့ ..၊ ပြီးတော့ ကြောက်ရင် နှစ်ခါသေတယ် .. သူတို့ကို ဂရုစိုက်နေမှန်း သိလေ ပိုပြောလေ..၊ ဒီနေ့က စပြီး ကျွန်မ .."





"ဘာမှမလုပ်ရဘူး .. မင်း အဲဒီလိုရှုံ့နေတာကိုလည်း ဘယ်သူကမှ ထိုင်စောင့်ပြီး အမှတ်မပေးဘူး .."

"အမှတ်မပေးပေမယ့် ဒီကခြေလှမ်းကိုပဲ ထိုင်စောင့်ကြည့်နေကြတာ ဦးဆောင်း သိလို့လား ..၊ သိုက် ဆိုတဲ့မိန်းမ သူတို့ထင်တဲ့အတိုင်းပဲ ဟုတ်တယ်.. ပိုတောင်ပိုသေးတယ်..၊ ဘယ်သူပြောချင်သလဲ ပြောလေ.."

"တောက်!..."

ဆောင်း တက်ခေါက်ကာ သိုက် ရဲ့လက်ထဲကအင်္ကျီကို ဆောင့်ဆွဲယူ၍ အဝတ်စုတ်တစ်စုတ်လို လုံးထွေး ပစ်ပေါက်လိုက်သည်။

"ဘယ်သူ ဘာပြောမလဲလို့ ပတ်ဝန်းကျင်ကို မင်း စိန်ခေါ်လို့ ရတယ်.. ဒါပေမယ့် မင်းကို ဘယ်ပတ်ဝန်းကျင်ကမှ ဓားဆွဲ တုတ်ဆွဲပြီး လာယှဉ်မှာ မဟုတ်ဘူး .. မင်းဆီကို ရောက်လာမှာက အန္တရာယ်တွေပဲ"

သိုက် က အင်္ကျီလွှင့်ထွက်သွားတဲ့ဆီ နှမြောတသခြင်းများစွာဖြင့် လိုက်ကြည့်သည်။ ပြီးတော့ ပုံကျသွားသည့်နေရာဆီ ပြေးကောက်ဖို့ ခြေလှမ်းပြင်၏။

"ရပ်နေစမ်း .."

"ရှင် .. ဖယ် .. လွှတ် .."

"သိုက် .."

ဆွဲလား ရှန်းလားတွေဖြစ်လာကြတော့ သိုက် ရဲ့လက်မောင်းလေးနှစ်ဖက်ကို အတင်းဖိဆုပ်၍ ချုပ်ကိုင်ထားမိကာ ...

"မင်း ဒီလောက်တောင် ခေါင်းမာရသလား ..၊ ဒါ ရွဲ့စရာအလုပ်မဟုတ်ဘူး .. မင်းကာရိုက်တာ ပျက်လာတာနဲ့ မင်းဆီကို ဒီ့ထက် အဆပေါင်းများစွာဆိုတဲ့ အန္တရာယ်တွေ ရောက်လာမယ် .. ဒုက္ခတွေ တွေ့လာမယ် ..၊ ကိုယ့်ဘဝကို ရေစုန်မျှောလိုက်ဖို့ မင်း ကြံစည်ရဲရင်တောင် မင်းအဖေကို မင်း မေ့ထားလို့ မရဘူး .."

သိုက် ခဏလေး ငြိမ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေကို မင်း ဂရုမစိုက်ဘူးလား…၊ မင်းရဲ့သိက္ခာ … မင်းဘဝကို သူ့ဘဝနဲ့ လဲပေးချင်တဲ့အထိ မင်းကို သူ ချစ်ခဲ့တာ …"

"ဖယ်ပေး …"

သိုက် အတင်းဆောင့်ရုန်းပြီး ဟီးခနဲ ငိုချသည်။ မျက်လုံးမှာ ခြယ်သထားသမျှ အရည်ဖျော် ရုပ်ဆိုးသွားပြီကို တွေ့မိပေမယ့် သွန်ကျလာသည့် မျက်ရည်အင်အားကြောင့် ဘာမှမတတ်နိုင် …။

ကျကျနနကြီး အရှုံးတိုက်တော့မို့ ဆုံးဖြတ်ချက်တွေမှာ ဒီလူ ဒီလောက်ထိ ပိုင်စိုးပိုင်နင်း ဝင်ပါလာမည်လို့ မထင်ခဲ့ပေ …။

ပြီးတော့ ဖေကြီးကို ဂရုမစိုက်ဘူးလားဆိုသည့် မေးခွန်းကြောင့် သူမ ဒီလောက်ထိ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲရလိမ့်မည်ဆိုတာလည်း အတွေးထဲမှာ မပါခဲ့ …။

"မင်းကို လွှမ်းမိုးနိုင်တဲ့သူ ရှိနေသေးတာ သိရလို့ ဝမ်းသာတယ်…၊ မင်း ဒါမျိုး နောက်ထပ်မလုပ်ရဲအောင် သတိပေးထားဖို့ လေးလေးကို…"

"ဟင့်အင်း …"

ဖျစ်ဖျစ်လူး ခေါင်းခါရင်း ငိုနေသည့်မျက်နှာလေး မော့လာတော့ မည်းတာတွေ ရဲတာတွေ ပေကျံကာ သရဲမလေးအတိုင်း …၊

သူ ကျွတ်ခနဲ ရှုံ့မဲ့သွားကာ စားပွဲပေါ်က တစ်ရှူးစတွေ စိတ်ကြိုက်ဆွဲ၍ သူမလက်ထဲ ထည့်ပေးမိ၏။ သိုက် က ယူထားလိုက်ပေမယ့် မျက်ရည်လည်း မသုတ် …၊

"ဖေကြီးကို ဘာမှမပြောပါနဲ့ … ဖေကြီး သိလို့မဖြစ်ဘူး …၊ သိုက် တောင်းပန်ပါတယ် …"

"မင်း ဒါတွေကို အိမ်နဲ့ ငါ့ရဲ့ဆိုင်ကြားမှာ ပြေးလွှား ပြောင်းလဲနေတာပေါ့ ဟုတ်လား …"

သိုက် ခေါင်းညိတ်ပြီး မျက်ရည်ကို ဖြစ်သလို ပွတ်ဆွဲသုတ်သည်။ ဆောင်း မျက်နှာမဲ့သွားကာ …





"ဟော့ … တစ်ရှူးပေးထားတာ သုတ်လေ … ကျွတ်!… သွားစမ်းကွာ … မျက်နှာထွက်သစ်လိုက် …"

ဒီကနေ လသာဆောင်လို အပန်းဖြေဧည့်ခန်းလေးဆီ သွားလို့ရသည်။ ထိုနေရာမှာပဲ ဘေစင်နှင့်တကွ အားလုံး အစုံရှိသည်။

သိုက် ကတော့ မသွားပါ …၊ သူ ပေးသည့် တစ်ရှူးတွေနဲ့ပဲ မျက်နှာတစ်ပြင်လုံးကို ပွတ်သုတ်ပစ်လိုက်၏။ သရဲမလေးနဲ့တူနေတော့ စိတ်ပျက်ဖွယ်ဖြစ်ရကာ ပွတ်သုတ်ခံရသည့် မိတ်ကပ်မပြယ့်တပြယ်မျက်နှာလေးကျတော့ သနားဖို့ ကောင်းနေပြန်၏။

ပြီးတော့ သူမရဲ့မျက်ဝန်းလေးတွေမှာ မျက်ရည်ကြည်တို့ ပြည့်သိပ်နေဆဲနှင့် …

"သိုက် ဘယ်ကိုသွားသွား သူတို့နဲ့ မလွတ်ဘူး… ဘာတွေဝယ်ဝယ် မဟုတ်တာလုပ်လို့ ရတာပဲ ပြောတယ် … အဲ့ဒါတွေကို သိုက် ဘယ်လိုရှင်းရမလဲ …၊ ငုံ့ခံလာတော့ ခေါင်းငုံ့ထွက်ပြေးပြီ ပြောမယ် … ရန်ဖြစ်ပြန်တော့ သိုက် က ရုက်ကြောပြတ်နေတာ တဲ့ …"

ပြောနေရင်း မငိုမိအောင် ထိန်းနေရှာသည့် သိုက် ရဲ့ နှုတ်ခမ်းထောင့်လေးတွေ တစ်ချက်တစ်ချက် မဲ့ကျသွားပုံက ငိုတော့မယ့်ကလေးလေးအတိုင်း …၊

ဆောင်း သက်ပြင်းချရင်း ကိုယ့်နဖူးကို ကိုယ့်လက်မနဲ့ အဓိပ္ပာယ်မဲ့ ခြစ်နေမိသည်။

"မင်းက 'မိုးလစ်အိမ်'ကြီးမှာ မြင့်မြင့်မားမား ထည်ထည်ဝါဝါ နေရမယ့်သူပါ"လို့ ဘယ်လိုပြောရမလဲ …၊

"ခဏတော့ တောင့်ထားပါဦး … သည်းခံပါဦး …" ပြောရအောင်လည်း ခုချိန်မှာတော့ သူ့စိတ်ကူးတွေကို ဘာတစ်ခုမှ အကောင်အထည် မဖော်နိုင်သေးပေ …။

ပြီးတော့ လေးလေး …၊



www.burmeseclassic.com

www.burmeseclassic.com



“လောလောဆယ် ငါ့သမီးလေးကို စောင့်ရှောက်ပေးပါ လူလေး ရယ် .. ဒီမိန်းကလေးက လေးလေးရဲ့ရင်သွေးပါ .. မင်းညီမလေးအမှတ် နဲ့ အစစအရာရာ ကူညီပေးပါ .. စီးပွားရှာချင်တဲ့စိတ်နဲ့ ငွေရဖို့ ဟိုပြေး ဒီလွှားဖြစ်နေရင် ကြားရင် ဒုက္ခရောက်တော့မယ် ..”

“ငါ မရှိတော့တဲ့အခါ သမီးကို ငါ့ရင်သွေးလေးအဖြစ်နဲ့ မေမေ့ဆီ ကို ပို့ပေးပါ ..”

“မင်းနဲ့ လေးလေး ကတိထားကြတာကို မမေ့ပါနဲ့ .. ငါ့ဆုံးဖြတ် ချက် .. ငါ့ဘဝဟာ ဒီအိမ်မှာ ခေါင်းချဖို့ပဲ .. ငါ့မိန်းမကို မကြည်ဖြူခဲ့တဲ့ အဲဒီစံအိမ်ကြီးပေါ်ကို ငါ ဘယ်တော့မှ ပြန်မတက်ဘူး .. မင်းရဲ့ လမ်း ညွှန်မှုကြောင့် အဲဒီကလူတစ်ယောက်ယောက် ဒါမှမဟုတ် မေမေ ငါ့ ရှေ့ ရောက်လာရင် ငါတို့သားအဖကို နောက် ဘယ်တော့မှ မင်း မမြင်ရ တော့ဘူး မှတ်ပါ ..”

စကားလုံးတွေကတော့ ခြိမ်းခြောက်တာနဲ့တူပေမယ့် လေးလေး ဒီတိုင်းလုပ်မှာပဲဆိုတာ သူ သိနေသည်။

အခြေအနေတွေကို အကောင်းဆုံးနည်းနဲ့ လုလုပပလေး ဇာတ် ပေါင်းသွားရအောင် သူ့ဘက်မှာ ခုချိန်ထိ အချိန်အခါကို စောင့်နေတုန်း..။

ထို့ကြောင့် ပြောချင်ပေမယ့် ပြောပြလို့ မဖြစ်တာတွေ .. ပေးချင် ပေမယ့် ပေးလိုက်လို့လည်း မရတာတွေ ..။

“ကဲ .. မငိုနဲ့တော့ .. မျက်ရည်တွေ သုတ် ..”

“ဦးဆောင်း ကျွန်မကို ကတိတစ်ခုတော့ ပေးပါ ..”

သူ မျက်မှောင်ကုတ်သွားမိသည်။ မိန်းကလေးတစ်ယောက် ငိုနေ တာကို သူ မချော့တတ်ပေ ..။ ထို့ပြင် မျက်ရည်ကျရခြင်း၏အကြောင်း ရင်းကိုလည်း နားမလည်ပါ ..။

ပြောပြတာကို ခေါင်းငုံ့နားခံသွားပြီး ထင်ခဲ့သည့် သူမက မျက်ရည် တောင် မခြောက်သေးဘဲနှင့် ...





“ကျွန်မ ခုလို လုပ်နေတာ .. ပြောနေတာတွေကို ဖေကြီးကို ပြန် မတိုင်ပါနဲ့ ..”

“ဘာ!..”

“ကျွန်မ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တယ်.. ဝတ်စားဆင်ယင် မှုကြောင့်လည်း လူတစ်ယောက်ရဲ့ကာရိက်တာ ပျက်စီးမသွားနိုင်ပါ ဘူး .. ကျွန်မ ဒီတိုင်းပဲ တစ်လလောက် ..”

“တိတ်စမ်း ..”

ဒေါသက ခုန်ပေါက်ထွက်ရုံမကဘဲ သူမကိုပါ ငယ်ထိပ်ကနေ ဖနောင့်နဲ့ ပေါက်ချလိုက်ချင်၏။

“မင်း ခုပဲ ငိုကြီးချက်မနဲ့ .. ခု ဒါပဲ လုပ်ဖို့ ပြောတယ် ..”

“ကျွန်မ ဒီနှစ်ရက် သုံးရက်အတွင်းမှာ စိတ်ချမ်းသာတယ် ..”

“မင်း ကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံဖို့ပဲ လိုတယ် .. စိတ် ဆင်းရဲပြီး သေတဲ့မသာ မရှိဘူး ..”

“ဘယ်လို..”

“စိတ်ဆင်းရဲရင် အိပ်ရာထဲမှာ နှစ်ပတ်သုံးပတ်လောက် လှိမ့်နေ လိုက် .. ဒီလိုနည်းနဲ့ ထွက်ပေါက် မရှာရဘူး ..”

ဆောင်း က ပြောနေရင်း ဖုန်းထုတ်လိုက်သည်။

“ရှင် ဘာလုပ်မလို့လဲ ..”

“မင်းကို ငါ ပြောထားပြီးသား ..”

“ဦးဆောင်း ..”

သိုက် အလန့်တကြား ရှေ့တိုးလာသည်။

“ရှင်က ဖေကြီးအတွက်ပဲ တွင်တွင်ပြောနေပြီး ဒီလိုတိုင်ပြော လိုက်ရင် ဖေကြီး ဘာဖြစ်သွားမလဲဆိုတာတော့ ထည့်မတွက်ဘူးလား ဟင် ..”

“မင်းတွက်ဖို့ပဲ လိုတာ သိုက် .. ပြောရရင် ငါက အနေသာကြီး..

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတာက မင်းကို အလုပ်ပေးပါ .. စောင့်ရှောက်ပါလို့ ငါ့ကို အပ်ထားတဲ့အတွက် မင်း ငါ့လက်ထဲမှာ ဘာမှ ဖြစ်လို့မရဘူး ..”

“မိတ်ကပ်လိမ်းတာ နှုတ်ခမ်းနီဆိုးတာ ဘာဖြစ်သွားနိုင်လို့လဲ..”

“မင်း လွန်လွန်ကဲကဲတွေ လုပ်လာတဲ့အတွက် အဲဒါတွေကိုလည်း ခွင့်မပြုဘူး ..”

အခြေအနေသည် ပြေလည်ငြိမ်းချမ်းခဲ့ပြီ ထင်ရသော်လည်း ...

“အဝတ်စားရိုင်းတာတွေ မဝတ်ဘူး ..”

“မင်းကို ရိုင်းတာ ယဉ်တာတွေ ငါ လိုက်ရွေးပေးနိုင်တာမှ မဟုတ်ဘဲ ...၊ မရဘူး .. အလုပ်ချိန်ကို နောက်မကျရဘူး .. ကိုယ့်သဘောနဲ့ကိုယ် ထပြန်သွားလို့ မရဘူး...၊ မင်း ငါ့ကို ရွဲ့မယ် လုပ်မှာပဲဆိုရင်တော့ မင်းကို တားဆီးနိုင်မယ့်သူနဲ့ တိုင်ရမှာပဲ ..”

“ဖေကြီး မေးရင် မဟုတ်ပါဘူးလို့ ငြင်းလို့ ရတယ် .. မမြင်အောင်နေမယ် ..”

“မင်းအဖေ မင်းကိုမြင်ဖို့က မင်းပြန်သွားမှ မဟုတ်ဘူး .. သူ့သမီး ဘာလုပ်နေသလဲဆိုတာ စက္ကန့်ပိုင်းအတွင်း မြင်အောင် ပြလို့ရတယ်..”

သိုက် မျက်နှာလေး ငယ်သွားသည်။ အစတုန်းကတော့ ရွဲ့တာပေမယ့် ထင်သလိုနေပစ်လိုက်ရသည့် လွတ်လပ်မှုကို သူမ နှစ်သက်နေခဲ့မိပြီး ...

“ဦးဆောင်း ..”

သူ လှည့်ထွက်လာတော့ သိုက် က ပါလာကာ ...

“သိုက် တစ်လလောက်ပါ .. ဒီလိုဝတ်စားပြီး ကျွန်မ ရွဲ့ချင်တဲ့လူတွေ .. မြင်စေချင်တဲ့လူတွေ .. အားလုံး မြင်သွားရင် ရပ်လိုက်ပါ့မယ်နော် .. ကျွန်မ တစ်သက်လုံး ခေါင်းငုံ့ အံကြိတ်နေခဲ့ရသမျှ ဒီလိုလုပ်လိုက်ကာမှ ကျွန်မ စိတ်ချမ်းသာရတာ ...၊ အဲ့ဒါလေးကို ခဏလောက် ခံစားခွင့် ပေးပါ ..”





“ငရဲပန်းကို ရွှေပန်းထင်နေတာ မင်းပဲ သိုက် .. အဲဒါ စိတ်ချမ်းသာမှု အစစ်အမှန် မဟုတ်ဘူး .. မင်း ရွဲ့ပြီး လုပ်မှာတွေကရော မှန်တယ် ထင်နေသလား ...၊ အဲဒီပတ်ဝန်းကျင်က မင်းကို ခုလိုဖြစ်အောင် တွန်းပို့နေတာ .. သူတို့ အတင်းအဖျင်းပြောသလို မင်း တကယ်ဖြစ်သွားပြီဆိုတာကရော ဘယ်လိုဂုဏ်ယူထိုက်တဲ့ အဖြစ်မျိုးလဲ ..”

သိုက် မဖြေနိုင် ...၊

“မင်း တော်တော် အတွေးတိမ်တဲ့ မိန်းကလေး .. မင်းလောက် ကောက်ရိုးချိုးတတ် ခေါင်းကြောမာတာ မင်းပဲရှိတယ် ...၊ ဘယ်လိုပြောရမှန်းကို မသိတော့ဘူး ..”

သူမက မျက်လုံးစိမ်းတို့နှင့် စူးစိုက်ကြည့်နေတာကို မြင်ကာ ဆောင်း ရဲ့စိတ်ပျက်ခြင်းတွေက စိတ်တိုခြင်းသို့ ခုနစ်ပုံ ပြောင်းလဲသွားခဲ့ပြီး ...

“ဘာလဲ .. ထပ်ရွဲ့ချင်တာလား ...၊ သူဌေးတစ်ယောက် အလိုရှိနေတယ်ဆိုရင်လည်း ပြော .. ရှာပေးမယ် ..”

ဘယ်လိုဖြစ်လို့ ဒီစကားတွေ ပြောလိုက်မိမှန်း မသိဘဲ ...

“ထပ်သေချာတာက ခင်ဗျားကို သရုပ်ဆောင်ပေးပြီး လှည့်ပြန်သွားမှာတော့ မဟုတ်ဘူး ..”

“ရှင်ဆိုရင်ရော .. ဒီတိုင်းပဲလား ..”

ဟင်!...

ဆောင်း ရဲ့လှုပ်ရှားမှုတွေ တုံ့ခနဲ ရပ်တန့်သွား၏။ ထို့အတူ နားထင်နှစ်ဖက်မှာပါ ပူထူ ကြီးမားသွားခဲ့လျက် ...

ပြောပြန်ရင်လည်း မကောင်း ...၊



www.burmeseclassic.com

## အခန်း (၂၆)

"နေမကောင်းဘူးလား သမီး .."

"ကောင်းပါတယ် မေကြီးကလည်း .. သမီးက မေကြီးကို မေးမလို့ .. မေကြီးက ပြန်မေးနေတယ် .."

"မေကြီးက ဘာမှမှ မဖြစ်တာ .. သမီး မနက်က အလုပ်သွားတာလည်း မျက်နှာပြောင် ဒီတိုင်း ..၊ ပြန်လာတော့လည်း မျက်နှာမကောင်းဘူး .. ဆောင်း နဲ့များ တစ်ခုခု .."

"ဟင့်အင်း .. ဘာမှမဖြစ်ပါဘူး .."

သိုက် က ရှေ့တိုးလာပြီး ခြေဖဝါးတွေကို အားစိုက် နှိပ်နေသလို အကြောင်းပြကာ မျက်နှာကို ပိုင့်ထား၏။

အနှိပ်ခံနေရင်း ဦးသက်ငြိမ် က သိုက် မျက်နှာလေးကိုပဲ စိုက်ကြည့် အကဲခတ်နေလျက် ...

"ခုတစ်လော ပတ်ဝန်းကျင် အသံတွေ ဘာတွေ သိပ်မကြားရတော့ဘူးလို့ မေကြီးက ထင်တာ .."





"ဟုတ်တယ် .. သမီးပဲ ဒီနားပတ်ဝန်းကျင်မှာ ဖြတ်သွားဖြတ်လာ သိပ်မလုပ်ရတော့လို့လား မသိဘူး .. အသံတွေ တိတ်နေတယ် .."

"မဟုတ်ဘူး .."

"ဟင်!..."

"သမီး တစ်ခုခု ဖြစ်နေတာ မေကြီး သိတယ် .."

"မဖြစ်ပါဘူး မေကြီးကလည်း .."

ဦးသက်ငြိမ် သက်ပြင်းချလိုက်သည်။

ပြီးတော့ ပြုံး၍ ...

"ပြီးတာပါပဲ .. မေကြီးကတော့ ငါဟို့သားအဖကြားမှာ ဘာမှ ကွယ်ဝှက်ထားစရာ မရှိဘူးလို့ ထင်ခဲ့တာ .."

သိုက် မျက်နှာလေး ဆတ်ခနဲ မော့လာသည်။ ဦးသက်ငြိမ် က သူမကို မကြည့်ဘဲ အနှိပ်ခံနေသည့်ခြေထောက်တွေကို ခပ်ဖြည်းဖြည်း ပြန်ရုပ်လိုက်ပြီး ...

"မေကြီးက အိမ်ထဲက အိမ်ပြင် မထွက်နိုင်တဲ့သူပါ..၊ သမီး ခုကြုံ ရောက်နေတာတွေ အမှန်အတိုင်း ပြောပြခဲ့ရင်တောင် မေကြီး ဘာမှ မကူညီနိုင်ဘူး .."

"မေကြီး .."

"သမီး မှန်ပါတယ် .."

"မဟုတ်ဘူး .. မဟုတ်ပါဘူး မေကြီး ရယ် .."

ခြေရင်းနားကနေ ခေါင်းကိုရောက်သွားကာ သိုက် က ဦးသက်ငြိမ် ရဲ့ဘက်ခမောင်းကို ကိုင်၍ ...

"မေကြီး ဘာတွေပြောနေတာလဲ ..၊ သမီး တကယ် ဘာမှမှမဖြစ်တာ .. သမီး .."

"အေးပါ .. မေကြီးက စကားနာထိုးသလို ဖြစ်နေပါပြီ ..၊ အကယ်၍ သမီးက မျှသိပ်ထားတယ်ဆိုရင်တောင် စိတ်ဆင်းရဲကြမှာပဲ အဖတ်



www.burmeseclassic.com

www.burmeseclassic.com



တင်မှာကို သမီး သိနေလို့ဆိုတာ ဖေကြီးက နားလည်ရမှာ ..”

“မဟုတ်ပါဘူး ဖေကြီးရယ် .. သမီး စိတ်ထဲမှာ ဖေကြီးကို ‘တိုင်ပင်နေလည်း မထူးဘူး’ ဆိုတဲ့စိတ် တစ်ခါမှ မဝင်ခဲ့ဖူးပါဘူး ..၊ သမီး.. သမီးတို့ ဘာဖြစ်လို့ ဒီလောက်ထိ ချို့တဲ့နေရတာလဲဆိုတာရယ်.. ဖေကြီးရဲ့ ခြေထောက်တွေကို ငွေကြေးအပြည့်အစုံနဲ့ ဆေးကုပေးချင်တာရယ်.. အဲဒီအတွေးတွေနဲ့ ရှုပ်ထွေးနေရလို့ပါ ..”

“အဲဒါတွေ သမီး ဘာတစ်ခုမှ မတတ်နိုင်ဘူးဆိုတာ ဖေကြီးတို့ သိထားကြတာပဲ ..၊ ပြီးတော့ ဖေကြီး ဒီခြေထောက်တွေကို အကောင်း ပကတိ ပြန်ဖြစ်ချင်တဲ့ လောဘစိတ်လည်း မမွေးဘူး .. ဒါကို သမီး ဘာဖြစ်လို့ အများကြီး တွေးပြီး ပူလောင်နေတာလဲ ..”

ဖေကြီးကတော့ ဒီတိုင်းပဲ ရှိမှာပါ ..၊ သိုက် ကို လောဘတကြီး ငွေမရှာဖို့တောင် တတွတ်တွတ် သတိပေးနေခဲ့တာ သိုက် မသိဘဲ နေမလား ..၊

ဒါပေမယ့် သူမကတော့ မနေနိုင်ပါ ..၊ အချိန့်တိုင်း ငွေ ဘယ်လို ရနိုင်မလဲပဲ တွေးမိနေသည်။

မေမေ ဆုံးကာစက ‘ဖေကြီးလည်း ဒီမှာပဲ ခေါင်းချမှာ’လို့ ကြေကွဲစွာ ဆိုခဲ့သည်။

ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုတွေကြောင့် ဒီအိမ်ရောင်း၍ ပြောင်းကြဖို့အထိ သူမအတွက် ငဲ့ညှာပြီး ဖေကြီး ဆုံးဖြတ်ခဲ့တာ ဘယ်လောက်ထိ နာကျင်ခဲ့ရရှာမလဲ ..၊

ကိုယ့်အတွက်ဆို ဖေကြီးက အရာရာကို ရင်ဆိုင်စတေးဖို့အထိ အဆင်သင့် ဖြစ်ခဲ့သလောက် သူမကတော့ ဖေကြီးအတွက် ဘာမှ လုပ်မပေးနိုင်သေးပေ ..၊

ဖေကြီး ရောင်းမယ်ဆိုတော့ သူမ တားခဲ့သည် ..၊ ခုတော့ သူမ ဒီပတ်ဝန်းကျင်ကနေ ပြေးချင်နေပါပြီ ..။





ဖြစ်ချင်သလို ဖြစ်ခွင့်မရသည့်နောက်မှာ ထင်သလိုလုပ်သွားချင်မိသည်။ ခုတော့ ...

အကမ်းအလှမ်း မရှိတော့လည်း ဘဝဆိုတဲ့ ဝဲဂယက်မှာ သားအဖနှစ်ယောက် စုန်းစုန်းမြုပ်ခဲ့ရသည်။

ကမ်းမယ့်လှမ်းမယ့်သူတွေနဲ့ ဆုံခဲ့ရပြန်တော့ စပွန်ဆာရှာသည့်လို့ ရှုပ်စွဲခံရသည်။

တကယ်တော့ ကိုယ့်ဆီရောက်လာသည့် ကယ်တင်ရှင်တိုင်းဟာ စေတနာ ကရုဏာတွေနဲ့သာ ဖြစ်သည်။

ပတ်ဝန်းကျင်အမြင်မှာ အမြဲတမ်း ဓောက်ထိုးဖြစ်နေတာ ဘယ်လို လုပ်ရမလဲ ..၊

မြွေမှန်ပေမယ့်လည်း တွင်းဝင် မဖြောင့်နိုင်တာ ကိုယ့်ဘဝလား..၊

“သမီး ..”

“ရှင် ..”

ငေးငိုင်နေမိဆဲမှာ ခေါ်လိုက်တော့ ဆတ်ခနဲ ဖြစ်သွားမိသည်။

“သမီး ပင်ပန်းနေပြီ .. သွားအိပ်တော့ ..”

သိုက် အမူအရာတွေ ပျက်နေတာကို သိပေမယ့် ဦးသက်ငြိမ် ဘာမှ မမေးတော့ပေ ..၊

မေးမှာစိုးလို့ ဟန်ဆောင် ဖုံးဖိနေသည့် သိုက် ကလည်း မေးမှာ ကြောက်ပေမယ့် မမေးတော့လည်း ဖအေမျက်နှာကို တကြည့်ကြည့်နှင့် ...

“ဖေကြီး ..”

“ဟင် ..”

“သမီးကို စိတ်ဆိုးနေတာလား ဟင် ..”

“သမီးက ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ ..”

“ဖေကြီးပဲ သမီးက မပြောချင်လို့ တမင် ဖုံးဖိထားတာရှိသလို



www.burmeseclassic.com

www.burmeseclassic.com



လို ..."

"သမီးက မဟုတ်ပါဘူးလို့ ပြောပြီးပြီလေ .."

ဖေကြီး မျက်ဝန်းတွေက နားလည်ခြင်း မလည်ခြင်း အပြုံးတွေကို ဝေခွဲမရရင်း သိုက် နေရာမှာပဲ ကျုံ့ကျုံ့လေး ထိုင်နေမိခဲ့၏။

"ဖေကြီးက သမီးကိုမှ မယုံကြည်ရင် ဘယ်သူ့ကို ယုံရမှာလဲ ..၊ သမီး စိတ်ထဲမှာလည်း ဖေကြီးကို ဒီလို သဘောထားတယ်ဆိုရင် ဖေကြီး ကျေနပ်တယ် .."

"ဖေကြီး ရယ် .."

သိုက် မျက်ရည်ဝေလာသည့် မျက်နှာကို ငုံ့ပစ်မိကာ ...

"သမီး .. သမီး လေ .."

ဟိုတစ်နေ့က ဘုရားခြေရင်းမှာ ရင်ဆိုင်ခဲ့ရသည့် နာကျင်မှုကို သူမ ဖုံးကွယ်ထားခဲ့သည်။

ဒါကို ဖေကြီး သိရင် စိတ်ချမ်းသာမှာမို့လို့လား ..၊

အေးအတူ ပူအမျှ ဒီသားအဖဘဝမှာ ဖေကြီးက ကျန်းမာနေသည့် လူမှ မဟုတ်တာ .. စိတ်ဆင်းရဲသောကတွေကို ထပ်ပြီး မျှဝေ ခံစားစေရမှာလား ..၊

ဒါကြောင့် သူမ ရေငုံနှုတ်ပိတ်နေရမည်။ အထူးသဖြင့် ဒီအဖြစ်တွေကို ဖေကြီး သိလို့ မဖြစ် ..၊

"ပြောစရာရှိရင် ပြောလေ သမီး .. ဆောင်း နဲ့ တစ်ခုခု အဆင်မပြေဖြစ်နဲ့တာ ရှိရင်လည်း ပြောလေ ..၊ ဖေကြီးက ယုံကြည်ရတဲ့လူ ပေမယ့် သမီးတို့ကျတော့ လူငယ်ချင်း အဆင်ပြေချင်မှ ပြေမှာပေါ့.."

"မဟုတ်ပါဘူး .."

သိုက် ခေါင်းခါနေရင်း ဖေကြီး စိတ်အနှောင့်အယှက်ဖြစ်မှာလည်း စိုးကာ ...

"သမီး ကိုယ့်စိတ်ကို ဆုံးမပါ့မယ် .. ဖေကြီးရဲ့ရောဂါကို ပျောက်





စေချင်တာတွေ .. သမီး ဒီပတ်ဝန်းကျင်မှာ မနေချင်တဲ့စိတ်တွေ .."

"ဘယ်လို!... သမီး ဘာပြောလိုက်တယ် ..၊ ဒီမှာ မနေချင်ဘူး... ဟုတ်လား .."

သူမ ပြောလိုက်မိပါပြီ ..၊

ဖေကြီးက သူ ဒီမှာပဲ ခေါင်းချချင်ခဲ့သည့်ဆန္ဒကို စွန့်လွှတ်၍ သူမအတွက် တခြားကို ပြောင်းရွှေ့ပါမည်ပြောတော့ သူမကပဲ ပြန်ပြီး နားချခဲ့ရတာ တကယ့် ဆရာမကြီး ..၊

ခု မနေချင်တော့ပါဘူးဆိုတဲ့ ရင်ထဲက ပူလောင်ခြင်းတွေကို ပြောလိုက်မိပြန်ပြီ ..၊

"သမီးပဲ .."

ဦးသက်ငြိမ် တစ်ခုခု မေးဖို့ အစပျိုးလိုက်ပြီးမှ ...

"သမီး ဒီကိစ္စတွေ ထပ်ဖြစ်လာခဲ့သလား ..၊ ဘာတွေ ပြောနေကြလို့လဲ .."

"ဒီလိုပဲ စိတ်ညစ်စရာတွေ တွေးနေမိလို့ပါ .. အကြီးအကျယ် ဘာမှ မဖြစ်ပါဘူး .."

"နားလည်ပြီ .. ပတ်ဝန်းကျင်ဆိုတာ သမီးရယ် .."

ဦးသက်ငြိမ် သက်ပြင်းရှည်ကြီးချရင်း ခေါင်းခါမိ၏။

"ကဲ .. ကဲ .. အဲ့ဒါတွေ ခေါင်းထဲ မထားနဲ့တော့ .. သမီးက ကလေးမှ မဟုတ်တာ ..၊ ဘယ်အတွေးက တန်ဖိုးရှိတယ် .. ဘယ်လို အတွေးမျိုးက အကျိုးယုတ်စေတယ်ဆိုတာ သမီး ခွဲခြားနိုင်ပြီ .. ကိုယ့် အတွက် အကျိုးမရှိတာတွေ တွေးပြီး အချိန်ကုန် မခံနဲ့ .."

ဖေကြီးဘက်က ဒီလို အေးချမ်းနိုင်သည့် အားပေးမှုမျိုးကို ရလာလိမ့်မည်ဟု သိုက် ထင်မထားခဲ့ပေ ..။

ဝမ်းလည်း ဝမ်းသာမိကာ အံ့ဩတာလည်း ဖြစ်လျက် ..

"ဒါဆို ဖေကြီး သမီးကို အထင်မလွဲတော့ဘူးပေါ့နော် .."



www.burmeseclassic.com

www.burmeseclassic.com



"မေကြီးက သမီးအပေါ်မှာ အထင်လွဲပါ့မလား သမီးရယ် .. မေကြီးအပေါ်မှာ မပြောရက် .. မပုံရက်တဲ့ စိတ်ညစ်စရာသောကတွေကို သမီး တစ်ယောက်တည်း မျိုသိပ်ခံစားနေမှာပဲ စိုးရိမ်နေခဲ့တာ ..၊ ထင်ရာတွေးပြီး ထင်ရာလုပ်သွားမှာကို ကြောက်တာ .. သမီးရဲ့ဘဝကို မေကြီး ဖြည့်တင်းပေးချင်တယ် .. ဒီလိုဘဝမျိုးနဲ့ သမီး တစ်သက်လုံး မနစ်မွန်းစေရဘူး .."

သမီးတစ်ယောက်အပေါ်မှာ မိဘက ထားတဲ့ စေတနာတွေပဲလို့ သာ သိုက် ထင်ခဲ့သည်။

မေကြီး ဖြစ်စေချင်ပေမယ့် သိုက် ရဲ့ဘဝဟာ ရတနာသိုက်လေး တော့ ဖြစ်လာဖို့ မရှိပါ ..၊

တစ်သက်လုံး သူမ မျော်မှန်းလာခဲ့ရတဲ့ဘဝက ငှက်သိုက်လေးပဲ ဖြစ်လျက် ..၊

နာမည်အရ သိုက် တော့ သိုက် ပါပဲ ..၊





အခန်း (၂၇)

"လေးလေး ဘယ်လိုလဲ .. နည်းနည်း ထောက်ကြည့်တော့ အဆင်ပြေလား .."

ဦးသက်ငြိမ် အသံ တော်တော်နဲ့ ထွက်မလာပေ ..၊

"လေးလေး .."

"ငါ့ကို ဝှီးလ်ချဲပေါ် ပြန်တင်ပေးပါ .."

ဆောင်း ရင်နင့်သွားမိသည်။

ငုံ့ကြည့်လိုက်တော့ လေးလေး မျက်နှာက နေလောင်ထားသည့် ပန်းတစ်ပွင့်လို ..၊

"ငါ့ခြေထောက်တွေ .."

"နေပါဦး .."

ဆောင်း က စကားဆက်ပြောခွင့် မပေးဘဲ အဆင်သင့် ရှိနေသည့် ဝှီးလ်ချဲပေါ်ကို ဦးသက်ငြိမ် ကို သေချာ ထိုင်စေပြီးမှ ...

"လေးလေး ခြေထောက်တွေ ဘာမှ မဖြစ်စေရဘူး .. အဆုံးသိရင် ဆေး ရှိတယ် .. လေးလေး ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင် .."



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး ဆောင်း .. မင်းကို ယုံပေမယ့် ပတ်ဝန်းကျင်က နားတွေ မျက်စိတွေကို ငါ မယုံဘူး .. မင်းနဲ့ လေးလေး ဆက်သွယ်နေလို့ ဒီသတင်း မေမေ ကြားသွားရင် .."

ဦးသက်ငြိမ် က နာကျင်သည့် နှုတ်ခမ်းတို့ကို မဲ့၍ ...

"မိုးလစ်အိမ်က လူတွေ ငါ့ဆီ ရောက်လာမှာ မလိုချင်ဘူး .. ငါ့ကို ခေါ်ဖို့ဖြစ်စေ .. ခုထိ ခွင့်မလွှတ်သေးတာတွေ ပြောဖို့ ဖြစ်စေ .. ငါ ဘာကိုမှ မမြင်ချင် .. မကြားချင်ဘူး ... ငါ့သမီးလေးကို ဒီ မာန အတ္တတွေ ဖွန်းထင်းလာမှာလည်း မလိုချင်ဘူး .."

ပြောနေရင်း ကန်တော်ကြီးရဲ့ အေးချမ်းသာယာမှုတွေကို လှည့်ပတ် မျှော်ငေးကာ ...

"ငါ ဒီနေ့ လမ်းလျှောက်ကြည့်မယ်ဆိုပြီး မင်းနဲ့ လိုက်လာခဲ့တာကလည်း အရေးကြီးတဲ့စကားတွေ ပြောစရာ ရှိနေလို့ပဲ .."

"ဟုတ်ကဲ့ပါ .. ဘာပြောပြော .. လေးလေး ဘာလုပ်ချင် လုပ်ချင် ကျွန်တော် နားထောင်မှာပါ ... ဒါပေမယ့် အခု အရေးကြီးနေတာက သိုက် မဟုတ်ဘူး .. လေးလေးရဲ့ ကျန်းမာရေး .."

"မဟုတ်ဘူး .. ငါ့ထက် ငါ့သမီးက အရေးကြီးတယ် ... မတော်လို့ ငါ ဘာမှမလုပ်ပေးခဲ့နိုင်ဘဲ ရုတ်တရက် သေဆုံးသွားခဲ့ရင် .."

"သေဆုံးဖို့ အကြောင်းမရှိဘူး လေးလေး .. လေးလေးကိုရော .. သိုက် ကိုရော .. ကျွန်တော် တာဝန်ယူနိုင်တယ် ... လေးလေး မဖြစ်ချင်တာလည်း မဖြစ်ရဘူး .. သိုက် ကို မဖြစ်စေချင်တာတွေလည်း မဖြစ်စေရဘူး .. အားလုံး အကောင်းတိုင်း ပြန်မဖြစ်ရင်တောင် လက်ရှိ အခြေအနေနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားမှာပါ .."

"ဆောင်း .."

"လေးလေး ဘာပြောချင်နေတယ်ဆိုတာ ကျွန်တော် သိတယ်.."

ဦးသက်ငြိမ် က မကြည်လင်သည့်မျက်နှာနှင့် စူးစိုက်ကြည့်၏။





ဆောင်း က ပိုးလ်ချဲရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်ပြီး လက်တန်းပေါ် တင်ထားသည့် ဦးသက်ငြိမ် ရဲ့လက်ပေါ်မှာ ထပ်ဆုပ်ကိုင်လိုက်တာ ...

"သိုက် ကို လေးလေးရဲ့ သမီးရင်းအဖြစ် ဘွားဘွားလက်ထဲကို ထည့်ပေးစေချင်တာမို့လား .."

"အဲဒါ .."

"အစက စီစဉ်ထားသလို မဟုတ်ဘဲ ခု အရေးတကြီး ဖြစ်စေချင်သွားတာ .."

"မင်းက လေးလေးကို မကူညီနိုင်ဘူးလား .."

"ဒါက အကူအညီတစ်ခုလို့ ပေါ့ပေါ့လေး ပြောလို့ မရဘူး လေးလေး ... လူကြီးကို လိမ်ညာရမှာ .. ပြီးတော့ ဘွား အသက်ရှည်နေသရွေ့ .. သိုက် ကို လေးလေးရဲ့ ရင်သွေးလေးအဖြစ် တယုတယ ရှိနေတိုင်း .. သူ့မြေးအဖြစ် စည်းစိမ်ဥစ္စာတွေကို ပုံအော ချပေးနေတိုင်း ဒီအဖြစ်ကြီးကို ညာထားရမယ့် ကျွန်တော့်ဘက်ကို လေးလေး ကြည့်ပါ .."

ဦးသက်ငြိမ် မျက်နှာအစုံ တဖြည်းဖြည်း တွန့်ကုတ်လာခဲ့၏။

"အဆိုးဆုံးက သိုက် ပဲ ... ဒီလိုနေပါ .. ဒီလို ညာပါလို့ နိုင်းတိုင်း သိုက် က လက်ခံမယ်လို့ လေးလေး ထင်သလား .."

"ဖြစ်မလာသေးတာတွေကို ကြိုတွေးရင်း သက်တမ်းတစ်လျှောက်မှာ ဖြစ်လာနိုင်တာတွေ အများကြီးပဲ ဆောင်း ... ဒါ မလွယ်တဲ့ကိစ္စမို့လို့လည်း လေးလေး မင်းကို အလေးအနက် ပြောပြထားခဲ့တာ .. ငါ့ဘဝအတွက် မင်း ကူညီပါ .."

"လေးလေးဘဝကို ကူညီနိုင်းနေတာဆိုရင် ကျွန်တော် ငြင်းဘူး .."

"ငါ့သမီးက ငါ့ဘဝပဲ .. သူကလည်း ဒီဖအေ ကြွေတအတွက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘ၀ကို ဖြစ်ချင်ရာဖြစ် ပုံချ စတေးခဲ့ရှာတာ ..၊ ငါ့သမီး ငါ့ကို ဖက်တွယ်နေလို့ ပတ်ဝန်းကျင် တံတွေးခွက်မှာ မျောရတာ ဆောင်း.. ဒါတွေ မင်း နားမလည်နိုင်ရင် ငါ့ပတ်ဝန်းကျင်မှာ တစ်ရက်လောက် မင်း လာနေကြည့်စမ်းပါ ..”

ဆောင်း မျက်နှာကို ခြစ်နေရင်း ခပ်ဖြည်းဖြည်း ထရပ်သည်။ ပြီးတော့ ပင့်သက်ရှိုက်လိုက်ပြီး ...

“သိုက် ရဲ့ ဝေဒနာကို ကျွန်တော် နားလည်ပါတယ် .. မြင်နေကြားနေရတာတွေက ဘယ်ကိုမှ လိုက်ကြည့်ဖို့မလိုအောင် ပြည့်စုံနေပြီးသား ..၊ သိုက် နဲ့ လေးလေးရဲ့ သံယောဇဉ်ကို ကျွန်တော် နားမလည်လို့ ပြောနေတာ မဟုတ်ပါဘူး ..”

“ငါ သိပြီ ဆောင်း .. မင်းက ငါ့ခြေထောက်တွေကို ဆေးကုပေးချင်နေတာ ..”

“ဟုတ်တယ် .. သိုက် ကို ကောင်းစားစေချင်ရင် လေးလေး ရှိနေမှ ဖြစ်မှာ ..”

“ငါ ရှိရှိ မရှိရှိ ငါ့သမီးအဖြစ် သူ ရှိနေလို့ ရတယ် ..”

“သူကတော့ ရှိချင်မှာ မဟုတ်ဘူး .. သိုက် ကို ပြောရင် သူ လုံးဝ လက်ခံမှာ မဟုတ်ဘူး .. အဲ့ဒါ သေချာတယ် .. အထူးသဖြင့် လေးလေးကို ခွဲထွက်ပြီး ဘယ်လိုဘ၀မျိုးကိုဖြစ်ဖြစ် သူ မက်မောမှာ မဟုတ်ဘူး ..”

“အဲ့ဒါကြောင့် ငါကလည်း ..”

“လေးလေး ကိုယ့်စိတ်ကြိုက် နှုတ်ထွက်သွားဖို့လည်း စိတ်မကူးပါနဲ့ .. သားသမီးကို ကောင်းစားစေချင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့မိဘမျိုး ရှိရင် ရှိလိမ့်မယ် .. အဲ့ဒီမိဘက ဖအေတစ်ယောက်ဆိုရင်တော့ လူတွေရဲ့ ရိုးကျူးသံထဲမှာ ကဲ့ရဲ့ခြင်းကင်းမှာ မဟုတ်ဘူး ..”

ဦးသက်ငြိမ် ဘာမှမပြောဘဲ အဝေးကို ငေးနေခဲ့၏။





“လေးလေးက သိုက် အတွက် အရမ်းစိတ်ပူပြီး အများကြီး တွေးနေလို့ပါ ..”

“မတွေးလို့ မရဘူး .. သမီးက မိုက်တဲ့အရွယ် .. ငါ့တစ်ယောက်ကလွဲပြီး သူ့ ဘာကိုမှ သည်းခံမှာ မဟုတ်ဘူး .. ငါ့ဒဏ်ကလွဲပြီး ဘယ်လို ရိုက်ခတ်မှုဒဏ်ကိုမှလည်း သူ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး .. ငါ တွေဝေနေဖို့ အချိန်မရှိတော့ဘူး ဆောင်း ..”

“ရှိပါတယ် .. သိုက် ကို ကျွန်တော် စောင့်ရှောက်ထားပါ့မယ်.. လေးလေးရဲ့ ကျန်းမာရေးကိုလည်း စောင့်ရှောက်ပါရစေ.. အရိုးအကြောပါရဂူတွေနဲ့ ခွဲစိတ်ဆရာဝန်ကြီးတွေ အကြံပေးတဲ့အတိုင်း လိုအပ်တဲ့ ကုသမှုတွေလုပ်ဖို့ လေးလေး လက်ခံလိုက်ပါ ..”

“ငါ လိုချင်တာ အဲ့ဒါ မဟုတ်ဘူး ဆောင်း .. မင်း ငါ ပြောခဲ့တာကို ပယ်ချလိုက်တာနဲ့ ပတ်သက်ပြီး ..”

“မပယ်ပါဘူး .. သိုက် နဲ့ လေးလေး တစ်ကွဲတပြားစီ ရှိနေကြလို့ မဖြစ်သေးဘူးပဲ ပြောချင်တာ ..၊ သိုက် ကို ကောင်းစားစေချင်ရင် လေးလေး ရှိနေမှ ဖြစ်မှာ .. ဘွားဘွားက သူ့မြေးမလေးအဖြစ် လက်ခံခြင်း .. လက်မခံခြင်းကလည်း လေးလေး မရှိလို့ မဖြစ်ဘူး .. အဲ့ဒါကမိုးလကို လေးလေး ပြန်ချင်သည်ဖြစ်စေ .. မပြန်ချင်သည်ဖြစ်စေ လေးလေး ရှိနေရမယ့်အကြောင်းပဲ ..”

ဆောင်း က ဦးသက်ငြိမ် ရှေ့မှာ ပြန်ထိုင်လိုက်ပြန်သည်။ နှမ်းဖတ်ဖတ် ခပ်ပိန်ပိန်ပုံစံ ရှိသော ဝိုးလ်ချဲပေါ်က လူကြီးတစ်ယောက်ရှေ့မှာ သပ်ရပ်ချောမွေ့သော လူငယ်လေးတစ်ယောက်က ခြေဖျားထောက် ထိုင်နေသည့်မြင်ကွင်း ..၊

ကုန်းမြင့်တစ်နေရာကနေ လက်ပိုက်ကြည့်နေသည့် ဆု နှင့် မှူငယ်ချင်းတစ်စုတို့က တအံ့တဩ တိတ်ဆိတ်စွာ ကြည့်နေကြလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ သေချာပါတယ် .. ဆောမှာ ချိုင်းထောက်ကြီးတွေနဲ့ .. ဒါ အစ်ကို့ကားနဲ့ တိုက်မိတယ်ဆိုတဲ့ ခြေကျိုးကြီးပဲ .."

"ဖြစ်နိုင်တယ် .. ဒီကိစ္စဖြစ်ပြီးတာ သိပ်မကြာသေးဘူးဆိုတော့ နောက်ထပ် ဒုက္ခိတတစ်ယောက်နဲ့ ထပ်တွေ့နေတာ မဖြစ်နိုင်ဘူး .."

ဆု က ထက်ထက် ကို စိတ်မရှည်စွာ လှည့်ကြည့်၍ ...

"ဒီလောက် သေချာနေတာကို ဖြစ်နိုင်တယ် လုပ်နေသေးတယ်.. နောက်ထပ် သေချာတာက သူ တွဲနေတဲ့ ဟိုတစ်ယောက်က ဒီလူကြီးရဲ့ ရင်သွေးရတနာပဲ .."

"လုံးဝ သေချာသွားအောင် ငါ စုံစမ်းပါ့မယ် ဆု ရယ် .. နင် ဘယ်လောက်ထိ နိုက်နိုက်ချွတ်ချွတ် သိချင်လဲ .. ပြော .."

"နိုက်လို့ ချွတ်လို့ ရသမျှ အကုန် သိချင်တယ် .. အမြန်ဆုံး စုံစမ်းပေး .."

"လုံးဝ ဖြစ်တယ် .."

လက်ဖျစ်ခတ်သံနှင့်အတူ ထက်ထက် က အပိုင် ...၊

"လုံးဝ သေချာတာတွေ သိစေရမယ် .. ငါ့မှာ ဆော်ဒါတွေ ရှိတယ် .. အဲဒါမျိုးဆို လုံးဝ .. လုံးဝ .."

"လုံးဝတွေချည်း ပြည့်နက်မနေနဲ့ .. သေချာဖို့ပဲ လိုတာ ...၊ ငါက မိဘအတွက် သွေးကြွေးဆပ်မှာ .. မသေချာ မရေရာတာတွေနဲ့ ကျရှုံးလို့ မဖြစ်ဘူး .."

ရင်ထဲမှာ နာနေသည်။ မေမေ့ကို မညှာမတာ ပြောလွှတ်သည်။ မေမေ့ကိုဆို တစ်သက်လုံးတည်းက ခုချိန်ထိ နိမ့်ချင်တိုင်း နိမ့်လာခဲ့တာ ခေါင်းတက်နင်းထားတာထက် ဆိုးသေးသည်။

ဒါကို သည်းမခံနိုင်တော့ဘူး ...၊ အစ်ကိုနဲ့ နေဇင် တို့ ဒုက္ခရောက်ကြတာကို လူကြီးပီပီ ဖြစ်ပျက်ရှုတာ မဟုတ်ဘဲ သူများအားနည်းချက်ကို ဖိနှိပ်ပြောပြီး ဝမ်းသာအားရ လက်ခုပ်တီးလိုက်သေးသည်။





မေမေက အလုံးစုံ ကုန်အောင် ပြောမပြပေမယ့် ဒီလောက်ထိ နာကျင်ကြေကွဲနေတာကို မြင်ရတည်းက ဒေါ်ဟေမာန်ဆောင်း ဘယ်လောက်ထိ ပြောလွှတ်လိုက်တယ်ဆိုတာ သိပြီးသား ...၊

"သမီးလည်း နောက်ကို ဝင်ချင်တိုင်း ဝင် .. ထွက်ချင်တိုင်း ထွက်တာတွေ မလုပ်နဲ့တော့ ...၊ ကိုယ်က အားနည်းတဲ့သူ .. စကားနဲ့ ကျွံလာရင် သမီးတို့ ခံနိုင်မှာ မဟုတ်ဘူး .." တဲ့ ...။

အရိပ်အမြွက်ပြောပြီး တားခဲ့တာပေမယ့် အမြဲတမ်း 'ဆု'ဆိုရင် တံခါးမရှိ .. ဓားမရှိ ဖြစ်နေခဲ့တဲ့ အိမ်က ဒီလိုဖြစ်လာတော့ မေမေ ဘာဖြစ်လာလဲဆိုတာ ပြေးကြည့်ဖို့ မလို ...၊

တွေ့မယ် .. ဒေါ်ဟေမာန်ဆောင်း ...၊

အသွားတော်ပေမယ့် ရှင်ကြီးက သွေးသားလို့မှ မမှတ်ဘဲ ...၊

'စပ်နိုင်မှ တော်တာ ..' ဆိုတဲ့ စကားကို မေမေတို့နဲ့ဆိုရင်တော့ အားမနာတမ်း ပြောနေကျပါ။ ဒါပေမယ့် ကိုယ့်ကိုတော့ မျက်နှာသာ ပေးထားတာမို့ အဲဒီတုန်းက ဘာဖြစ်ဖြစ် မေ့ပျောက်ထားနိုင်သည်။

ခုကျမှ ဆွေခန်းမျိုးခန်းဖြတ်ချင်တာ .. ရှင်ကြီးကို ပညာပေးမယ် ကြည့်နေလိုက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဘာ!..."

အော်လိုက်သလို ဖြစ်သွားသည့် အသံကြောင့် သိုက် က မျက်မှောင်လေး ကုတ်သွားပြီး ပြန်ကြည့်၏။

ဆောင်း ကလည်း ကိုယ့်ဘာသာ သိလိုက်ပြီး လေသံကို ပြန်လျှော့ချကာ ...

"မင်း ဘာပြောလိုက်တယ် သိုက် .. တခြားမှာ အလုပ်လုပ်ချင်တယ် ဟုတ်လား .."

"မဟုတ်ဘူး .. အားလုံး သေချာပြီးနေတာကို ပြောတာ .. ရေးမြေနှုတ်မြေ အင်တာဗျူး .. အားလုံး အောင်တယ် .."

"မင်းကို ဘယ်သူက အဲဒီမှာ လျှောက်ခိုင်းတာလဲ .."

"ကိုယ့်ဘာသာပဲ .."

"လစာ ဘယ်လောက်ရလို့လဲ .."

"တစ်သိန်း နှစ်သောင်း .."

"မင်းကို ငါ သုံးသိန်း ပေးထားတာ နည်းနေသေးလို့လား .."





သိုက် က သူ့မေးခွန်းတွေကို စိတ်မရှည်သည့် မျက်နှာလေးနှင့် ကြည့်၍ ...

"ရှင် အများကြီး ပေးထားတာ တွက်ကြည့်ဖို့မှ မလိုတာ .. အခု အဲဒီ အများကြီးကို မလိုချင်လို့ လိုချင်တဲ့ဆီမှာ လုပ်မှာ .."

"တခြားအကြောင်း ရှိလိမ့်ဦးမယ် .. အဲ့ဒါကို ပြော .."

ပြောရမှာလားဆိုသည့် မျက်နှာနှင့် သိုက် က ဆတ်ခနဲ ပြန်ငဲ့ကြည့်သည်။

"လာခဲ့ .."

သူမ မျက်လုံးတွေ အရိုင်းဆန်လာတာကို သိလိုက်သည်နှင့် လက်လေးတစ်ဖက်ကို ဆတ်ခနဲ ဆွဲကာ အပြင်ဘက် ဝရန်တာပေါ်က ဥယျာဉ်လေးထဲထိ ခေါ်ထုတ်လာခဲ့၏။

သွားလာဖြတ်သန်းခွင့် ရှိနေသူတို့ သူမရဲ့ မချိုသာသော စကားတွေကို ကြားသွားမှာ မလိုချင် ...၊

ထို့ကြောင့် ကိုယ် တစ်ဦးတည်းသာ ရှိနေခွင့်ရှိသော ထိုနေရာရောက်မှ ...

"ရပြီ .. ပြော .."

ဖိဆွဲလာခဲ့သည့်လက်လေးကို လွှတ်ပေးလိုက်တော့ သိုက် က ထိုလက်လေးကို ပြန်၍ ဖိဆုပ်ထားရင်း သူ့ကို စူးစူးရဲရဲ ကြည့်၏။

"ဘာကြည့်တာလဲ ...၊ ပြောလေ .. မင်း ငါ့ဆီမှာ အလုပ်မလုပ်ချင်ရတဲ့ နောက်ထပ် အကြောင်းတစ်ခုခု .."

"အကြောင်းရှိရှိ မရှိရှိ ရှင်ပဲ ပညာတွေ သင်ပေးတုန်းကတော့ ဘယ်မှာလုပ်လုပ် မျက်နှာမငယ်ရအောင်လို့ ဆို .."

"ပညာမြင့်မှ လူမျိုးတင့်မယ့်အကြောင်း ပြောပြခဲ့တာ .."

"အခု ကျွန်မ သင်တန်းပြီးပြီ .."

"ဘယ်သူ ပြောတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"တီချယ် မာလာ နဲ့ .. တီချယ် ..."

"မလိုဘူး .. သူတို့ သင်ပေးတာ သူတို့ပြီးကြောင်း ပြောတာ .. မင်း တတ်ထားရမှာတွေ အများကြီး ရှိသေးတယ် .."

"ဘာကိုမှ မသင်ချင်တော့ဘူး .. မဆုံအင်ကာ ပေးထားတဲ့ လစာတွေကို မမက်ဘူး ..၊ ကိုယ်နဲ့ မသက်ဆိုင်တဲ့ ဂုဏ်ရောင်ဂုဏ်ဝါတွေနဲ့ သူများ လက်ညှိုးထိုးလာရင် သိုက် ဆိုတဲ့ မိန်းမ ဘာတွေဖြစ်သွားမလဲ ရှင် သိလား .."

"ဘာမှဖြစ်ဖို့ မရှိဘူး .. မင်း .. ကျွတ်!..."

ဒါနဲ့များ လေးလေးက သူ့သမီးကို သမီးရင်းအဖြစ်နဲ့ ဟန်ဆောင်နိုင်းဦးမည် တဲ့ ..၊

ဒီလောက် ခေါင်းမာတဲ့ ကောင်မလေး ..၊

"အဲဒီ လူတွေဆိုတာကို ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းထဲထည့်နေရတာလဲ .. အဓိကက မင်းနဲ့ မင်းအဖေအတွက် အရာရာအဆင်ပြေနေဖို့ မဟုတ်ဘူးလား .."

"အဲ့ဒါ အရာရာ အဆင်ပြေတာ မဟုတ်ဘူး .. အိုး .. မသိဘူး .. သိုက် ရှင့်ဆီမှာ လုံးဝ အလုပ်မလုပ်ဘူး .. လုံးဝ စာမသင်ဘူး ..၊ အခု အဲ့ဒီအကြောင်း လာအကြောင်းကြားတာ .."

"မလုပ်ရဘူး .. ငါ ခွင့်မပြုဘဲ မင်း ဘာမှ လုပ်ခွင့် မရှိဘူး .."

"သိပ်ရတာပေါ့ .."

သိုက် ကလည်း ဒီလို ချည်တုပ်မခံရအောင် ပြန်လည် ချေပဖို့ စကားတွေ စဉ်းစားလာခဲ့ပြီးသား ..၊

"နံပါတ်တစ် ယောကျ်ားတစ်ယောက်ယောက်ရဲ့ ကူညီစောင့်ရှောက်ခြင်းနဲ့ ဆက်ပြီး မရပ်တည်နိုင်တော့ဘူး .. နံပါတ်နှစ် ဒီနေ့ ဒီနေရာမှာ ဒီဆိုင်နဲ့ ရှင့်ကို နောက်ဆုံး နှုတ်ဆက်တာ .. နံပါတ်သုံး ရှင် ထပ်ပြီး နှောင့်ယှက်ဖို့ ခြေလှမ်းလာရင် ဖေကြီးကို ခေါ်ပြီး ကျွန်မ





တို့ ထွက်သွားမယ် .."

"ဟော့ .. တော်တော့ .."

"တော်ပါပြီ .. ဆုံးဖြတ်ခဲ့ရတဲ့ အကြောင်းတွေ .. ဆုံးဖြတ်ခဲ့ခြင်းတွေက ဒါပဲ .."

"တောက်!..."

ဆောင်း ရဲ့ ခပ်ကြိတ်ကြိတ် တက်ခေါက်သံကြောင့် သိုက် က မျက်နှာလွှဲပစ်ရင်း မဲ့သည်။ ဒီယောကျ်ားကိုပဲ သူမ စဉ်းစားမရနိုင်တာ ဖြစ်၏။

သူဦးလေးနဲ့ ဖေကြီးနဲ့ တူလို့ဆိုတာ လက်ခံချင်စရာပေမယ့် ထောက်ပံ့ ကူညီနေတာတွေက လိုတာထက် အများကြီး ပိုနေ၏။

သမီးကို ပိုးပန်းပြီး ဖအေကို မျက်နှာရအောင် လုပ်တာလားဆိုတာမျိုး မကြာခဏ တွေးမိပေမယ့် ဒီလို တွေးမိခဲ့တာပဲ ကိုယ့်ဘာသာ ပြန်ရှက်မိ၏။

ဆောင်းမျက်နှာ ဆိုတဲ့လူမှာ ပြေးလွှားအုပ်ချုပ်နေရတဲ့ စီးပွားရေးတွေနဲ့ လူနဲ့ တိုင်းရင်တောင် လူက ပိပြားသွားနိုင်သည်။

တစ်ချက်ခလေးမှ နားချိန် မမြင်သည့် သူ့မှာ သူ့ကို သဘောကျပြီး အနားရောက်လာတဲ့ မိန်းကလေးတွေကိုတောင် ပြန်လည် ရင်းနှီးစွာ ဆက်ဆံဖို့ အချိန်မရှိ ..။

ဒါက သူ့ပတ်ဝန်းကျင်ကလူတွေ စနောက်ရင်း ပြောသံတွေကို ကြားခဲ့ရတာတွေပါ ..။

ပြီးတော့ ကိုယ့်နားရောက်လာသည့် မျက်နှာကို ကြည့် ..၊

လူကို ဆရာနဲ့ တပည့်ထက် ပိုဆိုးသော ဆူပူ ကြိမ်းမောင်းခြင်းတို့ဖြင့် စာမေးလိုက် .. အလုပ်လုပ်နိုင်းလိုက် .. စိတ်တိုင်းကျတယ်လို့ ဘယ်သောအခါမှ မရှိခဲ့သလောက် သိုက် အဆူမခံရတာ ဘယ်နှစ်ခါ ရှိလို့လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်လိုက်တော့ ဘာမှန်းမသိသော အရိပ်မိုးတစ်ခုရဲ့ အောက်မှာ သူမ အဘက်ဘက်က စိတ်ဆင်းရဲနေရသည်သာ ..၊

ပတ်ဝန်းကျင် ဘယ်လိုပြောပြော 'ငါ အလုပ်လုပ်နေတာ ..'လို့ မာန်တင်းထားရအောင် သူမက ဘာအလုပ်မှလည်း လုပ်ရသေးတာ မဟုတ် ..၊

'ငါ့အစ်ကိုဆီမှာ ငါ အလုပ်လုပ်တာ ..' 'ငါ့ဦးလေးဆီ ငါ လုပ်တာပဲ'လို့ ဖြေရအောင်လည်း ကိုယ်နဲ့ ဘာမှ ဆွေမျိုးတော်စပ်တာ မဟုတ်ဘဲ ..၊

ပတ်ဝန်းကျင် လက်ညှိုးထိုးတာကို ဘယ်လို ရင်ဆိုင်ရမလဲ ..၊

ဒါကြောင့် ဘာမှန်းမသိ ပိတ်လှောင်နေသည့် အခြေအနေထဲက နေ ရုန်းထွက်ဖို့ သူမ ဆုံးဖြတ်ခဲ့သည်။

ဘယ်သူ ဘယ်လိုထင်ထင် မထင်ထင် ..၊ ဘယ်သူ တားတား မတားတား ..။

"အခု ကျွန်မ ရှင် ပေးထားတဲ့ လက်တော့ပ်နဲ့ ဖုန်းရယ် .. တခြား ပစ္စည်းလေးတွေရယ် လာပေးရင်း အသိပေးတာ .. သွားမယ် .."

သူမ ပေးအပ်သမျှ ပစ္စည်းတွေကို စားပွဲပေါ်မှာ ပုံချပေးထားပြီးသား ..၊

ဒါကို ထပ်၍ အသိပေးသလို ပြောပြီး လှည့်ထွက်သွားလျှင် ...

"နေဦး .."

ဆောင်း က သူမလက်ကို ဖမ်းဆွဲထားလိုက်၏။ သိုက် ဆတ်ခနဲ ပြန်ဆောင့်ရုန်းပေမယ့် မလွှတ်မြောက်ခဲ့ဘဲ ...

"ဦးဆောင်း .. ကျွန်မလက်ကို လွှတ်လိုက်ပါ .."

"မင်းကို ပြောဖို့ ရှိသေးတယ် .."

ပြောပြီး အထဲကို ပြန်ဆွဲခေါ်ခဲ့လျှင် .. သိုက် က ရုန်းနေရင်း ...

"တော်ပြီ နားမထောင်ချင်ဘူး .. ဦးဆောင်း နော် .. ကျွန်မ ရှင့်





လုပ်သမား မဟုတ်တော့ဘူး .. နုတ်ထွက်ပြီးပြီ ..၊ အဲဒီလို ပိုင်စိုးပိုင်နင်း မလုပ်နဲ့ .. လွှတ်ပါ လက်ကို .."

"အလုပ်သမားမို့ မင်းကို ဆွဲတာ မဟုတ်ဘူး .. ဘယ်အလုပ်သမားကို ငါ ဒီလို ဆက်ဆံခဲ့သလဲ ..၊ စဉ်းစားပြီးမှ ပြော .."

ဆောင်း ရဲ့လေသံက မာနေကာ ဖိမ်ခံပစ္စည်းအပြည့်အစုံနှင့် သူ့ရဲ့ နားနေခန်းထဲအထိ သူမကို ခေါ်သွားခဲ့ပြီး ...

"သိုက် .. မင်း ငါ့မျက်နှာကို သေချာကြည့်စမ်း .."

"ကြည့်စရာ မလိုဘူး .. လှချောလှလှ သူဌေးဆိုတဲ့ ယောက်ျားတွေ ဘယ်သူမှ ရှင့်ကို မီမှာ မဟုတ်ဘူး ..၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က သူဌေးဆိုတဲ့ ပါဝါနဲ့ မလိုက်ဖက်အောင် လူငယ် မင်းသားလေးလေ .. ဘာလဲ .. အဲ့ဒါတွေကြောင့် ကျွန်မက .."

"လျှောက်ပြောမနေနဲ့ .. ငါ မေးတာကိုပဲ ဖြေ .. မင်း ဘာဖြစ်လို့ နေရာတကာ တဇောက်ကန်း ဆုံးဖြတ်ချက်တွေနဲ့ ထင်ရာ လုပ်နေတာလဲ ..၊ ဘာလဲ .. မင်းကို ငါ အခွင့်အရေး ယူချင်နေတယ် ထင်လို့လား .."

"ထင်ရာတွေ တွေးနေတာက ရှင်ပဲ ဦးဆောင်း .. အဲ့ဒါမျိုး ကျွန်မက တွေးရအောင် အရူးမှ မဟုတ်တာ .."

"ဒါဖြင့် မင်းရဲ့ ဆုံးဖြတ်ချက်တွေမှာ ငါ့စေတနာ .. မင်းအမေရဲ့မေတ္တာတွေ ဘာလို့ ဘာမှ မပါရတာလဲ .."

"ရှင်ကရော မေကြီးနဲ့ ထပ်တူ ခံစားပြီး ပြောနေတာ ကိုယ့်ကိုယ်ကိုယ် ဘာမှတ်နေလို့လဲ .."

"ဟာ!..."

"ကျွန်မကလည်း အခွင့်အရေးတွေ ရနေတိုင်း ဝမ်းသာအားရပြီး ယူမယ့် မိန်းမ မဟုတ်ဘူး .. လောလောဆယ် ရှင်းအောင် ပြောရရင် သူဌေးဆိုတဲ့ ယောက်ျားတွေနဲ့ ကျွန်မ ကင်းချင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"တခြားမှာ အလုပ်လုပ်တော့ အဲ့ဒီမှာ သူဌေးဆိုတဲ့ သဏ္ဍာဝါ မရှိတော့ဘူးလား .."

"ရှိပေမယ့် ကင်းလို့ ရတယ် .. ဘာမှန်းမသိတဲ့ ဆက်ဆံရေးတွေ.. ထောက်ပံ့မှုတွေနဲ့ .. နေ့စဉ်နဲ့အမျှ ဆူခံထိနေဖို့လည်း မလိုဘူး .. ပတ်ဝန်းကျင် အပြောလည်း သက်သာမယ် .."

"ကောင်းပြီ .. ဒါတွေ မင်း ပြောပြီးသားပါ ..၊ ငါက သေချာချင်လို့ ထပ်မေးတာ .. ဒါပေမယ့် နောက်ထပ် မေးစရာ ရှိသေးတယ်.. မင်းရင်ထဲ ရှိတဲ့အတိုင်း ဖြေ .."

မျက်ဝန်းတို့ ဆုံမိကြစဉ် ဆောင်း ရဲ့မျက်ဝန်းတွေက သူမ တစ်ကိုယ်လုံးဆီ ဝေ့ခနဲ ရောက်၏။ သိုက် မျက်နှာလေး ပန်းရင့်ရောင် သမ်းသွားသည်။ ပြီးတော့ တည်တင်းသွားပြီး မော့ပစ်လိုက်၏။

ပန်းရင့်ရောင်ရဲရဲကို ဝတ်ထားသည့် သူမမျက်နှာလေးက ပါးမို့လေးတွေမှာ လိုက်ရဲသွားတော့ ပိုလှသွားသည်။ ပြီးတော့ မိတ်ကပ်ပြေပြေနှင့် ပန်းရောင်သမ်းနေသော နှုတ်ခမ်းသားလေးတွေက ပန်းဖူးငုံလေးလို လှနေလေသည်။

ကိုယ့်အကြည့်တွေ ရိုင်းသွားပြီမှန်း သိပေမယ့် မတတ်နိုင် ..၊ ဆောင်း မျက်နှာလွှဲ၍ ပင့်သက်ရှိုက်သည်။ ပြီးမှ ...

"မင်း ဘယ်မှာပဲလုပ်လုပ် လေးလေးနဲ့ ငါက ဒီတိုင်း ရှိနေကြမှာပဲ .. မင်းက ငါနဲ့ မပတ်သက်ချင်တာဆိုရင် .."

"ပြောပြီးသားပဲ ဦးဆောင်း .. ဖေကြီးကို ခေါ်ပြီး ရှင်နဲ့ ဝေးရာကို ထွက်သွားမယ် .. ကျွန်မဘာသာ ကိုယ့်အင်အားနဲ့ တစ်ကျပ်ပဲ ရှာနိုင်ရှာနိုင် .. ဖေကြီးကို ကျွေးမွေး ပြုစုနိုင်တယ် .."

"အိုခေ .. ရပြီ .."

သူ့ဆုံးဖြတ်ချက်တွေလည်း နိုင်မာသွားခဲ့သည်ဖြစ်ရာ ...

"ငါ ဘာလုပ်ရမလဲဆိုတာ သိပြီ .."





သူ ဒီတိုင်းပြောပြီး တံခါးဆီ လျှောက်ထွက်သွားတော့ သိုက် ဘာမှန်းမသိဘဲ လိုက်ကြည့်နေမိ၏။ သူ အပြင်ရောက်သွားပြီး တံခါး ပြန်ပိတ်လိုက်မှ ...

ဟင်!...

ဒါ ဘာလဲ ..၊

သိုက် မျက်လုံးပြူးသွားသည်။ ဘာမှန်းမသိသေးခင် ထိတ်လန့်ခြင်းက ကြီးစိုးသွားကာ ...

"ဦးဆောင်း ဘာလုပ်တာလဲ .."

"ဒုန်း .."

တံခါးဆီ ပြေးသွားတော့ ဘယ်လိုမှ ဖွင့်မရတော့ပေ ..၊

"ဒုန်း .. ဒုန်း .."

"ဦးဆောင်း .. ဦးဆောင်း .. ဘာလုပ်တာလဲ ..၊ တံခါးဖွင့်ပါ .. ဖွင့်ပေးပါ .."

တံခါးကို လက်နှစ်ဖက်နဲ့ အတင်း ထုနှက်ခေါ်လေမပယ် ...

မနက်နဲ့ ညနေ၏ ကွဲပြားခြားနားသွားခဲ့ခြင်းက .. ဤကဲ့သို့ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၉)

"မဖြစ်ဘူး .. မင်း ဒီလို မလုပ်ရဘူး .."

ဦးသက်ငြိမ် ဗိုးလ်ချုပ်ပေါ်ကနေ ဖျတ်ခနဲ ထရပ်မလို ဖြစ်သွားသည်။ ပြီးမှ ကိုယ့်အဖြစ်ကို သတိရကာ ချိုင်းထောက်တွေရှိတဲ့ဆီ ဗိုးလ်ချုပ်ကို တွန်းသွားမိ၏။

သို့သော် လှမ်းယူမလို လက်ကပြင်ပြီးမှ စာလာပေးတဲ့လူကို ပြန်လှည့်ကြည့်မိပြန်သည်။

"ဟင်!... ဟော .. နေဦး .."

အိမ်ရှေ့ကို ဗိုးလ်ချုပ်နဲ့ ပြန်လိုက်ခဲ့တော့ သူတစ်ယောက်တည်း အရှုးလို ...၊

"ကျွတ်!..."

ဖိဆုပ်ထားမိဆဲ စာက တွန့်ကြေနေပါပြီ ...၊ ဒါပေမယ့် ဒီတိုင်း ဆုပ်ထားမိဆဲနှင့် မျက်လုံးတွေက ကြမ်းခင်းပျဉ်ချပ်တွေပေါ် ရောက်သွားခဲ့သည်။

ဗိုးလ်ချုပ် သွားလို့ရအောင် ကြမ်းခင်းတွေကအစ တစ်အိမ်လုံးကို အားချင်း ပြင်ဆင်ပေးခဲ့သည့် ဆောင်းမျက်နှာ ...၊





သူ့အတွက် လုံအပ်ချက်မှန်သမျှကို သူ ငြင်းဖယ် တားဆီးနေသည့်ကြားက အတင်း ဖြည့်ဆည်း ထောက်ပံ့ခဲ့သည်။

ကိုယ့်တူလေးမို့ ချစ်လည်း ချစ်သည် ...၊ ကျေးဇူးလည်း တင်ဝါသည်။ ဒါပေမယ့် ...

လက်ထဲကစာကို နောက်ထပ် စိတ်ညစ်သူးစွာ ဖြန့်ဖတ်ကြည့်မိ၏။

လေးလေး ...

သိုက် ကို ကျွန်တော် မိုးသွားပြီ .. ဒီအတွက် လေးလေး ကျေနပ်အောင် အခုအတွက် တောင်းပန်ပါတယ် ..၊ သိုက် တစ်ခုခုကို တစ်ခွက်ထိုးလုပ်တော့ မို့ ရှိလာရင် .. ကျွန်တော်ကလည်း တားဆီးလို့ မရခဲ့ရင် လေးလေး နှိုတတ် စိတ်ထင်းရဲရမှာ ..၊

အခု ကျွန်တော် တစ်ခွက်ထိုး ဆုံးဖြတ်လိုက်မိတဲ့အတွက် လေးလေး ကြိုက်သလို အပြစ်ပေးလို့ ရပါတယ် .. ကျွန်တော် ငိုတောင်းမိတာက ကျွန်တော် နဲ့ လေးလေးတို့ ဖြစ်စေချင်တဲ့အတိုင်း ဒီနည်းက သဘာဝကျပြီး အရိုးရှင်းဆုံး မို့လို့ ..၊

"တောက်!... မိုက်လိုက်တဲ့ ကလေး .."

ဦးသက်ငြိမ် နာကျင်သည့် တက်ခေါက်သံနှင့်အတူ စာကို လုံးချေ ပစ်မိတော့သည်။

စာကို ဖွင့်ဖတ်မိတာ နှစ်ခါ ...၊

တစ်ခါမှ ဆုံးအောင် မဖတ်နိုင်ခဲ့ဘဲ စာသည်သာ လုံးကြေခြင်းသို့ ရောက်ခဲ့ရ၏။

အိမ်ထောင်ရေးကို မင်း ဘယ်လို တွေးနေသလဲ ဆောင်း ..၊

အားလုံး ဖြစ်စေချင်တဲ့အတိုင်းဆိုတာ ဘာလဲ ...၊ ဒါကြောင့် မင်းက ဝတ္တရားကျေချင်တာလား ...။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးကို ဝတ္တရားတစ်ခုလို ဆောင်ရွက်လိုက်တာလား…၊

ရင်ထဲမှာ ဆောက်တည်ရာမဲ့ ပူလောင်နေသည်။

ဘာမသိ ညာမသိနဲ့ အိမ်ထောင်ပြုခြင်းနွံမှာ နစ်ရတော့မယ့် သမီး…၊

ပြီးတော့ အချစ်မပါ …၊ ချစ်ကြင်နာခြင်း ကင်းစွာဖြင့် အိမ်ထောင်ဆိုတဲ့ တာဝန်ကို ထမ်းရွက်သွားရတော့မယ့် ဆောင်းမျက်နှာ …၊

"ကျွတ်!…"

ဝိုးလ်ချဲလက်တန်းကို မချင့်မရဲ ဖျစ်ညှစ်ဆုပ်ထားမိသည်။

မိုက်တဲ့ အရွယ်လေးတွေ …၊ သူ့ကြောင့် ကြီးမားသည့် ဝဲဂယက်နွံမှာ နစ်ကြတော့မည်။

ဒါ သူ့ကြောင့်ပဲဆိုတာ သိနေသဖြင့် ရင်ထဲမှာ နင့်နေအောင် နာ၏။

သမီးလေးက သူ့အတွက် ဘာမဆို စွန့်စားဖို့ အသင့်ရှိနေခဲ့သည်။ ဆောင်း ကလည်း သူ့အတွက် ဖြည့်ဆည်းပေးချင်နေတဲ့သူ …၊

ဒါပေမယ့် ဆောင်း က ရွှေမင်းသား … သမီးလေး ကတော့ …၊

"ဟော့ … မင်း ခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွားစမ်း …"

"ငါက ဆိုင်းမဆင့် ဗုံမဆင့် နှင်ထုတ်ပစ်တဲ့အတွက် နစ်နာကြေးပါ ပေးလိုက်မယ် … ဗီနပ်ပါ ပြန်စီးမနေနဲ့ ခုချက်ချင်း ထွက်သွား …"

"အိမ်ဖော်တွေ သူဌေးကို ကြံတာ စိတ်ကူးယဉ်ထဲမှာပဲ ကောင်းတယ် … လက်တွေ့မှာ မရဘူး …"

"ဘယ်ရာဇဝင် ဘယ်သမိုင်းမှာ လက်တွေ့ရှိခဲ့တာတွေ လာမပြောနဲ့ … ဒါ သမိုင်းသင်နေတာ မဟုတ်ဘူး သားငယ် … ဒီလို အခြေအမြစ်မရှိ သူဌေးတွေရှိရာ တကောက်ကောက်လိုက်ပြီး အပိုင်ဖမ်းတတ်တဲ့ ကလေကချေမိန်းမမျိုးကို မင်း လုံးဝ စိတ်မကူးရဘူး …"

"မင်း ဘယ်လိုသင်တန်းတွေ ဆင်းလာပြီး ငါ့သားကိုမှ မြူဆွယ်နိုင်ခဲ့သလဲ မသိဘူး … ဒါပေမယ့် မဟာဆီ မဟာသွေးမှာ ခွေးသွေး





ရောသလိုပဲ … မတန်မရာကို မမှန်းနဲ့ … ခုချက်ချင်း အိမ်ထဲက ထွက်… ဟော့ … မယ်ကြိုင် တို့ လာစမ်း … သူ့ကို ဆွဲထုတ်ပစ် …"

မေမေ ခုပဲ သူ့ရှေ့မှာ လက်ညှိုးထိုး ပြောနေသလိုပင် …၊

ထိုးညွှန် အမိန့်ပေးနေသည့် လက်ချောင်းတို့သည် စိန်မြရဲ လက်စွပ် … နဝရတ်ကိုးသွယ် လက်စွပ်တို့ဖြင့် တလက်လက် ထနေ၏။

ညစာသညောင်းသည့်စကားတို့ကို ဆိုစဉ် ပြောလိုက်တိုင်း လှုပ်ခတ်နေသော နားမှာ ပြိုးပြက်လက်နေကြ၏။

ခေါင်း ခါး ခြေ လက် နေရာပေါင်းစုံမှ ရတနာတို့သည် ဒေါ်မောမာန်ဆောင်း ၏ ဒေါသတို့အလိုက် ပြောစည်တီးပေးနေသည့်အတိုင်း ပြိုးပြက်လက်နေကြလေသည်။

ဒီစကားတွေကို ယမင်း ကို ပြောဆိုပစ်ခဲ့တာ သူ့ရှေ့မှာပဲ ပက်ပက်စက်စက် …၊

သူမအတွက် သူ မကာကွယ် မကူညီနိုင်ခဲ့ဘဲ ဒီတိုင်း ကြည့်နေခဲ့ရသည်။ နှလုံးရောဂါကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့စဉ် တစ်ခါတည်း သေသွားပါရစေလို့ ဆုတောင်းခဲ့သည်။

ဒီဆုတောင်း မပြည့်ခဲ့သည့်ပြင် နောက်ထပ် မိန်းကလေးတစ်ယောက်နဲ့ သူ ဇာတ်စပ်ခဲ့ရသည်အထိ ပျော့ညံ့ခဲ့ဖူး၏။

ဒါတွေကို သူ မေ့ချင်ခဲ့တာပါ …၊

သမီးလေးကို ဘာမှ မသိစေချင်တာမို့ သူတို့ ဘယ်လို ဆုံစည်းခဲ့တယ်ဆိုတာတောင် သာယာနာပျော်ဖွယ်လေး ဖန်ဆင်းပြီး ပြောပြထားခဲ့တာ ဖြစ်၏။

ခုတော့ သမီးလေးလည်း သူ့အမေလမ်းစဉ်အတိုင်း 'မိုးလစ်အိမ်ကြီး'ထဲကနေ ဆွဲထုတ်ခံရတော့မည်။

သူ့အမေ ဒီလို ခံစားခဲ့ရတာတွေ … ဒါကြောင့် သူ့အမေ ဘယ်လို ပေးဆပ်ပြီး မိုးလကို ကျောခိုင်းခဲ့တာတွေ …၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ဘာမှ မသိလိုက်ဘဲ သမီးလေး ဒီငရဲတွင်းကြီးထဲကို သက်ဆင်းရတော့မည် ...။

သူ ဘာလုပ်သင့်သလဲ ...၊

ယမင်း လို သမီး မျက်နှာမငယ်ရဘူး ...၊ သမီးအမေလို ဘဝမပျက်စေရဘူး ...၊

မဖြစ်ချင်ဆုံးတွေကို ရေရွတ် အံကြိတ်ရင်း သူကိုယ်တိုင် ဝိုးလ်ချဲပေါ်က မထကြွနိုင် ဖြစ်နေတာကို သတိမရ ...၊

နိုးသွားပါပြီဆိုတာ ဘယ်မှာလဲ ...၊

သူ ဘာလုပ်ရမလဲ ...။

မဖြစ်နိုင်ဘူးလို့ ခေါင်းခါ လက်ခါ ညည်းညူရင်း ...၊





## အခန်း (၃၀)

"ဘယ်သူ ဖုန်းဆက်ဆက် .. ဘယ်သူ လာမေးမေး .. ကျွန်တော် ခရီးထွက်သွားတယ်ပဲ ပြောပေးပါ ဦးဒေ .."

"မင်းသား .."

သူ ကမ်းပေးသည့် စားစရာတွေကို ဆောင်း က လှမ်းယူတော့ လက်ကို ပြန်၍ ဖိကိုင်ထားလိုက်ရင်း ...

"မိန်းကလေးကို တကယ် လက်ထပ်မှာလား .."

"ဦးဒေ .."

ဆောင်း က မျက်မှောင်ကုတ်ပြီး စိုက်ကြည့်သည်။ ညှိ၏ မီးရောင်က စူးစူးစိန်းစိန်း ပြန်ကြည့်နေသော ဦးဒေဝ ၏ မျက်လုံးတွေကို ပို၍ ရဲရင့်စေကာ ...

"မင်း စိတ်ဆိုးလည်း ပြောရမှာပဲ မင်းသား .. ကျေးဇူးရှိတဲ့လူကို ဒီလိုနည်းနဲ့ ကျေးဇူးဆပ်တာ သိပ်ကို အန္တရာယ်ကြီးပါတယ် .. ပြီးတော့ မိန်းကလေးကလည်း လက်သင့်မခံဘူး ထင်တယ် .. မင်းသား ဘာတွေ လုပ်နေတယ် ဆိုတာ .."

"ကျွန်တော် အစီအစဉ်မဲ့ လုပ်နေတာ မဟုတ်ဘူး ဦးဒေ .."

www.burmeseclassic.com



"သိပါတယ် .. ချစ်လို့ ညားကြ .. နိုးပြေးကြတာ အဓိပ္ပာယ်ရှိဖို့ မလိုပါဘူး .. ဒါပေမယ့် မင်းသား ဒီမိန်းကလေးကို အချစ်နဲ့ မသက်ဆိုင်ဘဲ .."

"ဟုတ်တယ် .. လက်ထပ်ဖို့ကိစ္စ လုပ်ရဦးမှာမို့လို့ ကျွန်တော့်မှာ အချိန်မရှိဘူး ဦးဒေ .. အချစ်မပါတာလည်း ဟုတ်တယ် .. ကျေးဇူးဆိုတာလည်း မှန်သင့်သလောက် မှန်တယ် .. ဒါပေမယ့် ဒီ့ထက် လေးနက်တာတွေ ရှိသေးတယ် .. ခုတော့ ရှင်းပြဖို့ မဖြစ်နိုင်သေးဘူး ...၊ ကျွန်တော့်ကို နားလည်ပေးပါ .."

"နားလည်ပေးပါဆိုတာက မင်းသားကို ကူညီပြီး သူ့ဒွေးကို ဖုံးဖိပေးထားရမယ် .. ဒီလိုလား .."

"ဦးဒေ ဖုံးထားပေးမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်.."

"ဟုတ်တယ် .."

"ဒါပေမယ့် ဒီတစ်ရက် ကျွန်တော့်အတွက် ထားထားပေးပါ .."

ဦးဒေဝ က စားသောက်စရာ အထုပ်တွေကို ဆောင်း လက်ထဲ ထည့်ပေးပြီးမှ လက်ကို ပြန်ရုတ်လိုက်ကာ ...

"မင်းသားက ဒီည သူ့ကို လက်ထပ်မယ်ပေါ့ .."

ဆောင်း က ဘာမှမပြောဘဲ မျက်နှာလွှဲပစ်၏။ ဦးဒေ က ပင့်သက်တစ်ချက်ကြီး ရှိုက်ပြီးမှ ခပ်ဖြည်းဖြည်း မှတ်ထုတ်ရင်း ...

"အသူရာချောက်ကမ်းပါးထဲကို ခုန်ချမလို့ ပြေးနေတဲ့ကလေးကို ကိုယ် တားဆီးနိုင်လျက်နဲ့ ခုန်ချပြီးတဲ့အထိ စောင့်နေပေးရမှာလား .."

ရဲရင့်သည့် မျက်ဝန်းနှစ်စုံ ထိပ်တိုက်ဆုံစည်းသွားကြလျှင် ဦးဒေဝ က မျက်နှာ ခပ်ငုံ့ငုံ့နှင့် ပြုံး၍ ...

"ဒီလိုနေရာမျိုးမှာ ဒီကလေး ပျော်ပါစေဆိုပြီး ဘယ်သူက အလိုလိုက်မှာလဲ မင်းသား .."





ဆောင်း က အထဲဝင်မလို့ ပြင်နေသည့် ခြေလှမ်းကို ပြန်ဆုတ်ပြီး ဦးဒေဝ နဲ့ မျက်နှာချင်းဆိုင် လှည့်ရပ်သည်။

"ချောက်ကမ်းပါးထိပ်ကနေ ပြန်ဆွဲခေါ်ခဲ့ရင်လည်း အဲဒီကလေးမှာ သူထင်ရာလုပ်ဖို့အတွက် နောက်ထပ် နည်းလမ်းတွေ ရှိနေသေးတယ် ဆိုရင်ရော .."

ဦးဒေဝ မျက်မှောင်ကုတ်သွားသည်။ ဆောင်း က ပြုံးလိုက်ပြီး—

"ပိုသေချာတာက ကျွန်တော်က အဲ့ဒီကလေးထက် အများကြီး တွေးနိုင်တယ်ဆိုတာပဲ – အခု ကျွန်တော် ဒီအဆောက်အအုံထဲမှာပဲ ရှိနေမယ် .. ဦးဒေ ကြိုက်သလို စီရင်ပါ .."

ဦးဒေဝ မျက်နှာကြီး ညိုညစ်ညစ်ကြီး ဖြစ်ကျန်ရစ်၏။

တတ်လည်း တတ်နိုင်တဲ့ ကောင်လေး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဒီမှာ ခေါက်ဆွဲကြော်နဲ့ ကြာဆံကြော် .. ကြက်သားနဲ့ပဲ .. မင်းက ဘာကြိုက်မှန်း မသိလို့လေ .."

စားစရာတွေကို သူပဲ တစ်ထုပ်ချင်း ပြကာ ...

"ဒါက မုန့်တွေ .. အအေးဘူးတွေတော့ ရေခဲသေတ္တာ ရှိတယ်.. ဒီအထုပ်က မင်း လောလောဆယ် လဲလို့ရအောင် ညဝတ်အကျီနဲ့ အဝတ်စား နှစ်စုံလောက် ပါတယ် .. ငါလည်း မသိဘူး .. အသိတစ်ယောက်ကို အကူအညီတောင်းပြီး ဝယ်ခိုင်းရတာ .. မိန်းကလေး အသုံးအဆောင်တွေ ပါသေးတယ် ပြောတာပဲ .."

"ဒါတွေကို ဘယ်သူက လိုအပ်နေလို့လဲ ဦးဆောင်း .. အခု ကျွန်မ လိုအပ်နေတာ .. အိမ်ပြန်ချင်တယ် .."

"မင်းကို ငါ ခိုးယူထားတာ .. ခဏတစ်ဖြုတ် စကားပြောဖို့ အခန်းထဲ ထည့်ပိတ်ထားတာ မဟုတ်ဘူး .."

"ရှင် ခိုးယူတိုင်း ငြိမ်နေရအောင် ကျွန်မက အရုပ်မှ မဟုတ်တာ.."

ထိုင်ရာကနေ သိုက် ဝုန်းခနဲ ထရပ်သည်။ ဆောင်း က စားပွဲနားကနေ နောက်ကို တစ်လှမ်း ဆုတ်ရပ်လိုက်ပြီး ...





"အရုပ်ဆိုရင် ဘယ်လောက် တန်ဖိုးကြီးကြီး ငါ ဝယ်နိုင်တယ်.. မင်းကို .."

"ခုလည်း ရှင့်ကျေးဇူးတွေ မဆပ်နိုင်အောင် ဖို့ပန်းပြီး လူကို သိမ်းလိုက်သလို ဖြစ်နေတာပဲ .. အဲဒါ နားလည်ရဲ့လား .."

"သိပ်လည်တာပေါ့ .. အဲဒီပုံစံ ဖြစ်ရင် ဖြစ်နေလိမ့်မယ် .. အဲဒီလိုတော့ မဟုတ်ဘူး .. ဒါကို မင်း နားလည်ဖို့ပဲ လိုတာ .."

"အစက လည်တယ် .. အခု မလည်တော့ဘူး .. ရှင် ဘာရည်ရွယ်ချက်တွေနဲ့လဲ .. အဲ့ဒါကို ပြောစမ်းပါ .."

"မင်းက ကမ်းကုန်အောင် ဆိုးလွန်းတော့ ငါလည်း လိမ္မာနေလို့ မရတော့ဘူးလေ .. သေချာတာက မင်းနဲ့ မင်းအဖေအပေါ်မှာ ငါ ဘယ်တော့မှ မယုတ်မာဘူးဆိုတာပဲ .."

"မရဘူး.. အဲဒီလောက်နဲ့ ကျွန်မ အိမ်ထောင်ပြုဖို့က မမှုတဘူး.."

သိုက် က မထင်မှတ်ဘဲ ကလေးဆန်နေလိုက် ..၊ သိချင်နေတော့လည်း သူမပဲ သိ .. သူမပဲ တတ်နေကာ ချက်ချင်းကြီး လူကြီးလေးလို ဖြစ်သွားလိုက်နှင့် ...

"ဦးဆောင်း .."

ဆောင်း ရှေ့ကို ဆောက်ဆတ်ဆတ်လေး လျှောက်သွားကာ သိုက်ရဲ့ မျက်နှာလေးက ရန်လိုနေတာလား .. တကယ် နားမလည်နေတာလား ဘာမှန်းလည်း မသိဘဲ ...

"ရှင့်ကို မကောင်းတရောင်း ကြံစည်တဲ့လူလို့ ကျွန်မ မထင်ချင်ဘူး .. ကျွန်မလို အဆင့်အတန်းလောက်ပဲရှိတဲ့ မိန်းကလေးကို ခိုးယူလက်ထပ်နိုင်ဖို့အထိ ရှင့်လိုလူက ကြိုးစားနေတယ်ဆိုတာက ပိုတောင် သဘာဝမကျသေးတယ် ..၊ အဲဒီတော့ တစ်ခုပဲ ရှိတော့တယ် .. ရှင် ကျွန်မကို ဟို .. ဘာလဲ .. ဘာဖြစ်ချင်တာလဲ ..၊ ရှင် မပြေပြနိုင်ရှင် တွေးလို့ ရတာ တစ်ခုပဲ ရှိတယ် နော် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ဘာလဲ .. ပြောကြည့်လိုက် .."

အေးစက်စက်မေးပုံကြောင့် သိုက် မျက်နှာလေး တင်းသွားခဲ့သည်။

"ပြောကြည့်လိုက်ဆိုတော့ .. ရှင် ယုတ်မာချင်လို့လေ .. ငါ ဘယ်အချိန် ကောက်စားစား ဖြစ်တယ်ဆိုတဲ့ အပိုင်ကြံချင်စိတ်နဲ့ မိကျောင်းတွေ အစာစုသလိုမျိုး .."

"ဟွန်း .."

"မမဲ့ပါနဲ့ .. ကျွန်မလို အဆင့်အတန်း မိန်းမကိုများ မမှန်းဘူးဆိုတဲ့ ရင်ထဲက စကားတွေ ရှင့်နှုတ်ခမ်းပေါ်တင်ပြီး မဲ့ပြဖို့ မလိုဘူး သိတယ်.. ဒါပေမယ့် ရှင် သိထားစမ်းပါ .. ရှင်တို့လိုလူတွေရဲ့အမြင်မှာ ဒီလို အဆင့်အတန်းလောက်ပဲရှိတဲ့ မိန်းမဆိုပေမယ့် အဲ့ဒီမိန်းမကို ရှင် ထင်သလို အလွယ်တကူ ရမယ် ထင်ရင် မှားသွားလိမ့်မယ် .."

"ဘာကိုလဲ ပြော .. ဘာကို အလွယ်တကူလဲ .."

ဆောင်း ပြန်မေးတော့ သိုက် ရဲ့ပါးမို့လေးတွေ ရဲသွားသည်။

"လွယ်တာတွေ .. ခက်တာတွေ ငါ ဘာကိုမှ စိတ်မဝင်စားဘူး.. ငါ စိတ်ဝင်စားတာ မင်းပဲ .."

ဘာကို ဆိုလိုမှန်းတော့ မသိ ...၊ သိုက် က သူ့မျက်နှာပေါ်က လိုရင်းကိုပဲ စူးစိုက် ရှာဖွေနေခဲ့၏။

"မင်းဘဝကို ငါ ပျက်စီးခွင့် မပေးနိုင်ဘူး ...၊ အဲဒီအတွက် မင်း ထင်ရာလုပ်ခွင့် မရှိဘူး .."

"နေပါဦး .. ကျွန်မဘဝကိုရော ရှင် ဘယ်တုန်းက စိတ်ဝင်စားသွားတာလဲ .."

"ခု စိတ်ဝင်စားလို့ ခု မင်းကို လက်ထပ်မှာ .. စားစရာရှိတာကို စား .. ခဏကြာရင် ရှေ့နေတွေ လာလိမ့်မယ် .."

"ဘာ!..."

"မင်းနဲ့ ငါ လက်မှတ်ထိုးဖို့ .."





"ရှင့်ကို ဘယ်သူက လက်ထပ်ချင်ပါတယ် ပြောနေလို့လဲ .."

"လက်ထပ်ချင်ပါတယ် ပြောတိုင်း ငါက ခေါင်းညိတ်နေတဲ့ ကောင်လား .."

သူ့ဟာသူ ပြောနေတာ စကားလုံးတွေကတော့ နူးညံ့တာ ဘာမှ မပါ ...၊

ဒါပေမယ့် ကြိမ်ဆန်ခါကွက်လေးတွေ ခြားနေသည့် တစ်ဖက်မှာ ပန်းကန်နှစ်ချပ် သွားယူလာကာ သူ့ဘာသာ စားစရာတွေ ဖြေထည့်နေသည်။ ပြီးတော့ တစ်ယောက်တစ်ပွဲ သေချာ နေရာချလိုက်ပြီး သိုက် အတွက်လည်း ခုံဆွဲပေးကာ ...

"လာ ထိုင် .."

"မစားချင်ပါဘူး .."

"မစားလို့ မရဘူး .."

"အို!... ရှင် ဘယ်လိုဖြစ် .."

လက်ကို အတင်းဆွဲပြီး ခုံမှာ တိုင်ကျသွားမှ သူ့နေရာမှာ သူ ပြန်ထိုင်သည်။ ပြီးတော့ ဇွန်းတစ်စုံစီကို သူပဲ ထုတ်ယူပြီး သိုက် ကို တစ်စုံ လှမ်းထည့်ပေး၍ ...

"ချစ်တာတွေ .. မေတ္တာတွေ ကိုယ်တို့ ဘာမှ မဆွေးနွေးဖြစ်ကြဘဲ လက်ထပ်ဖို့ ဖြစ်သွားတာ ...၊ အဲ့ဒီအတွက် ဆောရီးပဲ .."

"ဘာ!..."

သိုက် က ခေါက်ဆွဲပန်းကန်ရှေ့မှာ ငုတ်တုတ်ထိုင်ပြီး မျက်ရည်ကျနေ၏။

"ရှင်က ဆောရီး ဟုတ်လား .. ဖေကြီးဘက်ကလည်း ရှင်နဲ့ဆိုရင် သိပ်ပြဿနာ မရှိနိုင်ဘူး .. ရှင်ကလည်း ကျွန်မတို့ကို ကူညီနေတယ် ဆိုပြီးတော့ပေါ့ .. ဟုတ်လား .."

"မဟုတ်တာတွေ ခေါင်းစဉ်မတပ်ပါနဲ့ .. မင်းနဲ့ ငါ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ကျကျ လက်မထပ်နိုင်ဘူး … အဲ့ဒါ မှန်တယ် … မမှန်တာက အခြေအနေ အချိန်အခါတွေကြောင့် …”

“ရှင် သိုက် ကို ဒီမှာ အလုပ်လုပ်စေချင်တယ်ဆိုရင်လည်း ဒီလောက်ထိ ပါဝါတွေပြဖို့ မလိုဘူး ဦးဆောင်း … မနက်ကစပြီး ဒီမှာပဲ အလုပ်ဆင်းမယ်… သိုက် ကို တံခါးဖွင့်ပေးပါ… ခု အချိန်ရှိပါသေးတယ်”

“မဟုတ်ဘူး …”

“သိုက် ဒီလိုပဲ မိုးချုပ်မှ ပြန်ရတဲ့အခါတွေလည်း ရှိတာပဲ … ခုနေ ပြန်ရင် ဖြစ်ပါသေးတယ် … ရှင် ကျွန်မတို့သားအဖကို ဒီလောက်ထိ ကူညီဖို့ မလိုဘူး … ကျွန်မကြောင့် … ကျွန်မတို့ကြောင့် ရှင့်ပတ်ဝန်းကျင်မှာ ရှင့်ရဲ့ဂုဏ်သိက္ခာတွေ ဘယ်ထိ ထိုးဆင်းမလဲ အဲ့ဒါကို သိရဲ့လား…”

ဆောင်း က တူကို ကိုင်ရင်း ငြိမ်နေတော့ သိုက် က မျက်ရည်ကို လက်ဖဝါးတစ်ဖက်နဲ့ ဖိပွတ်ပစ်ကာ …

“ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ဆိုတာ စာချုပ်နှစ်စောင်တည်းနဲ့ ပြီးသွားမှာ မဟုတ်ဘူး … ရှင် သိလား …”

“ဟုတ်လား …”

သူ ပြန်မေးတာ ရွဲ့တာလား မသိ …၊ လှောင်မှန်း မသိ …၊ ဒါပေမယ့် …

“ဟုတ်တယ် … ကျွန်မ ဘယ်လောက်ပဲ ပေါ့ပျက်ပျက် ပြောနေနေ … ဘယ်လို ဆုံးဖြတ်ဆုံးဖြတ် … အိမ်ထောင်ရေးဆိုတဲ့ နယ်ပယ်အတွက် စဉ်းစားရင် ယောကျ်ားတွေထက်တော့ သာပါတယ် …”

“မင်း ဘာမှမတွေးလို့ ခုလို ဖြစ်ကုန်တာပဲ … မင်း တော်တော့ သိုက် …”

စားဖို့ အဆင်သင့် ဖြစ်နေကာမှ တူကို ပြန်ချလိုက်ရသည်။

“အိမ်ထောင်ရေးဆိုတာကို အိမ်ထောင်ပြုခါနီးမှ တွေးလို့ မရဘူး… မင်း ကိုယ့်ဘဝကို ထည့်မတွေးလို့ ထင်သလို နေ … ထင်ရာ လျှောက်လုပ်တာ …”





“ဒါက ကိုယ့်ဘဝနဲ့ ကိုယ်ပါ … ကျွန်မ ကိုယ့်ဘဝနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ ရှင့်လိုလူကို မမှန်းဘူးဆိုရင် အားလုံး ဘာမှပြဿနာ မရှိဘူး …”

“ကျွတ်!…”

သူ စိတ်ပျက်စွာ စုတ်သပ်ရင်း နေရာမှ ထရပ်လိုက်မိ၏။

“ကဲ … အခု မင်း ငါနဲ့ အပ်စပ်တယ် … လက်ထပ်ဖို့ကလည်း အဆင်သင့်ပဲ … မင်း ခေါင်းညိတ်လိုက်ရင် ပြီးပြီ …”

“မညိတ်ဘူး … ရှင် ဖေကြီးကို ကူညီချင်တာနဲ့ ကျွန်မကို လက်ထပ်ဖို့ မလိုဘူး …”

“ဘာလဲ … မင်းကို ငါက ချစ်လို့ လက်ထပ်ချင်တာပါလို့ ပြောစေချင်တာလား …”

“ပြောလည်း မယုံဘူး… ရှင်နဲ့ ကျွန်မ သဘာဝမကျတာတွေ မလုပ်ကြဖို့ အတူတူ သဘောတူ ဆုံးဖြတ်ဖို့ လိုတယ် ဦးဆောင်း … အခု အချိန်ရှိပါသေးတယ် …”

သိုက် က နေရာမှ အားတက်သရော ထရပ်လိုက်ကာ …

“ရှင် ဒီလောက်မြန်မြန်ကြီး ဒီကိစ္စကြီးကို ဘယ်လို ဆုံးဖြတ်လိုက်သလဲ မသိဘူး … တကယ်တော့ ဒါ ကမ္ဘာကြီး ပျက်သုဉ်းမသွားနိုင်ဘူး မယ့် ရှင်နဲ့ ကျွန်မတို့ နှစ်ယောက်ကတော့ ကမ္ဘာပျက်မှာ နော် …”

“မင်း ငါ့အတွက် ပူနေဖို့ မလိုဘူး သိုက် … ငါ ဆုံးဖြတ်တာ ငါ့မှာ အကြောင်းရှိတယ် …”

“ရှင့်မှာ အကျိုးအကြောင်းတွေ ရှိနေတိုင်း ကျွန်မကို လိုသလို အသုံးချမယ်ဆိုရင်လည်း ကြိုပြောပါလား …၊ ရှင် ကျွန်မကို ပွင့်ပွင့်လင်းလင်း တိုင်ပင်မယ်ဆိုရင် ရှင့်ရဲ့ကျေးဇူးတရားတွေကြောင့် ကျွန်မ ကူညီမှာပါ … လက်ထပ်ကြဖို့ထိ မလိုပါဘူး …”

“သိုက် … မင်း ဘာကို ပြောတာလဲ … ငါက ဘာဖြစ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်လို့လဲ .."

"ရှင့်မိဘနဲ့ တစ်ခုခု မပြေလည်လို့ မိန်းမရနေတဲ့ အကြောင်းပြ ချက်မျိုး ရှိချင်တာဆိုရင် .."

"ဟာကွာ .. ကျွတ်!..."

"ခုထိလည်း ကျွန်မကို ရှင် ဆွေးနွေးလို့ ရသေးတယ်နော်.. တံခါး ပဲ ဖွင့်ပေး .."

"မင်းအဖေကို ငါ ခိုးသွားပြီလို့ စာရေးပို့လိုက်ပြီးပြီ .."

"ရတယ် .. ပြဿနာ မရှိဘူး .."

"ဘာကွ!..."

"ရှင့်ကို ဖေကြီးက ယုံကြည်ပြီးသား .. ဖေကြီးကို သိုက် ဘာသာ ရှင်းပြနိုင်တယ်ဆိုရင် ရှင် ပူမနေပါနဲ့ .. တံခါးသာ ဖွင့်လိုက်ပါ .."

"သိုက် .."

"ဘာလဲ ..၊ ဖယ် .. မကိုင်နဲ့နော် .."

သိုက် သည် အရူးမလေးသဖွယ် ဖြစ်နေကာ တတွတ်တွတ် စည်း ရုံးရင်း တံခါးနားကို သွားသည်။ ဆောင်း က တားဆီးမလို့ အနားတိုး သွားလိုက်တာနှင့် ဆတ်ဆတ်လူး ပုတ်ခတ်ခါပစ်ကာ တံခါးကို ကျောနဲ့ ကပ်ထား၏။

ပြီးတော့ သူမ ဘယ်လို ဆုံးဖြတ်ပြီး ဘယ်တုန်းက ကိုင်ထားမှန်း မသိသော သစ်သီးစားသည့် ခက်ရင်းသေးသေးလေးက လက်ထဲမှာ...

"တံခါး ဘယ်လိုဖွင့်ရမှာလဲ ဖွင့်ပေး .. မပေးရင် သိုက် ကိုယ့် လည်ပင်းကို ထိုးပစ်လိုက်မှာ .."

ဆောင်း မျက်လုံးပြူးသွားသည်။ ချွန်ထက်သောအရာမှန်သမျှဟာ လူကို သေစေနိုင်တာမို့ ခက်ရင်းသေးသေးလေးပေမယ့် ထိတ်လန့်သွား မိကာ ...

"မလုပ်နဲ့ .. မလုပ်နဲ့ သိုက် .."





"ဖွင့်ပေး .."

"နေဦး .. နေဦး ခဏလေး .. ကိုယ် ပြောတာ နားထောင် .."

လက်ကာတားရင်း သူ ရှေ့ကို တရွေ့ရွေ့ တိုးသွားမိသည်။ သိုက် က ခက်ရင်းကို လက်ပြန်ဆုပ်ထားပြီး လည်ပင်းထောက်ထား၏။

"သိုက် .. မင်းလိုပဲ ကိုယ်လည်း အိမ်ထောင်ရေးကို ဘယ်တုန်းကမှ အလွယ်တကူ ဆုံးဖြတ်ပြီး လွယ်လွယ် စခန်းသွားဖို့ စိတ်ကူးခဲ့တာ မဟုတ်ဘူး .. ခုချိန်ထိလည်း ဘယ်မိန်းမကိုမှ ကိုယ် မချစ်ခဲ့သေးဘူး.. နောက်ထပ် သေချာတာက မင်းလောက် တရင်းတနှီး ပြောဆိုရင်းနှီးခဲ့ တာ .. မင်းကို စိတ်ပူရတာမျိုးလည်း ဘယ် သူစိမ်းမိန်းကလေးအပေါ်မှာ မှ ကိုယ် မဖြစ်ခဲ့ဘူး .. အဲ့ဒါ ကိုယ် တကယ်ပြောတာ .."

မဟာဆန်၍ ရှင်းသန့်ချောမွေ့နေသော ဆောင်း ရဲ့ရုပ်သွင်ကို စူး စိုက်ငေးရင်း သိုက် မျက်ဝန်းမှာ ဝေ့လည်နေသော မျက်ရည်စတွေက ပုံရိပ်ကို နှစ်ထပ်ဖြစ်လိုက် .. ဝေဝါးသွားလိုက် ...၊

ဒီလူကို မင်းသားလို့ ခေါ်တာ ကြားသည်။ ဘာဇာတ်ဆို လှည့် မကြည့်ဘဲ လက်ကမ်းလိုက်တာနှင့် လိုတဲ့ပစ္စည်းက လက်ထဲကို ရောက် ပြီးသား ...၊

ပြီးတော့ ဒီလူက ကျိုကျိုတက် ချမ်းသာသည့် တစ်ဦးတည်းသော သား ...၊

သူဌေးကြီးလိုလို ဦးဆောင် လှုပ်ရှားနေပေမယ့် ကိုယ့်ထက် အလွန်ဆုံး အသက်ကြီးမှ သုံးနှစ်လောက်ပေါ့ ...၊ ဒီလောက်ထိ ပြည့်စုံ ပိုလျှံနေသည့်လူက သိုက် ဆိုသည့် သူမနဲ့ ...

"မလိုချင်ဘူး .. ဘာမှ မပြောနဲ့ .. တံခါးဖွင့်ပေးဆို ပေး .."

သူမ အချိန်မီ ပြန်ရမည်။ ဒီလူနဲ့ သူမ ဒီလိုပြဿနာ ရှိခဲ့ကြတာ မနက်မိုးလင်းသွားတာနဲ့ ဒါက အိပ်မက် ...၊

"ကိုယ် ပြောနေတာ မပြီးသေးဘူး သိုက် .."



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူးလို့ ပြောနေတာ ရှင် မကြားဘူးလား .. ဖေကြီးနဲ့ ရှင် ဘယ်လို နားလည်မှုတွေပဲရှိရှိ အဲဒီ ကျေးဇူးတင်တာတွေ .. ကူညီချင်တာတွေကို သိုက် နဲ့ ပတ်သက်ဖို့ မလိုဘူး .."

"ဒါပေမယ့် လေးလေးနဲ့ ကိုယ့်မိဘတွေမှာ ပြဿနာရှိခဲ့ကြတယ်ဆိုရင် အဲဒီပြဿနာကို ဖြေလည်ဖို့ ကြိုးစားရမှာ ကိုယ်တို့တာဝန် မဟုတ်ဘူးလား .."

"ဘယ်လို!..."

"ခဏပဲ လက်ကို ချလိုက် .. ကိုယ် ပြောပြမယ် .. ဒါပေမယ့် မင်းအဖေ တားဆီးထားတာ ရှိတဲ့အတွက် ဒီပြဿနာတွေ ရှုပ်ထွေးနေတဲ့ အချိန်မှာ အားလုံးကိုတော့ ရှင်းမပြနိုင်ဘူး .."

သိုက် မျက်နှာမှာ သိချင်သွားတဲ့ပုံ ဖြစ်ခဲ့ပေမယ့် ခက်ရင်းကို လည်ပင်းမှာ ထောက်ထားဆဲ ...

"ခက်ရင်းကို ချထားလိုက် .. ကိုယ် ရှင်းပြမယ် .."

ဆောင်း က အနားကို ကပ်သွားကာ လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ပြီး ခက်ရင်းကို လုယူလိုက်သည်။

"သိုက် .."

သူမရဲ့ ပခုံးလေးနှစ်ဖက်ကို သူ ဆုပ်ကိုင်ပြီး မချင့်မရဲ ခေါ်မိကာ...

"မင်း ခုထိ တစ်ဇွတ်ထိုးလုပ်ချင်တုန်းပဲ သိုက် ရာ .. တကယ်ပဲ မင်း .."

"ပြောမယ်ဆိုတာကို ပြော .. ယုံသင့်မှ ယုံမှာ .."

လက်တွေကို ဖယ်ချပစ်ကာ သိုက် က အတင်းရုန်းထွက်၏။ ဆောင်း က သူမ လက်ဖဝါးလေးတစ်ဖက်ကို ပြန်ဆွဲထားလိုက်ပြီး ...

"မင်းအဖေ ကိုယ့်ကို ယုံကြည်တယ်ဆိုတာ အကြောင်းမဲ့ မဟုတ်ဘူး .."

"ဒေါက် .. ဒေါက် .."





တံခါးခေါက်သံ ကြောင့် နှစ်ယောက်စလုံး တံခါးနားက ခွာလိုက်မိကြ၏။

"ဆရာ .."

"ပြော .. အောင်လင်း .."

"အန်ကယ်လ်ကြီးက ရှေ့နေကြီးတွေ ရောက်လာပြီလို့ အကြောင်းကြားခိုင်းလို့ပါ .."

"အေး .. ခု ထွက်လာခဲ့မယ်လို့ .."

ပြောပြီး သိုက် မျက်နှာလေးကို တောင်းပန်သလို ကြည့်ကာ —

"လက်မှတ်ထိုးရအောင် .."

"ပြောမယ်ဆိုတာကို အရင် ပြော .."

"လက်မှတ်ထိုးထားဖို့က ပိုအရေးကြီးတယ် သိုက် .. မင်းကို လိမ်ညာလက်ထပ်ရလောက်အောင် ငါ မယုတ်မာဘူးဆိုတာ ယုံ .."

သူ သိုက် ရဲ့ပခုံးလေးကို ဖက်ထားလိုက်ပြီး တံခါးဘေးက မှန်ချပ်ပြားလေးလို လေးထောင့်ကွက်လေးပေါ် လက်မနဲ့ နှိပ်လိုက်သည်။

ပြီးတော့ တံခါးကို ဆွဲဖွင့်လိုက်တာ အသာလေး ...၊ ဘယ်နေရာကို ဘာလုပ်လိုက်တာလဲဆိုတာ သေချာ ကြည့်မိရင်း ...

သိုက် စိတ်ဝင်စားတာက တံခါးဖွင့်ခြင်းပေါ်မှာ အမိက ဖြစ်သွားခဲ့၏။

ပြီးတော့ .. ပြီးတော့ရဲ့နောက်မှာ ရှေ့နေကြီးတွေ သက်သေထား၍ ဆောင်း နဲ့ သိုက် တို့ လက်မှတ်ထိုးခဲ့ကြသည်။

ပြီးတော့ .. ဘာဖြစ်မယ်ဆိုတာ မသိ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"မမကြီး မကိုင်ချင်မှန်းသိလို့ ကျွန်မပဲ နားထောင်လိုက်တာလေ.. ကောင်မလေးကို လူလေးက သူ့အလုပ်ထဲမှာ ခေါ်သွင်းထားတယ်တဲ့.. မောင်နေရိပ် ရဲ့ကားနဲ့ တိုက်မိခဲ့တဲ့ ဒုက္ခိတဆိုလား .. ဖအေက ခြေထောက်တွေ မကောင်းလို့ ချိုင်းထောက်နဲ့တဲ့ ..၊ ဒါပေမယ့် မမကြီး အဲ့ဒီလူကြီးကလည်း ပထွေးလို့ ပြောတယ် .."

"ဟုတ် .."

စိတ်တွေ ပူလောင်လှုပ်ရှားကာ ပုတီး နာနာစိပ်နေရင်း ကျောက်ခနဲ လွတ်ကျ၏။

နာရီကို ကြည့်တော့ ညဥ့် ဆယ့်နှစ်နာရီ ထိုးနေပါပြီ ..။

နေ့လယ်က ဆု ဖုန်းဆက်တဲ့အကြောင်း မယ်ကြိုင် လာပြောပြခဲ့သည်။

အဲဒီလူတွေဆို စကားလည်း မပြောချင် ..၊

မြင်လည်း မမြင်ချင်..။

သူတို့ကလည်း သိပ်မလာကြတော့ပါ ..၊





ထို့ကြောင့် ဆု က သူမ ဘာသာ အချိန်ကုန် လှုပန်းခံပြီး စုဆောင်းရရှိသည့်သတင်းကို ဖုန်းနဲ့ပဲ ဆက်ပြောတာ ဖြစ်၏။

"သူတို့မိသားစုက နဂိုတည်းက လူတော်လူကောင်းတွေ မဟုတ်ကြဘူးဆိုတာ မမကြီးလည်း သိတာပဲ ..၊ မယုံဘူးဆိုတာတော့ မဟုတ်ဘူးလေ့ .. ဒါပေမယ့်လေ .. နည်းနည်းတော့ စဉ်းစားပါဦးလို့ ကျွန်မပြောပါရစေ .. သူတို့ပေးတဲ့ သတင်းနဲ့ပဲ ဖြစ်ပျက်ခဲ့တာတွေက တစ်သက်စာ သေရာပါဒဏ်ရာတွေပါ .."

ဒေါ်ကြိုင် ပြောခဲ့တာတွေကိုလည်း သတိရသည်။ ဟိုက ပေးတဲ့ သတင်းတွေကိုလည်း အထပ်ထပ် ဆင်ခြင်နေမိ၏။

သူမ ဘာလုပ်သင့်သလဲ ..၊

မိုးလစ်အိမ်က ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မြပုခက်နဲ့ အိပ်စက်ခဲ့တဲ့ ကလေးတွေကျမှ ဘာဖြစ်လို့ ရွှံ့ထဲ ဗွက်ထဲက ဖျာစုတ်ပေါ် ခုန်ဆင်းခဲ့ကြတာလဲ ..။

သမီးကြီး နဲ့ သား ..၊

ခုတော့ မြေးလေး လာပြန်ပြီ ..၊

ပုတီးကို ပြန်ကောက်ယူရင်း ဘုရားခန်းထဲ ဝင်လာခဲ့မိသည်။ ရင်ထဲမှာ ဆောက်တည်ရာမဲ့ ပူလောင်လာပြီဆို ဘုရားရှေ့ ပြေးထိုင်လိုက်ရမှ သက်သာသည် ထင်၏။

"သူ့ချစ်သူကို ကြီးကြီးက ရက်ရက်စက်စက် ပြောတာ အရမ်းစိတ်နာတယ် တဲ့ .."

"သူ့မိန်းမ ဖြစ်နေကာမှ အပြောမခံနိုင်တော့ဘူးတဲ့ .. အဲ့ဒါကြောင့် ဘယ်တော့မှ ပြန်မသွားဘူးတဲ့ .."

"ကြီးကြီးကိုယ်တိုင် သူ့မိန်းမကို လာခေါ်မှ သူ ပြန်မှာတဲ့ .."

သားငယ်ကို ဒီလိုနည်းတွေနဲ့ သူမ ဆုံးရှုံးခဲ့ရသည်။

"သင်းက ဒီလိုလား .. တန်ကြေးမရှိတဲ့ မိန်းမကို ယူထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါက အောက်ကျို့ခယပြီး ခေါ်ရမယ်တဲ့ .. ဝေးသေးတယ် ..၊ ဘယ်တော့မှ ပြန်မလာစေနဲ့ .. ငါ သေတာတောင် လာမကြည့်နဲ့လို့ .. သင်းလည်း ဘယ်မှာ ဘာဖြစ်နေနေ ငါ နားမစွင့်ဘူး .."

မာနတွေနဲ့ သူမ ဒီတိုင်း ကြွေးကြော်ခဲ့သည်။

ကိုယ်က မသေသေးပေမယ့် သားငယ်ကတော့ သေတဲ့အထိ ကိုယ့်ဆီကို တကယ် ပြန်မလာခဲ့တော့ပါ ..။

ပြီးတော့ သမီးကြီး ..၊

"သူ့ယောကျ်ားမျက်နှာကို မြင်ရင် ကြီးကြီး နေ့စဉ် ဒေါသတွေထွက်နေမှာတဲ့ .. ကြီးကြီး ခွင့်မလွှတ်ဘူးဆိုတာ သူ သိနေတယ် သိလား ..၊ သူ့ယောကျ်ားကလည်း ပြန်မသွားဖို့ပဲ ပြောနေတာတဲ့ .. သူ့ယောကျ်ားစကား နားယောင်နေသရွေ့ ကြီးကြီးဆီကို ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး .."

"ကြီးကြီးက ငွေဂုဏ်မောက်လွန်းလို့ သူတို့အချစ်တွေကို ဆုံးရှုံးမခံနိုင်ဘူးတဲ့ .. ပြီးတော့ ကြီးကြီးရဲ့စိတ်နဲ့ သူတို့မောင်နှမက အစတည်းက သားအမိပေမယ့် အသွင်မတူဘူးတဲ့ .. စုံနေတာပါပဲ ..၊ သူက ယောကျ်ားကို တော်တော် သနားနေတာ .. ကြီးကြီးက အပြောပက်စက်လွန်းတယ် တဲ့ .."

ဘုရားရှေ့မှာ ကျုံ့ကျုံ့ထိုင် ပုတီးစိပ်ရင်း လက်တွေပါ တုန်လာသည်။

ဘုရားရဲ့ဂုဏ်တော်ကို ပွားများနေပေမယ့် ကိုယ့်ရဲ့ ဂုဏ်မောက်ခဲ့ခြင်းတရားတွေပဲ အထပ်ထပ် ပေါ်လာနေခဲ့သည်။

သူမ တကယ်ပဲ မောက်မာမိခဲ့သလား ..၊ ခုလည်း မြေးရဲ့သတင်းကို ကြားရတည်းက တစ်နေကုန် ထိုင်နေလို့ မရ .. ထလျှောက်နေလည်း အဆင်မပြေ ..။

'ငါ ဆုံးဖြတ်မှားခဲ့တာတွေ ရှိတယ် .. စိတ်နောက်ကိုယ်ပါ မလုပ်





နဲ့' လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမနေရင်း အဆင့်အတန်းဆိုတာကိုပဲ စိတ်က ဝဲလယ်ရင်း ခံရခက်နေခဲ့၏။

ကိုယ့်ကလေးတွေချည်းပဲ ဒီလောက်ထိ ဘာဖြစ်လို့ ပြာပုံတိုးနေကြတာလဲ ..။

နောက်ဆုံး ဘုရားရှေ့မှာထိုင်ပြီး ညာနေရသလို ဖြစ်လာသဖြင့် ဦးသုံးကြိမ် ချပြီး ခပ်ဖြည်းဖြည်း ထရပ်မိလျှင် ...

"ဒုတ် .."

လှည့်ကြည့်လိုက်တော့ ကိုယ့်နောက် တကောက်ကောက်လိုက်နေသည့် ကောင်မလေး ..၊

ဘုရားခန်းတံခါးဝမှာ ငုတ်တုတ်ငိုက်နေတာ ဖြစ်၏။

"ဟဲ့ .. မိချွေ .. မိချွေ .."

"ဟင်!... ရှင် မေမေကြီး .."

"ထ .. ထ .. သွားအိပ်တော့ .. သွား .."

"မအိပ်ပါဘူး မေမေကြီးရဲ့ .. ရပါတယ် .."

မျက်လုံးမဖွင့်ဘဲ ကမန်းကတန်း ကျုံးထကာ လူကိုမတွဲဘဲ တံခါးဘောင်ကို ကိုင်၏။ ပြီးမှ ...

"ဟင်!... သြော် .."

မျက်လုံးကို ပြူးပြဲဖွင့်ပြီး ဒေါ်ဟောမာန်ဆောင်း ကို လာတွဲသည်။

"သွားအိပ်ချေတော့ သွား .. ငါ ခဏ ထိုင်နေမလို့ .."

ဒီည ညဥ့်နက်မှတော့ တရားနှလုံးသွင်းရင်း အိပ်ပျော်ဖို့က မသေချာတော့ပါ ..၊

မြေးနဲ့ ဒီကောင်မလေးရဲ့ ရင်းနှီးမှုကို သူမ ဥပေက္ခာထားလိုက်ရမလား ..။

ရင်းနှီးနေတာ မဟုတ်ဘဲ ချစ်သွားခဲ့ပြီဆိုရင် သူ့အမေ .. သူ့ဦးလေးတွေလိုပဲ လုပ်သွားဦးမှာလား ..၊



www.burmeseclassic.com

လုပ်သွားမယ်ဆိုရင် သူမ ရှေ့နည်းတွေအတိုင်းပဲ အမြွေဖြတ်ရမလား .. စွန့်လွှတ်ရမလား ..။

မဟုတ်ဘူး .. မဖြစ်ရဘူး ..၊

လုံးဝ မဖြစ်ရဘူး .. ငါ တားရမှာ ..၊

ဆုံးဖြတ်ချက်ကို အထပ်ထပ်ချ၍ 'ဒီတိုင်း လုပ်ရမယ်'လို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပဲ ယုံကြည်မှုနဲ့ အားတင်းခဲ့ပေမယ့် ဒီဆုံးဖြတ်ချက်ကြောင့် ရင်ထဲမှာ ငြိမ်းချမ်းမသွားပါလား ..။

တစ်ခုခုတော့ ဖြစ်လာတော့မည်။





အခန်း (၃၃)

လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးတည်းက ဆောင်း နဲ့ ဦးဒေဝရယ် .. ဦးသူရ ရယ် .. သုံးယောက်စလုံး အခန်းအောင်းသွားကြသည်။

ပြီးတော့ ဦးဒေဝ နဲ့ ဆောင်း ပြန်ထွက်သွားပြီး ဦးသူရ ကတော့ သိုက် နဲ့ မလှမ်းမကမ်းလောက်မှာ ရှိနေတာ မြင်ရသည့်ပြင် ..

"သူ့ဗွေးက အပြင်မှာ နည်းနည်းကြာမယ် ထင်တယ် .. သမီး အေးဆေး နားလေ .. အန်ကယ်လ်ပဲ စောင့်နေလိုက်မယ် .."

"ရပါတယ် .."

ကိုယ် အလုပ်လုပ်ရင် ဦးသူရ က ကိုယ့်ရဲ့လူကြီးမို့ တလေးတစား ဆက်ဆံခဲ့တာ ဖြစ်သည်။

ထို့ကြောင့် မကျေနပ်တာရှိနေပေမယ့် ထိုလူကိုတော့ တစ်ခွန်းတစ်စမှ မပြောမိအောင် ထိန်းလိုက်ရသည်။

ပြောပြမယ်ဆိုတာတွေကိုလည်း မပြော ..၊

ဘာလုပ်နေတယ် ဆိုတာလည်း ကိုယ် မသိရဘဲ ခုထည်း လုံးဝ ပြန်ရောက်မလာခဲ့ပေ ..၊

www.burmeseclassic.com



ညဉ့်နက် နှစ်နာရီလောက်ကျမှ ပြန်ရောက်လာကာ …

"သိုက် .. ဟိတ် .."

"ဟင် .."

"မင်း မအိပ်ဘူးလား .."

သူ ခေါ်လိုက်တာနှင့် ဆတ်ခနဲ ခေါင်းထောင်သွားတော့ မှိန်းနေတာမှန်း သိလိုက်ကာ ဆောင်း က စိတ်မကောင်းဖြစ်သွားသည့်မျက်နှာနှင့် …

"ဆောရီးကွာ .. ကိုယ် နည်းနည်း အလုပ်ရှုပ်သွားလို့ပါ .."

ပြောရင်းနဲ့ နာရီကြည့်ကာ …

"နှစ်နာရီခွဲတော့မယ် .. မင်း ကိုယ့်အခန်းထဲမှာ သွားအိပ်လေ.."

"မအိပ်ချင်ပါဘူး .."

"ကိုယ် ဒီမှာပဲ အိပ်မှာပါ ..၊ မင်း အထဲက တံခါးပိတ်ထားပေါ့.."

"နေပါစေ .. ရှင့်ရဲ့တံခါးက ကုတ်နံပါတ်တွေလည်း မသိချင်ပါဘူး .. သိုက် ဒီမှာပဲ နေမယ် .."

"မဟုတ်တာကွာ .. ဒရင်းမ်ဘက်ဒ်က ဘယ်လိုလုပ် သက်သောင့်သက်သာ အိပ်လို့ ရမှာလဲ .. ကိုယ်က ဒီလိုပဲ ခဏတစ်ဖြုတ် မှိန်းနေကျထပါ .. ကိုယ် လိုက်ပို့မယ် .."

သူက အနားမှာလာပြီး လက်ကမ်းပေးသည်။ သိုက် က လှည့်ကြည့်ပြီး ခေါင်းခါ၏။

"ဒီလောက် ထိတ်လန့် ပူလောင်နေရတာ ဘယ်လိုလုပ် အိပ်လို့ ရမှာလဲ .. နေပစေတော့ .."

"ဘာကို ထိတ်လန့်နေတာလဲ .."

ဆောင်း က သူမဘေးမှာ ဝင်ထိုင်လိုက်တော့ နှစ်ယောက်ထိုင်ဆိုဖာမို့ လူချင်းက နီးနီးကပ်ကပ် ဖြစ်သွားသည်။

"အားလုံးကို အဆင်ပြေအောင် ကိုယ်ပဲ ရင်ဆိုင်မှာပါ ..၊ မင်းကို





ဘာမှ မထိခိုက်စေရဘူး .. ဘယ်သူမှလည်း မစော်ကားရဘူး .. ကိုယ့်ကို ယုံပါ .."

မီးရောင်အောက်မှာ မျက်ခုံးတန်းနက်နက်လေးတွေ ထင်နေကာ ရန်တွေ့ကောင်းသည့် နုထွေးသော နှုတ်ခမ်းလွှာလေးတွေကို စိုက်ကြည့်မိသည်။

သူ ပေးထားသည့် အင်္ကျီတွေကိုလည်း မလဲ .. ရေမိုးချိုးထားပုံလည်း မရှိဘဲ ဒီတိုင်း ငုတ်တုတ်ထိုင်နေခဲ့မှန်း သိသာလောက်အောင် ပုံစံလေးက နွမ်းဖတ်ဖတ်လေး ဖြစ်နေ၏။

"မင်းအတွက် ကိုယ် ယူလာတာ ရှိတယ် .."

သိုက် က မျက်မှောင်လေး ကုတ်သွားရင်း လှည့်ကြည့်သည်။ သူ့ကုတ်အင်္ကျီထဲက ထုတ်ယူလိုက်တာ ဆွဲကြိုးလေး ..၊

"ခုပဲ ဝယ်လာတာ .. ဒါပေမယ့် ဘူးတွေဘာတွေနဲ့ သေသေသပ်သပ် လုပ်ခိုင်းနေဖို့ အချိန်မရှိတာနဲ့ ဒီတိုင်း ယူလာခဲ့ရတာ .."

ပလက်တီနမ် လည်ကပ်ကြိုးပျော့လေးဖြစ်ကာ အသည်းပုံ လော့ကတ်လေးက ပြိုးပြက်လက်နေသဖြင့် ကြည့်လိုက်မိပြီး သိုက် မျက်နှာလွှဲဖို့ မေ့နေ၏။

"သိပ်တော့ ကဗျာမဆန်ဘူးကွာ .. ကိုယ်က မင်း ကျေနပ်စေချင်တာလေ .. ဒီလိုပြောလို့ မင်းကို ဒါနဲ့ စည်းရုံးတယ်လို့ မထင်နဲ့နော် .. မင်းနဲ့ကိုယ် ဒီည လက်ထပ်ကြတာမှာ မင်းအတွက် အမှတ်တရလေး ရှိစေချင်လို့ ..၊ ပြီးတော့ ကိုယ် မအားတဲ့ကြားက မင်းအတွက် စဉ်းစားပြီး ပြေးလွှားဝယ်ခဲ့တာလေ .. မင်းကို ကိုယ် တန်ဖိုးထားတယ်ဆိုတာ သိစေချင်တာ .."

သူ့မျက်နှာကို သိုက် ပြန်မော့ငေးမိသည်။

သူ အချိန်မတော်ကြီး ပြေးလွှားသွားလာနေတာ ဒါ ဝယ်ဖို့လား..၊ ဒီအချိန်ကြီး ဘယ်ဆိုင်က ထရောင်းလိုက်တာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိတ်ဆွေက ရတနာဆိုင် ရှိတယ်လေ .. သူ့ဆီမှာ ဘယ်လက်ဝတ်ရတနာမဆို အစုံ ရှိတယ် .. အခု အချိန်မတော်ကြီးပေမယ့် ဖုန်းနဲ့ လှမ်းနှိုးပြီး အတင်းရောင်းခိုင်းရတာ .."

သိုက် စိတ်ထဲမှာ တွေးလိုက်တာကို သိနေသလိုမျိုး ထပ်ရှင်းပြပြီး သူက ပြုံးသည်။

"ဒီဘက် နည်းနည်းလေး ယိမ်းပေး .. ကိုယ် ဆွဲပေးမယ် .."

"ဟင့်အင်း .."

သိုက် ခုနကပဲ သူ့ကို ဒေါသတွေထွက်ပြီး မဲ့ရွဲ့ အော်ဟစ်နေသေးတာကို ချက်ချင်းကြီး ကြည်ကြည်ဖြူဖြူတော့ လက်မခံနိုင်ပါ ..၊

ပြီးတော့ သူ ပြောတဲ့ အမှတ်တရမျိုးဖြစ်ဖို့က သူနဲ့ပတ်သက်ပြီး ကိုယ့်ဘက်က စိတ်ကူးမျှော်လင့်ခဲ့တာလည်း ဘာမှရှိခဲ့တာ မဟုတ် ..။

"ဘာဖြစ်လို့လဲ .. ကိုယ် ပြောတာတွေကို မယုံလို့လား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် .."

"ဆက်ပြောလေ .."

"ရှင့်ကို သိုက် မှ လက်မခံသေးတာ .."

"ဟုတ်ပါတယ် .. ကိုယ့်ကို လက်ခံပေးပါလို့ ဒီလက်ဆောင်နဲ့ ပူးတွဲပြီး မင်းကို တောင်းဆိုနေတာလည်း မဟုတ်ဘူး .. ကိုယ် ရှင်းပြနေတာပဲကွာ .. ဒါက ကိုယ်တို့ရဲ့ မင်္ဂလာဦး အမှတ်တရ .."

ပြောပြီး သူပဲ သိုက် ရဲ့ဘေးမှာ တိုးကပ်ထိုင်သည်။ သူကိုယ်တိုင်ပဲ သူမရဲ့လည်တိုင်လေးမှာ ဆွဲပေး၏။

သူ့ရင်ခွင်မှာ မျက်နှာကပ်မိနေသည့်အဖြစ်ကြောင့် မွှေးပျံ့သော သူ့ရဲ့ကိုယ်သင်းနံ့သည် လှုကို မွှေ့ပိုက် ကြည်စယ်နေသလိုပင် ..၊

ရင်ခုန်သံတွေ တဒိန်းဒိန်း ဆောင့်ခါလာသည့်အလျောက် သိုက် လက်ဖျားလေးတွေပါ အေးစက်လာ၏။ ဒီကြားထဲ ဆွဲကြိုး ဝတ်ဆင်နေခြင်းက မပြီးနိုင် ..၊





"ဆောရီးကွာ .."

သူက တောင်းပန်ရင်း အားမလို အားမရ ရှေ့ထပ်တိုးတော့ သိုက် မျက်နှာလေး မော့ထားလိုက်ရ၏။ ဒါတောင် သူ့ပခုံးမှာ ကိုယ့်မေးဖျား က ထိကပ်နေလျက် ...

"မဟုတ်ဘူးကွ .. နည်းနည်းပဲ ငုံ့ပေး .. ဆောရီးပါကွာ .. ကိုယ် လည်း အဲ့ဒါတွေ မကိုင်ဖူးတော့ .."

သူက ရယ်သံစွက်၍ တောင်းပန်သည်။ သို့သော် ခေါင်းငုံ့ခြင်း.. မော့ခြင်းကြားမှာ ရှုပ်ထွေးသွားခဲ့လျက် ...

"ဟ ..... နေဦး .. ခဏလေး .."

လက်ထဲက ဆွဲကြိုး ဘယ်ကို ပြုတ်ကျသွားမှန်း မသိ ..၊ နေရာမှ ဖျတ်ခနဲ ထပြေးကာ သိုက် ရဲ့ကျောနောက်ကို ငုံ့ကြည့်သည်။ ပြီးတော့ သူ ကိုင်သည့်နေရာမှာ ဟိုရှာ ဒီရှာ ..။

"ကိုင်ထားတာကိုကွာ .. လက်ကလည်း .."

ကြိုးက သေးသေးလေးပေမယ့် စိန်တွေနဲ့ လေးကက်က ဆွဲချ သွားခြင်းကြောင့် ...

"နေပေ့စေဘော့ .."

"ဟာ .. နေဦး သိုက် .. ကိုယ် တကယ် လွတ်ကျသွားတာ .."

"ရပါတယ် ဆို .."

သိုက် တစ်ကိုယ်လုံး ပူထူနေပါပြီ ..၊ ဆွဲကြိုး ဘယ်ရောက်သွားသည်ဆိုတာ သူ မသိပေမယ့် ...

"သိုက် ခဏလေးကွာ .. ကိုယ့်ကို စိတ်ဆိုးသွားတာလား .."

"မဟုတ်ပါဘူး .. ဖယ် .. မနက်မှ .."

"ဟာ .. ဘယ်ဟုတ်မလဲ .."

သိုက် လက်လေးတစ်ဖက်နဲ့ ရင်ဘတ်ပေါ် ဖိထားပြီး သူ ဆွဲထားသည့်လက်ကို အတင်းရုန်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ကလည်း မလွှတ်တမ်း ဆွဲထားကာ သိုက် ထရပ်လိုက်ကာမှ သေချာ ကုန်းကွရှာတော့သည်။

"ကျွတ် .. အဲ့ဒါ အဓိပ္ပာယ်မရှိ .. ဟင်!..."

ကိုယ့်ဘာသာ မျက်လုံးထဲမှာ မြင်ယောင်ကာ ဖျတ်ခနဲ တွေးမိသွား၏။

ထိုအခါ သူ့မျက်လုံးတွေ သိုက် ရဲ့ ...၊

"ဖယ်ပါ ဆိုမှ .."

သိုက် က အတင်းဆောင့်ရုန်းပစ်လိုက်ပြီး ထွက်ပြေး၏။

ရုတ်တရက်မို့ လွှတ်ထွက်သွားပြီးမှ ဆောင်း က သိုက် နောက်ကို တလှမ်းလှမ်း လိုက်ကာ လက်ကို ပြန်ဆွဲထားလိုက်ပြီး ...

"သိုက် .."

"ရှင် နော် .."

"ဆွဲကြိုးက မင်းဆီမှာ ဟုတ်တယ် နော် .."

"ရှင် .. ရှင် လွှတ်လို့ ဆို .."

သေချာသွားကာမှ ဆောင်း က သဘောကျစွာ ပြုံးလိုက်ရင်း ...

"ဆောရီး .. ကိုယ်က သေချာချင်လို့ပါ .."

"ဟွန်း .."

သိုက် သူ့ရင်ဘတ်ကို တွန်းပစ်ခဲ့ပြီး ထွက်ပြေးသွားတော့ ရယ်ကာ ...

"ကိုယ် ဝတ်မပေးတော့ဘူး နော် .. တစ်ခါတည်း ချွတ်ထားလိုက်တော့ .."

အခန်းထဲကို ဝင်နေဖို့ ရည်ရွယ်မထားခဲ့ပါဘဲ သိုက် အော်တိုမစ်တစ် ရောက်သွားခဲ့၏။ ပြီးတော့ အပြာရောင်နုနုတို့ လွှင်နေသော အိပ်ခန်းကြီးကို တအံ့တသြ ရပ်ငေးမိသည်။

ဒါ ခဏတစ်ဖြုတ် နားနေခန်းတဲ့လား ...၊





ရင်ဘတ်ပေါ် ဖိထားမိသည့်လက်ကို မလွှတ်မိသေးဘဲ အိပ်ခန်းနဲ့ မျက်လုံး အလုပ်ရှုပ်သွားပြန်၏။

သူမ တကယ်ပဲ လက်ထပ်ပြီးစီးခဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်သွားပြီလား ...၊

ဒါဟာ မင်္ဂလာဦးညဆိုလျှင် ဒီညမှာ ရင်ခုန်ခြင်းမျိုး ဘယ်မင်္ဂလာဦး သတို့သမီး ခုန်မှုးမှာလဲ ...၊

လက်နဲ့ ဖိထားတာတောင် တအုန်းအုန်း ဆောင့်ခါနေဆဲ ရင်ဘတ်ကြီးက အထဲရောက်နေသည့် ဆွဲကြိုးကို ပြန်ခုန်ထွက်အောင် လုပ်နေတာလား မသိ ...။

ဒါမှမဟုတ် နှလုံးသားတစ်ခုလုံးပဲ ထွက်ကျလာတော့မှာလား ...၊

ကိုယ့်ဘာသာ တစ်ယောက်တည်းပေမယ့် ရှက်လည်း ရှက်ပါရဲ့... ရှက်လည်း မရှက်နိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ဒီအိမ်မှာ လူမနေတာ နှစ်ရက်ရှိပြီတဲ့ မမကြီး .."

ကားထဲမှာ ငုတ်တုတ်ထိုင်ရင်း ဒေါ်ဟောမာန်ဆောင်း စကားတစ်ခွန်းမှ မဆိုနိုင် ...၊

နေသည့် ရင်ထဲမှာ ဓားလှံ လက်နက်တွေ တစ်ဆုံးထိ နစ်ဝင်နေကြသလို နာကျင်မှုက ဘာနဲ့ နှိုင်းယှဉ် ဖော်ပြလို့မှ မရနိုင် ...၊

အိမ်က သံပဲဘလင်းခင်းသည့် ပျဉ်ထောင်သွပ်မိုး ...၊

အိမ်ကတော့ ကြီးပေမယ့် သွပ်တွေကလည်း သံချေးတက်တာရော .. ခပ်လတ်လတ်တွေရော .. ဖာရာထေးရာတွေနဲ့ ဗလပွ ...၊

ပျဉ်ချပ်တွေကလည်း ဖြူဖပ်ဖပ်တွေ .. နီတာ မည်းတာတွေ ရောထွေးနေကာ စီးပွားရေး မပြေလည်သူတွေ နေထိုင်ကြသည်ဆိုသော သရုပ်ကို ပီပြင်အောင် ဖော်ပြနေကြ၏။

"မောင်ကျိုင်း .."

"ဟုတ်ကဲ့ မမကြီး .."

"အဲ့ဒီမှာ ဘယ်နှစ်ယောက် နေသတဲ့လဲ .."





"သားအဖနှစ်ယောက်တဲ့ မမကြီး .."

"ဒီက ဘာများ သိချင်လို့လဲ မသိဘူး .."

အိမ်နီးချင်း အမျိုးသမီးတစ်ယောက်က ပြောပြချင်လွန်းလို့ဆိုသည့် အပြုံးမျက်နှာနှင့် ကားကြီးနားကို မယောင်မလည် ရောက်လာ၏။

ပြီးတော့ ကောင်းတတ်ခြင်း .. မကောင်းတတ်ခြင်းကို နားမလည်စွာ ကားထဲကို လည်ပင်းရှည်ထွက်တော့မတတ် လိုက်ငုံ့ကြည့်သေးသည်။

နှစ်တန်းသွား စိန်ဘီးနှင့် နားကပ်ကြီး တဖျပ်ဖျပ် လက်နေသော ဒေါ်ဟောမာန်ဆောင်း ကို ကြက်သွေးရောင် ကတ္တီပါခြုံထည်နှင့် ခန့်ညားစွာ မြင်လိုက်ရလျှင် ပါးစပ်ရော မျက်လုံးပါ ပြူးခနဲ ဖြစ်သွား၏။

ခေါင်းလည်း ချက်ချင်း နောက်ပြန်ဆုတ်၍ အထိတ်တလန့် ပါးစပ် ပိတ်လျက် ...

"ဘာ .. ဘာသိချင်လို့လဲ .. ကျွန်မ ပြောပြပါ့မယ် .. ဒီအိမ်က သားအဖလား ဟင် .."

"ဟုတ်တယ် .. ကျွန်တော်တို့ ဒီက မိန်းကလေးနဲ့ ပြောစရာရှိလို့ပါ ..၊ ဘယ်သူမှ မရှိကြဘူးလား .."

မောင်ကျိုင်း ကပဲ ဒေါ်ဟောမာန်ဆောင်း သိချင်နေတာတွေကို မေးသည်။ ပြန်ဖြေပေးသည့် အမျိုးသမီးကတော့ ကားထဲကလူပါ တစ်ခါတည်း ကြားအောင် ကျယ်ကျယ်လောင်လောင် ...၊

"ကောင်မလေးက သိုက် တဲ့ ..၊ နာမည်အတိုင်းပဲ သိုက်တူးတဲ့နေရာမှာတော့ ဆရာကြီးပဲ .. အခု ယောကျ်ားနောက် လိုက်သလား -- ဘယ်သူနဲ့ ပါသွားသလဲ မသိဘူး .. ကျန်ခဲ့တဲ့ ဖအေက ဒုက္ခိတလေ -- ကောင်မလေး ပျောက်သွားပြီးမှ လူတစ်ယောက် နှစ်ခေါက်လာပြီး အဲဒီဖအေလည်း ထွက်သွားတာပဲ ..၊ ထွက်သွားတာ ကျွန်မတို့တောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဘူး .. ပတ်ဝန်းကျင် မျက်စိလည်အောင် လှုပ်ရှားတတ်တဲ့ နေရာမှာလည်း အရမ်းတော်ပဲ ..''

''ပထွေးနဲ့ မယားပါသမီး သားအဖနဲ့ ခွဲမရအောင်လည်း နေတတ်တယ်နော် .. ကျွန်မတို့ လမ်းလူကြီးတွေတောင် မျက်စိလည်တာ သိလား ..၊ ပထွေးကလည်း တကယ် အကွက်ရွှေ့ကောင်းတယ် .. မယားပါသမီးနဲ့ နေရခက်လာတော့ သူဌေးတွေ ခေါ်ခေါ်လာပြီး သမီးနဲ့ ..''

''ဟော့ .. တော်ပြီ ..''

ဩဇာသံအပြည့်နှင့် တားဆီးခြင်းက မိုးခြိမ်းသံကဲ့သို့ လွှမ်းခြုံသွားသည်။

''မောင်ကျိုင်း ကားပေါ် တက် ..''

ဒေါ်ဟောမာန်ဆောင်း တစ်ကိုယ်လုံး ချမ်းတုန်နေသကဲ့သို့ အသားစိုင်တွေပါ လှုပ်ခါနေကြ၏။ မာနကြီးသော မျက်ရည်တို့က ကိုယ့်သဘောနဲ့ကိုယ် ပြည့်တက်လာကြပြီး လွတ်လပ်စွာ ပြိုဆင်းဖို့ အားယူနေကြသည်။

ဒီထက် အဖြစ်ဆိုးဖို့ ဘာကျန်သေးလဲ ..၊

သိုက် ..၊

သိုက် ဆိုတဲ့ နာမည်နဲ့ မိန်းကလေး ..၊

''အလုပ်ခိုင်းဖို့အတွက် ခေါ်ထားတဲ့ မိန်းကလေးပဲ .. နာမည်က သိုက် တဲ့ ..''

''သူ ခိုးပြေးသွားပြီ သူဌေး .. ကျွန်တော့်ဘက်က တားဆီးပိုင်ခွင့် မရှိလို့ပါ .. အဲ့ဒီအတွက် တောင်းပန်ပါတယ် ..''

''တကယ် ဘာမှ မသိခဲ့ပါဘူး .. သူ့ကျေးဇူးရှိတဲ့လူရဲ့ သမီးလို့ပဲ မင်းသားက ပြောခဲ့တာ ..''

''အဲ့ဒါလည်း တကယ် မသိလို့ပါ .. ကျွန်တော့်ကို ခွင့်လွှတ်ပါ သူဌေး'' တဲ့ ..။





ဦးအေဝ လူကိုယ်တိုင် ရောက်လာပြီး ပြောပေမယ့် သိုက် ဆိုတဲ့ နာမည်နဲ့ 'ခိုးပြေးသွားပြီ'ဆိုတာကလွဲလို့ ဘာတစ်ခုမှ မပြောခဲ့ပေ ..။

ဒီကိုလာတော့လည်း အကြံကြီး ကြံပြီး ခြေရာဖျောက်ကောင်းတဲ့ လူတွေက မရှိကြတော့ ..၊

''တောက်!...''

တက်ခေါက်သံနှင့်အတူ ကုရှင်နဲ့ ကျော ထိကပ်သွားခဲ့၏။ မျက်ရည်စက်တို့ အားကောင်းစွာ သွန်ကျလာကြသည်။

အသက်ကြီးလို့ ပါးရေနားရေတွေလည်း တွဲနေပါပြီ ..၊ လက်မှာလည်း ပုတီးက ပတ်လျက်သား ..၊

ဒါပေမယ့် ဒေါ်ဟောမာန်ဆောင်း ငိုနေရဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ကြီးကြီး လေ .. ခင်ဗျားရဲ့ သူဌေး .. အနု အိပ်ရာထဲ လဲနေပြီ .."

"သူဌေး ဒီလောက် စိတ်မပျော့ပါဘူး .."

"ဘာဗျ!..."

ဦးနေဗလ ဒေါကန်သွားသည်။

သားကြီး နေရိပ် ရဲ့ ကျန်းမာရေးကလည်း ဆိုးဝါးနေသည်။

သားငယ်ရဲ့ မင်္ဂလာပွဲမှာ ကုန်ကျတာတွေနဲ့ တစ်အိမ်လုံးလည်း ပျာနေကြပြီ ဖြစ်သည်။

သူ့မှာ ကြီးကြီးအတွက် စိတ်ပူပြီး ဘာသိဘာသာ မနေနိုင်ခဲ့ပေ ..၊

"အမလေး .. ခင်သဇင် တို့က ဝမ်းသာလွန်းလို့ ထတောင် ခုန်ချင်သေးရဲ့ .. ဟွန်း .. သူများသားသမီးကို ပြောရမယ်ဆို မှိုချိုးမျှစ်ချိုး .. အဲ့ဒါ ဝဋ်လည်တာ ခံပေါ့ ..၊ ကိုယ့်သားကိစ္စတွေကြောင့် သင်း ? သာတယ် မှတ် .. မဟုတ်လို့ကတော့ မီးလောင်ရာ လေပင့်ပြီးသားပဲ .."





"ဟုတ်တယ် ဖေဖေ .. လုံးဝ မသွားနဲ့ .. ဒါ ဆု တို့အတွက် မင်္ဂလာသတင်းပဲ ..၊ မောက်မာခြင်းရဲ့ ဆိုးကျိုးများဆိုပြီး ဒေါ်ယာမာနဲ့ ဆောင်း နဲ့ သားသမီး မြေးတစ်စုအကြောင်း ဆောင်းပါးတောင် ရေးလို့ ရသေးတယ် .. နာမည်ကို ကျော်သွားမှာပဲ" တဲ့ ..။

မအေက တစ်မျိုး .. သမီးက တစ်မျိုး .. မကောင်းကြတဲ့သားတွေက တစ်နေ့ရာစီမှာ ဒုက္ခတစ်မျိုးစီနဲ့ စံစားနေကြသည်။

လူတိုင်းဟာ ကိုယ့်အပြစ်ကိုတော့ မမြင်ကြဘဲ အပြစ်တွေ့တာနဲ့ ကဲ့ရဲ့တတ်ကြသည်။

သူကတော့ အမှားကြီး မှားခဲ့တာတွေကို ကိုယ့်အပြစ် .. ကိုယ့်စကားတွေထဲကပဲ အဖြေရှာတွေ့ခဲ့တာပါ ..။

လို့ပြင် ကိုယ့်ဇနီးဖြစ်သူရဲ့ ထင်ရှားသော မကောင်းကြံစည်မှုတွေကို ဂယနဏ သိလာခဲ့သည့်နောက်ပိုင်း ...

"ကိုဒေဝ .. ခင်ဗျား သိပါတယ်ဗျာ .. ဆောင်းမျက်နှာ က ခင်ဗျားနဲ့ဆိုရင် သူ့အဘွားထက်တောင် ပိုရင်းနှီးသေးတယ် .. သူတို့ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျား မသိတာ ဖြစ်ကို မဖြစ်နိုင်ဘူး .."

ဦးဒေဝ က ဘီယာထဲကို ရေခဲထည့်ပြီး လှုပ်နေသေးသည်။

မသောက်တတ်တာလား .. မသောက်ရဲတာလား ..၊

ဒါမှမဟုတ် မမူးချင်ဘဲ မူးအောင် လုပ်နေရတာလား ..၊ ဘာမှန်းမသိဘဲ စိမ်ပြေနပြေ အေးစက်မက် လှုပ်ရှားနေသမှုကို ဦးနေဗလ အောင့်အည်း သည်းခံနေရသည်။

ဦးဒေဝ ကို စက်ရုံမှာ သွားရှာလိုက်ရတာ တစ်နေ့ကုန် သုံးခေါက်။

ဒေ့ ..ပယ်တွေ့တော့ မိုးစုပ်စုပ်ချုပ်ကာမှ ဘားတစ်ခုထဲမှာ တွေ့သည်။

သူများတွေလို အမြည်းတွေနဲ့ စားပွဲတစ်လုံးမှာ တစ်ယောက်တည်း အကျအန ထိုင်နေပြီး သောက်နေတော့ မြန်မာဘီယာ ..၊



www.burmeseclassic.com

www.burmeseclassic.com



ရေခဲတုံးတွေ ပေါ်တိုင်း ထည့်နေတာ ရေခဲရည် သောက်ချင်တာလားလို့ မေးရမယ့်အတိုင်း ...၊

အခြေအနေ တစ်ခုခု .. သို့တည်းမဟုတ် တစ်စုံတစ်ယောက် .. တစ်စုံတစ်ရာကို ရွဲ့နေတာနဲ့လည်း တူ၏။

"ကိုဒေဝ ဗျာ .. ခင်ဗျား လူမိုက် အားပေး မလုပ်ချင်ဘဲနဲ့ လုပ်မနေပါနဲ့ ...၊ ခင်ဗျားပုံစံ ကြည့်တာနဲ့ ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်နေတာမှန်း အရမ်းကို သိသာနေတာ .."

"ဟား .. ဟား .. ဟား ..."

ဦးဒေဝ က အသံသြကြီးနဲ့ ရယ်သည်။ ပြီးတော့မှ ဦးနေဗလကို လှည့်ကြည့်၍ ...

"ခင်ဗျားလည်း လူကဲခတ်စားလို့ ရနေပြီပဲ ကိုနေဗလ .. ဟင် .. မဆိုးဘူး .."

"ဒါဆို ခင်ဗျား ကြ ကြီးကို သိနေလျက်နဲ့ တမင် ညာခဲ့ရတာ အမှန်ပဲပေါ့ .."

"ဘယ်ဟာ အမှန်တ ုားလဲဆိုတာ ကျုပ်ကိုယ်ကျုပ်တောင် မသိတဲ့ဟာ .."

"လူကြီးမိဘ ့ ာ ားသမီးအတွက် အကောင်းဆုံး စီစဉ်လမ်းညွှန်တာပဲဗျ .. မိဘက အမြဲတမ်း မှန်တယ် .."

"ဒါဆို သားသမီးနှစ်ယောက်နဲ့ မြေးနဲ့ သူတို့သုံးယောက်စလုံး မှားခဲ့ကြတာပေါ့ .."

"ဒါပေါ့ဗျ .. အဆင့်အတန်း ခွဲခြားမှုဆိုတာ ခေတ်အဆက်ဆက်မှာတည်းက ရှိခဲ့တာပဲ .. ရောသမမွှေလို့ မရတာတွေကို ဘယ်လိုမွှေမွှေ ဘယ်လိုမှ သမမွှတသွားမှာ မဟုတ်ဘူး .. မတူညီတဲ့ဘဝတွေကို အတင်းပေါင်းစည်းခဲ့တဲ့အတွက် သူတို့အမှားကို သူတို့ ခံရတာ .. ခု ဆောင်းမျက်နှာ ကိုတော့ .."





"ဘယ်သူ တားလို့ ရသလဲ .."

"ခင်ဗျား မတားနိုင်ဘူးဆိုတာ မှန်ပါတယ် .. ဒါပေမယ့် တားနိုင်တဲ့သူကို ခင်ဗျား အကြောင်းကြားရမှာပေါ့ .."

"နန်းတော်က ပညာရှိအမတ်တွေတောင် ဖြေရှင်းဖို့ ခက်ခဲနေတဲ့ ပြဿနာတွေကို ခုနစ်နှစ်သားပဲ ရှိတဲ့ မဟော်သဓာ သူခမိန်လေးက လွယ်လွယ်လေး ရှင်းသွားနိုင်တယ် .. ဉာဏ်ပညာ အရည်အချင်းဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူး .."

"အဲ့ဒီတော့ ဆောင်းမျက်နှာ နဲ့ အဲ့ဒီ ဘာမှန်းမသိတာလေးနဲ့ လူသင့်တယ်ပေါ့ .."

"ကျုပ် ဘယ်သိမလဲ .."

"ခင်ဗျား .."

"သူ ဖြစ်ချင်တဲ့ဆန္ဒက မှားသလား .. မှန်သလား သူကိုယ်တိုင်လည်း မသိသေးဘူး .. လူကြီးက သိနေတယ်ဆိုရင်လည်း ဘာကြောင့် မှားတယ်ဆိုတာ သူ့ကို နားလည်ဖို့မပေးဘဲ ကိုယ့်ဘာသာ ကြက်ခြေခတ်ပစ်လို့ မရဘူး .."

စကားကြီး စကားကျယ်တွေ ပြောနေတယ်ပဲ တွက်မိနေကာ ဦးနေဗလ စိတ်တွေ တိုလာခဲ့၏။ စကားလုံးတွေ များပြား ရှုပ်ထွေးလာသလောက် အချိန်က တရွေ့ရွေ့ တိုးလာခဲ့တာ ည ခုနစ်နာရီခွဲပြီးသွားပြီ ...။

"နေပါဦး .. ခင်ဗျားက ကိုယ့်သူဌေးကို ဦးနှောက်မရှိဘူးလို့ ပြန်ကဲ့ရဲ့နေ ဘာလား .."

ဦးဒေဝ က မျက်နှာ ခပ်ပြုံးပြုံးနှင့် ခေါင်းခါပြနေ၏။ သောက်ထားပြီး အမူးသမားနဲ့ တူသင့်နေပေမယ့် လားလားမှလည်း မတူ ...၊

"အဲ့ဒါကြောင့် ကျုပ်က ကိုယ့်အတွက်နဲ့ ကိုယ် တိတ်တိတ်ဆိတ်ဆိတ် နေတာပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. လူတိုင်းမှာ အတ္တကိုယ်စီ ရှိကြတာပဲလေ .."

"မှန်တယ် .. ဒါပေမယ့် ကိုယ့်လိုအတ္တမျိုး သူ့မှာ မရှိရင် ကိုယ့်ရဲ့ အမှန်တရားတွေက သူ့အတွက် ဘယ် အဓိပ္ပာယ်ရှိမှာလဲ ..၊ အခု ခင်ဗျား နဲ့ အတ္တချင်းတူနေလို့ သူ့ဒွေးကို ခင်ဗျား နားလည်နေပေမယ့် ကျုပ်ကို တော့ ဒေါသတွေ ထွက်နေတယ်လေ .."

ဒီလူ ဘာပြောတာလဲ ..၊

ဦးနေဗလ မျက်မှောင်ကုတ်သွားသည်။

"သားသမီး မပြောနဲ့ ကိုယ် မွေးထားတဲ့ တိရစ္ဆာန်လေးတွေ တောင်မှ အပြင်ထွက်ပြေးလို့ ပြန်လာစေချင်ရင် အိမ်ထဲ... ထိုင်ခေါ်နေ လို့ မရဘူး .. အပြင်လိုက်ပြီး လိုက်ဖမ်းဖို့ဆို ပိုဝေးတာပေါ့ .. ဖမ်းလေ ပြေးလေပဲလေ .."

ဦးဒေဝ က ဦးနေဗလ မျက်နှာကြီးကို စိုက်ကြည့်ကာ ...

"လာစေချင်တဲ့လမ်းကြောင်းကို ဖွင့်ပြီး မပြေးစေချင်တဲ့ဘက်က ပိတ်မောင်းရတယ် .. အိမ်တံခါးဝကနေ လက်သီးလက်မောင်းတန်း အော်နေရင်တော့ ဘယ်တော့မှ ပြန်ဝင်လာမှာ မဟုတ်ဘူး .. အခု ခင်ဗျားသား လူဆိုးလေးတွေ ခင်ဗျားဆီမှာပဲ ရှိနေပြီး သူ့ဒွေးကတော့ အထီးကျန်နေတယ် .."

ဦးနေဗလ မျက်နှာမှာ အံ့ဩတွေဝေခြင်းတွေ ဖြစ်ထွန်းလာခဲ့၏။

"မိဘတိုင်း စေတနာထားကြတာ မှန်တယ်.. မှားယွင်းတဲ့စေတနာ ဆိုတာလည်း မရှိပါဘူး .. ဘာဖြစ်လို့ ချို့ယွင်းချက်တွေ ရှိတတ်ကြတာ လဲ .. ခင်ဗျား သိလား .."

ဦးနေဗလ က တုံးဆိတ်ဘာဝေ လုပ်နေခဲ့၏။ ဦးဒေဝ ကလည်း ဒါကို ဆက်မပြောပါ ..။

"ကျုပ် စိတ်တော့ မကောင်းပါဘူး.. ဝတ္တရားရှိတဲ့အဝိုင်း သိတာ ကို ပြောပြခဲ့ပြီးပြီ .."





"ခင်ဗျား သိသလောက်မှ မပြောဘဲ .."

"'သိတာလည်း မဟနဲ့ .. ရှိတာလည်း မပြနဲ့' တဲ့ ..၊ ဒါက သူတို့ မိသားစုရဲ့ အတွင်းရေးဗျ .. သတင်းတစ်ရပ်လို ကျုပ် ပြောမပြနိုင်ဘူး.."

ပေါ်တင်ပြောပြီး ဦးဒေဝ က ထရပ်သည်။ ပြီးမှ စားပွဲပေါ်မှာ လက်ထောက်၍ ...

"ဒီမှာ ကိုနေဗလ.. ဒီလမ်းသွားတိုင်း ဆူးစူးမိနေရင် လမ်းကြောင်း ပြောင်းပြီး မသွားသင့်ဘူးလား .."

ဒါလည်း ဦးနေဗလ မဖြေနိုင် ..၊

"ကျုပ်က သူ့ဒွေးရဲ့လူ့ယုံမို့ အမုန်းခံပြီး သတိပေးချင်တာပါ .. ကျုပ် တွေးသလို တွေးမိမယ်ဆိုရင် ဒီတစ်ခါ မင်းသားနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်မှာ သူ့ဒွေး ပြောင်းလဲသွားပါလိမ့်မယ် .."

ဦးဒေဝ ရဲ့ ဆိုလိုရင်းကို သိတော့ သိပေမယ့် သိပ်မသိ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"အိပ်ချင်ပြီလား .."

"ဟင့်အင်း .."

"အိပ်ချင် သွားအိပ်နော် .. ကိုယ့်ကိုတော့ ရှဲ့ပြီး ထိုင်မနေနဲ့ .."

တမင် ထည့်ပြောလိုက်တာမို့ သိုက် ရဲ့မျက်ဝန်းလေးတွေ ဒိုင်းခနဲ ရောက်လာတော့ ခပ်တည်တည် ပြန်ကြည့်ကာ ...

"ကိုယ် အကောင်းပြောတာပါ .."

"အကောင်းမဟုတ်ဘူး .. ရွဲ့နေတာ ရှင်က .."

"ဘယ်က ရွဲ့ရမှာလဲကွ .. ဆယ့်တစ်နာရီ ထိုးနေပြီ .. မင်းက မအိပ်ချင်ဘူးဆိုတော့ .."

"နေ့ရောညရော အိပ်ခန်းနဲ့ ဒီအပြင်လေးပဲ ထိုင်လိုက် ထလိုက်နဲ့ ဘာအလုပ်မှလည်း မရှိဘူး.. အဲ့ဒါကို ခဏခဏ အိပ်ရာထဲပဲ ပို့နေတာ.."

"ဂျောက် .. ဂျောက် .."

"ဟော့ .. ကီးဘုတ်ကို ဒေါသတကြီး မရိုက်နဲ့လေ .."

"မတတ်နိုင်ဘူး .."





သိုက် မျက်နှာလေးကို ကြည့်ပြီး ဆောင်း က ရယ်သည်။ အစ တည်းက လူကို ရန်ဖြစ်ခြင်းနဲ့ စတင်ခဲ့သည်။

ကိုယ့်သူ ဓွေးပါလားလို့ မြင်ပြီး ဘယ်တုန်းကမှလည်း ရိုသေ လေးစားသမှုနဲ့ မဆက်ဆံခဲ့သော သူမသည် လင်နဲ့မယား ဆိုတာ ဖြစ် လာကြတော့လည်း ဒီအတိုင်း ...၊

"သိုက် .."

စာရိုက်နေသည့် သူမ မျက်ဝန်းလေးတွေ သူ့ဆီ ရွေ့လာ၏။

"ယောက်ျားကို ဝိုင်းကူလုပ်ပေးနေတဲ့ ဇနီးတစ်ယောက်ရဲ့ မျက်နှာ က ရှုရှုပုတ်ပုတ် ဆောင့်ဆောင့်အောင့်အောင့်ကြီးလား .."

သိုက် ရဲ့ တွန့်ကုတ်နေသည့် မျက်ခုံးတန်းလေး ဖျတ်ခနဲ ပြေကျ သွားကာ သူမ ဘယ်လိုနေရမလဲဆိုသည့် အတွေးလေးနဲ့ ခဏတစ်ဖြုတ် ငြာသွားသည်။

ဒါပေမယ့် ခပ်တည်တည်လေးပဲ ပြန်ဖြစ်သွားနဲ့ပြီး ...

"မသိဘူး .. နေတတ်သလို နေတာ .."

"နေတတ်သလို နေခဲ့တာတွေ အခု မေ့လိုက်တော့ကွာ .. မင်းနဲ့ ကိုယ် ရန်ချည်းပဲ ဖြစ်မနေချင်ဘူး .."

"ရှင် မတည့်အောင် မပြောရင် ပြီးပြီ .."

နှုတ်ခမ်းသားလေးတွေ လုံးချွန်နေအောင် ပြောရင်း စာရင်းကြည့် လိုက် .. ကွန်ပျူတာထဲ ထည့်လိုက်နှင့်လည်း လုပ်နေသေးသည်။ သူမ ပညာတွေ တော်တော် တတ်နေပါပြီ ...၊

ကြိုးလည်း ကြိုးစားသည်။ စိတ်ဝင်စားလိုက်တာနဲ့ ခဏလေး အတွင်း နားလည်သွားတတ်၏။ ဘယ်လိုပြောပြော နားမလည်တာက သူ့အပေါ်မှာ ဆက်ဆံသင့်တဲ့ ပုံစံ ...၊

သူကရော ဘာဖြစ်လို့ သိုက် ရဲ့မျက်နှာကိုပဲ တကြည့်ကြည့် ဖြစ် နေတာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်နေရတာ မကြိုက်ဘူးဆိုရင် သူမ ရန်ပြန်တွေ့တိုင်း ဘာဖြစ်လို့ စိုက်ကြည့်မိလိုက် .. ပြုံးမိလိုက်နဲ့ ဖြူစုတာလည်း အလျဉ်းမပါခဲ့ဘဲ ..၊

သူမရဲ့ မနာခံတတ်တာတွေကို နားလည် ကြည်ဖြူနေတာ ဘာကြောင့်လဲ ..၊

"ဦးဆောင်း .."

"ဟင် .."

"ဒါတွေက ဒီတိုင်း ထည့်ရိုက်လိုက်ရမှာလား .. ချန်ထားခဲ့ပြီး သပ်သပ် တွဲပေးရမှာလား .."

မေးနေရင်း စာရွက်လေးကိုင်ပြီး သူ့နား ရောက်လာသည်။ ပါးပေါ်မှာ သနပ်ခါးမတွေ့ဘဲ သနပ်ခါးနံ့လေးက နှာခေါင်းထဲကို တိုးဝှေ့ ကျီစယ်လာ၏။

နေ့နေ့ညည အတူတူ ရှိနေကြပေမယ့် ညညမှာ အတူရှိနေကြပြီဆိုငါတို့က သူစိမ်းတွေ မဟုတ်တော့ပါလားဆိုသည့်စိတ်က တစ်ချက်တစ်ချက် ဝင်လာတတ်သည်။

ဝင်လာမိတိုင်း သူမကို သတိတရကြည့်မိတတ်ကာ ရင်ထဲမှာ ကျေနပ်သလိုလို ကြည်နူးသလိုလိုနှင့် ပြုံးမိတာတွေ ဖြစ်တဲ့အခါ သူ့တစ်ယောက်တည်း အရူးလိုပါ ..။

ဒါကိုပဲ သူ ကျေနပ်မိသည်။ သိုက် ကို လက်ထပ်ခဲ့ခြင်းအတွက် သူ့ရင်ထဲမှာ တင်းကျပ်ပူလောင်တာမျိုး ဖြစ်မနေခဲ့တာဟာ ကိုယ့်စိတ်ကိုပြန်လည်ဖြတ်ရှုချက် မှန်ကန်ခဲ့တဲ့ သက်သေပဲ ဖြစ်သည်။

မြှန်းစားကြီး လက်ထပ်ပစ်လိုက်ပေမယ့် သူ့ကိုယ်သူ သုံးသပ်ခဲ့သေးသည်။ သိုက် ကို တကယ် လက်ခံနိုင်ပါ့မလားဆိုတာ ..၊

"ဦးဆောင်း .."

"ဟင်!... အာ .. ဆောရီး .."





အနားမှာ လူတစ်ယောက်လုံး ထားပြီး ငုတ်တုတ်မေ့သွားမိသည့် ကိုယ့်အဖြစ်ကို ပျာပျာသလဲ တောင်းပန်ရင်း ရယ်မိသည်။ ရှက်ရယ် ရယ်တယ်ဆိုတာ ဒါမျိုးလား မသိ ..၊

"ရပြီ .. အဲဒါတွေ ထားလိုက်တော့ .."

"စက်ရုံက အလုပ်သမား အပြောင်းအလဲစာရင်းတွေ စစ်ပြီးမှာဆို .. ဒါပြီးရင် ရိုက်လိုက်မယ်လေ .."

"အဲ့ဒါလည်း အရေးမကြီးသေးပါဘူး .. ထားလိုက်တော့ .."

"ဘာလဲ .. သွားအိပ်နိုင်းမလို့လား .."

"မအိပ်ချင်လည်း ဒီမှာပဲ ထိုင်နေကွာ .. ကိုယ်တို့ အိုစတိုင်မ်ဆင်းနေကြတာမှ မဟုတ်တာ .."

"ဟုတ်တယ် .. အဲ့ဒီလို သဘောထားလိုက်တော့ စိတ်သက်သာတယ် .."

ဆောင်း သက်ပြင်းချရင်း နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ သိုက် ရဲ့ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်ထားမိကာ ...

"သိုက် .. ကိုယ်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကို မင်း နည်းနည်းပါးပါး စိတ်ကူးမကြည့်မိဘူးလား .."

လူချင်းနီးနေတော့ သိုက် က မျက်နှာလေး လွှဲထားကာ ...

"မကူးပါဘူး .. ခုနေ ဖေကြီး ဘယ်လိုခံစားနေရမလဲဆိုတာ သိတယ် .. ဖေကြီးက သိုက် ကို အရမ်း စိတ်ပူတတ်တာ .."

"ကိုယ်နဲ့ဆို သူ စိတ်ပူမှာ မဟုတ်ပါဘူး .. စိတ်ဆိုးနေရင်လည်း ကိုယ်က ခိုးယူထားတာဆိုတော့ ကိုယ့်ကိုပဲ ဆိုးမှာ ..၊ လေးလေးအတွက် မင်း စိတ်မပူပါနဲ့ .."

ပြီးတော့ လေးလေးကို သူ နေရာပြောင်းဖြစ်အောင် စီစဉ်ပေးခဲ့သေးသည်။

လေးလေးကိုယ်တိုင်က ဘွားဘွားနဲ့ မတွေ့ချင်လို့ လက်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပေမယ့် သူ့စိတ်ကူးကတော့ သူနဲ့ မတွေ့သေးဘဲ လေးလေးနဲ့ ဘွားကို အတွေ့မခံနိုင်သေးတာ ဖြစ်သည်။

ထို့ပြင် ဒီကိစ္စကို ဘွားကိုယ်တိုင် လိုက်စုံစမ်းနိုင်သလို အရေးအကြောင်းရှိလာတိုင်း အန်ကယ်လ်နေ တို့ကပဲ ဘွားအတွက် လှုပ်ရှားပေးကြတာ ဖြစ်သည်။

မယုံကြည်သင့်တဲ့လူတွေဆိုတာ သိနေပြီပေမယ့် ဘွား ဘယ်တုန်းကမှ အပြင်မထွက်တာမို့ သူ့ကိစ္စကို အန်ကယ်လ်နေ တို့ပဲ လိုက်ကြမှာပါ ..။

ထို့ကြောင့် လေးလေးကို ဘယ်သူတွေနဲ့မှ ပေးမတွေ့နိုင် ..၊

"ဒါဆို ကျွန်မတို့ကရော ဒီတိုက်ကြီးထဲမှာ ခိုးကွက်လို ဘယ်လောက်ထိ အောင်းနေရဦးမှာလဲ ..၊ ဟွန်း .. ခိုးကွက်ကမှ ညည အပြင်ထွက်လို့ ရသေးတယ် .."

"မင်း အပြင်ထွက်ချင်လို့လား .."

"ထွက်ချင်တာပေါ့ .."

"မရသေးဘူး .."

အားတက်သရော ပြန်ဖြေလိုက်ရပြီးမှ 'မရသေးဘူး'ပြောတော့ မျက်စောင်းတစ်စင်း ခုန်ပျံထွက်လာ၏။

ပြီးတော့ စာရွက်တွေကို ချထားခဲ့ပြီး ချက်ချင်း လှည့်ထွက်ခဲ့၏။

"ထွက်လို့ရတာ တစ်နေ့ရာတော့ ရှိတယ်ကွ .."

လာပြန်ပြီ ..၊

ခြေလှမ်း တုံ့သွားပေမယ့် ဆက်လျှောက်သွားတော့ ဆောင်း က သူမနောက်ကို လျှောက်လာကာ ...

"ဒီနေ့တော့ ညဥ့်နက်နေပြီ .. မနက်ဖြန် ညဘက် ကိုယ် လိုက်ပို့မယ် .."

"ဘယ်ကိုလဲ .."





"မနက်ဖြန် ပြောမယ်လေ .."

"ဒါဆိုလည်း မနက်ဖြန်မှ စပြောပါလား .."

"ကိုယ်က မင်းကို လိုက်လျောဖို့ ကြိုးစားနေတာနော် .. မတည့်အောင်လို့ မျက်စောင်းတွေချည်း ထိုးနေတာ .. မင်း .."

သိုက် က သူမ စားပွဲကို ရှင်းနေရင်း ဆောင်း ရဲ့စားပွဲဆီ ပို့ရမယ့် စာရွက်စာတမ်းတွေကို သွားတင်ထားလိုက် .. ပြန်လာသိမ်းလိုက်နှင့် အဖြူရောင် ည၀တ်အကျီပွပွ ဘောင်းဘီရှည်ပွပွလေးနဲ့ လှုပ်ရှားနေတာ လှစ်လှစ်ပါနေ၏။

သို့သော် ...

"ဒုတ် .."

"အါ.."

"ဖျော .. ဖျော .."

"ထိတယ် .. ဖြစ်တော့မယ်ဆိုတာ .."

"အဲ့ဒါကြောင့် ပြောဖို့ ရပ်ကြည့်နေတာမို့လား .."

ခြေထောက်ပေါ် ပြုတ်ကျသည့် ပေပါဝိတ်ကြောင့် အသားနာသွားတာ ရောကာ သိုက် ရဲ့မျက်စောင်းနဲ့ ရန်တွေ့သံက သံစုံမြည်သွား၏။

ပြီးတော့ ပြန့်ကျဲကျသွားသည့် စာရွက်တွေက သူမဘေးမှာ တမင်တစ်ရွက်စီ ဖြန့်ခင်းထားတဲ့အတိုင်း ..၊

နာကျင်သွားသည့် ခြေဖျားလေးကို ပွတ်နေရင်း စာရွက်တွေကိုပါ ဖျိုးဖျိုးဖျတ်ဖျတ် လိုက်ကောက်ထပ်ကာ ...

"အဲ့ဒါ ရှင့်ကြောင့် .."

"ဘာရယ် .."

မေးပုံက ရယ်ချင်ပက်ကျိ ဖြစ်နေသဖြင့် သိုက် က ဆတ်ခနဲ မော့ကြည့်သည်။ ဆောင်း က ရယ်လိုက်ရင်း သူမရှေ့မှာ ခြေဖျားထောက် ထိုင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကြောင့် ဟုတ်လား .."

"ဟုတ်တယ် .. ရှင် သူများကို အပြစ်ပြောချင်လို့ လာရပ်ကြည့်နေတာလေ .. ပြောမယ့်ဆိုမယ့်လူရှေ့ဆိုရင် လက်က အဲ့ဒီလိုကို ဖြစ်ချင်နေတာ .."

"ပြောချင်ဆိုချင်လို့ ကြည့်နေတာဆိုရင်လည်း အဲ့ဒါ အပြစ်တင်စကားတွေ မဟုတ်နိုင်ဘူးဆိုတာတော့ မင်း နားလည်ပါတယ် သိုက်ရာ .. ဟုတ်တယ်မို့လား .."

မျက်နှာမှာ ဖျင်းခနဲ ပူရှိန်းသွားသည်။ သူ ကြည့်နေတာ ဆူချင်ဝေါက်ချင်လို့ မဟုတ်မှန်း မသိဘဲ နေမလား ..၊ ဒါပေမယ့် သူမစိတ်ကူးမယဉ်ချင်ပါ ..။ လက်ထပ်ခဲ့ကြတာက တကယ်ဆိုရင်တောင် သူ ပြောခဲ့တဲ့အတိုင်း အခြေအနေတစ်ခုကို အကောင်းဆုံး ဖြစ်သွားဖို့အတွက် အလျင်စလို ဆုံးဖြတ်လိုက်ရခြင်းသာ ..၊

သိုက် အားလုံးကို မြန်မြန်ဆန်ဆန် လှမ်းကောက်ထပ်ကာ ခြေထောက်နာတာကိုလည်း ဂရုမစိုက်တော့ဘဲ နေရာမှ ပြန်ထရပ်သည်။

"ဟော့ .. ကိုယ်က ခြေထောက်ကို ကြည့်မလို့ .. နိုက်မိသွားတယ်မို့လား .."

"နည်းနည်းပဲ .. ရတယ် .."

သိုက် သူနဲ့ နီးကပ်စွာ မနေရရေးကို အသည်းအသန် ကြိုးပမ်းမိသည်။ ကိုယ်လည်း ပုထုဇဉ်လူသားပဲ .. ချောတာမြင်လျှင် သဘောကျချင်သည်။ ချမ်းသာတယ်ဆိုတာကိုလည်း အထင်ကြီးတတ်တာပါပဲ ..။

ဒါပေမယ့် ကိုယ့်ဘဝနဲ့ သူ့ဘဝက ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင် ..၊ ထိုယောက်ျားအပေါ်မှာ တိမ်းညွတ်ချင်သည့်စိတ်ကူးမျိုးလည်း နည်းနည်းလေးမှ ဝင်လာလို့ မဖြစ် ..၊

မိန်းကလေးတွေ အရမ်းမုန်းတာပဲပြောပြီး ရန်ဖြစ်ချင်လာပြီဆို အဲ့ဒါကို မရိုးသားခြင်းလို့ ပုဒ်မတပ်ကြသည် တဲ့ ..။





ဒါဆို ကိုယ့်အဖြစ်က ဒါ အမှန်ပဲလို့ ထောက်ခံရမလို ဖြစ်နေပြီလား မသိ ..၊ သူနဲ့ အဆင်မပြေတာတွေ ပြောနေရင်း ရန်ဖြစ်ဖို့ပဲ သူမကြိုးစားနေရသည်။

သို့သော် မရိုးသားမိတာချင်း တူရင်တောင် ကိုယ်ကတော့ မျှော်လင့်နေမိတဲ့ မာယာတွေ မဟုတ်ခဲ့ပါ ..။ မဖြစ်နိုင်မှန်း သိလို့ နောက်ဆုတ်ဖို့ ကြိုးစားနေရသည့် အားထုတ်မှုသက်သက်သာ ဖြစ်သည်။

ဒါပေမယ့် ဆောင်း က သူမရှေ့မှာ ဖျတ်ခနဲ ပိတ်ကာထားလိုက်ပြီး ...

"ကိုယ် ပြောလိုက်တာကို စိတ်ဆိုးသွားတာလား .."

"မဟုတ်ပါဘူး .. ဘာမှမ ဖြစ်တာ .."

"ဒါဆို စကား ပြောရအောင် .."

သူက သိုက် ရဲ့လက်လေးကို ထပ်ဆုပ်ကိုင်လိုက်ကာ သူမ ကိုင်ထားသည့် စာရွက်တွေကို ဆွဲယူပြီး စားပွဲပေါ် ပြန်တင်လိုက်သည်။

"ညဉ့်နက်နေပေမယ့် မအိပ်ချင်သေးဘူးမို့လား .."

"မအိပ်ချင်လည်း အိပ်ရာထဲပဲ လှဲနေတော့မယ် .."

သိုက် က ခြေလှမ်းပြင်သည်။ သူက စိုက်ကြည့်နေပြီး ဘာမှထပ်မပြောပေ ..၊

ဒါပေမယ့် သူမ ရှောင်ထွက်သွားကာမှ လက်ကို ဖျတ်ခနဲ ပြန်ဆွဲကာ ...

"စကားပြောနေတာ ပိုမကောင်းဘူးလား .."

လက်ထပ်ပြီးကာမှ သူ ပိုင်စိုးပိုင်နင်း ထိကိုင်လာတာတွေက ရင်းနှီးလွန်းသည်။ သူ့ရင်ထဲမှာ ဘယ်လို ခံစားချက်တွေနဲ့လဲ မသိပေမယ့် ရင်တွေ ခုန်ပေါက် ကျန်ရစ်ခဲ့တိုင်း သိုက် ငိုချင်မိ၏။

ပြီးတော့ မကျေနပ်နိုင်ပါ ..၊ သူမ ဒီလို ပျော့ညံ့မိလျှင် ဒုနဲ့ ဒေး မျက်ရည် သုတ်ရတော့မည်။



www.burmeseclassic.com

"အပြင်မှာ မှောင်နေပေမယ့် အေးတယ် .. ဥယျာဉ်ထဲ သွားရအောင် .."

"ဒါဆို ရှင် တစ်ခုခု စားမလား .. သွားနှင့်လေ .. လုပ်လာခဲ့မယ်.."

"အချိန်မရှိမှကွာ.. လုပ်မနေနဲ့တော့ .. ရေခဲသေတ္တာထဲမှာ သစ်သီးတွေပဲ ရှိတာ .. ဘာမှလည်း လုပ်လို့ မရဘဲနဲ့ .."

"အဲဒါကိုပဲ ပြောချင်တာ .."

သိုက် က သူ ကိုင်ထားသည့်လက်ကို ဖယ်ချပစ်လိုက်ပြီး ...

"အပြင်က လာဖို့သမျှ ဟိုတယ်လ်စာတွေချည်းပဲ .. ကိုယ့်ကိုယ်ကိုယ် ဘာစော်နံနေမှန်းတောင် မသိတော့ဘူး .."

"သနပ်ခါးနံ့လေးနဲ့ သင်းလို့ပါပဲ .. ဘာစော်မှ မနံဘူး .."

သိုက် စကားအငိုက်မိသွားပြန်၏။ ဒါပေမယ့် မပြောသလို နေမိကာ ...

"မီးဖိုလည်း ရှိတယ် .. ချက်ပြုတ်စားလို့ရအောင် မီးဖိုချောင်သုံး အဆာပလာတွေလည်း ရှိနေတာပဲ .."

"ရှိတယ်လေ .. ဒါက နားနေခန်းဆိုပေမယ့် ကိုယ် တစ်ခါတလေ ဒီမှာပဲ နေချင်စိတ် ဖြစ်လာဖို့တွေရှိတော့ ဒီတစ်ထပ်လုံးကို တစ်ခါတည်း ဖြည့်ဆည်း ပြင်ဆင်ထားတာ .."

"မိန်းမခိုးလာရင် ဒီမှာပဲ ထားဖို့ စိတ်ကူးလား .."

"ဘယ်က ဟုတ်ရမှာလဲကွ .. မိန်းမယူဖို့ မပြောနဲ့ .. ရည်းစားထားကြည့်ဖို့တောင် စိတ်ကူးမရှိဘူး .."

သူက ရွှံ့မဲ့ ခေါင်းခါပြီး ငြင်းသည်။

ပြီးတော့ ပြောပြသေးသည်။

"ဘွားဘွားနဲ့ ကိုယ် နှစ်ယောက်ပဲ ရှိကြတာဆိုတော့ ကိုယ်ကလည်း ချမ်းမလေး မဟုတ်ဘူးလေ .. ဘွားဘွားနားမှာ ခြေဆုပ်လက်နယ် ပြုပြီး ကပ်မနေချင်ဘူး .."





"ဩော် .. အင်း .. နှစ်ယောက်တည်းရှိကြတော့ ဖေးဖေးမမလေး တွေးခဲ့တာပေါ့ .."

"မတတ်နိုင်ဘူး .."

ဆောင်း က ရယ်ရင်း ဝန်ခံသည်။ အဝါရောင်မီးရဲ့အောက်မှာ မိတ်ကပ်ရောင်ရှပ်အင်္ကျီလက်တိုနှင့် ဆောင်း ရဲ့မျက်နှာက ရွှေရောင်ဝင်း နေသလိုပင် ..၊

ပြီးတော့ ရယ်လိုက်တိုင်း နူးညံ့သွားတတ်သည့် မျက်ဝန်းတို့က ဆွဲဆောင်မှုတွေအပြည့် ..၊

"ဘွားဘွား ဖြစ်နေတော့ အမေလို ရင်းနှီးတာထက် နောက်တစ်ဆင့် ထပ်ဝေးသွားတယ် ပြောမလား ..၊ ဒါမှမဟုတ် ကိုယ် အရွယ်ရောက်မှ ဘွားဘွားနဲ့ ဆုံရလို့လား မသိဘူး .. ချစ်တာက သပ်သပ် .. ပွတ်သီးပွတ်သပ် ရင်းနှီးကြတာမျိုး မရှိခဲ့ကြတာက တခြားပဲ .. အဲဒီ အတိုင်း အတူနေခဲ့ကြတာ ခုထိပဲလေ .."

"ဘွားဘွားကရော ရှင့်ကို မချစ်ဘူးလား .."

"ချစ်တာပေါ့ .. ကိုယ်လည်း ချစ်တာပဲလေ .. ဘွားဘွားက မာနကြီးတယ် .. သားသမီးတွေအပေါ်မှာ အရမ်းကြီး မျှော်လင့်ခဲ့တယ် .. အဲဒါတွေ တလွဲဖြစ်လာတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့တယ် ..၊ ဒါကြောင့်ပဲ ဘွားဘွားခမျာ အထီးကျန်ဆန်စွာ ရပ်တည်လာခဲ့ရတာ ဒီနေ့ထိပဲ ..၊ ဒါတွေကို ကိုယ် တတ်နိုင်သမျှ ကူညီချင်ခဲ့တာ .."

"ဘာလုပ်ပြီးတော့လဲ .."

"ကိုယ် တတ်နိုင်တာ တစ်ခုခု ကြိုးစားပေးချင်တာပေါ့.. ဘွားဘွားကို စိုစိုပြည်ပြည် သိုက်သိုက်ဝန်းဝန်း ရှိစေချင်တာလေ .. သူ အသက်ရှင်ဖို့ ကျန်နေတဲ့ကာလလေးမှာ သားသမီး မြေးမြစ်တွေနဲ့ .."

"ဦးဆောင်း .."

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် - ရှင် ပြောတဲ့ လူကြီးတွေချင်း ပြဿနာရှိခဲ့ကြတယ်ဆိုတာ အဲ့ဒါမျိုးတွေလား -"

"အဲ့ဒါတွေလည်း ပါတာပေါ့ -"

"မဟုတ်ဘူး -- ရှင် -"

သိုက် ရဲ့ မျက်နှာလေး ပန်းနုရောင် ရင့်လာနေလျက် ...

"ရှင့်အသွားကို စိုပြည်စေချင်လို့ ရှင် မဖြစ်မနေ လက်ထပ်တာ ဆိုရင် .."

"ဟာ - မဟုတ်တာတွေကွာ - ကိုယ်က ဒီလိုကိစ္စမျိုးကို ပြီး စလွယ် ဆုံးဖြတ်ပြီး ကလေးကလား လုပ်စရာလား -"

ဆောင်း က သိုက် ရဲ့ရှေ့မှာပဲ လက်ပိုက်ရင်း စားပွဲကို မှီနေလိုက်ကာ ...

"ဘွားဘွား အဆင်ပြေဖို့အတွက် ကိုယ် ဒီလို ကြိုးစားရအောင် လူတွေက ကလေးလုပ်တဲ့စက်တွေမှ မဟုတ်တာ -"

"ရှင် - နော် -"

သိုက် မျက်နှာလေး ငုံ့သွားကာ ပြန်ပြေးဖို့ ပြင်၏။ ဆောင်း က ပြုံးလိုက်ရင်း ပခုံးချင်းတိုက်ကာ ...

"မပြေးနဲ့ဦး - ပြောလို့ မပြီးသေးဘူး -"

သူပဲ ပြောပြီး မျက်နှာချင်းဆိုင် ပြန်ရပ်၍ ...

"အဲ့ဒီလို - အဲ့ဒီလို အကြောင်းတွေလေ -၊ ဖြစ်ဖို့တွေ - ကြိုးစားချင်တာတွေ ရှိပေမယ့် ကိုယ် ပြောချင်တာက ဘွားဘွားနားမှာတော့ ကိုယ် မနေချင်ဘူး -"

သူက စကားကို အစက ပြန်ကောက်၏။

"ဒီမှာ ကိုယ် နေဖြစ်ခဲ့ရင်ဆိုပြီး အစီအစဉ်တွေ ထည့်ထားခဲ့မိတာ အဲ့ဒါကြောင့် -"

"ဒါပေမယ့် ခုလည်း ဘာမှမ ပြည့်စုံတာမှ မဟုတ်ဘဲ - မနက်ဖြန်





ကျရင်တော့ ကိုယ့်ဘာသာပဲ ချက်စားချင်တယ် -"

"လုပ်လေ - ဘာချက်မလဲ - ကိုယ်တို့ ဒီမှာပဲ စလယ်ဝင်အိုးလေးနဲ့ ရင်ခုန်ကြည့်တာပေါ့ -"

သူက ရင်ခုန်ကြည့်မှာပေမယ့် သူ့စကားကြောင့် သိုက် ရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခါသွားသည်။

အခိပ္ပာယ်မရှိဘူး သိုက် ...၊ နင် ဒီလောက်တောင် အရှက်တွေ မမဲ့နဲ့ ...။

"ပြောလေ - ကိုယ် စိတ်ချလက်ချ နိုင်းလို့ရတဲ့လူတွေ ရှိတာပဲ- ဘာဝယ်ခိုင်းရမလဲ ...၊ ဒါပေမယ့် သိသိသာသာကြီးတော့ မဖြစ်ဘူး - တစ်မယ်ကောင်း နှစ်မယ်ကောင်းပေါ့ -"

"ရှင် စားနိုင်ဖို့ပဲ လိုတာပါ - သိုက် က ဘဲဥကြော်နဲ့လည်း ဖြစ်တယ် - ကန်စွန်းရွက်ကြော်ဆို ပိုတောင် ကြိုက်သေးတယ် -"

"ကန်စွန်းရွက် -"

သူက သံယောင်လိုက် ရွတ်ပြီး မျက်မှောင်ကုတ် စဉ်းစားကာ...

"ကန်စွန်းရွက်ဆိုလို့ သတိရပြီကွ -"

"ဘာလဲ - ဒီနားမှာ ရောင်းတဲ့ဆိုင် ရှိလို့လား -"

"ရှိတယ် - ဆိုင် မဟုတ်ဘူး -"

"ဟင်!..."

"ကန်စွန်းခင်းကြီး ရှိတယ် -"

သိုက် မျက်နှာလေး ရှုံ့မဲ့မဲ့ ဖြစ်သွားကာ ...

"ကန်စွန်းခင်းရှိတာ ရှင် လက်ပစ်ကူးပြီး ဆင်းခူးမှာလား -"

"ဟုတ်တယ် - လာ -"

သူ တကယ်ပဲ လက်ဆွဲခေါ်သွားတော့ သိုက် မျက်လုံးအဝိုင်းသား နှင့် တအံ့တဩ ပါလာကာ ...

"ဦးဆောင်း - ရှင် ဘာလုပ်မလို့လဲ -"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ ဆင်းရင် ကန်စွန်းခင်းက ကိုယ်တို့နောက်မှာပဲ .. အစောင့်တဲနောက်က ထွက်လိုက်ရင် ရောက်ပြီ .."

အပေါ်ကနေဆင်းသည့် မလွယ်ပေါက်ကနေ သံလှေကားလေး တစ်ခုဆီကို ရောက်လာ၏။

"ခဏလေး .."

ပြောပြီး ခတ်မီး ပြန်လှည့်ယူသည်။ သူ့ကိုယ်သူ ဘာတွေ လုပ်နေမှန်းရော သိရဲ့လား မသိ ...၊

"နေဦး .. ကိုယ် အရင်ဆင်းမယ် .. မင်း ဖိနပ်မချွတ်ခဲ့နဲ့နော်.."

"မချွတ်ရင် အိမ်စီးဖိနပ်လေး ပေသွားမှာပေါ့ .."

"ပေတော့ ဘာဖြစ်လဲ .. ဒီတိုင်းပဲ ဆင်းလာခဲ့ .."

"လှေကားက အမြင့်ကြီး .."

"လှေကားထစ်က စိပ်စိပ်လေးတွေပါ .. လိုက်ခဲ့နော် .."

အပြင်မှာ မိုးသက်လေက တဖြူးဖြူး တိုးဝှေ့နေသည်။ နေ့လယ်ဘက်ဆိုလည်း ရွာမလိုဖြစ်လိုက် .. နေပူတော့မလို လင်းလာလိုက်နှင့် ရွာတာလည်း မဟုတ် ...၊

ညဆိုတော့ မိုးတိမ်ထူနေတာနှင့် မှောင်မိုက်နေတော့သည်။

"လာ .."

"မှောင်မည်းနေတာပဲ ဦးဆောင်း .. နောက်မှာ ဘာမှ မမြင်ရဘူး.. ကန်စွန်းခင်းကို သွားပြီး ဘာလုပ်မလို့လဲ .."

"ခုးမှာလေ .."

"ဟင်!..."

"ပြီးတော့ အဲဒီ ကန်စွန်းဆောင်ပေါ်မှာ လမ်းကလေး ဖြစ်နေတာ နည်းနည်းကျယ်တယ်ကွ .. ထိုင်လို့ပြုလို့ ကောင်းတာပေါ့ .."

သိုက် ရဲ့လက်လေးကို ဆွဲ၍ ခတ်မီးတဝင်းဝင်းနဲ့ သူပဲ ဦးဆောင်လာသည်။





ထိုစဉ် အစောင့်တဲဆီမှ ခတ်မီးရောင် ဝင်းခနဲ ကျလာလျှင် ...

"ဟိတ် .. မီးပိတ်ထားစမ်း .."

"ဟာ!... သူခွေး .."

စိုးဝင်း ပြေးလွှားရောက်လာသည်။ ပြီးတော့ သိုက် တို့ကို ကြည့်၍ ပါးစပ်ကြီး အပြဲသားနှင့် ဖြစ်သွားလျှင် ...

"သူခွေး .."

"ငါတို့ ကန်စွန်းခင်းဘက် သွားမလို့ .. မင့်ခွေးတွေ ဘယ်မှာလဲ.."

"အဲဒီဘက်မှာ စိုးအောင် နဲ့ သွတ်ထားတယ် သူခွေး .. ညဘက်ဆို အဲဒီရေ့က ကလပ်ကနေ လူတွေ ဖြတ်လွန်းလို့ သွတ်ထားတာ ကြာပြီ.. ခုဆို လမ်းကြားဖွင့်ထားတာလေးတောင် သူတို့ဘက်က ပိတ်ပစ်လိုက်ပြီ .."

"ကောင်းတယ် .. ဒါပေမယ့် ခု ပြန်ခေါ်ထားပေး .."

"မှောင်က မှောင့်နဲ့ သူမွေးတို့က ဘာ .."

ဘာသွားလုပ်မှာလဲ မေးခွန်းက 'ဘာ' မှာတင် ရပ်တန့်သွားခဲ့၏။

"ငါတို့ ကန်စွန်းရွက် ခူးမလို့ .."

"ဟင်! ဗျာ .."

"ကဲ .. ခွေးတွေ ခဏပြန်သိမ်းကွာ .. ပြူးတူးပြဲတဲနဲ့ .."

"နေပါဦး သူခွေးရယ် .. ဟို ကန်စွန်းခင်းပိုင်ရှင်က ညညဆို မူးမူးနဲ့ ဒီဘက်ရောက်လာတတ်တယ် .. တော်ကြာ မှောင်မှောင်မည်းမည်းနဲ့ သူခွေးမှန်းလည်း သိမှာ မဟုတ်ဘူး .."

ကန်စွန်းခင်းပိုင်ရှင်က ဆောင်း နဲ့ ခင်သည်။ ဒီနားမှာ မြေကွက်ဝယ်ပြီး အဆောက်အအုံအတွက် ဖောင်ဒေးရှင်းချတည်းက ညစောင့်လည်း လာလုပ်ပေးဖူး၏။

ဒါပေမယ့် နေ့ဘက်မှာဆို အကောင်း .. ညဘက်ဆို မူးနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်ကို ညတိုင်း လာတတ်တာတော့ မဟုတ်ပေမယ့် ရောက်လာတဲ့အခါ တွေ့သွားရင် မလွယ် ..။

"ဆရာ ဘာလုပ်ဖို့လဲ .. ကျွန်တော် သွားခူးပေးပါ့မယ် .."

"ဘာမှမဖြစ်ဘူး ရတယ် .. မနက်ကျမှ မင်း ပိုက်ဆံသွားပေးလိုက် .. အခု ခွေးတွေ သွားခေါ် .."

စိုးဝင်း က ဓာတ်မီးကို မပိတ်ဘဲ ကိုင်ထားပြီး ချက်ချင်း ထွက်မသွားနိုင် ..။

သိုက် ကတော့ သူတို့ပြောတဲ့ စကားတွေထဲမှာ ခွေးတွေဆိုတာကိုပဲ စိတ်ဝင်စားနေကာ ...

"ခွေးတွေက ဘယ်နှစ်ကောင်တောင်လဲ ဟင် .. ဘာခွေးတွေလဲ.."

"ဒိုဘာမင် နှစ်ကောင် .."

"ဟင်!..."

"ငယ်ငယ်တည်းက မွေးထားတာလေ .. သူ့သားသမီးတွေ ကျနေတာပဲ အရမ်းလိမ္မာတာ .. ကိုယ် သူ့ကို ရုံးစောင့်ရာထူး အပိုင်စားပေးထားလိုက်တာ အဲဒီခွေးတွေကြောင့်ပဲ .. ဒီကောင်လေးက ကားမောင်းလည်း ကျွမ်းကျင်တယ် .. ရုံးခွဲဘီက ကားကြီးမောင်းတာ သူ့အဖေလေ .."

"သူတို့သားအဖ ဒီအိမ်ထဲမှာ နေတာပေါ့ .."

"မနေပါဘူး .. သူတို့ ညီအစ်ကို နှစ်ယောက်တည်းပဲ .. သူ့ညီက ဆယ်တန်းဖြေထားတာ .. ကိုယ်ပဲ ကျောင်းထားပေးတာလေ .."

"သြော် .. ခွေးကျောင်းနေတာ အဲဒီချာတိတ် ဖြစ်မယ် .."

သူတို့နှစ်ယောက် ကန်စွန်းခင်းဘက် ရောက်လာတော့ အမှောင်နဲ့ မျက်လုံးက ကျင့်သားရသွားပြီ ဖြစ်၏။

ရုံးစောင့်တဲ၏ အစွန်ဘက်က ဓာတ်မီးရောင်နှင့် ခွေးနှစ်ကောင်၏ ပြေးလွှားသွားသည့်ပုံရိပ်တွေကို လှမ်းမြင်နေရသည်။





"ဒီနားမှာ ရေ မတင်ဘူးနော် .."

"ဟုတ်တယ် .. နေ့ဘက်ဆိုရင် ဒီဘောင်ပေါ်က စက်ဘီးစီးလို့ရအောင် ကျောက်သဲတွေ လောင်းထားတာလေ .. လာ .. ဒီမှာ ထိုင်.."

ပတ်ဝန်းကျင်က လေတဖြူးဖြူးနှင့် အေးစိမ့်စိမ့် ..။

မှောင်နေပေမယ့် ပတ်ဝန်းကျင်ကလည်း လှုလှုပပ မရှိသော်ငြားလေလေး ဖြူးနေတော့ စိတ်တွေ ကြည်လင်သွားတာ အမှန်ပင် ..။

"လလေး သာနေရင် ပိုကောင်းမှာနော် .."

"အင်း .. လသာတဲ့ရက်တွေဆိုရင်တော့ ကိုယ်တို့ သိပ်လွတ်လပ်မှာ မဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ဒီမှာ စုံတွဲတွေ ရှိတတ်တယ်လို့ ပြောတာပဲ .. ကိုယ် တစ်ခါထွက်လာတုန်းကလည်း မြင်ဖူးတယ် .."

"ဦးဆောင်း က ဘာလာလုပ်တာလဲ .."

"စိုးဝင်း ရဲ့ ဒိုဘာမင်ကြီး လိုမ့်ကိုက်နေတာ ကြားလို့လေ .. ညတစ်နာရီလောက်ပဲ .. ကိုယ်တို့ လာကြည့်တော့ လမ်းဘေးခွေးလေးတစ်ကောင် သေနေတယ် .."

"ဟယ် .. သနားပါတယ် .."

"ဟုတ်တယ် .. အဲ့ဒါနဲ့ နောက်ကို လူမပါဘဲ လွှတ်မပေးနဲ့လို့ မှာထားရတယ် .."

"တကယ်လို့ ခုနေ လွှတ်ထွက်လာရင် သိုက် တို့ကို ကိုက်မှာပေါ့.. ဟုတ်လား .."

"မကိုက်ပါဘူး .. ကိုယ်က မင်း ကြောက်မှာစိုးလို့ သိမ်းနိုင်းလိုက်တာ .. ဒီကောင်တွေက သူတို့ မှတ်ထားတဲ့အသံနဲ့ ခေါ်လိုက်ရင် ရတယ် .. ပြီးတော့ သခင်က မကိုက်စေချင်တဲ့လူနဲ့ သူတို့ကို မိတ်ဆက်ပေးထားရင် တစ်ခါနဲ့ မှတ်မိတယ် .. နောက်ဆို မင်းနဲ့ မိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပါ ..."

"ဦးဆောင်း .."

"ဟင် .."

"ဒီကို ဘာလုပ်ဖို့ ချက်ချင်းကြီး ထွက်လာခဲ့တာလဲ ..၊ ထိုင်နေချင်လို့လား .. ကန်စွန်းရွက် ခိုးခူးချင်လို့လား .."

"နှစ်ခုစလုံး ဟုတ်တယ် .."

"ဟင်!..."

သိုက် အံ့သြသွားတော့ သူက ရယ်ကာ သဲမြေတွေပေါ်မှာ တင်ပျဉ်ခွေ ထိုင်လိုက်၏။ သိုက် ကသာ ညဝတ်အင်္ကျီတွေနဲ့ပေမယ့် သူက ဆောင်းဘီရှည်အနက်နဲ့ စပို့ရှပ်နဲ့ပဲ ဖြစ်သည်။

ဒါပေမယ့် ကျကျနန ထိုင်ကာ ဒီလိုနေရခြင်းကိုလည်း တော်တော်ကြီး ကျေနပ်နေပုံ ရှိ၏။

"ကိုယ် ဘွားဘွားဆီကို ရောက်လာတည်းက မြေမနင်းမင်းသားတစ်ပါးလိုပဲ .. ခြွေရံသင်းပင်းတွေနဲ့ .. စည်းစိမ်ဥစ္စာတွေနဲ့ ဘာမှလိုလေသေး မရှိဘူး .. ဒါပေမယ့် မေမေနဲ့ နေခဲ့ရတုန်းက ဘဝလေးကိုပဲ ကိုယ် မက်မောတယ် .."

သူက ကျောက်ခဲသေးသေးလေးတွေကို တစ်လုံးစီ ကောက်ယူပြီး လက်ခုပ်နှစ်ဖက်ထဲမှာ အုပ်၍ စုဘူးခေါက်သလို ခေါက်ဆော့နေသည်။ ပြီးတော့ ...

"ဘဝဆိုတာ ရုန်းကန် ရင်ဆိုင်ခြင်းပဲလေ .. စပြီး ခြေလှမ်းပြီဆိုတည်းက ရှေ့ကိုပဲ တက်ရမှာ .. နောက်ပြန်ဆုတ်ဖို့ မဟုတ်ဘူး ..၊ ကိုယ့်ဘဝ တိုးတက်မြင့်မားလာတာကို ကိုယ် ကျေနပ်တယ် .. ဒါပေမယ့် ဘဝဟောင်းကို တစ်ခါတည်း အပြီးတိုင် ထားခဲ့ရတာကို မကြိုက်ဘူး .."

"ဘယ်လိုမျိုးလဲ ဟင် .."





"ကိုယ်ရယ် .. ဖေဖေရယ် .. မေမေနဲ့ သုံးယောက်က လက်လုပ်လက်စား ရုန်းကန်ကြရတဲ့ဘဝလေ .."

"ဦးဆောင်း ရဲ့ဘွားဘွားက အဖေနဲ့ တော်တာလား .. အမေနဲ့လား .."

"ဖေဖေက ဘွားဘွားတို့ရဲ့ ဒရိုင်ဘာ .."

"ဟင်!..."

"မေမေနဲ့ သဘောမတူလို့ ဘွားဘွားက အမွေဖြတ် စွန့်လွှတ်ခဲ့တာ .. မေမေက သူ သေဆုံးခါနီးမှ ကိုယ့်ကို ဘွားဘွားဆီ လွှတ်ခဲ့တာ.. ဖေဖေ ဆုံးသွားပြီးတည်းက မေမေက ဘွားဘွားဆီ ဘယ်တော့မှ မပြန်တော့ဘူးဆိုတဲ့စိတ်နဲ့ စိတ်ဒုန်းဒုန်းချခဲ့တယ် .. လူလည်း ဗုန်းဗုန်းလဲတာပဲ .."

ဆောင်းမျက်နှာ ဆိုသူရဲ့ ဘဝ ဤကဲ့သို့ စခဲ့သည်ဆိုတာ သူမ မယုံနိုင်ပါ ..၊

ငယ်ဘဝက ဆင်းရဲခဲ့သူတစ်ယောက်၏ ရင့်ကျက် တည်ငြိမ်မှုမျိုး ဆောင်း မှာ မတွေ့ရဘဲ အလွန်နူးညံ့၍ မဟာဆန်သော ရုပ်ဆင်းအင်္ဂါတို့နှင့် လှပုံက နဖတ်နေသည်။

ရယ်လိုက်တိုင်း သူ့စိတ်ရင်းက ဖြူစင်သူမှန်း သိသာလောက်အောင် နူးညံ့သော ချစ်ခင်ဖွယ်မျက်နှာမျိုးနှင့် ...

"ကိုယ့်ကို ကြည့်နေတာလား .. မမြင်ရရင် ဓာတ်မီးထိုးပြမယ်.."

"အဟွန်း .."

သိုက် ရယ်ရင်း မျက်နှာလေး ငုံ့ပစ်လိုက်တော့ ဆောင်း က ပခုံးချင်း ထိကပ်လာကာ ...

"ကိုယ် ပြောချင်တာ ဒီကန်စွန်းရွက်တွေကိစ္စ မပါသေးဘူးနော်"

"အင်း .."

"မေမေက ကန်စွန်းရွက်ဆိုရင် ကြော်တာရော .. ချဉ်ဟင်းချက်



www.burmeseclassic.com

www.burmeseclassic.com



တာရော .. အချိုဆီပြန်လေး ချက်တာဖြစ်ဖြစ် အရမ်း စားလို့ကောင်းတာကွ .. ဘာအခတ်မှ မပါဘဲ ကောင်းအောင် ချက်တတ်တယ် ..''

''ဟုတ်လား ..''

''ဟုတ်တယ် .. ရန်းကန်နေရတဲ့လူတွေအတွက် ကန်စွန် ရွက်က ပြီးပြည့်စုံဆုံး ဟင်းမျိုးပဲလေ .. ပြီးတော့ မေမေက မာနကြီးတယ် .. မပြည့်စုံတာရှိရင်လည်း ကြွေးတင်မခံဘူး .. ကန်စွန်းရွက်ကိုပဲ မရိုးအောင် လှည့်ပတ်ချက်ပြီး သူလည်း ဝင်ငွေရအောင် ရှာတယ် .. ဖေဖေ ရှာပေးသလောက်နဲ့ပဲ လောက်ငအောင် သုံးတယ် .. ပြီးတော့ ကိုယ့်ကို အတန်းထဲမှာ အတော်ဆုံး ကျောင်းသားဖြစ်အောင်လည်း စာသင်ပေးသေးတယ် ..''

''အင်း .. ဒါကြောင့် ရှင်က အရမ်းတော်တဲ့လူပုံစံ ပေါက်နေတာ ..''

''ဟုတ်လား .. ဒါဆို မနက်ဖြန်ကျရင် ကိုယ့်ကို ကန်စွန်းရွက် များများ ကြော်ကျွေးကွာ ..''

''ဆိုင်လည်း မဆိုင်ဘဲနဲ့ ..''

''မဆိုင်ဘူးလား ..''

ပခုံးချင်း တိုက်ပြီး သူ ရယ်တော့ သိုက် ပါ လိုက်ရယ်မိသည်။ ဒါပေမယ့် လွတ်လပ်ကြည်နူးသည့်စိတ်က ခဏလေးပဲ ဖြစ်သွားခဲ့ပြီး ရယ်မြူးခြင်းကလည်း အဆုံးမသတ်နိုင် ..။

''ဦးဆောင်း ..''

''ဟင် ..''

''ရှင့်ရဲ့ဘွားဘွားဆိုတာ ဒီလောက်ထိ မာနကြီးနေတာတောင် ရှင် ဘာဖြစ်လို့ သိုက် ကိုမှ ..''

''တော်ပြီလေ .. အဲ့ဒီအကြောင်းမှ မပါသေးတာ .. ဖြတ်မမေးရဘူး ..''





''ဟင့်အင်း .. ဖေကြီးနဲ့ ရှင် ပတ်သက်ရတဲ့အကြောင်းတွေကိုလည်း သေချာ ပြောမပြသေးဘူး ..''

''ပြောပြမှာပါ .. ဒါပေမယ့် ကိုယ်ကိုယ်တိုင် ဘာကို အကောင်းဆုံး လုပ်သင့်တယ်ဆိုတာ စဉ်းစားနေရတုန်း ..''

''လက်ထပ်တဲ့ကိစ္စကြီးကို ဘာမှန်းညာမှန်း မသိဘဲ ရှင် အဲဒီလို လုပ်ပစ်လိုက်တယ် .. ဟုတ်လား ..''

''မဟုတ်ဘူး .. လက်ထပ်တဲ့ကိစ္စကို ကိုယ် ပြောတာ မဟုတ်ဘူး.. မင်းကို ရှင်းပြဖို့ပဲ ခက်ခဲနေတာ ..''

''ဒါဆို ရှင့်အဘွားက သဘောတူခြင်း မတူခြင်းတွေနဲ့ ဘီလူးဆိုင်းတီးပြကာမှ ..''

''မဟုတ်ပါဘူး သိုက် ရယ် .. ကိုယ် မသေချာဘူးဆိုတာက လေးလေး .. ကျွတ်!...''

လေးလေး သူ့ကို အကြီးအကျယ် စိတ်ဆိုးနေသည်။ သူ့ဘက်က ဒါကြောင့် လုပ်ရပါတယ်ဆိုတာ အကြောင်းပြစရာ ရှိပေမယ့် ဘွားဘွား ဘက်ကိုလည်း သေချာချင်သေးသည်။

ပြီးတော့ သူ ဒီလို ဆုံးဖြတ်ဖို့ မဟုတ်သေးဘဲ ဒီတိုင်း လုပ်ဖြစ်ခဲ့ရတာကလည်း သိုက် ကို နည်းနည်းလေးမှ မျက်စိကွယ်ရာ အရောက် မခံရဲလို့ ဖြစ်သည်။

ဒီကောင်မလေး ခြေလှမ်းမှားသွားခဲ့လျှင် လေးလေးနဲ့ ဘွားဘွားတို့ ဝေးပြီမို့ ...

''မင်းကို ကိုယ် ရှင်းပြလိုက်ရင် မင်းနဲ့ ကိုယ် ဒီတိုင်း လုပ်သင့်တယ်ဆိုတာ မင်း လက်ခံသွားမှာပါ .. ဒါပေမယ့် ခုတော့ ခဏ သည်းခံလိုက်ပါကွာ .. နော် ..''

သိုက် နဲ့ သူ နိုးပြောထားပြီးတဲ့ အကြင်လင်မယား ဖြစ်နေပြီ ထို သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘယ်လူကြီးနဲ့ မတွေ့ခင် ...၊ ဘယ်လူကြီးမှ သူတို့ကို ခွဲလို့မရအောင် နိုင်မာထားဖို့အတွက် ...၊

"နောက်ထပ် အလွန်ဆုံး နှစ်ရက်လောက်ပဲကွာ ... တကယ်လို့ ဒီကြားထဲမှာများ လေးလေးဖြစ်ဖြစ် ... ဘွားဘွားဖြစ်ဖြစ် ကိုယ်တို့ရှိရာကို ရောက်လာခဲ့ရင် ..."

"ဦးဆောင်း ... ရှင့်ကို တစ်ခုလောက် ပြောချင်တယ် ..."

"ဟင် ... ပြောလေ ..."

"ပထမ ပြောချင်တာက ..."

သိုက် နည်းနည်းတော့ ပြောဖို့ ခက်သလို ဖြစ်နေခဲ့၏။ သူ့ကို ဘာဖြစ်ဖြစ် ပြောချရဲတာ စကားလုံးလည်း မရွေးခဲ့ပါ။ ခုကျမှ ဘာဖြစ်လို့ ပြောရခက်တာတွေ ဖြစ်လာခဲ့တာလဲ ...၊

သိုက် ကိုယ့်ဘာသာ တွေးမိပြီး ဆတ်ခနဲ မော့၏။

"ရှင်နဲ့ ကျွန်မ အဆင့်အတန်းချင်း ဒီလောက်ကွာတာ ... ဘယ်လိုမှ ပေါင်းစပ်ဖို့ မဖြစ်နိုင်ဘူး ..."

"ဟောင်းနွမ်းနေတဲ့ ဒိုင်ယာလော့ဂ်တွေကွာ ..."

"ခေတ်အဆက်ဆက် ဒီအဖြစ်တွေက ရှိနေခဲ့တာပဲလေ ... ရှင့်ကျေးဇူးတွေ ကျွန်မတို့အပေါ်မှာ ရှိခဲ့ပါတယ် ... ဖေကြီးနဲ့လည်း ရှင် ပတ်သက်နေတော့ ကျွန်မက ရှင် ပြောတဲ့ အခြေအနေတစ်ရပ် ပြေလည်သွားတဲ့အထိ ကူညီပါ့မယ် ..."

"ဘာ!..."

"ရှင် ကျွန်မဘက်ကို ငဲ့စရာ မလိုဘူး ဦးဆောင်း ... ကျွန်မတို့က ချစ်သူတွေလည်း မဟုတ်ဘူး ... အဲ့ဒါကြောင့် ရှင့်အဘွားရဲ့မောက်မာမှုတွေ ရိုက်ခတ်လာရင် ကျွန်မ ဘယ်လိုအင်အားနဲ့မှ စွန့်လွှတ် အနစ်နာခံနိုင်မှာ မဟုတ်ဘူး ... ပြီးတော့ တစ်ခုလပ် ဖြစ်သွားတဲ့ဒုက္ခနဲ့ ဘဝတစ်လျှောက်လုံး နိမ့်ချ ပြောဆိုခံသွားရမယ့်ဒုက္ခ ယှဉ်လိုက်ရင် ..."







"မင်းက အဆင်ပြေမှု တစ်ခုခုအတွက် ကိုယ် မင်းကို အသုံးချလိုက်တာလို့ ထင်တယ်ပေါ့ ..."

"အဲ့လိုကြီးတော့ မဟုတ်ပါဘူး ... ဖေကြီးနဲ့လည်း ပတ်သက်နေတာ သိုက် သိတယ် ..."

"တော်ပြီ သိုက် ... မိန်းကလေးတစ်ယောက်ရဲ့ ပါးစပ်ကနေ ကျွန်မဘဝ ဘာဖြစ်ဖြစ် ဆိုတဲ့စကား မင်း ဘယ်တော့မှ မပြောနဲ့ ... မင်း ကိုယ့်ကို အဲဒီလိုထင်ပြီး ဒီစကားတွေ ပြောတာ ကိုယ့်ကို စော်ကားတာနဲ့ တူတယ် ..."

"ဟင့်အင်း ..."

"ဒီမှာ ..."

သိုက် ရဲ့ ပခုံးလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ပြီး သူ့မျက်နှာ ငုံ့လာသည်။

"မင်းကို ကိုယ် နည်းနည်းမှ တန်ဖိုးထားမှာ မဟုတ်ဘူးလို့ ဘာဖြစ်လို့ တွေးနေတာလဲ ..."

သူ့ကို မော့ငေးနေရင်း သိုက် ဘာပြောရမှန်း မသိ ...၊

"မင်းနဲ့ ကိုယ် ဘာမှမသိဘဲ လမ်းပေါ်မှာ ဆုံမိစဉ်တည်းက မင်းကို ကိုယ့်ကားထဲ ထည့်ပြီး ကိုယ် ကာကွယ်ပေးခဲ့ဖူးတယ် ..."

"ဟင်!... ဘယ်တုန်းကလဲ ..."

"သစ်သီးသည်တွေနဲ့ မင်း ရန်ဖြစ်နေတော့ ..."

သိုက် ဖျတ်ခနဲ မြင်ယောင်လာသည်။ သူ့ကို အမှတ်မရပေမယ့် ထိုအဖြစ်ကို မသိဘဲ နေမလား ...၊

"နောက်ထပ် ဆိုင်မှာ ပြန်ဆုံမိတော့လည်း မင်း ကိုယ့်ကို မမှတ်မိပေမယ့် ကိုယ်က တန်းသိတယ် ... ပြီးတော့ ဆေးခန်းမှာ လေးလေးဆီကို မင်း လိုက်လာတဲ့ည ..."

သူချည်းပဲ မှတ်မိနေပြီး ကိုယ်က ဘာလို့ မမှတ်မိခဲ့တာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို တိုးတိုက်သွားပြီး မင်း မမှတ်မိဘူး .. ကိုယ်က မင်းကို မြင်လိုက်တာနဲ့ အံ့သြသွားတာ ..၊ ပြီးတော့ မင်း ကိုယ့်ဆီကို ရောက်လာခဲ့တယ် .. မင်းအတွက် အရာရာ ပြည့်စုံအောင် ကိုယ် အမှန်းခံပြီး ဖြည့်ဆည်းပေးခဲ့တာတွေ .. အဲ့ဒီ စေတနာတွေ .. ရင်းနှီးမှုတွေမှာ သံယောဇဉ်ဆိုတာ ရှိတယ် .."

သိုက် က မျက်နှာလေး တစ်ဖက်လွဲသွားကာ ငြိမ်သက်နေခဲ့၏။

"အချစ်ရဲ့ ဝင်သက်ထွက်သက်တွေကို ခွဲခြားကြည့်နေမယ့်အစား မင်းနဲ့ ကိုယ် ရင်းနှီးခဲ့တဲ့ သံယောဇဉ်တွေနဲ့ပဲ ခိုင်မာအောင် ချည်နှောင်ကြရင် မဖြစ်ဘူးလား .."

သူ သိုက် ရဲ့ ပခုံးလေးကို ဖွဖွလေး ဖက်လာသည်။ သိုက် က ဖယ်ချုပစ်တော့ ခပ်ဖိဖိကိုင်ရင်း သူ့ရင်ခွင်ထဲမှာ မှီနွဲ့ပါသွားအောင် သိမ်းယူလိုက်၏။

သိုက် ရင်ခုန်သံတွေကို ပြန်ကြားလာရသည်နှင့် နှုတ်ခမ်းလေး ဖိစေ့ရင်း သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်၏။

"ပြန်ရအောင် .."

"အင်း .."

သူက သက်ပြင်းချလိုက်ပြီး ...

"ကန်စွန်းရွက် နွမ်းသွားမယ်လေ .."

"မနွမ်းပါနဲ့တော့ .. လောလောဆယ် ပိုင်ရှင်မသိဘဲနဲ့ ခိုးသလိုကြီး .."

"ခိုးတာမှ မဟုတ်ဘဲကွ .. ကိုယ် ဗိုက်ဆာတယ် .. အပေါ်ပြန်ရောက်ရင် ကြော်မယ်လေ .. ပေါင်းအိုးနဲ့ ထမင်းချက်လိုက်ရင် ရတာပဲ .."

သူ တကယ်ပဲ စားချင်နေတာလား ..၊

အချိန်မတော်မှ ဗိုက်ဆာတာ သိပ်မဆန်းပေမယ့် ထမင်းစားတာကတော့ မကောင်းဘူးမို့လား ..၊





"ဦးဆောင်း တကယ် ဗိုက်ဆာနေတာလား ..၊ အချိန်မတော်မှ ဝမ်းပျက်တတ်တယ် .. ကန်စွန်းရွက်ဆိုတာက အအေးစာကြီး .."

"ဟုတ်တယ်နော် .. ဒါပေမယ့် အမြဲတမ်း ကြီးကြီးကျယ်ကျယ်နေလာရတာကွာ .. တစ်ခါတလေ သူခိုးကျင့် သူခိုးကြံ လုပ်ကြည့်မလားလို့ ခိုးဖော် ညှိကြည့်တာ .."

"မညှိနဲ့ မခိုးချင်ဘူး .."

"အဟွန်း .. ဟွန်း .."

သူက ရယ်နေကာ ...

"ပြီးရောလေ .. ပြန်မယ် .."

ပြန်မယ်ဆိုကာမှ ဓာတ်မီးကို ပြန်ကောက်လိုက်တော့ မရှိတော့ပေ..၊

"ဟာ!.. သွားပြီ .."

"ဘာဖြစ်လို့လဲ .."

"ဓာတ်မီး ကန်ထဲ လိမ့်ဆင်းသွားပြီ .."

"ဟုတ်လို့လား .."

"သေချာတယ် .. ခုန မင်းနဲ့ ပခုံးချင်းတိုက်ပြီး ရယ်နေတုန်းလက်နဲ့ ထိမိသွားတာ သိလိုက်တယ် .. မကြည့်လိုက်မိဘူး .."

ဆောင်း က ဓာတ်မီး လိမ့်သွားနိုင်တဲ့ ရေစပ်ကို သေချာ ပြူးပြဲငုံ့ကြည့်၏။

"ဖယ်လေ .. သိုက် စမ်းကြည့်မယ် .."

"ဟာ!... မစမ်းပါနဲ့ .. ဒီနားမှာပဲ ရှိမှာ .. ကိုယ် နှိုက်လိုက်မယ်.."

"မြင်ရလို့လား .."

"မမြင်ရဘူး .. ရပါတယ် .."

ဆောင်း က ဘောင်စပ်မှာ နေရာပြင်လိုက်ကာ လက်နှိုက်မည့်အနေအထား ပြင်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"– ချစ်သူလာသော ညက ငွေလ သာပါတယ် .. ချစ်သူ မလာသော ခုည – အော့ – ငွေလ ဘယ်ကို ရောက်နေသလဲ – ငုံ့သား ဘယ်ကို ရောက်နေသလဲ .. အော့ – ကွယ် .."

အရက်မူးသမားတစ်ယောက်၏ သီချင်းသံနှင့် ခတ်မီးရောင် ..၊

"ဦးဆောင်း .."

"ဟုတ်တယ် .. အဲ့ဒါ ဦးအေး အသံပဲ .. ကျွတ်!... ဒီညကျမှကွာ.."

"ဘယ်လိုလုပ်မှာလဲ .. သူက သိုက် တို့ ပြန်မယ့်ဘက်က လာနေတာ .."

"ဟို မဲဇလီပင်အောက် ခဏ သွားဝင်နေရအောင် .. လာ .."

ခတ်မီးကောက်မည့်အစီအစဉ်ကို လက်လျှော့ကာ သိုက် လက်လေးကို ဆွဲ၍ မဲဇလီပင်ပုပုလေးအောက်ကို ပြေးဝင်လိုက်ရ၏။

".. သူ့အမေ ဆုသောညက – ငုံ့သား .. ပြန်မလာတယ် .. ခတ်မီးကိုဆွဲ – ညမှောင်မှောင် – အော့ .. မိုး – မိုးရွာထဲ – ရှာလာပြီဟ .. ငုံ့သား ဘယ်ကို ရောက်နေသလဲ .. အော့ – တော့ – ထွန်းထွန်း၊ ထိုတဲ့ကောင် .. ဘယ်မှာလဲ – ငုံ့သား .. ရွှေသွေး – မအေပေး – အဖေ့ဖိနပ်စုတ် ပြန်ပေး –".

သီချင်းသံက မူးနေသလိုလို .. ရူးနေသလိုလို .. မိုးစက်သံ တဖြောက်ဖြောက် ကျလာတာလည်း သီချင်းထဲမှာ ပါ၏။

ပြီးတော့ ခတ်မီးရောင် ဝေ့ပတ်သွားပေမယ့် လူက လာရာလမ်းအတိုင်း လှည့်မြန်သွားသဖြင့် သီချင်းသံလည်း လေးတိလေးကန်နှင့် တဖြည်းဖြည်း ပျောက်သွားလေသည်။

"မိုးပေါက်တွေ ကျလာပြီ .. ဒီဘက် တိုးလေ .."

"အို!..."

ဆောင်း က သိုက် ရဲ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ဖက်ထားလိုက်၏။

အမှတ်တမဲ့ ငြိမ်နေပြီးမှ သိုက် က ရန်းကာ ...





"မိုးသည်းလာရင် ပြန်မရတော့ဘဲ ဖြစ်သွားလိမ့်မယ် .. ပြန်ရအောင်လေ .."

ရုန်းကြည့်တာ မရတော့ သူ့ကို ပြန်မော့ကြည့်မိသည်။ ဆောင်းက သူမကို စိုးမိုးငေးနေရင်း နဖူးဆံစလေးကို လေငွေ့နွေးတို့နှင့် မှုတ်၏။

ပြီးတော့ သူ့မျက်နှာ တဖြည်းဖြည်း နီးကပ်လာခဲ့စဉ် ...

"သူဌေးတို့ မိုးခိုနေတာ ထင်တယ် .."

ခတ်မီးရောင် ဝေ့ခနဲ ကျလာသည်။ ရောက်လာသူက စိုးဝင်းဖြစ်ကာ ထီးကြီးတစ်ချောင်း ချိုင်းကြားညှပ်လျက် ...

"ဦးအေးကြီး အသံ ကြားတည်းက ကျွန်တော် စိတ်ပူလို့ ထွက်လာကြည့်တာ .. ဒီမှာ ထီးအကြီး ယူလာတယ် .. သူဌေး ကန်စွန်းရွက်ခူးဦးမလား .."

"နေပါစေတော့ .. ဒီမှာ မင်းအစ်မက မခူးရဘူးတဲ့ .."

မှောင်နေပေမယ့် သူ့စကားကြောင့် သိုက် မျက်နှာ ပူသွားမိသည်။

"ဟုတ်လား .. သူဌေးကို ပြန့်အမိန့်ပေးမယ့်သူ ပေါ်လာပြီပေါ့.."

စိုးဝင်း က ထီးပေးပြီး နောက်သွားသေးသည်။ ဆောင်း က ထီးကိုင်ပြီး သိုက် ရဲ့ပခုံးလေးကို လှမ်းဖက်ကာ ...

"ဒီဘက်တိုးဆိုတာ ခဏ ခဏ ခေါ်နေရတယ်ကွာ .. ဒီချာတိတ်က ဂျစ်တိဂျစ်ကန်နဲ့ပါလား .."

"ရပါတယ်ဆိုမှ .. မိုးဖွားလေးတွေ ဥစ္စာ .."

"မရဘူး .. မိုးဖွားလည်း မိုးပဲ .."

သိုက် ပခုံးလေးကို ဖက်၍ ကိုယ်နဲ့ ကပ်ထားမိသည်။ သူမနဲ့ သူ ရင်းနှီးချင်တာပါ ..၊

ဒါမှ သူမစိတ်ထဲက ဘာညာစိတ်ကူးတွေ ပျောက်သွားမှာဖြစ်သလို ကိုယ် ကြင်နာချင်တာတွေလည်း သိစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပြောနေတာတွေမှာ ဟန်ဆောင်လိမ်ညာတာတွေ မပါခဲ့မှန်း သူမ ယုံမှ ဖြစ်မည်မို့ ...

"အိပ်ချင်နေပြီလား .."

"ဟင့်အင်း .."

"အိုခေ .. ကိုယ်တို့ တစ်ညလုံး စကားပြောမယ် .."

အထဲ ပြန်ရောက်လာတာနှင့် မိုးတွေ တအုန်းအုန်း ရွာချလာသည်။ အဖျားခတ် မိုးစက်တွေ စိုကုန်တာကို သပ်ခါချရင်း ရယ်လည်း ရယ်မိကြကာ ...

"ဓာတ်မီးလည်း ကျန်ခဲ့ပြီ .."

"ကျန်ခဲ့တာ မဟုတ်ဘူးကွ .. ပါလာတာ .."

"ဟင်!..."

"ဒီည ကိုယ်တို့ရဲ့ အမှတ်တရလေ .."

"အင်းပေါ့ .. မှောင်မှောင်မည်းမည်းနဲ့ .."

"ဘာဖြစ်လဲ .. မှောင်နေတာကိုက ကောင်းတာ .."

ပြောပုံက ဘာမှန်း ညာမှန်း မသိ ...၊

"ခေါင်းတွေ ရေစိုသွားသေးလား .."

"နည်းနည်းပါ .. ထီးပိတ်လိုက်တုန်း ပက်မိသွားတာ .."

"အထဲမှာ အင်္ကျီသွားလဲရင်း ခေါင်းကို စင်အောင် သုတ်လိုက်.."

"ရှင်ရော .. အပြင်မှာ ဘာရှိလို့လဲ .."

"ရတယ် .. ကိုယ် .."

"ရှင် အရင်ဝင်လဲလိုက်ပါ .. သိုက် ရဲ့အင်္ကျီက ခုတင်အောက်မှာ အိတ်နဲ့ ဒီတိုင်းထားတာ .."

သူ့အင်္ကျီတွေချည်းပဲ ဗီရိုနဲ့ အသိပ် ...၊

"ရတယ် .. ကိုယ့်ကို တဘက်တစ်ထည်ပဲ ပြန်ထွက်ပေး .."

သူက ထီးကို ကိုယ့်လက်ထဲ ထည့်လိုက်တာမို့ အပေါ်ကို တက်လာ





ကာမှ သူပဲ ပိုစိုခဲ့ဟာ ဖြစ်သည်။ ခေါင်းက ရေတွေကို ခါထုတ်ရင်း ဘာမှ မဖြစ်သလို ပြောနေသေးသည်။

သူဝင် ငါဝင်နဲ့ ပြီးမှာ မဟုတ်တော့ ...၊ သိုက် ပဲ အရင်ဝင်ကာ သူ့အတွက် တဘက်တစ်ထည် ဆွဲယူပြီး ပြန်ထွက်ခဲ့သည်။

"ရော့ .. ခေါင်းကို အရင်သုတ်လိုက်ဦး .. ရှင့်ခေါင်းမှာ စိုနေတာပဲ .. ကျောမှာလည်း စိုရွဲလို့ .. ပြီးရင် အင်္ကျီ ဝင်လဲလိုက် .. သိုက် က အင်္ကျီပါးပါးလေးရယ် .. သိပ်လည်း စိုတာ မဟုတ်ဘူး .."

တဘက်ပေးရင်း ရေရွှတ်နေတာ အစ်မကြီးတစ်ယောက် လေသံတွေနှင့် ...

ဆောင်း က တဘက်ကို ယူပေမယ့် လက်ကိုပါ ဆွဲထားကာ ...

"မင်းကိုယ်တိုင် သုတ်မပေးချင်ဘူးလား .."

သိုက် ရုတ်တရက် ပြန်လှည့်ကြည့်မိကာ စိတ်ကူးမရှိခဲ့ဖူးသည့် ကိစ္စတွေမို့ ဘာပြောရမှန်းလည်း မသိ ...၊

"အိုခေ .. အိုခေ .. ရတယ် .. ပေး .."

သိုက် အကျပ်ရိုက်သွားတယ်ထင်ပြီး သူ့ဘာသာ စောင်ကို ဆွဲယူလိုက်မှ သူမ ပြန်လှည့်ကာ ...

"ရတယ် .. သုတ်ပေးမယ် .."

ရပ်လိုက်တည်းက ဆောမှာ ဝင်ရပ်ကာ 'ကန်တော့နော် ..' ဆိုပြီး ခေါင်းကို ကိုင်သည်။ ပြီးတော့ နောက်ကိုပဲ ရွေ့ပြောင်းသွားသဖြင့် ဆောင်း က ခပ်ယဲ့ယဲ့ ပြုံး၏။

"ရှေ့မှာ စိုနေတာတွေ မခြောက်သေးဘူး .."

"ခြောက်တော့ ဘယ်ခြောက်မလဲ .. ရှင်က အောက်မှာတည်းက ထီးအောက်က ထွက်သွားတာကို .. ဒရိုင်ယာ မှုတ်ပေးရမလား .."

"ဘယ်လိုလုပ် ဒရိုင်ယာ ရှိမှာလဲကွ .. တိုယ်က မိန်းကလေးမှ မဟုတ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



သိုက် သူ့ရှေ့ကို ပြန်ရောက်လာကာ ခြေဖျားလေးထောက်၍ ဆံပင်တွေကို သုတ်ပေးမိသည်။

ရှက်သည့်စိတ်တွေနဲ့ ကတုန်ကယင် ဖြစ်နေကာမှ ကိုယ့်ခြေထောက်နဲ့ကိုယ် ပြန်ငြိပြီး လူက ယိုင်ခနဲ ဖြစ်သွားသည်။

သူက သိုက် ရဲ့ခါးလေးကို ထိန်းကိုင်ထားလိုက်လျှင် သူ့ပခုံးနှစ်ဖက်ပေါ်မှာ သိုက် အားပြုမိသလို ဖြစ်သွားခဲ့၏။

တိတ်ဆိတ်ခြင်းသည် မိုးစက်သံများကြားကနေ ဖုံးလွှမ်း ကြီးစိုးဖို့ကြိုးစားနေခဲ့လျက် ...၊ သိုက် နဲ့ သူ တစ်ယောက်မျက်နှာ တစ်ယောက်ငေးနေမိရင်း ...

အေးစိမ့်သော မိုးစက်ပွင့်တို့ကြားမှာ အနမ်းတို့သည် နွေးနွေးဖြာဖြာ စီးမျောလာခဲ့လျက် ...၊ မျက်ဝန်းတို့ ပိတ်ယှက်လိုက်ချိန်မှာ အရာအားလုံး မှောင်ကျသွားခဲ့၏။

အနမ်းများကြောင့် ငိုချင်မိခဲ့သော မှတ်မှတ်ရရ ဒီည ...၊





အခန်း (၃၇)

သူ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေချိန်မှာ သိုက် က သူ့ရဲ့မီးဖိုခန်းကျဉ်းကျဉ်းလေးထဲမှာ ကန်စွန်းရွက်နဲ့ မှိုကို ကြက်အသည်းအမြစ်လေးနဲ့ ကြော်နေခဲ့သည်။

ပြီးတော့ ကြက်သားကြော်နဲ့ ဆော့ တစ်ပုလင်း ...၊

အပြင်စာ ဝယ်မစားရရေးအတွက် ကိုယ့်ဘာသာ ချက်ပြုတ်ရို့ စီစဉ်ပေမယ့် ချက်လို့ရသလောက်က ဒါပဲ ဖြစ်သည်။

ဝယ်ပေးမယ့်လူ ရှိပေမယ့် အရမ်းသိသာအောင် တနင့်တပိုး ဝယ်ခြမ်းခိုင်းနေလို့လည်း မဖြစ် ...၊

"အား!..."

"သိုက် .. ဘာဖြစ်တာလဲ .."

"ဘာမှ မဖြစ်ပါဘူး .. ဆီပူ နည်းနည်း စင်သွားလို့ .."

ဖုန်းကိုင်ရင်း သူ ဝင်လာကာ ...

"ကြက်သားတွေ ဘယ်လောက်တောင် ကြော်နေမှာလဲကွ - တော်ပြီ .. နှစ်တုံး ရနေပြီ .. တစ်ယောက် ဘာစ်တုံးလေ! .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... မပိတ်ပါနဲ့ .. ကျန်တာတွေလည်း ကြော်ရမှာပဲ .. ရေခဲသေတ္တာထဲ ပြန်ထည့်နေရဦးမယ် .. ထားလိုက်ပါ .."

"မထားနဲ့.. စိုးဝင်း တို့ကို ပေးပစ်လိုက်တော့ .. ဒါကြီးတွေ အများကြီး သိုလှောင်ပြီး နေ့ဖို့ညစာတွေ ထားမလို့လား .. ဖယ်ကွာ .."

မီး အတင်းဝင်ပိတ်ကာ သိုက် ကို အပြင်ခေါ်ထုတ်လာခဲ့သည်။

"မှိုကန်စွန်း ကြော်ထားတယ် ဦးဆောင်း .. သွားမြည်းကြည့်လေ.. ဦးဆောင်း မေမေရဲ့ လက်ရာကိုတော့ မမီဘူး ထင်တယ် .."

"မီမီ မမီမီ ကွာ .."

သူက သိုက် နုထိ ပွတ်သပ်နေဆဲနေရာကို ဆွဲယူကြည့်ပြီး မျက်နှာကြီးက တင်းနေသည်။

ပြီးတော့ ဖုန်းကို အိတ်ထဲ ထည့်ထားလိုက်ကာ ...

"မေမေ ချက်ပြုတ်နေတာ စားတုန်းက ကလေးမို့လို့လား မသိဘူး .. ကြော်ကျွေးရင် စားလိုက်တာပဲ .. ဘာမှ သတိမထားမိဘူး .. ခုတော့ မျှော်မရတာတွေ ဖြစ်လာပြီ .."

"ဟင် .."

"ဟုတ်တယ် .. မီးဖိုချောင်ထဲ ခင်ဗျား ဝင်လုပ်နေတာ ဖုန်းသာ ပြောနေရတယ် .. အသံတွေကြားတိုင်း စိတ်က မဖြောင့်ဘူး .. နောက်ကို ကြော်တာလှော်တာတွေ သိပ်မလုပ်နဲ့ကွာ .."

ဗျစ်တောက်ဗျစ်တောက် ပြောနေသည့် မျက်နှာကို ကြည့်ရင်း သိုက် မျက်နှာလေး ပြုံးယောင်သမ်း၏။ ရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းသည် အိမ်ထောင်ရေးဆိုတာကို တပ်မက်စိတ်လေးတွေ ဖြစ်လာမိရတဲ့အထိ ...၊

ခုနေသာ သူ့ဘက်က ရက်စက်မယ့်ဟန်ရေး ပြလာခဲ့ရင်း သူမ ခံနိုင်ရည် ရှိပါ့မလား ...၊

ဒီလိုဖြစ်အောင် သူ စည်းရုံးနေတာဆိုရင်တော့ ...





"ဟိတ် .. ဘာတွေ ငိုင်နေတာလဲ .."

"ဟင်!..."

"ဒီမှာ နီတဲ့နေရာလေးတွေမှာ ဆေးပြာ နည်းနည်းဆွတ်ရအောင်.."

"ဟာ .. နည်းနည်းလေးဥစ္စာ .. မလုပ်ပါနဲ့ .. ဟိုမှာ လက်စသတ်ရဦးမှာ .."

"မသတ်နဲ့တော့ .."

"ဦးဆောင်း ဆေးပြာတော့ မဆွတ်ပါနဲ့ .. သိုက် ဘာသာ သွားတိုက်ဆေးလေး ပုံထားလိုက်ရင် ရတယ် .. အဲ့ဒီလိုဖြစ်ရင် လုပ်နေကျ.."

"နံရ နံနဲ့ကွာ .."

"ရပါတယ် ဆိုမှ .."

ထိုစဉ် ဖုန်းဝင်လာသဖြင့် အတင်းဆွဲထားသည့် သူ့လက်ကို သိုက် ဖယ်ချခွင့် ရသွားသည်။ မီးဖိုခန်းထဲ သူမ ပြန်ရောက်သွားခဲ့သဖြင့် ဆောင်း ဘာတွေ ပြောနေတာလဲဆိုတာ မသိခဲ့ ..။

"ဗျာ .. လေးလေး .."

"... ... ... ..."

"မဟုတ်ဘူး .. လေးလေး ထင်သလို ဘာမှ မဖြစ်ဘူး .. ကျွန်တော့်ကို ယုံပါ .."

"... ... ..."

"နေပါဦး .. ကျွန်တော် ခုပဲ လာခဲ့မယ် .. လေးလေး နာရီဝက်လောက်ပဲ စောင့်ပေးပါ .."

သူ အပြင်ထွက်ရတော့မည်မို့ သိုက် ရှိရာ ပြန်ဝင်လာခဲ့ကာ ...

"သိုက် .. ကိုယ် အပြင် ခဏသွားဦးမယ် .. မီးဖို ပိတ်ထားလိုက်တော့ .."

"ဟုတ် .. ပိတ်နေပါပြီ .. သွားလေ .."

"ဘာမှ ထပ်မလုပ်နဲ့နော် .. ကိုယ် ထွက်သွားရင် အဲထဲက လော့ခ်



www.burmeseclassic.com

www.burmeseclassic.com



ချထား .. ကိုယ် ပြန်လာရင် ကိုယ့်ဘာသာ တံခါးဖွင့်ဝင်လာလို့ ရတယ်.. တံခါး လာခေါက်ရင် အသံမပေးနဲ့ ..”

သူ သေချာ မှာသွားခဲ့တဲ့အတိုင်း သိုက် နာခံခဲ့ပါသည်။ သို့သော်...

“ပထွေးနဲ့နေတဲ့ သိုက် ဆိုတာ မင်းလား ..”

သိုက် အပြင်မှာ ဆောင်း ကို တစ်ချိန်လုံး ထိုင်စောင့်နေခဲ့ပြီး အထဲမှာ ခဏဝင်လှဲမလို့ ထလာခဲ့တော့မှ ...

“ဟော့ ..”

အခန်းထဲမှာ ကိုယ် တစ်ယောက်တည်း ရှိနေသည်မို့ စကားသံ တွေ ပီပီသသကြီး ကြားလိုက်ရတာတောင် မယုံနိုင် ...၊

ခြေလှမ်းတွေ ရပ်သွားခဲ့လျက် ထိတ်ခနဲ ဖြစ်သွားသည်။ ပြီးတော့ နောက်ကို လှည့်ကြည့်လိုက်လျှင် အခန်းထဲ ရောက်နေတာ လူနှစ် ယောက် ...၊

လေးထောင့်ဆန်ဆန် ဆံထုံးမြင့်မြင့်မှာ စိန်ဘီး တဝင်းဝင်းနှင့် ကတ္တီပါခြုံထည်ကြီး ပခုံးမှာ ပတ်ခြုံထားသော အမျိုးသမီးကြီး တစ် ယောက် ...၊ ပြီးတော့ အဖော်ဖြစ်ပုံရသည့် မိန်းကလေးနှင့် ...

“မင်းကို မေးနေတာ ပါးစပ် မပါဘူးလား ..”

သိုက် ကြောင်ငေးနေမိရင်း ခေါင်းထဲမှာ လင်းလက်သွားခဲ့၏။

ထိုအမျိုးသမီးကြီးက ဦးဆောင်း ရဲ့အဘွား ...၊

“ဟုတ်ကဲ့ .. ကျွန်မက သိုက် ပါ ..”

“မင်းကို ဒီထဲမှာထားတာ ဘယ်နှစ်ရက် ရှိပြီလဲ ..”

“ငါးရက် ..”

“အေး .. မင်းအတွက် ငါးရက်တည်းနဲ့ တစ်သက် စားလို့မကုန် အောင် နစ်နာကြေး ရမယ် .. ခု သွားတော့ ..”

သိုက် မျက်ဝန်းလေးတွေ ပြူးပြက်လက်သွားသည်။ ပြီးတော့ နှုတ် ခမ်းလေး မဲ့သွားကာ ...





“ဟုတ်ပြီ .. ကျွန်မ သွားမယ် .. ဒါပေမယ့် အဲ့ဒီ နစ်နာကြေးကို ဦးဆောင်းမျက်နှာ လက်နဲ့ ပေးပါစေ ..”

“ဘာ!...”

“သူ ပေးမှ ကျွန်မ သွားမယ် ..”

“တောက်!...”

ဒေါ်ဟေမာန်ဆောင်း ဆင်ခြင်ပြောဖို့တွေ ပြင်ဆင်လာခဲ့သမျှ ပြာ လို လွင့်၏။

“အဆင့်အတန်းမရှိတဲ့ မင်းတို့လို မိန်းကလေးတွေ တတ်ကြတာ ဒါပဲ ...၊ မလိုချင်ဘူး .. မင်း ခုချက်ချင်း ထွက် .. ဟော့ .. ဘယ်သူ ရှိနေ သလဲ .. လာစမ်း ..”

“ရှိပါတယ် ခင်ဗျ ..”

အောက်ထပ်က စာရေးနှစ်ယောက် ပြေးထွက်လာကြသည်။ အခန်းဝမှာ တုံ့ခနဲ ရပ်သွား၏။

“လာခဲ့ .. သူ့ကို ခေါ်သွားပြီး သွားမယ့်နေရာ ပို့ပေးလိုက် ..”

“အန်တီကြီး .. ဟို ..”

နောက်ထပ် ပျာယီပျာယာ ရောက်လာသူက ဦးသူရ ဖြစ်သည်။ သိုက် ကို ဆောင်း လက်ထပ်ထားတာ သူတို့ သိသည်။ ဒါပေမယ့် ဘယ်ကိုမှ မပေါက်ကြားစေခဲ့ဘဲ အိမ်ကလူကြီး သိသွားတာကို အံ့ဩ နေခဲ့၏။

သူ ဟိုဘက်မှာ ပစ္စည်းပို့တဲ့ကားကို သွားကြည့်နေတာ ဖြစ်ကာ ဒီဘက်မှာ သူဌေးရဲ့အဘွား ရောက်လာသည် ...၊ အပေါ်တက်သွားသည် ကြားမှ ပြေးလာခဲ့ရတာ ခလုတ်တိုက်မတတ် ...၊

“အန်တီကြီး ခင်ဗျာ .. ဟို .. သူဌေးနဲ့ သူက ..”

“မင်းက ဘာမို့လို့ ငါ့ကို ဝင်ရှင်းနေတာလဲ ...၊ ယော .. ဟိုနှင် ယောက် သွားဝင်ဆွဲ ..”



www.burmeseclassic.com

www.burmeseclassic.com



သိုက် က လက်နှစ်ဖက် စုံချုလျက်အတိုင်း ရပ်ကြည့်နေသဖြင့် ဆွဲထုတ်စံရမည့်အဆင့်ကို ရောက်သွားခဲ့ရင်း ...

"မင်းက ဒီလိုလုပ်ဖို့ တွန်းအားပေးနေတာပဲ .. မပူနဲ့ဟေ့ .. ငါ့ရာဇဝင်မှာ မင်းတို့လို လူတွေကို သနားခဲ့တယ်ဆိုတာ ၄ ရှိဘူး .."

"သူဌေး .. သူဌေး ခဏလေး နေပါဦး .."

နောက်ထပ် ပြေးလွှားရောက်လာတာက ဦးဒေဝ ..၊

စာရေးနှစ်ယောက်မှလွဲလျှင် အားလုံး အခန်းထဲကို ရောက်လာခဲ့ကြပြီး သိုက် ရဲ့ရှေ့မှာ အင်အားကြီးသူတို့ ဝိုင်းဝိုင်းလည်လျက် ...

"ကျွန်တော် ရှင်းပြပါရစေ .."

"မောင်ဒေဝ .. မင်းကို ငါ ယုံကြည်ခဲ့တာ.. ငါ့မြေးအတွက် ဒီလိုနေရာတွေမှာ ကာကွယ်ပေးဖို့ မဟုတ်ဘူး .."

"ဟုတ်ပါတယ် .. ကျွန်တော့်မှာ အပြစ်ရှိရင် သူဌေး ကြိုက်သလို စီရင်ပါ .. ဒါပေမယ့် ဒီမိန်းကလေးကို ဆောင်း က .."

"ဆောင်း နဲ့ ဘာဖြစ်ဖြစ် ငါ အသိအမှတ် မပြုဘူး .. သဘောလည်း မတူဘူး .. မိန်းကလေးဖြစ်ပြီး လူကြီးမိဘ သဘောတူ မတူ မစဉ်းစားဘဲ သူဌေးကိုရရင် ဘယ်လိုပုံစံ ဘယ်လိုအဖြစ်မျိုးနဲ့ နေရနေရ အရှက်မရှိ ကပ်တွယ်နေတာ .."

"အဘွား ကျွန်မကို မှိုရိုးမျှစ်ရိုး မပြောပါနဲ့ .."

"အံမာ .. ဟေ့ .. မင်းပါးစပ်ကို ပိတ်ထားစမ်း .. ပထွေးနဲ့နေပြီး ပတ်ဝန်းကျင်ကို စိန်ခေါ် အရွဲ့တိုက်နေတဲ့ မိန်းကလေး .. မိန်းမတစ်ယောက်မှာ အရှက်အကြောက်တရားမှ မရှိတော့ရင် ဘာဖြစ်သလဲ သိရဲ့လား .."

"မသိဘူး .. အရှက်အကြောက်တရားရှိတဲ့ မိန်းမ ဟုတ်မဟုတ် သေချာ မြင်တတ်ဖို့ ရှင် ကြိုးစားပါ ..၊ ကျွန်မက ပထွေးနဲ့ နေရပေမယ့် ကိုယ်ကျင့်သိက္ခာ မမဲ့ဘူး .. သူများကို ရန့်ရင်းကြမ်းတမ်းတဲ့စကားတွေ





မစာမနာပြောပြီး ကိုယ့်ပါးစပ်ကိုလည်း ကျက်သရေမဲ့ မစေဘူး .."

"ဘာ!... မင်း .. မင်း ဘာပြောလိုက်တယ် .."

"ဆင်းရဲလို့ ပတ်ဝန်းကျင်ရဲ့ သွားစုပ်လေလွင့်တွေ အပြောခံနေရပေမယ့် ချမ်းသာပြီး မောက်မာရိုင်းစိုင်းမှုတွေနဲ့ နေ့ရှိသမျှ ကျက်သရေမဲ့နေတဲ့လူတွေထက် အများကြီး သန့်စင်သေးတယ် .."

ပြောနေရင်း သိုက် ရဲ့ ပါးပြင်ထက်သို့ မျက်ရည်စက်တွေ ဖိုးဖိုးပေါက်ပေါက် ကျလာကြသည်။ ပြီးတော့ လက်သီးလေးနှစ်ဖက် ဆုပ်ထားရင်း နောက်ကို ခြေနှစ်လှမ်း ထပ်ဆုတ်ကာ ...

"ကျွန်မ ဘယ်ကိုမှ မသွားဘူး .. ကျွန်မအတွက် နစ်နာကြေးဆိုတာကို ဦးဆောင်းမျက်နှာ ကိုယ်တိုင် ပြောပြီး ကျွန်မလက်ထဲ ထည့်ရမယ် .."

"မင်းက .. မင်းကများ .."

ဒေါ်ယောမာန်ဆောင်း လက်ညှိုးထိုးပေမယ့် ထိုလက်က ဆတ်ဆတ်တုန်၏။

"ကျွန်မကို ထိရဲတဲ့လူ လာထိကြည့်လိုက် .."

သိုက် က မေးဖျားလေး ပင့်ပြီး စိန်ခေါ်၏။ ဘယ်သူမှလည်း .. ရှေ့ကို မတိုးရဲကြပါ ..၊ ထိုစဉ် ...

"ဘွား .."

ဆောင်း ရောက်လာကာ သိုက် နဲ့ ဒေါ်ယောမာန်ဆောင်း ရဲ့အလယ်မှာ ရပ်လိုက်ကာ ...

"ဘွား .. ဘွား ဒီထိ .."

"အေး .. မင်း ခုချက်ချင်း ပြန်သွားလိုက်တော့ .. ငါ့ကို ဘာမှမေးဘဲ ခုပြန် .. သွား .."

"မဟုတ်ဘူး ဘွား .. ကျွန်တော် .."

"မြေး .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟောမာန်ဆောင်း မျက်ဝန်းမှာ မာနတို့ လက်လက်ထနေကာ မျက်ရည်အဖြစ် စိုစွတ်နေကြ၏။ ပြီးတော့ အသံတွေ တုန်လျက် ...

"မင်းကို ဘွား လုံးဝ သဘောမတူဘူး .."

"ဘွား .. ကျွန်တော်တို့က လက်ထပ်ပြီးကြပြီ .."

"လက်ထပ်ရုံမကလို့ ကလေးတွေပဲ ရရ .."

"ကလေးတွေရတဲ့အထိ ဘွားရဲ့မြေးကို ဘယ်သူက ပေါင်းမှာမို့လို့လဲ .."

ဟင်!...

ဆောင်း မယုံနိုင်မှု ချာခနဲ ပြန်ကြည့်သည်။ သိုက် က မျက်ရည်စက်သွေ့ စိုလူးနေပေမယ့် ဒေါ်ဟောမာန်ဆောင်း ၏မျက်ဝန်းတို့နှင့် အပြိုင် စူးရဲနေကာ ...

"အံ့ဩနေသလား ဦးဆောင်းမျက်နှာ .. ကျွန်မ ဘယ်လိုမိန်းမလဲ ဆိုတာ ရှင့်အဘွားက သိတယ် .."

"သိုက် .. မင်း ဘာတွေ ပြောနေတာလဲ .."

ဆောင်း က သိုက် ရှေ့ကို ရောက်လာ၏။ သိုက် က နောက်ထပ် ဆုတ်၍ ...

"ကျွန်မအတွက် နစ်နာကြေးတွေ တနင့်တပိုး ပေးမယ်ဆိုတော့ လက်လီဝယ်စားရင် စိတ်ကြိုက် ထပ်ရွေးလို့ ရသေးတယ်လေ .. ဘာဖြစ်လို့ လက်ကား ယူနေမှာလဲ .."

"သိုက် .."

"ဒါပေမယ့် အဲ့ဒီ နစ်နာကြေးကို ရှင် ပေးရမယ် .. ရှင့်လက်နဲ့ ပေးလိုက်စမ်းပါ .. သူဌေးနဲ့မတန်တဲ့ မိန်းမ .. ခုချက်ချင်း ထွက်သွားပေးမယ် .."

"မဟုတ်ဘူး .. ကိုယ် ရှင်းပြမယ် .."

ဆောင်း က ရှေ့တိုးပြီး လက်ကို လှမ်းကိုင်၏။





သိုက် က ပုတ်ထုတ်ပစ်လိုက်ကာ ရိုက်ချပစ်လိုက်တာ ရိုင်းခနဲ...

"ဖြန်း .."

"အမလေး .. မြေး!..."

"ဟာ!..."

"သူဌေး .."

ဒေါ်ဟောမာန်ဆောင်း မျက်လုံးတွေ ပြာသွားသည်။

"ငါ့ .. ငါ့မြေးကို ငါတောင်မှ .. ညည်း .."

"ဘွား .."

"သူဌေး .. သူဌေး ..."

ဒေါ်ဟောမာန်ဆောင်း တအိအိ ခွေကျသွားလေသည်။ ပြန်လှည့်ကြည့်လိုက်တော့ သိုက် မရှိတော့ပေ ...၊

စားပွဲပေါ်မှာ ပန်းကန်လေးတစ်ချပ်နှင့် ထက်ခြမ်းခွဲထားသော ပန်းသီးတစ်လုံးနဲ့ ဓားပါးလေးတစ်ချောင်းက ဒီတိုင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ဘွား ... နေကောင်းရဲ့လား ..."

"မြေး ..."

ဒေါ်ဟေမာန်ဆောင်း သည် မျက်စိနှစ်လုံး ပွင့်လာသည်နှင့် ဆောင်းရဲ့လက်ကို ကတုန်ကယင် ဆုပ်ကိုင်လိုက်ကာ ...

"မြေး ရယ် ..."

မျက်ရည်တို့သည် မျက်ဝန်းထောင့်ကနေ တလိမ့်လိမ့် စီးကျလာခဲ့၏။ ပြီးတော့ ...

"မြေးလေး ဘွားကို မထားခဲ့ဘူး နော် ... မြေးရဲ့ချစ်သူကို လက်ဆွဲပြီး ဘွားကို ထားခဲ့ပြီ ထင်နေတာ ..."

"ဘွားကို ကျွန်တော် ဘယ်တော့မှ ခွဲထွက်မသွားဘူးလို့ ကတိပေးထားတာပဲ ဘွားရယ် ..."

ဘွား သတိမရသေးတာတောင်မှ မျက်ဝန်းထောင့်မှာ မျက်ရည်တွေ စိုတက်လာတတ်တာ သူ မြင်နေရသည်။

"ဘွားလေ အိပ်မက်ထဲမှာ မြေးလေး ထွက်သွားလို့ လိုက်ခေါ်နေတာ ..."





ဒေါ်ဟေမာန်ဆောင်း ၏ မျက်ဝန်းနှင့် စကားသံတွေမှာ ဤသို့သော နူးညံ့ခယခြင်းမျိုး တစ်သက်နဲ့ တစ်ခါ မမြင်ခဲ့ဖူးပါ ...။

မေတ္တာတရား၏ ဝေါ်မွတ်ခြောက်သွေ့ခြင်းကို လက်တွေ့ သိမြင်ခံစားရရင်း ဦးနေဗလ နေရာမှ ထရပ်သည်။ ပြီးတော့ အခန်းပြင်သို့ တိတ်တဆိတ် ထွက်လာခဲ့မိလေသည်။

ကိုယ်က စိတ်ရင်းနဲ့ ပုပန်မိတာပေမယ့် ရှိခဲ့တဲ့ ပြစ်ချက်တွေအရ ကြီးကြီး သူတို့အပေါ် ယုံကြည်မှာ မဟုတ်ဘူးဆိုတာကို နားလည်နေခဲ့၏။

ဒေါ်ဟေမာန်ဆောင်း ကလည်း ဦးနေဗလ ရှိနေခြင်း ... ထွက်သွားခြင်းကို သတိမထားမိခဲ့ပေ ...၊

လှိုက်လှဲဝမ်းသာနေမိတာက သူမဆောင်းမှာ မြေးလေး ရှိနေခဲ့ခြင်းကိုသာ ...၊

"ဘွားက... ဘွားက သားသမီးတွေနဲ့ ပတ်သက်လာရင် မိန်းမကြမ်းကြီးပါ ... တကယ်တော့လေ စည်းစိမ်ဥစ္စာတွေကို ဘွား မက်မောတာ မဟုတ်ပါဘူး မြေးရယ် ... ဘွားရဲ့ ရင်သွေးရတနာလေးတွေကို မက်တာပါ ...၊ ဘွားရဲ့ သားသမီးတွေနဲ့အတူ သူတို့ရဲ့ဘဝလေးတွေကို ဘွား အကောင်းဆုံး လိုချင်ခဲ့တာ ..."

"ကျွန်တော် ဘွားကို နားလည်ပါတယ် ဘွားရယ် ... ဒါပေမယ့် ဘွားကို မထားခဲ့ရက်သလို ကျွန်တော့်ချစ်သူကိုလည်း မစွန့်လွှတ်နိုင်ဘူး ..."

"ဟင်!..."

ဒေါ်ဟေမာန်ဆောင်း မျက်နှာပျက်သွားလေသည်။

ဖွေးဖွေးရဲရဲ မာဆတ်ဆတ်နိုင်သော 'သိုက်' ဆိုသည့် မိန်းကလေး၏ မျက်နှာက ကွက်ခနဲ ပေါ်လာသည်။

ဒီလို ရိုင်းစိုင်းတဲ့ မိန်းကလေးကိုမှ မြေးက စွဲလမ်းနေတာလား...



www.burmeseclassic.com

www.burmeseclassic.com



သူမ ထင်လိုက်တာက ချစ်သူနဲ့ ဘွားအေမျက်နှာကို မြေး မှန်ကန်စွာ ရွေးချယ်ခဲ့ပြီဟု ...।

"မြေး ရယ် .."

အေးချမ်းသွားသည့် ရင်ထဲမှာ ပူလောင်မှုတွေ ပြန်လည် လှုးလွန့်လာကြသည်။

"ဘွားရဲ့ ကျန်းမာရေးကို ကျွန်တော် စိုးရိမ်တယ် .. သိုက် ကိုလည်း မိန်းမငယ်လေးတစ်ယောက်မို့ ထင်ရာစိုင်းသွားမှာ စိုးတယ် ...। တကယ်တော့ သိုက် က မပြည့်စုံတဲ့ဘဝကို ရန်းကန်ရင်ဆိုင်ပြီး သူ့အဖေကို ရှာဖွေကျွေးမွေးနေတဲ့ မိန်းကလေးပါ .."

"ဖအေမှ မဟုတ်တာ မြေးရယ် .. ပထွေးနဲ့ နှစ်ယောက်တည်း ဒီအရွယ်ထိ နေလာခဲ့ကြတာ .. ပြီးတော့ ပတ်ဝန်းကျင်ကလည်း .."

"ပတ်ဝန်းကျင်စကားတွေကြောင့် ဘွားကိုယ်တိုင်လည်း ဒုက္ခရောက်ခဲ့ပြီပဲ .. ပြီးတော့ အတင်းအဖျင်းစကားဆိုတာ လူတစ်ယောက်ရဲ့ ဘဝကို ထိခိုက်စေနိုင်ဆုံးပဲ ဘွား .. ရှာဖွေဖို့ ခဲယဉ်းဆုံးက အမှန်တရား...। တစ်ခါတလေ ကိုယ့်နားနဲ့ ကြားတာ .. ကိုယ့်မျက်စိနဲ့ မြင်တာတွေတောင် မှားယွင်းနေတတ်ပါတယ် .."

"မြေးက ချစ်ဆိပ်ဖုံးနေတာ .. ဒီမိန်းကလေးကိုတော့ လက်တွဲဖို့ မစဉ်းစားပါနဲ့ မြေးရယ် .. ဘွားလေ .. မြေးကို ဘွား လိုက်လျောမှာပါ .."

ဒေါ်ယောမာန်ဆောင်း က ဆောင်း ရဲ့လက်ကို ဖိညှစ် ဆုပ်ထားကာ ...

"အဲ့ဒီလို နာမည်ပျက်ရှိတဲ့ မိန်းကလေးကိုတော့ မြေး မယူပါနဲ့.. တခြား .. တခြား မိန်းကလေးတစ်ယောက်ယောက်ဆိုရင် ဆင်းရဲတယ်ဆိုလည်း ဘွား သဘောတူပါ့မယ် .."

ဘွား ရဲ့ တုန်ယင်နေသည့် လက်တို့ကို ပြန်ဆုပ်ထားမိကာ ဆောင်း





မျက်နှာမှာ လှိုက်လှဲသည့်အပြုံးတို့နှင့် ...

"ဘွား .. ကျွန်တော့်ကို အဲ့လောက်ထိ ချစ်တယ် နော် .."

"ချစ်တာပေါ့ မြေးလေးရယ် .. ဘွားလေ အိပ်မက်ထဲမှာ မဟုတ်ဘူး .. ဘွား သတိလစ်သွားတာ ထင်တယ် ...। ဟုတ်တယ် .. ဘွား သတိလစ်နေပေမယ့် အိပ်မက်ထဲမှာ မြေးကို စွန့်လွှတ်လိုက်ရတယ် .. မြေး ထွက်သွားတာကို ဒီတိုင်း ခေါ်မရဘဲ ကျန်ခဲ့ရင်းနဲ့ .."

ဒေါ်ယောမာန်ဆောင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့၏။

"ဘွား ရယ် .. မငိုပါနဲ့တော့ .."

သူ့ ခုတင်စွန်းမှာ ဝင်ထိုင်လိုက်တာနှင့် ဒေါ်ယောမာန်ဆောင်း က လှဲရာကနေ ထထိုင်သည်။

ပြီးတော့ ဆောင်း ရဲ့ခေါင်းလေးကို ရင်ခွင်ထဲမှာ ပွေ့ဖက်ကပ်ထားလိုက်ပြီး ...

"ဘွား ငိုပါရစေ .. ဒီမျက်ရည်တွေကို ဘွား ထိန်းချုပ်ခဲ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ မြေးရယ် .."

မနေ့တစ်နေ့ကနဲ့ မတူဘဲ လုံးဝ ပြောင်းလဲသွားခဲ့သည့် ဒေါ်ယောမာန်ဆောင်း ရဲ့ ရှိုက်သံတွေက မယုံနိုင်စရာ ...।

"ဘွား နာကျင်ခဲ့ရတဲ့ နှလုံးသားထဲမှာ မာနတွေ .. ဒေါသတွေနဲ့ လုံးထွေးပြီး မျက်ရည်တွေပါ ခဲနေခဲ့သလားပါပဲ .. ခု ဘွား မျိုသိပ်မထားနိုင်တော့ဘူး .. မြေးလေးက ဘွားရဲ့အသက်ပါ .. မြေးကို ဆုံးရှုံးရမယ်ဆိုရင်လေ .. ဒါမှမဟုတ် ဘွားကို မြေး ထားသွားခဲ့ရင် .."

"မပြောနဲ့တော့ ဘွား .. ကျွန်တော် ဘွားကို ထားမသွားပါဘူး.."

"ဒါ .. ဒါဆိုရင် သိုက် ဆိုတဲ့ မိန်းကလေးကို .."

"သူကမှ ဘွား ရဲ့နှလုံးသားကို ထာဝရ အေးချမ်းသွားအောင် ကုစားပေးနိုင်တဲ့သူပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!..."

"ဘွားကို ကျွန်တော် အစတည်းက ပြောပြချင်ခဲ့တာ .. ဒါပေမယ့် တားတဲ့သူကလည်း ခြိမ်းခြောက်မှုတွေ ထည့်ပြီး တားတယ် .. ဘွားကို လည်း ဒုက္ခရောက်အောင်းကို တွန်းချပေးမိတာမျိုး မဖြစ်ချင်လို့ .."

"မြေး ဘာတွေ ပြောနေတာလဲ ဟင် .."

"ဟုတ်တယ် .. ဘွားရင်ထဲက နာကျင်မှုတွေကို ကျွန်တော် နား လည်ပါတယ် .. ဒါကြောင့် ဘွားကို စိတ်ချမ်းသာစေချင်တယ် .. ကျွန် တော် တစ်ယောက်တည်း ကြိုးပမ်း ပေးဆပ်ချင်လို့ မရဘူးဖြစ်နေလို့ ဘာမှ မပြောသေးဘဲ နေခဲ့ရတယ် .. ခု ကျွန်တော် ပြောမှာကို ဘွား စိတ်အေးအေးထားပြီး နားထောင်ပေးပါ .."

လေးလေးကိုတော့ သူ ဘယ်လိုမှ စည်းရုံးလို့ မရခဲ့ပါ ..၊ ထို့ပြင် သိုက် ကို သူ အချိန်မီ ရှင်းမပြနိုင်ခဲ့ဘဲ လက်လွှတ်ခံလိုက်ရသည့်အဖြစ် ကြောင့် ခုဆို ဘယ်လောက်ထိ အခြေအနေ ဆိုးနေမည်ဆိုတာလည်း မသိ ..၊

"မင်းတို့နှစ်ယောက် လေးလေးတို့ သားအဖကို မျက်ခြည်မပြတ် ကြည့်နေ .. ဘယ်သွားသွား သိနေပစေ .. သူတို့ရှိတဲ့နေရာမှာ မင်းတို့ ရှိနေရမယ် .."

ဆိုပြီး သူ့ကောင်လေးတွေကို လွှဲထားခဲ့ရ၏။

ဘွားရဲ့ကျန်းမာရေးကြောင့် သူ ဘာမှ မတတ်နိုင်ခဲ့ဘဲ ရှင်းပြဖို့ လည်း မကြိုးစားနိုင် ..၊

ခုချိန်မှာ သားအဖနှစ်ယောက် ဘယ်လောက်ထိ ခံစက် နာကျင် နေကြပြီလဲဆိုတာ သူ သိသည်။ သူ ဘာကြောင့် ဒီလို ဖွတ်လုပ်ခဲ့တာလဲ ဆိုတာကို ရှင်းမပြနိုင်သည့်အတွက် လေးလေး နဲ့ သိုက် အမြင်မှာ သူ က အလကားလူ ..။

"မြေး ဘာပြောမလို့လဲ .. ပြောလေ ..၊ သိုက် ကို ဘွား လက်ခံလာ





အောင် မြေး နောက် ဆပ် နည်းလမ်းတစ်မျိုးနဲ့ ကြိုးစားချင်တာလား ဟင် .."

"မဟုတ်ဘူး ဘွား .. သိုက် ကို ဘွား လက်ခံလာအောင် ကျွန်တော် စည်းရုံးဖို့ မလိုပါဘူး .. တကယ်တော့ ဘွား ဆုံးရှုံးခဲ့ရတဲ့ တန်ဖိုးကြီး ရတနာတစ်ထုပ်ကို သူက ပိုင်ဆိုင်ထားတဲ့သူ .."

"ဘာ!..."

"ဖြစ်ပြီးခဲ့သမျှ အတိတ်က ဆိုးရွားမှုတွေအပေါ်မှာ ဘွား ဘယ်လို သုံးသပ်မိသလဲဆိုတာ ကျွန်တော် ရှင်းရှင်းလင်းလင်း သိချင်သေးတယ်– မေမေရယ် .. လေးလေး ဦးမိုးသက်လေပြည် ရယ် အပေါ် ဟိုတုန်းက ထားခဲ့တဲ့ မေတ္တာ ကရုဏာတွေနဲ့ .. အခု ဘွား ခံစားနေရတဲ့ နာကျင်မှု တွေ .. အဲ့ဒါတွေက ခုထိ မပြေနိုင်ဘဲ အမျက်ကြီးခဲ့တဲ့ နာကြည်းမှုတွေ လား .. ဘွား နောင်တရနေတာလား .."

"ဘယ်လိုပြောလိုက်တာလဲ မြေးရယ် .. ဘွားက ဘာကို နာကြည်း ရမှာလဲ ..၊ ဘွား နာကျင်ခဲ့ရတာတွေက ခုချိန်ထိ မျိုသိပ်နေခဲ့ရတဲ့ ဘွား ရင်ထဲက တကယ့် မျှော်လင့်တောင့်တခြင်းတွေကြောင့်ပါ ..၊ မြေးရဲ့ မေမေကိုရော .. သားငယ်လေးကိုရော ဘွား ကိုယ့်ဒေါသတွေနဲ့ကိုယ် ဆုံးရှုံးခဲ့ရတယ် .. ဒါပေမယ့် မိဘကိုတောင် မာနပြိုင်နိုင်လိုက်ကြတာ ဆိုတဲ့ .. မိဘဆိုတဲ့မာနနဲ့ ဘွား မငိုခဲ့ရဘူး .."

ပြောနေရင်း သွန်ကျလာသည့် မျက်ရည်တို့က ဆတိုးနဲ့ ပိုဆိုးနေ သလား မသိ ..၊ ပြီးတော့ ဆောင်း ရဲ့ နဖူးပြင်ကျယ်ကို တဖွဖွ ပွတ်သပ် ပေးကြည့်ရင်း ...

"ဘွားရဲ့ အရင်းနှီးဆုံး .. ဘွား ယုံကြည်အားကိုးတဲ့ ရင်ခွင်တစ် မှာ ခုလိုမျိုး အားပါးတရ ငိုပစ်ချင်ခဲ့တာ .. ရင်ဘတ်ထုပြီးတော့ [illegible] အသံထွက်သမျှ အားပါးတရ လွတ်လွတ်လပ်လပ် အော်ပြီးတော့ [illegible] ဘွား အဲ့ဒီလို မငိုခဲ့ရသမျှ နှလုံးကြေကွဲမတတ် ပူလောင်ခဲ့ရတာ ..



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့တောင် ဘွားခများ စိတ်ကြမ်း လူကြမ်းကြီး ဖြစ်လောက်အောင် ထိန်းချုပ်ရင်း ရပ်တည်နေခဲ့ရှာ၏။

ဆောင်း မျက်ရည်တွေ ဝေ့လာတဲ့အထိ ဘွားရင်ထဲက သောကတွေကို ခံစား နားလည်နိုင်ခဲ့သည်။

"ဒါပေမယ့် မြေးရယ် .. ဘာဖြစ်ဖြစ် ဘွားက ခွင့်လွှတ်တော့မှာပဲ ဆိုပြီးတော့ ကိုယ့်ဘဝကို နစ်မွန်းမှာမျိုးတွေတော့ မဆင်မခြင် မလုပ်ပါနဲ့ .. ဘွားကို စာနာနားလည်ပြီး လိမ္မာတဲ့ မြေးလေးပဲ ဘွား ဖြစ်စေချင်တယ် .."

"ကျွန်တော် စဉ်းစားခဲ့သမျှကလည်း ဘွားအတွက်ပါပဲ .. မဆင်မခြင် မလုပ်ဘူးဆိုတာထက် ဘွား စိတ်ဆင်းရဲခဲ့ရတဲ့ အလားတူ ဖြစ်ရပ်မျိုးတွေနဲ့ ဘွားကို ဒုက္ခမပေးဘူး .."

"ဒါဆိုရင် ဘွား ကို ဘယ်လိုမေးခွန်းတွေနဲ့ .. သိုင်းဝိုင်းပြောနေတာလဲ .. မြေး ဘာကို ပြောချင်တာလဲ ဟင် .."

"သိုက် အကြောင်း ကျွန်တော် စပြောရင် ဘွား တလွဲမတွေးဘဲ စကားဆုံးအောင် နားထောင်ပေး နော် .."

ဒေါ်ဟေမာန်ဆောင်း ခေါင်းမညိတ်ပေမယ့် ငြိမ်သက်နေပေးခဲ့၏။

"သိုက် ကို ဘွား မယုံကြည်နိုင်ဘူးဆိုတာ ထားလိုက်ပါ ..၊ သူတို့ မိသားစု သားအဖဘဝမှာ ဘယ်ဟာ အမှန်တရားလဲဆိုတာ ဘွား မယုံနိုင်သလို .. ကျွန်တော်လည်း တပ်အပ် မသိဘူး .. ဒါပေမယ့် သူ့အဖေကိုတော့ ဘွား ယုံကြည်ပေးပါ .."

"ဘာ!..."

မကျေနပ်ခြင်းတွေရော .. နားမလည်ခြင်းတွေပါ ရှုပ်ထွေးသွားခဲ့လျက် ဒေါ်ဟေမာန်ဆောင်း မျက်မှောင်ကုတ်သွားကာ မျက်ရည်တွေကို လက်ကိုင်ပဝါနဲ့ သုတ်ပစ်သည်။





"သူ့အဖေကို ဟုတ်လား .. ချိုင်းထောက်ကြီးနဲ့ဆိုတဲ့ သူ့ပထွေး ဆိုတာ .."

"ဟုတ်တယ် .."

"ဘာဆိုင်လို့လဲ မြေး .. မြေး သူတို့နဲ့ ရင်းနှီးနေတိုင်း မြေး ဘယ် လောက် ယုံကြည်နေနေ .. ဘွားက .."

"ပထွေးတိုင်း မယုတ်မာဘူးဆိုတာ ဘယ်သူ့ပြောပြော ဘယ်သူ့ ယုံကြည်ဖို့ မလွယ်ဘူး .. အကယ်၍ အဲ့ဒီ ပထွေးဆိုတဲ့လူက ဘွား သားငယ် ဖြစ်နေတယ် ဆိုရင်ရော .."

ဒေါ်ဟေမာန်ဆောင်း မျက်နှာမှာ တွန့်ကောက်နေခဲ့သည့် ကောက် ကွေ့ကြောင်းတွေ ရုတ်ခြည်း ပြေကျသွားခဲ့သည်။

ပြီးတော့ အသံတိတ် ငြိမ်သက်သွားသည့် မျက်နှာတစ်ပြင်လုံးက သတိလစ် မေ့မြောသွားသည့်အတိုင်း ...

"ဘွား .. ကိုယ့်စိတ်ကို ထိန်းပါ .. ဘွားကို ဒီစကားတွေ ပြော ဘွား တစ်ခုခု ဖြစ်သွားနိုင်သလားဆိုတဲ့ အတွေးနဲ့ ကျွန်တော် အများကြီး စဉ်းစားခဲ့ရတာ .."

"မြေး .. မင်း ..."

"ဟုတ်ပါတယ် .. ဘွား စဉ်းစားကြည့်ပါဦး .. သိုက် ရဲ့ပထွေး ဘွားရဲ့သား ဖြစ်နေရင် မယားပါသမီးကို အမြတ်ထုတ် မကြံ ဘယ်လိုပထွေးမှ မနေဘူးဆိုတဲ့ ပတ်ဝန်းကျင် အတင်းစကားထဲက သတ်ဒ်တစ်ခုကို ဘွား လက်ခံချင်မှာ မဟုတ်တော့ဘူး .."

"မြေးက ဘွားကို ဥပမာယှဉ်ပြောနေတာလား ..၊ ဒါ .. ဒါ

"ဥပမာ ပေးဖို့အတွက်နဲ့ ဘွားရဲ့နှလုံးသားတွေကို ထိ နာကျင်အောင် ကျွန်တော်က လုပ်ပါ့မလား .."

"ဟင်!..."

"ဘွား ပြုစု ပျိုးထောင်ခဲ့တဲ့ သားသမီးတွေ အချစ်ကို ထိုး

www.burmeseclassic.com



ပြီး သူ့အမေကို အထင်မြင်လွဲ ကျောခိုင်းခဲ့ကြတာရှိရင် ရှိမယ် .. လူယုတ်မာတွေတော့ မဟုတ်ပါဘူး ...၊ လေးလေး ဦးမိုးသက်လေပြည် က သူ့မွေးပိုက် ချော့မြှူလာခဲ့တဲ့ ကလေးလေးကို သူ့အသက်လောက် ချစ်ပါတယ် ..''

''သား .. ငါ့သား .. ငါ့သားငယ် .. ဟုတ်လား ..''

''ဟုတ်တယ် ဘွား .. လေးလေး မသေဘူး .. သူ ရှိနေသေးတယ်.. ဒါပေမယ့် ဘွားဘွားကို စိတ်နိုင်နိုင်ထားပါလို့ ပြောရတာက ဘွားကိုတော့ သူ စိတ်ခုနေသေးတယ် ..'

''သား ..''

ဒေါ်ယောမာန်ဆောင်း သည် ဝမ်းနည်းခြင်း .. ဝမ်းသာခြင်း နှစ်ရပ်ကြားမှာ မငိုဘဲ ယိုစိမ့်လာသော မျက်ရည်တို့နှင့် ...

''သိုက် ကို သားက မွေးခဲ့တာ မဟုတ်ဘူးပေါ့ ..''

''လေးလေးက သားသမီး မထွန်းကားနိုင်ဘူး တဲ့ ..''

''အို!... ငါ့သားလေး ..''

ဆောင်း က ဦးသက်ငြိမ် ဘဝနှင့် ဘယ်လို ရုန်းကန်ခဲ့ရတာတွေ.. ပြီးတော့ သိုက် နဲ့ ဦးသက်ငြိမ် တို့ရဲ့ ပတ်ဝန်းကျင်အလယ်မှာ အလူးအလိမ့် ရင်ဆိုင် ခံစားခဲ့ရတာတွေ အားလုံးကို ပြောပြလိုက်သည်။

''အန်တီ ဒေါ်ယမင်း ကို သူ သနားသမျှ .. ချစ်ခဲ့သမျှတွေ အားလုံးက ဘွားက ပြောရက်တယ် .. ပစ်ရက်တယ်ဆိုတာတွေပေါ်မှာပဲ စုပုံလုံးထွေးခဲ့တယ် .. ဆင်းရဲလာခဲ့သမျှ ဘွားဆီမှာ အောက်ကျို့မဝင်ဘူးဆိုတဲ့ မာနနဲ့ ခါးစည်းခံတယ် ..''

ဒေါ်ယောမာန်ဆောင်း ရှိုက်ကြီးတငင် ငိုလေသည်။ ပြီးတော့ သုတ်မနိုင် ဖြစ်လာသည့် မျက်ရည်တွေနှင့် မျက်နှာကို လက်ကိုင်ပဝါနဲ့ပဲ ဖိကပ်ရှိုက်ရင်း ...

''မဟုတ်ပါဘူး .. ဘွားနဲ့ သူတို့ကြားမှာ ခင်သဇင် တို့ သွေးခွဲခဲ့ကြတာ .. ဘွားရဲ့ မာန်မာနတွေကြောင့် သူတို့တွေ ခြေထိုးခွင့် ရသွားကြတာပါ ...၊ သားငယ်ကို ဘွား ဘာမှ မပြောခဲ့ဘူး .. ဘွား တကယ်ဘာမှကို မပြောခဲ့ပါဘူး မြေးရယ် ..''



သူချစ်တဲ့ မိန်းကလေးကို ရင့်သီးတဲ့စကားလုံးတွေနဲ့ မညှာမတာ ပြောခဲ့မိတာ အမှန်ပါ ...၊

စိတ်ဆိုးလွန်းလို့လည်း ရက်စက်မည် .. ဖြတ်တောက်မည်ဆိုတာတွေ ပြောခဲ့မိသည်။

ဒါပေမယ့် သမီးကြီးတုန်းကလို သားငယ်အပေါ်မှာ ပြတ်တောက်စွာ မနေနိုင်ခဲ့ပေ ...၊ မျှော်သာမျှော် ပေါ်မလာခဲ့တာက သားဘက်ကသာဖြစ်သည်။

ဒီလိုတွေ ဘာဖြစ်လို့ အထင်လွဲ ပြတ်တောက်ခဲ့ကြသလဲဆိုတာကို ကိုယ်တိုင်သိပြီး ဖော်ထုတ်နိုင်ခဲ့တဲ့အချိန်မှာကျတော့ အားလုံးက သေကွဲရှင်ကွဲတွေ ဖြစ်ခဲ့ကြပြီမို့ ...

''သားငယ်ကို ဘွား သူ မရှိတော့ဘူးလို့ ကြားရတဲ့အချိန်ထိလည်း မယုံဘူး .. သူ ရှိနေရင် ရောက်လာမှာပါဆိုတဲ့စိတ်နဲ့ ဘုရားမှာလည်း ဆုတောင်းတယ် .. မျှော်လည်း မျှော်နေခဲ့တယ် .. ဒါပေမယ့် ဘွားပြောတဲ့စကားတွေကိုရော ဘာမှ မသိရတဲ့ သားငယ် အခြေအနေတွေကိုပါ ကြားထဲကနေ တလွဲတွေ ပို့ယူပြီး အားလုံး မှားကုန်ကြတာပါ ..''

''အခု အဲ့ဒါတွေကို လေးလေးကို ကျွန်တော် ရှင်းပြပါတယ် .. ဒါပေမယ့် ..''

''ဘွားကို စိတ်နာနေတယ်ပေါ့ ..''

''အဲ့ဒါကို ဘွား ခံနိုင်ရည်ရှိဖို့ ကျွန်တော် ကြို သတိ[illegible]ပါ..''

လေးလေးရဲ့ သဘောတွေကို စီကာပတ်ကုံး ပြော[illegible] သိုက်အတွက် မျှော်လင့်ထားတာတွေပါ ပါခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဟေမာန်ဆောင်း ငြိမ်သက်စွာ နားစွင့်နေရင်း မျက်တောင်ဖျားတို့ စင်းကျသွားခဲ့သည်။

ပြီးတော့ လှဲနေချင်သည့်ပုံစံ ဖြစ်လာသဖြင့် ဆောင်း ကပျာကယာ ထ၍ ခေါင်းအုံးတွေ ဆင့်ခံပေးလိုက်ရင်း ...

"ဘွား အဆင်ပြေရဲ့လား .. မြင့်သွားလား ဟင် .."

"ရတယ် .. မြေး ဆက်ပြောပါ .. ဘွား နားထောင်ချင်ပါတယ်.."

"ကျွန်တော့်စကားကြောင့် .."

"ဘွား ဘာမှမဖြစ်ဘူး .."

ဆောင်း က ဘွား မျက်နှာကို အကဲခတ်ပြီးမှ ...

"လေးလေးနဲ့ အဆင်ပြေပြေ စကားပြောနိုင်လာတော့ သိုက် အပေါ်မှာ လေးလေး ဘယ်လောက်ထိ ပေးဆပ် ပံ့ပိုးချင်တယ်ဆိုတာ နားလည်ခဲ့တယ် .. ဒါကြောင့် သိုက် ကို ကျွန်တော့်အလုပ်ထဲမှာ နေရာပေးဖို့ ကြိုးစားခဲ့တာပါ .. လက်ထပ်တဲ့အထိ ဖြစ်သွားခဲ့တာကလည်း အချစ်ကြောင့် မိုက်ရူးရဲလုပ်ခဲ့တာ မဟုတ်ပါဘူး .. ဘွားဆီကို လေးလေး ပြန်ရောက်လာဖို့ ဒါ အဆင်ပြေဆုံးပဲဆိုတာ တွေးမိခဲ့တာလည်း ပါတယ် .."

"မြေးရဲ့ လေးလေးက ဖြစ်စေချင်တာ မဟုတ်ဘူးပေါ့ .."

"လုံးဝ မဟုတ်ဘူး ဘွား .."

သိုက် ကို ဦးမိုးသက်လေပြည် ရဲ့ ရင်သွေးလေးအဖြစ်သာ 'မိုးလစံအိမ်'ကို ခေါ်သွားပေးဖို့ တောင်းဆိုခဲ့တာပါ ..၊

ဒါပေမယ့် ဒါကို ဘယ်တော့မှ ထည့်မပြောတော့ဖို့ သူ ဆုံးဖြတ်ပြီးသား ..၊

"သိုက် က လေးလေးကို သူ့အဖေရင်းလို ချစ်တာ .. ဒီအတွက် ပတ်ဝန်းကျင် ဘာပြောပြော .. ပတ်ဝန်းကျင်အမြင်မှာ သူ ဘယ်ဘဝရောက်နေနေ ဂရုမစိုက်ဘူး .. ငါ မှန်တာလုပ်တာဆိုတဲ့ မာန ရှိတယ်..





သူ့စာရိတ္တကို မပျက်ပြားအောင်လည်း ထိန်းသိမ်းနိုင်တယ် .. ဒါပေမယ့် ရှဲ့ချင်တဲ့အကျင့်လေး ရှိတယ် .."

ထိုနေ့က ဖြစ်ခဲ့ရသည့်အကြောင်းလေးကိုပါ အနည်းအကျဉ်း ပြောပြမိသည်။ ပြီးတော့ ...

"မရည်ရွယ်ဘဲနဲ့ လက်ထပ်ဖို့ ဖြစ်သွားခဲ့တာ ကျွန်တော် သူ့အပေါ် ထားခဲ့တဲ့ သံယောဇဉ်ရယ် .. လေးလေးနဲ့ မိုးလစံအိမ် ပြန်ဆွေးတွေးဖို့ရယ် .. ဒါတွေကို ထည့်တွေးပြီး ကျွန်တော် ဒီလိုလုပ်ခဲ့တာ .. ဒီအဖြစ်တွေကို သိုက် ကိုတောင် ဘာမှ ပြောမပြခဲ့ပါဘူး .."

"ဘယ်လို!..."

"သိုက် က သူ့အဖေကို ကျွန်တော့်ဦးလေးဆိုတာ လုံးဝ မသိဘူး.."

ဒေါ်ဟေမာန်ဆောင်း တအံ့တဩဖြစ်သွားသည့် မျက်နှာကြီးနှင့် ဆောင်း ကို စိုက်ကြည့်နေ၏။

"လေးလေးကိုယ်တိုင်က မိုးလစံအိမ်ကို စကားထဲ ထည့်ပြောမခံတော့ သိုက် ကိုလည်း မပြောဘဲ ထားခဲ့ရတယ် .."

"ခု လက်ထပ်ပြီးတဲ့အထိလား .."

"ဟုတ်တယ် ဘွား .. သိုက် ကို ခိုးသွားပြီလို့ အသိပေးလိုက်တော့ လေးလေး အရမ်း စိတ်ဆိုးသွားတယ် .. သူ့သမီးကိုပါ မအေလို အပြောဆိုခံရအောင် လုပ်တယ်လို့ ထင်ပြီး .."

"သြော် .."

ဒေါ်ဟေမာန်ဆောင်း မျက်ရည်သုတ်ရင်း ကိုယ့်ကိုယ်ကိုယ် မျက်ရည်လွယ်တဲ့သူမှန်း ခုမှပဲ သိတော့သည်။

"ဘယ်သူ့ဘက်က ဘယ်လိုနည်းနဲ့မှ ပြတ်တောက်လို့ မဖြစ်အောင် ဆွေမျိုးတော်ပစ်လိုက်တာပါ ..၊ ဒီအတွက် ဘွား ကျွန်တော့်ကို ခွင့်လွှတ်ပါနော် .. သိုက် ကလည်း ဘွားရဲ့သားကို မငြိုမစူ ရှာဖွေ ကျွေးမွေးခဲ့တဲ့ ကျေးဇူးတင်ထိုက်သူပါ .. သူ့ကိုလည်း .."



www.burmeseclassic.com

"ဘွား နားလည်ပါပြီ မြေးရယ် .. ဘွားကိုသာ မြေးရဲ့လေးလေးဆီ ပို့ပေးပါ ..၊ ဘယ်တော့မှ ပြန်မလာချင်တဲ့ သားရဲ့အလာကို ထိုင်မျှော်နေရတာ ဘွား ပင်ပန်းလှပြီ .. သားငယ်ကို ဘွား တွေ့ပါရစေ .."

ဘွားရဲ့ မျက်ရည်တွေကို သုတ်ပေးရင်း သူ ဝမ်းသာအားရ ခေါင်းညိတ်မိသည်။

ဘွားကိုယ်တိုင် လိုက်လာတာ မြင်လိုက်ရင်တော့ လေးလေး ရဲ့ အေးစက် မာကျောမှုတွေ ညှို့သက် နွေးထွေးသွားမှာပါ ..။

ပြီးတော့ သူ ဖြစ်စေချင်သည့်အတိုင်း သိုက် ကလည်း မိုးလစံအိမ်ရဲ့ သခင်မတစ်ပါး ဖြစ်ခဲ့ပြီမို့ ..၊

အားလုံးအတွက် နေ့တိုင်း ညတိုင်းဟာ ..၊

နေသာတဲ့ နေ့ .. လသာတဲ့ ည ..၊





## အခန်း (၃၉)

"ဟော့ .. မင်းတို့ ဖယ်ကြစမ်း .. ငါ ဒုက္ခိတပေမယ့် ချိုင်းထောက်နဲ့တော့ ရိုက်နိုင်သေးတယ် ..၊ ဖယ်မလား .. မဖယ်ဘူးလား .."

"ခဏလေးပါ ဦး ရယ် .. သူဌေး ဖုန်းဆက်ထားလို့ပါ ခင်ဗျာ .. ခဏလေးတော့ စောင့်ပေးပါ .. ခုပဲ .."

"မစောင့်နိုင်ဘူး .. ငါ့သမီးလေးကို ဒီအသိုင်းအဝိုင်းထဲ ခေါ်ပြီး ယုတ်မာ မိုက်ရိုင်းလိုက်တာ .. ငါတို့ဘဝကို ဖျက်ဆီးခဲ့တဲ့ လူတွေ.."

"ရှင်တို့ကို ဘယ်သူ လာစောင့်ခိုင်းထားတာလဲ ..၊ ဖယ်မလား .. မဖယ်ဘူးလား .. ပြော .."

"ဟော .. ဟော .. လာပြီ .. သူဌေးတို့ လာပါပြီ .. ဟိုမှာ .."

ဦးသက်ငြိမ် သည် သိုက် ရဲ့လက်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တာ ...

"သမီး အထဲဝင်နေ .."

"မဝင်ဘူး .. ဒီလူ့ကို သမီးကိုယ်တိုင် ပြောမှာ .. ပါးတစ်ချက်ရိုက်တာ မမှတ်သေးရင် နောက်တစ်ဖက်ကို ထပ်ရိုက်မယ် .."

"မဟုတ်ဘူး .. ဖေကြီးတို့ ပြောစရာတွေ ရှိတယ် .. သမီး ဝင်နေလိုက် .."

သိုက် ကို ဖျောင်းဖျနေရတုန်းမှာ ဆောင်း ရဲ့မျက်နှာက ရှေ့က လူငယ်လေးတစ်ယောက်ရဲ့နောက်မှာ ခေါင်းတစ်လုံးစာလောက် ကျော်ပြီး ပေါ်လာ၏။

"မင်းတို့ သွားကြတော့ .."

အိမ်တံခါးဝထိ ရောက်နေကြပြီဖြစ်သည့် သိုက် တို့ကို ကြည့်ကာ သူသာ မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ နိုင်းမထားခဲ့လျှင် ..၊ 'ခု လာနေပြီ .. သူတို့ ထွက်သွားမယ်ထင်ရင် တားထားပေး'လို့မှား ဖုန်းမဆက်ခဲ့မိလျှင် ...

"လေးလေး ဘယ်သွားမလို့လဲ .."

"ဆောင်း .."

ဦးသက်ငြိမ် ချိုင်းထောက်ကြီးကို ကျိုးကြေမတတ် ဖိဆုပ်ထားမိကာ ဆောင်း ရဲ့မျက်နှာကို နာကြည်းမှုအပြည့်နှင့် စူးစိုက်ကြည့်သည်။

ဒီလိုတွေ ဖြစ်မှာ သိလို့ သူ တစ်သက်လုံး ဒီအိမ်ကြီးကို မပြန်ဘဲနေခဲ့တာ ..၊

သိုက် ကို ခိုးပြေးပြီဆိုတာ သိတော့လည်း မေမေနဲ့တော့ တွေ့ပြီဆိုပြီး ခေါင်းတွေ ပွင့်ထွက်မတတ် ပူလောင်ခဲ့ရသည်။

ခုတော့ သူ ထင်ထားခဲ့သမျှဟာ ဘာမှ မကာကွယ် မတားဆီးလိုက်နိုင်မိ အားလုံး ပြည့်စုံစွာ ပြီးဆုံးခဲ့၏။

လူတွေကြားထဲက 'အလှ'ဆိုတဲ့ အဆုံးသတ်က ဘယ်မှာလဲ ..၊

"မင်း ငါ့ရှေ့ကို ရောက်လာဖို့ မသင့်တော်ဘူး ဆောင်း .. ငါဟာ နောက်ဆုံးချိန်ထိ မင်းရဲ့လုပ်ရပ်တွေအပေါ်မှာ နားလည်ဖို့ ကြိုးစားခဲ့တယ် .. ငါ့သမီးလေး ဘဝပျက်ပြီး ငါ့ဆီ မျက်ရည်အလူးလူးနဲ့ ရောက်လာကာမှ .."





"သားငယ် .."

ဦးသက်ငြိမ် မျက်နှာပျက်သွားသည်။ ဒီအသံကို သူ ဘယ်တော့မှ မမေ့နိုင် ..၊

'ငါ့သားငယ်ကမှ မအေကို ပိုချစ်တဲ့ သား'လို့ အမြဲ ပြောနေခဲ့တဲ့ အထိ မမ ထက်တောင် မေမေ့ကို သူ ပိုချစ်ခဲ့သည်။

မမ ထက် ပိုပြီး မေမေ့ရင်ခွင်ထဲမှာ ပူးကပ် ဖက်တွယ်ရင်း ကြီးပြင်းခဲ့တာလည်း သူပါပဲ ..၊

"သမီးကြီးက သမီးဖြစ်ပြီး မအေကို သိပ်မကပ်ဘူး .. မေမေ့သားလေးကမှ .."

ရုတ်တရက် စိတ်တို့ ယောက်ယက်ခတ်သွားကာ အသံလာရာကို ဆတ်ခနဲ အကြည့်ရောက်၏။

လူကို မမြင်ပါ ..၊

ဒါပေမယ့် ဖိနပ်ချွတ်နေရာက အရိပ်ကို အပေါ်ကနေ လှမ်းမြင်နေရ၏။

နေ့ခင်းကြောင်တောင် မှောဟိုက်သံတွေနဲ့ ရောက်လာတာ မေမေလား ..၊

ဒါ မဖြစ်နိုင်ပါ ..၊

"ဘွား လိုက်လာတယ် လေးလေး .."

"ဟင်!..."

"ကျွန်တော့်ကို ခွင့်လွှတ်ပါ .. သိုက် အတွက် ဒီနည်းနဲ့ပဲ ကာကွယ်ပေးနိုင်မှာမို့လို့ .."

"မင်း!... မင်းကွာ .."

ဦးသက်ငြိမ် မျက်နှာကြီး နီမြန်းလာကာ ချက်ချင်း ပြန်လှည့်ဝင်တော့မလိုလို .. ဒီနေရာကနေ ထရံဖြိုပြီး ခုန်ချတော့မလိုလို ..

"သားငယ် .. မေမေက သားငယ်ဆီကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း .."

"အား!..."

"မေမေ့ .."

"ဘွား .."

စိတ်ပူပန်စွာ ရှေ့ကို ပြေးကြပေမယ့် ချိုင်းထောက်နဲ့လူက နှစ်လှမ်းလောက်နဲ့ ရောက်သွားကာ ...

"မေမေ .."

ဖိနပ်ချွတ်မှာ ဒူးတုပ်လျက် လဲနေသည့် ဒေါ်ဟေမာန်ဆောင်းသည် ဆေးမှာ တွဲကူမည့်မိန်းကလေး ရှိနေပေမယ့် ရုတ်တရက် ထလို့ မရဘဲ ဖြစ်နေသလို တွဲထူပေးမယ့် မိန်းကလေးခမျာလည်း ဘယ်က ကိုင်၍ ဘယ်လိုကူရမှန်း မသိဘဲ ...

"မေမေ နေဦး .."

"ဒုန်း .. ဒုန်း .."

ချိုင်းထောက်တွေကို လွှတ်ချပစ်ကာ ဦးသက်ငြိမ် လက်ရန်းကို ကိုင်ပြီး ဒယိမ်းဒယိုင် ဆင်းသွားသည်။

လှေကား ငါးထစ်ဟာ သိပ်မကွာဝေးပေမယ့် ...

"မကြီး .."

"ထားလိုက် .."

သိုက် က ဖအေကို တွဲကူဖို့ ပြေးထွက်လာ၏။ ဆောင်း က ဖမ်းဆွဲထားလိုက်ကာ ...

"သူတို့သားအမိရဲ့ သံယောဇဉ်ချစ်ခြင်းတွေ ပွင့်အံကုန်ပြီ .. နေပါစေ .."

"အို .. ဟိုမှာ မကြီးက ခြေ ထောက်နိုင်တာ မဟုတ်ဘူး .."

"နေပါစေကွာ .."

"အို!... ဘာလုပ်တာလဲ .. ဖယ် .. လွှတ် .."





ဆောင်း က သိုက် ရဲ့လက်လေးကို ဆွဲ၍ အိမ်နောက်ဖေးသို့ ခေါ်လာခဲ့၏။ သိုက် က အကြောက်အလန့် ရုန်းနေလျက် သူ အတင်းဆွဲကိုင်ထားလေ .. လက်မောင်းတွေ ရင်ဘတ်တွေကို ထုနှက် တွန်းထုတ်နေလေ ..၊

"ရှင် ဘာတွေ ပညာပြနေတာလဲ ..၊ နောက်ထပ် ဘယ်နှစ်ကြိမ်လောက် တတ်ထားသေးလဲ ပြော .. လေးလေးလို့ ခေါ်တယ် – ဦးလေးနဲ့တူလို့လို့ ပြောတယ် .. ခု ဦးလေး တော်သွားပြန်ပြီ .. ခုပဲ ရှင့်အဘွားနဲ့ သားအမိတွေ ဖြစ်နေပြန်ပြီ .. အဲ့ဒါတွေကို ခု ပြော .."

"ပြောပြမလို့လေ .. ပြောတာကို နားထောင်ချင်ရင် လက်တွေ ခဏနားပါဦး .. ကိုယ့်ရင်ဘတ်ကြီး ကွဲထွက်သွားတော့မယ် .."

သိုက် ရဲ့ထုနှက်နေတဲ့ လက်လေးတွေ ရပ်တန့်သွားသည်။

ဆောင်း က ရှုံ့ရှုံ့ ပျက်ယွင်းကုန်သည့် ရှပ်အင်္ကျီအနီနဲ့ ကုတ်အင်္ကျီကို သေချာ ဆွဲဆန့်ပြီးမှ သက်ပြင်းချကာ ...

"ဘာမှ ပြောပြဖို့ မရှိဘူး .. လေးလေးက ဘွားရဲ့သားငယ် .. ကိုယ့်မေမေရဲ့ မောင်လေး .. ကိုယ့်ရဲ့ ဦးလေးအရင်း .."

"အဲ့ဒါတွေက ဘယ်လို ချိတ်ဆက်ပြီး ဘယ်လို လွဲခဲ့တာလဲ ..၊ သိုက် က ဘာဖြစ်လို့ ဘာမှ မသိခဲ့ရတာလဲ .."

"မင်းနဲ့ မင်းအမေကို လေးလေးက သူ့ဘဝကြီးထက်မက ချစ်လို့ပေါ့ သိုက် ရယ် .."

လေးလေး ဘာကြောင့် မိုးလစ်အိမ်ကို စိတ်နာသွားခဲ့ရတဲ့ အကြောင်း အမြန်ဆုံးနည်းနဲ့ ရိုးရှင်းစွာ ရှင်းပြလိုက်ရကာ ...

"ခုထိ လေးလေးက ခွင့်လွှတ်ပါ့မလားဆိုပြီး ကိုယ် ဘယ်လောက်တွေးပူခဲ့ရလဲ သိလား ..၊ တော်သေးတယ် .. တော်တော် ရှင်းရခက်မယ့် ပြဿနာကြီးက ဘွား လှေကားမှာ လဲကျသွားလို့ 'မေမေ' ဆိုတဲ့ မေတ္တာသံ တစ်ချက်တည်းနဲ့ အေးချမ်းသွားခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. အဲဒါတွေက အေးချမ်းသွားပြီ ..၊ ဒါတွေကို ခုမှ သေချာ ချိတ်ဆက်မိပေမယ့် ရှင် ဖေကြီးအပေါ်မှာ ပျာယာခတ်နေတဲ့ပုံတွေ မြင်တည်းက တစ်ခုခုတော့ ပတ်သက်နေပြီဆိုတာ ကျွန်မ သိတယ် .."

"အဲ့လောက်ထိ သိသာသွားတာလား .."

"ဟုတ်တယ် .. ရှင် ကျွန်မကို လိုအပ်သောပစ္စည်းအဖြစ် အလျင်စလို လက်ထပ်ပစ်လိုက်တော့ ပိုပြီး သံသယ ဖြစ်သွားတာပေါ့ .."

"ဟာ .. ဟော့ .. မတည့်အောင် စမလာနဲ့ .. ဒီထဲမှာ ရှုပ်ထွေးပါဝင်ခဲ့ပေမယ့် .."

"ဘာမှ မပတ်သက်ဘူးလို့ ရှင် ပြောချင်လို့လား .."

"ပတ်သက်တာတွေ ရှိတယ် .. ဒါပေမယ့် လိုအပ်ချက်တစ်ခုကြောင့် ဆိုတာ .."

"ရှင်ပဲ ပြောခဲ့တာလေ .."

"အဲ့ဒါလည်း ဟုတ်တယ် .. ဒါတွေကို မင်းကို သေချာ ရှင်းပြရမယ့်အချိန် မဟုတ်သေးလို့ ကိုယ် ပြောခွင့်ရှိသလောက် ပြောခဲ့ရတာ.."

"အဓိပ္ပာယ်က အတူတူပဲလေ .."

"မတူဘူး သိုက် .. ပေါက်ကွဲသွားတာချင်း တူရင်တောင် သူ့အလိုလို ပေါက်ကွဲတာလား .. ဖောက်ခွဲခဲ့တာလားဆိုတဲ့ ကွာခြားချက် ရှိတယ် ..၊ ညင်သာစွာ ပေါက်ကွဲခဲ့တာလား .. ပြင်းထန်စွာ ပေါက်ကွဲသွားတာလား .. ဒါတွေလည်း ရှိသေးတယ် ..၊ မင်းရဲ့ တစ်ဖွတ်ထိုး အမြင်တွေ .. ထင်သလို လုပ်ပစ်ချင်တာတွေကို ပြင် .."

"ဘာလို့ ပြင်ရမှာလဲ ..၊ နလည်း လုပ်စရာ ရှိသေးတယ် .."

"ဘာလဲ .."

"ကျွန်မ ဒေါ်ယောမာန်ဆောင်း ဆိုတဲ့ ရှင့်ရဲ့အဘွားနဲ့ ဘယ်တော့မှ မျက်နှာချင်း မဆိုင်ဘူး .."





"သိုက် .."

"ဦးဆောင်း .. ရှင် နော် .."

လှည့်ထွက်လိုက်တာနှင့် ဖမ်းဆွဲခံလိုက်ရသဖြင့် နီရဲတင်းမာနေသော မျက်နှာလေး ဆတ်ခနဲ လှည့်လာသည်။

ပြီးတော့ ဆွဲထားသည့် လက်ကို အံကြိတ်ထားရင်း ငုံ့ကြည့်လိုက်ပြီး ...

"ရှင့်လက်ကို မလွှတ်ရင် ကျွန်မ ရှင့်ပါးကို ထိပ်မရိုက်ဘူး မထင်နဲ့ .."

"ရိုက်လည်း ရိုက်ပဲ .. အစတည်းက မင်းကို ထင်ရာလုပ်ခွင့် မပေးနိုင်လို့ လက်ထပ်ခဲ့တာ .. အခု မင်းက ကိုယ့်မိန်းမ .."

"နောက်နာရီက စပြီး မဆိုင်တော့ဘူးလို့ မှတ်လိုက်တော့ .."

"ဟော့ .."

"ရှင် .. ရှင် နော် .."

သိုက် က ရုန်းမရတော့ တကယ် လွဲရိုက်၏။

ဆောင်း ခေါင်းငုံ့ရှောင်ကာ သူမ တစ်ကိုယ်လုံးကို သိမ်းဖက်ထားလိုက်ပြီး ...

"ဘွားက အားလုံးကို တောင်းပန်မလို့ လိုက်လာတာပါ .. သားတွေ သမီးတွေ စွန့်ခွာခံခဲ့ရတဲ့ မာနကြီးတဲ့ အဘွားအိုတစ်ယောက်ရဲ့ နောင်တတွေကို မင်း ရက်ရက်စက်စက် နင်းချေပစ်မှာလား .."

"သိပ်ချေတာပေါ့ .. ဒီအရွယ် အဘွားအိုတစ်ယောက်မှာတောင် မှားခွင့်ရှိနေရင် ကျွန်မက ရက်စက်တော့ ဘာဖြစ်လဲ ..၊ နင်းချေမလား ဆိုတော့ရော မမှားတာ ဘာရှိလို့လဲ .. သူ ကျွန်မကို ပက်ပက်စက်စက်တွေ ပြောခဲ့တာ ခုထိ နားထဲမှာ ဆူညံနေတုန်းပဲ .."

"ရပ်ကွက်နဲ့ လူထုနဲ့ ချီပြီး ပြောနေတဲ့ အတင်းအဖျင်းစကားသံတွေကို တစ်စုံတစ်ယောက်ဆိုတဲ့လူက ဒါတွေ မပြောနိုင်ပါဘူးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရစ်တည်ပေးလာနိုင်သလား .. အဲ့ဒီလိုလူမျိုးရော မင်းရှေ့ကို တစ်ယောက်တလေ ရောက်လာခဲ့ဖူးသလား .."

သိုက် က တင်းမာနေသော မျက်နှာလေးနှင့် ငြိမ်ကျသွား၏။

"ဘွားက နှစ်ပေါင်းများစွာ အိမ်ကြီးထဲမှာ အထီးကျန် ကြေကွဲနေခဲ့လူပါ ..၊ ဒီလိုအဖြစ်တွေ ရှိခဲ့လို့ ဒဏ်ရာဗလပွရှိနေတဲ့သူဟာ ဒီလိုပဲ ထပ်ဖြစ်လာမှာကို တွေးပြီး ချောက်ချားနေခဲ့တယ် .. ဒါပေမယ့် ဒီတိုင်း ထပ်ဖြစ်လာခဲ့တယ်လေ .. ကိုယ့်လုပ်ရပ်က ဘွားရဲ့ရင်ကို ခွဲထွက်လိုက်သလိုပဲ ..၊ မင်း သိရဲ့လား .. ပြောရမယ်ဆိုရင် ဒီအရွယ်ဆို လူကြီးတွေ သူငယ်ပြန်နေကြပါပြီ .."

ဆောင်းမျက်နှာ ကို စိုက်ကြည့်ပြီးမှ သိုက် က တစ်ဖက်လှည့်ပစ်သည်။ ဆောင်း က ဖက်ထားတာကို ဖြေလွှတ်ရင်း ပခုံးသားလေးတွေကို ဖွဖွလေး ပြန်ဆုပ်ကိုင်၍ ...

"အရှင်းဆုံး ထပ်ပြောရရင် ဘွားကို မင်း နားလည်ပေးလိုက်ပါ.. ကိုယ့်မျက်နှာကို နည်းနည်းလေးဖြစ်ဖြစ် ငဲ့ညှာပြီး .."

"ဘာဖြစ်လို့ ငဲ့ရမှာလဲ .. ပထမဆုံး နားကြည်းဖို့ကောင်းတာ ရှင်ပဲ .."

"လုပ်ပြီကွာ .."

"ရှင် ကျွန်မကို .."

"စိတ်မချလို့ လက်ထပ်ခဲ့တာ .."

"ပုခက်ထဲက ကလေးကို သွားပြော .."

"ပုခက်ထဲက ကလေးက ကိုယ့်မိန်းမမှ မဟုတ်တာ .."

"ရှင် ဘာဖြစ်လို့ ဒါကြီးကို ထည့်ထည့်ပြောနေတာလဲ .."

"မင်း မေ့နေတာကို သတိပေးဖို့ လိုအပ်လို့ပေါ့ .."

သိုက် ရဲ့လက်လေးကို ဆွဲ၍ နောက်ဖေးထိ ထွက်ခဲ့ကာ သစ်သားခုံတန်းလေးမှာ အတူထိုင်လိုက်ရင်း ...





"ကိုယ် ပြောပြမယ် .. ဘယ်သူ့မှ ပြန်မပြောရဘူးနော် .. [illegible] လျှို့ဝှက်ချက် .."

ဘာလဲဆိုသည့် မျက်ဝန်းလေးတွေနှင့် သိုက် က ကြည့်၏။

နုရဲနေသော နှုတ်ခမ်းလွှာလေးတွေက သူ့ [illegible] နှင့် ရန်တွေ့ဖို့ အဆင်သင့် ဖြစ်နေတာ ကြည့်မိရင်း [illegible] သည်။

သိုက် က မျက်တောင်းထိုးပြီး မျက်နှာလွှဲပစ်၏။

ပန်းနုရောင် တီရှပ်လက်တိုလေးနှင့် ဂျင်းဘောင်းဘီ [illegible] သူမ မျက်နှာလေး တစ်ခုလုံးကို ပန်းနုရောင် နှင်းဆီခင်းလေးသဖွယ် ဖန်ဆင်းပေးထားလေသည်။

ဆောင်း က ရီဝေသည့်အကြည့်တို့ဖြင့် စူးစိုက်ငေးနေစဉ် သိုက် ဆတ်ခနဲ ထရပ်၏။

"ဘာလဲ .. ဘာမှ မပြောရသေးဘူး .."

"မပြောနဲ့တော့ .."

"ပြောမလို့ .."

လက်ကို အတင်းပြန်ဆွဲမှ သူမ ပြန်ထိုင်ကာ ...

"လိုရင်းကို ပြော .."

"လိုရင်းကို တန်းပြောတာက ပြောဖို့ကောင်းတာ ရှိတယ် .. မကောင်းတာ ရှိတယ် ..၊ မင်း မသိသေးတာတွေ အများကြီးကို လိုရင်းဆိုတဲ့နေရာ ကိုယ် ဘယ်လို ရွေးပြောရမလဲ .."

သိုက် က ပြန်လှည့်ကြည့်တော့ စိတ်မရှည်သည့်ပုံ ...

"လျှို့ဝှက်ချက်ဆိုတာက အကြောင်းအရာကြီး တစ်ခုလုံးကို ရှင် ပြောတာလား .."

"ဟုတ်တယ်.. ဒါပေမယ့် တိုတိုပဲ ပြောမှာပါ .. မင်းဖို လေးလေး က သူ့သမီးရင်းလေးအဖြစ် ဘွားလက်ထဲကို ထည့်ပေးဖို့ ကိုယ့်ကို

www.burmeseclassic.com



တောင်းဆိုခဲ့တာ .."

"ဟင်!..."

သိုက် မျက်နှာပေါ်မှာ မကျေနပ်တာတွေ .. ရွံ့ချိတ်တာတွေ လွင့်ပြေးကုန်၏။

ဒီလိုရှိခဲ့တာကို သူမ ဘယ်လိုမှ မယုံနိုင် ...၊

"မင်းကို ကောင်းစားစေချင်တယ် .. သူ့အတွက် မင်း ဒီတိုင်းသွားရင် ပျက်စီးတော့မှာပဲလို့ တွေးပူနေတာလေ .."

ရင်ထဲမှာ နွေးထွေး စိမ့်ဖြာသွား၏။ သို့သော် ...

"သူကတော့ မင်းအမေအတွက် နာကြည်းတဲ့စိတ်ကို ဆုပ်ကိုင်ပြီး စံအိမ်ကို ဘယ်တော့မှ မပြန်ဘူးတဲ့ .."

"ဒါ .. ဒါဆို .. သိုက် ကိုပဲ .."

"ဟုတ်တယ် .. သူ မရှိတော့ဘူးလို့ပဲ အစတည်းက သိထားခဲ့ကြတာဆိုတော့ သားရဲ့ရင်သွေးအဖြစ် မင်းကို ဘွားက ချစ်မှာပဲလေ .."

"မဟုတ်တာ .. ဒီလိုလုပ်လို့ ရခဲ့ရင်လည်း ဒါ အကြီးကြီး လိမ်ညာမှုပဲ .. သိုက် က အဲ့ဒီလို လိမ်ညာပြီး ဘာဖြစ်လို့ နေရမှာလဲ ...၊ ပြီးတော့ ဖေကြီးက ထွက်သွားမယ် ဟုတ်လား .. သိုက် က အဲ့ဒီလို ချမ်းသာတဲ့ ဘဝ ရောက်သွားရင် ပျော်သွားမှာပဲလို့ တွေးလိုက်တာလား .."

"ဟော့ .."

သိုက် က ချောက်ချားစွာ ပြောရင်း ဆတ်ခနဲ ထရပ်လိုက်၏။

ဆောင်း ကမန်းကတန်း ထရပ်ပြီး ပြန်ဆွဲထားရကာ ...

"ကိုယ် ပြောနေတာလေ .. ခု အားလုံး အေးချမ်းသွားပြီ .. မင်း ဘာမှ .."

"မဟုတ်ဘူး .. ဖေကြီး ဒီတိုင်း လုပ်သွားရင် ဘယ်လိုလုပ်မလဲ.. ဖယ်ပေးပါ ...၊ သိုက် ဖေကြီးကို အဲ့ဒီလို အဖြစ်မခံနိုင်ဘူး .. ရှင် ဖယ်.."

"ဟား!..."





ဆောင်း ကို အတင်း ဆောင့်တွန်းကာ သိုက် လှည့်ပြေးဖို့ပြင်လျှင် သူမရှေ့မှာ ပိတ်ကာပြီး ရပ်နေကြသည့် လူနှစ်ဦး ...၊

"ဖေကြီး .."

ခေါ်ပြီးမှ ဘေးမှာရှိသည့် ဒေါ်ဟေမာန်ဆောင်း ဆီ ကြည့်မိသည်။ ဟို မနေ့ကနဲ့ ဘာမှမဆိုင်တော့သည့် နူးညံ့သော မျက်နှာကြီးက ကိုယ့်ကို ကြည့်နေတယ်ဆိုတာ ဖြစ်နိုင်ရဲ့လား ...၊

"ဖေကြီး ဘယ်မှ .."

"ဘယ်မှ မသွားတော့ပါဘူး သမီးရယ် .. ဖေကြီးတို့ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း နေကြရမှာပါ .."

"သိုက် က .."

"မင်းကိုလည်း ဘွားက မြေးချွေးမလေးလိုရော .. မြေးအရင်းလေးလိုရော .. ဘွားရဲ့မြေးနဲ့ ထပ်တူ ချစ်နိုင်အောင် ကြိုးစားမှာပါ .."

မထင်မှတ်စရာ စကားတို့ကို ဆိုရင်း သိုက် ရဲ့ဘေးကို ရောက်လာသည့် ဆောင်း ကိုလည်း ကြည့်သည်။

"ဘွားကို နားလည်ပေးကြပါ ...၊ ဒီနေ့ကစပြီး နွေးထွေးသာယာတဲ့ မိသားစုလေး ပြန်ဖြစ်ချင်တယ် .. ဘွားရဲ့ နောက်ဆုံး ရှင်သန်ခွင့်ရှိနေတဲ့ ဘဝလေးမှာ ဘွားရဲ့သားမှာပဲ နာကြည်းမှုတွေ ခဝါချပြီး နေပေးကြပါ.."

သိုက် မျက်နှာ ငုံ့ပစ်လိုက်တော့ ဒေါ်ဟေမာန်ဆောင်း က ထို မျက်နှာလေးကို ဆီးမိုးကြည့်၍ ...

"သားပေါ်မှာ ထားတဲ့ မင်းရဲ့ တွယ်တာမှုတွေ .. အနစ်နာခံ ပြုခဲ့တဲ့ ပေးဆပ်မှုတွေကို ဘွား အခု မြင်လည်း မြင် .. ကြားလည်း ကြားရပြီ .."

ဒေါ်ဟေမာန်ဆောင်း က သိုက် ရဲ့ခေါင်းလေးပေါ်မှာ လက်တင်ပြီး ဖွဖွလေး ပုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သားငယ်ရဲ့ သမီးလေးပါပဲ .."

အားလုံး ငြိမ်းချမ်းသွားလေသည်။

ဒေါ်ဟေမာနဲ့ဆောင်း ကို မိန်းကလေးတစ်ယောက်က လာတွဲခေါ်သွားလျှင် ဦးသက်ငြိမ် လည်း ချိုင်းထောက်ကြီးနဲ့ ပါသွားခဲ့၏။

ဘွား ခြေထောက် နည်းနည်း ထော့နေရှာတာ မြင်ပေမယ့် လေးလေးနဲ့ အေးဆေး ပြောကြပါစေ ဆိုပြီး သူ ဘာမှ မမေးမိလိုက်ပေ..၊

ထို့ပြင် သိုက် ဆိုသည့် မိန်းမဆိုးလေးကြောင့် ...

"ဒါက ဘယ်ကိုလဲ .."

"ဘယ်ဖြစ်ဖြစ်ပေါ့ .. ဖယ် .. ရှေ့က .."

"အားလုံးကို နားလည်သွားရင် ကိုယ့်အလှည့် မဟုတ်ဘူးလား.."

"ဟုတ်တယ် .. ရှင့်အလှည့်ပဲ .."

သိုက် မျက်နှာလေးကို တမင် တင်းထားလိုက်ကာ ...

"ရှင့်ကိုတော့ အလွယ်တကူ မကျေနပ်နိုင်ဘူး .. နားရွက်ဆွဲပြီး ထိုင်ထ အခါငါးဆယ် .."

"ဘာအတွက်လဲ .."

"သူများသားသမီးကို အလိုမတူဘဲ အတင်း နိုးယူ ပေါင်းသင်းမှု .."

"နိုးယူတာပါကွာ .. မပေါင်းရသေးပါဘူး .."

ဟင်!...

သိုက် ကိုယ့်စကားနဲ့ ကိုယ် ပါးမို့လေးတွေ ရဲခနဲ ဖြစ်သွားသည်။

"မိန်းမ ယူထားပြီး အလုကြည့်နေပေးခဲ့ရတဲ့အတွက် မင်းကိုလည်း နားရွက်ဆွဲပြီး ထိုင်ထ လုပ်ခိုင်းရမှာပဲ .. ဒါပေမယ့် လင်မယားချင်းဆိုတော့ မျှမျှတတ တစ်ယောက် အစိတ်စီပေါ့ .."

"သိပ်တော့ မလည်ပါဘူး .. ဟွန်း .."





သိုက် က မျက်စောင်းရှယ်ပြီး မဲ့လိုက်သည်နှင့် ဆောင်း က ပခုံးလေးကို ဖက်ထားလိုက်၏။

"ကိုယ့်ကို ဘာမကျေနပ်တာ ရှိသေးလဲ.. ခု တစ်ခါတည်း ပြော.."

"ဖယ်ပါ .. တော်ကြာ ခုနကလို ဖေကြီး ပြန်ဝင်လာရင် .."

"ခုမှ သူတို့ အေးဆေးထိုင်ပြီး ပြောကြမှာ .. ကိုယ်တို့လည်း အေးဆေး .."

"ဟုတ်ပါပြီ .. ဒါဆိုလည်း ဦးဆောင်း သွားထိုင်နေပါ .. စားဖို့ တစ်ခုခု လုပ်လိုက်ဦးမယ် .."

"လုပ်မနေပါနဲ့ကွာ .. ဒီလို ဆုံစည်းမှုမျိုးဆိုတာ လက်ဖက်သုပ်.. ဂျင်းသုပ်လောက်နဲ့ ပြီးလို့ ဘယ်ဖြစ်မလဲ ..၊ ကိုယ်တို့ရဲ့ မင်္ဂလာပွဲရယ်.. မိသားစု ပြန်ဆုံတဲ့ပွဲရယ် .. တခမ်းတနား ကျင်းပရမှာ .. ဒါပေမယ့်.."

ဆောင်း က သိုက် ရဲ့ မျက်နှာလေးနားကို ကပ်လိုက်ပြီး ...

"ကိုယ်တို့ မင်္ဂလာပွဲ မလုပ်ခင် ကြင်ကြင်နာနာ ဖြစ်နေကြဖို့ မလိုဘူးလား .."

သိုက် ရင်ခုန်သံတွေ နားထောင်ဖို့ သတိတရ ဖြစ်လာခဲ့၏။

ရှက်သည့်စိတ် ဖြစ်လာပြီဆို သူ့မျက်နှာကိုလည်း မကြည့်ရဲ ..၊ သူ ဖက်ထားတာကိုလည်း မနေရဲတော့ပေ ...။

ဒါပေမယ့် ပခုံးက ဖယ်ချလိုက်တော့ သူ့လက်တွေက ခါးလှလှလေးဆီ ရောက်၏။

အတင်း ထပ်ရုန်းမိတာနှင့် ရင်ခွင်ထဲမှာ စုန်းစုန်းမြုပ်လျက် ...

"ကိုယ် ပြောတာ သဘောတူလား .."

"မသိဘူး .."

"ဒါဆို သိအောင် ပြောရမလား .."

"ဟင့်အင်း .."

ဆောင်း က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ နဖူးလေးကို မြတ်နိုးစွာ နမ်းမိ၏။

ချစ်တယ်ဆိုတာ ဘယ်လိုပုံလဲ မသိသေးမယ့် သူမလေးကို သူ မွေ့ပိုက်ထားမိတာ မြတ်မြတ်နိုးနိုး ...၊

နောက်ထပ် ပြောနိုင်တာက ...

ရင်ထဲမှာ နူးညံ့ နွေးထွေးနေသည် ...၊ ဘယ်ကိုကြည့်ကြည့် လှနေ၏။

နှစ်သက်ခြင်းဆိုသော စိတ်အာရုံမှန်သမျှတို့သည် သူမရဲ့ မွှေးထုံသင်းပျံ့သော ကိုယ်သင်းနံ့လေးမှလွဲ၍ အားလုံးကို မေ့လျော့နေခဲ့လျက်...

ကမ္ဘာကြီးက လှနေသည် ...။

ပရိသတ်အတွက်
ထာဝရ



BURMESE CLASSIC
www.burmeseclassic.com